
ဇော်ဂျီ
မြန်မာပြန်သည့်

# လမ်းသစ်

## နှင့် အခြားဝတ္ထုတိုများ

နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော်ဝတ္ထုတိုများ



# ဆရာဇော်ဂျီ [ ၁၉၀၇– ၁၉၉၀ ]

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၀၇ ခု ဧပြီလ ၁၂ ရက် သောကြာနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်။

ဖျာပုံမြို့ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန် မြို့မ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၂၉–၃၀)၊ မဟာဝိဇ္ဇာဘွဲ့(၁၉၃၆)၊ ဒဗ္ဗလင်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့(၁၉၄၀) တို့ကို ရခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် မြန်မာစာနည်းပြ (၁၉၃၀)၊ မြို့မ အမျိုးသား အထက်တန်းကျောင်း အထက်တန်းပြ(၁၉၃၁–၃၄)၊ မန္တလေး ဥပစာကောလိပ် မြန်မာစာနည်းပြ (၁၉၃၆–၁၉၃၈)၊ တက္ကသိုလ် စာကြည့်တိုက်မှူး(၁၉၄၀)၊ ဂျပန်ခေတ် ပညာရေးဌာန ဒုတိယညွှန်ကြားရေးဝန်၊ ဒုတိယ ကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ ကျောင်းသုံးစာအုပ်ပြုစုရေး ညွှန်ကြားရေးဝန်(၁၉၅၂–၅၈)၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ(၁၉၅၉)၊ ဂုဏ်ထူးဆောင် မြန်မာစာပါမောက္ခ (၁၉၆၁)၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ(၁၉၆၅–၁၉၇၅) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ်မှ ၁၉၆၇ တွင် အငြိမ်းစားယူသည်။

၁၉၂၃ မှ စ၍ ကဗျာများ စ ရေးသည်။ ထင်ရှားသော စာအုပ်များမှာ **မဟာဆန်ချင်သူ** (၁၉၃၄၊ ၁၉၇၀)၊ **ဂျရတ်နှင့်မားဂရက်** (၁၉၄၁)၊ **ပိတောက်ရွှေဝါ ကဗျာများ** (၁၉၅၁)၊ **သခင်ကိုယ်တော်မှိုင်းဋီကာ**(၁၉၅၅)၊ **ဇော်ဂျီ၏ စာ**(၁၉၆၀)၊ **ဗေဒါလမ်းကဗျာများ** (၁၉၆၃၊၁၉၉၇)၊ **ရသစာပေနိဒါန်း**(၁၉၆၅)၊ **ရသစာပေအဖွင့်**(၁၉၆၆)[**ရသစာပေ နိဒါန်းနှင့် အဖွင့်** (၁၉၇၆)]၊ နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော် ဝတ္ထုတိုများ ဖြစ်သည့် **မိုးကြယ်မို့လား**(၁၉၆၆၊၁၉၉၇)၊ **လမ်းသစ်**(၁၉၆၆)[**မိုးကြယ်မို့လားနှင့် လမ်းသစ် ဝတ္ထုတိုများ** (၁၉၇၇)]၊**နင်လားဟဲ့ ချစ်ဒုက္ခ**(၁၉၇၉၊၁၉၈၄)။ **ကဗျာပေါင်းချုပ်**(၁၉၆၇)၊ **ပလေးတိုးနိဒါန်း** (၁၉၆၇၊ ၁၉၉၆)၊ **ကဗျာပေါင်းချုပ်သစ်**(၁၉၇၄)၊ **သိန်းနှင့် ကျား ဋီကာ**(၁၉၈၄)၊ **ရွှေခေတ်ပုဂံ ကဗျာများ** (၁၉၈၇)၊ စာပေါင်းချုပ် ပထမတွဲ(၁၉၉၃)၊ ဒုတိယတွဲ(၁၉၉၄)၊ တတိယတွဲ (၁၉၉၄)၊ စတုတ္ထတွဲ(၁၉၉၅)၊ ပဉ္စမတွဲ(၁၉၉၇)တို့ ဖြစ်ကြသည်။ 'စိတ္တသုခ လင်္ကာ'ဖြင့် သစ္စဝါဒီဆု (၁၉၂၄)၊ 'သခင်ကိုယ်တော်မှိုင်းဋီကာ'ဖြင့် စာပေဗိမာန် စာပဒေသာဆု(၁၉၅၅)၊ 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ'ဖြင့် အမျိုးသားစာပေ ဘာသာပြန် ရသစာပေဆု(၁၉၇၉)၊'ရွှေခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ'ဖြင့် အမျိုးသားစာပေ ကဗျာဆု(၁၉၈၇) ရရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

23/8/99

ရာပြည့်စာအုပ် ၆၉

ဇော်ဂျီ မြန်မာပြန်

# လမ်းသစ် နှင့် အခြားဝတ္ထုတိုများ

[ ကမ္ဘာကျော် နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ဝတ္ထုများ ]

ရာပြည့်စာအုပ်တိုက်

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း– ၀၁၊ ၂၉၆၆၇၁

[ ၁၊ ဇွန်၊ ၁၉၉၈ ]

စာမူ ခွင့်ပြုချက်အမှတ် [ ၄၃၇ /၉၇ (၇) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၁၁ /၉၈ (၄) ]

❑

**စီစဉ်ထုတ်လုပ်မှု**

ရာပြည့် ဦးစိုးညွန့်

❑

**ပုံနှိပ်ခြင်း**

ပထမ အကြိမ် -(၁၉၆၆) ပုဂံ စာအုပ်တိုက်
ဒုတိယအကြိမ် -[မိုးကြယ်မို့လား-နှင့် တွဲ၍] (၁၉၇၇) မြဝတီ
တတိယအကြိမ် -(၁၉၉၈) ရာပြည့်စာအုပ်တိုက်

**အုပ်ရေ [၁၀၀၀]**

❑

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်တင်တင်ဌေး [၀၅၂၄၀]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**

ကိုမြင့်

❑

**မျက်နှာဖုံး ပန်းချီ**

ဝင်းမြင့်ဦး

❑

**တန်ဖိုး**

**၂၅၀-ကျပ်**

## မာတိကာ


– အမှာစာ ၆
၁။ **ဒယ်လယ်ဒါ** (အီတလီ) ၈
အုံနှစ်ပါး ၁၁
၂။ **သောမတ် မန်း** (ဂျာမနီ) ၂၅
ငါသိပြီကွယ် ၂၈
၃။ **ဂျွန် ဂေါ်ဆွာသီ** (အင်္ဂလန်) ၄၁
၁၈၇၀ ပြည့်နှစ်က အိမ်တွင်းသူပုန် ၄၅
၄။ **ဗူနင်** (ရုရှား) ၆၆
စစ္စကိုမြို့က သူဌေးကြီး ၆၈
အတိတ်၏ အရိပ် ၁၀၆
၅။ **ပီရန်ဒယ်လို** (အီတလီ) ၁၁၈
ပြန်ပေး ဓားစာခံ ၁၂၁
၆။ **ပါး ဗတ်** (အမေရိကန်ပြည်ထောင်စု) ၁၅၂
လမ်းသစ် ၁၅၅
၇။ **ဖော့ကနား** (အမေရိကန် ပြည်ထောင်စု) ၁၈၇
ဓာတိမာန ဂုဏ်မာန ၁၉၂
၈။ **ဟဲမင်းဝေး** (အမေရိကန် ပြည်ထောင်စု) ၂၁၅
သုံးရက်ဆက် မုန်တိုင်းငယ် ၂၁၉
၉။ **ကာမျူး** (ပြင်သစ်) ၂၃၇
စကားမဆို ရန်မလို ၂၃၉
၁၀။ **အန်ဒရစ်** (ယူဂိုစလပ်ဗီးယား) ၂၆၄
ဇဖာ တံတား သမိုင်း ၂၆၇

## အမှာစာ

ကမ္ဘာ့စာပေဆုဟု ခေါ်ဆိုအပ်သော နိုဗဲစာပေဆုရ စာရေးဆရာများ၏ ဝတ္ထုတိုများကို မြန်မာပြန်ဆို၍ ယခုခေတ် မဂ္ဂဇင်းများ၌ ထည့်သွင်းဖော်ပြခဲ့သည်မှာ ၁၉၆၀ ပြည့်နှစ်လောက်မှ ဖြစ်ပါသည်။ ဤစာအုပ်တွင် နိုဗဲစာပေဆုရ စာရေးဆရာများအနက် ဆယ်ဦးသော စာရေးဆရာများ၏ စာ ဆယ့်တစ်ပုဒ်ကို ဆုရသက္ကရာဇ် အစဉ်အလိုက် ဖော်ပြထားပါသည်။ ထိုစာများကို အကောင်းဆုံးဟု မဆိုလိုပါ။ သို့ရာတွင် စံယူလောက်သည်ဟုကား ယူဆပါသည်။

တစ်ဖန် စာရေးဆရာများအကြောင်းကို လည်းကောင်း၊ ဝတ္ထုတို အသီးသီးအတွက် မှတ်ချက်များကို လည်းကောင်း ဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရေးဆရာများကို အကြောင်းပြု၍ သူ့စာ၌ စိတ်ဝင်စားခြင်း ရှိကြစေလိုသောကြောင့် လည်းကောင်း၊ မှတ်ချက်ကို အကြောင်းပြု၍ စာ၏ အနှစ်သာရကို အလွယ်တကူ ဆင်ခြင်မိကြစေလိုသောကြောင့် လည်းကောင်း ဖော်ပြရခြင်း ဖြစ်ပါသည်။ သို့ရာတွင် မှတ်ချက်ကို ဝေကန်စကားဟု မယူဆ စေချင်ပါ။ မှတ်ချက်သည်

မြန်မာပြန်သူ၏ ထင်မြင်ချက်သာ ဖြစ်ပါသည်။ စင်စစ်မှာမူ စာရှုသူသည် စာကိုယ်ကို ဖတ်၍ မိမိ၏ ဉာဏ်ဖြင့် ချိန်ဆချင့်တွက်ရန် ဖြစ်ပါသည်။

ထိုဝတ္ထုတိုများကို မြန်မာပြန်ရာတွင် ချုံ့ခြင်း၊ ချဲ့ခြင်းကို ရှောင်နိုင်သမျှ ရှောင်၍ တိတိကျကျ ဖြစ်နိုင်သမျှ ဖြစ်အောင် အားထုတ်ပါသည်။ သို့ရာတွင် ဗဟိဒ္ဓ အပ ယဉ်ကျေးမှု အမူအရာချင်း မတူကြသော အချက်အလက်များ၌ စာရေးဆရာ၏ အာဘော်ကို အထိအခိုက် မဖြစ်စေဘဲ မြန်မာစာဖတ်ပရိသတ်အတွက် ဆီလျော်အောင် မြန်မာပြန်ရသည့်အခါ ရှိပါသည်။ **မြန်မာစာဖတ် ပရိသတ်သည် ထိုဝတ္ထုတိုများမှ ရသာနုဘဝနဟု ဆိုအပ်သော ရသ အတွေ့အကြုံကို ရ၍ ခံစားမှု အသိဖြင့် ဘဝအဖြစ်အပျက် အမျိုးမျိုးကို လည်းကောင်း၊ လူသဘော အမျိုးမျိုးကို လည်းကောင်း သိနားလည်၍ ဘဝသဘောထားကြီးလာနိုင်ကြမည်ဟု ထင်ပါသည်။** အကယ်၍ ဖတ်၍ မကောင်းသည်တို့ကို တွေ့လျှင် မြန်မာပြန်သူ ညံ့သောကြောင့်သာ ဖြစ်ရသည်ဟု ယူပါ။

ဤစာအုပ် ဖြစ်လာနိုင်အောင် အစစ အရာရာ၌ အကူအညီ ပေးခဲ့ကြသော ငွေတာရီမဂ္ဂဇင်း အယ်ဒီတာ မင်းယုဝေကို လည်းကောင်း၊ စာရေးဆရာ မင်းကျော်ကို လည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ။** **ဇော်ဂျီ**



## အီတာလျံ အမျိုးသမီး စာရေးဆရာ
## ဒယ်လယ်ဒါ [ ၁၈၇၂–၁၉၃၆ ]
## Grazia Deledda [ 1872-1936 ]

အီတာလျံ အမျိုးသမီးစာရေးဆရာ ဒယ်လယ်ဒါသည် ၁၉၂၆ ခုနှစ်၊ အသက် ၅၄ နှစ် အရွယ်တွင် ကမ္ဘာကျော် နိုဗဲဆုကို အချီးအမြှင့် ခံရသည်။ ဆုချီးမြှင့်သောအခါ "သူ့စာတို့သည် မေတ္တာ ကရုဏာ တို့ဖြင့် ထုံသင်းထားဘိသကဲ့သို့ ဖြစ်သည်။ သူ့ဇာတိဌာနဖြစ်သော ဆာဒီးနီးယားကျွန်းနှင့် ကျွန်းသူကျွန်းသားတို့၏ အမှုအရာတို့ကို ဖွဲ့ပြရာ၌ လည်းကောင်း၊ ဘဝပြဿနာတို့ကို တင်ပြရာ၌ လည်း ကောင်း သူ့မေတ္တာနှင့် သူ့ကရုဏာတို့သည် ပါနေလျက်သာ ဖြစ်သည်" ဟု ဆို၍ ချီးမြှင့်ခဲ့သည်။

သူ့ဇာတိဌာနသည် အီတာလျံကျွန်းဆွယ် တောင်ဘက်ရှိ ဆာဒီး နီးယားကျွန်း ဖြစ်သည်။ ထိုကျွန်းတွင် နော်ရိုအမည်ရှိသော ကျေးရွာ၌ ၁၈၇၂ ခုနှစ်တွင် ဒယ်လယ်ဒါကို ဖွားမြင်သည်။ သူ့ဖခင်သည် တောင်သူလယ်သမား ဖြစ်သည်။ ကဗျာတို၊ လင်္ကာတိုများကို

ကောက်ကာ ငင်ကာ စပ်ဆိုတတ်သူ ဖြစ်သည်ဟု ဆိုသည်။ သူ့မိခင်သည် အလှအပ ဇာထိုး ပန်းထိုးပညာ၌ ကျွမ်းကျင်သူ ဖြစ်သည်ဟု ဆိုသည်။ ထိုခေတ် ထိုအခါကသော် ဒယ်လယ်ဒါသည် တောင်သူလယ်သမား၏ သားသမီးလည်း ဖြစ်၍ အမျိုးသမီးလည်း ဖြစ်ပြန်ရာ မိဘတို့သည် သမီးကို သေစာ ရှင်စာ သဘောလောက်သာ စာသင်ပေးသည်။ သို့ရာတွင် သူ့ဖခင်သည် နော်ရှိကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌအဖြစ် သုံးကြိမ်တိုင်တိုင် အရွေးခံရသူ ဖြစ်ရာ၊ သူ့ထံသို့ ဝင်နေထွက်နေကျ ဖြစ်သော သာသနာ့ ဝန်ထမ်းတစ်ဦး၏ အကူအညီဖြင့် ဒယ်လယ်ဒါသည် ဖတ်စရာစာအုပ် အမြောက်အမြားကို ဖတ်ခွင့်ရသည်။

ဒယ်လယ်ဒါသည် စာဖတ်ဝါသနာ ပါသူဖြစ်ရာ စာဖတ်တတ်စအခါကပင် ဖတ်စရာ စာအုပ်များကို မလွတ်တမ်းဖတ်၍ ပညာတတ်မြောက်လာရသူ ဖြစ်သည်။ အသက် ၁၅ နှစ် အရွယ်လောက်တွင် သူရေးသော စာစီစာကုံး တစ်ပုဒ်ကို ရွာကျောင်းမှ ဆရာတစ်ဦးက ဖတ်ရှု၍ အလွန်သဘောကျသဖြင့် ရောမမြို့တော်ရှိ မဂ္ဂဇင်းတစ်စောင်သို့ ပို့ပေးရာမှ စ၍ ဒယ်လယ်ဒါ၏ အမည်သည် ထင်ရှားလာသည်။ ထို့နောက် ဒယ်လယ်ဒါသည် သူ သိသော ဆာဒီးနီးယားတောင်သူလယ်သမားများအကြောင်းကို ဆောင်းပါး ရေး၍ ပို့သည်။ ပို့သော ဆောင်းပါးများသည် မဂ္ဂဇင်း၌ ပါသည်ချည်းသာ ဖြစ်သည်ဟု ဆိုသည်။ ထိုနောက် ဒယ်လယ်ဒါသည် ရိုးရိုးသားသား လုပ်ကိုင်အသက်မွေးကြသော ဆာဒီးနီးယား တောင်သူလယ်သမားတို့၏ အမူအရာ၊ အလေ့အထ၊ အစွဲအလမ်း၊ အယူအဆတို့ကို အကြောင်းပြု၍ ဝတ္ထုသုံးပုဒ်ကိုလည်း ရေးနိုင်ခဲ့သည်။

အသက် ၂၅ နှစ်အရွယ်တွင် အိမ်ထောင်ကျသည်။ သူ့ခင်ပွန်းသည် ရောမမြို့ စစ်ရုံး၌ အမှုထမ်းသူဖြစ်ရာ ထိုအခါကျမှပင်

ဒယ်လယ်ဒါသည် သူ့ခင်ပွန်း အလုပ်လုပ်ရာဖြစ်သော ရောမမြို့သို့ ရောက်ဖူးသည်။ ရောမတွင် အိမ်ရှင်မ ပင် ဖြစ်လာလင့်ကစား အိမ်အလုပ်ကိုလည်း လုပ်၍ သူ့ဝါသနာအလျောက် ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း ရေးလေ့ရှိသည်။ ကျော်စောခြင်းလည်း ဖြစ်လာသည်။ နောင်အခါ၌ သူ့စာများသည် အီတလီနိုင်ငံ၌ သာမက ဥရောပတစ်တိုက်လုံး၌ပင် ကျော်စောလာသည်။ ဥရောပဘာသာ အမျိုးမျိုးပြန်ဆို၍ အမြောက်အမြား ဖတ်ရှုကြသည်ဟု ဆိုသည်။ နိုဗဲဆုမရမီ နှစ်နှစ် သုံးနှစ်ခလောက်က ကြိုတင်၍ နိုဗဲဆုရမည်ဟု သတင်းအပြေးခံရသည်။ နိုဗဲဆုရသော ၁၉၂၆ ခုနှစ်၌ပင် ဒယ်လယ်ဒါသည် အီတာလျံ ပညာတံခွန်အသင်း၌ သင်းဝင်ပညာရှိအဖြစ် အသိအမှတ်အပြုခံရသည်။

ဒယ်လယ်ဒါသည် ကျော်စောခြင်း ရှိလာသော်လည်း ရိုးရိုးပင်နေထိုင် ပြုမူတတ်သည်ဟု ဆိုသည်။ နဂိုကပင် စကားနည်းသူဖြစ်သည်။ အဖိတ်အခေါ် ပွဲလမ်းသဘင်တို့၌ ဝါသနာ မရှိ။ သူ့အိမ်အလုပ်နှင့် စာရေးအလုပ်တို့၌သာ သူပျော်သည်။ သူ့စာတို့သည် အများအားဖြင့် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်တိုက်ခိုက် တွန်းလှန်နေကြရသော လူတို့၏ ကံသုံးပါး အမှုအရာများအကြောင်း ဖြစ်သည်ဟု ဆိုကြသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ သူ့ကို မေးကြည့်ကြသောအခါ သူက သူ့ဖခင်သည် သုံးကြိမ်တိုင်တိုင် ကျေးရွာဥက္ကဋ္ဌဖြစ်ဖူးရာ ထိုအခါများ၌ အမှုသည် အမျိုးမျိုးသည် သူတို့အိမ်သို့ရောက်လာ တိုင်ကြားတတ်ကြကြောင်း၊ ထိုအခါမှစ၍ ဘဝဒုက္ခအမျိုးမျိုးကို သူ သတိပြုခဲ့မိကြောင်း၊ ဘဝဒုက္ခသဘောကို သူ သိခဲ့ကြောင်း၊ သို့ရာတွင် ကိုယ်နှုတ် နှလုံး ကောင်းသူသည် နောက်ဆုံး၌ဘဝသုခကို တွေ့၍ အသာစံရသူ ဖြစ်ရမည်သာဟု သူ ယုံကြည်ကြောင်း ပြန်ပြောဖူးသည်။

# ဒယ်လယ်ဒါ ၏
# အံ့နှစ်ပါး

[ 'အံ့နှစ်ပါး' ဝတ္ထုတိုသည် အင်္ဂလိပ်ဘာသာပြန်ဖြစ်သော Two Miracles မှ မြန်မာပြန်ဆိုထားသော ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတိုတွင် ဒယ်လယ်ဒါသည် အစွဲအလမ်း အယုံအကြည် ကြီးကြသော ဆာဒီးနီးယား တောင်သူလယ်သမားတို့၏ အမူအရာကိုပြရင်း ကိုယ့်မာနနှင့်ကိုယ် စိတ်ဆင်းရဲခြင်း ဖြစ်နေရာမှ ကိုယ့် မေတ္တာစိတ်ကြောင့် အဖြေတွေ့သွားသော အမျိုးသမီးတစ်ဦး၏ အမူအရာကို သရုပ်ဖော်ထားသည်ဟု ယူဆသည်။ ဆင်ခြင်ကြည့်ကြပါကုန်။]

---

၁

ဤနေ့ နံနက်ခင်းတွင် ဇီတီရှာ မြေပိုင်ရှင်မကြီး ဇီယာ့သည် ရွာဦး တောင်ကုန်းပေါ်သို့ တစ်လှမ်းချင်း လှမ်း၍ တက်နေသည်။ တက်ရင်း တောင်မြောက် လေးပါးကို မကြည့်။ မိမိ၏ ခရုကမာ စိပ်ပုတီး ဖြူဖြူနုနုကိုသာ ကြည့်၍ ပုတီးစိပ်သွားသည်။

တောင်ကုန်းပေါ်တွင် မယ်တော် မာရီ ဗရင်ဂျီ ဘုရားရှိခိုးကျောင်း ရှိသည်။ ထိုကျောင်းသည် လှပတင့်တယ်သည်လည်း မဟုတ်၊ ခံ့ညား ထည်ဝါသည်လည်း မဟုတ်၊ ရိုးရိုးကုပ်ကုပ်သာ ဖြစ်သည်။ သို့ရာတွင် ထိုကျောင်းသည် ရင်သပ်ရှုမော အံ့သြစရာ တန်ခိုးပြာဋိဟာ အမျိုးမျိုး ပြတတ်သဖြင့် ဆာဒီးနီးယားကျွန်း တစ်ကျွန်းလုံး၌ အလွန် ထင်ရှားကျော်စောသည်။ ထို့ကြောင့် ထိုကျောင်းကို အံ့ဖွယ်သခင်မကျောင်းဟု သမုတ်ကြသည်။

ရာပြည့်စာအုပ်တိုက်

ထိုကျောင်းက တန်ခိုးပြာဋိဟာ ပြတတ်သည်ဆိုခြင်းမှာ ရွာသူရွာသားတို့၏ လွှန်ကဲသော သဒ္ဓါတရားကြောင့်သော်လည်း ဖြစ်ရာသည်။ လွဲမှားသော အစွဲအလမ်း အယုံအကြည် တရားကြောင့်သော်လည်း ဖြစ်ရာသည်။ ထို့ကြောင့် ပွဲတော်ချိန်ဖြစ်သော စက်တင်ဘာလသို့ ရောက်သောအခါတိုင်း ဆာဒီးနီးယား ကျွန်းသူကျွန်းသား ဘုရားဖူးတို့သည် တောအထပ်ထပ်တောင်အထပ်ထပ်ကို ကျော်ဖြတ်ကာ ဗီတီရွာသို့ ရာလိုက်ထောင်လိုက်ချီ၍ ရောက်လာတတ်ကြသည်။ ပွဲတော်လာ ဘုရားဖူးများတွင် ခြေနာ၊ လက်နာ၊ ဝမ်းနာ ခေါင်းခဲ၊ သရဲတစ္ဆေ၊ ကဝေ စုန်းမ၊ အမှောင့် ပယောဂကပ်သူ ရောဂါသည်များလည်း ပါကြသည်။ သားသေ လင်ဆုံး၊ ကုန်ရှုံး ကြွေးတင်၊ လိုအင် မရ၊ သောက ပရိဒေဝမီး တောက်လောင်ကြသော စိတ္တဇဝေဒနာသည်များလည်း ပါကြသည်။ ထိုသူတို့သည် အံ့ဖွယ်သခင်မ၏ အမ အစကို မျှော်ကိုး၍ ရောက်လာကြခြင်း ဖြစ်သည်။ သူတို့ မျှော်ကိုးကြသည့်အတိုင်း အံ့ဖွယ်သခင်မကလည်း အံ့တစ်ပါးပါးကို မျက်ဝါးထင်ထင် မြင်ကြအောင် နှစ်စဉ်နှစ်တိုင်း တန်ခိုးပြတတ်သည်။

မြေပိုင်ရှင်မကြီး ဗီယာသည် မယ်တော်မာရီ အံ့ဖွယ်သခင်မကို ကိုးကွယ်သူ ဖြစ်သည်။ လ တိုင်း တနင်္လာနေ့တွင် ပုတီးစိပ်ကာ အံ့ဖွယ်သခင်မကျောင်းသို့ သွားလေ့ရှိသည်။ ပွဲတော်ချိန်တွင် ပွဲတော်ရက် သုံးရက်စလုံး၌ နံနက်တိုင်း ညနေတိုင်း ဝတ်မပျက်စေရ။ ထိုကျောင်းသို့ သွား၍ ဘုရားဖူး ပုတီးစိပ်ပြီးနောက် ဆုတောင်းလေ့ရှိသည်။ စုလိုက် သင်းလိုက် ဝတ်တက်ခြင်း၊ ဝတ်လှည့်ခြင်းတို့ကို ပြုနိုင်ကြအောင် အလှူငွေ ထည့်ဝင်လေ့ ရှိသည်။ တန်ခိုးပြာဋိဟာ ပြတော်မူပါ သခင်မကြီးဘုရား ဟုလည်းကောင်း၊ သူ့ စိတ်မချမ်းမသာ ဖြစ်နေသည်ကို စိတ်ချမ်းသာအောင် မစတော်မူပါဘုရားဟု လည်းကောင်း ဆုတောင်းလေ့ရှိသည်။ သူ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်မှာ ကြာပါပြီ။ ထို့ကြောင့် သူ ဆုတောင်းခဲ့သည်မှာလည်း

ကြာပြီ။ ဝတ်တက်ခြင်း၊ ဝတ်လှည့်ခြင်း ပြုခဲ့သည်မှာလည်း အကြိမ်ကြိမ်။ ဆုတောင်းခြင်း ပြုခဲ့သည်မှာလည်း အခါခါ။ သို့ရာတွင် သူ့စိတ်၌ကား တစ်ကြိမ်တစ်ခါမျှ သောမနဿ မဖြစ်၊ ဒေါမနဿသာ ဖြစ်မြဲဖြစ်သည်။

သူ၏ ဟဒယနှလုံးသားသည် အစိတ်စိတ် ကွဲခဲ့သည်။ ထိုသို့ ကွဲခဲ့သည်ကို သူ မေ့ဖျောက်၍ မရနိုင်။ သတိရနေသည်ချည်း ဖြစ်သည်။ ထို့ကြောင့် သူ စိတ်ဆင်းရဲရသည်။ သူ့မှာ ပစ္စည်းဥစ္စာဟူ၍ လိုလေသေးမရှိ။ ကုံလုံကြွယ်ဝပါ၏။ သို့ရာတွင် မွဲပေ့ တေပေ့ ဆင်းရဲပေ့ ဆိုသော သူတောင်းစားလောက်မျှ သူ မရွှင်နိုင်၊ မပျနိုင် ဖြစ်ရသည်။ သူ့အိမ်သည် သာမန်အိမ် မဟုတ်။ မုခ်နှင့် တုရင်နှင့် ဖြစ်သည်။ မှူးရိုးမတ်နွယ်တို့သာ နေနိုင်သော ဗိမာန်ဖြစ်သည်။ အပြောက်အမွမ်း ခြယ်လှယ် ထုလုပ်ထားသော လသာဆောင်မှ မျှော်ကြည့်လိုက်လျှင် အံ့ဖွယ်သခင်မကျောင်းကို အတိုင်းသားမြင်ရသည်။ စိတ်ချမ်းမြေ့စရာပါပေတည်း။ သို့ရာတွင် ဇီယာ၌ စိတ်ချမ်းမြေ့ခြင်းသည် အလျှင်းမရှိ။ သူ့ ဗိမာန်ဆောင်ကြီးထဲ၌ သူ့ တစ်ကိုယ်တည်းနေ၍ သူ့စိတ်၏ အဖိအစီးကို သူ ခံနေရသည်။

ဇီယာ၌ စာဒူရအမည်ရှိသော သမီးတစ်ယောက်သာ ထွန်းကားခဲ့သည်။ ထိုသမီးသည် အမျိုးနိမ့်သော၊ ဆင်းရဲသော လူငယ်တစ်ယောက်နောက်သို့ ကောက်ကောက်ပါ လိုက်သွားခဲ့သည်။ ထိုအခါ ဇီယာ၏ စိတ်၌ ဒေါသူပုန် ထခဲ့သည်။ ဆာဒီးနီးယားကျွန်းတွင် ငါတို့၏ အမျိုးသည် မှူးမျိုးမတ်မျိုးဖြစ်သည်။ တစ်ချိန်တစ်ခါကသော် ငါ့ဘိုး၊ ငါ့ဘေး၊ ငါ့ဘီတို့သည် ဘုန်းလက်ရုံးနှင့် ပြည့်စုံသူများဖြစ်ခဲ့ကြသည်။ ပစ္စည်းဥစ္စာ ရွှေငွေ ရတနာတို့ဖြင့် အတောက်ဆုံး၊ အပြောင်ဆုံး ဖြစ်ခဲ့သည်။ ယခုအခါ၌လည်း ငါသည် ပစ္စည်းဥစ္စာနှင့် ပြည့်စုံလျက် ဖြစ်သည်။ ဩဇာတိက္ကမ ကြီးလျက် ဖြစ်သည်။ ထိုသို့သော ငါ၏ သမီးသည် အမျိုးနိမ့်သော၊ ဆင်းရဲသောသူနှင့် မေတ္တာကူးယှက် ပေါင်းဖက်ရာသလော၊ မျိုးရိုးဇာတိကို ဖျက်ရာသလော၊ ထိုသို့လျှင် ဒေါသူပုန် ထခဲ့ခြင်း ဖြစ်သည်။

ဟုတ်ပေသည်။ အသက် နှစ်ဆယ့်တစ်နှစ် အရွယ်ရှိ သမီးချော စာဒူရကလည်း မျိုးရိုးမျက်နှာကိုမျှ မထောက်။ ပစ္စည်းဂုဏ်ကိုမျှ မထောက်။ သူ့ချစ်သူ လူဆင်းရဲ လူမွဲ အညတြ သာမညနောက်သို့ ကောက်ကောက်ပါ လိုက်သွားသည်။ ထို့ကြောင့် မာနကြီးလှသော ဗီယာသည် အရှက်တကွဲ အကျိုးနည်း၊ ဗုန်းဗုန်းကြီး လဲခဲ့ရသည်။ စာဒူရ အခါလည်းသမီးအရွယ်တွင် ဗီယာ၏ ခင်ပွန်းသည် အသတ်ခံလိုက်ရသည်။ ထိုအခါမှစ၍ အမေတစ်ခု သမီးတစ်ခုသာ ကျန်တော့သဖြင့် ဗီယာသည် ရှိသမျှသော အမိမေတ္တာကို သမီး၌ တအားကုန် ပုံအပ်၍ သမီးကို ကျွေးမွေးပြုစုခဲ့သည်။ သမီးကို အရိပ်တကြည့်ကြည့် ယုယ၍ စန်းတင်ခဲ့သည်။ သူ့တစ်သက်၌ ထိုသမီး သာလျှင် သူ့အသား၊ သူ့အသွေး၊ သူ့နှလုံး ဖြစ်ခဲ့သည်။ ထိုသမီးသာလျှင် သူ အားကိုးရာ၊ သူ မွေ့လျော်ရာ ဖြစ်ခဲ့သည်။ ထိုမျှသာ မကသေး။ သူ့မျိုးရိုး ကို မတိမ်ကောရအောင် လည်းကောင်း၊ သူ့ ခင်ပွန်းအတွက် လက်စားချေနိုင် အောင် လည်းကောင်း မျိုးတူ ရိုးတူထဲမှ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ၍ သတ္တိ ဗျတ္တိနှင့် ပြည့်စုံသော သမက်လောင်းကို သူ ရှာနေဆဲ ဖြစ်သည်။

ယခုမူ သမီးကို အချစ်ကြီးသလောက် အမျက်ကြီးရပြီ။ သမီးအတွက် မာန်တက်သလောက် မာန်ကျိုးရပြီ။ သမီးကို အားထားသလောက် အားပျက် ရပြီ။ ထို့ကြောင့် ဗီယာသည် နေ့ရှိသမျှ သမီးကို ကျိန်ဆဲသည်။ သမီးကို တိုက်ကျွေးခဲ့သော သူ့နို့ရည်ကိုပင် သူ ကျိန်ဆဲသည်။ ခေါင်းဖြူစွယ်ကျိုး ဘဝသို့ ရောက်နေသော သူ့အရွယ်ကိုပင် သူ ကျိန်ဆဲသည်။ သင်း မြန်မြန် အသက်ထွက်၍ သေပါစေဟဲ့ဟု သူ ကျိန်ဆဲသည်။ လူတကာ၏ တံတွေး ခွက်၌ သူ ပက်လက်မျောနေပြီဟု သူ့ကိုယ်သူ ထင်နေသည်။ သူ့ကို မနာလို ကြသော သူတို့သည် သူ့လည်ပင်းကို နင်း၍ အောင်ပွဲခံနေကြပြီဟု သူ ထင်နေသည်။ ဤသို့ဖြင့် ဗီယာသည် ပစ္စည်းဥစ္စာ ရွှေငွေ ရတနာတို့၏ အလယ်၌ စိတ်လက် မချမ်းမသာ ဖြစ်ခဲ့ရသည်။

သို့ရာတွင် ဓိယာသည် မပူရပ် ဆင်နိုင်သည်။ အတွင်း၌ အဆွေးကြီး ဆွေးနေသော်လည်း အပဥ်ကား မဆွေးသကဲ့သို့ နေသည်။ သူ့အသားအရေ ဖျော့တော့ရခြင်းသည် သူ့အရွယ် အိုသောကြောင့်သာ ဖြစ်သည်။ သူ့ ကိုယ်ခန္ဓာ ကျုံ့ရခြင်းသည် သူ့အရွယ် အိုသောကြောင့်သာ ဖြစ်သည်။ သူ့မျက်တွင်း ကျရခြင်းသည် သူ့အရွယ် အိုသောကြောင့်သာ ဖြစ်သည်ဟု အထင်ခံရအောင် သူ ဟန်ဆောင်၍ သူ့စိတ်ကိုသူ ဖုံးကွယ်ထားသည်။ ထို့ကြောင့် 'ဒီအဘွားကြီးဟာ အတော်ခံနိုင်ရည် ရှိတယ်။ သူ့မာနကို သူ မချဘူး'ဟု အရပ်က အချင်းချင်း လက်ကုတ်၍ တီးတိုး ပြောဆိုကြသည်။ စင်စစ်မှာ ဓိယာ၏ ဟဒယနှလုံးသားသည် အစိတ်စိတ် ကွဲခဲ့သည်ဖြစ်ရာ မျက်ရည်ပင် မကျနိုင်တော့ပြီ။ အငိုကြီးငိုလိုက်သည်မှာ လူမိုက်ငှား၍ သမီး၏ လင်ကို အသတ်ခိုင်းရန် ကြံစည်သည်အထိ သူ အငိုကြီးခဲ့သည်။ ဘုရား တရားစိတ် ရှိနေသေးသောကြောင့်သာ လူသတ်မှုကို သူ မကျူးလွန်။ သူ့ လက်ကို သူ တားနိုင်ခဲ့သည်။ ထို့ပြင် နေ့ညမပြတ် အုံ့ဖွယ်သခင်မ၏ တန်ခိုးအာနုဘော်ကို သူ အောက်မေ့ကာ ဆုတောင်း၍ နေတတ်သောကြောင့် လည်း ဖြစ်သည်။ သို့ရာတွင် သူ့အမျက်ကား ပြေသည်ဟု မရှိ။ သူ့သမီး လင်နောက်လိုက်သွား၍ တစ်နှစ်ခွဲခန့် ကြာမြင့်သည့်တိုင်အောင် သူ့အမျက် မပြေနိုင်။ အမျက်ကြီးမြဲတိုင်း ကြီးလျက် ဖြစ်သည်။ သူ့သမီး ပင်ပန်းဆင်းရဲ နေသည်ကို သူ သိသည့်တိုင်အောင် သူ့အမျက် မပြေနိုင်။ အမျက်ကြီးမြဲတိုင်း ကြီးလျက်ဖြစ်သည်။ မှားပါပြီဟု သူ့သမီးက အကြိမ်ကြိမ် အခါခါ ဝန်ချ တောင်းပန်ခြင်း ပြုသည့်တိုင်အောင် သူ့အမျက် မပြေနိုင်။ အမျက်ကြီးမြဲတိုင်း ကြီးလျက် ဖြစ်သည်။

၂

ဓိယာသည် သူ၏ ခရကမာ စိပ်ပုတီးဖြူဖြူနုနုကိုသာ ကြည့်၍ ပုတီးစိပ်ရင်း ဘုရားရှိခိုးကျောင်းဆီသို့ အရောက်သွားနေသည်။ ဘုရားရှိခိုးကျောင်းရှိရာသို့

တက်သွားသော အတက်လမ်းသည် ကျဉ်းလှသဖြင့် ဘုရားဖူးတို့ ပြည့်ညပ်နေသည်။ အတက်လမ်း၌သာမက ဘုရားရှိခိုးကျောင်း အရှေ့ရင်ပြင်၌လည်း ပြည့်ညပ်နေသည်။ ထိုနေရာ၌လည်း သူတောင်းစား၊ ဤနေရာ၌လည်း သူတောင်းစား၊ ရှောင်မလွတ်အောင် များလှသည်။ ပေးကြပါ၊ ကမ်းကြပါ တစာစာ အော်၍ တောင်းသံတို့ကလည်း ဆူညံနေသည်။ ပရိသတ်ထဲတွင် ဗိတိရှာက ဘုရားဖူးများသာမက ရှာနီးချုပ်စပ်က ဘုရားဖူးများလည်း ပါသည်။ ဧယာသည် ဘုရားဖူးတို့ကို ဂရုမစိုက်။ တောင်ကုန်းပေါ်သို့ ရောက်အောင် တက်သည်။ ကျောင်းရှေ့ ရင်ပြင်သို့ ရောက်သောအခါ ဝတ်လှည့်နေကြသည်ကို မြင်သဖြင့် ပခုံး ဘယ်ညာ မျက်နှာ နဖူးတို့ကို လက်ဖျားဖြင့် တစ်လှည့်စီ တို့ထိ၍ ကြည်ညိုလိုက်သည်။

တန်းစီ၍ ဘုရားရှိခိုးကျောင်းကို လက်ယာရစ် လှည့်ကာ ဝတ်ပြုကြခြင်းသည် ဘုရားပွဲတော်၌ ကြည်ညိုစရာ တွေ့မြင်ရသော ပူဇနအမှုအရာ တစ်ခု ဖြစ်သည်။ နည်းများမဆို ငွေစကြေးစ လှူလိုက်လျှင် ဝတ်လှည့်ခြင်းကို ပြုတတ်ကြသည်။ ရှေးဦးစွာ မီးပူဇော်ထားသော ဖယောင်းတိုင်ကို ကိုင်ကာ ဘုန်းကြီး ထွက်လာသည်။ ထို့နောက် သက်ဆိုင်ရာ ဘာသာရေး အသင်းအဖွဲ့များ၏ တံခွန်ကုက္ကား အမျိုးမျိုးကို ကိုင်ကာ ထိုရှာ ဤရှာတို့မှ ဘုရားဖူးတို့သည် ဘုန်းကြီးနောက်က တန်းစီ၍ လိုက်ကြသည်။ တစ်ပတ်လှည့်ပြီးသောအခါ ဘုရားရှိခိုးကျောင်းထဲသို့ ပြန်ဝင်ကြသည်။ နောက်ထပ် လှူဒါန်းသူ ပေါ်လာလျှင် ထိုဝတ်သမားတို့ပင် ပြန်ထွက်လာ၍ တစ်ပတ်လှည့်ကြပြန်သည်။ ထိုသူတို့သည် ဘုရားပွဲ၌ ဘုရား အာရုံပြုချင်ကြသောသူများ ဖြစ်သည်။ သို့ရာတွင် ဘုရားပွဲ၌ ပျော်ချင်ပါးချင်သူတို့လည်း ပါသည်။ ထိုသူတို့သည် ကျောင်းရှေ့ရင်ပြင်တွင် ဓလေ့ဘာသာအလိုက် ကကြ၊ ခုန်ကြ၊ ပျော်ကြ၊ ပါးကြသည်။ ထို့ကြောင့် ဖုန်တထောင်းထောင်း ထ လျက်ရှိသည်။ ဖုန်ထနေသည့် အထဲ၌ပင် ကကြ၊ ခုန်ကြသည်။ ဖုန်ထနေသည့် အထဲ၌ပင်

စားစရာ ချိုချဉ်နှင့် ဖျော်ရည်တို့ကို လှူသူက လှူရာ စားကြ သောက်ကြ သေးသည်။

ဇီယာသည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်လိုက်သည်။ ကျောင်းထဲတွင် မလေးဘာသာအလိုက် ပြောကြ ဆိုကြသော အသံတို့သည် ဆူညံနေသည်။ မလေးဘာသာအလိုက် ဝတ်စား ဆင်ယင်လာကြသော အဝတ်အင်္ကျီများ၏ အဆင်တို့ကလည်း ဖြူနီပြာဝါ ရောင်စုံဖြစ်သည်။ ထိုဘုရားဖူးတို့သည် အများအားဖြင့် မိုင်ပေါင်းများစွာ ဝေးလှသော အရပ်တို့မှ ဦးထုပ်မပါ၊ ဖိနပ်မပါ ရောက်လာကြသူများ ဖြစ်ကြသည်။ အတန်ကြာသော် ထိုမျှလောက် လူစုံလှသော ပရိသတ်ထဲမှ ညည်းသံ၊ ညူသံ၊ အော်သံ၊ ငေါက်သံတို့ ပေါ်လာသည်။ ဇီယာသည် ထိုပရိသတ်ကို အတင်းတိုး၍ ဝင်နေသောကြောင့်ဖြစ်သည်။ ဇီယာသည် အအော်အငေါက် အတွန်းအထိုးခံ၍ ဝင်သည်။ ခွဲကောင်းလှသဖြင့် နောက်ဆုံး၌ သူ အမြဲ ဝတ်ပြုလေ့ရှိရာဖြစ်သော တရားပလ္လင် အရှေ့သို့ သူ ရောက်သွားသည်။

ရောက်သည်နှင့် တစ်ပြိုင်နက် ဇီယာသည် ဆူညံတိုးဝှေ့နေကြသော ပရိသတ်ကို ကြည့်ကာ အနီးရှိ ဘုရားဖူး တစ်ယောက်အား လှမ်း၍ 'ဘာဖြစ်နေကြတာတုံး' ဟု မေးလိုက်သည်။

'သရဲဖမ်းစားလို့တဲ့တော့၊ သရဲဖမ်းစားလို့ တဲ့။ ဖမ်းစားခံရတာက ကောင်မကလေးတဲ့။ အားလုံး ဝတ်ပြုပြီးကြရင် သူ့ကို တောထုတ်မလို့တဲ့။ သခင်မကြီးက သူ့ တန်ခိုးတော်ကို ပြလိမ့်မယ်လို့လဲ ပြောကြတာပဲ။ ဒါကြောင့်မို့ ကျောင်းထဲမှာ လူတွေ ဒါလောက် ပြည့်ကျပ်နေတာပေါ့။ ကြည့်ချင်လို့ လာလိုက်ကြတာ သောက်သောက်လဲ၊ ဝက်ဝက်ကွဲ။ ရှင်မြင်တဲ့ အတိုင်းပဲ။ သရဲက တော်တော်တန်တန် သရဲ မဟုတ်ဘူးတဲ့။ အယူတိမ်းပြီး အစိမ်းဖြစ်သွားတဲ့ ဘုန်းကြီးသရဲတဲ့ ရှင့်၊ ဘုန်းကြီးသရဲတဲ့' ဟု ထိုဘုရားဖူးက မျက်လုံးပြူး မျက်ဆန်ပြူး ပြောပြသည်။

'သရဲ ဖမ်းစားခံရတာက ဘယ်က ကလေးလဲ'

'ဟို အာလာရွာကတဲ့ ရှင့်။ သရဲကလည်း ဘုန်းကြီးသရဲ တဲ့။ ကြောက်စရာကြီးပါရှင်။ ဦးပဥ္စင်းတစ်ပါးက သူ့ကို မောင်းထုတ်လိုက်သတဲ့။ ဒီတော့ ဒီဘုန်းကြီးသရဲကို နတ်ပြည်ကလဲ လက်မခံဘူးတဲ့ရှင့်။ ငရဲပြည်ကလဲ လက်မခံဘူးတဲ့ရှင့်။ ဒီတော့ ဒီ ဘုန်းကြီးသရဲဟာ နေစရာမရှိ ဖြစ်တော့တာ ပေါ့။ ဒါနဲ့ ခြေဦးတည့်ရာ လျှောက်သွားနေရင်း ဒီကောင်မလေးကို ဝင်ပူး ပြီး ဖမ်းစားသတဲ့ရှင့်။ ဒီကလေးတော့ သနားစရာပါရှင်'

'ဘုရား ဘုရား၊ နှလုံး တုန်စရာကြီးပါကလား'

'ဒါပေါ့။ အသည်းရော နှလုံးရော တုန်စရာကြီးပေါ့။ ဒီကလေးဟာ သရဲဒဏ်ကို လိုမ့်ခံနေရသတဲ့ရှင့်။ တော်တော်ကြာ ပါးစပ်က အမြှုပ်တွေ တစီစီ ထွက်လာပြီး အော်လား ဟစ်လား လုပ်သတဲ့ ရှင့်။ ဘုရားကိုလဲ မရှိသေ၊ တရားတော်ကိုလည်း မလေးစား၊ ကြိမ်းလား မောင်းလား လုပ်သတဲ့ ရှင့်။ သန်လိုက်တာကလည်း သူ့အရွယ်နဲ့ မလိုက်ဘူးတဲ့။ သူ့လက်ထဲ ကို ရောက်သမျှဟာ ကြေမွကုန်ကြတာပဲ၊ ကျိုးပဲ့ကုန်ကြတာပဲတဲ့ ရှင့်။ ကြောက်စရာကြီးပါရှင်'

ဇီယာသည် ထိုကလေးကို ကြည့်လိုသဖြင့် ပရိသတ်ထဲ၌ လိုက်၍ ကြည့်သည်။

'ကလေးက ကျောင်းထဲကို မရောက်သေးဘူးရှင့်။ ဘုရားကို အားလုံး ဝတ်ပြုပြီးကြမှ ကလေးရဲ့ ခြေလက်ကို ဝက်တုပ်တုပ်ပြီး ခေါ်လာမယ်တဲ့'

'နေပါဦးဟဲ့၊ တောထုတ်လိုက်ကြလို့ သရဲထွက်သွားရင် ဒီသရဲဟာ ဘယ်သွားနေမှာလဲ။ တစ်ယောက်ယောက်ကို ဝင်ပူးပြီး ဖမ်းစားဦးတော့ မှာပေါ့'

'ဒါတော့ မသိဘူးရှင့်။ ဒါပေမဲ့ သခင်မကြီးဟာ သူ့ တန်ခိုး အာနု ဘော်နဲ့ ဒီသရဲကို လူ့ပြည်မှာ မနေနိုင်အောင် လုပ်မှာပေါ့။ ဒီသရဲကို သနား ရင်လည်း ငရဲပြည်မှာ ခဏလောက်တော့ နေခွင့်ပေးမှာပါပဲ'

ထိုသို့ ပြောဆိုနေကြခိုက် ဘုရားဖူးတို့သည် ဘုရားဝတ်ပြုကြရန် ပြင်ကြလေသည်။ ဘုရားရှိခိုးကျောင်းခန်းသည် သေး၍ လူက များလွန်းနေသဖြင့် အခန်းထဲ၌ လှောင်ပိတ်၍ အလွန်အိုက်သည်။ ပရိသတ်သည် တောထုတ်ပွဲကို ကြည့်ချင်ကြသဖြင့် ဘုရားကို အာရုံမပြုနိုင်။ တောထုတ်ပွဲကိုသာ စောင့်မျှော်နေကြသည်။ ဇီယာကား ထိုသို့ မဟုတ်ချေ။ တရားပလ္လင်ဆီသို့သာ မျှော်ကြည့်၍ အာရုံပြုသည်။ ဤတစ်ကြိမ်တွင် ဇီယာသည် တရားပလ္လင်ကိုသာမက ထူးခြားလှသော နိမိတ်တစ်ခုကိုပါ မြင်ရသကဲ့သို့ ဖြစ်လာသည်။ သူ့အနီးတွင် မိန်းမသုံးယောက်သည် မတ်တတ်ရပ်၍ နေကြသည်။ တစ်ယောက်သည် သားငယ်ကို ရင်ခွင်၌ ပိုက်ထားသည်။ သားငယ်၏ ပါးပြင်သည် နှင်းဆီပန်းကဲ့သို့ လန်းဆန်း၍ ချစ်စရာကောင်းသည်။ သားငယ်က ပြုံးလိုက်သောအခါ မိန်းမသုံးယောက်က မြူးလိုက်ကြသည်။ မိန်းမသုံးယောက်က မြူးလိုက်ကြသောအခါ သားငယ်က ပြုံးပြန်သည်။ ကြည်နူးစရာပါပေတည်း။ သားသည်အမေသည် ပိန်သည်။ အသားအရေ ဖျော့တော့သည်။ သို့ရာတွင် လှပယဉ်ကျေးသော အသွေးအရောင်ကား ထင်လျက် ဖြစ်သည်။ ထိုသားသည်အမေသည် အခြား မဟုတ်။ စာဒူရ ဖြစ်သည်။ စာဒူရသည် လူမမာရုပ် ပေါက်၍ အဝတ်အကျီ အစုတ်စုတ် အပြတ်ပြတ်နှင့် ဖြစ်နေပြီ။ စာဒူရသည် သူ့အမေကို လှမ်း၍ ကြည့်သည်။ တင်းမာလှသော သူ့အမေ၏ အမူအရာကို မြင်သောအခါ မငိုမိအောင် မနည်းထိန်းထားရရှာသည်။ ချစ်စရာ မြေးကလေး၏ မျက်နှာကို တစ်ချက်လောက်မျှ အမေ မကြည့်တော့ဘူးလား။ အမေ့စိတ်သည် ပြင်းလှချေ၏တကား၊ စိမ်းကား ရက်စက်လှချေ၏တကား။ စာဒူရသည် မထိန်းနိုင်တော့ဘဲ ငိုပါလေတော့သည်။

ထိုအခါ ဇီယာ၏ စိတ်၌ အဘွားမေတ္တာသည် လှုံးလွန့်လာသည်။ မြေးကလေး၏ မျက်နှာကို မြင်လိုက်ရသောအခါ စာဒူရအပေါ်၌ ကြီးခဲ့သော

သူ့အမျက်သည် ပြေချင်သလိုလို ဖြစ်လာသည်။ ဇီယာသည် သူ့မြေးကို တစ်ခါမျှ မမြင်ဖူးချေ။ မြေးကို ထားဘိဦး။ သူ့သမီး လင်နောက်လိုက် သွားကတည်းက သူ့သမီးကိုပင် သူမကြည့်ဘဲ နေခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။ ဤနေ့တွင် သူ့သမီးကို ပထမအကြိမ် ကြည့်ခြင်းဖြစ်သည်။ မြေးကိုလည်း ပထမအကြိမ် မြင်ခြင်း ဖြစ်သည်။ သင်းသည် ကျွန် စုပ်ပစ်သည့် သရက်စေ့လောက်မျှ မပြောင်ပါတကား။ သူ့စိတ်ထဲတွင် ထိုမျှ လောက်သာ သူတွေးလိုက်သည်။ သို့ရာတွင် သူ့ အမျက်၊ သူ့အငြိုးကို သူ့သနားစိတ်က ဝင်၍ ဖမ်းစားလေမည်လား မသိ။ စောင့်ကြည့်စရာပင်။ ဇီယာသည် သူ့ခင်ပွန်းကို သူ သတိရလာသည်။ သူ့မြေး၏ မျက်လုံးတွင် သူ့ခင်ပွန်း၏ မျက်လုံးကို သူ မြင်လာသည်။ ထိုသို့ မြင်ပြီးမှ ပျောက် သွားပြန်သည်။ မဖြစ်နိုင်ပါဘူးလေ၊ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဘူး။ တူချင်း တူလျှင် အမျိုးယုတ် ဟိုအကောင်၏ မျက်လုံးနှင့်သာ ပို၍ တူစရာ ရှိသည်။ ချက်ချင်းပင် ဇီယာ၏ အမူအရာသည် တင်းသွားပြန်သည်။

ထိုအခိုက် ဘုရားရှိခိုးကျောင်းထဲက ပရိသတ်သည် တညီတညွတ် တည်း ဘုရားကို ဝတ်ပြုကြပြီ။ ဇီယာလည်း ဝတ်ပြု၍ ဆုတောင်းနေသည်။ သို့ပါသော်လည်း နှုတ်ကသာ ပါသည်။ စိတ်က အလျှင်းမပါချေ။ သူ့စိတ်ထဲ တွင် ဗလောင်ဆန်နေသည်။ အမျက်ထွက်သည့်အခါ ထွက်သည်။ ရက်လွန်း လှ၍ သေချင်စိတ်ပေါက်သည့်အခါ ပေါက်သည်။ ဝမ်းနည်း ပူဆွေးခြင်း ဖြစ်သည့်အခါ ဖြစ်သည်။ ဒေါသနှင့် မေတ္တာ၊ အာဃာတနှင့် ကရုဏာတို့ သည် သူ့ဟဒယနှလုံးသားတွင် သူတစ်ပြန် ငါတစ်ပြန် စုန်ဆန် ကက်ဆင်း စစ်ပွဲကြီး ခင်းနေသကဲ့သို့ ဖြစ်သည်။'ဘုရား ဘုရား၊ မြတ်စွာဘုရား။ တပည့် တော်မကို ကယ်တော်မူပါဘုရား။ တပည့်တော်မကို ဆုံးမတော်မူပါဘုရား' ဟု ဇီယာသည် မြည်တမ်းလျက် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုပါလေ ၏။ ငိုရင်း သူ့သမီးက သူ့ကို အသနားခံကာ ငေးကြည့်နေသည်ဟု သူမြင်

လာ၍ အဆွေးကြီး ဆွေးမိသည်။ သူ့မြေးကလေးကို သူ ပြေးဖက်၍ နမ်းရှုပ်လိုက်ချင်သည်။ နံရံသို့ ပြေး၍ သူ့ခေါင်းဖြင့် ဆောင့်လိုက်ချင်သည်။ ဓိယာသည် အရူးမကြီး ဖြစ်နေရှာပြီ။ စာဒုရသည် သူ့အမေ၏ မာနကို ဆွပေးချင်သောကြောင့် သူ့သားငယ်ကို ခေါ်လာဘိသကဲ့သို့ ဖြစ်နေသည်။ မနာလို မရှုစိမ့်သောသူတို့ အလယ်၌ သူ့အမေ မာန်ကျ၍ သူ့အမေ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည်ကို အကြည့်ခံရအောင် သူ့သားငယ်ကို ခေါ်လာဘိသကဲ့သို့ ဖြစ်နေပြီ။

ဓိယာသည် သူ့ခင်ပွန်းကို အခါခါ တမ်းတသည်။ သူ့ဒုက္ခကို ကြည့်နေတော့မည်လားဟု သူ မြည်တမ်းသည်။ ဝတ်ပြုနေရာမှ ထ၍ လွတ်ရာကျွတ်ရာသို့ သူ ပြေးထွက်လိုက်ချင်သည်။ သို့ရာတွင် ဘုရားဖူးတို့ ဘုရားဝတ်ပြုနေကြသည်မှာ မပြီးသေး။ ကြာလှချေ၏။ ရှည်လှချေ၏။

## ၃

ဘုရားရှိခိုးကျောင်းထဲတွင် ဘုရားဝတ်ပြု၍ ပြီးကြပေပြီ။ ထိုအခါ ပရိသတ်သည် တောထုတ် အစွဲချွတ်မည့်အရေးကြောင့် မငြိမ်မသက် ဖြစ်လာသည်။ ကျောင်းထဲ၌ လှောင်လည်း လှောင်သည်။ အိုက်လည်း အိုက်သည်။ ကြောက်စရာ လန့်စရာကို မြင်ရ ကြားရတော့မည်ဟု သိကြသဖြင့်လည်း ကြောက်တတ်သူသည် မည်သို့ပြော၍မျှ မရ၊ မျက်နှာမှာ သွေးမရှိအောင် ကြောက်သည်။ တစ်ဖန် တွန်းကြ၊ ထိုးကြ၊ တိုးကြ၊ ဖေ့ကြသည်ဖြစ်ရာ သူ့ကို ငါနင်းမိ၊ ငါ့ကို သူ နင်းမိ ဖြစ်ကြပြန်သည်။ ထိုအထဲတွင် ဘုရားရှိခိုးကျောင်း အပြင်ဘက်၌ ကခုန်နေကြသော လူတစ်စုကလည်း ကျောင်းထဲသို့ အလုအယက် ဝင်လာကြသည်။ ထိုအခါ ဓိယာသည် အသက် မရှူတတ်အောင် ဖြစ်လာသည်။ အပြင်သို့ ထွက်၍လည်း မရ။ တစ်ဖန် တစ်ဖက်က တိုးတိုင်းလည်း တရွေ့တည်း ရွေ့နေရသည်ဖြစ်ရာ သူ မကြည့်ချင်သော သူ့သမီး စာဒုရအနီးသို့ သူ ရောက်သွားသည်။

အတန်ကြာသောအခါ ဆူသံညံသံတို့သည် ငြိမ်ကျသွားသည်။ သရဲဖမ်းစားသော ကလေးကို ကျောင်းထဲသို့ သွင်းလာကြပြီ။ ဇိယာ၏ မျက်စိသည် ထိုကလေးဆီသို့ ရောက်သွားသည်။ ကလေးသည် မိန်းကလေးဖြစ်သည်။ သင်တိုင်းအနက်ထဲ၌ ထည့်၍ ထုပ်ထားသည်။ မျက်ကွင်းညိုနေသည်။ မျက်ထောင့်နီနေသည်။ ဝက်တုပ် တုပ်ထားသဖြင့် မလှုပ်နိုင်၊ မရှားနိုင် ဖြစ်နေသည်။

တောထုတ်ပွဲကို စီရင်ကြပြီ။ ပရိတ်ရွတ်ပြီးကြသောအခါ ဘုန်းကြီးတစ်ပါးသည် ဂုဏ်တော် လက်ဝါးကပ်ကို ကလေး၏ မျက်နှာရှေ့သို့ ယူလာ၍ အစွဲချွတ်ရန် အနမ်းခိုင်းသည်။ ထိုအခါ ဘုရားရှိခိုးကျောင်း တစ်ကျောင်းလုံး ဟိန်းသွားသည်။ ကလေးသည် ကလေးနှင့် မတန်၊ စူးစူးဝါးဝါး အော်လိုက်သောကြောင့် ဖြစ်သည်။ ဖမ်းစားထားသော သရဲက အော်လိုက်သည်ဟု ထင်ရသည်။ ထိုအခါ ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်၊ ငြိမ်နေသည်။ အသက်ရှူ မှားမတတ် ဖြစ်သည်။ ကလေးသည် မျက်နှာရှေ့သို့ ရောက်လာသော ဂုဏ်တော်လက်ဝါးကပ်ကို ပုတ်ချသည်။ တံတွေးနှင့် ထွေးသည်။ အသံကုန် ဟစ်မြဲဟစ်သည်။

ပထမသော် ပရိသတ်သည် ကလေးကို ကြည့်၍ သွေးလန့်နေကြသည်။ အတန်ကြာသော် အကြောက်ပြေလာ၍ တစ်ယောက်တစ်ခွန်း စကားပြောကြသည်ဖြစ်ရာ ကျောင်းခန်းတစ်ခုလုံးသည် ပွဲတင်သံနှင့် ရော၍ တဆူဆူ တညံညံ ဖြစ်နေသည်။ ဆူသည်ထက် ဆူ၍ ညံသည်ထက် ညံလာသောအခါ ဇိယာသည် သူ့နားထဲ၌ ခေါ်သံလိုလို အသံတစ်သံကို ကြားလာသည်။ သရဲဖမ်းစားသော ကလေး၏ မိခင်က သူ့နား နားတွင် ကပ်၍ သူ့အား စကားလှမ်းပြောနေသည်ဟု သူထင်လာသည်။ 'ရှင်က ဒီကိုလာပြီး ဘာဖြစ်လို့ ငိုနေရတာလဲ၊ ရှင့်မှာ ဘာပူစရာ ရှိလို့လဲ၊ ရှင့်မှာ ဘာဆွေးစရာရှိလို့လဲ။ ပူစရာရှိရင် ကျွန်မကသာ ကျွန်မရဲ့ သမီးကလေးအတွက် ပူရမှာရှင့်။

ဆွေးစရာရှိရင် ကျွန်မကသာ ကျွန်မရဲ့ သမီးကလေးအတွက် ဆွေးရမှာရှင့်။ သူများ ပူဖို့ ဆွေးဖို့လည်း ထားပါဦးလား။ ရှင့်မှာနကို ရှင် မချိုးနိုင်ဘူးလား ဓိယာ ဓိယာ၊ နင့်မှာနကို နင် ချိုး။ ကျိုးအောင်ချိုး။ ချိုးပါတော့လား၊ ချိုးပါတော့လား’ ဓိယာသည် ထိုအသံတို့ကို သူ့နားဋ္ဌ ကြားလိုက်ရသည်ဟု ထင်လာသည်။ ထိုအသံတို့သည် တစ်ကျောင်းလုံး ဟိန်း၍ သူ့နှလုံးသားကို ဝင်ဝှေ့လိုက်သည်ဟုလည်း သူထင်လာသည်။ သူ့စိတ်ဋ္ဌ နောင်တရသလိုလို ဖြစ်လာသည်။ အကျိတ်အခဲ ကျေသွားသလိုလို ဖြစ်လာသည်။ အနီးရှိ သမီးစာဒုရ၏ ရင်ခွင်ထဲက သူ့မြေးငယ်ကို လှမ်း၍ နမ်းချင်စိတ် ပေါက်လာသည်။ နမ်းမိတော့ မလိုလိုပင် ဖြစ်တော့သည်။ သူ့စိတ်သည် ထိုမျှ ညွတ်ပျောင်းလာသည်။ သို့ရာတွင် မနမ်းဖြစ်ချေ။ တန်သလော၊ ရာသလော။

တရားပလ္လင်ရှေ့ဋ္ဌ သရဲဖမ်းစားသော သမီးငယ်နှင့် သမီးငယ်၏ မိခင်တို့ကို မြင်ရသည်မှာ ကြေကွဲစရာ ဖြစ်သည်။ သမီးငယ်က အသံကုန်ဟစ်နေသောအခါ မိခင်သည် တရားပလ္လင်ရှေ့ဋ္ဌ ဒူးထောက်ကာ ရှိုက်ကြီးတငင် ငိုနေရှာသည်။ ဓိယာသည် ထိုသားအမိကို ကြည့်၍ ယူကျုံးမရဖြစ်သည်။

အတန်ကြာသောအခါ သရဲဖမ်းစားသော ကလေးသည် ရုန်းကန်၍ ခြေကြိုး လက်ကြိုးတို့ကို ဖြတ်သည်။ ထိုအခါ ဘုန်းကြီးများသည် ကလေးကို ဖမ်းကိုင်ဆုပ်ညှစ်၍ ဂုဏ်တော် လက်ဝါးကပ်ကို ပြကာ အစွဲချွတ်သောသဘောဖြင့် အတင်း အနမ်းခိုင်းပြန်သည်။ ဘုန်းကြီးများက အတင်း အနမ်းခိုင်းလေလေ၊ ကလေးသည် ကြမ်းသည်ထက် ကြမ်းလာလေလေ ဖြစ်သည်။ ထိုအခိုက် ဓိယာသည် ကလေး၏မိခင် စိတ်တက်ကြွနေသည်ကို မြင်လိုက်သည်။ ကလေး၏မိခင်သည် ဒူးထောက်ကာ မယ်တော်မာရီ သခင်မကို ဝတ်ပြုနေရာမှ ရုတ်တရက် ထ၍ သူ့မျက်ရည်ကို သုတ်သည်။ ထို့နောက် ဘုန်းကြီး၏ လက်ထဲမှ ဂုဏ်တော် လက်ဝါးကပ်ကို ယူ၍ တရိုတသေ

ကိုင်ကာ သူ့ကလေး မြင်အောင် ပြသည်။ ထိုအခါ ကလေးသည် ချက်ချင်း ငြိမ်သွားသည်။ ထို့နောက် ကလေး၏ မျက်လုံးတွင် မျက်ရည် ဝဲလာသည်။ ထို့နောက် သူ့မျက်လွှာကို ချလိုက်သည်။ ထို့နောက် တရားပလ္လင်ကို မျက်နှာမူ၍ မယ်တော်မာရီ ဂုဏ်တော်ဘွဲ့ ဓမ္မသီချင်းကို မပီကလာ ပီကလာ သီဆိုလာသည်။ ကလေး၏ မိခင်သည် ဝမ်းသာလွန်းအားကြီးလှသဖြင့် 'သမီးရေ ...သမီးရဲ့၊ အမေ့သမီးကလေးရဲ့'ဟု မြည်တမ်းရှာသည်။

အံ့ဖွယ်သရဲပါပေတည်း။ ဘုရားဖူး ပရိသတ်သည် ထိုအခြင်းအရာကို မျက်ဝါးထင်ထင် မြင်၍၊ နားဖြင့် ဆတ်ဆတ် ကြားကြသောအခါ အံ့အားသင့်လျက် မတ်တတ်ထနေကြရာမှ ချက်ချင်း ဒူးထောက်လိုက်ကြသည်။ ထို့နောက် ကလေးသီဆိုနေသော ဓမ္မသီချင်းကို လိုက်၍ သီဆိုကြသည်။ ထိုသို့ သီဆိုနေကြသော ဘုရားဖူး ပရိသတ်ထဲတွင် ဇီယာလည်း ပါသည်။

ဇီယာသည် အိမ်သို့ ပြန်လေပြီ။ ဤတစ်ကြိမ်တွင် သူ့မြေးငယ်သည် သူ့ရင်ခွင်၌ ပါလာသည်။ သူ့သမီး စာဒူရသည် သူ့နံပါး၌ ကပ်လျက် ပါလာသည်။ ထိုအခါ ဗိတိရှာ၌ 'ဒီနှစ်တော့ တို့မယ်တော် သခင်မကြီးက အံ့တစ်ပါးတည်း မဟုတ်ဘူး။ နှစ်ပါး ပြခဲ့သကွယ့်'ဟု အချင်းချင်း ပြောကြလေသတည်း။

[ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၃၆)။ ဇွန်၊ ၁၉၆၃ ]



**ဂျာမန် အမျိုးသား စာရေးဆရာ**

**သောမတ် မန်း [ ၁၈၇၅–၁၉၅၅ ]**

**Thomas Mann, [ 1875-1955 ]**

ဂျာမန် အမျိုးသားစာရေးဆရာ မန်းသည် ၁၉၂၉ ခုနှစ်အတွက် ကမ္ဘာကျော် နိုဗဲဆု အချီးအမြှင့်ခံရသော စာရေးဆရာ ဖြစ်သည်။ မျိုးရိုးသည် ကုန်သည်မျိုးရိုး ဖြစ်သည်။ ဘာသာရေးတွင် သူ့ဘိုးဘေးနှင့် အဖတို့သည် လွတ်လပ်စွာ တွေးကြံလိုသော သဘာဝတ္တ ဝါဒကို လက်ခံကြသူများ ဖြစ်ကြသည်။ နိုင်ငံရေးတွင် ပြည်သူလူထုအတွက် ရသင့်ရထိုက်သော အခွင့်အရေးတို့ကို လိုလားသူများ ဖြစ်ကြသည်။ သောမတ်မန်းသည် ထိုသို့သော ပတ်ဝန်းကျင်၌ ကြီးပြင်းလာရသူ ဖြစ်သည်။ ထိုခေတ်က ကျောင်းများသည် အတားအမြစ် အလွန်များ၍ စည်းကြီး ကမ်းကြီး နိုင်လွန်းလှသည်ဟု သူ ယူဆသည်။ သူ ငယ်စဉ်က ကဗျာလင်္ကာ၌ ဝါသနာပါသည်။ သူ့ကျောင်းကမူ ထို ဝါသနာကို အားမပေးသည့်အပြင်

ရာပြည့်စာအုပ်တိုက်

အလွန် စည်းကမ်းကြီးလှသော ပရပ်ရှင်းစစ်သည်တို့ကဲ့သို့ ကျင့်ကြံနေထိုင်တတ်အောင် ဆုံးမ ပဲ့ပြင်တတ်သည် ဖြစ်ရာ သောမတ်မန်းအဖို့ မကျေမနပ် ဖြစ်ခဲ့သည်ဟု ဆိုသည်။

သူ့ဖခင် အနိစ္စရောက်သောအခါ လုပ်ငန်းကိုင်ငန်း မကောင်းဖြစ်လာသဖြင့် မျူးနစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ အသက် ၁၉ နှစ်တွင် ကျောင်းမှ ထွက်၍ စာရင်းကိုင်စာရေး အဖြစ်ဖြင့် အလုပ်လုပ်ရသည်။ ထိုအခါမှစ၍ ဝတ္ထုတိုများကို ရေးသည်။ ထို့နောက် အလုပ်မှထွက်၍ မျူးနစ်တက္ကသိုလ်တွင် ရသစာပေ၊ အနုပညာ၊ ရာဇဝင်တို့ကို ဆက်လက် သင်ယူသည်။ ထို့နောက် အီတလီနိုင်ငံ ရောမမြို့၌ သူ့အစ်ကိုနှင့်အတူ နေထိုင်သည်။ ထိုသို့ နေထိုင်စဉ် ဝတ္ထုတိုတစ်ပုဒ်ကို ရေးလိုက်ရာမှ စ၍ နာမည်ထွက်လာသည်။ ထိုကာလအတွင်း၌ပင် သောမတ်မန်းသည် နော်ဝေရသစာပေ၊ ဆွီဒင် ရသစာပေ၊ ရုရှား ရသစာပေတို့ကို လေ့လာပြန်သည်ဟု ဆိုသည်။ အထူးသဖြင့် ဂျာမန်ဒဿနိက ဆရာကြီး ရှိုပင်ဟောင်းဝါး၏ စာတို့ကို နှစ်သက်သည်ဟု ဆိုသည်။

၁၉၀၀ ပြည့်နှစ်တွင် သောမတ်မန်းသည် ဝတ္ထုရှည်တစ်ပုဒ်ကို ရေး၍ ထုတ်ဝေသည်။ ပထမသော် ထိုဝတ္ထုကို မကြိုက်ကြချေ။ သို့ရာတွင် တစ်စတစ်စ လူကြိုက်များလာရာ ထိုဝတ္ထုသည် ကမ္ဘာကျော် ဖြစ်လာသည်။ ထိုအခါမှ စ၍ သောမတ်မန်းသည် စာပေလောကသို့ လုံးဝ ဝင်လေတော့သည်။ ကျော်ကြားသော ဝတ္ထုအတို အရှည်များသည် တစ်ပုဒ်ပြီးတစ်ပုဒ် ထွက်လာသည်။ ၁၉၀၅ ခုနှစ်တွင် လက်ထပ်သည်။ အင်္ဂလန်၊ နော်ဝေ၊ ဆွီဒင်၊ ဟော်လန်၊ ဆွစ်ဇာလန် နိုင်ငံတို့သို့ သွားသည်။ ရေးသမျှသော ဝတ္ထုတို့သည် ဥရောပတိုက်သားတို့၏ ပထမကမ္ဘာစစ်ပြီးခေတ် စိတ်ထား

သဘောထား၊ အကျင့်အကြံ အလေ့အလာတို့ကို တင်ပြ၍ အကောင်းအဆိုး အကျိုးအပြစ်တို့ကို ဝေဖန်သော ဝတ္ထုများ ဖြစ်ကြသည်။ ထို ဝတ္ထုများကြောင့် ဥရောပယဉ်ကျေးမှုနှင့် ဥရောပ လူမှုရေးစနစ်တို့၏ အသိုက်အဝန်းတွင် စိတ္တသုခ ဟူသည် မရှိ တော့ပြီလော။ ကာမဂုဏ် အာရုံ အမျိုးမျိုးတို့ကို ဘဝသုခ အစစ် မှတ်၍ ထိုအာရုံတို့ နောက်သို့ တကောက်ကောက် လိုက်နေကြ သော ဥရောပတိုက်သားတို့၏ တိုးတက်မှုကို အမှန် အကောင်းဟု ဆိုနိုင်အံ့လော၊ တကယ့် တိုးတက်မှုဟု ဆိုနိုင်အံ့လော ဟူသော ဒွိဟသံသယတို့သည် ဖြစ်ပေါ်လာကြသည်ဟု ဆိုသည်။ သောမတ် မန်း၏ ဝတ္ထုတို့တွင် အများအားဖြင့် အထက်ဆိုခဲ့သော ယဉ်ကျေးမှု နှင့် လူမှုရေးစနစ်ဆိုင်ရာ လူ့ဘဝပြဿနာများကို သရုပ်ဖော်တတ် သည်ဟု ဆိုသည်။ သရုပ်ဖော်ရာတွင် အလွမ်း အဆွေး အသောတို့ စုံလင်လှသည်ဟုလည်း ဆိုသည်။

၁၉၃၂ ခုနှစ်လောက်တွင် ဂျာမနီနိုင်ငံ၌ **အာဏာ**ရှင် ဟစ်တလာ ခေါင်းဆောင်သော နာဇီတို့ တန်ခိုးကြီးလာသောအခါ သောမတ် မန်း၏ ဝတ္ထုအချို့ကို မီးရှို့ပစ်ကြသည်။ သောမတ်မန်းလည်း ဂျာမနီကို စွန့်၍ လွတ်ရာ ကျွတ်ရာသို့ တိမ်းရှောင်ရသည်။ နောက်ဆုံးတွင် အမေရိကန်၌ အခြေချ နေထိုင်ရလေသည်။

## သောမတ်မန်း ၏
# ငါ သိပြီကွယ်

[ 'ငါ သိပြီကွယ်' ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာပြန်ဖြစ်သော **Disillusionment** ဝတ္ထုတိုမှ မြန်မာပြန်သည်။ ဥရောပတွင် နိုင်ငံရေး နယ်ချဲ့၊ စီးပွားရေးနယ်ချဲ့ တို့ကြောင့် ပစ္စည်းဥစ္စာ ကြွယ်ဝလာကြသဖြင့် ထိုနယ်ချဲ့ယဉ်ကျေးမှုကို အထင်ကြီးလာခဲ့ကြရာမှ၊ ထိုနယ်ချဲ့ယဉ်ကျေးမှုကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်၍ လူခပ်သိမ်းတို့ ဒုက္ခရောက်ကြရသည်ကို မြင်လာကြသောအခါ ထို နယ်ချဲ့ယဉ်ကျေးမှုကိုပင် မကျေမနပ် ဖြစ်လာကြသည်ဟု သိရသည်။ ဤဝတ္ထုတိုတွင် ထိုသို့ မကျေမနပ် ဖြစ်နေပုံရသော်လည်း အဖြေရှာမတွေ့နိုင်ဘဲ ယောင်တိယောင်ချာ ဖြစ်နေသော သူ၏ အမူအရာကို သရုပ်ဖော်ထားသည်ဟု ယူပါသည်။ ထိုအမူအရာတို့သည် သနားစရာအဖြစ်ဖြင့် လည်းကောင်း၊ ရယ်စရာအဖြစ်ဖြင့် လည်းကောင်း ပေါ်ထင်နေသည်ဟု ထင်သည်။ ]

---

ထိုလူသည် လူထူးလူဆန်း တစ်ယောက်ပါပေ။ ထိုလူနှင့် စကား ပြောခဲ့စဉ်ကသော် ကျွန်တော်သည် ယောင်ချာချာ ဖြစ်ခဲ့မိသည်။ ယခုတိုင် သူ့အကြောင်းကို တွေးမိတိုင်း ယောင်ချာချာ ဖြစ်တတ်ပါသေးသည်။ သူ့အကြောင်းကို ပြန်ပြောရမည်ဖြစ်လျှင် ကျွန်ုပ် ယောင်ချာချာဖြစ်အောင် သူပြောတတ်သကဲ့သို့ အခြားသော သူတို့ ယောင်ချာချာ ဖြစ်ကုန်ကြအောင်ကား ကျွန်တော် ပြန်ပြောတတ်မည် မဟုတ်ပါ။ စင်စစ်မှာ ကျွန်တော်

ယောင်ချာချာ ဖြစ်ခဲ့ခြင်းသည် သူ ဖော်ဖော်ရွေရွေ၊ ချေချေငံငံ၊ ပွင့်ပွင့်လင်းလင်း ပြောတတ်သောကြောင့် ဖြစ်သည်ဟု ထင်သည်။

လွန်ခဲ့သော နှစ်လလောက်က ထို လူထူးလူဆန်းကို ကျွန်တော် သတိပြုခဲ့မိသည်။ သူ့ကို ပထမအကြိမ် မြင်ရာဖြစ်သော နေရာသည် "စန်မာကို" ခေါ် မြို့လယ်ပန်းခြံ ဖြစ်သည်။ ထိုအခါကသော် ပန်းခြံထဲ၌ လူစည်ကားလှသည် မဟုတ်။ ထိုနေရာမှာ တစ်စု၊ ဤနေရာမှာ တစ်စု၊ ကျိုးတိုးကျဲတဲမျှသာ ဖြစ်သည်။ ပန်းခြံထဲတွင် အလှအပ တည်ဆောက်ထားသော ကော်လိုနီတ်ခေါ် မုခ်တိုင်တန်ဆောင်း ရှိသည်။ မုခ်တိုင်တန်ဆောင်း အနောက်တွင် အပြာရောင် ကောင်းကင်သည် လွှမ်းစရာဖြစ်သည်။ မုခ်တိုင်တန်ဆောင်း အရှေ့တွင် ကြက်လျှာအလံတို့သည် လေထဲ၌ တလူလူ လွင့်နေကြသည်။ မုခ်တိုင်တန်ဆောင်း၏ ဗဟိုအဝင်ဝတွင် မိန်းမပျိုတစ်ဦးသည် ခိုများကို အစာကျွေးနေသည်ဖြစ်ရာ ခိုဖြူ၊ ခိုဝါ၊ ခိုပြာတို့သည် တစ်ကောင်ပြီးတစ်ကောင် မိန်းမပျို၏ ခြေရင်းသို့ ပျံဆင်းနေကြသည်။ စိတ်ချမ်းမြေ့စရာ ရှုခင်းတစ်ခု ပါပေတည်း။

ထိုပန်းခြံတွင် ထိုအချိန်၌ ထိုလူထူးလူဆန်းကို ကျွန်တော် မြင်ခဲ့ရသည်။ သူ့အရပ်သည် မနိမ့်မမြင့် ဖြစ်သည်။ ခါးအနည်းငယ် ကိုင်းသည်။ လမ်းလျှောက်သောအခါ ခပ်သွက်သွက် လျှောက်သည်။ ဦးထုပ်အနက် ဆောင်းသည်။ နွေဝတ် ကုတ်အင်္ကျီ ဝတ်သည်။ ဘောင်းဘီ အနက်စင်းနှင့် ဖြစ်သည်။ မည်သည့် အကြောင်းကြောင့်မှန်း မသိ၊ သူ့ကို အင်္ဂလိပ်လူမျိုးဟု ကျွန်တော် အထင်မှားခဲ့သည်။ အသက်အရွယ်မှာ သုံးဆယ်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ ငါးဆယ်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး တို့ကို ရိတ်ထားသည်ဖြစ်ရာ သူ့မျက်နှာသည် ချောမွတ်နေသည်။ သူ့နှာခေါင်းသည် ခပ်တုတ်တုတ် ဖြစ်သည်။ သူ့မျက်လုံးတို့သည် ပင်ပန်းနွမ်းနယ် နေသကဲ့သို့ ဖြစ်သည်။ သူ့ပါးစပ် အနီးအနား၌ကား ပြုံးရောင်

သန်းနေသည်ဟု ထင်ရသည်။ သူသည် မကြာခဏ ဆိုဘိသကဲ့သို့ သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်၍ စူးစူးစိုက်စိုက် ကြည့်တတ်သည်။ ထို့နောက် သူ့မျက်စိသည် မြေပြင်သို့ ရောက်သွားတတ်သည်။ ထို့နောက် မသိမသာ သူ့တစ်ကိုယ်ကြား စကားပြော၍ သူ့ခေါင်းကို ညိတ်တတ်သည်။ ထို့နောက် ပြုံးစိစိ လုပ်နေတတ်သည်။ ဤပုံအတိုင်း ထိုသူသည် ပန်းခြံထဲတွင် ခွဲကောင်းကောင်းဖြင့် လူးလာတုံ့ခေါက် လမ်းလျှောက်နေတတ်သည်။

ထိုအခါမှ စ၍ ကျွန်တော်သည် သူ့ကို ပန်းခြံထဲတွင် နေ့တိုင်းမြင်ရသည်။ သူ့မှာ အလုပ်ဟူ၍ မည်မည်ရရ ရှိဟန်မတူ။ လမ်းလျှောက်သော အလုပ်တစ်ခုသာ ရှိဘိသကဲ့သို့ ဖြစ်သည်။ လမ်းလျှောက်သည်မှာ အခေါက်ပေါင်း သုံးဆယ်မက၊ လေးဆယ်မက၊ ငါးဆယ်မက ဖြစ်သည်။ နေသာလျှင်လည်း လျှောက်သည်။ နေမသာလျှင်လည်း လျှောက်သည်။ လျှောက်သည့်အခါ အထီးတည်းသာ လျှောက်သည်။ အထက်က ဆိုခဲ့သော ပုံအတိုင်းသာ လျှောက်သည်။

တစ်ညနေတွင် ပန်းခြံထဲ၌ တပ်မတော်တီးဝိုင်းသည် ပရိသတ်ကို ဖျော်ဖြေပါသည်။ ကျွန်တော်သည် အနီးရှိ ကာဖီဆိုင်က ခင်းထားသော ကုလားထိုင်တစ်လုံး၌ ထိုင်၍ နားထောင်သည်။ တီးဝိုင်းကို သိမ်းသောအခါ ပရိသတ် လူအုပ်ကွဲ၍ အိမ်ပြန်ကြသည်။ ထိုအခါ ထိုသူသည် ကျွန်တော့်အနီးရှိ လပ်နေသော ကုလားထိုင်၌ ပြုံးစိစိ မျက်နှာထားဖြင့် ဝင်ထိုင်သည်။

မှောင်စ ပြုလာသောအခါ ကာဖီဆိုင်က ခင်းထားသော စားပွဲကုလားထိုင်တို့၌ လူတစ်ယောက်မျှ မရှိတော့ပြီ။ ပန်းခြံထဲ၌ လမ်းလျှောက်ကြသူများပင် မရှိကြတော့ပြီ ဖြစ်ရာ ပန်းခြံတစ်ခုလုံးသည် တိတ်ဆိတ်သွားသည်။ မိုးကောင်းကင်တွင် မိုးတစ်ပြင်လုံးသည် ကြယ်များဖြင့် အပြည့်ဖြစ်လာသည်။ မုခ်တိုင်တန်ဆောင်း အထက်တည့်တည့်ဆီတွင် လတစ်ခြမ်းသည် တွဲလဲခိုနေဘိသကဲ့သို့ ဖြစ်သည်။

ကျွန်တော်သည် သူ့ကို ကျောခိုင်း၍ ထိုင်ရင်း သတင်းစာ ဖတ်နေသည်။ အတန်ကြာသောအခါ ကျွန်တော် အိမ်ပြန်တော့မည်ဟု ထလိုက်ရာမှ သူ့ဘက်သို့ လှည့်မိလျက်သား ဖြစ်သွားသည်။ ခပ်စောစောက သူ့ဆီမှ မည်သည့်အသံကိုမျှ မကြားခဲ့ရသော်လည်း ယခု သူ့အသံကို ကျွန်တော် ကြားရပြီ။

'ဗျို့ နောင်ကြီး။ ခင်ဗျား ဗင်းနစ်မြို့ကို အရင်က ရောက်ဖူးသလား။ အခု အကြိမ်ဟာ ပထမအကြိမ်ပဲလား'ဟု ပြင်သစ်ဘာသာ မပီကလာ ပီကလာဖြင့် သူက ကျွန်တော့်ကို စတင်မေးပါသည်။ ကျွန်တော်က အင်္ဂလိပ် ဘာသာဖြင့် ပြန်ဖြေမည် ပြုသောအခါ သူသည် ဂျာမန်ဘာသာဖြင့် ဆက်၍ ပီပီသသ ပြောပါလေတော့သည်။

'သြော် ဗင်းနစ်မြို့ကို အရင်က ခင်ဗျား မရောက်ဖူးဘူး ဆိုပါတော့။ အခုအကြိမ်ဟာ ပထမအကြိမ် ဆိုပါတော့။ ဘယ့်နှယ့်နေသလဲ။ ဗင်းနစ်မြို့ဟာ ခင်ဗျာ့စိတ်ထဲမှာ တော်တော်လှတယ်လို့ ထင်နေသလား။ ကြားဖူးတာနဲ့ ညီရဲ့လား။ ကြားဖူးတာထက် ပိုနေသလား။ ဒါမှမဟုတ်ရင် အဟုတ်အမှန် ရှိနေ၊ ဖြစ်နေတာထက် ပိုမလှပါဘူးဗျာလို့ ဆိုချင်သလား။ ခင်ဗျား မဆိုရဲပါဘူးဗျာ။ ဆိုရဲစေဦး၊ ခင်ဗျား မဆိုဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဗင်းနစ်မြို့ကြီးကို ကြည့်ပြီး ငါ ကြည်နူးနေပြီ၊ ငါပျော်နေပြီ၊ ငါကျေနပ်နေပြီ လို့ ကိုယ့်ကိုယ်ကို ကိုယ်လှည့်စားနေချင်လို့ဗျ။ ဟုတ်ရဲ့လား၊ ဘယ့်နှယ့်လဲ'

ထိုသူသည် ထိုသို့ပြော၍ ကျွန်တော့်ဘက်သို့ ကိုင်းနေရာမှ သူ့ကုလားထိုင် နောက်မှီ၌ ပြန်မှီလိုက်ပြီးလျှင် မျက်စိ ပေကလတ် ပေကလတ်နှင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ကျွန်တော်သည် အံ့အားသင့်၍ ငြိမ်နေမိသည်။ အတန်ကြာမျှ ငြိမ်နေမိသည်။ ကျွန်တော်သည် မည်သို့ ပြန်ဖြေရမည်ကို မသိသဖြင့် ပြန်တော့မည်ဟု ထပါသည်။ ထိုအခါ သူသည် မှီနေရာမှ ကျွန်တော့်ဘက်သို့ ကိုင်းလာ၍...

'ဒီမှာဗျ နောင်ကြီးရဲ့။ အရင်က တယ်ဟုတ်ပါကလားလို့ အထင်ကြီးခဲ့ မိတာတွေဟာ တကယ်ကျတော့ ဘာမှ မဟုတ်ပါကလားလို့ မြင်လာ၊ သိလာတဲ့ ယထာဘူတ အသိအကြောင်းကို စဉ်းစားမိရဲ့လား။ ကျုပ် ဆိုလိုတာက အသေးအဖွဲ ကိစ္စကလေးတွေမှာ မှားမိလို့၊ ကချော်ကချွတ် ပြုမိလို့ စဉ်းစားမိတဲ့ အသိမျိုးကို ဆိုလိုတာ မဟုတ်ဘူးဗျ။ လူရယ်လို့ ဖြစ်လာပြီးတဲ့နောက် ဘဝတစ်လျှောက်မှာ တွေ့ကြုံရ၊ ကြုံကြုံရမယ့် အလိုမကျစရာတွေကို ဆိုလိုတာဗျ။ ဒါတွေကို ခင်ဗျား စဉ်းစားမယ် မထင်ပါဘူး။ ကျုပ်မှာတော့ လူလားမြောက်လာတဲ့ အရွယ်ကစပြီး ဘဝ အလိုမကျစရာတွေကို စဉ်းစားကြည့်မိလေတော့ စဉ်းစားသမျှတွေဟာ ကျုပ်နောက်ကို တကောက်ကောက်လိုက်နေတော့တာပဲ။ သူတို့ကြောင့် ကျုပ် မပျော်နိုင်ဘူးဗျ။ သူတို့ကြောင့် လူတော သူတောထဲမှာ ကျုပ် မနေလိုဘူးဗျ။ ဒီတော့ ကျုပ်ဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်နေတာပေါ့။ ဟုတ်ပါတယ်လေ၊ ကျုပ်ဟာ လူထူးလူဆန်းတစ်ယောက်ပါ။ ကျုပ် မငြင်းပါဘူး။

'အေးလေ ကျုပ်က ပြောပြနေလို့ အလကားပါပဲ။ ဘဝအလိုမကျစရာ ဆိုတာကို ခင်ဗျား ချက်ချင်း သဘောပေါက်နိုင်မယ်တော့ မဟုတ်ပေဘူး။ ဒါပေမဲ့ တစ်နေ့နေ့မှာ ခင်ဗျာ့ဘာသာ ခင်ဗျား စဉ်းစားပြီး သဘောပေါက်ချင်ရင် ပေါက်လာမှာပဲ။ ကျုပ်အကြောင်းကို ခင်ဗျား နည်းနည်းပါးပါး သိထားရင် တော်ပါပြီ။ ဒီတော့ သည်းခံပြီး နားထောင်စမ်းပါ။ မကြာစေရပါဘူး။ ဘဝအလိုမကျစရာဆိုတဲ့ သဘောကို လွယ်လွယ်နဲ့ ပြောပြလို့တော့ မရဘူးဗျ။ ပြောပြလို့ ရနိုင်တယ်ဆိုရင် စကား လေးငါးဆယ်လုံးလောက်နဲ့ ပြီးနိုင်ပါရဲ့။

'ဒီလိုလေ၊ ကျုပ်အကြောင်းကို အစက စပြီး ကျုပ် ပြောပြမယ်။ ကျုပ် ငယ်ငယ်တုန်းက နေတဲ့မြို့ဟာ တောမြို့ကလေးဗျ။ ကျုပ်အဖေဟာ တောမြို့က ဓမ္မဆရာကလေးဗျ။ ဒီတော့ ကျုပ် ကြီးပြင်းလာရတာဟာ

တောမြို့ ဓမ္မဆရာကလေးရဲ့ အသိုင်းအဝိုင်းထဲမှာ ဆိုပါတော့ဗျာ။ ခင်ဗျားလဲ သိတဲ့ အတိုင်းပဲ။ ဓမ္မဆရာကလေးရဲ့ အိမ်၊ ဓမ္မဆရာကလေးရဲ့ အသိုင်းအဝိုင်း ဆိုတော့ ဘာမဆို စေ့စပ်သေချာသဗျ။ အမည်းစက်ကလေး တစ်စက်မရှိ အောင် သန့်ပြန့်ရသဗျ။ ကျမ်းစာဖတ်လိုက်၊ တရားဟောလိုက်၊ ကောင်းမှု ကုသိုလ် ဆိုတာက ဘာကွ။ မကောင်းမှု အကုသိုလ်ဆိုတာက ဘာကွ။ ဣဋ္ဌာရုံဆိုတာက ဘာကွ။ အနိဋ္ဌာရုံဆိုတာက ဘာကွလို့ ဟောလိုက်နဲ့ စကားကြီး စကားကျယ်တွေကိုသာ ပြောလာခဲ့ကြတယ်။ ဒီလို ပြော ပြောပြီး လူ့ဘဝကြီးဟာ တယ်ဟုတ်ပါကလား၊ တယ်ကောင်းပါကလားနဲ့၊ အကောင်းဘက်ကိုချည်း ကြည့်ပြီး ကျေနပ်နေကြတာပဲ။ ကျုပ်ဟာ အဲဒီ အသိုင်းအဝိုင်းမှာ ကြီးလာရသဗျ။ ကျုပ် အခု ဒုက္ခ ဖြစ်နေရတာဟာ ဒီ အသိုင်းအဝိုင်းရဲ့ အတွေးအခေါ် အယူအဆတွေကြောင့်ဗျ။

'ကျုပ် ငယ်ရာက ကြီးလာရတဲ့ဘဝမှာ ကျုပ်ဟာ အပေါ်ယံ အလှ အပ စကားတွေ၊ စကားကြီး စကားကျယ်တွေနဲ့သာ နေခဲ့ရတယ်။ ဒီစကား တွေကို ကျုပ် အဟုတ်ကြီး ထင်ခဲ့မိတယ်။ ဒီတော့ တကယ့် လူ့ဘဝ အကြောင်းကို ကျုပ် ဘာမှ မသိခဲ့ဘူး။ စိတ်ကူးယဉ်ချင်းတိုင်း ယဉ်ပြီး၊ လောကမှာ လူဆိုရင် သူတော်စင် ခြောက်ပစ်ကင်း သော်လည်းကောင်း၊ သူယုတ်မာ ငမိုက်သား သော်လည်းကောင်း ဖြစ်ရမယ်လို့ ကျုပ် ထင်ခဲ့မိ တယ်။ ဘဝခရီးမှာ ကြုံတွေ့စရာရှိရင်လည်း ချစ်စရာ၊ ခင်စရာ၊ နှစ်သက်စရာ တွေကို သော်လည်းကောင်း၊ ရွံစရာ၊ မုန်းစရာ၊ စက်ဆုပ်စရာတွေကို သော် လည်းကောင်၊ ကြုံတွေ့ရလိမ့်မယ်လို့ ကျုပ် ထင်ခဲ့မိတယ်။ လောကမှာ ဒီလို လူနှစ်မျိုးသာ ရှိတယ်။ ဒီလို အတွေ့အကြုံနှစ်မျိုးနဲ့သာ တွေ့ကြုံရ တတ်တယ်လို့ ကျုပ် သဲသဲမဲမဲ ထင်ခဲ့မိတယ်။

'ဒါပေမဲ့ အထင်နဲ့ အတွေ့ဟာ တခြားစီပါပဲဗျာ။ ဒီတော့ ဘဝကို ကျုပ် အလိုမကျ ဖြစ်ခဲ့ရတာပေါ့။ ပထမဦးဆုံး အလိုမကျ ဖြစ်ခဲ့ရပုံကို

ကျုပ် သေသေချာချာ မှတ်မိတယ်။ ထင်နေတဲ့အတိုင်း ဖြစ်မလာလို့ အလိုမကျ ရတာတော့ မဟုတ်ဘူးဗျ။ ကြမ္မာငင်လို့ဗျ။ ကျုပ် ကလေးအရွယ်တုန်းက ကျုပ်တို့အိမ်ကို မီးလောင်ပါလေရော။ တကကတဲဗျာ၊ မီးတောက်ကြီးဟာ အပေါ်ထပ်မှာ ရှိတဲ့ ကျုပ်ရဲ့ အခန်းဝကို ရောက်လာတာပဲဗျ။ အခန်းဝတိုင်အောင် မီးတောက်ကြီး တက်လာတယ်ဆိုတော့ လှေကားဟာ မီးစွဲနေပြီပေါ့။ တစ်အိမ်လုံးမှာ မီးလောင်တာကို ကျုပ်က အရင်ဆုံး သိတယ်ဗျ။ ဒီတော့ ကျုပ်ဟာ သွေးရူးသွေးတန်းနဲ့ လျှောက်ပြေးနေတော့တာပဲ။ ပါးစပ်ကလဲ "မီးဗျို့၊ မီးဗျို့။ လာကြပါဦး၊ ကယ်ကြပါဦး"လို့ ဟစ်တာပေါ့။ ဒီအခါတုန်းက ဆိုရင် ကျုပ် ဘာတွေပြောနေတယ် ဆိုတာကို ကျုပ် တကယ်သိတယ်။ ဘယ်လို ခံစားမှုအသိနဲ့ ပြောနေတယ် ဆိုတာကိုလဲ တကယ်သိတယ်။ မီးလောင်တယ် ဆိုတာဟာ ဒါပဲကိုး။ မီးအလောင်ခံရတယ် ဆိုတာဟာ ဒါပဲကိုး လို့ သိလိုက်ရတယ်။ ဒါပဲလား တဲ့။

'ဒါတင် ဘယ်ကပါ့မလဲဗျာ။ တော်တော်ကလေး ဆိုးသဗျ။ တစ်အိမ်လုံး မီးလောင်ပြာကျ သွားပါရောဗျာ။ ကျုပ်တို့ တစ်မိသားစုလုံးလဲ မီးဘေးကလွတ်အောင် မနည်း ရုန်းခဲ့ကြရတယ် ။ ကျုပ်ကိုယ်တိုင်လဲ နည်းနည်းပါးပါး မီးအလောင် ခံလိုက်ရတယ်။ ဒီအကြောင်းကို ကျုပ် စိတ်ကူးပေါက်တိုင်းသာ ဖွဲ့နွဲ့လိုက်ရမယ်ဆိုရင် တကယ်ဆိုးခဲ့တာထက် ပိုသွားအောင် ဖွဲ့နွဲ့နိုင်တာပေါ့။ ဖွဲ့နွဲ့နိုင်တိုင်းသာ ဖွဲ့နွဲ့လိုက်ရင် ကျုပ်မှားမှာ မုချပဲ။ ဒါပေမဲ့ ဒီထက်ကြောက်စရာကောင်းတာက အဖြစ်အပျက်တွေကို တောင်တွေး မြောက်တွေးတွေးပြီး ကြောက်ချင်တဲ့ အကြောက်ဟာ ကျုပ်ရဲ့ စိတ်ထဲမှာ ကျန်နေတော့တာပဲဗျာ့။ ကျုပ်တို့အိမ်ကို မီးလောင်ခဲ့တာဟာ ကျုပ်ရဲ့ ဘဝခရီးမှာ ကျုပ်အတွက် အထိကရ မှတ်တိုင်ကြီးပဲဗျ။

'နေဦးဗျ နေဦးဗျ။ ကျုပ်ရဲ့ အလိုမကျ ဖြစ်ခဲ့ရပုံတွေကို ရတုသံပါပါနဲ့ ပြောနေဦးမှာလားလို့ ခင်ဗျား ထင်သွားမှာလဲ စိုးပါရဲ့။ ဒါတွေကို ကျုပ်

မပြောတော့ပါဘူး။ စိတ်ချပါ။ ကျုပ်ပြောချင်တာက စာအုပ် တစ်ပုံတစ်ခေါင်းကြီး ဖတ်ပြီး၊ ကဗျာစာအုပ်တွေ ဖတ်ပြီး လောကကြီးဟာ တယ်ခမ်းနားပါကလား၊ တယ်သာယာပါကလား ဆိုတဲ့ အတွေးတွေနဲ့ ကျုပ် ကြည်နူးလာခဲ့မိလို့ တလွဲတချော်တွေ ဖြစ်ကုန်တာကို ပြောချင်တာပါ။ တကတဲဗျာ သူတို့ရဲ့ အဆိုအမိန့်တွေ၊ သူတို့ရဲ့ စကားတွေကတော့ ကြီးပါပေရဲ့၊ ကျယ်ပါပေရဲ့။ တကယ်လို့များ ဒီကျမ်းဆရာ၊ ဒီကဗျာဆရာတွေဟာ သူတို့ရဲ့ အဆိုအမိန့်ကြီးတွေ၊ သူတို့ရဲ့ စကားလုံးကြီးတွေကို သမုဒ် မင်ရည်ဖျော်ပြီး မေရုစုတ်တံကြီးနဲ့ အာကာလွှာပုံတော်မှာ ရေးနိုင်တဲ့ အစွမ်းသာ ရှိကြမယ်ဆိုရင် သူတို့ ရေးကြမှာ မုချပဲဗျ။ ဒီ အကြီးအကျယ်တွေကို ကျုပ် ဖတ်ပြီး ကျုပ် သွက်သွက်လည်ခဲ့တာပေါ့ဗျာ။ ကျုပ်ရဲ့ တကယ့် ဘဝခရီးကျတော့ ဒီ စကားကြီး စကားကျယ်တွေဟာ ကျုပ်ကို ဘယ်လိုမှ မကူညီနိုင်ကြဘူး၊ ကျုပ်ကို လှည့်စားခဲ့ကြတယ်ဗျ။ ကျုပ်ကို သရော်ခဲ့ကြတယ်ဗျ။

'ပီတိအရသာအကြောင်း ရေးကြတဲ့ ကဗျာဆရာတွေက သူတို့ရဲ့ ပီတိခံစားမှုကို တိတိကျကျ ပြန်ပြောပြဖို့ မလွယ်ဘူးတဲ့။ ပီတိအရသာရဲ့ အစွမ်းကို ပေါ်အောင် ဖော်နိုင် ဖွဲ့နိုင်ဖို့ လူ့စကားဟာ မလုံလောက်ဘူးတဲ့၊ မပြည့်စုံဘူးတဲ့၊ ဆိုကြတာပဲ။ ဒါပေမဲ့ အလကား ပြောကြတာပါဗျာ။ ကျုပ်အဖို့မှာ လူ့စကားဟာ စုံပါတယ်။ ကြွယ်ဝပါတယ်။ ကျယ်ဝန်းပါတယ်။ လူ့စကားနဲ့စာရင် တကယ့် ဘဝ အတွေ့အကြုံကမှ ကျဉ်းနေပါသေးတယ်။ အကန့်အသတ်တွေ ရှိနေပါသေးတယ်။ ဥပမာ ကိုယ်နာကျင်မှုဆိုတဲ့ ကာယိကဒုက္ခ ဆိုပါတော့ဗျာ။ သူ့မှာ အကန့်အသတ် ရှိတာပေါ့။ သတိလစ်နေရင် ဒီနာကျင်မှုဟာ တန့်နေတာပဲ။ စိတ်နာကျင်မှုဆိုတဲ့ မာနသိကဒုက္ခဆိုတာမှာလည်း သူ့အကန့်အသတ်နဲ့ သူပဲဗျ။ ထုံထိုင်းနေရင် သူလည်း တန့်နေရတာပဲ။ စိတ်ရွှင်လန်းမှုသုခ ဆိုတာတွေမှာလည်း ဒီသဘောအတိုင်း သူ့အကန့်အသတ်နဲ့သူ ရှိနေတာပဲ။ ကျုပ်တို့ ပြောချင်တာ၊ ရေးချင်တာ

တွေကျတော့ အကန့်အသတ်ဆိုတာ ဘယ်ရှိမှာလဲ။ ကျုပ်တို့ ပြောချင်တိုင်း ပြောနိုင်အောင်၊ ရေးချင်တိုင်း ရေးနိုင်အောင် စကားတွေကို အကန့်အသတ်မဲ့ ကျုပ်တို့ ထွင်ထားကြတာပဲ။

'ဒါတွေကို ထားပါတော့လေ။ ကျုပ် လူလားမြောက်လာတဲ့အခါမှာ တကယ့်လောကထဲကို ကျုပ် ဝင်ရောက် ဆိုပါတော့ဗျာ။ ရောက်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် ကျုပ်ရဲ့အသိုင်းအဝိုင်းထဲက ကျုပ် ရလာတဲ့ အကောင်းလို့ ထင်ခဲ့ကြတာတွေ၊ ဘဝရည်မှန်းချက်တွေနဲ့ ကိုက်ညီမယ့် အတွေ့အကြုံတွေကို ကျုပ် လိုက်ရှာကြည့်တယ်။ များများစားစား မဟုတ်ပါဘူး။ တစ်ခုလောက် တွေ့ရရင် ကျုပ် ကျေနပ်ပါတယ်။ တွေ့ခဲ့သလားတဲ့၊ ဝေးလေဗျာ။ တစ်ခုမှ မတွေ့ခဲ့ရဘူး။ ကျုပ်ဟာ ကမ္ဘာတစ်ခွင် ပြံပြံစင်အောင် လှည့်ခဲ့ဖူးတယ်။ ကောင်းပါပေ့၊ လှပါပေ့၊ ထူးပါပေ့ ဆိုရလောက်အောင် ချီးကျူးကြတဲ့ အရပ်တွေကို ကျုပ် ရောက်ခဲ့ဖူးတယ်။ ကျော်ပါပေ့၊ မော်ပါပေ့၊ ညွန့်ပါပေ့ ဆိုရလောက်အောင် ချီးကျူးကြတဲ့ အနုပညာလက်ရာတွေကို ကျုပ် မြင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ကောင်းပေ့၊ လှပေ့၊ ထူးပေ့၊ ကျော်ပေ့၊ မော်ပေ့၊ ညွန့်ပေ့ ဆိုတဲ့ ဒီအရာဝတ္ထုတွေ အရှေ့မှာ ကျုပ် မတ်မတ်ရပ်ပြီး ကျုပ်ကိုယ်ကို ကျုပ် မေးကြည့်တယ်။ ဒါတွေဟာ လောကမှာ ထိပ်တန်းကျကျ လှတဲ့ အရာတွေလို့ ဆိုတတ်ကြပါကလား။ ကောင်းပါပြီ။ ထိပ်တန်းကျကျ လှတယ် ဆိုတာတွေဟာ ဒါပဲလား။ ဒီ့ထက်ပိုပြီး မလှနိုင်ကြတော့ဘူးလား၊ ဒီ့ထက် ပိုပြီး လှနိုင်ပါသေးတယ် ဆိုတော့ကော ဘာဖြစ်သေးတုံး။

'ကျုပ်ဟာ လက်ငင်းဒိဋ္ဌ မြင်နေရ သိနေရတဲ့ ဒိဋ္ဌဓမ္မသဘောနဲ့သာ ကျေနပ်နေချင်တဲ့ လူ မဟုတ်ဘူးဗျ။ အဲဒီမှာ ကျုပ် ဒုက္ခဖြစ်နေတယ်လို့ ထင်တာပဲ။ တစ်ခါတုန်းကဗျာ တောင်နှစ်လုံးကြားက ချောက်ကမ်းပါးကြီး တစ်ခုကို ကျုပ် ရောက်သွားတယ်။ ဒီဘက်တောင်ကြီးကလဲ မြင့်လိုက်တာ မိုးထိုးနေတာပဲ။ ဟိုဘက် တောင်ကြီးကလဲ မြင့်လိုက်တာ မိုးထိုးနေတာပဲ။

ဒီတော့ အလယ်ကောင်က ချောက်ကြီးဟာ နက်လိုက်တာ အဝိစီကို ဆင်းတော့မယ့် အတိုင်းပေါ့။ ချောက်အောက်မှာ စီးနေတဲ့ ရေသံကလဲ တဝေါဝေါပဲ။ ဒါနဲ့ ကျုပ်ဟာ ချောက်ကြီးထဲကို ငုံ့ကြည့်လိုက်တယ်။ ငုံ့ကြည့်နေရင်း ကျုပ် တွေးလာမိတယ်။ အခုနေ ငါ တလိမ့်ခေါက်ကွေး လိမ့်ကျသွားရင် ဘယ့်နှယ့်နေမလဲလို့ ဆက်မတွေးဘဲ မနေနိုင်ဘူးလေ။ အဲဒီမှာ ဒုက္ခဖြစ်တာပေါ့။ လိမ့်ကျသွားရင် လိမ့်ကျနေတုန်းမှာ ငါ လိမ့်ကျနေပြီ၊ ငါ တကယ်ပဲ လိမ့်ကျနေပြီလို့ တွေးပြီး ကြောက်လာတာပေါ့။ ဒါပေမဲ့ လိမ့်ကျပါပြီတဲ့ဗျာ။ ကဲ ဘာဖြစ်သေးတုံး။

'နောက်ပြီးတော့ ကျုပ်ပြောချင်တာ ရှိသေးတယ်။ အခု ကျုပ် ပြောနေတာတွေဟာ တောပြော တောင်ပြော ပြောနေတာ မဟုတ်ဘူးနော်။ ကျုပ်ရဲ့ ဘဝအတွေ့အကြုံနဲ့ ကျုပ်ရဲ့အတွေးတွေကို ပြောနေတာဗျ။ ကျုပ် လူပျိုကာလသား အရွယ်တုန်းက ဆိုပါတော့ ကြာပါပြီ။ အပျိုမတစ်ဦးကို ကျုပ် မေတ္တာရှိခဲ့တယ်ဗျ။ အပျိုမဟာ ချောလဲချောတယ်။ ယဉ်လဲယဉ်တယ်။ စိတ်သဘောလဲ နူးညံ့သိမ်မွေ့တယ်။ ကျုပ် မေတ္တာရှိသလို သူကလဲ ပြန်ပြီး မေတ္တာရှိရင်၊ သူ့ကို ကျုပ် ရရင် ကျုပ်ဟာ ဇမ္ဗူမှာ တစ်လူဖြစ်မှာပဲလို့ ထင်မိတယ်။ ဒါပေမဲ့ဗျာ သူက ကျုပ်ကို မေတ္တာမရှိဘူးဗျ။ ဒါကတော့ အဆန်းမဟုတ်ပါဘူး။ ကျုပ်အပေါ်မှာ သူ့မေတ္တာက ရှိမှ မရှိဘဲကိုးဗျ။ သူ မေတ္တာရှိတဲ့ လူကို လက်ခံလိုက်တာပေါ့။ အဲဒီတုန်းကဆိုရင် ကျုပ်ဟာ လှိမ့်ခံလိုက်ရတယ်။ ရာဂဆိုတဲ့ အပူအလောင်ဟာ ဒါလောက် မဟုတ်လှဘူး။ ကိုယ် ချစ်နှစ်သက်သော သူနဲ့ အတူမနေရတော့ဘူးဆိုတဲ့ ကိုယ့်စိတ် ကိုယ့် အတွေးက ပိုဆိုးနေတာဗျ။ ဒီစိတ်ဟာ ကျုပ်ကို နှိပ်စက်လိုက်တာ လွန်ပါရော။ မျက်လုံးတကြောင်ကြောင်နဲ့ မအိပ်နိုင်တဲ့ ညပေါင်းဟာ မရေနိုင်ပါဘူးဗျာ။ အင်း... စင်စစ်မှာတော့ ကျုပ် ဒီလို အလှိမ့်ခံရတာဟာ ဘသူကမှ ကျုပ်ဆီကိုလာပြီး နှိပ်စက်နေတာ မဟုတ်ဘူး။ ကျုပ်ရဲ့စိတ်က ကျုပ်ကို

ပြန်ပြီး နှိပ်စက်ခြင်းပဲဗျ။ ဩော်... ချစ်ဒုက္ခဆိုတာဟာ အကြီးဆုံးပါ ကလားလို့ တွေးပြီး ဒုက္ခဖြစ်ခဲ့တာပါ။ ဒါပေမဲ့ ချစ်ဒုက္ခဆိုတာဟာ ဒါပဲလား။ ဒီ့ထက် ကြီးနိုင်သေးသလား။ ကြီးနိုင်တော့ကော ဘာဖြစ်သေးတုံး။

'ဒီမှာ နောင်ကြီး၊ ကျုပ် ကြုံခဲ့ ဆုံခဲ့တဲ့ နှစ်သက်စရာ ကြည်နူးစရာ ကလေးတွေကိုလဲ ကြားချင်သေးသလား။ ကျုပ်ရဲ့ ဘဝမှာ ကောင်းတဲ့ အကွက်ကလေးတွေလဲ ရှိပါရဲ့။ ဒါပေမဲ့ နောက်ဆုံးကျတော့ စိတ်ပျက်စရာ ချည်းပဲဗျ။ ကဲပါလေ၊ ဒါတွေကို ကျုပ် ပြောမပြလိုတော့ပါဘူး။ ပြောပြနေလို့ အလကားပဲ။ အတွေ့အကြုံ သာခေ အမျိုးမျိုးကို တင်ပြပြီး ပြောပြပေမယ့် နေ့စဉ်တွေ့၊ သာမန်တွေ့ ယေဘုယျ လူ့လောကကြီးရဲ့ သဘောကိုတော့ ဘယ်တော့မှ ရှင်းလို့ရမှ မဟုတ်ဘူးဗျ။

'နောင်ကြီးရဲ့၊ လူဆိုတာဟာ ဘယ်လို သတ္တဝါမျိုးလဲဗျ။ နောင်ကြီး သိရဲ့လား။ ရှိသမျှ သတ္တဝါတွေထဲမှာ လူဆိုတာဟာ အမြတ်ဆုံးပဲတဲ့။ နတ် တစ်ပိုင်းလို့ ဆိုလောက်သတဲ့။ ပြောကြတာပဲ။ ဟုတ်ပါ့မလားဗျာ။ အရေးကြုံ လာရင် သူ့ကိုယ်ကိုတောင် သူ ကယ်နိုင်ရဲ့လားဗျ။ လောကမှာ လူဟာ ဝမ်းသာစရာတွေနဲ့ ကြုံရလို့ မိုးပေါ် ပျံတက်နိုင်စေဦး၊ သောက ပရိဒေဝ မီးတွေနဲ့ ကြုံရလို့ အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲ ကျသွားစေဦး၊ နောက်ဆုံးကျတော့ သူ့ ဒုံရင်းကို သူ ပြန်ရောက်လာရတာပဲဗျ။ သူ့ဒုံရင်း ဆိုတာကို ခင်ဗျား သိရဲ့လား။ သူ့ဒုံရင်းဆိုတာဟာ တခြားမဟုတ်ဘူး။ ကာမဂုဏ်အာရုံ အနှောင်အဖွဲ့တွေ၊ စိတ်ဆိုးစိတ်ယုတ် အနှောင်အဖွဲ့တွေ ဝိုင်းဝိုင်းလည်နေတဲ့ အထဲက လွတ်အောင် ရုန်းနေရတဲ့ ဒီလူ့ဘဝပေါ့။

'ကျုပ်ရဲ့ စိတ်ထဲမှာ ခဏခဏ သတိရတာတစ်ခု ရှိသေးတယ်ဗျ။ ဒီဟာကတော့ ကျုပ်ဘဝမှာ ပထမအကြိမ် သမုဒ္ဒရာပြင်ကျယ်ကြီးကို မြင်ခဲ့ တဲ့ နေ့ပဲဗျ။ သမုဒ္ဒရာကြီးဟာ ကျယ်လဲ ကျယ်သဗျ။ ပြန့်လဲ ပြန့်သဗျ။ သမုဒ္ဒရာ ကျယ်ပြန့်သလောက် ကျုပ်ရဲ့ မျက်စိကလဲ အနှံ့လိုက်ကြည့်ပြီး၊

ကျုပ်ရဲ့ စိတ်ထဲမှာ အနှောင်အဖွဲ့မှ လွတ်မြောက်ချင်တဲ့ ဆန္ဒတွေ ဖြစ်လာတယ်။ ဒါပေမဲ့ မိုးကောင်းကင်ကြီးဟာ အောက်ကို ကုပ်ကျနေတော့ မိုးကုပ်ကုပ်ဆိုတဲ့ အတားအဆီးက ခံနေပြန်ပါရော။ ဒီတော့ လူဆိုတာဟာ အမြတ်ဆုံးပဲ၊ နတ်တစ်ပိုင်းပဲလို့ ဆိုသာ ဆိုနေကြတယ်။ အနှောင်အဖွဲ့မှ လွတ်အောင်ရှန်းတဲ့ အခါကျတော့ မိုးကုပ်ကုပ်ကြီးက ဝင်ခံနေတော့တာပဲ။ ဒီတော့ သူ မလွတ်မြောက်နိုင်တော့ဘူးပေါ့။

'အေးလေ၊ ကျုပ်ရဲ့အသိဉာဏ်က ဖျင်းလွန်းလို့ ကျုပ် လွတ်အောင် မရှန်းနိုင်တာ ထင်ပါရဲ့ဗျာ။ ကျုပ်ဟာ ဒိဋ္ဌဓမ္မ သဘောနဲ့သာ ကျေနပ်နေချင်တဲ့လူ မဟုတ်ဘူးလို့ ကျုပ် အပြောခဲ့သားပဲ။ ကျုပ်ဟာ ဒိဋ္ဌဓမ္မသဘောကို သိလွန်းအားကြီးလို့လဲ ဖြစ်နိုင်တယ်။ ကျုပ် အယုံအကြည် အနည်းဆုံးကတော့ စိတ်ကူးယဉ် ကဗျာဆရာတွေရဲ့ စကားကြီး စကားကျယ်တွေကို အကြောင်းပြုပြီး ယူဆ ပြောဆိုဝေဖန်နေကြတဲ့ ဘဝအမြင်တွေပဲဗျ။ နောက်ပြီးတော့ နောင်ကြီးရဲ့၊ တချို့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကို ကိုယ် တယ်အထင်ကြီးကြသဗျ။ တယ် အချီးအမွမ်း ခံချင်ကြသဗျ။ သူများတွေက သူတို့ကို လက်တစ်ဆစ်လောက် ချီးမွမ်းလိုက်ကြတယ်ဆိုရင် သွေးနားထင်ရောက်သွားတတ်ကြသဗျ။ သူတို့ကိုယ်ကို သူတို့ လူဟုတ်ကြီးတွေ ထင်ပြီး ပျော်နေကြသဗျ။ လောကနိဗ္ဗာန်ကြီးကို ရောက်နေကြပြီလို့လဲ ထင်နေချင်ကြသဗျ။ အနိဋ္ဌာရုံတွေ၊ ဒုက္ခတွေကျတော့ သူတို့ ဖုံးဖိထားတတ်ကြသဗျ။ ဒါတွေဟာ ဟန်ဆောင်မှုတွေပေါ့ဗျာ။ သာဋ္ဌေယျတွေပေါ့။

'ကိုင်း၊ မှောင်လာပြီဗျို့။ ခင်ဗျားလဲ ကျုပ်ပြောတာတွေကို နားထောင်နေရတာ မောလှရောပေါ့မယ်။ ဒီတော့ နောက်ဆုံး ကျုပ် ဖွင့်ပြီး ဝန်ခံချင်တာက ကျုပ်လဲ အဲဒီ ပုဂ္ဂိုလ်ကြီးတွေကို တုပြီး လောကနိဗ္ဗာန်တွေ ဘာတွေကို ရောက်အောင် လုပ်ကြည့်တယ်။ သူများတွေ အထင်ကြီးအောင်လဲ လုပ်ကြည့်တယ်။ ဒါပေမဲ့ ကြာကြာလုပ်ကြည့်လို့ မရပါဘူးဗျာ။ လေးငါး

နှစ်လောက်အတွင်းမှာပဲ သူများအထင်ကြီးအောင် လုပ်ချင်တဲ့ ကျုပ်ရဲ့ အတ္တမာနီတည်းဟူသော လေပူဖောင်းကြီးဟာ အပ်နဲ့ ထိုးဖောက်လိုက်သလို ဖောက်ခနဲ မြည်ပြီး ပေါက်သွားတာပဲ။ ဒီတော့ ကျုပ်မှာ ဘယ်လိုဖြစ်ပြီး ကျန်ရစ်ခဲ့တယ် မှတ်သလဲ။ လူတောထဲမှာလဲ မနေချင်။ မနေချင်လို့လဲ မဖြစ်။ မဖြစ်လို့ နေရပြန်တော့လဲ မပျော်။ ဒီတော့ ကျုပ်ဟာ လောကမှာ လူထူးလူဆန်းတစ်ယောက် ဖြစ်လာတာပေါ့။ ကျုပ် မငြင်းပါဘူးဗျာ။ ကျုပ်ဟာ လူထူးလူဆန်းပါပဲ။

'ကျုပ်ရဲ့ အလုပ်ဟာ ဘာလဲဆိုရင် မိုးချုပ်တာနဲ့ တစ်ပြိုင်နက် ကြယ်တွေ အပြည့်ရှိတဲ့ မိုးကောင်းကင်ကြီးကို ကျုပ် ထိုင်ကြည့်တာပဲ။ ဒါဟာ ကျုပ်ရဲ့ အလုပ်ပဲ။ ဒီအလုပ်ဟာ အကောင်းဆုံးပဲ။ ဒီအလုပ်ကို လုပ်နေရင် ကျုပ်ဟာ ဒီမြေကြီးပေါ်မှာလဲ မရှိဘူး။ ဒီဘဝမှာလဲ မရှိဘူး။ ဒါပေမဲ့ ကျုပ်ရဲ့ ဘဝရည်မှန်းချက် တစ်ခုကိုတော့ ကျုပ် တမ်းတမ်းစွဲ ဖြစ်နေသေးတယ်။ ဒါက ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်ချင်တဲ့ ဆန္ဒပဲဗျ။ အနှောင်အဖွဲ့မရှိ၊ အကန့်အသတ် မရှိတဲ့ ဘဝကို လိုချင်တဲ့ ဆန္ဒပဲဗျ။

'ဒီတော့ ဒီရည်မှန်းချက်နဲ့ပဲ သေခြင်းတရားကို ကျုပ် စောင့်မယ်ဗျာ။ ဩော်... သေခြင်းတရား၊ သေခြင်းတရား။ လူဘဝရဲ့ နိဂုံးချုပ် စိတ်ပျက်စရာကောင်းတဲ့ တရား။ ဒီတရားကို ကျုပ် သိနေပြီပဲ။ နောက်ဆုံးမှာ ကျုပ်ဟာ သေခါနီးပြီ ဆိုပါတော့ဗျာ။ ဒီအခါကျရင် ကျုပ်ဟာ ဘယ်လိုညည်းမယ်လို့ ခင်ဗျား ထင်သလဲ။ ဩော်... သေခြင်းတရား ဆိုတာဟာ ဘဝအတွေ့အကြုံ အမြောက်အမြား ရှိတဲ့အနက် တကယ့်အတွေ့အကြုံကြီးပါတကား။ မဟာ အတွေ့အကြုံကြီးပါတကား။ သေခြင်းတရား ဆိုတာဟာ ဒါပါပဲလား။ ကိုင်း... သေပြီဆိုတော့ကော ဘာဖြစ်သေးတုံး။

'ကဲ... ကဲ ဒီပန်းခြံထဲမှာ အေးလာပြီဗျို့။ အေးလာတာကိုတော့လဲ ကျုပ် အသိသေးသားပဲ။ သွားဦးမယ်ဗျာ'

[ ငွေတာရီ၊ အမှတ်(၃၂)။ ဖေဖော်ဝါရီ၊ ၁၉၆၃ ]



အင်္ဂလိပ် အမျိုးသား စာရေးဆရာ

## ဂျွန် ဂေါလ်ဆွာသီ [၁၈၆၇–၁၉၃၃]

## John Galsworthy, [1867-1933]

ဂေါ်ဆွာသီ၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာတို့သည် ယနေ့ ထက်တိုင် မြတ်မြတ်နိုးနိုး ဖတ်ရှုခြင်းခံရ၍ ယနေ့ထက်တိုင် လေးလေးစားစား ဝေဖန် ဆွေးနွေးခြင်း ခံရသောစာများ ဖြစ်သည်။ အထူးသဖြင့် အင်္ဂလန်၌ သက္ကရာဇ် ၁၈၀၀ ကျော်တွင် စက်မှုလက်မှု လုပ်ငန်း အကြီးအကျယ် ထွန်းကားလာသဖြင့် ဗြိတိသျှအင်ပါယာ နယ်ချဲ့စနစ် တက်ကြွလာ၍၊ ဗြိတိသျှ စီးပွားဥစ္စာ တိုးတက်လာ၍ ဗြိတိသျှမာန ထောင်လွှားလာသောခေတ်က အင်္ဂလိပ် ထိပ်သီး လူကုံထံပိုင်း အကြောင်းကို သရုပ်ဖော် တင်ပြခဲ့သော စာများသည် အထူး ကျော်စောကြသည်။

ထိုစာများတွင် ဂေါ်ဆွာသီသည် လူကုံထံပိုင်း၌ မိမိ တွေ့ခဲ့ ကြုံခဲ့ သိခဲ့သော သု–ဒ လူ့သဘာဝ အမျိုးမျိုးကို ဖွဲ့ဆိုခဲ့သည်။ ဖွဲ့ဆိုရာတွင် ထိုလူကုံထံပိုင်း၌ မာနချ၍ မရကြသော သဘော၊ ရပ်စွဲ၊ ရွာစွဲ၊

မြို့စွဲ၊ ပြည်စွဲ၊ လူမျိုးစွဲ၊ ခေတ်စွဲ အစွဲကြီး စွဲ၍ စိတ်နှလုံး ကျဉ်းမြောင်းနေကြသော သဘော၊ ဆွေ့ဂုဏ် မျိုးဂုဏ်တို့၌ အင်မတန် သာယာချင်ကြသော သဘော၊ မိမိတို့ အသိုင်းအဝိုင်းထဲက မဟုတ်လျှင် အထင်သေးချင်ကြသော သဘော၊ အချင်းချင်း တုပ ဂုဏ်ပြိုင် အနိုင်ယူချင်ကြသော သဘော၊ စခန်းကြီးတတ်ကြသော၊ အထင်ကြီးတတ်ကြသော၊ ကိုယ်ချင်း မစာနာတတ်ကြသော သဘော စသည်တို့ကို ကွက်၍ သနားဖွယ်၊ ရယ်ဖွယ်၊ စက်ဆုပ်ဖွယ်ဖြစ်အောင် ဖွဲ့ဆိုတတ်သည်။ ထို သနားစရာ၊ ရယ်စရာ၊ စက်ဆုပ်စရာ အဖွဲ့တို့ကို ပရိသတ်က လက်ခံ၍ ဆင်ခြင်တတ်အောင် ချေချေငံငံလည်း ဖွဲ့ဆိုတတ်သည်။ ထိုအကြောင်းများကြောင့် ၁၉၃၂ ခုနှစ်တွင် ကမ္ဘာကျော် နိုဗဲဆု ချီးမြှင့်ခြင်းကို ခံရသည်။

ထူးဆန်းသည်မှာ ဂေါ်ဆွာသီကိုယ်တိုင်က အင်္ဂလန်၌ အခြေခိုင်လှသော လူကုံထံ ဆွေမျိုးမိဘမှ ဆင်းသက်လာသူ ဖြစ်သည်။ ပစ္စည်းပြည့်စုံသည်။ ငယ်စဉ်ကပင် မတောင့်မတ၊ မကြောင့်မကြ နေခဲ့ရသည်။ အင်္ဂလန်တွင် အီတွန်နှင့် ဟဲရိုးဟူ၍ ထိပ်သီး စာသင်ကျောင်းကြီး နှစ်ကျောင်းရှိရာ ဟဲရိုး၌ ပညာသင်ခဲ့သည်။ ထို့နောက် အောက်စဖို့တက္ကသိုလ်၌ ပညာဆက်၍ သင်သည်။ ဝတ်လုံဘွဲ့ကို ရသည်။ သူ ကျောင်းနေစဉ်ကသော် သူ့ကို လူပျင်း၊ လူပေါ်ကြော့ဟု ဆိုကြသည်။ ဝတ်လုံဘွဲ့ကို ရ၍ ကျောင်းမှ ထွက်သောအခါ ရှေ့နေလိုက်ဖို့ သူ စိတ်မကူးချေ။ ဥရောပတစ်ခွင်၊ အမေရိကတစ်ခွင် ပြုံပြုံစင်အောင် လည်ပတ်၍ အချိန်ကုန်လွန်စေခဲ့သည်။

အသက် ၃၀ အရွယ်လောက်တွင် သူ စိတ်ပြောင်းခဲ့ပုံရသည်။ ထိုအရွယ်၌ သူ စာရေးစ ပြုသည်။ ဝတ္ထုရှည် သုံးပုဒ်လောက် ရေးလိုက်ရာ ထိုဝတ္ထုများတွင် အင်္ဂလိပ် လူကုံထံပိုင်း၏ အကောင်းအဆိုးကို

သူ ဝေဖန် ဖွဲ့ဆိုလာသည်။ ထိုအခါမှစ၍ ကွယ်လွန်သည်အထိ ဝတ္ထုတိုနှင့် ကဗျာများကို လည်းကောင်း၊ ဝတ္ထုရှည်ပေါင်း ၂၀ လောက်ကို လည်းကောင်း၊ ပြဇာတ် ၂၀ ကျော်ကို လည်းကောင်း သူ ရေးခဲ့သည်။ ရေးခဲ့သမျှတွင် သူ့ လူတန်းစားဖြစ်သော အင်္ဂလိပ် လူကုံထံပိုင်း၏ ကိုယ် နှုတ် နှလုံး အမူအရာ ပျက်စီး ယိုယွင်းနေသော အကြောင်းက များလေသည်။ တစ်ခါတစ်ရံ လက်ရှိ လူမှုရေးစနစ်၌ မမျှမတ ဖြစ်နေကြသော အကြောင်းကို ရေးသည်။ သူ့စာများကြောင့် သူ့ လူတန်းစားသည် အများကြီး လိမ္မာလာသည်ဟု ဆိုကြသည်။ သူ့စာများကြောင့် ဗြိတိသျှအစိုးရသည် ဗြိတိသျှ လူမှုရေးစနစ်၏ မမျှမတမှု အချို့ကို ပြုပြင်ပေးခဲ့ရသည်ဟုလည်း ဆိုကြသည်။

သူ့စကားပြေ ရေးဟန်သည် သူနှင့်တူသည်ဟု ဆိုနိုင်သည်။ ဂေါ်လ်စ်ဝါသီသည် စကားနည်းသည်။ နှုတ်ထက် နားမျက်စိကို ပို၍ သုံးသည်။ သူ့ကို တွေ့လျှင် အမြဲလိုလို ပြုံးနေသည်ကို မြင်ရသည်ဟု ဆိုသည်။ လန်ဒန်မြို့၌ နေထိုင်စဉ် ဂေါ်လ်စ်ဝါသီသည် မိတ်ဆွေ စာရေးဆရာများနှင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေတတ်သည်ဟု ဆိုသည်။ ထိုအထဲတွင် ကမ္ဘာကျော် ဘားနတ်ရှော(Shaw)၊ ဘဲလောက် (Belloc)၊ ကွန်းရက်(Conrad)၊ ဟတ်ဆင်(Hudson)နှင့် ရာဇဝင် သမားအချို့ ပါဝင်ကြသည်။ ထိုသူတို့သည် ဆွစ်လူမျိုး ထမင်းဆိုင် တွင် နေ့လယ်စာ စားချိန်၌ ဆုံလေ့ ရှိကြသည်။ ထိုအခါမျိုးတွင် မိတ်ဆွေများက စိတ်ပါ လက်ပါ သွက်သွက်လက်လက် ဆွေးနွေး ငြင်းခုံနေကြလျှင် ဂေါ်လ်စ်ဝါသီသည် မလှုပ်မရှက် ငြိမ်သက်စွာ နားထောင်၍ ပြုံးနေတတ်သည်။ သို့ရာတွင် လောကကြီး၌ မတရားမှု တွေ သောင်းကျန်းနေကြကြောင်း သူကြားရလျှင် သူ့အပြုံးသည် ချက်ချင်းပျောက်၍ သူ့မျက်နှာသည် ခပ်တင်းတင်း ဖြစ်လာ

ရာပြည့်စာအုပ်တိုက်

တတ်သည်ဟု ပြောကြသည်။ သူ့စကားပြေ ရေးဟန်သည်လည်း ထိုသို့ပင် ဖြစ်သည်။ ခြေင်သော သဘောရှိသည်။ ညင်သာ သော သဘော ရှိသည်။ အေးဆေးသော သဘောရှိသည်။ သို့ရာတွင် ပြတ်သား၍ ကြည်လင်သည်။ သူ မြင်သမျှကို အချက်ကျကျ မထောက်မညှာ ရေးတတ်သော်လည်း ဒေါသသံ မပါ၊ မာနသံ မပါ၊ စိတ်နာသံ မပါ၊ ဝန်တိုသံ မပါ၊ ပီယဝါစာ မေတ္တာသံ ပါသည်ဟု ဆိုနိုင်သည်။

[ ငွေတာရီ၊ အမှတ်(၄)။ အောက်တိုဘာ၊ ၁၉၆၀ ]

## ဂျွန် ဂေါဆွာသီ ၏
# ၁၈၇၀ ပြည့်နှစ်က အိမ်တွင်းသူပုန်

[ '၁၈၇၀ ပြည့်နှစ်က အိမ်တွင်းသူပုန်' ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာ Revolt at Roger's 1870 မှ မြန်မာပြန်သည်။ ထိုဝတ္ထုတိုတွင် သူဌေး ရော်လီယွန်၏ညီ သူဌေး ရော်ဂျာသည် သဘောကောင်းသူ ဖြစ်သော်လည်း စည်းကြီး၊ ကမ်းကြီး၊ စခန်းကြီးသူ ဖြစ်သဖြင့် ကရုဏာ ပါးရှားသကဲ့သို့ ဖြစ်နေပုံကို လည်းကောင်း၊ ခေတ်သစ်၌ ကြီးပြင်းလာသော သားငယ် သမီးငယ်နှစ်ဦးသည် အဖေ၏ အပြုအမူကို မကြိုက်ကြသဖြင့် ကလန်ကဆန် ပြုကြပုံကို လည်းကောင်း သရုပ်ဖော်ထားသည်။ မာန်တကြွားကြွားနှင့် နေလာခဲ့ကြသော ဥရောပ အပေါ်လွှာ လူတန်းစားတို့၏ခေတ် ကုန်စ ပြုလာပြီ ဖြစ်ကြောင်း တင်စား၍ ပြထားဟန် တူပါသည်။ ဝတ္ထုတိုတွင် ဟာသဖက်၍ ရေးထားသည်ကို တွေ့နိုင်သည်။ ]

ရာပြည့်စာအုပ်တိုက်

ထိုတိုက်အိမ်သည် ဖော်စီတီ ဆွေမျိုးစုမှ ဆင်းသက်လာသော သူဌေးကလေး ရော်ဂျာဖော်စီတီ၏ တိုက်အိမ်ဖြစ်သည်။

၁၈၇၀ ပြည့်နှစ် နွေအကုန် ဆောင်းအကူး ဆောင်းရာသီတွင် တစ်ညသောအခါ၌ အဆိုပါ သူဌေးကလေး ရော်ဂျာ၏အိမ်သည် သူခိုး အခိုးခံရသည်။ ထိုညကသော် သူဌေးကလေး၏ ဘဏ္ဍာစိုး စမစ်သည် အရက်အမူးလွန်နေခဲ့သည်။ မနက်မိုးလင်း၍ သူဌေးက သူ့ကို ခေါ်မေးသောအခါ သူ အမူးလွန်သည်မှာ မှန်ပါသည်ဟု ဝန်ခံလိုက်သည်။

ဘဏ္ဍာစိုး စမစ်သည် ကာယဗလကောင်းသူ ဖြစ်သည်။ ရင်အုပ်ကျယ်ကြီးနှင့် ဖြစ်သည်။ ကာယဗလသာ ကောင်းသည်မဟုတ်။ စိတ်သဘောလည်း ကောင်းသူဖြစ်သည်။ သူဌေးရော်ဂျာ၏ အိမ်၌ ဘဏ္ဍာစိုးအဖြစ် အလုပ်လုပ်ခဲ့သည်မှာ လေးငါးခြောက်လ လောက်သာ ရှိသေးသော်လည်း ရော်ဂျာ၏ သားငယ် သမီးငယ်တို့၏ အချစ်တော်ကြီး ဖြစ်နေပြီ။ သူဌေး ရော်ဂျာကိုယ်တိုင်က စမစ်ကို 'တယ်သဘောကောင်းတဲ့ အကောင်'ဟု ဆိုသည်။

အကြင် အကျင့်သည် မူးအောင် ယစ်အောင် အလွန်အကျွံ အရက်သောက်သော အကျင့်ဖြစ်၏။ ထိုအကျင့်သည် လူသိရှင်ကြား မဟုတ်လျှင် မသိမသာ ကိုယ်နစ်နာရုံမျှ ဖြစ်သည်။ လူသိရှင်ကြား ဖြစ်လာလျှင် အကျင့်တန်ရာ ရောက်သည်။ သူခိုး အခိုးခံရတုန်း မူးယစ်နေသည်ဖြစ်လျှင် ပြစ်မှုအကြီးစား မဟုတ်စေကာမူ ပြစ်မှုအသေးစားကို ကျူးလွန်ရာ ရောက်သည်။ ထိုအယူအဆသည် သူဌေးရော်ဂျာ၏ အယူအဆ ဖြစ်သည်။ ထိုအယူအဆကြောင့် သူဌေးရော်ဂျာသည် သူ့ဘဏ္ဍာစိုး စမစ်ကို အလုပ်မှ ချက်ချင်းထုတ်ပစ်သည်။ သူခိုး ခိုးခံကြရသဖြင့် သူ့ငွေဇွန်း ငွေခက်ရင်းတို့သည် သူ့အိမ်မှာ ထွက်သွားကြပြီ။ ထို့ကြောင့် သူ့ဘဏ္ဍာစိုး စမစ်သည်လည်း သူ့အိမ်မှ ထွက်သွားရမည်။ ထွက်စေ အမိန့်တော်။

'နည်းနည်းပါးပါးလောက် မင်းသောက်ရင် မင့်အခန်းထဲ သူခိုး ဝင်လာတာကို မင်း သိမှာပေါ့ကွ။ ဒါနဲ့များ ဘဏ္ဍာစိုးတဲ့ကွာ။ ရှက်စရာ'

'ဟုတ်ပါတယ် ဆရာ။ မှန်ပါတယ်။ ကျွန်တော့်အပြစ်ပါပဲ။ အိပ်ရာဝင်ခါနီးမှာ တစ်ခွက်လောက် မသောက်ဘဲ မနေနိုင်လို့ သောက်လိုက်မိပါတယ်။ ဒီလောက်အထိ ဖြစ်လာလိမ့်မယ်လဲ မထင်လို့ပါဘဲ'

'အေး၊ ဒါပေမဲ့ ဖြစ်ပြီးပြီလေ။ မင်းကလဲ မူးပြီးပြီလေ။ ဒီတော့ ဒီနေ့မှာပဲ မင်း အလုပ်ထွက်ပေတော့။ နောက်ထပ် ဘာဘာညာညာ လာမပြောနဲ့။ ထွက်ပေတော့'

ထို့နောက် သူဌေးရော်ဂျာသည် 'ငါ ရှက်လိုက်တာကွာ။ မျက်နှာကို လှီးပစ်လိုက်ချင်တာပဲ' ဟု ညည်း၍ မဟာအရှက်တော်ကြီး ကွဲလိုက်သေးသည်။ ဟုတ်ပေသည်။ ထိုညကသော် ဘဏ္ဍာစိုး စမစ်သည် အရက်မူး၍ တခေါခေါ ဟောက်ကာ အိပ်မောကျခဲ့သည်။ ထိုအခိုက် သူ့အိပ်ခန်းသို့ သူခိုးဝင်၍ သူ့ကို ကျော်လွှားကာ သူ့နံဘေးရှိ ပန်းကန်တောင်းထဲမှ ငွေဇွန်း၊ ငွေခက်ရင်း၊ ငွေဆားဘူး၊ ငွေငြုပ်ကောင်းမှုန့်ဘူးတို့ကို ဇက်ရဲလက်ရဲ သုတ်သွားပါလေတော့သည်။ မနက်မိုးလင်း၍ စားဖိုလုလင် ရောက်လာသည့်တိုင်အောင် စမစ်သည် မနိုးသေး။ အိပ်မောကျတုန်း ဖြစ်သည်။ တစ်စက်မျှ မကျန်တော့သော ဝီစကီပုလင်းလွတ်နှင့် ဖန်ခွက်သည် သူ့အိပ်ရာနံဘေး၌ ရှိမြဲတိုင်း ရှိနေသေးသည်။

ဘဏ္ဍာစိုး စမစ်သည် သူဌေးရော်ဂျာအား တစ်ခွန်း တစ်ပါဒမျှ ပြန်မပြောဝံ့။ အမြီးကုပ်ကာ သူ့အိပ်ခန်းသို့ ပြန်သည်။ သူဌေး ရော်ဂျာသည်လည်း သူ့အိပ်ခန်းသို့ ပြန်သည်။ ရော်ဂျာ၏ အိပ်ခန်းကျယ်ကြီး၌ ရော်ဂျာ၏ မိန်းမသည် မျက်စိနှစ်လုံး ပွင့်လာပြီ ဖြစ်သော်လည်း ကြေးခုတင်ကြီးပေါ်တွင် စည်းစိမ်ကြီးတုန်း ဖြစ်သည်။ ရော်ဂျာ ပြန်ဝင်လာသောအခါ ရော်ဂျာအား လှမ်း၍ မရဲတရဲ အရေးဆိုလိုက်သည်မှာ–

'အို... ရော်ဂျာ၊သနားပါတယ်ကွယ်။ သူ့ခများ သဘောကောင်း ကလေးပါ။ ကလေးတွေတော့ စိတ်မကောင်း ဖြစ်ကုန်ကြတော့မှာပဲ'

'မဆိုင်လိုက်တာကွာ။ မင်း အသာနေစမ်းပါ။ ငါ အခု ရဲဌာနကို သွားမလို့။ ရဲဆိုတဲ့ အကောင်တွေကကော ကောင်းမယ့် အကောင်တွေလား။ ငါ့ပစ္စည်းတွေကို ပြန်ရအောင် လုပ်ပေးနိုင်မယ့် အကောင်တွေ ဟုတ်မယ် မထင်ပါဘူးကွာ'

သူဌေးကတော်သည် အိပ်ရာမှ မထသေး။ စည်းစိမ်ကြီးတုန်းပင် ဖြစ်သည်။ ရော်ဂျာနှင့် အိမ်ထောင်ကျခဲ့သည်မှာ တစ်ဆယ့်ခုနစ်နှစ်မျှ ရှိလာပြီ ဖြစ်သော်လည်း သူ့အိမ်တွင် သူ့စိတ်နှင့် သူ့ကိုယ်၊ သူ့အလို၊ သူ့ဆန္ဒ၊ သူ့စိတ်တိုင်းကျ နေခဲ့ရသောဘဝ ဟူ၍ သူ့မှာ မရှိသလောက် ဖြစ်သည်။ အကယ်၍ ရှိသည်ဟုဆိုလျှင် အဘယ်မှာ သိမ်းထားသနည်း။ မသိနိုင်ပြီ။

စမစ်သည် သူ့အိပ်ခန်းသို့ ရောက်သောအခါ အဝတ်အစား လဲသည်။ ရှပ်အင်္ကျီ ဝတ်ပြီးသောအခါ ငေးနေသည်။ ထိုအခိုက်တွင် အခန်းတံခါးကို အပြင်မှ တွန်းဖွင့်လိုက်သဖြင့် တံခါးပွင့်သွားသည်။ တံခါးဝ၌ မတ်တတ် ရပ်နေသူသည် ရော်ဂျာ၏ သမီးငယ် ဖရန်စီ ဖြစ်သည်။ ဖရန်စီ ဖော်စီတီ အသက်သည် တစ်ဆယ့်နှစ်နှစ် ဖြစ်သည်။ ပိန်ပိန်ပါးပါး ဖြစ်သဖြင့် လက် မောင်းလည်း သေး၍ ခြေသလုံးလည်း သေးသည်။ သို့ရာတွင် ထက်မြက် သော မျက်လုံး ရှိသည်။

'စမစ်၊ စမစ်။ ဘာဖြစ်လို့ အလုပ်ထွက်ရမှာလဲ။ မထွက်ရဘူး။ ရှင်က အရက်မူးလို့ အိပ်ပျော်သွားတယ်။ သူခိုးက သူ့ဘာသာသူ လာခိုး တယ်။ ဘာဆိုင်လို့လဲ'

'အို... ကလေးရယ်။ ရော်ဂျာ ဖေဖေရဲ့ အမိန့်ကို နာခံရမှာပေါ့'

'ခက်တာပဲနော်'

'စမစ်ကလဲ မိုက်တာကိုးကွယ့်။ စမစ်က အရက်အမူးလွန်သွားတယ်'

'အရက် မမူးဘူးဘဲ ထားပါဦး။ သူခိုး လာမယ် မလာဘူးဆိုတာကို စမစ် သိနိုင်သလား'

'ဒါတော့ ဘယ်သိနိုင်မှာလဲ ကလေးရယ်'

'ဒီတော့ စမစ်နဲ့ ဘာဆိုင်လို့လဲ။ စမစ်က ဘာဖြစ်လို့ အလုပ်ထွက်ပေးရမှာလဲ'

'စမစ်က မူးနေတာကိုးကွယ့်။ စမစ်သာ မူးမနေဘူးဆိုရင် သူခိုးကို အုပ်ထဲ့လိုက်မှာပဲ'ဟု ဆို၍ စမစ်သည် သူ့လက်မောင်းကို ကွေးပြလိုက်သည်။ ထိုအခါ လက်မောင်း ကြွက်သားတို့သည် ကြွထလာသည်။

'ဟယ် ဟယ်၊ သန်လိုက်တာဟယ်။ စမစ် ဒီမှာ စမ်းကြည့်စမ်း။ ဘာကြွက်သားမှ မရှိဘူး'ဟု ဆို၍ ဖရန်စီသည် တုတ်ချောင်းကဲ့သို့သော သူ့လက်မောင်း သေးသေးတာတာကို ကွေးပြသည်။ ထို့နောက် သူတို့၏ အချစ်တော်ကြီး စမစ် အလုပ်ထွက်ရမည်ကို တွေးမိ၍လား မသိ၊ ဖရန်စီ၏ မျက်လုံး၌ မျက်ရည်ဝဲလာသည်။

'အလုပ်မထွက်ပါနဲ့ စမစ်ရယ်။ ဟော ဟော၊ ဟိုမှာ ယူစတေ့ လာနေပြီ။ သူ ဘာပြောချင်လို့လဲ မသိဘူး'

သူဌေးရော်ဂျာ၏ သားသမီးငါးယောက်တွင် ယူစတေ့သည် အသက်ဆယ့်တစ်နှစ်အရွယ် အငယ်ဆုံး သားယောကျာ်း ဖြစ်သည်။ သူ့အစ်မ ဖရန်စီကဲ့သို့ ပိန်သည်။ သေးသည်။ သို့ရာတွင် မတူသောအချက် ရှိသည်။ စကားပြောသောအခါ ဖရန်စီသည် ဒေါနှင့် မောနှင့် ခပ်သွက်သွက် ပြောတတ်သည်။ ယူစတေ့သည် အေးအေးဆေးဆေး တွေး၍ ပြောတတ်သည်။ ယူစတေ့သည် အဖျားမှ နာလန်ထခါစ ဖြစ်သောကြောင့် ကျောင်းသို့ မသွားရသေးဘဲ အိမ်၌ နားနေရသည်။ စကား မပီကလာ ပီကလာ အာလေးလေးဖြင့် ပြောသည်မှာ

'ဆမစ်၊ ခင်ဂျား တွားတော့မယ်ချို။ အနော်သာ ခင်ဂျားဖစ်ရင် မတွားဘူး။ နေမှာပဲ'

စမစ်သည် ယူစတေ့ကို ကြည့်၍ ပြုံးသည်။

'မသွားပါနဲ့ဂျာ။ တော်တော်ကြာ ပေပေ မေ့တွားမှာပဲ'

ထိုအခါ စမစ်သည် မျက်စိတစ်ဖက်ကို မှိတ်ပြသည်။ ကလေးတို့သည် စမစ် မျက်စိတစ်ဖက် မှိတ်ပြတတ်သည်ကို အလွန်သဘောကျကြသည်။

'မာစတာ ယူစတေ့ရယ်။ ပေပေ မေ့တွားလိမ့်မယ်လို့ ဆမစ် မထင်ပါဘူး'

'အို စမစ်၊ အနော်ချင်ဂျယ်။ မချိချင်ယောင် ဆောင်နေလိုက်ရင် ခင်ဂျားကို ပေပေ ဘာမှ ကြောမှာ မဟုတ်ဘူး။ ရိုက်လဲ ရိုက်မှာ မဟုတ်ဘူး။ ခင်ဂျာ့ လက်မောင်းမှာ ကြက်သားကြီးဟာ အကြီးကြီးပဲ'

ထိုအခါ စမစ်သည် သူ့လက်မောင်းကို ကွေး၍ လက်မောင်းကြွက်သားကို ထုတ်ပြပြန်သည်။ ကလေးများနှင့် တွေ့တိုင်း စမစ်သည် သူ့လက်မောင်းကြွက်သားကို ထုတ်မပြဘဲ မနေနိုင်။ ဆယ်မိနစ်လျှင် တစ်ကြိမ်လောက် ထုတ်ပြတတ်သည်။

ထိုအခါ အကြီးမ ဖရန်စီက' စမစ်၊ ဖေဖေ့ဆီကို ကျွန်မတို့အားလုံး သွားပြောမယ်။ စမစ်လဲ လိုက်ခဲ့'ဟု ဆိုရာ စမစ်သည် ခေါင်းခါပြသည်။ ထိုအခါ ယူစတေ့က–

'ခင်ဂျာ့ကြက်သားကို ပေပေ မမြင်ရသေးဘူး။ တွားပြီး ပြပါလား'

စမစ်သည် ပြုံးပြန်သည်။

ထိုအခါ ဖရန်စီက' ဒါပဲနော်။ စမစ် မသွားနဲ့ဦး။ တော်တော်ကြာရင် စမစ်ကို ဖရန်စီနဲ့ ယူစတေ့ လာခေါ်မယ်။ ဟဲ့ ယူစတေ့၊ လာ သွားစို့'ဟု ဆို၍ မောင်နှမနှစ်ယောက် ပြန်သွားကြသည်။

စမစ်သည် သူ့အခန်းထဲတွင် ခေါင်းတခါခါနှင့် ကျန်ခဲ့၏။ သူဌေး၏ အမိန့်အတိုင်း သွားရ ကောင်းမည်လား၊ မသွားဘဲ နေရကောင်းမည်လား။

ဝေခွဲ မရနိုင်အောင် ဖြစ်နေခိုက်တွင် ရဲသားတစ်ယောက် ပေါက်လာသည်။ ရော်ဂျာ၏ တိုင်ချက်ကြောင့် ဖြစ်ရာသည်။ စမစ် သဘောကောင်းလိုက်ပုံမှာ ရဲသားကလည်း စမစ်ကို သဘောကျနေသည်။ ပူစီကြောင်သည် နွားနို့ မလိုင်ကို သဘောကျသကဲ့သို့ သဘောကျသည်။ စမစ်သည် ဘုကျတတ်သူ မဟုတ်။ ရဲက မေးသမျှကို ရိုရိုသေသေ ဖြေသည်။ ချေချေငံငံ ပြန်ပြောသည်။ စစ်လား မေးလား လုပ်ရန် လာသော ရဲသားသည် နောက်ဆုံး၌ စမစ်နှင့် စကားလက်ဆုံကျ၍၊ စမစ်တိုက်ကျွေးသော ဘီယာကို ကောင်းစွာ လက်ခံ၍ ဘီယာတစ်ခွက်ကို ကောင်းစွာ မော့်ချလိုက်သည်။

'အေးပါဗျာ၊ မဖြစ်လောက်ပါဘူး။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် သဘောပါပဲ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့ လူဟာ သူခိုးလာမှန်း ဘယ်သိနိုင်မှာလဲဗျာ့။ ခင်ဗျားအပြစ်က ဒါလောက်ပါပဲ။ ခင်ဗျားဆရာကို ကျုပ် ကြည့်ပြောပေးပါ့မယ်'

၂

ထမင်းစားခန်းထဲတွင် သူဌေးကတော်သည် ထမင်းစားပွဲ၌ ထိုင်၍ နာရီလက်တံကို တကြည့်ကြည့်နှင့် အောက်ပါအတိုင်း ဆင်ခြေပေး လေ့ကျင့်ခန်းကို စမ်းသပ်နေသည်။

'ရော်ဂျာ၊ စမစ်ကိစ္စကို ပြန်စဉ်းစားပါဦး မောင်ရယ်။ စမစ်ကို ခုချက်ချင်း ထုတ်ပစ်လိုက်တော့ကော ဘာဖြစ်လာမလဲ' ထို့နောက် သူဌေးကတော်သည် မဆက်တတ်အောင် ဖြစ်နေသည်။ တအောင့်ကြာမှ 'တစ်လင်နေလဲ ကြွေးနဲ့၊ တစ်လင်နေလဲ ပွေးနဲ့ ဆိုသလို ဖြစ်မှာပေါ့'ဟု ဆက်ကြည့်သည်။ ဆက်၍ကား ရပါ၏။ သို့ရာတွင် စကားယဉ် စကားသန့် စကားခန့် မဟုတ်သောကြောင့် မကြိုက်ချင်သလိုလို ဖြစ်နေသည်။

သူဌေးရော်ဂျာကို ဝိုင်းတိုက်ရန် ပြင်နေကြသော အင်အားစုတို့သည်

ထိုမှု ဖြစ်နေကြပြီ။ လေးဖက်မှ ဝိုင်း၍ ဦးတည်နေကြပြီ။ ရော်ဂျာကား မသိရှာချေ။ ထိုနေ့ နံနက်တွင် ရော်ဂျာသည် မျက်စိနှစ်လုံး ပွင့်လာသည်နှင့် တစ်ပြိုင်နက် မြို့ထဲ၌ ယနေ့ လေလံပစ်မည့် တိုက်အိမ်တစ်ဆောင်ကို လေလံဆွဲ၍ ဝယ်ထားမည်ဟု ကြံစည်ခဲ့သည်။ ကြံစည်သည့်အတိုင်း သတိပြုထားသည်။ သတိပြုထားရင်း စမစ်ကို အလုပ်မှ ထုတ်သည်။ သတိပြုထားရင်း ရဲဌာနသို့ သွား၍ တိုင်ချက်ဖွင့်သည်။ သတိပြုထားရင်း အိမ်သို့ ပြန်လာသည်။ အိမ်သို့ ရောက်၍ အပေါ်အင်္ကျီရှည်ကို ချွတ်နေစဉ် အဆိုပါ အတိုက်အခံ အင်အားစုတို့သည် လှုပ်ရှားစ ပြုလာကြသည်။ တစ္ဆေလိုလို၊ မှင်စာလိုလို အကောင်သေး အကောင်ငယ် မည်းမည်းသဏ္ဌာန်တစ်ခုသည် လှေကားအောက် အမှောင်ထုထဲမှ ခုန်ထွက်၍ မီးဖိုဆောင်ဘက်ဆီ၌ ကွယ်သွားသည်။ ထိုနှင့်အတူ အခြားသော အကောင်သေး အကောင်ငယ် မည်းမည်းသဏ္ဌာန်တစ်ခုသည်လည်း လှေကားထိပ်က လှေကားလက်ရန်းပေါ်သို့ ခုန်တက်ခွစီး၍ ငြိမ်နေသေးသည်။ ထမင်းစားခန်းထဲသို့ ရော်ဂျာ ဝင်သွားသည်နှင့် တစ်ပြိုင်နက် တစ်ဟုန်ထိုး လျှောချ၍ မီးဖိုဆောင်ဘက်ဆီ၌ပင် ကွယ်သွားပြန်သည်။

သူဌေးကလေး ရော်ဂျာသည် ထမင်းစားခန်းထဲသို့ ရုတ်တရက် ဝင်လိုက်သောအခါ သူဌေးကတော်သည် လန့်သွားသဖြင့် ကိုင်မိကိုင်ရာ သစ်ချသီး ချဉ်ဖတ်ပုလင်းကို ကိုင်၍ ဘူဆို့ကို ထုတ်လိုက်မိသည်။

'အိုး… ရော်ဂျာ။ ရှင်ဟာ၊ ရှင်ဟာ'

'ဘာ ရှင်ဟာလဲကွ။ ပိုနေတာပဲ၊ ဟော့ ဒီချဉ်စူးစူး အနံ့ကြီးကို ငါ မခံနိုင်ဘူး။ မင်း ပုလင်းကို ဟိုဘက်မှာ သွားဖွင့်ချေ'

'စမစ်ကို ပြောချင်တာပါ။ ရှင်ဟာ ရှင်ဟာ'

'မရဘူးဟေ့။ ငါက ဗူးဆို ဖရုံမသီးဘူးကွ။ ဒီအကောင် ထွက်ရမှာပဲ'

သူဌေးကတော်သည် ပြောလက်စကို အဆုံးမသတ်နိုင်တော့ဘဲ ချဉ်ဖတ်ပုလင်း၌ ဘူးဆို့ကို ပြန်ဆို့သည်။ ထို့နောက်မှ–

'သဘောပေါ့လေ။ ခက်တာက လူစားရဖို့'

'အို ခက်စရာ မဟုတ်တာ ခက်နေပြန်ပြီ။ ဘဏ္ဍာစိုးလုပ်ချင်တဲ့ အကောင်တွေ တစ်ပုံတစ်ခေါင်းကြီး။ ငါလွှတ်လိုက်တဲ့ ရဲသားဟာ လာပလား။ ဘယ်မှာလဲ'

'ရှိသေးသလား မသိပါဘူး။ မီးဖိုဆောင်ဘက်မှာ ထင်တာပဲ'

'ဒီအကောင်တွေဟာလဲ အဖြစ်ရှိမယ့် အကောင်တွေ ဟုတ်မယ် မထင်ပါဘူး။ ဟင် ဟိုမှာ ဘာလဲကွ'

ထိုသို့ဆို၍ ရော်ဂျာသည် တံခါးဝဆီသို့ လှမ်းကြည့်လိုက်ရာ သမီး ဖရန်စီကိုယ်တိုင် ခေါင်းဆောင်လာသော ဆန္ဒပြပွဲကို မြင်ရသည်။ သမီး ဖရန်စီ နောက်က ဘဏ္ဍာစိုး စမစ်၊ ဘဏ္ဍာစိုး စမစ်နောက်က သားအထွေး ဆုံး ယူစတေ့၊ သားအထွေးဆုံး ယူစတေ့နောက်က အစစ်အဆေးလာသော ရဲသား။ ထိုလေးယောက်သည် တန်းစီ၍ ထမင်းစားခန်းထဲသို့ ဝင်လာပြီးလျှင် ချောပြောင်တောက်ပနေသော အဖိုးတန် မဟော်ဂနီ ထမင်းစားပွဲ၏ တစ်ဖက်၌ တန်းစီ ဝင်လာသည့်အတိုင်း နေရာယူကာ အသင့်ပြင်ကြသည်။

ရော်ဂျာသည် ဝဲဘက် ပါးမုန်းမွေးကို သ ကာ သ ကာ စမစ်ဆီသို့ လှမ်း၍

'ဘယ့်နှယ့်လဲကွ။ အလုပ်ထွက်တော့လို့ မင်းကို ငါပြောပြီးပြီ မဟုတ်လား။ အခု ဘာပြောချင်သေးလို့လဲ'

ထိုအခါ သမီး ဖရန်စီသည် စူးရှသော အသံဖြင့် 'စမစ် အလုပ် မထွက်ရဘူး ဖေဖေ'ဟု အရေးဆိုလိုက်သည်။

'ဘာ ဘာပြောတယ်' ဟု ဆို၍ ရော်ဂျာသည် အံ့အားသင့်သွားသည်။

ထိုအခါ ယူစတေ့က

'ကြည့်ဒေးတာပေါ့ ပေပေရာ'ဟု ဝင်ပြောသည်။

'အံမာ ကောင်ကလေး၊ မင်းက ဘာဝင်ရှုပ်တာလဲ'

ထိုအခါ အစစ်အဆေးလာသော ရဲသားသည် မိမိ၏ ဝတ္တရားအတိုင်း အစီရင်ခံလိုက်သည်မှာ

'ကျွန်တော် စစ်ဆေးပြီးပါပြီ။ သူဌေးမင်းရဲ့ ဘဏ္ဍာစိုးဟာ သူခိုးအခိုး ခံရတဲ့ ထိုည ထိုအချိန်က အိပ်ပျော်နေဟန် တူပါတယ်'

'ဒါကိုတော့ ကျုပ်လဲ အသိသားပဲ။ အိပ်ပျော်နေတာဟာ အမူးလွန်လို့ မဟုတ်ဘူးလား'

'ဒါတော့ ကျွန်တော် မသိဘူး ခင်ဗျာ့။ ကျွန်တော် စစ်ဆေးမိသမျှကို ပြောရမယ်ဆိုရင် အခု အခြေအနေအရ သဲလွန်စ မတွေ့ရသေးဘူးလို့ အစီရင် ခံရမလို ဖြစ်နေပါတယ်'

ရော်ဂျာသည် ဘဏ္ဍာစိုး စမစ်ဆီသို့ လှမ်း၍ 'စမစ်၊ မင်း ဘာပြောချင် သေးသလဲ။ ပြောစရာရှိရင် အလုပ်မထွက်ခင် ပြောနိုင်တယ်။ ပြောပါ' ဟု မေးလေသည်။

'ပြောစရာ မရှိပါခင်ဗျာ' ဟု ဆိုရင်း စမစ်သည် ခေါင်းခါပြသည်။

စမစ်၏ ဝဲယာ၌ မတ်တတ်ရပ်နေကြသော ယူစတေ့နှင့် ဖရန်စီ တို့သည် စမစ်၏ ရှပ်အင်္ကျီ လက်ဖျားကို တုပ်ဆွဲလိုက်ကြသည်။ သဘောမှာ လက်မောင်းကြွက်သားကို ထုတ်ပြလိုက်ရန် သတိပေးကြသော သဘော ဖြစ်ရာသည်။

'စမစ်၊ မင်းမှာ ပြောစရာ မရှိဘူးဆိုရင် သွားတော့။ ရဲအမှုထမ်း ကတော့ ခဏနေဦး။ ကျုပ်မှာ ပြောစရာ ရှိတယ်။ ကဲ သမီးနဲ့ သားသား တို့လဲ ကိုယ်အခန်း ကိုယ်ပြန်ကြ။ ဝင်မရှုပ်ကြနဲ့။ ပြန်ကြ ပြန်ကြ'

ထိုအခါ သမီးဖရန်စီသည် ရှေ့တစ်လှမ်းတိုး၍ 'ဖေဖေ... စမစ် သွားရမယ်ဆိုရင် ကျွန်မတို့လဲ သွားမှာပဲ'ဟု အော်ပြောလိုက်၏။

ရော်ဂျာသည် မျက်လုံးပြူးသွားသည်။ သူ့အိမ်တွင် သူ့ကို ပုန်ကန် သည်မှာ ဤအကြိမ်သည် ပထမအကြိမ် ဖြစ်သည်။

'နင်တို့ တယ်ဆိုးပါကလား ဟေ့။ စာကြည့်ခန်းကို နင်တို့ သွားနှင့်ကြ။ ဖေဖေ အခု လိုက်လာခဲ့မယ်။ ဟဲ့ မေရီ။ ဒီကလေးနှစ်ယောက်ကို လာခေါ်စမ်း' ဟု ရော်ဂျာသည် အမိန့်ထုတ်လိုက်သည်။

ထမင်းစားခန်း တစ်ခန်းလုံးသည် တုတ်တုတ်မျှ မလှုပ်။ ငြိမ်နေသည်။ သူဌေးကတော်သည် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြော။ မှင်တက်မိသကဲ့သို့ ဖြစ်နေသည်။ စမစ်သည် ရှက်လည်း ရှက်၍ စိတ်မချမ်းမသာလည်း ဖြစ်နေသည်။ ရဲသားသည် မည်သို့ ပြုရမည် မသိ။ အိုးတိုးအတ ဖြစ်နေသည်။ ရော်ဂျာသည် လူဖလံကလေးမျှသာ ဖြစ်သည်။သူ့ကိုယ်ကာယသည် စမစ်၏ ကိုယ်တစ်ခြမ်းစာမျှသာ ရှိသည်။ သို့ရာတွင် သူ့မျက်နှာသည် ပြတ်သားသည်။ ခိုင်ခံ့သည်။ ခက်ထန်သည်။ ထို့ကြောင့် သူ့မှာ ကာယဗလ စိုးစဉ်းမျှ မရှိသော်လည်း ကြောက်ရွံ့ လေးစားရမည့်သူ ဖြစ်သည်။

ရော်ဂျာသည် စမစ်ကို ကြည့်၍ 'သွားတော့' ဟု ဆိုလိုက်သည်။

စမစ်သည် မဆိုင်းမင့် တံခါးပေါက်ဆီသို့ ခြေဦးလှည့်လိုက်သည်။ သို့ရာတွင် ကလေးနှစ်ယောက်သည် တံခါးပေါက်ဝကို ကျောပေးကာ စမစ်ကို ဆီးတားလိုက်သည်။ ထိုအခါ ရော်ဂျာ၌ မျက်နှာ မဆိုထားဘိ၊ ပါးမှန်းမွေးတို့ပင်လျှင် နီရဲသွားသည်ဟု ထင်လိုက်ရသည်။

'တော်တော် ဆိုးနေကြပါလား ဟင်' ဟု ရော်ဂျာသည် အံကြိတ်၍ ဆိုလိုက်သည်။

အရေးတော် ပေါ်ပြီ။ ခက်ကပြီ။ အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်ကြတော့မည်။ ကံအားလျော်စွာ သတိလည်း ရှိ၍ တာဝန်လည်းသိသော စမစ်သည် သက်မကြီး တစ်ချက်မျှ ချလိုက်ပြီးလျှင် ကလေးနှစ်ယောက်ကို ခါးပတ်မှ ကိုင်၍ တစ်လှည့်စီ ချီမလိုက်၏။ ထို့နောက် နှစ်ယောက်စလုံးကို တစ်ဖက်၌ ချထားခဲ့၍ ထွက်သွားသည်။ ထိုအခါကျမှ ရော်ဂျာသည် 'သွားကြ၊ စာကြည့်ခန်းကို သွားပြီး စောင့်နေကြ' ဟု ငေါက်လိုက်သည်။

ဖရန်စီနှင့် ယူစတေ့တို့သည် ထမင်းစားခန်းထဲမှ ထွက်သွားကြသည်။ အပြင်သို့ ရောက်ကြသောအခါ ယူစတေ့က မေးသည်မှာ

'ဖရန်စီ။ နင် ချာကြည့်ခန်းကို တွားမှာလား'

'ဟင်း သွားရင် အရိုက်ခံရမှာပေါ့'

'ဘာဖစ်လို့ ရိုက်ရမှာလဲ။ ရိုက်ရင် ဓားကြီးနဲ့ ပြန်ခုတ်မှာပေါ့'

'စာကြည့်ခန်းကို မသွားဘူးဟာ။ စမစ်နဲ့ လိုက်သွားမယ်'

'တော်တော်ကြာ ဆမစ်က တို့ကို ကျန်ခေါ်လာရင် ဘယ့်နှယ် လုပ်မလဲ။ တို့ဘာသာ တို့တွားမယ်'

'အေး ကောင်းတယ်'

'ပေပေ့ထီးကို ငါယူတွားမယ်။ တို့ စုဘူးကိုလဲ ယူတွားမယ်'

'စုဘူးကို ဘာလုပ်ဖို့ ယူမှာလဲ။ ဖွင့်မှ မဖွင့်တတ်ဘဲ'

'အို ရောင်းချားမှာပေါ့'

'အေး ကောင်းတယ်။ မြန်မြန်လုပ်'

## ၃

များမကြာမီ အိမ်ရှေ့တံခါးပွင့်လာ၍ ဖရန်စီနှင့် ယူစတေ့ မောင်နှမ နှစ်ယောက်သည် အိမ်ပြင်သို့ ထွက်လာကြသည်။ တစ်ယောက်က သူတို့ဖေဖေ၏ ထီးကို ကိုင်၍၊ တစ်ယောက်က စုဘူးကို ကိုင်၍ ထွက်လာကြသည်။ ထို့နောက် ကင်ဆင်တန် လမ်းမတစ်ဖက်သို့ ဖြတ်ကူး၍ လမ်းမအတိုင်း လျှောက်လာခဲ့ကြရာ ဟိုက်ပတ်ပန်းခြံသို့ ရောက်ကြသည်။ တစ်လမ်းလုံး စုဘူးကို တချောက်ချောက် ခေါက်လာကြသည်။ ယူစတေ့က

'ဘူးထဲမှာ ပိုက်ရှံ ဘယ်နှစ်ပြား ရှိမလဲဟင်'

'လေးရှီလင်နဲ့ တစ်ပဲနိပဲ ရှိမှာပေါ့'

'ဒါဖြင့်ရင် ငါးရှီလင်နဲ့ ရောင်းချားမယ်။ ဘူးက တစ်ရှီလင်တော့ တန်မှာပဲ'

'နင်က ဘယ်သူ့ကို ရောင်းမှာလဲ'

'လူကြီး တစ်ယောက်ယောက်ကိုပေါ့'

ထိုအခိုက်၌ မိုးရွာသဖြင့် ထီးဖွင့်၍ ဆောင်းကြသည်။ ဖရန်စီ၌ ဦးထုပ်လည်း မပါ။ ကုတ်အင်္ကျီလည်း မပါ။ ယူစတေ့မှာကား ကလေး ဆောင်း ကျောင်းဦးထုပ် ပါသည်။ အနက်ခံ အနီစင်း ဖြစ်သည်။ ဖရန်စီက ယူစတေ့၏ လက်ကို ကိုင်၍

'ဟော ဟောဟိုမှာ လူကြီးတစ်ယောက် ထိုင်နေတယ်။ မြင်ရဲ့ လား'ဟု ဆို၍ ပြသည်။

ဟုတ်သည်။ ပန်းခြံခုံတန်းလျားပေါ်၌ လူကြီးတစ်ယောက် ထိုင် နေသည်။ ထိုလူကြီးသည် ထွားကျိုင်းသည်။ လက်ကိုင်တုတ်ကို ထောက်၍ ထိုင်ရာမှ ထရန် ဟန်ပြင်နေသည်။ သူ့မေးဖျား၌သာ မုတ်ဆိတ်မွေး ရှိရာ ဆိတ်မေးစေ့နှင့် တူလှသည်။ ညိုပုပ်ပုပ် အရောင်ရှိသော ဖျံရေဦးထုပ်ကို ဆောင်းထားသည်။

ဖရန်စီသည် ထိုလူကြီးဆီသို့ သွား၍ သူတို့ ယူလာသော စဘူးကို ပြသည်။

ထိုအခါ ထိုလူကြီးက' ဟေ ဘာတုံးဟ။ မှန်း စဘူးထဲမှာ ဘာရှိလို့ တုံး' ဟု မေး၏။

'ကျွန်မတို့ ကလေးတွေ ပိုက်ဆံ စုတယ် မဟုတ်လား။ အဲဒါ စဘူးပေါ့။ ဝယ်ပါလား ဘကြီးရာ။ ရောင်းမယ်လေ။ ဘူးထဲမှာ လေးရှိလင်နဲ့ တစ်ပဲနိပဲ ရှိတယ်'

ထိုအခါ ယူစတေ့က ဝင်၍ 'ဘကြီး ငါးရှိလင်လောက် တန်တယ် ဂျ' ဟု ပြောလေ၏။

ဘကြီး အခေါ်ခံရသူသည် မျက်တောင် တခတ်ခတ်နှင့် မစဉ်းစား တတ်အောင် ဖြစ်နေသည်။ ထို့နောက် ဆက်၍ 'ကလေးတို့က ဒီစဘူးကို ဘာဖြစ်လို့ ရောင်းချင်ရတာလဲ'ဟု မေးပြန်၏။

'ဘူးမှာ သော့ခတ်ထားတယ် မဟုတ်လား။ ကျွန်မတို့မှာ သော့မှ မရှိဘဲ'

'ခီတော့ ပိုက်ရုံကို ထုတ်လို့ မရဘူးဂျ။ ခီစုဘူးဟာ အနော်တို့ စုဘူးပါ။ အနော်တို့ ပိုက်ရုံ ထုတ်ယူချင်တာပေါ့'

'ဩ ပိုက်ဆံရတော့ မင်းက ဘာလုပ်မှာလဲ'

'အနော်တို့ ထမင်းဝယ်ရှားမှာပေါ့ဂျ'

'ဟော အာဂ ကလေးတွေ ပါကလား။ ကိုင်း မင်းနာမည် ဘယ့်နှယ် ခေါ်သလဲ ပြောစမ်း'

'အနော်တို့ စုဘူး ဝယ်မလား မဝယ်ဘူးလား။ မဝယ်ရင် မကြော ဘူး။ ဝယ်မှ ကြောမယ်'

'အံမယ် မင်းက ဇော်ဆွဲပဲ။ မင်းတို့ စုဘူးကို ငါက ဘာလုပ်ရမှာ တုံးကွ'

'ခင်ဂျာ့ အိတ်အကြီးကြီးထဲမှာ ထည့်ထားပေါ့ဂျ'

'ကိုင်း ကိုင်း။ ရော့ မင်းတို့ လိုချင်တဲ့ ငါးရှိလင်။ ပေး မင်းတို့ စုဘူး။ ကဲ မင့်နာမည် ဘယ်လိုခေါ်သလဲ'

'ကျွန်မက ဖရန်စီ ဖော်စီတီတဲ့။ သူက ယူစတော့ ဖော်စီတီတဲ့'

'ဟော မင်းတို့ ဖော်စီတီတွေလား။ ဟာ ဒုက္ခပါပဲ။ မင်းတို့ ဘယ်မှာ နေကြသလဲ။ ပြောစမ်း'

'ခင်ဂျားကို အနော်တို့ ယုံရမှာလား'

ဘကြီး အခေါ်ခံရသူသည် ခွက်ထိုး ခွက်လန် ရယ်ပါလေ၏။

'နေပါဦးကွ။ ယုံရမှာလား၊ ဘာလား ညာလားနဲ့။ မင်းတို့က ဘကြီး ကို စစ်လား ဆေးလား လုပ်ကြတယ်။ မင်းတို့ကကော ဘာလုပ်ခဲ့ကြသလဲ ပြောစမ်း'

'အနော်တို့ အဒု အိမ်က ထွက်ကြေးလာတာဂျ'

'အဲ အဲ ဟုတ်လိုက်လေကွာ။ လုပ်လိုက်ကြကွ'

'ဟုတ်တယ်လေ။ ကျွန်မတို့ အိမ်က ထွက်ပြေးရမှာပဲ။ စမစ်ကို ဖေဖေက အလုပ်ထုတ်ပစ်တာကိုး။ ပြောပြရမယ်ဆိုရင် အရှည်ကြီးပါပဲ'

'ကိုင်း ကောင်းပြီ။ ဘကြီးအိမ်ကို လိုက်ခဲ့ကြ။ ဘကြီးအိမ်မှာ မင်းတို့ ထမင်းစားရင်း ပြောပြပေါ့။ ဟုတ်လား။ မင်းတို့ရဲ့ အဖေနာမည်ကကော ဘယ်လိုခေါ်သလဲ'

'ရော်ဂျာတဲ့'

'ဟော။ ဟာ ရော်ဂျာတဲ့လား။ ဒီလိုဆိုရင် မင်းတို့ဦးလေးတွေ၊ ဘကြီးတွေကို ငါ သိတာပေါ့။ ရော်လီယွန်တို့၊ ဆွီသင်တို့ မဟုတ်လား။ မင်းတို့အစ်ကို တစ်ဝမ်းကွဲတစ်ယောက်ဟာ ဂျိုးဆိုတဲ့အကောင် မဟုတ်လား။ ဘကြီးရဲ့နာမည်က နိုကလပ်တဲ့ကွ။ မင်းတို့ ကြားဖူးရဲ့လား'

ထိုအခါ ယူစတေ့က 'မခြားဖူးပါဘူး' ဟု ဆို၏။ သို့ရာတွင် ဖရန်စီက 'ကြားဖူးတယ်။ ကျွန်မ ကြားဖူးတယ်။ လူရွှတ်ကြီးပဲလို့ ဖေဖေ ခဏခဏ ပြောတယ်။ လူရွှတ်ကြီးဆိုတာ ဘာပြောတာလဲဟင်'

'ဟာ လူရွှတ်ကြီးတဲ့လား။ ကောင်းပေ့ကွာ။ ကိုင်း ဘကြီးရဲ့ မြင်း ရထားဟာ ပန်းခြံအပြင်ဘက်မှာ ရှိတယ်။ ဘကြီးနဲ့ လိုက်ခဲ့ကြ။ ဘကြီး ဘယ်ပုံဘယ်နည်း ရွှတ်သလဲဆိုတာကို ဘကြီးအိမ်ရောက်တော့ မင်းတို့ သိကြမှာပေါ့။ ကိုင်း လာကြ၊ လာကြ'

မောင်နှမ နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကြ၏။ ထို့နောက် မောင်ကလေး ယူစတေ့က သူ့အစ်မ၏ နားနားကိုကပ်၍ တိုးတိုးပြောသည်မှာ

'လူရိုးနဲ့တော့ မတူပါဘူး။ အနော်တော့ လူကောင်းလို့ ချင်ချာပဲ'

'ငါတော့ ဒုက္ခပါပဲကွာ။ ဘကြီးဟာ လူဆိုးမဟုတ်ပါဘူး။ လူကောင်း ပါကွ။ ကဲ ကဲ လာကြ၊ လာကြ။ အာဂ ကလေးတွေပါပဲဗျာ'

ကလေးနှစ်ယောက်သည် စကားမပြောကြတော့ဘဲ လူကြီးနောက်သို့ အကြည့်အသာ လိုက်သွားကြသည်။ ပန်းခြံအပြင်ဘက်တွင် နိကလပ်၏ မြင်းနှစ်ကောင်တပ် ပက်လက်ရထားသည် စောင့်နေသည်။ အမိုးတင်ထားသည်။ ရထားမောင်းသမားသည် မြင်းတစ်ကောင်၏ ပါးချပ်ကို ကိုင်လျက် စောင့်နေသည်။

'ကိုင်း တက်ကြကွယ့်။ တက်ကြ' ဟု နိကလပ်က ခေါ်သောအခါ အကြီးမ ဖရန်စီသည် ဝမ်းပန်းတသာ ခုန်တက်လိုက်သည်။ မောင်ကလေး ယူစတော့ကမူ အင်တင်တင် လုပ်နေသည်။

'အနော်တို့ကို ခင်ဗျား ဘယ်ခေါ်သွားမလို့လဲ'

'အယ်ဘနီ သူဌေးတန်းကိုလေကွာ။ မင်း မသိဘူးလား'

'အင်း သိတယ်။ အနော် သိတယ်။ တစ်ခါတုန်းက ဂျော့ဆိုတဲ့ အကောင် တွားတဲ့နေရာပဲ။ သိတယ်'

'အေး ဟုတ်ပြီ၊ လူကောင်းတွေသွားတဲ့ အရပ်ပါကွ။ မင်း သဘောကျပလား'

'အနော် ဂျဲဘောကျပြီ။ လိုက်မယ်'

ထိုသို့ဆိုကာ ယူစတော့သည် ထီးကိုပိတ်၍ ရထားပေါ်သို့ တက်၏။ ထို့နောက် သူ့အစ်မ နံဘေး၌ ဝင်ထိုင်သည်။ နိကလပ်သည် ရထားမောင်းသမား ထိုင်ခုံဆီသို့ မတက်နိုင် တက်နိုင် လှမ်းတက်၍ ထိုင်ခုံ၌ ထိုင်သည်။ ထို့နောက် သူကိုယ်တိုင် ဇက်ကြိုးကိုင်၍ မြင်းတို့ကို နှင်လိုက်ရာ ရထားထွက်လေသည်။ ရထားမောင်းသမားသည် ရထားနောက်က အပြေးအလွှားလိုက်၍ ရထားနောက်မြီးကို ခိုကာ ပါသွားသည်။

ရထားသည် ယိမ်းထိုးနေသည်ဖြစ်ရာ ဖရန်စီသည် ဝဲဘက် ကြည့်လိုက်ရ၊ ယာဘက် ကြည့်လိုက်ရ၊ ကြည့်၍ လှုပ်ရှားနေရသည်။ ထို့ကြောင့် 'ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့' ဟု တစ်လမ်းလုံး မြူးသွားသည်။ ထိုအခါ နိကလပ်က

'အင်း ပျော်ကြ၊ ပျော်ကြ။ မင်းတို့အဖေသာ မင်းတို့ကို မြင်ရင် ဘယ့်လောက် ဒေါထလိုက်မလဲလို့ကွာ။ ဟေ့ မင်းတို့အဖေ ရော်ဂျာဟာ မင်းသားကြီး တံခါးလမ်းမှာ နေတယ် မဟုတ်လား' ဟု နောက်သို့ တစ်ချက် လှည့်၍ မေးလိုက်၏။ ထိုအခါ ယူစတေ့သည် ကျီးကန်းတောင်းမှောက် ပြန်ကြည့်၍ မျက်စိတစ်ဖက်ကို မှိတ်ပြလိုက်သည်။

'အင်း မင်းဟာ တော်တော်သက်လုံကောင်းတဲ့ ချာတိတ်ပဲဟေ့။ မင်းတို့ လုပ်လာခဲ့တာဟာ ပိပါပေတယ်ကွာ' ဟု ဆို၍ နိကလပ်သည် သူ့စိတ်ထဲတွင် လက်ဖျားခါမိသည်။

ထိုခေတ်ကသော် ရထားမောင်းသော လမ်းတို့သည် ယခုခေတ်မှာ ကဲ့သို့ ပြေပြစ်သေးသည် မဟုတ်ချေ။ လမ်းကြမ်းဖြစ်သည့်အတိုင်း ရထားစီး ရသည်မှာ ပင်ပန်းလှသည်။ အိမ်သို့ ရောက်ကြသောအခါ နိကလပ်သည် ကလေးနှစ်ယောက်ကို လက်ပါးစေတစ်ဦးအား အပ်၍ ခြေလက်များတို့ကို ဆေးကြောသန့်စင်စေသည်။ ထို့နောက် မုန့်ကူကွက်တို့ မွှမ်းမံ တန်ဆာဆင် ထားသော မုန့်ကူကွက်ပြခန်းသို့ ခေါ်သွား၍ အခန်းနံရံ၌ ချိတ်ဆွဲထားသော ခွေးကောင်း ခွေးလှ၊ မြင်းကောင်းမြင်းလှ ပန်းချီကား၊ ဓာတ်ပုံကားတို့ကို ပြသည်။ အခန်း၏ ထောင့်တစ်ခု၌ အလှခင်းကျင်းထားသော အမဲလိုက် သေနတ် အမျိုးမျိုးကို ပြသည်။ ထို့နောက် ဖောင်းကြွ ယွန်းပန်းအမျိုးမျိုး၊ ဖောင်းကြွ ယွန်းကျေးငှက် အမျိုးမျိုး ဆေးခြယ်ပုံဖော်ထားသော လက်ဖက် ခြောက်သေတ္တာကြီးကို ပြသည်။

'ကဲ ဆာကြပလားဟေ့။ ဆာရင် နေ့လယ်စာ စားကြရအောင်' ဟု နိကလပ်က ဆို၍ ကလေးတို့ကို ထမင်းစားခန်းသို့ ခေါ်သွားသည်။ ထမင်းပွဲ၌ ရစ်သားကင်ပါသည်။ မုန့်ကြော်ပါသည်။ ဟင်းသီးဟင်းရွက် ပါသည်။ ဝိုင်အရက်ချို ပါသည်။ နိကလပ်သည် သူတို့အား ဝိုင်တစ်ခွက်စီ ပေးသည်။

'ကိုင်း ပြောကြစမ်းကွာ။ မင်းတို့ ဘာဖြစ်လာကြသလဲ' ဟု နိကလပ်က စားရင်းသောက်ရင်း မေးလေ၏။

ထိုအခါ ဖရန်စီက ဘဏ္ဍာစိုးစမစ် အလုပ်ထွက်ရသည့် အကြောင်းမှစ၍ ပြောပြသည်။

'ဩော် လက်စသတ်တော့ မင်းတို့အဖေရဲ့ ငွေဗွန်းကို သူခိုး ခိုးလို့ကိုကွ။ ကောင်းပေ့ကွာ' ဟု ဆို၍ နိကလပ်သည် ခွက်ထိုးခွက်လန် ရယ်ပြန်ပါလေ၏။

'ပေပေ့ ထီးကိုလဲ အနော် ယူလာသေးတယ်လေ' ဟု ယူစတေ့က ဝင်ဖြည့်လိုက်သေး၏။

'အေးပါကွာ၊ မင်းတို့လုပ်လာပုံဟာ တကယ်ဆိုတော့ နာနာနှက်ပေးဖို့ ကောင်းတာပဲ။ ဒါပေမဲ့ မင်းတို့ကို မရိုက်စေရပါဘူး။ ဘကြီး ပြောပေးပါ့မယ်။ ဘကြီး အာမခံပါတယ်။ ခုလောက်ရှိရင် မင်းတို့အိမ်မှာ မင်းတို့အတွက် ပွက်လောရိုက်နေကြပြီပေါ့။ ဟေ့ ဂရင်း၊ ရထားပြင်လိုက်ဦးကွာ'

၄

အတန်ကြာသောအခါ နိကလပ်နှင့် ကလေးနှစ်ယောက်သည် ရထားစီး၍ မင်းသားကြီးတံခါးလမ်းသို့ သွားကြသည်။ ရောက်သောအခါ နိကလပ်က 'ရော့၊ မင်းတို့ စဘူးကို ပြန်ယူ' ဟု ဆို၍ စဘူးကို ပြန်ပေးရာ ယူစတေ့က 'အို ခင်ဂျား ဝယ်ပြီးတာပဲ၊ ခင်ဂျား စဘူးပေါ့' ဟု ဆိုသည်။

ထိုအခိုက်တွင် အိမ်ထဲမှ အိမ်စေ မိန်းမတစ်ဦး ထွက်လာသဖြင့် နိကလပ်သည် အိမ်စေအား သူ့အမည် နေရပ်လိပ်စာပါသော လိပ်စာကတ်ပြားကို ထုတ်ပေးလိုက်သည်။ အိမ်စေသည် ကတ်ပြားကိုကိုင်၍ အိမ်ထဲသို့ ဝင်မည်ပြုသောအခါ ဖရန်စီသည် အိမ်စေ၏ အင်္ကျီလက်ကို လှမ်းဆွဲ၍ ...

'အင်နီ၊ စမစ် ထွက်သွားပလား ဟင်'

'အောင်မယ်လေး ဖရန်စီလေးရယ်။ တို့ တစ်အိမ်သားလုံး ဒုက္ခဖြစ်တော့တာပါပဲကွယ်။ စမစ်လား။ မသွားသေးဘူး၊ ရှိသေးတယ်'

'ဟေး၊ မောင်လေးရေ။ စမစ် ရှိသေးတယ်တဲ့ဟေး။ ဟူးရေး'

'အို အော်လား၊ ဟစ်လား ချူမနေနဲ့ဦးဂျ'

ထိုအခိုက် သူဌေးရော်ဂျာ ရောက်လာ၏။ သူဌေးကတော်လည်း ရောက်လာ၏။ အိမ်စေ မိန်းမသုံးယောက်နှင့် စမစ်တို့လည်း အလျှိုလျှို ရောက်လာကြသည်။

နိကလပ်သည် ကလေးနှစ်ယောက်၏ ရှေ့သို့ တက်လာ၍ ကလေးနှစ်ယောက်၏ ရှေ့မှ မားမားရပ်ကာ 'ဘယ့်နှယ့်လဲ၊ တစ်အိမ်လုံး ပွက်လောရိုက်နေကြပြီလား။ ကျုပ်ဟာ မောင့်အစ်ကို ဂျော်လီယွန်ရဲ့ လက်ဖက်ခြောက်ကုန်ဖက် ပါတနာပဲ။ နိကလပ်တဲ့။ ဒီကလေးနှစ်ယောက် မိုးရေထဲမှာ ဆော့နေကြတာကို တွေ့တာနဲ့ သူတို့ကို ကျုပ်အိမ် ခေါ်သွားတယ်။ အိမ်မှာ ထမင်းကျွေးပြီး အခု ပြန်ခေါ်လာတာပဲ။ ဟော ကြည့်။ အကောင်းပကတိ အတိုင်းပါပဲဗျာ' ဟု ဆိုလေ၏။

ရော်ဂျာသည် ကလေးတို့ကိုကြည့်ကာ...

'ဟင်း ဟင်း' ဟု ကြိမ်းချင်သလိုလို၊ မောင်းချင်သလိုလို အသံပြုလိုက်၏။

နိကလပ်သည် ကိုယ်ကို မတ်မတ်ထား၍

'အေးဗျာ။ နာနာနက်ပေးဖို့တော့ ကောင်းတာပေါ့။ ဒါပေမဲ့ အရိုက်မခံရစေပါဘူးလို့ ကျုပ်က သူတို့ကို ကတိပေးပြီး ခေါ်လာရတယ်' ဟု ဆို၍ တစ်ဖန် ဘဏ္ဍာစိုး စမစ်ကို လက်ညှိုးထိုးကား 'စမစ်ဆိုတာ မင်းလားကွ' ဟု မေးလိုက်၏။

'မှန်ပါ'

ထိုနောက် သူဌေးရော်ဂျာဘက်သို့ လှည့်၍…

'ကဲပါလေ။ တစ်ကြိမ်တစ်ခါလောက်တော့ မောင်က သည်းခံလိုက်ပါဘိ။ ရော့ မောင့်ထီး'

ထီးကို ရော်ဂျာ လှမ်းယူလိုက်ပြီးနောက် 'ခေတ်ကြီးဟာ ဘာဖြစ်လာဦးမလဲ မပြောတတ်တော့ပါဘူးဗျာ' ဟု ဆိုကာ လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် ဆက်၍ 'ခင်ဗျားအကြောင်းကို ကျွန်တော့်အစ်ကိုကတော့ ခဏခဏ ပြောပါတယ်။ ခင်ဗျား လုပ်မိလုပ်ရာ စွတ်လုပ်တတ်တယ်လို့ ဆိုတာပဲ' ဟု ဆို၍ ပြုံးနေသည်။

'အေး၊ ဂျော်လီယွန်ကတော့ ခေါင်းအေးအေး ထားတတ်တယ်ကွ။ အစစ အရာရာမှာ အင်မတန် သေချာတဲ့ လူသေချာကြီးကွ။ ကဲကဲ မောင့်ကလေးတွေကို ကျုပ် အပ်ပြီးပြီနော်။ ပြန်လိုက်ဦးမယ်။ သူဌေးကတော်ပြန်ပါဦးမယ်။ ဟော့ ကလေးတို့၊ ဘကြီး ပြန်လိုက်ဦးမယ်နော်' ဟု နှုတ်ဆက်ကာ ပြန်သွားသည်။

ရော်ဂျာ၏ အိမ်၌ ငြိမ်ကျန်ခဲ့သည်။ ပထမသော် ရော်ဂျာသည် ပြုံးစိစိလုပ်နေသည်။ ထို့နောက် မျက်နှာကို တည်တည်ထားကာ 'နောက်ထပ် ဘာကိုမှ မကြားပါရစေနဲ့။ သိကြရဲ့လား။ အားလုံး သိကြရဲ့လား' ဟု ဆို၍ အခန်းထဲသို့ ဝင်သွားသည်။

ဖရန်စီသည် ခုန်ပေါက်ပြေးလွှားကာ စမစ်ဆီသို့ သွား၍ စမစ်၏ လက်မောင်းကြွက်သားကို စမ်းကြည့်သည်။ ယူစတေ့သည် သူ့အမေအား 'မာ မာ ၊ အနော်တို့လေ၊ ရစ်သားကင်တွေ ချားရတယ်။ မုန့်ကြော်တွေ အညားကြီး ချားရတယ်။ သိပ်ကောင်းတာပဲ မာမာ'

ဤသို့ဖြင့် သူဌေးကလေး ရော်ဂျာ၏ အိမ်တွင်းသူပုန်မီးသည် ငြိမ်းလေတော့သည်။ ထိုနှစ်၌ပင် ခေတ်အဆက်ဆက်က မောက်မာလာသော ပြင်သစ်နိုင်ငံနှင့် အညံ့မခံလိုတော့သော ဂျာမနီနိုင်ငံတို့သည် စစ်မက် အကြီး

အကျယ် ဖြစ်ပွားခဲ့ရာ ပြင်သစ် ရှုံးသဖြင့် စစ်မီး ငြိမ်းလေသည်။ အကျိုးဆက်ကား ဥရောပတွင် ကိန်းကြီး ခန်းကြီး၊ ဟိတ်ကြီး ဟန်ကြီး၊ ဒေါကြီး မောကြီး၊ ကြီးတစ်ရာ ခြောက်ဆယ်၊ ကျယ်ချင်တိုင်း ကျယ်ခဲ့သော ဥရောပ အထက်တန်းလွှာတို့၏ အတ္တမာနီ အတွေးအခေါ် အယူအဆတို့သည် ချည့်နဲ့ ယိမ်းယိုင်စ ပြုလာကြရခြင်း ပေတည်း။

[ ငွေတာရီ၊ အမှတ်(၃၈)။ ဩဂုတ်လ၊ ၁၉၆၃ ]



**ရုရှား အမျိုးသား စာရေးဆရာ**
**ဗူနင် [ ၁၈၇၀–၁၉၅၃ ]**
**Ivan G. Bunin, [1870-1953]**

ဗူနင်သည် ၁၉၃၃ ခုနှစ်တွင် ကမ္ဘာကျော် နိုဗဲစာပေဆု ချီးမြှင့်ခြင်း ခံရသူ ဖြစ်သည်။

၁၈၇၀ ပြည့်နှစ်တွင် ဖွားမြင်၍ ခုနစ်နှစ်သား အရွယ်အထိ အိမ်၌ ပညာသင်သည်။ မြေပိုင်ရှင် ဖခင်သည် ဗူနင်အတွက် စာသင်ဆရာ ငှား၍ သားကို ပညာသင်ပေးသည်။ စာပေအရာတွင် ဗူနင် အထူး နှစ်ခြိုက်ခဲ့သော စာများသည် ရုရှား ရှေးဟောင်းပုံပြင်များအပြင် အင်္ဂလိပ် ဝတ္ထုဆရာကြီး ဒီဖိုး (Defoe)၏ ရော်ဘင်ဆင်ကရူးဆိုး (Robinson Crusoe) ဝတ္ထု ဖြစ်သည်။ ဗူနင်၏ မိခင်သည် စာပေဝါသနာပါသူဖြစ်ရာ ရုရှား ကဗျာဆရာကြီး ပွတ်ရှကင် (Pushkin)၏ ကဗျာများကို ညနေတိုင်း သားအား ရွတ်ပြလေ့ ရှိသည်ဟု သိရသည်။

အသက် ရှစ်နှစ်အရွယ်တွင် ဖူနင်သည် အိမ်ကျောင်းမှ အရပ်ကျောင်းသို့ ပြောင်းရွှေ့စာသင်သည်။ ကဗျာကိုလည်း စတင် ရေးသားသည်။ ထို့နောက် မော်စကိုတက္ကသိုလ်၌ တစ်နှစ်ခန့် အထက်တန်းပညာကို သင်ယူပြီးသောအခါ ကျောင်းထွက်၍ စာနယ်ဇင်းလောကသို့ ဝင်သည်။ ကဗျာအပြင် ဆောင်းပါးများကို လည်းကောင်း၊ ဝတ္ထုများကို လည်းကောင်း အမြောက်အမြား ရေးသဖြင့် လူသိများလာသည်။ ထို့ပြင် အင်္ဂလိပ်ကဗျာ ဆရာကြီး ဗိုင်ရွန်(Byron)၏ ကဗျာတစ်ပုဒ်ကို လည်းကောင်း၊ အမေရိကန် ကဗျာဆရာ လောင်းဖဲလိုး(Longfellow)၏ ကဗျာတစ်ပုဒ်ကို လည်းကောင်း ရုရှားဘာသာသို့ ပြန်ဆိုခဲ့သည်ဖြစ်ရာ ရုရှား ပညာ့တံခွန်အသင်း၏ ဆုချီးမြှင့်ခြင်းကို ခံခဲ့ရသည်။ ၁၉၀၉ ခုနှစ်လောက်တွင် "တို့ကျေးရွာ" ခေါ် (Our Village)ဝတ္ထုတစ်ပုဒ်ကို ရေးသားထုတ်ဝေလိုက်သည်မှစ၍ ဥရောပတစ်တိုက်လုံးတွင် ကျော်ကြားလာသည်။ အီတလီနိုင်ငံ၊ တူရကီနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဂရိနိုင်ငံတို့သို့ ရောက်ဖူးသည်။ ပထမကမ္ဘာစစ် ပြီး၍ ရုရှား အရေးတော်ပုံ ပေါ်ပေါက်လာသောအခါ ဖူနင်သည် ရုရှား၌ မနေနိုင်။ ရုရှားမှ ထွက်၍ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ အခြေချ နေထိုင်သည်။ ဝတ္ထုများကိုလည်း ဆက်လက်ရေးသား သည်။ တစ်ခါသော် သူ့ဘဝအမြင်ကို မေးကြည့်ရာ သူက 'ဘဝအတွေ့အကြုံတည်းဟူသော ပျားရည်ကို သောက်ခဲ့ဖူးပါ၏။ သို့ရာတွင် ထိုသို့သော တမာသီးကိုကား ပို၍ စားခဲ့ရသည်' ဟု သူက ပြန်ဖြေဖူးကြောင်း အဆိုရှိသည်။

ဗူနင် ၏

# စန်ဖရန်စစ္စကိုမြို့က သူဌေးကြီး

[ 'စန်ဖရန်စစ္စကိုမြို့က သူဌေးကြီး' ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာပြန် ဖြစ်သော The Gentleman from San Fransisco မှ မြန်မာပြန်ပါသည်။ ဗူနင်သည် ထိုဝတ္ထုတိုတွင် နေဥစ္စာကိုသာ အမြတ်တနိုးတန်ဖိုးထားတတ်ကြသော၊ ပရဟိတစိတ် ပါးရှားတတ်ကြသော လူ့အသိုက်အဝန်း၌ လည်းကောင်း၊ ကာမစည်းစိမ် (ဝါ) နေစည်းစိမ်၌သာ နစ်မွန်းနေတတ်ကြသော ပုထုဇဉ်တို့၏ သဘော၌ လည်းကောင်း အပြစ်မြင်၍ သရုပ်ဖော်ခဲ့သည် ထင်ပါသည်။ သူတင်ပြသော ပုထုဇဉ်၏သဘော ဆိုသည်မှာ ဥစ္စာရှာ၍ ပြည့်စုံကြွယ်ဝ ပိုလျှံလာရာမှ၊ တစ်ဆင့် တက်လာတတ်ကြသော အတောမသတ် ရမ္မက်စိတ်၊ မာနစိတ်၊ ပကာသန အကြွားစိတ်တို့ကို ဆိုလိုဟန် တူသည်။ ထိုဝတ္ထုတိုထဲက ဇာတ်ဆောင် သူဌေးကြီးသည် နေစည်းစိမ် အမှုအရာတို့၏ အလယ်တွင် သူ့ရမ္မက်စိတ်၊ သူ့မာနစိတ်၊ သူ့အကြွားစိတ်တို့ကြောင့် မေတ္တာ ကရုဏာ တရားတို့ကိုလည်း မမြင်နိုင်၊ သေခြင်းတရားကိုလည်း မတွေးနိုင် ဖြစ်ခဲ့ပုံကို သရုပ်ဖော်ထားခြင်း ဖြစ်သည်ဟု ယူချင်သည်။ ဗူနင်၏ အနိစ္စအမြင် တင်ပြပုံသည်လည်း ချီးကျူးဖွယ် ဖြစ်ပါသည်။ ]

၁

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးသည် အနားယူတော့မည်။ မယားနှင့် သမီးတို့ကိုခေါ်၍ ဥရောပသို့ သွားမည်။ ဥရောပ၌ နှစ်နှစ်ကြာမျှ

ရာပြည့်စာအုပ်တိုက်

လည်ပတ်ပျော်ပါး နေနားရှင်စံ စည်းစိမ်ခံမည်။ သူဌေးကြီးသည် ထိုသို့ သန္နိဋ္ဌာန် ချလိုက်သည်။

ထိုသန္နိဋ္ဌာန်သည် သင့်လှပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်အချက်၊ သူဌေးကြီးသည် ကျိုကျိုတက် ချမ်းသာသောကြောင့် ဖြစ်သည်။ နှစ်အချက်၊ သူဌေးကြီးသည် လူဖြစ်လာသည်မှာ ငါးဆယ့်ရှစ်နှစ်မျှ ရှိပြီဖြစ်သော်လည်း ယခုမှသာ သူဌေးစည်းစိမ်ကို ပထမအကြိမ် ခံစား စံစားလိုသောကြောင့် ဖြစ်သည်။ ငါးဆယ့်ရှစ်နှစ် မတိုင်မီကသော် သူဌေးကြီးသည် လူဖြစ်လင့်ကစား၊ လူ့ဘဝ သာယာမှုကို လုံးဝ ကျောပေးခဲ့သည်။ အနားယူရန် နေ့ရွှေ့၊ လရွှေ့၊ နှစ်ရွှေ့ တစ်ရွှေ့တည်း ရွှေ့ခဲ့သည်။ အလုပ်ကို ကျုံး၍ လုပ်စဉ်က သူဌေးကြီး အပင်ပန်းခံခဲ့ပုံ၊ အဆင်းရဲခံခဲ့ပုံတို့ကို မည်သူမျှ မသိ။ သူ အလုပ်ပေးထားသော ထောင်သောင်းမကသော သူ့အလုပ်သမားများကသာ သိကြသည်။ ယခုအခါ၌ သူဌေးကြီးသည် သူ့တစ်သက်တွင် သူ မျှော်မှန်းစံထားခဲ့သော သန်းကြွယ်သူဌေးကြီးများ၏ အဆင့်အတန်းသို့ ရောက်လာပြီ။ ထို့ကြောင့် အနားယူတော့မည်ဟု ချမှတ်သော သူ့သန္နိဋ္ဌာန်သည် သင့်၏ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

သူကဲ့သို့သော သူဌေးကြီးများ၌ အကျင့်တစ်ခု ရှိသည်။ ထိုအကျင့်သည် အခြားမဟုတ်။ အနားယူကြသည့်အခါတွင် ဥရောပတိုက်သို့ လည်းကောင်း၊ အိန္ဒိယသို့ လည်းကောင်း၊ အီဂျစ်သို့ လည်းကောင်း စံရှင်ပျော်ပါး အလည်အပတ် သွားတတ်ကြခြင်း ဖြစ်သည်။ သူဌေးကြီးသည်လည်း ထိုထိုသော နောင်တော့် နောင်တော် သူဌေးကြီးများကဲ့သို့ ကျင့်သုံးချင်သည်။ နှစ်ပေါင်းများစွာ အပင်ပန်းခံခဲ့သည့်အတွက် ကမ္ဘာပေါ်တွင် ဟိုးလေးတကျော် ကျော်ဖြစ်သွားအောင် မိမိကိုယ်ကို မိမိ ဆုတော်လာဘ်တော် ချလိုက်ချင်သည်။ သူ့သူဌေးကတော်ကြီးသည် လည်းကောင်း၊ သူ့သမီးသည် လည်းကောင်း ပျော်ကြ ရှင်ကြလိမ့်မည်ဟု သူ တွေးကာ ဝမ်းမြောက်ခြင်းလည်း ဖြစ်လိုက်ချင်သေးသည်။

စင်စစ်မှာ သူဌေးကတော်ကြီးသည် ရောက်ရာအရပ်၌ ရနိုင်သော အတွေ့အကြုံ အသိအမြင် ပညာကို သော်လည်းကောင်း၊ အလှအပကို သော်လည်းကောင်း ခံယူတတ်သော မိန်းမစားမျိုးထဲက မဟုတ်ချေ။ သို့ရာတွင် လူကုံထံ အမေရိကန် အမျိုးသမီးများကဲ့သို့ ခရီးသွား ဝါသနာပါသူ ဖြစ်သည်။ သမီးသည် အရွယ်အားဖြင့် တစ်ဆိတ် ဟိုင်းပြီ။ တစ်ဖန် ရောဂါသည်ကလေးလည်း ဖြစ်ရာ ခရီးသွားလိုက်လျှင် သူ့ကျန်းမာရေးအတွက် အများကြီး ကောင်းလာမည်။ ထိုမျှသာ မကသေး။ ခရီးသွားရင်း ဖူးစာရှင်နှင့် တွေ့ချင်လျှင် တွေ့နိုင်စရာ အကြောင်းရှိသည်။ စားပွဲခုံ တစ်ခုံတည်းတွင် သန်းကြွယ် သူဌေးတစ်ဦးဦးနှင့် ဘေးချင်းယှဉ်လျက် သော်လည်းကောင်း၊ မျက်နှာချင်းဆိုင်လျက် သော်လည်းကောင်း ထိုင်မိနိုင်သည် မဟုတ်ပါလော။

သူဌေးကြီး ရေးဆွဲထားသော ကမ္ဘာလှည့် ခရီးစဉ်တွင် ကြည့်စရာ ရှုစရာ၊ ပျော်စရာ ပါးစရာ များလှပါပေသည်။ ထိုခရီးစဉ်အရ ချမ်းအေးလှသော ဆောင်းရာသီ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် သူဌေးကြီးသည် အီတလီနိုင်ငံ တောင်ပိုင်းဒေသ၏ နေခြည်နုနုနွေးနွေး အရသာကို ခံစားမည်ဟု မျှော်မှန်းထားပုံ ရသည်။ ထိုဒေသတွင် လှပတင့်တယ်သော ရှေးဟောင်း ရောမ တန်ဆောင်း ပြာသာဒ်တို့ကို လှည့်လည် ကြည့်ရှုမည်။ အီတာလျံ "တာရန်တာလာ" တေးသံ၌ ပျော်မွေ့လိုက်မည်။ နွားအိုကြိုက် မြက်နုကို ဝါးချင်းလျှင်လည်း ဝါးလိုက်မည်။ နွားအိုကြိုက် မြက်နုဆိုသည်မှာ အခြား မဟုတ်။ နေပလီမြို့သူ လှပျိုဖြူတို့၏ အပြုအစု အယုအယ ဖြစ်နိုင်သည်။ တစ်ဖန် နာမည်ကျော် နီစာမြို့တွင် ဗရင်ဂျီ ဝါဝင်ပွဲတော်၌ နွဲပျော်လိုက်မည်။

မွန်တီကာလိုမြို့သည်လည်း ကမ္ဘာကျော်မြို့ကြီး မဟုတ်လော။ ဆောင်းဝင်လာလျှင် ကမ္ဘာကျော် ကမ္ဘာ့ထိပ်သီး လက်ရွေးစင် နိုင်ငံရေးသမား အကျော်အမော်တို့သည် လည်းကောင်း၊ သူဌေး အကျော်အမော်တို့သည် လည်းကောင်း မွန်တီကာလိုသို့ ရောက်လာကြမြဲ ဖြစ်သည်။ ထိုအကျော်

အမော်တို့သည် ထီးနန်းတက်စေရေးကို လည်းကောင်း၊ ထီးနန်း စွန့်စေရေးကို လည်းကောင်း ကစားနိုင်ကြသူများ ဖြစ်သည်။ စစ်မီး တောက်စေရေးကို လည်းကောင်း၊ စစ်မီး ငြိမ်းစေရေးကို လည်းကောင်း ကစားနိုင်ကြသူများ ဖြစ်သည်။ ကမ္ဘာကြီးကို ခါးစောင်းတင်နိုင်ကြသူများ ဖြစ်သည်။ မွန်တီကာလိုမြို့တွင် ထိုအကျော်အမော် အချို့သည် မော်တော်ကား အမောင်းပြိုင်ပွဲကို ကျင်းပ ပျော်ရွှင်တတ်ကြသည်။ အချို့သည် ရွက်လှေပြိုင်ပွဲကို ကျင်းပ ပျော်ရွှင်တတ်ကြသည်။ အချို့သည် "ရူလေ" ခေါ် ကမ္ဘာကျော် စက်လှည့် အနီထောင် လောင်းတမ်းကစားမျိုးကို အိတ်သွန်ဖာမှောက် ကစားတတ်ကြသည်။ အချို့သည် ဣတ္ထိယသိုက်ရှာ၍ တူးတတ်ကြသည်။ အချို့သည် လွမ်းစရာ ပင်လယ်ပြင်နှင့် မိုးကောင်းကင်နောက်ခံတွင် သိမ်သိမ်မွေ့မွေ့ ပျံသန်းလေ့ ရှိသော ခိုအုပ်ကို သေနတ်ဖြင့် ပစ်၍ ကစားတတ်ကြသည်။ သူဌေးကြီးသည်လည်း မွန်တီကာလို၌ ထိုအကျော်အမော်တို့နှင့် ပူးတွဲပူးတွဲ လုပ်ကာ ပျော်ပျော်ပါးပါး နေလိုက်မည်။

ထို့နောက် နွေရက် နီးလာသော မတ်လတွင် ဖလော်ရင့်မြို့သို့ ကူးမည်။ ထိုမှတစ်ဖန် ရောမမြို့သို့သွား၍ "မီဇာ" ဖဲဝိုင်းတွင် ဝင်ထိုင်လိုက်ဦးမည်။ သူဌေးကြီး၏ ခရီးစဉ်တွင် သာယာသော ဗင်းနစ်မြို့လည်း ပါသည်။ ပြင်သစ်မြို့တော် လှပသော ပါရစ်လည်း ပါသည်။ စပိန်နိုင်ငံရှိ ဆယ်ဗီးမြို့က ကမ္ဘာကျော် နွားရိုင်းတိုက်ပွဲလည်း ပါသည်။ ဗြိတိန်နိုင်ငံတွင် ပင်လယ်ရေချိုးမည်။ ဂရိနိုင်ငံ၏ ရှေးဟောင်းမြို့ဖြစ်သော အက်သင်းကို ဝင်ကြည့်မည်။ တူရကီနိုင်ငံ၏ မြို့တော် ကွန့်စတင်တီနိုပယ်၌ လည်လိုက်ဦးမည်။ ပါလက်စတိုင်းပြည်ကို ဝင်ဦးမှ ဖြစ်မည်။ ထိုမှ အီဂျစ်နိုင်ငံသို့ ကူးမည်။ မိမိ၏ ဇာတိရပ်ဌာန် အမေရိကန်နိုင်ငံသို့ အပြန်တွင် ဂျပန်ဘက်က လှည့်၍၊ ဂျပန်၌ လည်ပတ်ပြီးမှ ပြန်မည်။ ထိုခရီးစဉ်ကား ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး၏ ကမ္ဘာလှည့် ခရီးစဉ်။ အို ဘယ့် ခရီးစဉ်။

နိုဝင်ဘာလအကုန်တွင် သူဌေးကြီးတို့ လိုက်ပါလာသော ပင်လယ်ကူး သင်္ဘောကြီးသည် ဥရောပတိုက်ရှိ ဂျီဘရော်လတာမြို့ဆီသို့ ဦးတည် ခုတ်မောင်းလျက် ရှိသည်။ သင်္ဘောကြီးသည် တစ်ခါတစ်ရံ မြူကို တိုး၍ လည်းကောင်း၊ တစ်ခါတစ်ရံ နှင်းမုန်တိုင်းကို ရင်ဆိုင်၍ လည်းကောင်း ခုတ်မောင်းနေရသော်လည်း တစ်ရွေးသားမျှ မဖြုန်၊ မတုန်။ မလှုပ်၊ မလူး။ ဖြူးနေသည်။ သင်္ဘောပေါ်တွင် သင်္ဘောစီး ခရီးသည်တို့သည် များစွ။ လူကုံထံ စည်းစိမ်ရှင်ခရီးသည်ချည်း ဖြစ်ကြသည်။ သင်္ဘောကြီးသည် ကမ္ဘာကျော် ထိပ်သီး "အတ္တလန်တိတ်" ခေါ် ဧရာမ ပင်လယ်ကူး သင်္ဘော ကြီး ဖြစ်သည်။ အဆောင်ဆောင် အခန်းခန်း ပါသည်။ အသုံးအဆောင် လိုလေသေး မရှိ၊ အစုံပါ၍ ဖိတ်ဖိတ်တောက်နေသည်။ ဥရောပထိပ်သီး ဟိုတယ် နန်းတော်ကြီးနှင့် တူလှလေသည်။ အရက်ဆိုင်ကို တစ်ညလုံး မိုးအလင်း ဖွင့်သည်။ ခေတ်မီ တူရကီရေချိုးခန်း ပါသည်။ နေ့စဉ် သတင်းစာ ကို သင်္ဘောပေါ်၌ ပုံနှိပ် ထုတ်ဝေသည်။

မနက်စောစော ခရာတုတ်လိုက်လျှင် ခရီးသည်တို့သည် အိပ်ရာမှ ထကြ၍ ညအိပ် ဖလန်နယ်အင်္ကျီပွကို ချွတ်ဖို့မလိုဘဲ ကိုယ့်အခန်း အသီးသီး ၌ပင် ကော်ဖီသော် လည်းကောင်း၊ ကိုကိုးသော် လည်းကောင်း၊ ချောကလက် အဖျော်သော် လည်းကောင်း ကိုယ်ကြိုက်ရာ သောက်ကြသည်။ ထို့နောက် ကျောက်ဇလားခွက်၌ ရေမိုးချိုးကြသည်။ ထို့နောက် ခံတွင်းမြိန်အောင် ကျန်းမာရေး လေ့ကျင့်ခန်းကို ပြုကြသည်။ ထို့နောက် နံနက်စာ စားကြ သည်။ ထို့နောက် ၁၁ နာရီအထိ သင်္ဘောကုန်းပတ်ပေါ်၌ လမ်းလျှောက်သူက လျှောက်၍၊ ပင်လယ်လေ ရှူသူက ရှူ၍၊ အားကစားမျိုးစုံကို ကစားသူက ကစားသည်။ သို့မှသာ နေ့လယ်စာအတွက် ခံတွင်းမြိန်ကြဦးမည် မဟုတ် ပါလော။ ၁၁ နာရီ အချိန်တွင် ပြင်သစ်ဟင်းချိုနှင့် အသားမုန့်ကို အဆာပြေ

စားလိုက်ကြသည်။ ထို့နောက် သတင်းစာဖတ်ကာ နေ့လယ်စာ စားချိန်ကို စောင့်ကြသည်။ နေ့လယ်စာသည် နံနက်စာထက် ပို၍ စုံလည်းစုံသည်။ ဖွယ်ဖွယ်ရာရာလည်း ဖြစ်၍ အရသာလည်း ရှိသည်။ ထို့နောက် နှစ်နာရီကြာမျှ နေနား လဲလျောင်းကြသည်။ ထိုအချိန်တွင် သင်္ဘောကုန်းပတ်တစ်ခုလုံးသည် ဆိုဖာ ကုလားထိုင်များဖြင့် အပြည့်ဖြစ်၍ ခရီးသည်တိုင်းသည် ကုလားထိုင် ကိုယ်စီနှင့် ဖြစ်သည်။ ခရီးသည်အချို့သည် ဆိုဖာကုလားထိုင်၌ ပက်လက်လှန်ကာ ကောင်းကင်ကသိုဏ်း ရှုနေကြသကဲ့သို့ ဖြစ်၍ အချို့လည်း ငိုက်မျဉ်းကြသည်။ ညနေ ၅ နာရီထိုးသောအခါ လက်ဖက်ရည်သောက်၍ အသားမုန့်ကို စားကြသဖြင့် လန်းဆန်းလာကြပြန်သည်။ ၇ နာရီ ထိုးသောအခါ ခရာတုတ်ပြန်သည်။ ညစာ စားချိန်တန်ပါပြီ၊ ဟင်းလျာကိုးမျိုး ပါပါသည်၊ ကြွတော်မူနိုင်ကြပါပြီဟု ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ခရာသံကို ကြားသောအခါ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးသည် ရှင်အားရ၍ ထမင်းစားပွဲအတွက် အဝတ်လဲရန် ခံ့ညားထယ်ဝါလှသော မိမိ၏ အခန်းသို့ ပြန်သည်။

မိုးချုပ်ပြီ။ သင်္ဘောပေါ်ရှိ အခန်းခန်း အဆောင်ဆောင်တို့တွင် ဓာတ်မီး တထိန်ထိန် ထွန်းထားသဖြင့် သင်္ဘောကြီးသည် ပတ်ဝန်းကျင်အမှောင်ထုကို မျက်စိပေါင်းများစွာဖြင့် စူးစူးစိုက်စိုက် ကြည့်နေသကဲ့သို့ ဖြစ်သည်။ သင်္ဘောထဲတွင် စားဖိုခန်းကြီး၌ လည်းကောင်း၊ စားဖိုစနုဆောင်၌ လည်းကောင်း၊ အရက်စုံ စတိုခန်း၌ လည်းကောင်း စားတော်ချက်နှင့် စားပွဲထိုးတို့သည် ခြေချင်းလိမ်မတတ် များပြား၍ စည်းစိမ်ရှင်တို့အတွက် မရပ်မနား အလုပ်များလျက် ရှိကြသည်။ သင်္ဘောအပြင်၌ လေလှိုင်းတို့သည် ပြင်းထန်လှသည်။ သို့ရာတွင် လေလှိုင်းအကြောင်းကို မည်သူမျှ ထည့်၍ မစဉ်းစား။ သင်္ဘောကပ္ပတိန်၏လက်၌ အပ်ထားလိုက်ကြသည်။ ကပ္ပတိန်သည် ဆံပင် နီကြောင်ကြောင်နှင့် ဖြစ်သည်။ ခွန်အားဗလနှင့် ပြည့်စုံ၍

လေးလုံး ခြောက်ဖက်ဖြစ်သည်။ ရွှေပြားအနားကွပ် ကပ္ပတိန်မျဉ်းရှည် အင်္ကျီဖြင့် ခံ့ညားလှသည်။ သူ့ကို အားလုံးက လိုက်ကြည့်ကြရသည်။ သင်္ဘောဘုရားပေတည်း။ သင်္ဘောဘုရားကို ခဏခဏ မြင်ကြရသည် မဟုတ်ချေ။ တစ်ခါတစ်ရံသာ မြင်ကြရသည်။ မြင်ကြရပြန်ပါလည်း ဘယ်နေရာက သူ ထွက်လာ၍၊ ဘယ်နေရာသို့ သူ ဝင်သွားမှန်း မသိသူက များသဖြင့် ထူးဆန်းလှလေသည်။

သင်္ဘောဦးပိုင်းတွင် စူးစူးရှရှမြည်သော ဥဩ တပ်ဆင်ထားသည်။ ညခရီး ဖြစ်သဖြင့် သင်္ဘောဥဩသည် နားငြီးစရာကောင်းလောက်အောင် မနားတမ်း မြည်သည်။ သို့ရာတွင် ထမင်းစားခန်းကြီးထဲသို့ ရောက်လာကြသော ခရီးသည်တို့သည် ဥဩသံကို မကြားကြရ။ ဥဩသံကို ထမင်းစားခန်း လူစုံလက်စုံ တူရိယာ တီးဝိုင်းကြီးမှ ငြိမ့်ငြိမ့်ညောင်းညောင်း ပေါ်ထွက်လာသော ဂီတတေးသံက ဖြိုခွင်း နှိမ်နင်းလိုက်သည်။ ထမင်းစားခန်း တစ်ခန်းလုံးကို စကျင်ကျောက်သား ပန်းတမော့ အနုလက်ရာတို့ဖြင့် ရွှန်းရွှန်းဝေအောင် မွမ်းမံဆင်ယင် တန်ဆာဆင်၍ ရွှေချထားသည်။ အခင်းသည် နူးညံ့လှသော ကတ္တီပါ ကော်ဇောဖြစ်သည်။ ခြေချလိုက်လျှင် အိသွားသည်။ ဓာတ်မီးရောင်သည် ခန်းလုံးနံ့ ထိန်နေသည်။ အမျိုးသမီးတို့သည် စိန်တဝင်းဝင်းနှင့် ဟန်ထုတ်ဇန်းပြလျက် နေကြသည်။ အမျိုးသားတို့သည် ပွဲတက်အင်္ကျီ ဖြူဖြူစင်စင်နှင့် ပျားပန်းခတ်သကဲ့သို့ သွားလာလှုပ်ရှား နေကြသည်။ စားပွဲထိုးနှင့် စားပွဲထိုး အကြီးအကဲတို့သည် မတိုးမိ၊ မတိုက်မိအောင် တိမ်းကာ ယိမ်းကာ သိမ်သိမ်မွေ့မွေ့ ရိုရိုသေသေ သွားကြရသည်။ သူတို့အထဲတွင် ဝိုင်အရက်သက်သက်နှင့်သာ ဆိုင်သော စားပွဲထိုးသည် မြို့တော်ဝန်ကဲ့သို့ လည်ပင်း၌ ဘယက်ခွက်ကို ဆွဲဆင်ထားသည်။ ဧည့်သည်တို့ သွားရာသို့ လိုက်လျက် ဝိုင်အရက် အတောင်းအမှာတို့ကို သူက လက်ခံရသည်။

ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးသည် ပွဲတက်အင်္ကျီ ဖြူဖြူစင်စင်ကို ဝတ်ဆင်၍ ထမင်းစားခန်းထဲသို့ ဝင်လာသောအခါ နုပျိုသွားသည်ဟု ထင်ရသည်။ အရပ်အမောင်း မရှိသော်လည်း ပုကွကွလည်း မဟုတ်ချေ။ ကိုယ်လုံးကိုယ်ပေါက်သည် တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ သို့ရာတွင် သူ့ကိုယ်သူ ချောနေ၊ မွတ်နေ၊ ပြောင်နေအောင် သ ထားသည်။ စိန်ရောင်၊ ပုလဲရောင် တောက်နေသော၊ ကြငှန်းဆောင်၊ နန်းဆောင်တမျှ လှပသော ထမင်းစားခန်းမကြီးတွင် သူဌေးကြီးသည် သူ့စားပွဲ၌ အကျ ထိုင်လိုက်သည်။ စားပွဲပေါ်တွင် ပယင်းရောင် ဝီစကီပုလင်းသည် အသုံးတော်ခံရန် အသင့် ဖြစ်နေပြီ။ ဖန်ခွက် ကြီးငယ် အသွယ်သွယ်တို့သည် ပုစုခရု များလှပါပေသည်။ စားပွဲပေါ်ရှိ ပန်းအိုးက ပန်းရနံ့သည် ကြိုင်လှပေသည်။ သူဌေးကြီး၏ မျက်နှာသည် ဝိုင်း၍ ပါးစုံ့ကြီးနှင့် ဖြစ်သည်။ ငွေရောင်သန်းနေသော နှုတ်ခမ်းမွေးကို ညီညီညာညာ တိထားသည်။ ပါးစပ်ကို ဟ လိုက်တိုင်း ရွှေသွားသည် ဝင်းခနဲ လက်သည်။ ထိပ်ပြောင်နေသည်မှာ ဆင်စွယ်သား ကျနေသည်။ သူဌေးကတော်ကြီးသည် ခပ်ဖိုင့်ဖိုင့် ဖြစ်သည်။ သူဌေးကတော်ကြီးပီပီ ဣန္ဒြေကြီးလှပေသည်။ သူဌေးကြီး၏သမီးသည် သေးသေးသွယ်သွယ်၊ ပါးပါးလျားလျား ဖြစ်သည်။ သို့ရာတွင် ဆံပင် သန်လှပါပေသည်။ ကြည့်ရသည်မှာ ဆန်းဆန်းပြားပြား မဟုတ်။ ရိုးရိုးသားသား ဖြစ်သည်။ သို့ရာတွင် ဝတ်ပုံဆင်ပုံသည် ယဉ်စစ ရှိသည်။ နှုတ်ခမ်းနားတွင် မှဲ့ငယ်တစ်လုံး ရှိသဖြင့် တစ်မျိုးကြည့်၍ လှသည်။

ညစာ စားကြသည်မှာ နှစ်နာရီမျှ ကြာသည်။ ပြီးကြသောအခါ ဘောလ်ဒန့်ခေါ် စုံတွဲက ခန်းဆောင်ကြီးသို့ ကူးကြ၍ ကိုယ့်အတွဲနှင့်ကိုယ် ကကြသည်။ အမျိုးသားအချို့သည် အရက်ခန်းသို့ သွားကြသည်။ အရက်စားပွဲထိုးများသည် ကပ္ပလီများ ဖြစ်သည်။ အင်္ကျီအနီ ဆင်တူ ဝတ်ထားကြသည်။ သူတို့ကို ကြည့်လိုက်လျှင် အဖြူဟူ၍ မျက်စိနေရာ၌သာ မြင်ရ

သည်။ ထိုနေရာသည် အခွံနွှာထားသော ကြက်ဥပြုတ်နှင့် တူလှသည်။ အရက်ခန်းတွင် ခရီးသည် အမျိုးသားတို့သည် ဟာဗာနာ ဆေးပြင်းလိပ်ကို ဖွာလိုက်၊ အရက်ချိုကို တစ်ကျိုက် နှစ်ကျိုက် မျိုလိုက် ဓိမ်ခံရင်း အချင်းချင်း မိတ်ဆွေဖွဲ့၍ စကားစမြည် ပြောကြသည်။ နောက်ဆုံး ကြားရသော ကမ္ဘာ့ နိုင်ငံရေးသတင်း၊ စီးပွားရေးသတင်းတို့ကို အခြေခံလျက် ထိုစကားဝိုင်း များ၌ နိုင်ငံတကာ၏ ကံကြမ္မာကို ဖန်တီးလိုက်ကြသည်။

သင်္ဘောကြီး၏ အပေါ်တွင် အမှောင်ထုသည် တောင်ကဲ့သို့ ကြီးမား သည်။ မုန်တိုင်းသည် ထန်သည်။ သင်္ဘောကြီး၏ ဝမ်းအတွင်းရှိ စက်ခန်း၌ မီးထိုးသမားတို့သည် ဘွိုင်လာ မီးဖိုအတွင်းသို့ ကျောက်မီးသွေးများကို ချွေးတဒီးဒီးနှင့် မနေမနား ပစ်၍ ကျွေးနေကြရသည်။ အထက်ထပ် စည်းစိမ်ရှင်တို့၏ အရက်ခန်း၌ကား အရက်ကလေး တစ်ကျိုက်နှစ်ကျိုက်၊ ဆေးပြင်းလိပ် တစ်ရှိုက် နှစ်ရှိုက် သိုက်မြိုက်လှပါပေသည်။ ပြောကြ ဆိုကြ ဆွေးနွေးကြရာတွင် ယဉ်သန့် ခန့်လှသော စကားလုံးများကို ပုလဲတစ်လုံး၊ ရွှေတစ်လုံး သီကုံးဘိသကဲ့သို့ ရွေး၍ သုံးတတ်ကြပါပေသည်။ စုံတွဲက ခန်းဆောင်ကြီးတွင် ကြည့်လေရာရာ၌ အရွှင်၊ မြင်လေရာရာ၌ အလှ၊ ကကြ ခုန်ကြ၊ ပျော်ကြ ပါးကြ အားရစရာ ဖြစ်သည်။ စုံတွဲ ဒွယ်ဒွယ်တို့သည် တစ်ခါတစ်ရံ ဝေါ့ဇာတေးသံဖြင့် လှည့်ကာဝိုက်ကာ ကကြသည်။ တစ်ခါ တစ်ရံ တင်ဂိုတေးသံဖြင့် ယိမ်းကာယိုင်ကာ ကကြသည်။ ထိုနေရာတွင် ကမ္ဘာကျော် သံအမတ်ကြီးကို မြင်လိုက်ရသည်။ ပိန်ပိန်ပါးပါး၊ စကားကြွယ် ကြွယ်၊ အသက်အရွယ် မငယ်လှသော်လည်း သွက်လက်ချက်ချာလှသည်။ ဤနေရာတွင် သူဌေးတစ်ဦးကို မြင်လိုက်ရသည်။ အရီးအရပ်ရှည်ရှည်၊ အရွယ်ကို မခန့်မှန်းတတ်။ သူ ဝတ်ပုံစားပုံသည် ရှေးဆန်လှသည်။ ထိုနေရာ တွင် နာမည်ကျော် စပိန်အမျိုးသား စာရေးဆရာကြီးကို မြင်လိုက်ရသည်။ ဤနေရာတွင် ကမ္ဘာ့အလှဘုရင်မ မယ်စကြဝဠာကို မြင်လိုက်ရသည်။

ကလက်သည်ဟု ဆိုကြသည်။ ငွေပေး၍ ရသည်ဟု ဆိုကြသည်။ စုံတွဲက ခန်းဆောင်၌ မြင်ရသည့်အထဲတွင် စုံတွဲတစ်တွဲသည် ကျက်သရေရှိလှသည်။ သမီးရည်းစား ဖြစ်သည်ဟု ပြောကြသည်။ သူတို့စုံတွဲကို အားလုံးက ငေး၍ ကြည့်ကြရသည်။ က ကြသည့်အခါတိုင်း မည်သူနှင့်မျှ မတွဲ။ သူတို့ချင်း တွဲ၍သာ ကကြသည်။ ကတိုင်းလည်း ယဉ်ယဉ်ကျေးကျေး ရှိပါပေသည်။ သူတို့ စုံတွဲအကြောင်းကို မည်သူမျှ သိကြပုံ မရချေ။ သင်္ဘောကပ္ပိတန်တစ်ဦးသာ သိသည်။ သူတို့နှစ်ဦးသည် အခြားမဟုတ်။ သင်္ဘောပေါ်တွင် ခရီးသည်များ သွားရည်ယိုလောက်အောင် ချစ်တမ်းကြိုက်တမ်း ကစားပြရမည်ဟု သင်္ဘောကုမ္ပဏီက အခပေး၍ သင်္ဘောကြော်ငြာ အဖြစ်ဖြင့် အငှားထည့်လိုက်သော စည်းစိမ်ရှင် ခရီးသည်အယောင်ဆောင် နှစ်ဦးသာ ဖြစ်သည်။ ထိုစုံတွဲသည် ကုမ္ပဏီပိုင် သင်္ဘောတစ်စင်းမှ တစ်စင်းသို့ ကူးပြောင်းကာ ခရီးသည်တို့ကို လှည့်စားနေကြရသူများ ဖြစ်သည်။

## ၃

ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးတို့ စီးနင်းလိုက်ပါလာသော "အတ္တလန်တိတ်" သင်္ဘောကြီးသည် ဂျီဘရော်လတာမြို့ ဆိပ်ကမ်း၌ ကပ်ပြီ။

ဂျီဘရော်လတာတွင် နေခြည်နုနုနွေးနွေး၏ အထိအတွေ့ကို ရကြသဖြင့် ခရီးသည်တို့သည် ဝမ်းသာကြသည်။ နွေဦးရာသီ၏ အရသာကို ခံစားလိုက်ကြရဘိသကဲ့သို့ ဖြစ်သည်။ ဂျီဘရော်လတာမှ ခရီးသည်သစ်တစ်ဦး တက်လာသည်။ ထိုခရီးသည်ကို သင်္ဘောပါ ခရီးသည်အပေါင်းက ဝိုင်း၍ ကြည့်ကြရသည်။ ထိုခရီးသည်သည် အခမ်းအနား အဆောင်အယောင် မပါဘဲ ခရီးလှည့်နေသော အာရှတိုက်က မဟာမျိုး မဟာနွယ် မင်းသားတစ်ပါး ဖြစ်သည်။ ကြည့်ရသည်မှာ အမူအရာ ဖျတ်လတ်သော်လည်း မျက်နှာသည် အေးစက်စက် နိုင်လှသည်။ မျက်နှာဝိုင်းသည်။ မျက်ပေါက်

ကျဉ်းသည်။ ရွှေမျက်မှန်နှင့် ဖြစ်သည်။ သူ့နှုတ်ခမ်းမွေးသည် ရှည်၍ ကျိုးတိုး ကျဲတဲဖြစ်ရာ ကြည့်ရသည်မှာ ငေါ်တော်တော် ဖြစ်သည်။ သို့ရာတွင် သိမ်သိမ် မွေ့မွေ့ ရှိ၍ ရိုးပုံရသည်။

ထို့နောက် သင်္ဘောကြီးသည် ဂျီဘရော်လတာမြို့မှ ခွာ၍ မြေထဲ ပင်လယ်ထဲသို့ ဝင်သည်။ ထို့ကြောင့် ဥရောပ ဆောင်းလေအေး သွေးလာ သည်။ လှိုင်းကြီးလာသည်။ လှိုင်းခေါင်းဖြူများကို ခဏခဏ မြင်လာရသည်။ ဒုတိယမြောက်နေ့တွင် ကောင်းကင်သည် ကြည်လင်နေရာမှ မှိန်တိန်တိန် ဖြစ်လာသည်။ သို့ရာတွင် မျက်စိတဆုံး၌ မြူဆိုင်းနေသည်ဖြစ်ရာ ကုန်းမြေနှင့် နီးလာသော အရိပ်အရောင် ပေါ်လာသည်။ များမကြာမီ အီရှီယာကျွန်းနှင့် ကာပရီကျွန်းတို့ကို ခပ်ရေးရေး မြင်လာရသည်။ မှန်ပြောင်းဖြင့် ကြည့်သော အခါ ထိုကျွန်း နှစ်ကျွန်း၏ အနောက်ဘက်တွင် အီတလီကမ်းခြေကို မြင်ရသည်။ ကမ်းခြေ တစ်နေရာတွင် အန်စာပုံ သကြားခဲများကို ကန်းစီထား သကဲ့သို့ ဖြူဖြူဖွေးဖွေး အရာတို့ကို မြင်ရသည်။ ထိုအရာစုသည် ကမ္ဘာကျော် အီတလီဆိပ်ကမ်းမြို့ နေပလီ ဖြစ်သည်။ ကြည့်ရင်း ကြည့်ရင်း ကုန်းမြေ နှင့် နီးလာသည်။ ထိုအခါ ခရီးသည် အားလုံးသည် သင်္ဘောကုန်းပတ်စွင် ရောက်နှင့်နေကြလေပြီ။ အမျိုးသမီးတို့သည် ပေါ့ပေါ့ပါးပါး အဝတ်ကို ဝတ်ဆင်လာကြသည်။ သားမွေးပါလျှင် သားမွေးကို အတွင်း၌ မထား တော့ဘဲ အပသို့ ထုတ်ထားကြသည်။ အမျိုးသားတို့လည်း ပေါ့ပါးသော အဝတ်ကိုပင် ဝတ်ဆင်လာကြသည်။ ခရီးသည်တို့သည် နေပလီမြို့ဆီသို့ လှမ်းကြည့်နေကြစဉ် သင်္ဘော အလုပ်သမားများဖြစ်ကြသော အခန်းစောင့် တရုတ်လူငယ်များသည် ခရီးသည်များ၏ ပစ္စည်းများကို လှေကားဆီသို့ နည်းနည်းစီ သယ်ယူလာကြသည်။ ပစ္စည်းများအနက် သိုးမွေးခြုံထည် အမျိုးမျိုး ပါသည်။ ကြိမ် လက်ကိုင်တုတ် အမျိုးမျိုး ပါသည်။ အဖိုးတန် မိကျောင်းရေ ကွပ်ထားသော လက်ကိုင်နှင့် သားရေအိတ်များလည်း ပါကြ

သည်။ တရုတ်လူငယ် အလုပ်သမားများတွင် ခြေဖနောင့်အထိ ကျစ်ဆံမြီးများကို ချထားသည်။ သူတို့ အလုပ်လုပ်ကြသည်မှာ ဆူဆူညံညံ မဟုတ်။ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဖြစ်သည်။ စကားပြောသည့်အခါ၌ တိုးတိုးသက်သာ ပြောကြသည်။

ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး၏ သမီးသည် ဂျီဘရော်လတာမှ တက်လာသော မင်းသားအနီး၌ ရပ်နေသည်။ ကံကောင်းထောက်မသဖြင့် မင်းသားသည် မနေ့ညကမှ သူဌေးကြီး၏သမီးနှင့် အသိအကျွမ်း ဖြစ်သည်။ မင်းသားသည် ကမ်းခြေဆီသို့ လက်ညှိုးထိုးလျက် သူဌေးကြီး၏သမီးအား ပြောပြနေသည်။ သူဌေးကြီး၏ သမီးကလည်း လက်ညှိုးညွှန်ရာအရပ်ဆီသို့ မျှော်လျက် မင်းသား၏စကား၌ စိတ်ဝင်စားနေသည်ဟု ထင်ရသည်။ စင်စစ်မှာ မင်းသားပြောသော အင်္ဂလိပ်စကားကို သဲသဲကွဲကွဲ နားမလည်ဘဲ နားထောင်နေခြင်းသာ ဖြစ်သည်။ သို့ရာတွင် မိမိနှင့် စကားပြောနေသော သူသည် သာမန်မဟုတ်။ မဟာဆီ မဟာသွေး ဖြစ်ပေသည်တကားဟု သွေးနားထင်ရောက်ကာ ရင်ခုန်ရသော အရသာကို သူဌေးကြီး၏သမီး ခံစားနေပုံ ရသည်။ သူဌေးကြီးသည် ပိုးသားဦးထုပ်ကို ဆောင်းလျက်၊ သားရေပြောင် ရှူးဖိနပ်ကို စီးလျက်၊ အလှဘုရင်မ မယ်စကြဝဠာကို မျက်ခြည်မပြတ် လှမ်း၍လှမ်း၍ ကြည့်သည်။ မယ်စကြာဝဠာကလည်း လှပါပေသည်။ ချောပါပေသည်။ ယဉ်ပါပေသည်။ ကျလောက်ပါပေသည်။ အသားသည် ရွှေရောင်ဖြစ်သည်။ မျက်လုံး နီလာသွေးကို ပါရစ်မြို့သူ ဖက်ရှင်မယ်ကဲ့သို့ ခြယ်ထားသည်။ ခွေးပုကလေး၏ လည်ပင်းက ငွေသံကြိုးကို ကိုင်လျက် ခွေးပုကလေးနှင့် တွတ်တီးတွတ်တာ စကားပြောနေလိုက်သည်မှာ မက်လောက်စရာပင်။ သူဌေးကြီး၏သမီးသည် သူ့အဖေ၏ အမူအရာကို မြင်သောအခါ မနေတတ် မထိုင်တတ် ရှိုးတိုးရှန့်တန့် ဖြစ်၍ မမြင်ချင်ယောင် ဆောင်နေရရှာသည်။

သူဌေးကြီးသည် ခရီးသွားနေသည့် အခိုက်အတန့်တွင် လူကုံထံ အမေရိကန်သားပီပီ အလွန် ရက်ရောသည်။ စားစရာ သောက်စရာတို့ကို တရိုတသေ ယူလာတတ်သူကို လည်းကောင်း၊ မိုးလင်းမှ မိုးချုပ်အထိ သူ့ အလိုက်ကို သိ၍ အလုပ်အကျွေး ပြုတတ်သောသူကို လည်းကောင်း၊ သူ့ အိပ်ရာ နေရာတို့ကို သန့်သန့်ရှင်းရှင်း ပြုပြင်စီမံ စောင့်ရှောက်ပေးတတ် သောသူကို လည်းကောင်း၊ သူ့ပစ္စည်းများကို နေရာတကျ စီစဉ်၍ အထမ်း သမားကိုခေါ်၍ ဟိုတယ်ဆိုင်အရောက် ပို့ပေးတတ်သော သူကို လည်း ကောင်း၊ ဂါရဝေါစ နိဝါတောစ တရား သိတတ်ကြသူများပေတကားဟု ယူဆ၍ ထိုသို့သော သူများအပေါ်၌ အလွန် ရက်ရောသည်။ ထို့ကြောင့် သူ သွားလေရာ အရပ်တိုင်း၌ အပြုအစု ခံရသည်။ သင်္ဘောပေါ်၌လည်း အပြုအစု ခံရသည်။ နေပလီမြို့ကြီးသို့ ရောက်လျှင်လည်း အပြုအစု ခံရဦးမည် ဖြစ်သည်။

သင်္ဘောကြီးသည် နေပလီမြို့နှင့် နီးသည်ထက် နီးလာပြီ။ သင်္ဘောပါ ချိုတေးသံအဖွဲ့သည် ချက်ချင်း ကုန်းပတ်သို့ ရောက်လာ၍ တစ်ခဲနက်သော စစ်ချီတေးသံကို တီးမှုတ်ကြသည်။ ထိုအခါ သင်္ဘောကပ္ပိတိန် လေးလုံး ခြောက်ဖက်ကြီးသည် ကပ္ပိတိန်ဝတ်စုံပြည့် ဆင်မြန်းကာ ရုတ်တရက် ပေါ်လာ၍ နေပလီမြို့သို့ ဆင်းကြမည့် ခရီးသည်များအား လက်ပြကာ နှုတ်ခွန်းဆက်ရှာသည်။ စစ်ချီတေးသံကို ကြားသောအခါ ဆန်ဖရန်စစ္စကိုမြို့ က သူဌေးကြီး၏ စိတ်ထဲတွင် သူ့အား ဂုဏ်ပြုလိုသောကြောင့် အမေရိကန် ပြည်သားတို့ အလွန်ဂုဏ်ယူကြသော စစ်ချီတေးသံကို တစ်ခဲနက် တီးမှုတ် လိုက်ကြသည်ဟု အထင်ရောက်လိုက်သည်။ နေပလီသို့ သူ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သည်ကို ခံ့ညားထည်ဝါလှသော ကပ္ပိတိန်ကြီးက ဝမ်းသာ လှသဖြင့် သူ့ကို လက်ပြကာ နှုတ်ခွန်းဆက်နေသည်ဟုလည်း အထင်ရောက် ၍ အကျေနပ်ကြီး ကျေနပ်လိုက်သည်။ သူဌေးကြီးသာမက အခြား ခရီး

သည်တို့သည်လည်း သူကဲ့သို့ အကျေနပ်ကြီး ကျေနပ်ကြသည်။ သင်္ဘောကြီး သည် ဆိပ်ခံ၌ ကပ်ပြီ။ လှေကားကို ထောင်လိုက်ကြပြီ။ ချက်ချင်းပင် အထမ်းသမားများသည် လည်းကောင်း၊ ရွှေဦးထုပ်ဆောင်း အထမ်း အကြီးအကဲများသည် လည်းကောင်း၊ ဟိုတယ်များမှ လွှတ်ထားသော ရွှေကြို များသည် လည်းကောင်း၊ သင်္ဘောဆိပ် တေလေကလေးများသည် လည်း ကောင်း၊ ရုပ်စုံပို့စကတ် ကိုင်လာကြသော အစုတ်တစ်ရာ အဖာဗရပျစ်နှင့် ဈေးသည်များသည် လည်းကောင်း သူဌေးကြီးဆီသို့ တိုးခွေ့ ပြေးဝင်လာ ကြ၍ သူ့ကို ခိုင်းပါ၊ ငါ့ကို ခိုင်းပါဟု တကျည်ကျည် တကျာကျာ ဝိုင်းအုံ ဈေးခေါ်ကြသည်။ သူဌေးကြီးသည် ရုပ်စုံပို့စကတ် ကိုင်လာကြသော သူများ ကို စက်ဆုပ်သော အပြုံးဖြင့် တစ်ချက် ကြည့်လိုက်သည်။ ထိုအချိန်တွင် သင်္ဘောမှ ဆင်းလာသော မင်းသားသည် ထိပ်တန်းဟိုတယ်တစ်ခုမှ လွှတ် ထားသော ထိပ်တန်း မော်တော်ကားတစ်စင်းကို ငှားနေသည်ဖြစ်ရာ သူဌေး ကြီးသည်လည်း ထိုဟိုတယ်မှ လွှတ်ထားသော အခြားမော်တော်ကား တစ်စင်းကို ငှားလိုက်သည်။ သူဌေးကြီးကို ဝိုင်းအုံနေကြသူများသည် အုံကြတုန်းဖြစ်ရာ သူဌေးကြီးသည် ‘မလိုချင်ဘူး၊ မလိုချင်ဘူး။ သွားကြ၊ သွားကြ’ ဟု အင်္ဂလိပ်ဘာသာဖြင့်လည်း ပြော၍ အီတာလျံဘာသာ ဖြင့်လည်း ပြောလိုက်သည်။

## ၄

သူဌေးကြီးတို့သည် နေပလီမြို့သို့ ရောက်လာကြပြီ။ ရောက်လာကြသော အခါ နေပလီမြို့တွင် နေပလီအမှုအရာ အလေ့အထတို့ကို မြင်ကြရသည်။ နောက်တစ်နေ့နံနက်တွင် မိုးအုံ့နေသောကြောင့် ဟိုတယ်ရှိ ခပ်မှိန်မှိန် ထမင်း စားခန်း၌ နံနက်စာ စားကြသည်။ ပြတင်းမှ အပြင်သို့ကြည့်လျှင် ဥယျာဉ် စိမ်းစိမ်းလန်းလန်းကို မြင်ရသည်။ ဟိုတယ်အဝင်ဝ ခန်းမကြီးတွင် လမ်းပြ

ရွှေကြိုတစ်အုပ်ကြီး ရောက်နေနှင့်ကြသည်။ အတန်ကြာသော် နေပွင့်လာသည်။ ခရီးသည်တို့သည် မြို့ကို လှည့်ပတ်ကြည့်ရှုရန် ခရီးထွက်ကြပြီ။ သူဌေးကြီးတို့လည်း ခရီးထွက်ကြပြီ။

မျှော်စင်မှ မျှော်ကြည့်သောအခါ ဗဆူးဗီးယပ် မီးတောင်ကို မြင်ကြသည်။ တောင်အထွတ်ကိုသာ မြင်ကြရသည်။ တောင်အခြေကား မြူဖုံးလျက်ရှိသည်။ နေပလီ၏ တစ်ဖက်သို့ ကြည့်လိုက်လျှင် ပင်လယ်ပြင်ကို မြင်ကြသည်။ ပင်လယ်ပြင်တွင် ငွေရောင် ဝဲခနောင်း၊ ပုလဲရောင် ဝဲခနောင်းတို့ ကတော့ထိုးလျက် ရှိကြသည်။ ပင်လယ်ပြင် မျက်စိတဆုံးတွင် ကာပရီကျွန်းငယ်ကို မြင်ကြသည်။ နေပလီလမ်းပေါ်တွင် မြည်းနှစ်ကောင်တပ် မြည်းလှည်းကို မြင်ကြသည်။ ထိုမြည်းလှည်းသည် နေပလီကမ်းခြေရှိ ဗွက်ထနေသော ကုန်တင်ကုန်ချ မြေကွက်ဆီသို့ မောင်းသွားသည်။ မြိုင်မြိုင်ဆိုင်ဆိုင် ဘင်ခရာ တီးမှုတ်ကာ ချီတက်သွားသော အီတာလျံစစ်သည် လူပိန်လူသေး တပ်စုတစ်စုကို မြင်ကြသည်။ ထို့နောက် ရှေးဟောင်းပြတိုက်သို့ သွား၍ ကြည့်ကြသည်။ ပြတိုက်သည် သန့်သန့်ရှင်းရှင်း ရှိပါ၏။ သို့ရာတွင် ပရိသတ်ပါးလှသည်။ ပြတိုက်အတွင်းတွင် လင်းလင်းကျင်းကျင်း မရှိ။ မှောင်သည်။ ထို့နောက် ဘုရားရှိခိုးကျောင်းသို့ သွားကြသည်။ အတွင်းတွင် ဖယောင်းနံ့နံ့လှသည်။ ရောက်သည့် ဘုရားရှိခိုးကျောင်းတိုင်း၌ ဖယောင်းနံ့ နံ့သည်ချည်းဖြစ်သည်။ ကျောင်းအဝင်ဝတိုင်းသည် မြင့်မား၍ ခံ့ညားလှပါ၏။ သို့ရာတွင် အတွင်းသို့ ဝင်သွားလျှင် ဖယောင်းတိုင် ထွန်းထားသည်ကိုသာ မြင်ရသည်။ ချောက်ကပ်ကပ် နိုင်လှသည်။ ဤသို့ဖြင့် မွန်းလွဲ တစ်နာရီဘက်သို့ နီးလာသည်။

တစ်နာရီ ထိုးသောအခါ စန်မာတိနိ တောင်ကုန်းပေါ်မှာ နေ့လယ်စာ စားကြသည်။ ဤနေရာသည် အငြိမ်းဖြေ လူကုံထံ သူဌေးသူကြွယ်တို့လာရောက် စားသောက်ကြရာ နေရာဖြစ်သည်။ ဤနေရာတွင် ဆန်ဖရန်

စစ္စကိုမြို့က သူဌေးကြီး၏သမီးသည် ဝမ်းသာလုံးဆို့၍ မေ့မြောသွားမတတ် ဖြစ်လိုက်သည်။ ထမင်းစားခန်းရှိ ထောင့်တစ်ထောင့်တွင် သင်္ဘောပေါ်မှာ တွေ့ခဲ့သော မဟာဆီ မဟာသွေး မင်းသားကို မြင်လိုက်ရသည်ဟု ထင်မိသောကြောင့် ဖြစ်သည်။ စင်စစ်မှာ ထိုမင်းသားသည် ရောမမြို့သို့ ထွက်ခွာသွားပြီဖြစ်ကြောင်းကို နံနက်သတင်းစာတွင် သူဌေးကြီး၏သမီး ဖတ်ပြီးသည်သာ ဖြစ်သည်။ ထို့နောက် ဟိုတယ်သို့ ပြန်ကြသည်။ ဟိုတယ်တွင် ငါးနာရီထိုးသောအခါ လက်ဖက်ရည် သောက်ကြသည်။ လက်ဖက်ရည် သောက်ကြသော အခန်းသည် ကော်ဇောအပြည့်နှင့် တင့်တယ် ခမ်းနားလှသည်။ အတန်ကြာသောအခါ ညစာစားရန် ပြင်ကြပြန်ပြီ။ ဤအခါတွင် ခရာသံမဟုတ်။ နှောင်နင်းသံကို ကြားရသည်။ မရှေးမနှောင်း အချိန်မှာပင် ဗိုး၊ ဖဲ၊ ကတ္တီပါ တရှွန်းရှွန်းနှင့် လူကုံထံ အမျိုးသမီးတစ်စု လှေကားမြင့်မြင့်မှ တဝင့်ဝင့် ဆင်းလာကြသည်။ ကိုယ်လုံးပေါ် မှန်ကြီးများတွင် ဝင်းခနဲ လက်ခနဲ အရိပ်ထင်လာကြသည်။ ဟိုတယ် ထမင်းစားခန်းသို့ ဝင်ကြရပြန်ပြီ။ တေးဂီတတို့ကလည်း မြည်ကြရပြန်ပြီ။ စားပွဲထိုးများသည်လည်း ပျားပန်းခတ်ကြရပြန်ပြီ။ စွပ်ပြုတ် ဟင်းချို၊ သားငါး၊ အကျစ် အကြော်၊ အလှော်၊ အပေါင်း၊ အချိုအချဉ်တို့ကလည်း တစ်မျိုးပြီးတစ်မျိုး ရောက်လာကြရပြန်ပြီ။ ဝိုင်၊ ဗြန်ဒီ၊ သစ်သီး၊ သကြားလုံး၊ တော်ဖီ၊ ချောကလက်တို့ကလည်း ရောက်လာကြရပြန်ပြီ။ ည ၁၁ နာရီ ထိုးပြီးခါနီးမှ စားမှုသောက်မှု၊ ပျော်မှုပါးမှုတို့ တစ်ခန်းရပ်ကြသည်။ ထိုထိုသော အမှုတို့တစ်ခန်းရပ်ကြသည်နှင့် တစ်ပြိုင်နက် အခန်းလက်ပါးစေတို့သည် အခန်းတိုင်းသို့ ရေနွေးအိတ် လိုက်ဝေကြရသည်။ ပါစကာတေဇော ကောင်းအောင် ဝမ်းဗိုက်ကို ရေနွေးအိတ် ကပ်ပေးဖို့ ဖြစ်သည်။

ဤနှစ် ဒီဇင်ဘာလသည် နေပလီမြို့အတွက် အလွန် ရက်စရာကောင်းလှသည်။ ဟိုတယ် အလုပ်သမားများကို ရာသီဥတုအကြောင်း မေး

လိုက်တိုင်း ထိုသူတို့သည် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ဖြစ်သွားကြရှာသည်။ နေပလီတွင် ဤနှစ် ဤဒီဇင်ဘာလလောက် ဆိုးသောလကို ဤတစ်ခါသာ မကြုံစဖူး ကြုံရလေသည်တမုံ့။ ဟိုတယ် ဧည့်ခံအလုပ်သမားများသည် ထိုစကားမျိုးကို ဤနှစ် ဤဒီဇင်ဘာလမှာသာ မဟုတ်။ ယခင် ယခင် ဒီဇင်ဘာလများမှာလည်း ထိုကဲ့သို့ပင် ပြောခဲ့၊ ညည်းခဲ့၊ ရှက်ခဲ့ကြသည်ချည်း ဖြစ်သည်။ ဤဒီဇင်ဘာလတွင် ဥရောပ တစ်နေရာမှာ တစ်ခုခု ဖြစ်နေပြီဟု ပြော၍ ရှက်ဆေးချေလိုက်ကြသေးသည်။ ပြင်သစ်နိုင်ငံက ရီဗီယာရာမြို့မှာ မိုးသက်မုန်တိုင်းကျသည်ဟု ဆိုလျှင် ယုံနိုင်စရာ ရှိပါ့မလား။ ဂရိနိုင်ငံက အက်သင်းမြို့၌ ဆီးနှင်းကျနေသည်ဆိုလျှင် ယုံနိုင်စရာ ရှိပါ့မလား။ ဤဒီဇင်ဘာလတွင် ကမ္ဘာလှည့် ခရီးသည်တို့သည် အအေးဒဏ်ကို ရှောင်လို ကွင်းလိုကြသဖြင့် နေစာလှုံနိုင်သော အရပ်တို့သို့ အလုအယက် သွားနေကြသည် မဟုတ်ပါလား။

ထိုနေ့ နံနက်ခင်းတွင် နေပလီမြို့၌ နေပွင့်ပါ၏။ သို့ရာတွင် နေမင်းက လှည့်စားလိုက်ခြင်းသာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မွန်းတည့်ခါနီးလောက်တွင် ကောင်းကင်တစ်ခုလုံးသည် အုံ့မှိုင်းလာ၍ မိုးရွာချသောကြောင့် ဖြစ်သည်။ ထို့နောက် ပို၍ အေးလာသည်။ ဟိုတယ်အဝင်ဝရှိ ပေပင်က ပေရွက်ကြီးများသည် မိုးရေကြောင့် ပြောင်လက်နေကြသည်။ မိုးရွာထားသောကြောင့် မြို့ကို ကြည့်ရသည်မှာ ညစ်ပတ်နေသည်ဟု ထင်ရသည်။ ပြတိုက်များသို့ သွား၍ ကြည့်ကြစဉ်ကသော် တစ်ခါလာလည်း ထိုပြတိုက်မျိုးသာ ဖြစ်သည်။ နောက်တစ်ခါလာလည်း ထိုပြတိုက်မျိုးသာ ဖြစ်သည်။ ငင်းပြီး ငင်းသာ ဖြစ်သည်။ သောက်ပြီးသား ဆေးလိပ်တိုတို့ကို ဟိုနေရာမှာလည်း တွေ့ရ၍ ဤနေရာမှာလည်း တွေ့ရသည်။ စိတ်ပျက်စရာပင်။ ခာတ်ရထား သံ ကြားရသည်မှာ နားငြီးလှသည်။ ဗွက်ထနေသော လမ်းပေါ်၌ ဂါဝန်ကို မ ကာ လျှောက်သွားနေကြသော အီတာလျံ

အမျိုးသမီးတို့၏ ခြေထောက်တို့သည် ပုတိုတို နိုင်လှသည်။ ပင်လယ်ကမ်းခြေဘက်မှ ထွက်လာသော ငါးညှီနံ့ကြောင့် သေလိုက်ချင်တော့သည်။

ထိုနေ့၌ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးတို့ လင်မယားသည် စကားကတောက်ကဆ ဖြစ်ကြရသေးသည်။ သမီးကလည်း ခေါင်းထဲ၌ အုံတုံတုံဖြစ်နေသည်။ ဟို မဟာဆီ မဟာသွေး မင်းသားကြောင့် လွမ်းသလိုလို၊ ဆွေးသလိုလို ဖြစ်လိုက်သေးသည်။ ကာပရီကျွန်းမှာသာ ရှိနေကြသည်ဖြစ်လျှင် နေရောင်ခြည်နွေးနွေးကို ထိတွေ့ကြရမည်မှာ မလွဲ။ လိမ္မော်ခြံ၌ လိမ္မော်ပွင့်တို့ကို မြင်ကြရမည်မှာ မလွဲ။ ကာပရီဝိုင်အစစ်ကို သောက်ကြရမည်မှာ မလွဲ။ ထို့ကြောင့် သူဌေးကြီးတို့သည် ကာပရီကျွန်းသို့ သွား၍ ကာပရီကျွန်းတွင် ရာဇဝင်ထင်ရှားသော အရပ်တို့၌ လှည့်လည် ကြည့်ရှုကြပြီးနောက် ဆိုရန်တိုမြို့သို့ သွားကြမည်ဟု အကြံဖြစ်လာတော့သည်။

ကာပရီကျွန်းသို့ ကူးတို့သင်္ဘောဖြင့် ကူးကြသောနေ့သည် အမှတ်တရနေ့ ဖြစ်သည်။ ထိုနေ့ နံနက်တွင် နေကို မမြင်ရ။ လောကဓာတ်တစ်ခုလုံးကို မြူဖုံးလျက် ရှိသည်။ ဗဆူဗီးယပ်မီးတောင် တစ်တောင်လုံးကိုလည်း မြူဖုံးနေသည်။ ပင်လယ်ပြင် တစ်ခုလုံးကိုလည်း မြူဖုံးနေသည်။ ကာပရီကျွန်းကို လုံးဝ မမြင်ရ။ ထိုကျွန်း ရှိမှ ရှိပါသေးစ။ ထိုသို့ပင်ထင်လိုက်ရသည်။ ကူးတို့သင်္ဘောသည် ထိုနေ့နံနက်၌ နေပလီကမ်းမှခွာသည်။ ပင်လယ်ပြင်သို့ ထွက်မိသောအခါ သင်္ဘော လူးပါလေတော့သည်။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးတို့ မိသားစုသည် လှိုင်းမူးသဖြင့် သင်္ဘောဦးခန်းရှိ ဆိုဖာတန်းလျားတွင် ခြေပစ်လက်ပစ် ဖြစ်နေကြရှာသည်။ ခြေထောက်များကို စောင်ကျားဖြင့် ပတ်ထားကြရသည်။ မျက်စိကို လုံးဝမဖွင့်နိုင်။ မှိတ်ထားကြရသည်။

သူဌေးကတော်ကြီးသည် တစ်သင်္ဘောလုံးတွင် လှိုင်းအမူးဆုံး ဖြစ်

သည်။ သူဌေးကတော်ကြီးက ထိုသို့ပင် အထင်ရှိသည်။ သူ သေရပါတော့မည်ဟု ခဏခဏ ညည်းရာ အစောင့်အရှောက်ဖြစ်သော သဘော်မယ်သည် ရေဇလုံ ယူကာ သူဌေးကတော်ကြီးဆီသို့ ခဏခဏ သွား၍ ပြုစုရသည်။ သဘော်မယ်သည် ထိုကူးတို့သဘော်ပေါ်၌ အလုပ်လုပ်ခဲ့ရသည်မှာ နှစ်အတော်ကြာခဲ့ပြီ။ သဘော်ပတ် ရှိသည့်အခါတိုင်း သဘော်ပေါ်၌ တစ်နေကုန် တစ်နေခန်း အလုပ်လုပ်ရသည်။ သဘော်လူးလျှင်လည်း လုပ်မြဲ လုပ်ရသည်။ လေဆန် လှိုင်းကြီးလျှင်လည်း လုပ်မြဲ လုပ်ရသည်။ ခိုက်ခိုက်တုန်အောင် ချမ်းလျှင်လည်း လုပ်မြဲ လုပ်ရသည်။ လုပ်ရသော်လည်း မောသည် ပန်းသည်ဟူ၍ မရှိ။ စေတနာ မေတ္တာဖြင့် ပြုလုပ်ပေးသည်။ မျက်နှာကို ချိုချိုထားလျက် လုပ်ပေးသည်။ ဤအခေါက်တွင်လည်း သဘော်မယ်သည် သူဌေးကတော်ကြီးကို အပြုံးမပျက် ပြုစုပေးရှာသည်။

သူဌေးကြီး၏ သမီးသည်လည်း သက်သာဟန် မတူ။ မျက်နှာသည် သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သံပုရာတစ်ခြမ်းကို ကိုက်ထားရရှာသည်။ ဟို မဟာဆီ မဟာသွေး မင်းသားကလေးနှင့် တွေ့ချင်လျှင် တွေ့နိုင်သေးသည်ဟူသော အတွေးကို တွေး၍ ပျော်နိုင်စေကာမူ လက်ရှိအခြေအနေအရ ပျော်နိုင်ဖို့ ခဲယဉ်းလှသည်။ သူဌေးကြီးသည် အပေါ်အင်္ကျီကိုလည်း မချွတ်နိုင်။ ဦးထုပ်ကိုလည်း မချွတ်နိုင်။ ဆိုဖာပေါ်တွင် ပိုးလိုးပက်လက် လန်နေသည်။ တစ်လမ်းလုံး အံကြိတ်၍ လိုက်လာရရှာသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာ ခါတိုင်းထက်ပို၍ အသားညိုသွားသည်ဟု ထင်ရသည်။ အသားညိုသွားသောကြောင့်လား မသိ။ ဖြူနေသော နှုတ်ခမ်းမွေးသည် ပို၍ ဖြူလာသည်။ နေပလီဟိုတယ်တွင် ရှိစဉ်ကသော်ရာသီဥတုသည် သူဌေးကြီးအဖို့ ဆိုးလွန်းလှသဖြင့် သူဌေးကြီးသည် ညနေတိုင်း အသောက်ကို အားကိုး၍ ကာမဂုဏ်ပြခန်းက "သက်ရှိပန်းချီကား" များကို အချိုးအကျူး လွှန်ခဲ့သည်။

ကူးတို့သင်္ဘောသည် ခုတ်မောင်းလျက် ဖြစ်သည်။ မိုးရေတို့သည် တရျောက်ရျောက် မြည်နေသော သင်္ဘောမှန်ပြတင်းကို ပုတ်ခတ်လျက် ရှိသည်။ လေကလည်း တဝူးဝူးမြည်လျက် ထန်လှသည်။ လေထန်ခိုက် လှိုင်းလုံးကြွလာသောအခါ ကူးတို့သင်္ဘောငယ်သည် ဘုရား တရ မတတ် တစ်ဖက်သို့ တိမ်းသွားတတ်သည်။ သို့ရာတွင် မစောင်းခင် ပြန်၍ တည့် သွားပြန်သည်။ ဤသို့ဖြင့် ကူးတို့သင်္ဘောသည် လမ်းတွင် စခန်းနှစ်ခု၌ ကပ်ခဲ့သည်။ စခန်း၌ ခေတ္တကပ်နေသော အခါမှာမှသာ သူဌေးကြီးတို့ လူစုသည် သက်သာရာ ရခဲ့ကြရသည်။ ညနေစောင်း နေဝင်ဖျိုးဖျအချိန် တွင် ကူးတို့သင်္ဘောသည် ကာပရီကျွန်းအနီးသို့ ချဉ်းလာသည်။ ကမ်းခြေက မီးနီများကို မြင်ရပြီ။ လေလှိုင်းလည်း ငြိမ်သွားပြီ။ တိုက်ခတ်လာသော လေသည် နွေး၍ လိမ္မော်နံ့ မွှေးလာသည်။ ထို့နောက် ကျောက်ကြိုးချသံကို ကြားရသည်။ ထို့နောက် လှေသံ လူသံတို့ကို ကြားလာရသည်။ ကူးတို့ သင်္ဘောပေါ်၌ ရွှင်ရွှင်ပျပျ ဖြစ်လာကြသည်။ သင်္ဘောဦးခန်းတွင် ခတ်မီး သည် ပို၍ လင်းလာသည်။ စားချင်စိတ်၊ သောက်ချင်စိတ်၊ ဆေးလိပ် သောက်ချင်စိတ်၊ လှုပ်ရှားချင်စိတ်တို့ ပေါက်လာကြပြန်ပြီ။

ဆယ်မိနစ်ခန့် ကြာသောအခါ သူဌေးကြီးတို့ မိသားစုသည် လှေကြီး တစ်စင်းသို့ ပြောင်း၍ စီးကြပြီးလျှင် ဆိပ်ကမ်းသို့ သွားကြသည်။ ရောက် သောအခါ ဆိပ်ကမ်း၌ အဆင်သင့် စောင့်နေသော မီးရထားသို့ ပြောင်း ကြသည်။ သူဌေးကြီးတို့သည် တောင်ကုန်းထိပ်ပေါ်ရှိ ကာပရီမြို့သို့ ထို မီးရထားဖြင့် တက်ကြမည် ဖြစ်သည်။ အတန်ကြာသော် မီးရထား ထွက် သည်။ မီးရထားက တောင်ကုန်းကို တက်နေသောအခါ ဝဲဘက် ယာဘက်ရှိ သပျစ်ခြံ၊ လိမ္မော်ခြံတို့က တစ်ခြံပြီးတစ်ခြံ ဆင်းနေကြသည်။ သို့ရာတွင် အီတလီ မြေသင်းနံ့နှင့် ကာပရီ လိမ္မော်နံ့တို့သည် တစ်လမ်းလုံး သင်း၍ ပါလာကြသည်။

ကာပရီကျွန်းသို့ အလာတွင် သူဌေးကြီးတို့နှင့်အတူ အခြားခရီးသည်များ ပါလာကြသည်။ ထိုခရီးသည်များအနက် အချို့သည် ကာပရီကျွန်း၌ အိုးသစ် အိမ်သစ် ထူထောင်နေထိုင်ကြသော ရုရှားလူမျိုးများ ဖြစ်ကြသည်။ ထို သူတို့သည် မုတ်ဆိတ်ရှည်များနှင့်ဖြစ်၍ ကိုယ်တွေ့အသိ၊ စိတ်တွေ့ အသိထက် စာတွေ့အသိကို ပိုမိုအရေးပေးကာ ပြောဆို ပြုမူချင်ကြသော အာဂမ ယုတ္တိသမားများ ဖြစ်ကြသည်။ သူတို့၏ အဝတ်အကျီသည် ဖိုသီ ဖတ်သီ နိုင်လှသည်။ သူတို့ကို ကြည့်ရသည်မှာ လောကကြီးကို ငြီးငွေ့၍၊ လောကကြီးကို မေ့နေသကဲ့သို့ ဖြစ်သည်။ အခြားတစ်စုသည် ဂျာမန်လူငယ်စု ဖြစ်သည်။ ထိုအစုမှ လူငယ်များသည် ခြေတံရှည်ရှည်၊ လည်တံရှည်ရှည်၊ ခေါင်းလုံးလုံး၊ ခေါင်းတုံးဆံတောက်နှင့် ဖြစ်ကြသည်။ လွယ်အိတ်ကိုယ်စီ ကျောပိုးလျက် ရှိကြသည်။ အထမ်းသမား၏ အကူအညီသည် သူတို့အဖို့ အပိုဖြစ်သည်။ ထိုလူငယ်များသည် လူတကာနှင့် ရောတတ်ကြသည်။ ချွေချွေတာတာ သုံးတတ်ကြသည်။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးသည် ရုရှား၊ ဂျာမန်တို့နှင့် မရောမနှော ခွဲခြား၍ နေသည်။ ထို့ကြောင့် သူဌေးကြီး၏ အနီးတစ်ဝိုက်၌သာ လှုပ်လှုပ်ရှားရှား ရှိသည်။ သူဌေးကြီးတို့၏ ဝန်စည် စလယ်ကို ထမ်းသူက ထမ်း၊ ပိုးသူက ပိုး၊ တိုး၍ ဝှေ့၍ ထမ်းကြ ပိုးကြသည်။ မထမ်းရ မပိုးရသူများသည် သူဌေးကြီးတို့ သွားမည့်လမ်းကို ရှင်းပေးကြ သည်။ ထိုမျှ ဧည့်ဝတ်ကျေကြပါပေသည်။

ဝမ်းအမြောက်ဆုံးဖြစ်သူသည် ကာပရီမြို့က ဟိုတယ်ပိုင်ရှင် ဖြစ် သည်။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးကြောင့် သူ့ဟိုတယ်သည် ခါတိုင်း ထက်ပို၍ အသက်ဝင်လာသကဲ့သို့ ဖြစ်လာရသည်။ သူဌေးကြီးတို့သည် ဟိုတယ် အဝင်ဝ ခန်းမ၌ ခြေချမိကြသည်နှင့် တစ်ပြိုင်နက် ဟိုတယ်အထပ် တိုင်းတွင် ထမင်းဟင်း သုံးဆောင်တော်မူကြရန် အသင့်ဖြစ်ပါပြီ၊ မင်း

မင်း အပေါင်းတို့ခင်ဗျားဟု ဖိတ်ခေါ်ဘိသည့်အလား တရုတ် လင်ပန်းသံ ကဲ့သို့သော မောင်းသံသည် ဟိန်းသွားသည်။ ဟိုတယ်ပိုင်ရှင်သည် လူငယ် ဖြစ်သည်။ သိမ်မွေ့သည့်အရာတွင် ထီးထဲ နန်းထဲက လူပျိုတော်သား ရှုံး လောက်သည်။ သူဌေးကြီးကို ဆီးကြိုသောအခါ ကိုယ်ကို ကိုင်းညွတ်၍ အရိုအသေ ပြုသည်။ ထို့နောက် တန်ခိုးအလွန်ကြီးလှသည့် မင်းသားကြီး တစ်ပါး တည်းခိုသွားသော အခန်းကို သူဌေးကြီးအား အပ်နှင်းသည်။ ထို့ပြင် လက်ပါးစေ အပျိုတော်ကြီးကဲ့သို့ သုံးရန် ဘယ်လဂျီယန် အမျိုးသမီး အဆောင်လက်ပါးစေကိုလည်း အပ်သည်။ ထိုလက်ပါးစေသည် ခါးသေး၍ ရင်ချီသည်။ အပြုအစု အရာတွင် သူမတူအောင် တတ်ကျွမ်းသူ ဖြစ်သည်။ ဆောင်းဆင်ထားသော ဦးထုပ်ငယ် ဖြူဖြူဖွေးဖွေးသည် သရဖူကဲ့သို့ ကော့ ထောင်နေသည်။ ထို့ပြင် သူဌေးကြီးအား စစ္စလီကျွန်းသား အခန်းလုလင် ကို လက်သုံးတော်အဖြစ် သုံးရန် အပ်ပြန်သည်။ အခန်းလုလင်သည် ဖျတ်လတ် သွက်လက်၍ အရှင်သခင်ပေါင်း များစွာ၏ အမိန့်ကို ဦးလည် မသုန် ဆောင်ရွက်ဖူးသူ ဖြစ်သည်။ သဘောကောင်း၍ ပျော်ပျော်ပါးပါး နောက်တတ်၊ ပြောင်တတ်သူလည်း ဖြစ်သည်။ ဟိုတယ်ပိုင်ရှင် ထွက်သွားပြီး သည့်နောက် တစ်မိနစ်ခန့်အကြာတွင် ဟိုတယ်၏ စားပွဲထိုး အကြီးအကဲ တစ်ဦးသည် သူဌေးကြီး၏ အခန်းသို့ ရောက်လာ၍ တံခါးကိုခေါက်သည်။ ထိုအကြီးအကဲသည် ပြင်သစ်အမျိုးသား ဖြစ်သည်။ သူဌေးကြီးအား ညနေစာ သုံးဆောင်၊ မသုံးဆောင် လာရောက်မေးမြန်းခြင်း ဖြစ်သည်။ သုံးဆောင်မည် ဆိုလျှင် ညနေစားပွဲတွင် ကျောက်ခေါင်းပုစွန်တုပ် ပါမည်။ ထို့နောက် အမဲသားနှ ပြုတ်ကြော်။ ထို့နောက် ကညွတ်ပေါင်း။ ထို့နောက် ခါသား။ ထို့နောက်၊ ထို့နောက်။ သူဌေးကြီးသည် လှိုင်းမူး မပြေတပြေ ဖြစ်နေသေး သဖြင့် အဆောင်ခန်းကြမ်းပြင်သည် ပခက်လွှဲသကဲ့သို့ ယိမ်းထိုးနေသည်ဟု အထင်ရှိတုန်း ဖြစ်သည်။ သို့ရာတွင် ပြင်သစ်စားပွဲထိုး ဝင်လာသဖြင့် အခန်း

တံခါး ပွင့်သွား၍ စားဖိုဘက်က အကြော်အလှော်နံ့သည် အခန်းအတွင်းသို့ သင်းသင်းပျံ့ပျံ့ ဝင်လာသောအခါ သူဌေးကြီးက သုံးဆောင်မည်ဟု မိန့်လိုက်သည်။ ထို့ပြင် သူ့ထမင်းစားပွဲကို ထမင်းစားခန်း အဝင်တံခါးနှင့် အတန်ဝေးသည့် ထောင့်တစ်ထောင့်၌ ခင်းပေးစေလိုကြောင်း၊ ကာပရီဝိုင်အစစ်ကို သောက်လိုကြောင်း၊ ဝိုင်ပုလင်းကို ရေခဲနည်းနည်း၌ စိမ်ထားစေလိုကြောင်း မှာလိုက်သေးသည်။ ပြင်သစ်စားပွဲထိုးသည် သူဌေးကြီး၏ အမိန့်ကို တစ်လုံးမကျန် နာခံမှတ်သားပြီးနောက် ဦးခေါင်းကို တစ်ဖက်သို့ တိမ်းကာ ခပ်ယို့ယို့ မေးပြန်သည်မှာ

'မှာစရာ ရှိပါသေးသလား သခင်ကြီး ခင်ဗျာ'

ထိုအခါ သူဌေးကြီးက မှာစရာ မရှိတော့ကြောင်း ခပ်အေးအေး အမိန့်ရှိလိုက်ရာ ပြင်သစ်စားပွဲထိုးက ထပ်လောင်း အစီရင်ခံပြန်သည်မှာ

'ဒီကနေ့ည ဟိုတယ်အဝင်ဝ ခန်းမဆောင်မှာ တာရန်တာလာ နှစ်ပါးသွားအကနဲ့ အသုံးတော်ခံပါလိမ့်မယ် ခင်ဗျာ။ အသုံးတော်ခံမည့် သူများကတော့ အီတလီပြည်မှာ ကျော်ကြားလှတဲ့ မင်းသမီး ကာမယ်လာနဲ့ မင်းသားဂျူးဆက်တို့ ဖြစ်ပါတယ်။ ကမ္ဘာလှည့် ဧည့်သည်တော်ကြီးများ အတွက် သက်သက် စီမံထားခြင်းပါ သခင်ကြီးခင်ဗျား'

'ဩော် အင်း အင်း။ ဒီမင်းသမီးပုံကို စာပို့ကတ်ပြားမှာ မြင်လိုက်ပါရဲ့။ နေပါဦးကွ၊ ဂျူးဆက်ဆိုတဲ့ မင်းသားက သူ့ယောက်ျားလား'

'မောင်ဝမ်းကွဲ ပါ ခင်ဗျာ'

သူဌေးကြီးသည် နောက်ထပ် မမေးတော့ဘဲ အတန်ကြာမျှ စဉ်းစားနေပုံရသည်။ ထို့နောက်မှ စားပွဲထိုးအား ပြန်ခွင့်ပေးလိုက်သည်။

ထို့နောက် သူဌေးကြီးသည် မင်္ဂလာဆောင် ပွဲနေပွဲထိုင်သွားရန် ပြင်ရ ဆင်ရသကဲ့သို့ ပြင်ရ ဆင်ရပြန်သည်။ ရှေးဦးစွာ တစ်ခန်းလုံး ထိန်သွားအောင် ဓာတ်မီးရှိသမျှ အကုန်ဖွင့်လိုက်သည်။ ထိုအခါ အခန်းရှိ မှန်ကြီး

မှန်ငယ်များတွင် အသုံးအဆောင် အဆင်တန်ဆာတို့သည် တဖိတ်ဖိတ် တလက်လက် အရိပ်ထွက်နေကြသည်။ သူဌေးကြီးသည် ရှေးဦးစွာ မုတ်ဆိတ်ရိတ်၍ မျက်နှာသစ်ခြင်း၊ သန့်စင်ခြင်း စသည်တို့ကို ပြုသည်။ အဆောင်လုလင်ကို အလိုရှိသည့်အခါတိုင်း လျှပ်စစ်ခေါင်းလောင်းသံပေး၍ ခေါ်သည်။ ထို့အတူ မယားအခန်း၊ သမီးအခန်းတို့ဘက်မှလည်း ခေါင်းလောင်းသံသည် တမြည်တည်း မြည်နေရာ အလယ်စင်္ကြံလမ်းတွင် ခေါင်းလောင်းသံ ညံမစဲဖြစ်နေသည်။ 'လာပါပြီ သခင်ကြီး ခင်ဗျာ။ လာပါပြီ သခင်မကြီး ခင်ဗျာ။ လာပါပြီ သခင်မလေး ခင်ဗျာ' ဟူသော အခန်းလုလင်၏ အသံသည် ထိုတံခါးသို့ ရောက်လိုက်၊ ဤတံခါးသို့ ရောက်လိုက်၊ ပတောပရိုက် မောဟိုက်မတတ် ဖြစ်ရရှာသည်။

ထိုနေ့ညနေတွင် သူဌေးကြီးသည် မည်သည့်အကြောင်းကို စဉ်းစားနေပါသနည်း။ အမှန်မှာ သူဌေးကြီးသည် မည်သည့်အကြောင်းကိုမျှ မည်မည်ရရ စဉ်းစားနေသည် မဟုတ်ချေ။ ခက်သည်မှာ အပေါ်ယံ မြင်မြင်သမျှသော အရာတို့သည်၊ အပေါ်ယံ ကြားကြားသမျှသော အရာတို့သည် မြင်ရကြားရသည့်အတိုင်း ချောမော ပြေပြစ်နေကြသည်ဟု ထင်စရာ ကောင်းနေခြင်း ဖြစ်သည်။ တစ်ခုခု ဖြစ်တော့အံ့ဟု သူဌေးကြီး၏ စိတ်ထဲ၌ ထင်မြင်လာသည့်တိုင်အောင် မဖြစ်သေးပါဘူးလေ၊ ချက်ချင်း မဖြစ်နိုင်ပါဘူးလေဟု သူဌေးကြီး ယူဆလိုက်မည်သာ ဖြစ်သည်။ ထို့ပြင် ထိုအခိုက်အတန့်တွင် လှိုင်းအမူးပြေခါစ၌ ကြုံတွေ့တတ်ကြသည့်အတိုင်း သူဌေးကြီးသည် အတော်ဝမ်းဟာနေသည်။ ထို့ကြောင့် သူဌေးကြီးသည် မည်သည့်အကြောင်းကိုမျှ မစဉ်းစားနိုင်။ စွပ်ပြုတ် တစ်ဇွန်းစာလောက် မြည်းလိုက်ရလျှင် မည်မျှကောင်းမည်နည်း၊ ဝိုင်အရက် တစ်ငုံစာလောက် ငုံလိုက်ရလျှင် မည်မျှကောင်းမည်နည်းဟု ရော်ရမ်းတမ်းတ နေမည်သာ ဖြစ်သည်။ ထို့ပြင် ညနေထမင်း စားပွဲအတွက် တခမ်းတနား ဆင်ဝတ်နေရသောကြောင့်လည်း

မည်သည့် အကြောင်းကိုမျှ မစဉ်းစားနိုင်။ ပွဲတက် ဘယက်တန်ဆာ ဒွါဒရာတို့ကို အာရုံပြုနေမည်သာ ဖြစ်သည်။

မုတ်ဆိတ်ရိတ်ခြင်း၊ သန့်စင်ခြင်း ပြီးသောအခါ သူဌေးကြီးသည် မှန်အရှေ့၌ရပ်၍ ခေါင်းဖြီးရပြန်သည်။ မရှိမဲ့ရှိမဲ့ ဆံပင် နီကြောင်ကြောင်ကို ငွေရိုးတပ် ဝက်မှင်ဘီးဖြင့် နောက်စေ့ဘက်သို့ ဖိ၍နှိပ်၍ ဆွဲချရသည်။ ထို့နောက် ကြက်ဥနှစ်ရောင် ပိုးအတွင်းခံ ဘောင်းဘီကို ခြေမှစွပ်၍ ခါးအထိ ဆွဲတင်လိုက်ရာ အစားကြူးလှသော ဝမ်းဗိုက်နေရာတွင် ဝမ်းဗိုက်သည် ဒယ်အိုးငယ် ကပ်ထားဘိသကဲ့သို့ ပူဖောင်း၍ ပေါ်လာသည်။ ထို့နောက် ပိုးခြေအိတ်ကို ခြေမှာဝတ်၍ သားရေပြောင် အကဖိနပ်ကို စွပ်လိုက်သည်။ တစ်ဖန် ထိုင်လျက် သိုင်းကြိုးတပ် ဘောင်းဘီအနက်ကို ဝတ်၍ သိုင်းကြိုးဖြင့် ဆွဲတင်လိုက်သည်။ ထို့နောက် ဖြူနုနေသော ပိုးရှပ်အင်္ကျီကို ဝတ်လိုက်ရာ ရင်ဆီ၌ ဖြိုးမောက်သောပုံ ပေါ်လာပြန်သည်။ ထို့နောက် ကြွေရောင်တိုက် လည်ပင်းကော်လာအမာ၌ လည်ပင်းကြယ်သီးကို တပ်ရပြန်သည်။ လည်ပင်း ကြယ်သီးကို တပ်ရာတွင် မသက်သာလှ။ ထိုးရခြင်း၊ ထည့်ရခြင်း၊ ဖိရခြင်း၊ နှိပ်ရခြင်း၊ ချော့ရခြင်း၊ ခြောက်ရခြင်းတို့ကို ပြုရသဖြင့် အတော် ကသိ ကအောက် ဖြစ်လိုက်သေးသည်။ အဆောင်ခန်း ကြမ်းပြင်ကလည်း ယိမ်းထိုး နေသကဲ့သို့ ဖြစ်နေသေးသည်။ လည်ပင်းကြယ်သီးကိစ္စကြောင့် လက်ထိပ် လက်ဖျားတို့သည် ကျိန်းစပ် နာကျင်နေကြရှာသည်။ ထိုမျှ အပင်ပန်းခံ၍ လည်ပင်းကြယ်သီးကို တပ်ခဲ့သော်လည်း ကြယ်သီးဖင်ပိုင်းသည် ဇလုပ် အောက်ရှိ လည်ပင်းကို ခိုးလိုးခုလု ဖြစ်အောင် ပြုနေတုန်း ဖြစ်သည်။ သို့ရာတွင် သူဌေးကြီးသည် ထိုလည်ပင်းကြယ်သီးကို အလျှော့မပေး။ ခွတ်ပေ ၍ တောင့်ခံထားနိုင်သည်။ ဤသို့ဖြင့် ပွဲတက် ဘယက်တန်ဆာ ဒွါဒရာ အစုံအလင် ဝတ်ဆင်၍ ပြီးပေပြီ။ မောလိုက်သည်မှာ ဟိုက်နေလေတော့ သည်။ ထို့ကြောင့် သူဌေးကြီးသည် ကိုယ်လုံးပေါ် မှန်ရှေ့၌ ထိုင်လိုက်သည်။

ထိုအခါ သူဌေးကြီး၏ ဦးခေါင်းမှသည် ခြေဖျားအထိ၊ ခြေဖျားမှသည် ဦးခေါင်းအထိဖြစ်သော သူဌေးကြီး၏ အရိပ်သည် မှန်၌ အတိုင်းသား ပေါ်နေသည်။ သူဌေးကြီး၏ အရှေ့က မှန်၌သာမက ဘေးမှန်၊ နောက်မှန်တို့၌လည်း အတိုင်းသားပင် ပေါ်နေသည်။

'ဩော် ငါ့ပုံနှယ် ဆိုးပါဘိ။ ဒုက္ခ၊ ဒုက္ခ' ဟု သူဌေးကြီးသည် မိမိ၏ ထိပ်ပြောင်ကြီးကို ငုံ့ကာ တစ်ချက် ညည်းလိုက်သည်။ ထိုသို့သာ ညည်းလိုက်ရသည်၊ အဘယ့်ကြောင့် ညည်းလိုက်သည်ကို သူ မသိ။ သိရန်လည်း သူ အားမထုတ်။ ငုတ်တုတ်ထိုင်လျက် အရိုးအဆစ် မပြေပြစ်၊ ကြမ်းတမ်းလှသော သူ့လက်ချောင်း တုတ်တိုတိုတို့ကို သူ ငေး၍ ကြည့်နေသည်။ ငေး၍ ကြည့်နေရင်း 'ဩော် ငါ့ပုံနှယ် ဆိုးပါဘိ။ ဒုက္ခ ဒုက္ခ' ဟု သူ ထပ်၍ ညည်းလိုက်ပြန်သည်။

ထိုအခိုက်တွင် ဟိုတယ် မောင်းသံသည် ဒုတိယအကြိမ် လေးလေးတွဲ့တွဲ့ မြည်လာပြန်သည်။ ထိုအခါကျမှ သူဌေးကြီးသည် ထိုင်ရာမှထ၍ လည်ပင်းကော်လာနှင့် လည်ပင်းစည်းတို့ကို နေရာကျအောင် ပြုပြင်သည်။ ခါးတို အင်္ကျီစကို ဝမ်းဗိုက်ဆီသို့ ဆွဲချသည်။ ထို့နောက် အပေါ်အင်္ကျီကို ဝတ်သည်။ ထို့နောက် အင်္ကျီ လက်ဖျားတို့ကို ဆွဲတင်ဆွဲချ ပြု၍ မှန်ထဲ၌ မိမိ၏ကိုယ်ကို ထပ်မံ၍ ကြည့်ပြန်သည်။ "အင်း၊ ကာမယ်လာသည် အသား ညိုချောဖြစ်သည်။ ကြာဗျာပါ များလှသည်ဟု ဆိုကြသည်။ လိမ္မော်ရောင်ကဲသော ရောင်စုံဂါဝန်နှင့် အလွန်ကြည့်၍ လှပေလိမ့်မည်" မှန်ထဲမှာ မိမိ၏ အရိပ်ကို ကြည့်ရင်း သူဌေးကြီးသည် ထိုသို့ တွေးလိုက်သေးသည်။ ထို့နောက် ကော်ဇောပေါ်၌ တစ်လှမ်းချင်းလှမ်း၍ အခန်းမှ ထွက်သည်။ မယားအခန်းနှင့် သမီးအခန်းဆီသို့ သွား၍ အခန်းအပြင်မှ အသံပေးလိုက်သည်။

'ဖေဖေ၊ ငါးမိနစ်၊ ငါးမိနစ်' ဟူသော သမီး၏ ရှင်ပျပျအသံကို ကြားလိုက်ရသည်။

'အေး၊ ကောင်းပြီ။ အောက်ထပ် စာဖတ်ခန်းမှာ ဖေဖေ စောင့်နေမယ်' ဟု ပြန်ပြောကာ သူဌေးကြီးသည် ကော်ဇောနီခင်းထားသော အလယ်စင်္ကြံလမ်းအတိုင်း လျှောက်၍ အောက်ထပ်သို့ ဆင်းသည်။ လမ်း၌ တွေ့ခဲ့ရသော ဟိုတယ်အစေအပါးတို့သည် သူဌေးကြီးကို မြင်ကြသောအခါ နံရံဘက်သို့ ခပ်ယို့ယို့ ကပ်၍ လမ်းပေးကြသည်။ သို့ရာတွင် သူဌေးကြီးသည် ထိုအစေအပါးတို့ကို မမြင်ဘိသကဲ့သို့ မိမိ သွားမြဲလမ်းအတိုင်း လျှောက်သွားသည်။ လမ်းတွင် ခါးကိုင်းနေပြီဖြစ်သော သူဌေးမ အဘွားအိုတစ်ဦးကို တွေ့သည်။ ထိုအဘွားအိုသည် ကြက်မကြီး ပျာလောင်ခတ်သကဲ့သို့ အခန်းမှ ထွက်လာ၍ အောက်ထပ် ထမင်းစားခန်းသို့ အပြေးအလွှား ဆင်းသွားသည်။ သို့ရာတွင် သူဌေးကြီးကသာ ထိုအဘွားအိုကို ကျောနေသည်။ ထမင်းစားခန်း၏ မှန်တံခါးအနီးတွင် ကမ္ဘာလှည့် ဧည့်သည်အပေါင်းတို့ စုမိကြလေပြီ။ ဆန်ဖရန်စစ္စကိုက သူဌေးကြီးသည် ထိုလူစုအနီးရှိ စားပွဲတစ်ခုဆီသို့ သွား၍ စားပွဲပေါ်၌ တင်ထားသော အဖိုးတန် ပထမတန်း ဆေးပြင်းလိပ်ဘူး၊ အီဂျစ်စီးကရက်ဘူးများထဲမှ ကောင်းပေ့ဆိုသည့် မနီလာ ဆေးပြင်းလိပ်တစ်လိပ်ကို ယူ၍ စားပွဲပေါ်တွင် ငွေသုံးကျပ်ကို ပစ်ချထားခဲ့သည်။ ထို့နောက် စာဖတ်ခန်းဆီသို့ သွားသည်။

စာဖတ်ခန်းသည် သပ်ရပ်သည်။ ကိတ်ဆိတ်သည်။ စာကြည့်စားပွဲများ အပေါ်၌သာ ဓာတ်မီးရောင် ထိုးပေးထားသည်။ တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေသော ဂျာမန်ဧည့်သည် အဘိုးအိုတစ်ဦးသည် စားပွဲတစ်ခုတွင် မတ်တတ်ရပ်ကာ သတင်းစာတစ်စောင်ကို လှန်လှော ကြည့်ရှုနေသည်။ ထိုဂျာမန်အဘိုးအို၏ အဝတ်အစားသည် ကပိုကရို၊ လျော့ရိလျော့ရဲ နိုင်လှသည်။ မျက်နှာတွင် ငွေကိုင်းမျက်မှန် ရိုးရိုးကို တပ်ဆင်ထားသည်။ သတင်းစာကို စားတော့မည်၊ ဝါးတော့မည်ကဲ့သို့ ကြည့်နေသည်။ သူဌေးကြီးသည် ထိုဂျာမန်ကို သဘောမကျ။ ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် စလောင်း

အစိမ်းတပ် ဓာတ်မီးအိမ်ရှိရာဖြစ်သော ထောင့်တစ်နေရာသို့သွား၍ သားရေဖုံးဆိုဖာကုလားထိုင်၌ ထိုင်သည်။ ထို့နောက် နှာခေါင်းတင် ရွှေမျက်မှန်ကို တပ်ဆင်သည်။ လည်ပင်းကော်လာ တင်းကျပ်ကျပ် ဖြစ်နေသောကြောင့် ဦးခေါင်းကို အနည်းငယ် နဲ့ကြည့်သည်။ ထို့နောက် မိမိကို မမြင်ရအောင် သတင်းစာဖြင့် ကွယ်၍ သတင်းစာ မျက်နှာမည်း ခေါင်းစီးစာလုံးများကို တစ်ခုပြီးတစ်ခု အပြေးအလွှား ကြည့်လိုက်သည်။ ထို့နောက် ယနေ့ထက်တိုင် မပြီးသေးသော ဘော်လကန်စစ်ပွဲ သတင်းကို ဖတ်နေသည်။ ထို့နောက် သတင်းစာတစ်ရွက်ကို လှန်လိုက်သည်။ ထိုအခါ မိမိ၏ ခန္ဓာကိုယ်၌ မည်သို့ဖြစ်လာသည် မသိ၊ မျက်စိထဲတွင် ဝင်းခနဲ ဖြစ်သွားသည်။ မရေးမနှောင်းပင် ဇက်ခိုင်လာ၍ မျက်လုံးပြူးလာသည်။ ထိုအခါ နှာခေါင်းတင် ရွှေမျက်မှန်သည် နှာတံမှ ပြုတ်ကျသည်။ ထို့နောက် မီးထိုင်နေရာမှ ရှေ့သို့ မတ်လာ၍ အသက်ကို အနိုင်နိုင် ရှူနေရသည်။ အောက်မေး နိမ့်ကျသွားသဖြင့် ရွှေသွားမှ ရွှေရောင် လက်သွားသည်။ ထို့နောက် ဦးခေါင်းသည် နောက်သို့ လည်ကျသွား၍ တစ်ကိုယ်လုံး ယိမ်းထိုးနေသည်။ ယိမ်းထိုးနေရာမှ တစ်ကိုယ်လုံး တွန့်လိမ်လျက် ကုလားထိုင်မှ လျှောကျ၍ အသက်ကို လုနေရရှာသည်။

စာဖတ်ခန်း၌ ဂျာမန်အဘိုးအိုသာ ရှိနေသည် မဟုတ်လျှင် ဟိုတယ်အစေအပါးတို့သည် ထိုကိစ္စကို လူမသိအောင် တိုးတိုးတိတ်တိတ် ကျိတ်၍ အပြီးအစီး ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ သူဌေးကြီး၏ ခေါင်းပိုင်းကို ချီသူက ချီ၍ ခြေပိုင်းက မ သူက မ လျက် ဟိုတယ်နောက်ဖေးပေါက်မှ ထုတ်ယူသွားလျှင် မည်သူမျှ ရိပ်မိကြမည် မဟုတ်ချေ။ သို့ရာတွင် သူဌေးကြီး ဖြစ်ပုံကို မြင်ရသော ဂျာမန်အဘိုးအိုသည် အထိတ်တလန့် အော်ဟစ်၍ စာဖတ်ခန်းမှ ပြေးထွက်သည်ဖြစ်ရာ ဟိုတယ်တစ်ခုလုံး ဆူညံ၍ ထမင်းစားခန်း၌ ပွက်လောရိုက်ကုန်ကြသည်။ ထမင်းစားခန်းတွင် ထခုန်သူက ထခုန်၍ စာဖတ်ခန်းဆီသို့ ပြေးကြည့်သူက ပြေးကြည့်ကြသည်။ 'ဘာဖြစ်တာလဲဟဲ့'

ဟူသော အသံသည် အီတာလျံဘာသာဖြင့်လည်း မြည်လာသည်။ ပြင်သစ်ဘာသာဖြင့်လည်း မြည်လာသည်။ ဂျာမန်ဘာသာဖြင့်လည်း မြည်လာသည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း မြည်လာသည်။ အခြား ဘာသာ အမျိုးမျိုးဖြင့်လည်း မြည်လာသည်။ သို့ရာတွင် မည်သူမျှ သေသေချာချာ ရေရေရာရာ မပြောတတ်။ မည်သူမျှ ဘာဖြစ်မှန်း မသိ။ ဧည့်သည်တစ်ယောက် ရုတ်တရက် လဲသေသည်ဟု ပြောသံကြားကြသောအခါ အံ့အားသင့်၍ ဖြစ်နိုင်ပါ့မလား၊ ဘာလား၊ ညာလား ပြော၍ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေကြသေးသည်။

ဟိုတယ်ပိုင်ရှင်သည် ချက်ချင်း ရောက်လာသည်။ အယိတ်တလန့် တောင်ပြေးမြောက်ပြေး ပြေးနေကြသူတို့ကို ဆီး၍ တားရရှာသည်။ စိတ်သက်သာရာ ရကြအောင် ဧည့်သည်တစ်ယောက်ပြီး တစ်ယောက်ဆီသို့ ပျာရာခတ် သွား၍ ပြောရရှာသည်။ 'မဖြစ်လောက်ပါဘူး ခင်ဗျာ။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး မူးမေ့သွားရုံသာ ဖြစ်ပါတယ် ခင်ဗျာ' ဟု ပြောရရှာသည်။ သို့ရာတွင် မည်သည့် ဧည့်သည်ကမျှ သူ့စကားကို မယုံကြချေ။ သူဌေးကြီး၏ လည်စည်းကို ဖြုတ်သူက ဖြုတ်၍ ကျေမွနေသော အင်္ကျီကို ချွတ်သူက ချွတ်နေသော ဟိုတယ်လက်ပါးစေတို့ကို မျက်ဝါးထင်ထင် မြင်ပြီးဖြစ်နေကြလေပြီ။ သူဌေးကြီးသည် သူ့အသက်ကို လုနေရတုန်း ဖြစ်သည်။ ရုတ်တရက် သူ့လည်ပင်းကို လာညှစ်သော သေမင်းကို ခံချတုန်း ဖြစ်သည်။ သူ့ဦးခေါင်းသည် ယမ်းနေသည်။ သူ့လည်ချောင်းမှ ခွဲဆို့သံသည် မြည်နေသည်။ သူ့မျက်လုံးတွင် မျက်ဖြူဆိုက်နေသည်။ ထို့ကြောင့် သူ့ကို ပွေ့ချီကာ အခန်းအမှတ် လေးဆယ့်သုံးသို့ ကပျာကယာ သယ်သွားကြသည်။ ထိုအခန်းသည် အောက်ထပ်အဆောင်ရှိ အလယ်စင်္ကြံလမ်း အစွန်၌ ရှိသည်။ အသေးဆုံး၊ အအေးဆုံး၊ အချာဆုံး အခန်းဖြစ်သည်။ ရှေးဦးစွာ သူဌေးကြီးသမီးသည် ရင်ဝတ် မလွှမ်းနိုင်၊ မဖုံးနိုင်၊ အပြေးအလွှား ဝင်လာသည်။ ထို့နောက်

သူဌေးကတော်ကြီးသည် ပွဲတက် ဂါဝန်ကြီး တကားကားနှင့် တရကြမ်း ဝင်လာသည်။ သမီးနှင့် မယားတို့ ဝင်လာကြသောအခါ သူဌေးကြီးသည် ဦးခေါင်းကိုပင် မယမ်းနိုင်တော့ပြီ။

ဆယ့်ငါးမိနစ်ခန့် ကြာလာသောအခါ ဟိုတယ်တစ်ခုလုံး ငြိမ်သွားသည်။ ကာပရီကျွန်းသို့ စည်းစိမ်ခံစား အပျော်အပါး ရောက်လာကြသော လူကုံထံ ဧည့်သည်တို့သည် ထိုညအဖို့ မပျော်နိုင်ကြတော့ပြီ။ စည်းစိမ် ပျက်သွားကြပြီ။ ဧည့်သည်အချို့သည် ထမင်းစားခန်းသို့ ပြန်၍ ထမင်းပြန် စားကြပါသေး၏။ သို့ရာတွင် စကားမပြောနိုင်။ မသာသောနှလုံး၊ မပြုံးသော မျက်နှာဖြင့်သာ စားကြရရှာသည်။ ဟိုတယ်ပိုင်ရှင်သည် မိမိ၏ အပြစ်ပင် မဟုတ်စေကာမူ မိမိ၌ အပြစ်ရှိနေပြီ ဟူသော သဘောမျိုးဖြင့် စားပွဲခုံတစ်ခုံမှ တစ်ခုံသို့ ကူးသန်းသွားလာကာ 'ဝမ်းနည်းပါတယ် အမင်း မင်းတို့ ခင်ဗျာ။ အမင်း မင်းတို့ စိတ်မသက်မသာ ဖြစ်နေကြတယ် ဆိုတာကို ကျွန်တော် နားလည်ပါတယ် ခင်ဗျာ။ အရုပ်ဆိုးတာကတော့ အမှန်ပါပဲ ခင်ဗျာ။ ဒါပေမဲ့ အရုပ်ဆိုးဟူသမျှ ပပျောက်သွားအောင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျွန်တော် ကြိုးစားဆောင်ရွက်ပါ့မယ် ခင်ဗျာ' ဟု မျက်နှာအောက်ချကာ ထပ်တလဲလဲ တောင်းပန်ရှာသည်။ ထိုညတွင် တာရန်တာလာ နှစ်ပါးသွား အကကို ရုပ်သိမ်းလိုက်ရသည်။ ဟိုတယ်ထဲတွင် ဓာတ်မီး အလွန်တမင်း ထိန်မနေစေချင်သဖြင့် လျှော့လိုက်ရသည်။ ဧည့်သည်အများအပြားသည် အရက်ခန်းသို့သာ ဝင်ကြသည်။ ဟိုတယ်တစ်ခုလုံး တိတ်သွားသည်။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးကိုကား အခန်းအမှတ် လေးဆယ့်သုံးတွင် သံခုတင် အပေါ်စားပေါ်၌ သိုးမွှေးစောင် အပေါစား ခြုံလွှမ်းကာ တင်ထားသည်။ အခန်းထဲတွင် ခုတင်အထက်က ဓာတ်မီးသည် မှိန်လှသည်။ သူဌေးကြီး၏ နဖူးပေါ်၌ ရေခဲအိတ်ကို တစောင်းတင်ထားသည်။ စောင့်ကြည့်ရင်းပင် ညိုမည်းနေသော သူဌေးကြီး၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်ကို

မြင်ကြရသည်။ ရွှေသွားရောင်ကြောင့် တဝင်းဝင်းပြောင်နေသော ပါးစပ်ပေါင်းလောင်းမှ ချွဲဆို့သံသည် အားပျော့လာသည်။ ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးမှ ဟုတ်ပါလေစ။

သူဌေးကတော်ကြီးနှင့် သူဌေးကြီး၏ သမီးတို့သည် ဆရာဝန်နှင့်အတူ၊ လက်ပါးစေတို့နှင့်အတူ ခုတင်အနီး၌ ရပ်လျက် ငိုင်နေကြသည်။ တထိတ်ထိတ်နှင့် စောင့်နေကြသော အချိန်သည် ရောက်လာပြီ။ ချွဲဆို့သံသည် သက်ပြင်းမြည်နေရာမှ ယတိပြတ် ရပ်သွားသည်။ ထို့နောက် စောင့်ကြည့်နေကြသော မျက်စိများအောက်၌ အသက်ပျောက်သွားသည်။ သူဌေးကြီး၏ မျက်နှာသည် ဖျော့သောအဆင်းကို ဆောင်လာသည်။ ကြမ်းတမ်းလှသော သူ့ရုပ်လက္ခဏာသည် သိမ်မွေ့သကဲ့သို့ ဖြစ်လာသည်။ သူဌေးကြီးသည် လှပသော အဆင်းဖြင့် ဝါဝါဝင်းဝင်း ဖြစ်သင့်သည်မှာ ကြာပါပြီ။ သို့ရာတွင် ယခုမှသာ ဝါဝါဝင်းဝင်း ဖြစ်ရှာသည်။ ယခုမှသာ သေပန်းပွင့်ရှာသည်။

ထိုအခိုက်တွင် ဟိုတယ်ပိုင်ရှင် ရောက်လာသည်။ ဆရာဝန်က အသက် မရှိကြောင်း တိုးတိုး ပြောလိုက်သော်လည်း ဟိုတယ်ပိုင်ရှင်သည် တုန်လှုပ်ပုံမရ။ သူနှင့် မည်သို့မျှ မဆိုင်ဟု မပြောသော်လည်း ပြောဘိသကဲ့သို့ ပခုံးကိုသာ တွန့်ပြလိုက်သည်။ သူဌေးကတော်ကြီးသည် မျက်ရည်အသွယ်သွယ်နှင့် ဟိုတယ်ပိုင်ရှင်ဆီသို့ သွား၍ သူဌေးကြီး၏ ရုပ်အလောင်းကို သူ့အခန်းသို့ ပို့ပေးရန် မရဲတရဲ ပြောရှာသည်။

'ဗျာ၊ ပို့လို့ဖြစ်ပါ့မလား အစ်မကြီးခင်ဗျာ' ဟု ဟိုတယ်ပိုင်ရှင်က မဆိုင်းမငံ့ ပြန်ပြောလိုက်သည်။ ပြောပုံမှာ မရိုင်းလှချေ။ သို့ရာတွင် အင်္ဂလိပ်ဘာသာဖြင့် မဟုတ်ဘဲ ပြင်သစ်ဘာသာဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ 'မဖြစ်ပါဘူး အစ်မကြီးရာ။ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး' ဟု ထပ်၍ ပြောသည့်အပြင် သူဌေးကြီး ငှားရမ်းခဲ့သော အခန်းသည် အခန်းတကာတွင် သူ အမြတ်တနိုး အထားဆုံးဖြစ်သော အခန်းဖြစ်ကြောင်း၊ ထိုအခန်း၌ သူဌေး

ကြီး၏ ရုပ်အလောင်းကို သိပ်မိပါက လူတိုင်း သိလာမည်ဖြစ်၍ ထိုအခန်းကို နောင်အခါတွင် မည်သည့်ဧည့်သည်မျှ အသုံးပြုတော့မည် မဟုတ်ကြောင်း ထပ်လောင်း၍ အစီရင်ခံလိုက်သေးသည်။

သူဌေးကြီး၏ သမီးသည် ကုလားထိုင်ပေါ်၌ ထိုင်၍ ဟိုတယ်ပိုင်ရှင်၏ အမူအရာကို တစ်ချိန်လုံး ငေးကြည့်ကာ တရှုံ့ရှုံ့ ငိုနေရှာသည်။ သူဌေးကတော်ကြီးသည် မခံမရပ်နိုင် ဖြစ်လာ၍ မျက်ရည်ကို သုတ်လိုက်ပြီးလျှင် အာဏာသံကို သုံးလာသည်။ ဟိုတယ်ပိုင်ရှင်ကလည်း ယဉ်ကျေးသော စကားဖြင့် ပြတ်ပြတ်သားသား ငြင်းဆန်သည်။ ဟိုတယ်၏ စည်းကမ်းကို သူဌေးကတော်ကြီး လက်ခံသင့်ပါသည်။ လက်မခံ ငြင်းဆန်လျှင် သူဌေးကတော်ကြီးတို့ကို သူ့ဟိုတယ်၌ သူ ဆွဲမထားလိုပါ။ နက်ဖြန်မနက် မိုးလင်းလျှင် လင်းချင်း ရုပ်အလောင်းကို တခြားသို့ သူ ရွှေ့ရပါလိမ့်မည်။ သက်ဆိုင်ရာ ရဲအရာရှိများကို သူ အကြောင်းကြားပြီးပြီ။ ရဲအရာရှိ တစ်ဦးသည် များမကြာခင် ရောက်လာ၍ ထုံးစံရှိသည့်အတိုင်း တိုင်ချက်ယူပါလိမ့်မည်။ ဟိုတယ်ပိုင်ရှင်သည် သူဌေးကတော်ကြီးအား ထိုသို့ ပြန်ပြောသည်။ ထိုအခါ သူဌေးကတော်ကြီးက 'ဒါဖြစ်ရင် ခေါင်း မရနိုင်ဘူးလား' ဟု မေးပြန်သည်။ ယခုကဲ့သို့သော အ ကာလ ညအခါ၌ ခေါင်း အဆင်သင့်ရဖို့ မဖြစ်နိုင်ပါ။ မည်သူကမျှလည်း ခေါင်းကို အချိန်မီ လုပ်ပေးနိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် ဖြစ်နိုင်သည့် နည်းကိုသာ သုံးရမည် ဖြစ်ပါသည်။ အကြံပေးချင်သည်မှာ အင်္ဂလန်တိုင်းပြည်မှ တင်သွင်းလေ့ရှိသော ဆော်ဒါပုလင်း ထည့်သည့် သေတ္တာသည် ကြီးလည်းကြီး၍ ရှည်လည်း ရှည်ပါသည်။ သေတ္တာအတွင်းရှိ သစ်သားအကန့်များကို ဖြုတ်ထုတ်လိုက်လျှင် ထိုသေတ္တာကို ခေါင်းအဖြစ် သုံးနိုင်ပါသည်။ ဟိုတယ်ပိုင်ရှင်သည် ထိုသို့ အကြံပေး၍ ဆော်ဒါသေတ္တာရှည်ကိုပင် ××××။

ဟိုတယ်သည် တစ်ညလုံး တိတ်ဆိတ်၍ အိပ်နေသည်။ အခန်း

အမှတ် လေးဆယ့်သုံး၌ ဟိုတယ်၏ ခြံဝင်းဘက်က ပြတင်းတစ်ခုကိုသာ ဟင်းလင်းဖွင့်ထားသည်။ ထို့နောက် ဓာတ်မီးကိုမှိတ်၍ တံခါးကို အပြင်မှ သော့ခတ်လိုက်ကြသည် ဖြစ်ရာ သူဌေးကြီး၏ ရုပ်အလောင်းသည် မှောင်မှောင်မည်းမည်းထဲ၌ ကျန်ခဲ့သည်။ ပြတင်းပေါက်မှ မြင်ရသော ကောင်းကင်က ကြယ်များသာလျှင် သူဌေးကြီးကို ငုံ့ကြည့်နေကြသကဲ့သို့ ဖြစ်သည်။ အခန်းအပြင်ဘက်တွင် ဟိုတယ်လက်ပါးစေ အမျိုးသမီးနှစ်ဦးသည် အလယ်စင်္ကြံ၌ ညဝတ္တရားကျသဖြင့် ဓာတိုးရင်း ထိုင်စောင့်နေကြသည်။

အတန်ကြာသော် ဟိုတယ်သို့ သူဌေးကြီး ရောက်လာစဉ်က သူဌေးကြီးအား အပ်ထားသော စစ္စလီကျွန်းသား အခန်းလုလင်သည် စားပွဲခင်းအဟောင်း၊ လက်သုတ်ပဝါ အဟောင်းတို့ပါသော အဝတ်ထုပ်ကြီးတစ်ထုပ်ကို လက်တစ်ဖက်ဖြင့် ပွေ့ကိုင်ကာ အလယ်စင်္ကြံသို့ ရောက်လာသည်။ အခန်းလုလင်သည် သူဌေးကြီး ရုပ်အလောင်းထားရာ အခန်း၏ ကြောက်စရာ မသာတံခါးဆီသို့ လှမ်းကြည့်သည်။ 'သွားတော့ဟေ့၊ တစ်ကေ့' ဟု မကြားတကြား ဆို၍ လက်တစ်ဖက်ကို ယမ်းပြသည်။ 'သွားတော့ဟေ့၊ တစ်ကေ့' ဟု ဆိုသည်မှာ အခြားမဟုတ်။ မီးရထား ဘူတာရုံများတွင် မီးရထား ထွက်ခါနီး၌ ချစ်သူအချင်းချင်း သော်လည်းကောင်း၊ သူငယ်ချင်းချင်း သော်လည်းကောင်း နောက်သလိုလို ပြောင်သလိုလို နှုတ်ဆက်လေ့ရှိသော နှုတ်ခွန်းဆက်စကား ဖြစ်သည်။ လက်ပါးစေ အမျိုးသမီးနှစ်ဦးသည် အခန်းလုလင် လက်ယမ်းပြသည်ကို မြင်သောအခါ ခေါင်းချင်းဆိုင်ကာ တိုးတိုးတိတ်တိတ် ကျိတ်၍ ရယ်ကြပါလေသည်။ ထိုအခါ အခန်းလုလင်သည် သဘောကျ အားတက်လာသဖြင့် မသာတံခါးဆီသို့ ခုန်ဆွခုန်ဆွနှင့် ဇရက်ခုန် ခုန်သွားပြီးလျှင် တံခါးကို မထိတထိ ခေါက်၏။ ထိုနောက် သူ့ဦးခေါင်းကို တိမ်း၍ 'ဝင်လာရမလား သခင်ကြီးခင်ဗျာ' ဟု မေးလိုက်သည်။ ထို့နောက် သူ့လည်ပင်းကို သူ ကိုင်၍ သူ့မေးကို သူထော်ပြလိုက်ပြီးလျှင်

သူဌေးကြီးက အတွင်းမှနေ၍ အမိန့်ပေးလိုက်သည့် အလား အာလေးလေး အသံအက်အက်ဖြင့် 'ဝင်...လာ...ခဲ့' ဟု မြည်ပြလိုက်ပြန်သည်။ ထိုအခါ ခေါင်းချင်းဆိုင် လက်ပါးစေအမျိုးသမီးနှစ်ဦးသည် တခိခိ ရယ်ကြပြန်သည်။

၆

အရဏ်ကျင်း၍ အလင်းသို့ ရောက်လာပြီ။ ထိုအခါကျမှသာ အခန်းအမှတ် လေးဆယ့်သုံး၌ သဲသဲကွဲကွဲ မြင်လာရသည်။ ထိုအခါကျမှသာ ဆော်ဒါ ပုလင်းထည့်သော သေတ္တာရှည် အလွတ်တစ်လုံးသည် အခန်းသို့ ရောက်လာ သည်။ များမကြာခင် ပေါ့ပါးသော သေတ္တာရှည်သည် လေးလာသည်။ ထို့နောက် ဟိုတယ်အလုပ်သမားများသည် ထိုသေတ္တာရှည်ကို ထမ်း၍ ဟိုတယ် အပြင်ဘက်ရှိ မြင်းလှည်းဆီသို့ ခပ်သုတ်သုတ် ယူသွားသည်။ မြင်းလှည်းသည် ထိုသေတ္တာရှည်ကို သယ်၍ ကာပရီတောင်စောင်း တောင် ခါးပန်း၌ ကွေ့ကာလိမ်ကာ ပင်လယ်ဆိပ်ကမ်းအရောက် မောင်းသွားရန် ဖြစ်သည်။ မြင်းလှည်းသမားသည် ပိန်ပိန်ပါးပါး ဖြစ်သည်။ ရုပ်အကျီလက်တို အဟောင်းအနွမ်းနှင့် ဖြစ်သည်။ ညက အသောက်လွန်သဖြင့် သူ့မျက်စိသည် နီရဲနေသေးသည်။ ကြာပွတ်သံကို တစ်လမ်းလုံး အဆက်မပြတ် ကြားနေ ရသည်။ မြင်းဇက်ကြိုး၌ တပ်ဆင်ထားသော ချူများမှ ချူသံသည် တစ်လမ်း လုံး တချွင်ချွင် မြည်နေသည်။ မြင်း၏ ဦးစွန်းဖုတ်နေရာ၌ ထိုးစိုက်ထားသော ငှက်တောင်သည် ယိမ်းထိုးနေသည်။ မြင်းလှည်းသမားသည် ညက ဖဲရှုံး သဖြင့် စိတ်အညစ်ကြီး ညစ်ခဲ့သည်။ ယခုအခါ ပင်လယ်လေ သန့်သန့်ကို ရှူလိုက်ရသဖြင့် သူ့မျက်စိတွင် အနီရောင် ပြယ်သွားပြီ။ မနက်စောစောစီးစီး ရတနာပုံဆိုက်သောကြောင့်လည်း ရွှင်ရွှင်ပျပျ ဖြစ်နေသည်။ ရတနာပုံ ဆိုက် သည် ဆိုခြင်းမှာ အခြားမဟုတ်။ မြင်းလှည်းနောက်ပိုင်းတွင် ဆော်ဒါ သေတ္တာ ရှည်ထဲ၌ ထိပ်ပြောင်ဦးခေါင်းသည် တလားပျဉ်ဝဲယာနှင့် တဆောင့်တည်း

ဆောင့်နေသဖြင့် တစ်လမ်းလုံး တဂေါက်ဂက်ဂက် မြည်၍ ပါလာသော ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးကို အငှားတင်လာရသောကြောင့် ဖြစ်သည်။

ဆိပ်ကမ်းသို့ မြင်းလှည်းရောက်ပြီ။ ရောက်သည်နှင့် တစ်ပြိုင်နက် ဆိပ်ကမ်း၌ ကပ်ထားသော ကူးတို့သင်္ဘောသည် ဥသြသံ ပေးလိုက်သည်။ မြင်းလှည်းနောက်ပိုင်း၌ လိုက်ပါလာသော ဟိုတယ်အလုပ်သမားသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဆိပ်ကမ်းသို့ ရောက်နေနှင့်သော ဟိုတယ်အလုပ်သမား တစ်ဦးသည် ဝင်၍ကူသည်။ ထို့နောက် ဆော်ဒါသေတ္တာရှည်ကို သင်္ဘောပေါ်သို့ ထမ်းပို့လိုက်ကြသည်။ ထိုအလုပ်သမားသည် ခပ်စောစောကပင် သူဌေးကတော်ကြီးနှင့် သူဌေးကြီး၏ သမီးတို့ကို ဟိုတယ်မှ ဆိပ်ကမ်းသို့ မော်တော်ကားနှင့် ခေါ်လာသူ ဖြစ်သည်။ သူဌေးကတော်ကြီးနှင့် သမီးတို့သည် ငိုရလွန်းသဖြင့် မျက်တွင်းကျနေကြသည်။ ဆယ်မိနစ်ခန့်ကြာသောအခါ ကူးတို့သင်္ဘောသည် ကာပရီကျွန်းမှ ခွာ၍ လေလှိုင်းတို့ကို ကျော်ဖြတ်လျက် ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး သားအမိ သားအဖ သုံးယောက်ကို နေပလီမြို့သို့ ပြန်ပို့လိုက်သည်။

ကာပရီကျွန်း၌မူ တိတ်ဆိတ်ငြိမ်သက်လျက်ပင်။ ထိုနေ့ နံနက်တွင် သူဌေးကြီးတို့ကဲ့သို့သော ဧည့်သည်များသည် ဟိုတယ်၌ အိပ်၍ ကောင်းကြတုန်း ဖြစ်သည်။ သို့ရာတွင် ဟိုတယ်၏ အရှေ့မျက်နှာစာ၌ကား မီးခိုးရောင် မြည်းပုကလေးများသည် ကုန်းနှီးကိုယ်စီနှင့် အသင့်ရောက်နေကြလေပြီ။ အမေရိကန် ခရီးသည်၊ ဂျာမန်ခရီးသည် မိန်းမ ယောကျာ်း၊ လူကြီးလူငယ် ဧည့်သည်အပေါင်းတို့သည် အိပ်ရာမှထ၍ စားသောက်ခြင်းကိစ္စ ပြီးစီးကြသောအခါ ထိုမြည်းပုများကိုစီး၍ ဖိုးပြန်တောင်၊ ရွှေရင်စို့တောင် စသော တောင်စောက် တောင်ခါးပန်းတို့ကို တပျော်တပါး တက်ကြရန် ဖြစ်သည်။ စောလှသေးသော ယခုလိုအချိန်၌ ထိုဧည့်သည်တို့သည် သူတို့နှင့်အတူ မြည်းပု စီး၍ တောင်တက်ရန်ဖြစ်သော ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီးကို

နေပလီမြို့သို့ ပြန်ပို့လိုက်ပြီဟု သိထားကြသည့်အလား အိပ်ရာထဲတွင် စိတ်ချ လက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြဆဲ ဖြစ်သည်။ ထို့ကြောင့် ကာပရီကျွန်း၌ တိတ်ဆိတ်၍ ငြိမ်ချက်သားကောင်းနေခြင်း ဖြစ်သည်။

ဈေးအနီးအနား တစ်ဝိုက်၌သာ ငါးစိမ်းသည်နှင့် ကုန်စိမ်းသည်တို့သည် လှုးလာခတ် သွားလာနေကြသဖြင့် လူသံ သူသံတို့ကို ကြားရသည်။ ထိုသူတို့သည် ရိုးရိုးသားသား ရောင်းဝယ်စားသောက်ကြသူများ ဖြစ်ကြသည်။ သူတို့အထဲတွင် အဘိုးအို လှေသမားတစ်ဦးကို မြင်ရသည်။ ထိုအဘိုးအိုသည် အရပ် ထောင်ထောင်မောင်းမောင်းနှင့် လူချောလူလှ ဖြစ်သည်။ ပျော်ပျော်ပါးပါး နေတတ်သူ ဖြစ်သည်။ ညက ပုစွန်တုပ်နှစ်ကောင်ကို သူ ဖမ်း၍မိသည်။ ယခု သူ ရောင်းစားလိုက်ပြီ။ ယခုလောက်ကြာလျှင် ထိုပုစွန်တုပ် နှစ်ကောင်သည် ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး တည်းခိုခဲ့သော ဟိုတယ်၏ စားဖိုဆောင်တွင် စားတော်ကဲ၏ အဝတ်ထုပ်ထဲ၌ ယက်ကန်ယက်ကန် နေကြမည် ဖြစ်သည်။ ပုစွန်တုပ်နှစ်ကောင်ကို ရောင်းလိုက်ရသဖြင့် ထိုအဘိုးအိုသည် ထိုနေ့အဖို့ နောက်ထပ် ဘာအလုပ်ကိုမျှ လုပ်ရန် မလို။ ဆေးတံတို ခဲကာ တစ်နေ့လုံး သူ ဒူးနန့်၍ နေနိုင်သည်။ ထိုအချိန်တွင် တောင်တက်ရာမှ ပြန်လာကြသော တောင်တက်သမား နှစ်ဦးသည် ကာပရီမြို့သို့ လမ်းလျှောက်လာရာ လမ်းခုလတ်တွင် ကျောက်ဂူတစ်ခုသို့ ရောက်ကြသည်။ ကျောက်ဂူထဲ၌ ကောင်းကင်သို့ မော့်၍ ဘုရားအာရုံပြုနေသော မယ်တော်မာရီ၏ ဆင်းတုရှိသည်။ တောင်တက်နှစ်ဦးသည် ဝတ်ပြုလိုက်ကြသည်။

ထိုအချိန်တွင် ဆန်ဖရန်စစ္စကိုမြို့က သူဌေးကြီး၏ ရုပ်အလောင်းသည် ဇာတိရပ်ဌာန် အမေရိကန်သို့ ပြန်နေပြီ။ အပြန်ခရီးတွင် သူဌေးကြီး ရုပ်အလောင်းသည် သက်ဆိုင်ရာတို့၏ ပေါ့လျော့မှုကြောင့် အတော်အတန် အနှိမ်ခံခဲ့ရရှာသည်။ နေပလီမြို့၌ ရှိနေစဉ် ခုနစ်ရက်လောက် အတွင်း

တွင် တစ်နေ့တစ်ရက်မျှ တစ်နေရာတည်း၌ အတည်တကျ မနေရ။ ဤ သင်္ဘောဆိပ် ကုန်ရုံသို့ ရောက်လျှင် ထိုသင်္ဘောဆိပ် ကုန်ရုံသို့ ပြောင်းရသည်။ သင်္ဘောဆိပ်ကုန်ရုံ အမျိုးမျိုးသို့ တစ်ရုံပြီးတစ်ရုံ ကူးခဲ့ ပြောင်းခဲ့ ပြီးခါမှ နောက်ဆုံးတွင် သူ အသက်ရှိစဉ်က ပျော်တပြုံးပြုံးနှင့် သူ စီးနင်းခဲ့သော ကမ္ဘာကျော် "အတ္တလန်တိတ်" သင်္ဘောကြီးပေါ်သို့ပင် သူ ပြန်ရောက် သည်။ ဥရောပသို့ သူ ခရီးထွက်စဉ်ကသော် သူ့ကို ရှိသေလေးစား အရေး ထားကြသည်။ ယခုသော် သူ့ကို ကတ္တရာစေးသုတ် ခေါင်းတလား၌ ထည့်၍ သင်္ဘောကြီး၏ ဝမ်းခေါင်း မှောင်မှောင်မည်းမည်းထဲတွင် ထားလိုက်ကြ သည်။ သင်္ဘောကြီးသည် အမေရိကန်သို့ ရှေးရှု၍ ပင်လယ်ခရီးကို နှင်ရ ပြန်ပြီ။ မိုးချုပ်သောအခါ ကာပရီကျွန်းကို လွန်သည်။

ဒုတိယည၌ အခါတိုင်းကဲ့သို့ သင်္ဘောပေါ်၌ စုံတွဲ ကပွဲကြီးကို ခင်းကျင်းသည်။ တတိယည၌လည်း ခင်းကျင်းပြန်သည်။ နှင်းမုန်တိုင်း ကျနေစေကာမူ ခင်းကျင်းမြဲ ခင်းကျင်းသည်။ လေလှိုင်းထန်စေကာမူ ခင်းကျင်းမြဲ ခင်းကျင်းသည်။ သင်္ဘောကြီးကလည်း မတုန်မလှုပ်။ ရဲရင့်လှ ပါပေသည်။ ခံ့ညားလှပါပေသည်။ သင်္ဘောကြီး၏ အထက်ဆုံးအထပ်သည် မုန်တိုင်းဒဏ်ကို ရင်စည်း၍ ခံသည်။ လေးလုံးခြောက်ဖက် သင်္ဘော ကပ္ပိတိန် ကြီးသည် ထိုအထက်ဆုံး အထပ်မှနေ၍ သင်္ဘောကြီးကို လိုရာအရပ်သို့ နှင်ပို့နေသည်။ အောက်ဆုံးဖြစ်သော သင်္ဘောဝမ်းခေါင်းထဲတွင် ရောမ ရေနွေးအိုးကြီးနှင့် စက်ယန္တရား အမျိုးမျိုးသည် အခိုးထုတ်သူက ထုတ်ကြ၏။ ဆီအန်သူက အန်ကြကာ အော်ဟစ်ကြိမ်းမောင်း၍ သင်္ဘောကြီးကို လိုရာ အရပ်သို့ နှင်ပို့နေကြသည်။ သင်္ဘောကြီး၏ အလယ်ထပ်တွင် ပန်းတမော့ လက်ရာတို့ဖြင့် မွမ်းမံ တန်ဆာဆင်ထားသော ထမင်းစားခန်း၌ လည်း ကောင်း၊ စုံတွဲက အခန်းကျယ်ကြီး၌ လည်းကောင်း ရယ်နိုင်ကြပါပေသည်။ ပြုံးနိုင်ကြပါပေသည်။ ပျော်နိုင်ကြပါပေသည်။ မြူးနိုင်ကြပါပေသည်။ ပိုး

ဖဲ ကတ္တီပါတို့ကလည်း တရွှန်းရွှန်း။ စိန် ရွှေ ငွေ တို့ကလည်း တဝင်းဝင်း။ ပန်းမျိုးစုံကလည်း တသင်းသင်း။ တေးဂီတ သံစုံကလည်း တညင်းညင်း။ မင်း ဆန်ပါပေသည်။ နန်း ဆန်ပါပေသည်။ ထို့ပြင် အားကျစရာ၊ သွားရည်ယိုစရာ ကောင်းလှသော အဌားလိုက် စုံတွဲကိုလည်း မြင်ရပြန်ပြီ။ ထိုစုံတွဲသည် အခါတိုင်းကဲ့သို့ ဆွဲအားအမျိုးမျိုးကိုသုံး၍ ပြုံးပြုံးကြီး ကပြ၊ ပျော်ပြလိုက်ကြသည်။ သို့ရာတွင် နှစ်ဦးစလုံး၏ အပြုံး၌ ပျင်းမုန်းငြီးငွေ့ သဘောမတွေ့ ဖြစ်နေကြသည်ကိုကား မည်သူမျှ မသိရှာကြချေ။ ထို့ပြင် အမှောင်ထုကိုလည်းကောင်း၊ မဟာသမုဒ္ဒရာကို လည်းကောင်း၊ လေမုန်တိုင်းကိုလည်းကောင်း တိုက်ခိုက် အနိုင်ယူနေသော သင်္ဘောကြီး၏ ဝမ်းခေါင်းမှောင်မည်းမည်းထဲတွင် ကတ္တရာစေးသုတ် ခေါင်းတလားတစ်ခု ပါလာသည်ကိုလည်း မည်သူမျှ မသိရှာကြချေ။ သြော်...မည်သူမျှ မသိရှာကြပါတကား။

[ ငွေတာရီ၊ အမှတ်(၂၆)။ ဩဂုတ်၊ ၁၉၆၂ ]

ဗူနင် ၏

# အတိတ်၏ အရိပ်

[ 'အတိတ်၏အရိပ်' ဝတ္ထုတိုကို အင်္ဂလိပ် ဘာသာပြန်ဖြစ်သော Shadowed Paths မှ မြန်မာပြန်သည်။ ဗူနင်သည် ထိုဝတ္ထုတိုတွင် သုခအမှန်ကို မြင်သော်လည်း ဇာတိဂုဏ်ကို စွဲသော၊ ဣဿရိယ ဂုဏ်ကို စွဲသော မာနကြောင့် ထိုမာနဒုက္ခကိုပင် ဦးထိပ်တင်ထား ချင်သော ပုထုဇဉ်၏ သဘောကို သရုပ်ဖော်ထားသည်။ တစ်နည်း ဆိုရသော် ဝတ္ထုတို၌ ပါသော ဇာတ်ဆောင်ကို ရုရှားနိုင်ငံ ဧကရာဇ် ပဒေသရာဇ်ခေတ်က နယ်ရှင် ပယ်ရှင်၏ ကိုယ်စားအဖြစ် ဖွဲ့ထား သည်ဖြစ်ရာ ဧကရာဇ် ပဒေသရာဇ် လူ့ဘောင်၌ အရင်းခံသော၊ မြတ်သည်ဟု ထင်နေကြသော ပဒေသရာဇ် မျိုးရိုးဇာတိမာန၊ အစိုးရ သော ဘုန်းတန်ခိုးမာနတို့၏ အပြစ်ကို ပြလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ တင်ပြရာတွင် ဇာတ်ကြောင်း ရိုးရိုးစင်းစင်း ဖြစ်သော် လည်း အချက်ကျ၍ ပိုင်လှပါပေသည်။ ]

---

ရုရှားနိုင်ငံ ပီတာစဗတ် နေပြည်တော်၌ ဇာဘုရင်ဖြစ်သော ဒုတိယမြောက် အလက္ကဇန္ဒား စိုးစံစဉ်က ဖြစ်သည်။ ထိုအခါကသော် နယ်ရှင် မြေရှင် မြို့စား နယ်စား၊ မင်းညီ မင်းသား၊ မှူးသား မတ်သားတို့သည် နေပြည်တော် သို့ တက်ကြသောအခါ မြင်းနှစ်ကောင်တပ်၊ မြင်းသုံးကောင်တပ်၊ မြင်းလေး ကောင်တပ် ရထားများကို စီး၍ သွားလေ့ရှိကြသည်။ လမ်းခရီးတွင် ချော စခန်း အမြောက်အမြားရှိရာ စခန်းတိုင်း၌ တစ်ဖက်တွင် ရထားရုံနှင့် မြင်းဇောင်းရှိ၍ တစ်ဖက်တွင် ထမင်းဆိုင်ငယ် ရှိတတ်သည်။ မြို့စား နယ်စား၊

ရာပြည့်စာအုပ်တိုက်

မင်းညီ မင်းသား၊ မှူးသား မတ်သား ခရီးသည်တို့သည် ထမင်းဆိုင်ငယ်၌ ညအိပ် ညနေ တည်းခိုနိုင်ကြသည်။ အစားအသောက် အဖျော်ယမကာတို့ကို ဝယ်ယူ စားသောက်နိုင်ကြသည်။

တစ်နေ့သောအခါ ချောစခန်းတစ်ခု ရှေ့၌ မြင်းသုံးကောင်တပ် ရထားတစ်စီး ရပ်လာသည်။ မိုးရွာနေသည် ဖြစ်သောကြောင့် မြင်းရထား၌ အမိုးတစ်ဝက်ကို ဆွဲတင်၍ မိုးထားသည်။ ရထား၏ နံပါးနှစ်ဖက်တွင် ရွှံ့စဉ်ထားသဖြင့် ရွှံ့စက်များ ပေနေသည်။ ရထားဦးတွင် ရထားမောင်း သမားသည် လယ်သမားအင်္ကျီရှည်နှင့် ဖြစ်သည်။ ခါးပတ်ကို တင်းကျပ်စွာ ပတ်ထားသည်။ ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင်ဖြစ်၍ မုတ်ဆိတ် ဖားလျားနှင့်ဖြစ်ရာ ရှေးခေတ်တောပုန်းဓားပြနှင့် တူတော့သည်။ ရထားထဲ တွင် လူရည်သန့်သန့်တစ်ဦး ပါလာသည်။ ကိုယ်ကာယ ခပ်သွယ်သွယ် ဖြစ်သည်။ ကြီးပေ့ဆိုသော သိုးဦးထုပ်ကို ဆောင်းထားသည်။ နယ်ရှင် မြေရှင် မှူးသားမတ်သားတို့၏ အဝတ်အစား အဆောင်အယောင်နှင့် ဖြစ် သည်။ သူ့ မျက်ခုံးမွေးသည် နက်မှောင်နေသေးသော်လည်း သူ့နှုတ်ခမ်းမွေး မှာကား နက်သည်က နက်၍၊ ဖြူသည်က ဖြူ၍ ကြောင်ကြောင်ကျားကျား ဖြစ်နေပြီ။ နှုတ်ခမ်းမွေးသည် ထောင်နေသည်ဖြစ်ရာ နှုတ်ခမ်းမွေး အညွှန့်အစ နှစ်ခုသည် နားထင်နှစ်ဖက်၌ ကြာစအလှ ချထားသကဲ့သို့ ခွေခွေရွှဲ့ရွှဲ့ ကျနေသော ဆံပင်ကြောင်ကျား အညွှန့်အစ နှစ်ခုနှင့် ထိလုမတတ် ဖြစ်နေ ကြသည်။ မေးတွင် မုတ်ဆိတ်ကို အပြောင်ရိတ်ထားသည် ဖြစ်ရာ ချောမွတ် နေသည်။ ထိုသို့သော အဆင်အပြင်မျိုးသည် ထိုအခါက အလွန်ခေတ်စား လှသော ဇာဘုရင် အလက္ကဇန္ဒား၏ အဆင်အပြင်ကို တုကြသော အဆင် အပြင်မျိုး ဖြစ်သည်။ အဆင်အပြင်၌သာမက ဟန်ပန် မာန်တို့၌လည်း ဇာဘုရင်ကို တုတတ်ကြသည်။ ဇာဘုရင်သည် တစ်ဖက်သားကို ကြည့် လိုက်လျှင် စားတော့မည် ဝါးတော့မည်ကဲ့သို့ ကြည့်တော်မူတတ်သည် ဖြစ်ရာ

ရထားထဲက လူရည်သန့်ကလည်း ထိုအတိုင်း ကြည့်ချင်သည်။ သို့ရာတွင် မောပန်းနေပုံသည် သူ့မျက်လုံးအစုံ၌ ပေါ်နေသည်။

ချောစခန်းရှေ့၌ ရထားရပ်လိုက်သောအခါ ထိုလူရည်သန့်သည် ဒူးအထိမြင့်သော ဘွတ်ဖိနပ်ဝတ် ခြေထောက်ကို ရထားအပြင်သို့ ထုတ်၍ ရထားမှ ဆင်းသည်။ အပေါ်ရုံ ဝတ်လုံအင်္ကျီကို သားရေပျော့ လက်အိတ် စွပ် လက်ဖြင့် သိမ်းကျုံးယူငင်၍ လက်မောင်းပေါ်၌တင်ကာ ဆင်ဝင်လှေကား ကို တက်သွားသည်။ ထိုအခါ ရထားဦး၌ ထိုင်ကျန်ခဲ့သော ရထားမောင်း သမားက 'လက်ဝဲဘက်ကို ချိုးတော်မူပါ ကိုယ်တော်ကြီးဖျာ့။ ထမင်းဆိုင် ရှိပါတယ်' ဟု လှမ်း၍ ပြောလိုက်သည်။ ထိုလူရည်သန့်သည် လှေကားခုံ သို့ ရောက်၍ ဆင်ဝင်အမိုးအောက်သို့ ဝင်မည် ပြုသောအခါ အတန်ငယ် ခေါင်းငုံ့၍ ဝင်ရသည်။ ထို့နောက် ဝဲဘက်သို့ ချိုး၍ ဆိုင်ခန်းထဲသို့ ဝင် လိုက်သည်။

ဆိုင်ခန်းထဲ၌ နွေးသည်။ သွေ့သည်။ သန့်သည်။ လက်ဝဲဘက် ထောင့်ခန်းတွင် ပန်းချီကား ရှိသည်။ ရွှေရောင်တဝင်းဝင်းနှင့် လင်းနေသည်။ ပန်းချီကားအနီးတွင် စားပွဲရှိသည်။ စားပွဲခင်း အသစ်စက်စက် ခင်းလျက် ဖြစ်သည်။ စားပွဲပတ်လည်တွင် ထိုင်ခုံများရှိသည်။ ဆေးကြော တိုက်ချွတ် ထားသဖြင့် ပြောင်နေသည်။ လက်ယာဘက်ထောင့်တွင် မီးလင်းဖိုရှိသည်။ ဆေးဖြူ သုတ်ထားသဖြင့် ဖွေးနေသည်။ တံခါးအနီးတွင် ဆိုဖာရှိသည်။ ရောင်စုံ သက္ကလပ် တပ်ဆင် မွမ်းမံလျက် ဖြစ်သည်။ တစ်ခန်းလုံး ဟင်းနံ့ သင်းနေသည်။ မီးဖိုဆောင်မှ တိုးဝင်လာသော ဟင်းနံ့ ဖြစ်ရာသည်။

ထိုလူရည်သန့်သည် သူ့အပေါ်ရုံ ဝတ်လုံအင်္ကျီကို ထိုင်ခုံပေါ်သို့ တင်လိုက်သည်။ ထို့နောက် သားရေပျော့ လက်အိတ်ကို စွပ်ထားရာမှ ချွတ် သည်။ ထို့နောက် သိုးဦးထုပ်ကို ချွတ်၍ မောပန်းသော အမူအရာဖြင့် ဆံပင်ကို သပ်လိုက်သည်။ ဆံပင်သည် ဖြူဖွေးနေပြီ။ သူ့မျက်နှာသည် ခပ်သွယ်သွယ်

ဖြစ်၍ ကျောက်ပေါက်မာ စိုးစဉ်းမျှ ရှိသော်လည်း ကျက်သရေ ရှိသည်။ အခန်းထဲ၌ မည်သူမျှ မရှိသဖြင့် ထိုလူရည်သန့်သည် မီးဖိုဆောင်ဘက်က တံခါးတစ်ရွက်ကို အသာလှပ်၍ 'ဟဲ့ ဘသူမှ မရှိကြဘူးလား...ဟေ' ဟု ဝေါက်လိုက်သည်။

ထိုအခါ မိန်းမတစ်ယောက်သည် ဆိုင်ခန်းတွင်းသို့ ဝင်လာသည်။ ရုပ်လက္ခဏာကို ကြည့်ရသည်မှာ ရှားအမျိုးသမီး မဟုတ်။ ဂျစ်ပစီအမျိုးသမီးထဲက ဖြစ်ဟန်တူသည်။ ဆံပင် နက်သည်။ မျက်ဆန် နက်သည်။ အထက်နှုတ်ခမ်း၌ လည်းကောင်း၊ နားထင်၊ ပါးပြင်ဆီ၌ လည်းကောင်း မွေးနု မွေးညင်းလေးများ စိမ်းနေသည်။ သူ့မျက်နှာသည် အသက်အရွယ် နှင့် မလိုက်၊ လှသည်။ ကိုယ်လုံးကိုယ်ထည် ဖိုင့်၍ ရင်သားမို့မောက် နေသော်လည်း အထိုင်အထ ပေါ့ပါးဖျတ်လတ်သည်။

'ဩော် အရှင်။ ကြွပါ အရှင်။ ထိုင်တော်မူပါ အရှင်။ ပွဲတော် တည်လိုပါသလား၊ လက်ဖက်ရည် ဆက်ရပါမည်လား။ အမိန့်ရှိပါ အရှင်'

ထိုအခါ ထိုလူရည်သန့်သည် ထိုမိန်းမကို စောင်းငဲ့ရုံမျှ ကြည့်လိုက်ပြီးနောက်

'လက်ဖက်ရည် ရရင် တော်ပြီ။ ဟဲ့...နင်က ဘာလဲ။ ဆိုင်ရှင်လား၊ အစေအပါးလား'

'ဆိုင်ရှင်ပါ အရှင်'

'ဟေ ဒီဆိုင်ဟာ နင့်ဆိုင်လား၊ နင် တည်ထားတာလား'

'မှန်ပါ့၊ ကျွန်တော်မရဲ့ ဆိုင်ပါ။ ကျွန်တော်မ တည်ထားတာပါ'

'ဩော်...ဒါဖြစ်ရင် နင့်မှာ လင် မရှိဘူးပေါ့။ နင် မုဆိုးမလား။ တစ်ယောက်တည်း အလုပ်လုပ်နေတယ်ဆိုတော့ ဘယ်လိုလဲ'

'ကျွန်တော်မ မုဆိုးမ မဟုတ်ပါဘူး အရှင်။ တစ်ယောက်တည်း အလုပ် လုပ်နေတယ် ဆိုတာကတော့ အလုပ်လုပ်မှ ချောင်ချောင်လည်လည်

စားရပါတယ်။ ကျွန်တော်မ ကိုယ်တိုင်ကလဲ ကိုယ့်အလုပ် ကိုယ့်အကိုင်နဲ့ နေချင်လို့ပါပဲ'

'အေး အေး ကောင်းတယ်။ နင့်ဆိုင်ဟာ ချောင်ကျတဲ့အရပ်မှာ ဖွင့်ထားတဲ့ဆိုင် ဖြစ်ပေမယ့် သန့်သန့်ပြန့်ပြန့် ရှိလှသဟယ်။ အဆင်အပြင် အမွမ်းအမံနဲ့ဆိုတော့ သဘောကျစရာပေါ့ ဟဲ့'

ထိုအခါ ဆိုင်ရှင်မသည် ဧည့်သည်ကို စပါးကြည့် ကြည့်လိုက်ပြီး လျှင် စုံစမ်းလိုသော သဘောဖြင့် 'ကျွန်တော်မ ကိုယ်တိုင်ကလဲ သန့်သန့် ပြန့်ပြန့် ကြိုက်ပါတယ်။ ငယ်ငယ်တုန်းက နယ်ရှင် မြေရှင် မင်းပိုင်း စိုးပိုင်း သူကြွယ်ပိုင်းက အိမ်ကြီးတွေမှာ အလုပ် လုပ်ခဲ့ဖူးတော့ သန့်သန့်ပြန့်ပြန့် နေတတ်တာပေါ့ နီကိုလေ သခင်ရယ်' ဟု လွတ်ခနဲ ပြောလိုက်သည်။

ထိုအခါ ကြားရသူ လူရည်သန့်သည် ထိတ်သွားသည်။ မျက်လုံး ဝိုင်းသွား၍ ပူထူသွားသည်။ အတန်ကြာမှ စကားပြောနိုင်ရှာသည်။

'နင် နင်ဟာ နဒီဒါလား။ နဒီဒါ မဟုတ်နိုင်ပါဘူးလေ'

'ဟုတ်ပါတယ် နီကိုလေ သခင်ရယ်။ သခင့် နဒီဒါ အစစ်ပါ'

'ဟယ် ဟုတ်လိုက်လေဟယ်။ ငါ့နှယ် မေ့လိုက်တဲ့ဖြစ်ခြင်း' ဟု ဆို၍ နီကိုလေသည် ပြောပြောဆိုဆိုနှင့် ထိုင်ခုံ၌ ထိုင်လိုက်၏။ ထို့နောက် နဒီဒါကို စိန်းစိန်းကြည့်၍

'ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပဲ တွေ့တတ်တယ် နဒီဒါရယ်။ အခုလို တွေ့ကြလိမ့်မယ်လို့ ဘယ်သူ ထင်မှာလဲ။ အနို့ နေစမ်းပါဦး။ နင်နဲ့ ငါ ကွဲသွားတာ ဘယ်လောက် ကြာသွားပြီလဲ။ ၃၅ နှစ်လောက်တော့ ရှိရောပေါ့။ ဟုတ်ကဲ့လား'

'သုံးဆယ့်ငါးနှစ် မဟုတ်ဘူး။ သုံးဆယ် နီကိုလေ။ သုံးဆယ် သုံးဆယ်။ အခု နဒီဒါဟာ လေးဆယ့်ရှစ်နှစ်ရှိပြီ ဆိုတော့ သခင့်အသက်ဟာ ခြောက်ဆယ်နား ကပ်နေပြီပေါ့'

'အေး ဆိုပါတော့။ ဟုတ်လိုက်လေ နဒီဒါရယ်၊ ထူးပါပေ့ ဆန်းပါပေ့'

'ဘာထူးတာလဲ နီကိုလေ'

'အို ထူးတာပေါ့ဟ။ လောကကြီးလောက် ထူးတာဟာ ဘာရှိသေးသလဲ။ အကုန် အထူးအဆန်းကြီးပါပဲဟာ။ နင်လဲ အသိသားပဲ'

အခန်းထဲသို့ ဝင်လာခါစကသော် နီကိုလေသည် မောသလိုလို၊ ပန်းသလိုလို ဖြစ်နေသော်လည်း မည်သူ့ကိုမျှ လူမထင်၊ စိတ်ကြီးဝင်ခဲ့သည်။ ယခုသော် အမောပြေ၍ မာန်မောင်း ကျသွားသည်။ ထို့နောက် ထိုင်နေရာမှ ထ၍ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ထို့နောက် ရပ်လိုက်ပြီးလျှင် ရှက်စနိုး အမူအရာဖြင့် နောက်ကြောင်း ပြန်လိုက်သည်မှာ

'အေးပါဟာ၊ နင်နဲ့ ကွဲသွားကတည်းက ငါလဲ နင့်အကြောင်း ဘာမှ မကြားရတော့ဘူး။ နေပါဦး။ နင်ဟာ ဒီကို ဘယ်လို ရောက်လာတာလဲ။ ငါ့ကို ပြောစမ်းပါလား။ နင့်သခင်တွေနဲ့ ဘာဖြစ်လို့ အတူတူ မနေသလဲ'

'ကျွန်တော်မကို နီကိုလေ စွန့်လိုက်ပြီးတဲ့နောက် သခင်ဘုရားကြီးများကလဲ ကျွန်တော်မကို လွတ်လပ်ခွင့် ပေးလိုက်ပါတယ်'

'ဪ ဟုတ်လား။ ဒီတော့ နင် ဘယ်ရောက်သွားသလဲ'

'စိတ်မောစရာကြီးပါ နီကိုလေရယ်။ ပြောလို့လဲ ဆုံးမယ် မထင်ပါဘူး'

'ဪ အေး အေး၊ ရှိပါစေတော့။ အနို့ နင် လင်ယူသေးသလား'

'ရှင်၊ မယူပါဘူး နီကိုလေ'

'ဟေ၊ ဘာဖြစ်လို့ မယူသလဲ။ နင့်ရုပ် နင့်ရည်နဲ့ဆိုရင် လင်တစ်ယောက်ကို ခေါင်းခေါက်ယူနိုင်တာပဲ'

'ဒါပေမဲ့ မယူနိုင်ဘူး၊ နီကိုလေ။ မယူနိုင်ဘူး'

'ဟေ၊ ဘာဖြစ်လို့လဲ။ ဘာအကြောင်း ရှိလို့လဲ'

'ကျွန်တော်မ ဘယ်လိုပြောရမလဲ မသိပါဘူး၊ နီကိုလေ။ ကျွန်တော်မရဲ့ မေတ္တာဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာကို သခင် မေ့ပြီလား'

ထိုအခါ နီကိုလေ၏ မျက်လုံး၌ မျက်ရည်ဝဲလာသည်။ ထို့နောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မျက်မှောင်ကုပ်လျက်–

'ပြီးပြီးသားတွေကို စားမြုံ့ပြန်မနေပါနဲ့တော့ဟာ။ လောကကြီးမှာ ဘာမဆို ပြောင်းနေတာပဲ မဟုတ်လား နဒီဒါ။ နုနယ်ရုပ်ဆင်း ပျိုမျစ်ခြင်း ဆိုတာဟာ ရှိသေးရဲ့လား။ ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်၊ မြတ်နိုးပါတယ် ဆိုတာတွေကော ရှိသေးရဲ့လား။ ပြောင်းကုန်ကြပြီ မဟုတ်လား။ ပျက်ကုန်ကြပြီ မဟုတ်လား။ လောကမှာ လူရယ်လို့ ဖြစ်လာရင် အဖြစ်တရားတွေ၊ အပြောင်းတရားတွေ၊ အပျက်တရားတွေကို အဖန်တလဲလဲ တွေ့ရမှာပဲ။ ယောဇကျမ်းမှာ ဘယ်လို ဆိုထားသလဲ။ "ပင်လယ်ဒီရေ၊ ကျလျှော့လေက၊ ကမ်းခြေပြည့်လျှမ်း၊ ရေတင်းကျမ်းလည်း၊ ခန်းခြောက်ကွယ်ပ၊ ကုန်ပျောက်ရ၏" လို့ ဆိုထားတယ် မဟုတ်လား'

'ဟုတ်ပါတယ် နီကိုလေ။ တရားတော်အတိုင်း ဖြစ်ကြရမှာပေါ့။ ပျိုရုပ်ဟာ အိုရုပ် ဖြစ်လာရမယ် မုချဆိုတာကိုတော့ ဘယ်မှာ ငြင်းလို့ရပါ့မလဲ။ ဒါပေမဲ့ နီကိုလေ သခင်ရယ်၊ မေတ္တာ ဆိုတာကတော့ တစ်မျိုးဖြစ်ပါလိမ့်မယ်'

ထိုအခါ နီကိုလေသည် ခေါင်းငုံ့ နားထောင်နေရာမှ မော့ကြည့်လိုက်ပြီးလျှင် နဒီဒါ၏ရှေ့၌ ရပ်၍ မပြုံးချင်ပြုံးချင် ပြုံးလျက်

'ဟဲ့ နဒီဒါ၊ နင့်မေတ္တာဟာ ဒါလောက်ပဲ ခိုင်သလား။ နင့် တစ်သက်လုံးတော့ နင့်မေတ္တာကို ငါ့အပေါ်မှာ ထားနိုင်မယ် မဟုတ်ပါဘူးဟယ်၊ ပြောင်းရမှာပေါ့'

'ထားနိုင်လို့ ထားခဲ့ပြီပဲ နီကိုလေရယ်။ ကျွန်တော်မဟာ ဒီနေ့ဒီရက်

အထိ ဒီမေတ္တာနဲ့ နေလာခဲ့တယ်။ နေ့တွေ၊ လတွေ၊ နှစ်တွေသာ ပြောင်းလာတယ်။ ကျွန်တော်မရဲ့ မေတ္တာကတော့ မပြောင်းခဲ့ပါဘူး။ နီကိုလေကတော့ ပြောင်းခဲ့ပြီပေါ့။ နီကိုလေအဖို့မှာ မေတ္တာဟာ ကစားစရာကလေးလို ဖြစ်ခဲ့လို့သာပေါ့။ အို အပြစ်တင်နေလို့လဲ အကြောင်းမထူးတော့ပါဘူးလေ။ ဒါပေမဲ့ နီကိုလေဟာ ကျွန်တော်မအပေါ်မှာ စိမ်းကားရက်စက်ခဲ့တာကိုတော့ နီကိုလေ မငြင်းနိုင်ပါဘူး။ ကျွန်တော်မဟာ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ကိုယ်သတ်သေမယ်လို့တောင် ကြံခဲ့ဖူးတယ်။ ဟိုတုန်းကတော့လဲ ပျော်ခဲ့ကြတာပေါ့။ ရိပ်သာလမ်း ကဗျာတွေကို နီကိုလေ ဆိုပြတယ် မဟုတ်လား၊ မှတ်မိသေးရဲ့လား'

'အေး မှတ်မိတာပေါ့။ ဟိုတုန်းကဆိုရင် နင်ကလဲ ချစ်စရာပါဟာ။ နင့်ကို မြင်သူတိုင်းဟာ အငမ်းမရ ကျကြတာချည်း မဟုတ်လား'

'ဟိုတုန်းကတော့ နီကိုလေကလဲ လူချောလူလှ တစ်ယောက်ပဲ။ ဒီတော့ ကျွန်တော်မကလဲ ဝမ်းသာအားရ ကိုယ့်အလှကို ပုံအပ်ခဲ့တာပဲ မဟုတ်လား။ ဒါတွေကို ဘယ်မေ့နိုင်မှာလဲ၊ နီကိုလေ သခင်ရယ်'

'ဟယ် မေ့ပစ်လိုက်။ မေ့ပစ်လိုက်။ လောကကြီးမှာ ဘာမဆို ပြောင်းနေတာပဲ။ ဒီတော့ မေ့ပစ်လိုက်ပေါ့ဟ'

'လောကကြီးမှာ ဘာမဆို ပြောင်းနေတယ် ဆိုတာကိုလဲ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ မေ့ပစ်လိုက်ရမယ် ဆိုတာကတော့ အခက်သားပဲ'

နီကိုလေသည် တစ်ဖက်သို့ ချာခနဲ လှည့်လိုက်ပြီးလျှင် 'တော်ပါတော့ဟာ' ဟု ဆို၍ ပြတင်းပေါက်ရှိရာသို့ သွား၏။ ထို့နောက် မိမိ၏ အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ မျက်လုံးကို တို့နေ၏။ ထို့နောက်

'အေးပါဟာ၊ ငါ့အမှားကို ငါ ဝန်ချ တောင်းပန်ပါတယ်။ ကျေလိုက်ပါ နဒီဒါ'

'မကျေနိုင်ဘူး နီကိုလေ၊ မကျေနိုင်ဘူး။ ဝမ်းထဲမှာ ရှိသမျှ ဖွင့်ပြော

ရမယ်ဆိုရင် မကျေနိုင်ဘူးလို့ ပြောရမှာပဲ။ ကျွန်တော်မရဲ့စိတ်ကို ကျွန်တော်မ အမျိုးမျိုး နားချပြီး ဆုံးမခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျေလို့ မရခဲ့ပါဘူး။ ကျွန်တော်မရဲ့ ဘဝမှာ နီကိုလေဟာ ကျွန်တော်မရဲ့ အသက်ပဲ။ နီကိုလေသာ အမြတ်ဆုံးပဲလို့ ယူထားလေတော့၊ ဘယ်မှာ ကျေလို့ရပါ့မလဲ။ မကျေနိုင်ဘူးပေါ့။ အေးလေ ပြီးပြီးသားတွေကို ပြန်သတိရနေလို့ ဘာအကြောင်းထူးတော့မှာလဲ။ သေသူကို ပြန်ရှင်အောင် လုပ်လို့ မရသလို ဖြစ်မှာပေါ့'

'အေး အေး။ ဒါပေါ့ဟ။ ဘာအကြောင်းထူးတော့မှာလဲ။ ကဲ ငါ သွားမယ်။ မြင်းပြင်တော့လို့ သွားပြောလိုက်' ဟု ဆို၍ နီကိုလေသည် ပြတင်းပေါက်မှ ခွာလေ၏။ ထို့နောက် မျက်နှာ ခပ်တင်းတင်းထား၍ 'ဟဲ့ နဒီဒါ။ ငါ့ကို ကြည့်စမ်း။ ငါကတော့ ပျော်နိုင်လို့၊ ရွှင်နိုင်လို့၊ ရွှေဘုံပေါ်မှာ စံရလို့ ဟန်ကျနေတယ်လို့များ နင် မှတ်နေသလား။ ဝေးလေဟယ်။ ငါ့ဘဝ အကျိုးပေးလဲ မကောင်းခဲ့ဘူးဟဲ့၊ သိရဲ့လား။ ငါလဲ နင့်လိုပဲ၊ ငါ့ဝမ်းထဲမှာ ရှိသမျှကို ဖွင့်ပြောလိုက်မယ်။ ငါဟာ ငါ့မိန်းမကို အသေအလဲ အရူးအမူး ချစ်ခဲ့တဲ့ ယောကျ်ားပဲ။ ဒါပေမဲ့ ငါ့မိန်းမဟာ ငါ့ကို သစ္စာဖောက်သွားတယ်။ ငါ့မိန်းမက ငါ့ကို စွန့်လိုက်တာဟာ ငါက နင့်ကို စွန့်လွှတ်လိုက်တာထက် ပိုပြီး ဆိုသေးတယ်၊ သိရဲ့လား။ သားတစ်ယောက်က ငါနဲ့ ကျန်ခဲ့တော့ တော်သေးရဲ့လို့ အောက်မေ့လိုက်ပါရဲ့။ ဒါပေမဲ့ ဒီသားက တော်တော် ကလေး ကြီးပြင်းလာတော့ ဖွဲ့ဖောက်လာတယ်။ ဆိုးလိုက်၊ ပေလိုက်၊ တေလိုက်တာ ကမ်းကုန်ပါရော။ မိမှန်း မသိ၊ ဖမှန်း မသိ။ ဆွေမှန်း မသိ၊ မျိုးမှန်း မသိ။ မိုက်တိမိုက်ကန်းနဲ့ ရမ်းချင်တိုင်း ရမ်းနေတော့တာပါပဲ။ အေးလေ လောကကြီးမှာ ဒါတွေဟာ အထူးအဆန်း မဟုတ်ပါဘူး။ တွေ့ရ တတ် ကြုံရတတ်တဲ့ စိတ်ညစ်စရာ ဖြစ်ရိုးဖြစ်စဉ်တွေပဲ။ ဒီတော့ နဒီဒါ၊ နင် စိတ်မကောင်း မဖြစ်နဲ့။ ဒါတွေကို တွေးမနေနဲ့။ စိတ္တသုခ၊ ကာယသုခနဲ့

ပြည့်စုံပါစေကွယ်။ နင့်ကို ငါ စွန့်ခဲ့မိတဲ့အတွက် ငါ့မှာလဲ အဆုံးကြီး ဆုံး၊ အရှုံးကြီး ရှုံးခဲ့ရပြီလို့ ငါ ထင်တာပဲ'

ထိုနောက် နဒီဒါသည် ထွက်သွား၍ မြင်းပြင်ရန် ပြောခဲ့ပြီးနောက် အခန်းသို့ ပြန်လာ၏။ ထို့နောက် နီကိုလေကို တရိုတသေ နှုတ်ဆက်၏။ နီကိုလေကလည်း ပြန်၍ နှုတ်ဆက်သည်။

ချောစခန်းမှ မြင်းရထား ထွက်သွားသောအခါ ရထားထက်၌ ပါလာသော နီကိုလေသည် မှိုင်နေ၏။ 'နဒီဒါဟာ အရင်တုန်းကလိုပဲ စိတ်ကောင်းရှိတဲ့ မိန်းကလေးပဲ။ ဖော်ရွေချောင်တဲ့ မိန်းကလေးပဲ' ဟု တွေးလာ၏။ ထို့နောက် ထမင်းဆိုင်ခန်းမှ ထွက်ခါနီးတွင် 'နင့်ကို ငါ စွန့်ခဲ့တဲ့အတွက် ငါ့မှာလဲ အဆုံးကြီး ဆုံး၊ အရှုံးကြီး ရှုံးခဲ့ရပြီ' ဟု နဒီဒါအား နောက်ဆုံး ပြောခဲ့သော သူ့စကားတစ်ခွန်းကို သူ ပြန်သတိရသဖြင့် မပြောစကောင်းသော စကားကို သူ ပြောလိုက်မိပြီဟု အထင်ရှိလာသည်။ ထို့နောက် ဂုဏ်နိမ့်သွားသည်ဟု သူ ယူလိုက်ပြန်သည်။ 'ဒါပေမဲ့လေ သူနဲ့အတူ ရှိနေစဉ်တုန်းက ငါဟာ အပျော်ဆုံးပဲ မဟုတ်လား။ စိတ်အချမ်းသာဆုံးပဲ မဟုတ်လား' ဟု သူ့ကိုယ်သူ မေးတွေးတွေး၍ အခုနက သူ ယူဆခဲ့ပုံကို သူ အပြစ်တင်ပြန်သည်။

နေမင်းသည် ညိုလာပြီ။ ရထားမောင်းသမားသည် မြင်း သုံးကောင်ကို လေးဖက်ကျ အလှမောင်းသွား၏။ ရွံ့ပျော့ကို ကွင်းနိုင်သမျှ ကွင်း၍ မောင်းသွား၏။ မောင်းသွားရင်း သူလည်း အတွေးနက်နေသည်။ အတန်ကြာသော် စကားဆိုချင်လာသဖြင့်

'ကိုယ်တော်ကြီးဖျာ၊ ကျွန်တော်တို့ ရထားထွက်လာတော့ ဟိုဆိုင်ရှင်အမျိုးသမီးဟာ ပြတင်းပေါက်မှာ ရပ်ပြီး ငေးကျန်ရစ်ရှာတယ်။ ကိုယ်တော်ကြီးနဲ့ သိလို့လား' ဟု နီကိုလေကို မေးလိုက်သည်။

'အေး၊ သိတာပေါ့'

'ဒီအမျိုးသမီးဟာ တော်တော် တော်တဲ့ အမျိုးသမီးလို့ ပြောကြတယ်။ တော်တော်လဲ စုမိဆောင်းမိ ဖြစ်နေပြီတဲ့။ အနီးအနားက ရွာသူရွာသားတွေကို ငွေထုတ်ချေးနိုင်သတဲ့'

'အံမာ ငွေချေးတဲ့ အလုပ်ကို ကောင်းကောင်းကန်းကန်း ထင်နေသလား'

'မကောင်းဘူးလို့ ဆိုပေမယ့် တိုးပွားအောင် လုပ်ချင်ကြတာပဲ မဟုတ်လား။ အတိုး တန်ရုံ သင့်ရုံ ယူရင်တော့ ဆိုးမယ် မထင်ပါဘူး။ ဒီအမျိုးသမီးဟာ အတိုးနည်းနည်း ယူတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ချိန်းရက်မှာ ပြန်မဆပ်ကြရင်တော့ ကိုယ့်အပြစ်နဲ့ကိုယ် ခံကြရသတဲ့'

'အေး၊ ဒါပေါ့ကွာ။ ကိုယ့်အပြစ်နဲ့ကိုယ် ဆိုတော့ ခံကြရမှာပေါ့။ ဟော့၊ စကားမများစမ်းနဲ့။ မြန်မြန်မောင်း။ မီးရထား မမီဘဲ နေလိမ့်မယ်'

နေမင်းသည် ဝင်စ ပြုပြီဖြစ်ရာ လမ်းဘေး လယ်ကွက်များတွင် အဝါနုရောင် သန်းနေသည်။ မြင်းတို့သည် ခြေကျမှန်မှန် ပြေးလျက်ရှိရာ မြင်းသံခွာတို့မှ အရောင်သည် ခြေကြွလိုက်တိုင်း တဖိတ်ဖိတ် တောက်သည်။ နီကိုလေ၏ မျက်စိသည် မြင်းသံခွာဆီသို့ ရောက်၍ ကြောင်တောင်တောင် ငေးကြည့်နေသည်။ 'အင်း၊ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ခံရမှာပေါ့။ သူနဲ့နေလိုက်ရတဲ့ ငါ့ဘဝဟာ ငါ့တစ်သက်မှာ အမြတ်ဆုံး ဖြစ်ခဲ့တာကတော့ အမှန်ပဲ။ အမြတ်ဆုံးသာမက အပျော်ဆုံးလဲ ဖြစ်ခဲ့တယ်။ ဟိုတုန်းက ငါဆိုတဲ့ သီချင်းဟာ ဘာတဲ့။ သြော်၊ နှင်းဆီနန်းက လမ်းရိပ်သာမှာ၊ ပန်းရွှေလိပ်ပြာ ရှင်မြူးပျော်လို့ လေး တဲ့။ အို၊ နီကိုလေ၊ မင်း ဘာတွေ တွေးနေတာလဲ။ သတိထားမှပေါ့။ တကယ်လို့ ဟိုတုန်း ဟိုအခါက မင်းဟာ သူ့ကို မစွန့်ဘဲ သူ့ကို လက်ထပ်ပြီး ယူလိုက်ရင် အခု မင်း ဘာဖြစ်နေမလဲ။ ဘုရား၊ ဘုရား။ ရုက်စရာကြီး ဖြစ်နေမှာပေါ့။ ဒီကောင်မ နဒီဒါဟာ အခုလို ထမင်းဆိုင်ရှင်မ မဟုတ်ဘဲ မင့် မိန်းမ ဖြစ်နေမှာပေါ့။ ပီတာစဗတ် နေပြည်

တော် မင်းပွဲသဘင်မှာ မင့်ကတော်မယား ဖြစ်နေမှာပေါ့။ မင့် ရင်သွေးတွေ၊ မင့် သားသမီးတွေရဲ့ မွေးသမိခင် ဖြစ်နေမှာပေါ့။ အို၊ ဘယ်ဖြစ်ပါ့မလဲ နီကိုလေရယ်'

မြင်းသုံးကောင်တပ် ရထားပေါ်တွင် ကိုယ်တော်ကြီး နီကိုလေသည် သူ့မျက်စိကို စုံမှိတ်၍ ခေါင်းတခါခါနှင့် လိုက်ပါသွားလေသတည်း။



**အီတာလျံ အမျိုးသား စာရေးဆရာ**
**ပီရန်ဒယ်လို [ ၁၈၆၇–၁၉၃၆ ]**
**Luigi Pirandello,[1867-1936]**

ပီရန်ဒယ်လိုသည် သူ ရေးသော ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်တို့ကြောင့် ၁၉၃၄ ခုနှစ်တွင် နိုဗဲစာပေဆု အချီးမြှင့် ခံရသည်။

အီတလီနိုင်ငံ စစ္စလီကျွန်း၌ မွေးဖွားသည်။ သူ့အဖသည် ကန့်ကျောက်တွင်း သူဌေးဖြစ်၍ အအုပ်အချုပ် အစီအမံ ကျွမ်းကျင်လိမ္မာသူ ဖြစ်သည်ဟု ကျော်စောသည်။ အမိသည် နူးညံ့သိမ်မွေ့ရက်ရော၍ အိမ်မှုကိစ္စ တို့၌ စိတ်ဝင်စားသူ ဖြစ်သည်ဟု ဆိုကြသည်။ စိတ်ထား သဘောထား အရာတွင် သားဖြစ်သူ ပီရန်ဒယ်လိုသည် သူ့အမိနှင့် တူသည်ဟု အဆိုရှိသည်။ သို့ရာတွင် ပီရန်ဒယ်လိုသည် အတုအပ အယောင်ဆောင် ကြောင်သူတော်သဘောကို လည်းကောင်း၊ စာပေအရာတွင် အဆင်တန်ဆာ အကာသက်သက်သဘော၊ သကြြန်အမြောက်ကဲ့သို့သော ဟိတ်ဟန် အသံသက်သက်

ရာပြည့်စာအုပ်တိုက်

သဘောတို့ကို လည်းကောင်း ရှံ့ရှာမုန်းတီးသူ ဖြစ်သည်ဟု ဆိုကြသည်။

ရောမတက္ကသိုလ်၌ စာပေ ဆက်လက်သင်ကြားစဉ် ရှေးသမားရိုးကျ စာပေ ပို့ချပုံ ပို့ချနည်းတို့ကို ကျေနပ်ခြင်း မရှိသဖြင့် ပီရန်ဒယ်လိုသည် ပါမောက္ခများနှင့် ခဏခဏ အငြင်းပွားခဲ့ရသည်။ ပါမောက္ခတစ်ဦးနှင့်သာ သင့်သည်ဟု ဆိုသည်။ ထိုပါမောက္ခသည် ပျင်းစရာအလွန်ကောင်းသည်ဟု ထိုအခါက ယူဆခြင်းခံရသော ဘာသာဗေဒဆိုင်ရာ ပါမောက္ခ ဖြစ်သည်။ ပီရန်ဒယ်လိုသည် ထိုပါမောက္ခထံမှ အီတာလျံ ဓလေ့ဘာသာပုံပြင်၊ အီတာလျံ သမိုင်းပုံပြင်တို့ကိုလည်း ကျနစွာ လေ့လာခွင့်ရခဲ့သည်။ထို့နောက် အဆိုပါပါမောက္ခ၏ အကြံပေးချက်အရ ဂျာမနီနိုင်ငံသို့ သွား၍ ဗွန်းတက္ကသိုလ်၌ ပညာ ဆက်လက် သင်ကြား၍ စာပေ ပါရဂူဘွဲ့ကို ယူခဲ့သည်။ ဂျာမန်ကဗျာဆရာကြီး ဂါထာ၏ ကဗျာအချို့ကို အီတာလျံ ဘာသာသို့ ပြန်ဆိုခဲ့သည်။

ပီရန်ဒယ်လိုသည် အသက် တစ်ဆယ့်ခြောက်နှစ် အရွယ်မှစ၍ ကဗျာရေးခဲ့သူ ဖြစ်သည်။ ဂျာမနီနိုင်ငံမှ ပြန်လာပြီးနောက် ၁၈၉၃ ခုနှစ်မှာမှ စာပေလောကသို့ လုံးဝ ဝင်ခဲ့သူ ဖြစ်သည်။ ထိုအခါမှစ၍ ကဗျာရေးခြင်းကို ခေတ္တရပ်၍ ဝတ္ထုတို ဝတ္ထုရှည်တို့ကို ရေးသည်။ ထိုဝတ္ထုများတွင် မိမိ၏ ဇာတိဖြစ်သော စစ္စလီကျွန်းသည် နောက်ခံကားအဖြစ် အမြဲလိုလို ပါတတ်သည်။ စစ္စလီကျွန်းသူ ကျွန်းသားတို့၏ ဘဝကို ပုံဖော်၍ ရေးဖွဲ့တတ်သဖြင့် ကျော်စောလာသည်။ ကနဦးတွင် ပီရန်ဒယ်လိုသည် ဘဝ၌ ကြုံတွေ့ရတတ်သော လွမ်းစရာ၊ ချစ်စရာ၊ မြတ်နိုးစရာ၊ အားတက်စရာတို့ကိုသာ မြင်တတ်၍၊ ထိုသဘောတို့ကိုသာ အသားပေး၍ ရေးလေ့ရှိသည်။ သို့ရာတွင် ၁၉၀၄ ခုနှစ်လောက်မှ စ၍ ပီရန်ဒယ်လို၏ သဘောထားသည်

ရာပြည့်စာအုပ်တိုက်

တစ်စတစ်စ ပြောင်းလာသည်။ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသော ကြောင့် ဖြစ်သည်။ ရေလွှမ်းမိုးသဖြင့် မိဘနှစ်ပါး၏ ကန့်ကျောက်တွင်းအလုပ် ပျက်စီး၍ ရှိသမျှ ပစ္စည်းဥစ္စာ ဆုံးပါးခဲ့သည်။ တစ်ဖန် ဇနီးဖြစ်သူမှာ ရူးသွပ်သော ဝေဒနာ ကပ်ရောက်လာသည်။ ထိုအခါ ပီရန်ဒယ်လိုသည် ရောမမြို့ရှိ အမျိုးသမီး ကောလိပ်ကျောင်းတွင် ကျောင်းဆရာအဖြစ် အလုပ်လုပ်၍ ဇနီးသည်၏ ဝေဒနာကို ကုရရှာသည်။ ဝတ္ထုများကို ရေးမြဲ ရေးသည်။ ထိုအခါမှ စ၍ ပီရန်ဒယ်လို၏ စာများတွင် ဘဝ၌ ကြုံတွေ့ရတတ်သော စိတ်ပျက်စရာ၊ စက်ဆုပ်စရာ၊ သံဝေဂ ရစရာ သဘောတို့သည် ဝင်လာကြသည်။ ထို့မျှမကသေး၊ အိုရ နာရ သေရသော တရားတို့နှင့် ရင်ဆိုင်ရသော အရေးကိစ္စ၊ ရူးသွပ်ရခြင်းနှင့် ရင်ဆိုင်ရသော အရေးကိစ္စ၊ မနာလို ဝန်တိုခြင်း ခံရသော အတွေ့အကြုံနှင့် ရင်ဆိုင်ရသော အရေးကိစ္စတို့သည်လည်း သူ၏ စာများတွင် ပါဝင်လာကြသည်။ ဤသို့ဖြင့် ပီရန်ဒယ်လို၏ စာများတွင် မုဒိတာဖြစ်စရာ၊ အားကျစရာ ဘဝအလွှမ်းသဘောလည်း ပါတတ်၍ သံဝေဂ ရစရာ၊ ကရုဏာ ဖြစ်စရာ ယထာဘူတ သဘောလည်း ရောနှော ယှက်တင် ပါဝင်လာတတ်သည်ဟု ဆိုမိန့်ကြသည်။

ပီရန်ဒယ်လိုသည် ၁၉၃၆ ခုနှစ်၌ အနိစ္စရောက်သည်။ အနိစ္စမရောက်ခင် နှစ်နှစ်လောက်တွင် ပီရန်ဒယ်လိုသည် သားသမီး သုံးယောက်အား အမွေပေးပြီးနောက် ပစ္စည်းဟူ၍လည်း အစွဲအလမ်း မထား။ သားသမီး ဟူ၍လည်း အစွဲအလမ်း မထား။ ခြေသလုံး အိမ်တိုင်ပြုကာ လှည့်လည်၍ နေတတ်သည်။ အသက် ၇၀ ၌ လွန်သည်။

# ပီရန်ဒယ်လို ၏
# ပြန်ပေး ဓားစာခံ

[ ဤ 'ပြန်ပေး ဓားစာခံ' ဝတ္ထုတိုသည် အင်္ဂလိပ် ဘာသာပြန်ဖြစ်သော The Captive မှ မြန်မာပြန်သော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွင် စစ္စလီကျွန်းက ကျေးရွာကို နောက်ခံကားအဖြစ် ခင်းကျင်း၍ ဘင အလွမ်းသဘောကိုသာမက ယထာဘူတ သဘောကိုပါ ပုံဖော်ခဲ့သည်။ ဘဝအလွမ်းဘက်တွင် ယာသမားလူငယ် သုံးဦး၏ ရိုးပုံ၊အ ပုံ၊ နောင်တရပုံ၊ စိတ်ရင်းကောင်း ရှိပုံတို့ကိုလည်းကောင်း၊ ဒုက္ခနှင့် ရင်ဆိုင်နေရသော သနားစရာ၊ ချစ်ခင်စရာ အဘိုးအို၏ ရဲရင့်ပုံ၊ ခွဲကောင်းပုံ၊ အသင့်အတင့် နှလုံးသွင်းတတ်ပုံ၊ အခွင့်လွှတ်တတ်ပုံတို့ကိုလည်းကောင်း ပြခဲ့သည်။ ယထာဘူတဘက်တွင် အဘိုးအို၏ ဒုတိယအိမ်ထောင်ရေး မသာယာပုံကို လည်းကောင်း၊ သူတစ်ပါး၏ အမှားကြောင့် အဘိုးအို ဒုက္ခရောက်ရပုံကို လည်းကောင်း ပြခဲ့သည်။]

---

၁

အချိန်သည် ညနေစောင်း နေဝင်ဖျိုးဖျ အချိန် ဖြစ်သည်။ ထိုအချိန်တွင် ယာရှင်အဘိုးအို ဂွာနာတိုသည် အခါတိုင်းကဲ့သို့ပင် ပင်လယ်ပြင်ကို မိုးနေသော ကုန်းမြင့်ပေါ်ရှိ မိမိ၏ယာခင်းမှ မြို့သို့ ပြန်လေ့ရှိသည်။ ယခုလည်း အဘိုးအို ပြန်လာပြီ။ အဘိုးအိုကို ကြည့်ရသည်မှာ ယိမ်းထိုး၍ လျှောက်လာသည်ဟု ထင်ရသည်။ အမှန်မှာ အဘိုးအိုသည် လမ်းလျှောက်လာသည် မဟုတ်။ စီးနေကျဖြစ်သော မြည်းငယ်ကို စီး၍ လာခြင်း ဖြစ်သည်၊ မြည်းငယ်က ပု၍ အဘိုးအို၏ ခြေတံက ရှည်သောကြောင့် လည်းကောင်း

မြည်းပုက လှုပ်တိုင်း အဘိုးအိုမှာ ယိမ်းထိုး၍ နေသောကြောင့်လည်းကောင်း အဘိုးအို ယိမ်းထိုး၍ လျှောက်လာသည်ဟု ထင်ရခြင်း ဖြစ်သည်။ မြည်းပုကလည်း အိုလှပြီ။ ထို့ကြောင့် ကုန်းအတက်သို့ ရောက်တိုင်း မြည်းပုသည် အသက်ရှူမှားမတတ် မောဟိုက်နေရှာသည်။ တောင်ခါးပန်းတွင် ကွေ့ကာလိမ်ကာ ခွေကာ ဝိုက်ကာ တက်လာရသောကြောင့်လည်း ခဏခဏ မောဟိုက်ရရှာသည်။ ကုန်းအတန်ငယ် ပြေလာသောအခါ ကုန်းအထက်ဆီက မြို့ကို လှမ်း၍ မြင်ရသည်။ မြို့သည် ကြီးလှသည် မဟုတ်။ ကုန်းစောင်းခါးပန်းတွင် ဆင့်ကာ ဆင့်ကာ ကျိုးတိုးကျဲတဲ ဆောက်ထာကြသော အိမ်အစုအဝေးမျှသာ ဖြစ်သည်။ ထိုအချိန်တွင် ထိုမြို့ငယ်က ယာသမားတို့သည် မိမိတို့ယာခင်းများမှ မြို့သို့ ပြန်ရောက်ကြပြီ။ အဘိုးအို ဂွာနာတို တစ်ဦးသာလျှင် တောင်ခါးပန်း တောင်လမ်း၌ တစ်ယောက်တည်း ပန်းဟိုက်လျက် ရှိနေသေးသည်။

အဘိုးအို၏ စိတ်ထဲတွင် လောကကြီးတစ်ခုလုံးသည် သူကဲ့သို့ ပန်းဟိုက်၍၊ သူကဲ့သို့ အထီးကျန်ဖြစ်နေသည်ဟု ထင်နေသည်။ သူ့ဘဝသည် ညှိုးညှိုးမှိန်မှိန် ဖြစ်နေပြီ။ အဘိုးအိုသည် ပတ်ဝန်းကျင်ကို ကြည့်၏။ သစ်ကိုင်းသစ်ခက်တို့၌ အရွက် မရှိ။ အရိုးတံချည်း ကျန်သည်။ ရှားစောင်းလက်ဝါးတွင် ဖုန်တို့သည် ထုတက်နေကြသည်။ လမ်းဆားတစ်လျှောက်တွင် ဒီလုံးတို့သည် အပုံလိုက် ရှိနေကြတုန်း ဖြစ်သည်။ ကြည့်လေရာရာတွင် ငြီးငွေ့စရာ ကောင်း၍ မြင်လေရာရာတွင် နှစ်သက်စရာ မရှိ။ ဖုန်အတိဖြစ်သည်။

အဘိုးအို ဝတ်သော သက္ကလပ် ကုတ်အင်္ကျီအနက်၌ ဖုန် အလိမ်းလိမ်း ကပ်၍ အိမ်အထိ ပါလာတတ်သည်။ အိမ်သို့ ရောက်၍ အင်္ကျီကို ချွတ်လိုက်တိုင်း အဘိုးအို၏ မယားသည် အင်္ကျီကို လှမ်းယူ၍ ဒေါထတတ်သည်။ အင်္ကျီ၏ ပခုံးနှစ်ဖက်စွန်းကို ကိုင်၍ 'ကြည့်ကြပါဦး အရပ်ကတို့။

ဖုန်ချည်းပဲတော့၊ ဖုန်ချည်းပဲ။ လက်ညှိုးနဲ့ စာရေးလို့တောင် ရပါရဲ့'ဟု တဖျစ်တောက်တောက် မြည်တွန်တတ်သည်။ ထို့နောက် အင်္ကျီကို တစ်ခန်းလုံး အနှံ့ လိုက်၍ ပြတတ်သည်။ ကုလားထိုင်ဆီသို့ ယူသွား၍ ပြသည်။ အိပ်ရာခုတင်ဆီသို့ ယူသွား၍ ပြသည်။ ဗီရိုဆီသို့ ယူသွား၍ ပြသည်။ ပြရင်းပါးစပ်က 'ယာထဲသွားရင် ဒီ သက္ကလပ်အင်္ကျီ ထူထူကြီးကို ဝတ်မသွားပါနဲ့လို့ ပြောတာ ဘယ်နှစ်ခါရှိပလဲ။ ဘယ်တော့မှ နားမထောင်ဘူး။ ဇင်သားအင်္ကျီဟာ သုံးထည်တောင် ကျုပ် ချုပ်ပေးထားတယ် မဟုတ်လား။ သုံးထည်ရှင့်၊ သုံးထည်။ သိရဲ့လား'ဟု ဗျစ်တောက် ဗျစ်တောက် မြည်သည်။ ဗွာနာတိုသည် သူ့မျက်နှာရှေ့၌ ဝဲနေသော လက်ချောင်း တုတ်တိုတို သုံးချောင်းကို နာနာကိုက်ပစ်လိုက်ချင်၏။ သို့ရာတွင် စကားကြော စကားသံ ရှည်လာမည်ကို ကြိုတင် သိထားသည့်အလား မကြားချင်ယောင် ဆောင်နေလိုက်သည်။ လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ကသော် သူ၏ တစ်ဦးတည်းသော သားသည် အနိစ္စရောက်ခဲ့သည်။ ထိုအခါမှစ၍ အင်္ကျီအနက်ကိုသာ အသက်ထက်ဆုံး ဝတ်တော့မည်ဟု သူ သန္နိဋ္ဌာန် ချခဲ့သည် မဟုတ်ပါလော။

'မဟုတ်ပါဘူး။ ယာထဲမှာ အလုပ်လုပ်ရင်း ဒီ သက္ကလပ်အင်္ကျီအနက်ကို ဘာဖြစ်လို့ ဝတ်ချင်ရတာလဲ။ လက်မောင်းမှာ အဝတ်နက်ပတ်ထားလိုက်ရင် တော်ရောပေါ့။ ရှင့်နှယ် ရှင်၊ ဆယ့်ငါးနှစ်တောင် ကြာမှပဲ။ လက်ပတ်အနက်ရယ်၊ လည်စည်းအနက်ရယ် ဝတ်ထားရင် တော်ရောပေါ့'

ဆူ ချင်လျှင်လည်း ဆူပါစေလေဟု အသင့်အတင့် နှလုံးသွင်းကာ အဘိုးအိုသည် ခပ်မဆိတ် နေလိုက်သည်။ နေ့စဉ် နေ့တိုင်း ယာထဲ၌ တစ်နေ့လုံး သူ နားအေး ပါးအေး နေခွင့်ရသည် မဟုတ်ပါလော။ အဘိုးအိုသည် မြို့ထဲသို့ မသွားဘဲ နေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပေပြီ။ ထို့ကြောင့် ဘဝတပါးသို့ ပြောင်းသွားသော သူ့သားအတွက် အင်္ကျီအနက်ကို ယာထဲမှာ မဝတ်ရလျှင် အဘယ်မှာ ဝတ်ရမည်နည်း။ ဤမိန်းမသည် သူ့အား အဘယ်

ကြောင့် နားပူနားဆာ လုပ်ချင်ရသနည်း။ မတွေးမခေါ် မမျှော်မထောက် တဗျစ်တောက်တောက် အဘယ်ကြောင့် ပြောချင်ရသနည်း။ သူ့သားအတွက် သူ ဝမ်းနည်းကြေကွဲ ဖြစ်နေသည်ကို သူ့ဝမ်းထဲမှာသာ ထားရမည်လော။ မထားနိုင်ဘူးဟော့၊ မထားနိုင်ဘူး။ သူ့သားအတွက် သူ ဝမ်းနည်းကြေကွဲခြင်း ဖြစ်သည်ကို လူတိုင်းသိသည်မှာ မှန်၏။ သို့ရာတွင် ကာယကံမြောက် သူ ပြချင်သေးသည်။ လူမြင် သူမြင် သူ ပြချင်သေးသည်။ လူမြင်သူမြင် မဟုတ်လျှင် သစ်ပင်ကို မြင်စေချင်သည်။ သူ့သား ကိုယ်တိုင်က မမြင်စေကာမူ ငှက်ကလေးကို မြင်စေချင်သည်။ ထိုမျှလောက်သော သူ့ဆန္ဒကို သူ့မိန်းမသည် အဘယ့်ကြောင့် မကြည်မဖြူ ဖြစ်နေရသနည်း။ သူ့သက္ကလပ် အင်္ကျီကို ညနေတိုင်း ဖုန်ခါပေးရသောကြောင့်လော။ ညနေတိုင်း ဝက်မှင်ဘီး ဖြင့် ဖြီးပေးရသောကြောင့်လော။ ထိုသို့ ပြုပေးရသောကြောင့် ဒုက္ခများ လှသည်ဟု အထင်ရှိလျှင် အိမ်စေများကို ခိုင်းပါလား။ အိမ်စေ သုံးယောက် ရှိသည် မဟုတ်ပါလော။ သူတို့ကို ခိုင်းပါလား။ ထို၊ စိတ်ပျက်စရာ။ ထိုသို့မှ မဟုတ်လျှင် သက္ကလပ်အင်္ကျီကို နှမြောသောကြောင့်လော။ သက္ကလပ်အင်္ကျီ တစ်ထည်သည် မည်မျှ တန်ပါသနည်း။ ငွေ သုံးလေးဆယ်မျှသာ မဟုတ် ပါလော။ တစ်နှစ်လျှင် တစ်ထည်မျှသာ ဝယ်ရန်ရှိသည် မဟုတ်ပါလော။ အဘယ်မှာ နှမြောစရာ ရှိသနည်း။ အဘယ့်ကြောင့် တဗျစ်တောက်တောက် ပြောချင်ရသနည်း။ တဗျစ်တောက်တောက် ပြောချင်သည်မှာ တော်ရော့ လား။ ထိုမိန်းမသည် အဘိုးအို ဂွာနာတို၏ ဒုတိယမယား ဖြစ်သည်။ သေသွားသော သားသည် ဆုံးသွားသော ပထမ မယားက သားဖြစ်သည်။ အဘိုးအိုတွင် ဆွေမျိုးရင်းချာဟူ၍ တစ်ယောက်မျှ မရှိ။ ဝမ်းကွဲမျှပင် မရှိ။ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်သည်။ အဘိုးအို သေလျှင် အဘိုးအိုပိုင် ပစ္စည်းအားလုံး (မနည်းလှပါ) သည် ထိုမိန်းမလက်ထဲသို့ ရောက်ကြမည်မှာ မလွဲ။ ထိုမိန်းမ၏ တူ၊ တူမများ လက်ထဲသို့ ရောက်ကြမည်မှာ မုချ။

ထို့ကြောင့် အနည်းဆုံး အိမ်နီးချင်းကို ရှိသေသောအားဖြင့် ထိုမိန်းမသည် ငြိမ်နေလိုက်ဖို့ ကောင်းသည်။ သို့ရာတွင် မငြိမ်၊ နာပူနားဆာ လုပ်တတ်သော မိန်းမမျိုး ဖြစ်သဖြင့် နားပူနားဆာ လုပ်ချင်သည်သာ ဖြစ်သည်။

ထို့ကြောင့် အဘိုးအို ဂွာနာတိုသည် နေ့စဉ် နေ့တိုင်း ယာထဲ၌ တစ်နေ့လုံး နေကုန်နေခန်း တစ်ယောက်တည်း နေလိုခြင်း ဖြစ်သည်။ ယာထဲတွင် သစ်ပင်များနှင့် နေရသည်က ကောင်းသေးသည်။ သူ့ယာအောက်ရှိ ပင်လယ်ပြင်မှ တက်လာတတ်သော ဝမ်းနည်းစရာ လှိုင်းသံတို့ကို နားထောင်၍ ငေးနေရသည်က ကောင်းသေးသည်။ သူ့စိတ်ထဲတွင် လူ့ဘဝ၏ သာယာမှု ဆိုသည်မှာ အကယ် ရှိသလား။ ရှိလျှင် အဘယ်မှာနည်း။ ရှိသည် ဆိုစေကာမူ တကယ့် သာယာမှုလား။ အနှစ်မပါ အကာအတိသာ ဖြစ်သည်ဟု သူ တွေးတည်း တွေးနေတတ်သည်။

ထိုသို့ တွေးရင်း အဘိုးအိုနှင့် မြည်းတို့သည် မြို့အနီးသို့ ချဉ်းလာကြသည်။ ကုန်းအထက်က မြို့ကို ရောက်ရန် မိုင်ဝက်သာသာမျှသာ လိုတော့သည်။ ကုန်းအတက်တွင် တောင်စောင်း ထရံကွေ့သို့ ရောက်လာ၍ ကွေ့လိုက်သည်နှင့် တစ်ပြိုင်နက် 'ဟေ့၊ ရပ်လိုက်။ မော့မကြည့်နဲ့၊ မော့မကြည့်နဲ့။ သေသွားမယ်' ဟူသော ငေါက်သံကို ကြားလိုက်ရသည်။ ငေါက်သံနှင့်အတူ မှောင်ရိပ်ထဲမှ လူသုံးယောက် ပေါ်လာကြ၍ တစ်ယောက်က အဘိုးအိုကို ခုန်အုပ်လိုက်သည်။ အဘိုးအိုသည် ထိုသုံးယောက်၌ မျက်နှာ စည်းထားကြသည်တို့ကို မြင်လိုက်သည်။ သေနတ်များကိုလည်း မြင်လိုက်သည်။ တစ်ယောက်သည် မြည်းဇက်ကြိုးကို ဖမ်းကိုင်သည်။ ခုန်အုပ်သူသည် အဘိုးအိုကို တွန်းချလိုက်သည်။ ကျန်တစ်ယောက်သည် မြေပြင်သို့ လိမ့်ကျသွားသော အဘိုးအို၏ ခြေထောက်များကို ကိုယ်ဖြင့် ဖိ၍ လက်နှစ်ဖက်ကို လက်ပြန်ကြိုး ချည်လိုက်သည်။ ခုန်အုပ်သူသည် အဘိုးအို၏ မျက်နှာကို အဝတ်ဖြင့် စည်းလိုက်သည်။ တင်းနိုင်သမျှ တင်းအောင် စည်းသည်။

'ဘယ့်နှယ် လုပ်ကြတာလဲဟဲ့၊ လူကလေးတို့ရဲ့။ အဘိုးကြီးပါဟဲ့' ဟု အဘိုးအိုက ဆိုပါသည်။ သို့ရာတွင် စကားမဆုံးခင် အဘိုးအိုကို ဆွဲထူ၍ ချောက်ဘက်သို့ ဆွဲခေါ်သွားကြသည်။

'ဟဲ့၊ ဟဲ့ လူကလေးတို့ရဲ့'

'ဘာလဲ၊ တိတ်။ အသံမထွက်နဲ့။ အသက်ထွက်သွားမယ်'

ပြန်ပေးဆွဲသူတို့သည် အကိုင်ကြမ်းလှသဖြင့် အဘိုးအို ဗွာနာတိုသည် ထိတ်သွားသည်။ သူငယ်သုံးယောက်၏ အသံများသည် သားရဲတိရစ္ဆာန်ကြီးများ၏ မာန်ဖီသံကဲ့သို့ ရှူးရှူးရှားရှား မြည်နေသဖြင့် အဘိုးအိုသည် ပို၍ ထိတ်သည်။ သူ့လည်ကုပ်ကို ချိုး၍ ဝါးစားလိုက်ကြလေမလားဟုပင် သူ ထင်မိသည်။

သို့ရာတွင် အဘိုးအိုကို ချက်ချင်း လက်ငင်း သတ်ပစ်ရန် ကြံစည်ကြဟန် မတူချေ။ ပိုက်ဆံပေး၍ အသတ်ခိုင်းကြသည် ဖြစ်ပါက သို့မဟုတ် ရန်ငြိုးဆပ်ခြင်း ဖြစ်ပါက ထိုလူငယ်သုံးယောက်သည် အဘိုးအိုကို ချောက်ထဲသို့ တွန်းချလိုက်ရုံမျှဖြင့် ကိစ္စ ချောနိုင်သည်။ သူတို့နှင့်အတူ တစ်ပါတည်း ဆွဲခေါ်သွားသည်ကို ထောက်လျှင် ပြန်ပေးဆွဲခြင်းသာ ဖြစ်စရာ ရှိသည်။ အဘိုးအိုကို ဓားစာခံလုပ်၍ ငွေတောင်းရန် အားထုတ်ခြင်းသာ ဖြစ်စရာ ရှိသည်။

'လူကလေးတို့ရဲ့၊ ဘယ့်နှယ့် လုပ်ကြတာလဲကွယ့်'

အဘိုးအိုက ထိုသို့ ညည်းလိုက်ခါမှ သူငယ်တို့သည် အဘိုးအို၏ လက်တို့ကို ခပ်ကြမ်းကြမ်း ညှစ်ကိုင်၍ 'တိတ်ဆိုရင် တိတ်'ဟု ငေါက်လိုက်ကြပြန်သည်။

'နည်းနည်းတော့ လျှော့ကြပါဦး၊ လူကလေးတို့ရာ။သေရချည်ရဲ့'

'ဘာ သေရချည်ရဲ့လဲ။ လာ လိုက်ခဲ့'

ရှေးဦးစွာ တောင်စောင်းမှ တဆင်းတည်း ဆင်းနေရသည်။

ထို့နောက် တက်သွားရသည်။ အပေါ်ရောက်သောအခါ ဦးတည့်ရာသို့ လျှောက်နေရသည်။ အတန်ကြာသော် နောက်သို့လှည့်၍ လျှောက်နေရပြန်သည်။ တစ်ဖန် ဆင်းရပြန်ပြီ။ တစ်ဖန် တက်ရပြန်ပြီ။ နောက်တစ်ဖန် တက်ရပြန်ပြီ။ နောက်တစ်ဖန် ထပ်၍ တက်ရပြန်ပြီ။ အဘယ်အရပ်သို့ ခေါ်သွားကြမည်နည်း။ ကျောက်တုံး ကျောက်ခဲများကို နင်းသွားရသည်မှာ အကြိမ်ကြိမ်။ ဆူးကို နင်းမိသည်မှာ အခါခါ။ အတွန်းခံရသည်မှာ ခဏခဏ။ မှောင်လိုက်သည်မှာ မည်းနေသည်။ ထို့နောက် ကုန်းတန်းတစ်ခု ဆီမှ မီးရောင်လက်လက်တို့ကို အဘိုးအို မြင်ရသည်။ ပြန်ပေး အဆွဲမခံရခင် တောင်စောင်း ထရံကွေ့သို့ သူရောက်စဉ်က မြင်ရသကဲ့သို့ ဖြစ်သည်။ ဆန်းလေစွ။ သူ့မျက်စိမျက်နှာကို အဝတ်စည်းထားသော်လည်း အဝတ်ကို ဖောက်၍ မြင်ရခြင်း ဖြစ်သည်။ မီးရောင်လက်လက်တို့ကို သူ မြင်ရသည် ဖြစ်သော်လည်း သူ့အတွက်ကား စိတ်ချရသည် မဟုတ်ချေ။ တစ်လမ်းလုံး အတွန်းခံ၍ လည်းကောင်း၊ အဆွဲခံ၍ လည်းကောင်း သူ လိုက်ပါလာရရှာသည်။ တစ်လမ်းလုံး အသည်းတထိတ်ထိတ်နှင့် လိုက်ပါလာရရှာသည်။ မီးတလက်လက်နှင့် ဖြစ်သော ထိုကုန်းတန်းသည် ရွာငယ်ဖြစ်ရမည်။ ထိုရွာငယ်၌ကား ချမ်းသာနိုင်ကြပါပေ၏။ သူ့ဒုက္ခကို မည်သူမျှ မသိ။ ချမ်းသာနိုင်ကြပါပေ၏။

တစ်နေရာသို့ ရောက်သောအခါ အဘိုးအိုသည် သူ့မြည်းအို၏ ခွာသံကို ကြားလိုက်သည်။ ဩော် ဒုက္ခ ဒုက္ခ။ သူလည်း ပါလာရသည်။ သူက အဘယ့်ကြောင့် ပါလာရသနည်း။ သူသည် တိရစ္ဆာန်မျှသာတကား။ ဤ တောင်းစောင်း၌ ယခု ဘာဖြစ်နေကြသည်ကို သူ သိပါ့မလား။ သူ သိသည်ဟု ဆိုချင်ကြပါက အတွန်းခံရခြင်း၊ အကန်ခံရခြင်း၊ အရိုက်ခံရခြင်းတို့သာ ဖြစ်ရာသည်။ ထိုမြည်းသည်လည်း ခေါ်ရာသို့ လိုက်ရမည် မဟုတ်ပါလော။ အကယ်၍ ထိုသူငယ်သုံးယောက်သည် ခဏတစ်ဖြုတ် နား၍ အဘိုးအိုထံမှ

ငွေတောင်းကြလျှင် အဘိုးအိုသည် သူ့မှာ ပါသမျှ အကုန်ပေးမည် ဖြစ်သည်။ သူ့မှာ အိုပြီ။ သေခါနီးပြီ။ တစ်ဖန် သေခါနီးမှ ပစ္စည်းကြောင့် ပြန်ပေးတို့၏ အတွန်းအထိုး အနှိပ်အစက်ကို ခံနေရရှာသည်။ ထိုပြင် သူ့မှာ ပစ္စည်း အတန်အသင့် ရှိသည်ဟု ဆိုရသော်လည်း ထိုပစ္စည်းမှ စိတ်ချမ်းသာမှု မရခဲ့သည်ကို သူ ကောင်းကောင်းကြီး သတိပြုခဲ့မိသည်။ ထို့ကြောင့် အဘိုးအို သည် သူ့မှာ ပါသမျှ အကုန်ပေးလိုက်မည်သာ ဖြစ်သည်။

'လူကလေးတို့၊ ငါ့မြေးတို့'

'တိတ်ဆို တိတ်'

'အဘိုးကြီးကို ဘာဖြစ်လို့ ဒီလို လုပ်နေကြတာလဲကွယ်တို့ရယ်။ မင်းတို့ လိုတာကို အဘိုး ပေးဖို့ အဆင်သင့်'

'အို နောက်မှပြော။ လိုက်မှာသာ လိုက်ခဲ့'

ဤသို့ဖြင့် အဘိုးအို ဂွာနာတိုသည် ခရီးဆက်၍ တရွတ်ဆွဲ လျှောက် ရပြန်သည်။ နောက်ဆုံးတွင် ခြေမသယ်နိုင်၊ လက်မသယ်နိုင် ဖြစ်လာသဖြင့် ဗုန်းဗုန်းလဲ၍ မေ့မြောသွားရှာတော့သည်။

၂

နောက်တစ်နေ့ နံနက်တွင် အဘိုးအို ဂွာနာတိုသည် သတိရလာ၍ တောင် မြောက် လေးပါးကို ကြည့်လိုက်ရာ တောင်စောင်းရှိ ဥမင်လိုဏ်ခေါင်း တစ်ခုထဲ၌ သူ ရောက်နေကြောင်း သိရလေသည်။ ချဉ်စုတ်စုတ် အနံ့ကဲ့သို့ သော အနံ့ကို ရသည်။ ညက ဒဏ်ကြောင့် တစ်ကိုယ်လုံး နာကျင်နေ သည်။ သို့ရာတွင် လိုဏ်ဝ ကျဉ်းကျဉ်းမှ ဝင်လာသော အလင်းရောင်ကို မြင်သောအခါ သူ အားတက်သလိုလို ရှိလာသည်။ သူ ပြန်၍ စဉ်းစားကြည့် သည်။ ညက သူ သေမလောက် ဒုက္ခရောက်ခဲ့သည်ကို သူ သတိရလာသည်။ ပင်ပန်းကြီးစွာ တစ်ကုန်းတက် တစ်ကုန်းဆင်း ပြုခဲ့ရသည်ကို သူ သတိရ လာသည်။ ထို့နောက် ခြေမသယ်နိုင်၊ လက်မသယ်နိုင် ဖြစ်၍ ဗုန်းဗုန်းလဲ

ခဲ့သည်ကို သူ သတိရလာသည်။ ထို့နောက်ပိုင်းကိုကား သူ မသိတော့ပြီ။ ဧကန္တ ဤလိုဏ်ခေါင်းကို ရောက်အောင် သူ့ကို တွဲလာကြရာသည်။ ပိုးလာကြရာသည်။ တရွတ်တိုက် ဆွဲလာကြရာသည်။ မည်သို့ပင် ဖြစ်စေ၊ ဥမင်လိုဏ်ခေါင်းထဲ၌ သူ ယခု ရောက်နေပြီ။

သို့ရာတွင် မည်သည့်အရပ်၌ သူ ရောက်နေသနည်း။ သူ နားစွင့်ကြည့်သည်။ မည်သည့်အသံကိုမျှ မကြားရ။ တိတ်နေသည်။ အတော်မြင့်သော တောင်ထိပ်တစ်ခု၌ သူ ရောက်နေပြီဟု သူ ထင်လာသည်။ ရင်တုန်၍ ခေါင်းနောက်ချင်သလိုလို ဖြစ်လာသည်။ သူ့ခြေနှင့် သူ့လက်တို့သည် အတုပ်ခံထားရတုန်းဖြစ်ရာ သူ့တစ်ကိုယ်လုံးသည် တိရစ္ဆာန် အသေကောင်ကြီးပမာ စန့်နေသည်။ သူ့ခေါင်းသည် ထိုင်းမှိုင်းနေ၍ သူ့ ခြေလက်တို့သည် လေးလံနေကြသည်ဖြစ်ရာ သူ့မှာ ဒဏ်ရာ အကြီးအကျယ် ရနေပြီလောဟု သူ တွေးနေသည်။ သေပြီအမှတ်ဖြင့် ဥမင်လိုဏ်ခေါင်း၌ သူ့ကို ထားပစ်ခဲ့ကြပြီလောဟုလည်း သူ တွေးနေမိသည်။

အမှန်မှာ အဘိုးအို အတွေးလွန်နေခြင်းသာ ဖြစ်သည်။ ထိုခဏ၌ လိုဏ်ခေါင်းအပြင်ဘက်မှ လူသံသူသံတို့ကို အဘိုးအို ကြားလာရသည်။ ပြေးပေါက်ကား မရှိတော့ပြီ။ စင်စစ်မှာ အဘိုးအို၏ စိတ်တွင် လက်လွတ် ထွက်ပြေးလိုသော ဆန္ဒ မရှိချေ။ ပြေး၍ မလွတ်ဟုလည်း အဘိုးအို သိသည်။ သိသောကြောင့်လည်း ထွက်ပြေးလိုသောဆန္ဒ မရှိခြင်း ဖြစ်သည်။ ယခု သူ ဒုက္ခခံနေရပြီ။ ယခုမှသာ မဟုတ်၊ ကြာပါပြီ။ အတိတ်ဘဝတုန်းကလည်း သူ ခံခဲ့ရဖူးသည်ဟုပင် အဘိုးအို ထင်မိသည်။ ထို့ကြောင့် ယခု ဒုက္ခခံနေရသည်မှာ သူ့အဖို့မဆန်းတော့ပြီ။ သူ ယခု ရောက်နေရာဖြစ်သော လိုဏ်ခေါင်းသည် တိတ်ဆိတ်သည်။ မြင့်သော အရပ်၌ ရှိသည်။ သူသည် တောရောက်၊ တောင်ရောက် အထွေထွေ တွေးချင်လာသည်။ သို့ရာတွင် သူ့အတိတ်ကို သူထည့်၍ မတွေးလိုတော့ပြီ။ ပစ္စုပ္ပန်ကိုသာ သူ အာရုံပြုနေသည်။ ယခုအခါတွင်

သူ့ကို ကြိုးဖြေ၍ လွှတ်လိုက်ကြသည် ဖြစ်စေကာမူ ဤတောင်ထိပ်မှ သူမဆင်းလိုတော့ပြီ။ ရွာမှာနေစဉ်က သူ့အိမ်က ဘဝဟောင်းကိုပင် သူ ပြန်၍ မယူလိုတော့ပြီ။ ထိုဘဝဟောင်းသည်လည်း ဒုက္ခပင် မဟုတ်လော။

ထိုအခိုက်တွင် ပြန်ပေးတစ်ယောက်သည် ဥမင်လိုဏ်ဝမှ လေးဘက်တွား၍ ဝင်လာရာ အဘိုးအို ထိတ်သွားသည်။ သေရတော့အံ့ဟု သူ အထင်ရှိသဖြင့် သူ့ကိုယ်သူ သနားလိုက်မိ၏။ ပြန်ပေး၏ မျက်နှာတွင် အဝတ်နီစည်းထားသည်။ မျက်လုံးနေရာများတွင်သာ အပေါက်ငယ် နှစ်ပေါက်ဖောက်ထားသည်။ အဘိုးအိုသည် ပြန်ပေး၏လက်ကို လှမ်းကြည့်လိုက်သည်။ တော်ပါသေး၏။ ဓား စသော လက်နက် ပါမလာချေ။ မချွန်ရသေးသော ခဲတံအသစ်စက်စက် တစ်ချောင်း၊ စာရွက်ခေါက် တစ်ခု၊ စာအိတ်လွှတ် တစ်ခု။ ထိုမျှသာ ပါလာသည်။ ထို့ကြောင့် အဘိုးအိုသည် မပြုံးချင်ပြုံးချင် ပြုံးလိုက်မိသည်။ ထိုအခိုက် ကျန်ပြန်ပေးနှစ်ယောက် လေးဘက်တွား၍ ဝင်လာကြပြန်သည်။ သူတို့လည်း မျက်နှာစည်း ကိုယ်စီနှင့် ဖြစ်ကြသည်။ အဘိုးအိုအနီးသို့ ရောက်သောအခါ တစ်ယောက်သည် အဘိုးအို၏ လက်မှကြိုးကို ဖြေသည်။ ခြေကြိုးကို မဖြေသေးဘဲ ထားသည်။ ထို့နောက် ပထမဝင်လာသော ပြန်ပေးက 'အဘိုးကြီး၊ ဒီမှာ... နားထောင်။ ကျုပ် ပြောတဲ့အတိုင်း စာရေးရလိမ့်မယ်' ဟု အာဏာသံဖြင့် ပြောသည်။

အဘိုးအိုသည် ထိုအသံကို ကျက်မိသလိုလို ရှိသည်။ ထိုအသံမျိုးကို သူ့ရွာအနီးအနားက ရွာတွင် သူ ကြားဖူးသည်။ လက်တစ်ဖက် တိုနေသော ယာသမားကလေး မနေဇာ၏ အသံပေလော။ ဟုတ်သည်။ ယာသမားကလေး မနေဇာ ဖြစ်ရမည်။ သေချာချင်သဖြင့် အဘိုးအိုသည် ထိုပြန်ပေး၏ ဘယ်လက်ကို အမှတ်တမဲ့ ကြည့်လိုက်သည်။ ဟုတ်သည်။ သူ ထင်သည့်အတိုင်း ဘယ်လက် တိုနေသည်ကို မြင်ရသည်။ ဟုတ်ပြီ။ ဧကန္တ မနေဇာ ဖြစ်သည်။ မျက်နှာစည်းများကိုသာ ဖြုတ်လိုက်ကြလျှင် ကျန်ပြန်ပေး

နှစ်ယောက်ကိုလည်း သူ သိမည် ဖြစ်သည်။ သူ့ရွာနား တစ်ဝိုက်တွင် သူ မသိသောသူ ဟူ၍ မရှိသလောက် ဖြစ်သည်။

'အေးပါကွာ၊ နားထောင် ဆိုရင်လည်း နားထောင်ရတာပေါ့။ ကဲ ဆိုစမ်း။ ငါက ဘယ်သူ့ဆီကို စာရေးရမှာလဲ၊ ဘာတွေ ရေးရမှာလဲ။ ဟိုဟာက ဘာလဲကွ' ဟု ဆို၍ ပြန်ပေး၏ လက်ထဲမှ မချွန်ရသေးသော ခဲတံအသစ်စက်စက်ကို လက်ညှိုးထိုးပြသည်။

'ခဲတံပေါ့ဗျ၊ ခဲတံလေ။ ဒါလောက်ကိုမှ အဘိုးကြီး မသိဘူးလား'

'ခဲတံမှန်းတော့ သိတာပေါ့ကွ။ ဒါပေမဲ့ စာရေးလို့ ရအောင် ဘယ်လို လုပ်ရသလဲ ဆိုတာကို မင်း သိရဲ့လား'

'ဘာဗျ… ဘာလုပ်ရဦးမှာလဲ'

'ဟ– လူလေးရ၊ စာရေးလို့ ရအောင် မင်းခဲတံကို ချွန်ရဦးမယ်။ ခဲတံကို ချွန်ပြီးမှ စာရေးလို့ ရမှာပေါ့ကွ'

'ချွန်ရမယ်လား'

'အေးလေ၊ ချွန်ရမှာပေါ့။ ခဲတံအဖျားကို မောင်းချားကလေးနဲ့ ချွန်ရသေးတယ်ကွ'

'ဟာ– ဘယ်မှာလဲ မောင်းချား။ ခင်ဗျားကြီး တော်တော် ခေါင်းမာ နော်။ ခင်ဗျားကြီး ကေတိကာတိ လုပ်မယ် ကြံရင် ဖြုတ်ပစ်လိုက်မယ်။ သိရဲ့လား'

'ငါ ကေတိ ကာတိ လုပ်နေတာ မဟုတ်ပါဘူး မနေ့ဇာရယ်'

'ဟာ …ကြည့်စမ်း။ ခင်ဗျားကြီး ဘယ့်နှယ်လုပ်ပြီး ကျုပ်နာမည်ကို သိသလဲဟင်'

'လူကလေးက မျက်နှာကို ဖုံးထားပေမယ့် လက်ကိုတော့ ဖော်ထား တာကိုးကွ။ မင်းအဝတ်နီကို ဖြုတ်ပစ်လိုက်ပါကွာ။ မျက်နှာချင်းဆိုင်ပြီး စကားပြောကြရအောင်။ ကိုင်း၊ မင်းတို့ အခု ဘာလုပ်တမ်း ကစားကြတာလဲ၊ ပြောစမ်း'

'တိတ်၊ အဘိုးကြီး'ဟု တစ်ချက် ငေါက်လိုက်ပြီးလျှင် မနုဇာသည် မျက်နှာစည်း အဝတ်နီကို ဖြုတ်၍ 'ခင်ဗျားကြီး ခေါင်းမာ မနေနဲ့။ ရေးမလား၊ မရေးဘူးလား။ မရေးရင် အသတ်ပဲ'ဟု ဆိုလေ၏။

'မနုဇာရယ်၊ ဒေါသကြီးလိုက်တာကွာ။ ရေးမှာပေါ့ကွ။ မင်းခဲတံကို ချွန်ပါဦးလေ။ နေပါဦးကွ။ ငါ မေးစမ်းပါရစေ။ မင်းတို့ဟာ ငွေလိုချင်တာပဲ မဟုတ်လား။ ဘယ်လောက် လိုချင်သလဲ'

'သုံးထောင်'

'ဟော၊ သုံးထောင်။ များလှချေလား'

'အဘိုးကြီးဟာ သုံးထောင်မက တန်တယ်။ သိရဲ့လား။ ပေးမလား၊ မပေးဘူးလား'

'သုံးထောင်လို့ ဆိုတော့'

'အို တွက်မနေနဲ့။ ခင်ဗျားဟာ သုံးထောင်မက တန်တယ်။ သိရဲ့လား'

'အေးပါလကွာ။ သုံးထောင်မက တန်တယ်လို့ ဆိုချင်ရင် ဆိုပါတော့။ ဒါပေမဲ့ ငွေသား သုံးထောင်ရယ်လို့တော့ ငါ့အိမ်မှာ မရှိဘူးကွ။ ငါ့အိမ်နဲ့ ငါ့ယာကို ရောင်းချ ထုခွဲလိုက်ရင် သုံးထောင်မက ရနိုင်တယ်။ ဒါပေမဲ့ ရောင်းရမယ်၊ ထုခွဲရမယ်ဆိုရင် တစ်နေ့တည်းမှာ ပြီးမယ့်ကိစ္စ မဟုတ်ဘူးကွ။ နောက်ပြီးတော့ ငါကိုယ်တိုင် ရုံးတက် လက်မှတ်ထိုးပြီးမှ ဖြစ်နိုင်မယ့် ကိစ္စကွ'

'သူများဆီက ငွေချေးပြီး ရွေးပေးလို့ ပြောပေါ့ဗျ'

'ဘယ်သူ့ကို ပြောရမှာလဲ'

'ခင်ဗျားမိန်းမနဲ့ တူတွေကို ပြောပေါ့ဗျ'

အဘိုးအို ဂွာနာတိုသည် မချိပြုံး ပြုံးလိုက်သည်။ ထို့နောက် တတောင်ဖြင့် ထောက်ကာ မိမိ၏ကိုယ်ကို မ၍ 'အဲဒါကို ငါ ရှင်းပြချင်တာပေါ့ကွ။

လူကလေးတို့ရေ့၊ မင်းတို့တော့ အတွက်မှားကုန်ကြပြီကွ။ ငါ့ကို ပြန်ပေးဆွဲရင် ငါ့မိန်းမနဲ့ ငါ့တူတွေက ငါ့အတွက် ငွေရှာပြီး ငါ့ကို လာရွေးကြမယ်လို့ မင်းတို့ တွက်ထားကြသလား။ ဒီလို တွက်ထားကြရင် မင်းတို့ လွဲကုန်ကြပြီပေါ့ကွာ။ မင်းတို့ဟာ မူလကတည်းက ငါ့ကို အသေသတ်ချင်လို့ ဖမ်းကြတယ်ဆိုရင် မင်းတို့ လက်ခုပ်ထဲမှာ ငါ အခု ရောက်နေပြီပဲ။ သတ်ပစ်လိုက်ပေါ့။ သတ်ပြီးရင် ကိစ္စပြီးတာပဲ။ ဒါပေမဲ့ ငွေလိုချင်လို့ ငါ့ကို ပြန်ပေးဆွဲတယ် ဆိုရင်တော့ မင်းတို့ လိုချင်တဲ့ ငွေကို ငါကိုယ်တိုင် ဆောင်ရွက်ပေးမှ မင်းတို့ ရမှာပဲ။ ဒီတော့ ဒီငွေအတွက် ငါ ဆောင်ရွက်နိုင်အောင် ငါ့ကို မြို့ ပြန်ပို့မှ ဖြစ်မယ်ကွ'

'အံမာ၊ ဘာရမလဲ အဘိုးကြီးရ။ လူပါးလုပ်လို့။ ခင်ဗျာ့ကို မြို့ပြန်ပို့ရမယ်လား။ ခင်ဗျားကြီးက ကျုပ်တို့ကို အရူးမှတ်နေသလား ဟင်'

'ကိုင်း– ဒီလိုဆိုရင် လူကလေးတို့ သဘောပေါ့ဗျာ'ဟု ဆို၍ အဘိုးအို ဂွာနာတိုသည် စိတ်မသက်မသာ ဖြစ်လာသဖြင့် သက်မကြီး ချလိုက်သည်။

မနဇာသည် သူ့အဖော်၏ လက်ထဲမှ စက္ကူခေါက်ကို ဆွဲယူလိုက်ပြီးလျှင် 'ဒီမှာ အဘိုးကြီး၊ စကားများမနေနဲ့။ ရော့ ကျုပ် ပြောသလိုရေး၊ အခု ရေး။ ဟာ ဒီခဲတံကလဲဗျာ...။ အဘိုးကြီး ဘယ်လို ချွန်ရမှာတုန်းဗျ'

အဘိုးအို ဂွာနာတိုသည် ခဲတံချွန်နည်းကို ပြောပြလိုက်သည်။ ပြန်ပေးသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ လိုဏ်ခေါင်းထဲမှ ထွက်သွားကြသည်။ လိုဏ်ခေါင်းထဲမှ တိရစ္ဆာန်သုံးကောင် ကဲ့သို့ လေးဖက်တွား၍ ထွက်သွားသော သူငယ်သုံးယောက်ကို မြင်သောအခါ အဘိုးအိုသည် မပြုံးဘဲ မနေနိုင်၊ ပြုံးမိသည်။ တွေ၍လည်း နေမိသည်။ ယာသမား သူငယ်သုံးယောက်သည် လိုဏ်အပြင်ဘက်တွင် ခဲတံ ချွန်ကြပေတော့မည်။ သစ်ကိုင်းကို ချိုင်သကဲ့သို့ ချိုင်လိုက်ကြလျှင် သူတို့၏ ခဲတံသည်

အချည်းအနှီး ဖြစ်ရချေတော့မည်။ ဖြစ်လည်း ဖြစ်နိုင်သည်။ ထို့ပြင် မချွန်စဖူး ချွန်ကြသဖြင့် မချွန်တတ် ဖြစ်ခဲ့သော ထိုမချွန်တတ် ဖြစ်မှုကလေးကြောင့် သူ့အသက်ကို ရန်ရှာလာမည် ဆိုလျှင်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အဘိုးအို ပြုံးလိုက်မိခြင်း ဖြစ်သည်။ မချွန်တတ် ချွန်တတ် ချွန်ကြသဖြင့် ခဲတံရှည်သည် ခဲတံတိုဘဝသို့ ရောက်လာလျှင် သူတို့၏ စိတ်သည်လည်း တိုလာနိုင်သည်။ ထိုအခါ ခဲတံကို ဖြစ်အောင် မချွန်နိုင်သော သူတို့၏ ယာခုတ်ဓားသည် သူ့လည်ပင်းကို ချိုင်လာလေမည်လားဟု အဘိုးအို တွေး၍ ထိတ်လာပြန်သည်။ အဘိုးအို ဂွာနာတိုသည် ပြန်ပေးသုံးယောက်နှင့် စကား ပြောစဉ်က သတိလစ်ခဲ့သော အချက်တစ်ခု ရှိသည်။ ထိုအချက်သည် အခြား မဟုတ်။ မနုဇာကို သူက မှတ်မိကြောင်း၊ မနုဇာကို သူက အသိပေးခဲ့ခြင်း ဖြစ်သည်။ ဤအချက်သည် အဘိုးအို၏ မဟာအမှားတော်ကြီး ဖြစ်သည်။

အဘိုးအိုသည် လိုဏ်အပြင်ဘက်တွင် အငြင်းပွားနေကြသံ၊ အော်ကျယ် ဟစ်ကျယ် ပြောဆိုနေကြသံတို့ကို ကြားနေရသည်။ ခဲတံကို တစ်ယောက်က ချွန်လည်း နေရာမကျ။ နောက်တစ်ယောက်က ချွန်ပြန်ပါလည်း နေရာမကျ။ ခဲတံကလည်း ချွန်ရင်း တိုရင်း၊ ချွန်ရင်း တိုရင်း တတိတတိနှင့် တိုလာဟန် တူသည်။ သူတို့ကိုင်သော ဓားက ယာခုတ်ဓား။ သူတို့၏လက် က ယာသမားလက်။ ယခုချက်ချင်း အဘယ်မှာ ခဲတံချွန်၍ ရပါမည်နည်း။ ဟော… သူငယ်သုံးယောက် ဝင်လာကြပြန်ပြီ။ ကြွက်မြီးတန်းသကဲ့သို့ တစ်ယောက်နောက် တစ်ယောက် လိုက်ကာ လေးဖက်တွား၍ ဝင်လာကြ သည်။

'အလကား ခဲတံပါဗျာ။ ဒီခဲတံဟာ ဘာမှ အသုံးမကျဘူး။ ဗျို့ အဘိုးကြီး။ ခင်ဗျားတို့က စာရေးတတ်တဲ့ လူတွေပဲ။ အိတ်ထဲမှာ ချွန်ပြီးသား ခဲတံ ပါမလာဘူးလား' ဟု မနုဇာက မေးသည်။

'ဘယ်ပါမှာလဲ လူကလေးရ။ ဟော့ ပါပါ မပါပါ၊ မထူးပါဘူးကွာ။

ပါလာလို့ ငါ့ကို အရေးခိုင်းရင် ငါရေးမှာပဲ။ ဒါပေမဲ့ ဘယ်သူ့ဆီကို ရေးရမှာလဲ။ ငါ့မိန်းမဆီကိုလား။ တူတွေဆီကိုလား။ တူတွေဆိုတာက ငါ့တူအရင်းတွေ မဟုတ်ဘူး။ ငါ့မိန်းမရဲ့ တူတွေကွ။ ငါက သူတို့ဆီကို စာရေးလိုက်ပြီဆိုပါတော့ကွာ။ ဘယ်သူက ဂရုစိုက်မှာလဲကွ။ ငါ့စာကို သူတို့ ရကြဦးတော့၊ မရဘူးဆိုပြီး မသိချင်ယောင် ဆောင်နေကြမှာပေါ့။ ငွေကို သူတို့ဆီက တောင်းယူချင်ရင် ဒီလိုလုပ်ကြ။ အဘိုးကြီးကို သတ်ပေးမယ်။ သတ်ခ တစ်ထောင်ပေးလို့ သူတို့နဲ့ စကားသွားပြောချေ။ ဒါတောင် မင်းတို့ဟာ တစ်ထောင် ရချင်မှ ရမှာ။ သူတို့က ငါ့ကို သေစေချင်နေတာကတော့ အမှန်ပဲ။ ဒါပေမဲ့ ငါကလဲ အသက်ကြီးလှပြီ မဟုတ်လား။ ဒီတော့ သူတို့က တစ်ပြားမှ မပေးရဘဲ ငါ့ကံအတိုင်း ငါ သေသွားရင် သူတို့က သာပြီး ကြိုက်မှာပေါ့။ ငါ့ပစ္စည်းတွေကို သူတို့ အပိုင်စီးကြမှာပေါ့။ မင်းတို့က သွားပြောဦးတော့ မင်းတို့ကို ပေးချင်မှ ပေးမှာ။ မင်းတို့ လုပ်ခဲ့ကြတာတွေဟာ အကုန် တလွဲချည်းပါပဲကွာ။ ဟော့… ငါ သေသွားရင် ငါ့အတွက် ဝမ်းနည်းမယ့်လူများ ရှိကြလိမ့်မယ်လို့ မင်းတို့ ထင်နေကြသလား။ ဝေးလိုက်လေကွာ။ ငါ့အသက်ကို ဘယ်သူကမှ နှမြောနေကြမှာ မဟုတ်ဘူးကွ။ ငါ့အသက်ကို ငါတစ်ယောက်ကသာ နှမြောနေရတာ။ အမှန်ပြောရရင် ငါ့အသက်ကို ငါကတောင် မနှမြောလှဘူးကွ။ အမှန်ပဲ။ ဒါပေမဲ့ ငါ တစ်ခုတော့ ပြောချင်တယ်။ အသေဆိုးတော့ မသေချင်ဘူးကွာ။ အသေဆိုးတော့ မသေပါရစေနဲ့။ ငါ့ကို ပြန်ခွင့်ပေးကြပါကွာ။ ကျိန်ဆိုရင် ငါ ကျိန်ပါ့မယ်။ သစ္စာရေတိုက်ရင် ငါ သောက်ပါ့မယ်။ သေသွားတဲ့ ငါ့သားကလေးရဲ့ မျက်နှာကို ထောက်ပြီး ငါ ပြန်လာပါ့မယ်။ မင်းတို့ လိုချင်တာကိုလဲ ငါ ယူလာခဲ့ပါ့မယ်'

'ဗျာ။ ရဲကို တိုင်ပြီးမှ ဆိုပါတော့'

'ရဲကို ငါ မတိုင်ပါဘူးကွာ။ ကျိန်ဆိုရင် ငါ ကျိန်ပါ့မယ်။ ရဲကိုလဲ

ငါ မတိုင်ပါဘူး။ ဘယ်သူ့ကိုမှလဲ ငါ မပြောပါဘူး။ သကင်း သိုးသိုးသံ့သံ့ တောင် မထွက်စေရပါဘူး။ မင်းတို့ကို ငါ့အသက် ပေးထားပါတယ်ကွာ'

'အခုတော့ ပြောသေးတာပေါ့ဗျာ။ ကျုပ်တို့ လက်ထဲက လွတ်သွား တော့ တစ်မျိုးဖြစ်လာမှာပေါ့ဗျ။ ခင်ဗျားကြီး အိမ်မရောက်ခင် ကျုပ်တို့ကို ရဲက လိုက်ဖမ်းတော့မှာပေါ့'

'ရဲကို မတိုင်ပါဘူးကွာ၊ ယုံပါ။ ဒါလောက်တောင် ပြောနေရရင် မင်းတို့ ငါ့ကို ယုံသင့်ပါတယ်။ ငါဟာ ငါ့ယာထဲကို နေ့တိုင်းသွားတတ်တော့ တစ်နေ့နေ့မှာ မင်းတို့လက်ထဲကို ပြန်ရောက်နိုင်ပါတယ်ကွ။ နောက်ပြီးတော့ မင်းတို့ဟာ ငါ့အကြောင်းကို သိပြီး မဟုတ်လား။ ငါဟာ မင်းတို့အပေါ်မှာ အမိအဖလို နေခဲ့တာပဲ မဟုတ်လား။ မင်းတို့ကလဲ ငါ့ကို အမိအဖလို ဆက်ဆံခဲ့ကြတာပဲ မဟုတ်လား။ ငါ့ကို ပြန်လွှတ်ပါကွာ။ မင်းတို့ လိုချင် တာကို ငါရှာပေးပါ့မယ်။ ယုံပါကွာ'

ပြန်ပေးသုံးယောက်သည် ဘာမျှ ပြန်မပြောကြတော့ဘဲ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြပြန်၏။ ထို့နောက် ကြွက်မြီးတန်းလျက် လေးဖက်တွားကာ လိုဏ်ခေါင်းထဲမှ ထွက်သွားကြပြန်သည်။

## ၃

ပြန်ပေးသုံးယောက်သည် ထိုနေ့တစ်နေ့လုံး ပေါ်မလာကြတော့ချေ။ ထွက် သွားခါစကသော် လိုဏ်အပြင်ဘက်၌ သူတို့အချင်းချင်း ပြောဆိုတိုင်ပင် ကြသံကို အဘိုးအို ဂွာနာတို ကြားရသည်။ ထို့နောက် မည်သည့်အသံကိုမျှ မကြားရတော့ချေ။

ထို့ကြောင့် အဘိုးအိုသည် တောင်တွေး မြောက်တွေး တွေး၍ နေမိ သည်။ ရှေ့အဖို့ မည်သို့ ဖြစ်လာမည်နည်း။ ထိုသူငယ်သုံးယောက်သည် မည်သို့ ဆုံးဖြတ်ကြမည်နည်း။ သေချာသော အချက်တစ်ခု ရှိ၏။ ထို

အချက်သည် အခြား မဟုတ်၊ အဘိုးအို၏ အသက်သည် မလိမ်မိုး မလိမ္မာ၊ အ တီး အ တ နိုင်လှသော သူငယ်သုံးယောက်၏ လက်တွင်း၌ ရောက်နေပြီ ဟူသော အချက် ဖြစ်သည်။ သူငယ်သုံးယောက်သည် အစိမ်းသက်သက် ဖြစ်သည်။ ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာတွင် ဤအကြိမ်သည် ပထမအကြိမ် ဖြစ်ဟန်တူသည်။ မကျူးလွန်ခင် ရ မှု တစ်ခုတည်းကိုသာ ကြည့်၍ သူတို့၏ နောင်ရေးကိုလည်းကောင်း၊ သားမယားတို့၏ နောင်ရေးကိုလည်းကောင်း ထည့်မတွေးဘဲ တဇွတ်ထိုး ပြုခဲ့ကြခြင်း ဖြစ်သည်။ ယခုသော် သူတို့အမှားကို သူတို့ မြင်လာကြပြီ။ ခက်သည်မှာ ရှေ့အဖို့ သူတို့ မည်သို့ စခန်းသွားကြမည် နည်း။ ကြုံတွေ့နေသော အခက်အခဲကို သူတို့ ဖြေရှင်းနိုင်ကြပါမည်လား။ သူတို့၏ပြစ်မှုကို ဖော်မပြောပါဘူးဟု သူက အတန်တန် ကျိန်တွယ်၍ ပြောခဲ့သော်လည်း သူတို့ မယုံကြ။ အထူးသဖြင့် လူသိခံလိုက်ရသော မနောဇာက မယုံ။ ထိုသို့ တပြီးကား ရှေ့အဖို့ မည်သို့ ဖြစ်လာမည်နည်း။

အဘိုးအို ဗွာနာတို၌ မျှော်လင့်စရာ တစ်ခုသာ ရှိသည်။ ထိုတစ်ခု သည် အခြား မဟုတ်။ သူတို့၏ ပြစ်မှုအတွက် သူတို့ နောင်တ မရကြပါ စေနှင့်ဟု ဆုတောင်းရမည်ကဲ့သို့ ဖြစ်သည်။ သူတို့ နောင်တရကြ၍ ယာ အလုပ်ကို သော်လည်းကောင်း၊ ကောင်းရောင်း ကောင်းဝယ်အလုပ်ကို သော် လည်းကောင်း ပြန်လုပ်ကြမည်ဆိုလျှင် သူတို့၏ ပွဲဦးထွက် ရာဇဝတ်ပြစ်မှု ဇာတ်မြုပ်သွားအောင် သူ့ကို သတ်ပစ်လိုက်ရမည် ဖြစ်သည်။ အကယ်၍ နောင်တ မရကြဘဲ ရာဇဝတ်ကောင် တောပုန်းအဖြစ် အသက်မွေးကြရန် သူတို့ ဆုံးဖြတ်ကြမည်ဆိုလျှင် သူက ဖော်လိုက်စေဦး သူတို့ စိုးရိမ်ကြမည် မဟုတ်ချေ။ စိုးရိမ်ခြင်း မရှိကြလျှင် သူ့အသက်ကို ချမ်းသာ ပေးတန်ရာ သည်။ ဤတွေးလုံးသည် ဖြစ်နိုင်သည်။ ဤကိစ္စတွင် သူတို့၏ဘဝကို သူတို့ အဆုံးထား၍ သူ့ကို ပြန်ပေးဆွဲခဲ့ကြသည် မဟုတ်ပါလော။ သို့ရာတွင် အဘိုးအိုသည် သူတို့ စိတ်ပျက်သွားကြမည်ကို စိုးရိမ်နေသည်။ ပွဲဦးထွက်၌

သူတို့သည် သူတို့၏အလုပ်တွင် မှန်းခြေမကိုက်၊ အလွဲလွဲ အချော်ချော် ဖြစ်ခဲ့ကြရပြီ။ ထို့ကြောင့် သူတို့ စိတ်ပျက်သွားနိုင်သည်။ စိတ်ပျက်လျှင် နောင်တ ရလာတတ်သည်။ နောင်တ ရလာလျှင် နောက်ဆုတ်၍ သမ္မာ အာဇီဝ လမ်းရိုးဘက်သို့ ပြန်လာကြလိမ့်မည်။ ထိုသို့ဖြစ်လျှင် သူတို့ ဦးဦး ဖျားဖျား ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုကို လူ မသိမှ ဖြစ်မည်။ လူမသိ စေချင်လျှင် သူ့ကို သတ်ပစ်မှ ဖြစ်မည်။ သူ့ကို မသတ်ဘဲ လွှတ်လိုက်လျှင် သူတို့သည် ရာဇဝတ်ကောင် တောပုန်းဘဝကို ယူကြရတော့မည်။ ထိုသို့ ဖြစ်လျှင် နောက်ထပ် ရာဇဝတ်ပြစ်မှု အမျိုးမျိုးကို သူတို့ ကျူးလွန်ကြရ လိမ့်ဦးမည်။ သူငယ်သုံးယောက်သည် ထိုသို့လည်း တွေးမည်ဆိုလျှင် တွေးနိုင်ကြသည်။ ထိုသို့ တွေးကြလျှင် ဘာဖြစ်နိုင်သနည်း။ တောပုန်း အဖြစ်ဖြင့် နောက်ထပ် ရာဇဝတ်ပြစ်မှု အမျိုးမျိုးကို ကျူးလွန်ကြရန် ရှိသည် ထက်၊ ဖုံး၍ ကွယ်၍ ရနိုင်သေးသော လက်ရှိပြစ်မှုကို ဖုံးလိုက် ကွယ်လိုက် သည့် အနေနှင့် သူ့ကို လက်စတုံး ပြုလိုက်သည်က ပို၍ ကောင်းဦးမည်ဟု သူတို့ ဆုံးဖြတ်လိုက်ကြမည်လော။ ထိုသို့ ဆုံးဖြတ်လိုက်ကြလျှင် သူ့အတွက် မခက်ပေလော။

အဘိုးအို ဂွာနာတိုသည် ထိုသို့ တွေး၍ ကျောချမ်းလာသည်။ ယနေ့ သော်လည်းကောင်း၊ နက်ဖြန်သော်လည်းကောင်း သူ့ကိုလာ၍ သတ်ကြတော့ မည်ဟု သူ ထင်လာသည်။ ညတွင်းချင်းပင် သူ အိပ်ပျော်နေခိုက် သူ့လည်ပင်း မှာ ဓားတင်ကြတော့မည်ဟု သူ ထင်လာသည်။

အဘိုးအိုသည် မှောင်လာသည်အထိ အသည်းတထိတ်ထိတ်နှင့် စောင့်နေသည်။ သူ့နေရာသည် တိတ်ဆိတ်လွန်းသည်။ ကြောက်စရာကောင်း သည်။ ထိုနေရာ၌ သူ အိပ်ပျော်သွားလျှင် ခက်ရချည့်ဟု တွေး၍ ကြောက်လာ သဖြင့် လိုဏ်ဝဆီသို့ သွားချင်လာသည်။ ခြေနှင့် လက်တို့သည် အတုပ်ခံထား ရဆဲ ဖြစ်ရာ အဘိုးအိုသည် ပိုးပေါက်ဖတ်ကောင်ကဲ့သို့ မိမိ၏ကိုယ်ကို

တွန့်ကာ လိမ်ကာ သွားရရှာသည်။ အပေါက်ဝသို့ ရောက်သောအခါ ခေါင်းပြူ၍ ကြည့်လိုက်သည်။ အပြင်၌ အားကိုးစရာ မရှိသည်ကို အဘိုးအို သိပါ၏။ သို့ရာတွင် အိပ်ပျော်နေစဉ် မှောင်မှောင်မည်းမည်း လိုဏ်ခေါင်းထဲ၌ သူ မသေချင်။ ကောင်းကင်ပြင်ကျယ်ကို ကြည့်ရင်း သူ သေလိုက်ချင်သည်။ ထိုသို့ သေလိုက်ခြင်းက မြတ်ပါသေး၏။

ဩော်၊ လရောင်ကလေးနှင့်ပါတကား။ ဟုတ်ပေ၏။ လသည် သုံးရက်လ ဖြစ်သည်။ သို့ရာတွင် ကောင်းကင်၌ ကြယ်တို့ကား စုံလှပေသည်။ ကျက်သရေ ရှိလေစွ။ ထိုမှာဘက်၌ မြင်ရသော တောင်သည် ကာပတ်ဇတောင် ဖြစ်နိုင်သည်။ ထိုသို့ဖြစ်လျှင် လရောင်ဝိုးတဝါးတွင် ပိုးစုန်းကြူးများ ပျံနေသကဲ့သို့ တဖျတ်ဖျတ် တောက်နေကြသော မီးရောင်လက်လက်တို့သည် အဘယ်အရပ်က မီးရောင် ဖြစ်နိုင်မည်နည်း။ သူ့အရပ်ဆီက မီးရောင်သာ ဖြစ်ရမည်။ သူ့အိုး သူ့အိမ်ရှိရာ မြို့က မီးရောင်သာ ဖြစ်ရမည်။ ထိုသို့ဖြစ်လျှင် သူ အချုပ်အနှောင် ခံနေရရာ ဖြစ်သော ဥမင်လိုဏ်ခေါင်းနှင့် အနီးကလေးသာ ဖြစ်မည်။ ဘုရား... ဘုရား။ အနီးကလေးသာပါကလား။ အဘိုးအို၏ စိတ်သည် ထိုမီးရောင်ဆီသို့ ရောက်သွားသည်။

ထို့နောက် အဘိုးအိုသည် အနီးပတ်ဝန်းကျင်ကို ကြည့်သည်။ သူ့တစ်ယောက်တည်း ဖြစ်နေသဖြင့် အကြောက်ကြီး ကြောက်လာသည်။ သို့ရာတွင် သူ့တစ်ယောက်တည်း မဟုတ်ချေ။ လိုဏ်အနီးရှိ တောင်စောင်း ထရံကို မှီလျက် လူတစ်ယောက်သည် ဇီးကွက်ကြီးကဲ့သို့ မတုန်မလှုပ် ဆောင့်ကြောင့် ထိုင်နေသည်။ ထိုလူကား အဘိုးအိုကို စောင့်နေသောသူပေတည်း။ အဘိုးအိုသည် အားမရသဖြင့် မိမိ၏ကိုယ်ကို တွန့်ကာ လိမ်ကာ တိုးထွက်၍ ကြည့်လိုက်သည်။

'အဘိုးကြီး၊ ကျုပ် စောင့်ကြည့်နေတယ်နော်။ ပြန်ဝင်၊ မဝင်ရင် သေနတ်နဲ့ ပစ်လိုက်မယ်' ဟု အစောင့်သည် ခပ်အေးအေး လှမ်းပြောလိုက်သည်။

အဘိုးအို ဗွာနာ့တိုသည် အသက်ရှူပင် မှားသွားသည်။ ထို့နောက် အဘိုးအိုက 'လေကောင်းလေသန့်ကလေး ရှူချင်လို့ပါ လူကလေးရယ်။ လိုဏ်ထဲမှာ လှောင်ပိတ်ပြီး မွန်းနေတာပဲ။ လူကလေးက အဘိုးကို စောင့်နေတာလား။ ရေငတ်လိုက်တာ လူကလေးရယ်'

'အဘိုးကြီး၊ လေရှူချင်ရင် ကောင်းကောင်းရှူ။ စကားများမနေနဲ့။ ကျုပ်လည်း ခင်ဗျားလို ရေငတ်နေတဲ့ လူပဲ။ ထမင်းလဲ ဆာတာပဲ။ ခင်ဗျား စကားများရင် လိုဏ်ထဲကို ပြန်ဝင်ရလိမ့်မယ်'

အဘိုးအို ငြိမ်သွားလေ၏။ လကို ကြည့်ခွင့်ရသည်မှာ မနည်းလှပါ။ လကိုသာမက လရောင်တွင် တစ်ဖက်က တောင်ကြီးများကို လည်းကောင်း၊ တောင်အောက် လျှိုကြီးများကိုလည်းကောင်း မြင်ရသေးသည်။ လေကောင်းလေသန့်ကိုလည်း ရှူရသေးသည်။ သူ့မြို့ဆီက မီးရောင်လက်လက်ကို မြင်ရသောအခါ၌ သူ ဝမ်းနည်းလှသည်။

အခြား သူငယ်နှစ်ဦးသည် အဘယ်မှာ ရောက်နေကြသနည်း။ ထိုညမှာ သူ့ကို အဆုံးစီရင်လိုက်ရန် ထိုသူငယ်အား တာဝန်ပေးထားခဲ့လေရော့သလား။ ပေးထားခဲ့ကြသည် ဆိုလျှင် အဘယ့်ကြောင့် သူ့ကို ချက်ချင်း အဆုံး မစီရင်ဘဲ နေသနည်း။ သူငယ်နှစ်ယောက် ပြန်လာသည့်တိုင်အောင် စောင့်နေရသောကြောင့်လော။

အဘိုးအိုသည် စကားပြောချင်လာပြန်သည်။ သို့ရာတွင် အောင့်ထားလိုက်ရသည်။ လုပ်ချင်ရာ လုပ်ကြပါစေလေ။

အဘိုးအိုသည် လိုဏ်အနီးရှိ တောင်စောင်း ထရံဘက်ကို လှမ်းကြည့်လိုက်သည်။ ထိုသူငယ် ဆောင့်ကြောင့် ထိုင်နေသည်ကို မြင်ရသည်။ ထိုသူငယ်၏ အသံနှင့်တကွ ပြောပုံ ဆိုပုံကို ထောက်လျှင် ကန့်ကျောက်တွင်းဘက်က ရွာသားတစ်ဦးဦး ဖြစ်နိုင်သည်။ ထိုသို့ဆိုလျှင် သဘောကောင်း၊ မနောကောင်း၊ နွားလို ကျုံး၍ အလုပ်လုပ်တတ်သော ဖိုလကိုများ ဖြစ်လေ

မလား။ ဖီလကိုသည် စကားနည်းသူဖြစ်သည်။ အလုပ်ကို ကျုံးလုပ်တတ်သူ ဖြစ်သည်။ ဖီလကိုလို လူမျိုးသာ လမ်းရိုးကို စွန့်၍ လမ်းဆိုးကို လိုက်သည် ဆိုလျှင် လောကကြီးသည် ငါးပါးမက ဆယ်ပါး မှောက်လေပြီ။

အဘိုးအိုသည် ယူကျုံးမရ ဖြစ်လာ၏။ မခံမရပ်နိုင် ဖြစ်လာ၏။ ချောက်ချောက်ချားချား ဖြစ်လာ၏။ ထို့ကြောင့် 'ဖီလကို'ဟု အမှတ်မထင် အော်ခေါ်လိုက်မိသည်။ သို့ရာတွင် ထိုသူငယ်သည် မတုန်မလှုပ်။ ဆောင့်ကြောင့် ထိုင်လျက်ပင် ရှိသည်။ အဘိုးအိုသည် ငြိမ်သွားပြန်သည်။ တစ်ဖန် ဖီလကို အမည်ကို ထပ်ကာ ထပ်ကာ အော်ခေါ်ပြန်သည်။ ထို့နောက် သေနတ်ဖြင့် ပစ်လိုက်လေမည်လားဟု တွေးမိ၍ ကြောက်လာသည်။ ထိုသူငယ်ကား မတုန်မလှုပ်။ ဆောင့်ကြောင့်ထိုင်လျက်ပင် ရှိသည်။

အဘိုးအိုသည် စိတ်လျှော့လိုက်သည့်အလား သက်မကြီး ချလိုက်သည်။ မှုးမှုးနောက်နောက်လည်း ဖြစ်လာသည်။ ထို့နောက် သူ့ဦးခေါင်းသည် မြေသို့ ကျသွားသည်။ သူ့ကိုယ်သည် အသက်ငင်နေသော တောတိရစ္ဆာန်ကြီးကဲ့သို့ စန့်နေသည်။ သူ့မျက်နှာ တစ်ခုလုံးသည် သဲအလိမ်းလိမ်း ကပ်၍ သူ့ပါးစပ် ဟောင်းလောင်းထဲ၌ သဲတို့ ဝင်နေကြသည်။ ထို့နောက် အဘိုးအို ဂွာနာတိုသည် ကယောင်ကတမ်း ပြောလေတော့သည်။ ကရားရေလွှတ်သကဲ့သို့ အဆက်မပြတ် ပြောလေတော့သည်။ ဖိုးလမင်းအကြောင်းကို ပြောသည်။ ကြယ်တာရာများအကြောင်းကို ပြောသည်။ စကြဝဠာ အနန္တ အကြောင်းကို ပြောသည်။ လူသတ္တဝါတို့နေရာ ကမ္ဘာဂြိုဟ်သည် အခြားဂြိုဟ်များနှင့် နှိုင်းစာလျှင် အငယ်ကလေးမျှ ဖြစ်ကြောင်း ပြောသည်။ ထိုကမ္ဘာဂြိုဟ်သည် ဂျင်ကဲ့သို့ လည်နေကြောင်း ပြောသည်။ ထို့ကြောင့် လူတို့၏ ဦးခေါင်းများသည် ယခုပြောသည့် အချိန်တွင် အောက်သို့ စိုက်နေကြောင်း ပြောသည်။ သို့ရာတွင် ကောင်းကင်ထဲသို့ လိမ့်မကျဘဲ တည်မြဲတည်နေနိုင်ကြောင်း ပြောသည်။ ထိုသို့ တည်နေကြရသည့် အကြောင်းရင်းတို့ကို ရှာဖွေ စုံစမ်းသင့်ကြောင်း ပြောသည်။

အဘိုးအိုသည် ထိုသို့ ကယောင်ကတမ်း ပြောနေရင်း သတိရလာသည်။ နေ လ နက္ခတ်တာရာ စကြဝဠာအကြောင်း ပြောခဲ့သည်ဟု သတိရလာခြင်း ဖြစ်သည်။ ထို့နောက် တောင်မြောက်လေးပါးကို ကြည့်လိုက်သည်။ အစောင့်သူငယ်သည် လိုဏ်အောက် တောင်စောင်းထရံတွင် မဟုတ်တော့ဘဲ လိုဏ်ဝ အနီးတွင် ထိုင်နေသည်ကို မြင်သည်။ သူ ထင်သည့်အတိုင်း မှန်ပြီ။ သူငယ်သည် ဖီလကို ဖြစ်ရမည်။ ဖီလကိုသည် ကောင်းကင် နက္ခတ်တာရာများ အကြောင်းကို အလွန်သိချင်သော သူငယ်ဖြစ်သည်။ ထို့ကြောင့် လိုဏ်ဝ အနီးသို့ ရောက်လာခြင်း ဖြစ်မည်။ ထူးဆန်းသည်မှာ အဘိုးအို ဗွာနာတိုသည် ထိုမျှ စိတ်ပန်းကိုယ်ကျေ ဖြစ်နေသော်လည်း သူ့သတိသည် အလွန်ကောင်းသည်။

'ဒီမှာကွ၊ မင်းတို့က ငါ့ကို ဘာမှတ်နေကြသလဲ ဟင်။ မြက်ပင်ကလေးလို့ ထင်နေကြသလား။ ငါဟာ မြက်ပင် မဟုတ်ဘူးကွ။ လူကွ။ သွေးနဲ့ သားနဲ့ လူကွ။ ငါ့ဘဝဟာ အင်မတန် ရခဲတဲ့ လူ့ဘဝကွ။ မင်းလဲ သွေးနဲ့ သားနဲ့ လူပဲကွ။ မင့်ဘဝဟာလဲ အင်မတန် ရခဲတဲ့ လူ့ဘဝပဲကွ။ ဒီတော့ ငါ အိပ်ပျော်နေတုန်း မင်းက ငါ့လည်ပင်းကို ဖြတ်မလို့ လုပ်နေတာဟာ တော်ရော့လားကွာ။ ဟေ့ သူငယ်ရဲ့၊ ထိုင်ပါဦးကွ။ ဘယ်ကို ထသွားမလို့လဲ။ ဘာကွ။ ဪ… ကောင်းကင်က ကြယ်တွေအကြောင်းကိုသာ မင်းက နားထောင်ချင်တယ် ဆိုပါတော့။ ကြယ်တွေအကြောင်းကို မပြောရင် ထသွားမယ်လား။ နေပါဦးကွာ။ နားထောင်ပါဦးကွ။ ငါ့လည်ပင်းကို ဖြတ်မယ် ဆိုရင် ငါ အိပ်ပျော်နေတုန်းတော့ မဖြတ်ပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ်။ ကိုင်း၊ ဘယ့်နှယ်လဲ၊ စကားပြန်ပါဦးကွ။ စကားမပြန်တော့ဘူးလား။ ဟေ့… သတ်ချင်ရင် မြန်မြန်သတ်လိုက်ကြစမ်းပါကွာ။ နေ့ရွှေ့ ညရွှေ့နဲ့ အချိန်ကို ရွှေ့နေကြတာကိုးကွ။ မင်းက ဘယ်သူ့ကို စောင့်နေရတာလဲ။ ပြောစမ်းပါ။ ငါ မသေခင် သိသွားချင်လို့ပါ။ ဘာလဲကွ။ မင်းတို့ ငါ့ဆီကသာ

အခုလို ငွေတောင်းနေကြရင် မင်းတို့ ဘယ်တော့မှ ရမှာ မဟုတ်ဘူး။ သိရဲ့လား။ မင်းတို့ အကြံက ဘယ်လိုလဲကွ။ ငွေကိုလဲ လိုချင်တယ်။ ငါ့ကိုလည်း မလွှတ်ချင်ဘူး။ အရှင်လဲ မထားချင်ဘူး။ ဘယ့်နှယ်ဟာလဲ။ မင်းတို့က ငါ့ကို သတ်ပစ်မယ်ပေါ့။ ဟုတ်လား။ သတ်ချင်ရင် မြန်မြန်သတ်ပါ။ မြန်မြန်သတ်ရင် မြန်မြန် အေးတာပဲ'

အမှန်မှာ အဘိုးအိုသည် ကောင်းကင် ဟာလာဟင်းလင်းကို ပြောနေသကဲ့သို့သာ ဖြစ်သည်။ အစောင့်သူငယ်သည် သူ့အနီး၌ မရှိတော့ပြီ။ သူ့နေရာသို့ ပြန်၍ ဓါးကွက်ကြီးပမာ ဆောင့်ကြောင့် ထိုင်နေပြန်သည်။ ပုံပန်းမှာ သူငယ်သည် ပြန်ပေးအကြောင်းကို နားမထောင်ချင်။ ကောင်းကင်က ကြယ်များ အကြောင်းကိုသာ နားထောင်ချင်ပုံ ရသည်။

သူ အိပ်ပျော်နေတုန်း သူ့ကို သတ်ကြလေမလားဟု အဘိုးအို တွေး၍ ကြောက်နေခြင်းသည် အပိုဖြစ်သည်။ အဘိုးအိုသည် ထိုသို့ သတိထားလာမိသည်။ သူ့ကို သတ်ကြမည်ဖြစ်လျှင် သူ အိပ်ပျော်နေခိုက် သတ်လိုက်ကြသည်က သာ၍ ကောင်းမည် မဟုတ်ပါလော။ အဘိုးအိုသည် ထိုအတွေးကို သဘောကျလာသည်။ ထို့ကြောင့် သူငယ်တို့ ဓါးကိုင်၍ ဝင်လာကြခိုက် သူ့မျက်စိ ပွင့်နေသည်ဖြစ်လျှင် မျက်စိမှိတ်၍ အိပ်ချင်ယောင် ဆောင်နေလိုက်မည်ဟု သူ တွေးလာမိသည်။ စင်စစ်မှာ မျက်စိမှိတ်ထားဖို့ လိုမည်မထင်ချေ။ လိုဏ်ခေါင်းသည် မှောင်မည်းနေသဖြင့် သူ့မျက်စိကို ဖွင့်ထားစေကာမူ မည်သည့်အရာကိုမျှ သူ မြင်မည် မဟုတ်ချေ။ သူ့ဘက်က ပြစရာရှိသည်ဟု ဆိုချင်လျှင် တစ်ခုသာပြဖို့ လိုလိမ့်မည်။ ထိုတစ်ခုသည် အခြားမဟုတ်။ သူငယ်တို့ သူ့အနားသို့ လာ၍ သူ့လည်ပင်းကို စမ်းသောအခါ သူ ငြိမ်နေ၍ သူ့လည်ပင်းကို စင်းပေးလိုက်ရုံ ဖြစ်သည်။

ထိုသို့ တွေး၍ သဘောပေါက်လာသောကြောင့် အဘိုးအို ဗွာနာတိုသည် အစောင့်သူငယ်ကို နှုတ်ဆက်၍ မှောင်မှောင်မည်းမည်း လိုဏ်ခေါင်းထဲသို့ ပြန်ဝင်သွားလေသည်။

ပြန်ပေးသုံးယောက်သည် အဘိုးအို ဂွာနာတိုကို မသတ်ကြချေ။ သူတို့၏ အမှားကို အဘိုးအိုရှေ့၌ ဝန်ခံကြသည်။ သို့ရာတွင် အဘိုးအိုကို လွှတ်လိုသော ဆန္ဒလည်း မရှိ။ သတ်လိုသော ဆန္ဒလည်း မရှိ။ လိုဏ်ဂူမင်ထဲ၌ ထားမြဲ ထားချင်ကြသည်။

'ဘာကွ။ တစ်သက်လုံးပဲလားကွ'

မတတ်နိုင်ပါ။ ကံ စီမံသမျှပင်။ ကံတရား အတိုင်းပင်။ သူငယ် သုံးယောက်ကလည်း သူတို့ကိုယ်ကို သူတို့ ကံစီမံသည့်အတိုင်း ခံကြမည်ဟု ဆိုကြသည်။ မှန်ပေသည်။ သူငယ်သုံးယောက်သည် အဘိုးအို ဂွာနာတိုကို ပြန်ပေးဆွဲခဲ့ကြသဖြင့် ပြစ်မှုကျူးလွန်ခဲ့ကြပြီ။ သူတို့၏ ပြစ်မှုကြောင့် သူတို့ကံ အလျောက် သူတို့ ဒဏ်ခံကြရမည် ဖြစ်သည်။ သို့ရာတွင် သူတို့ ဒဏ်ခံ နေသမျှ ကာလပတ်လုံး အဘိုးအိုသည်လည်း ဒဏ်ခံရမည်ကဲ့သို့ ဖြစ်လာ သည်။ သူတို့သည် မည်သို့ စခန်းသွားကြမည်နည်း။ သူ့အလိုအလျောက် ခန္ဓာကြွေသွားသည်အထိ အဘိုးအိုကို လိုဏ်ဂူမင်ထဲ၌ ထား၍ စခန်းသွား ကြမည်လော။ ထိုအကြောင်းကို အဘိုးအိုက မေးကြည့်သည်။

ဟုတ်သည်။ လိုဏ်ဂူမင်ထဲမှာ တစ်သက်လုံး ထားမည်ဟု သူတို့က ဆိုလိုက်ကြသည်။

'ဟေ့ ကောင်ကလေးတွေ။ အရှုး အမိုက် ငထူ ငအ ကလေးတွေ။ မင်းတို့က အခုမှ ကံစကား ပြောလာရသလား။ မင်းတို့ လုပ်ပုံဟာ ငါ့ကံနဲ့ ဘာဆိုင်လို့လဲကွ။ ငါ့ကို ဒီလိုဏ်ခေါင်းထဲမှာ ဘယ်သူ ချုပ်ထားသလဲ။ မင်းတို့ မဟုတ်လား။ ငါ ထမင်းအငတ်ငတ် ရေအငတ်ငတ်နဲ့ နေရတာဟာ မင်းတို့ လုပ်လို့ မဟုတ်လား။ ငါ့ကို တိရစ္ဆာန်လို ကြိုးနဲ့ တုပ်ထားတာဟာ မင်းတို့ လုပ်တာ မဟုတ်လား။ ချမ်းချမ်းတီးတီးနဲ့ မြေကြီးပေါ်မှာ ငါ အိပ်နေရတာဟာလဲ မင်းတို့ လုပ်လို့ပဲ မဟုတ်လား။ ကုန်ကုန်ပြောမယ်ကွာ။

ဒီလိုဏ်ခေါင်းထဲမှာ ညစ်ညစ်ပတ်ပတ် ငါ နောက်ဖေး သွားနေရတာလဲ မင်းတို့ လုပ်လို့ပဲ မဟုတ်လား။ ဘယ်မှာလဲ ငါ့ကံ။ မင်းတို့လုပ်တဲ့ ကံတွေ ကြောင့်ကွ။ မင်းတို့ လုပ်တဲ့ ကံတွေ။ သိရဲ့လား။ ကံ စီမံရာလေး၊ ဘာလေး ညာလေးနဲ့'

အဘိုးအိုသည် အထက်ပါအတိုင်း ငြင်းချက်ထုတ်သည်။ သို့ရာတွင် အချည်းနှီးသာ ဖြစ်သည်။ သူငယ်သုံးယောက်သည် ထိုကိစ္စကို ကံလက်ထဲသို့ ဝကွက်၍ အပ်ပြီးခဲ့ကြပြီ။ သို့ရာတွင် သူတို့က ပြန်ဖြေကြသည်မှာ အဘိုးအို ဖွာနှာတိုသည် ထမင်းငတ်၍ ရေငတ်၍ မသေစေရပါ။ မြေကြီးမှာ ချမ်းချမ်း တီးတီးနှင့် မအိပ်စေရပါဟု ဆို၍ အဘိုးအို နွေးနွေးညွှံညွှံ အိပ်ရအောင် ကောက်ရိုးများကို ယူတင်လာကြသည်။ နွေးနွေးနေရအောင် သူတို့ပိုင် အင်္ကျီ များထဲမှ ဝွမ်းထိုးအင်္ကျီတစ်ထည်ကို ယူတင်လာကြသည်။ ထမင်းမငတ်၊ ရေမငတ်အောင် နေ့စဉ်နေ့တိုင်း ပေါင်မုန့်နှင့် ရေကို ပို့ပေးကြသည်။ ထို ပေါင်မုန့်ကို သူတို့၏ ပါးစပ်ထဲမှ လည်းကောင်း၊ သူတို့ သားမယားများ၏ ပါးစပ်ထဲမှ လည်းကောင်း ဖဲ့၍ ပို့ပေးရခြင်း ဖြစ်သည်။ တစ်ယောက်ယောက် က အဘိုးအိုကို အမြဲကင်းစောင့်နေရသည် ဖြစ်ရာ ယာတဲတွင် သုံးယောက်စာ အလုပ်ကို နှစ်ယောက်က ကျုံးလုပ်ကြရသည်။ ထိုသို့ အလုပ်လုပ်၍ ရသော ချွေးနဲ့စာထဲမှ နှိုက်ယူရသော ပေါင်မုန့် ဖြစ်သည်။ အဘိုးအို၏ ရေတာကောင်း ထဲ၌လည်း သောက်ရေ အမြဲထည့်ပေးရသည်။ ထိုမျှ ခြောက်သွေ့လှသော မိုးခေါင်ရေရှားအရပ်၌ သောက်ရေအတွက် မည်မျှ ခဲယဉ်းသည်ကို မတွေးဝံ့ အောင် ဖြစ်သည်။ တစ်ဖန် လိုဏ်ခေါင်းထဲ၌ ညစ်ညစ်ပတ်ပတ် နောက်ဖေး မသွားရအောင် နောက်ဖေးသွားချင်သည့်အခါ အဘိုးအိုအား အပြင်ထွက်ခွင့် ပေးထားကြသည်။

အဘိုးအိုသည် သူ့အား အိမ်ပြန်ခွင့်ပေးရန် သူငယ်သုံးယောက်ကို အမျိုးမျိုး နားချပါသည်။ သို့ရာတွင် မရ။ အဘိုးအိုက နားချတိုင်း သူငယ်

သုံးယောက်သည် ကြောင်တက်တက်သာ လုပ်နေကြသည်။ ထိုအခါ အဘိုးအိုသည် ကလေးဆိုးကြီးကဲ့သို့ ပြောချင်ရာ ပြောသည်။ ဆူလား ပူလား၊ ကြိမ်လား မောင်းလား လုပ်လာသည်။

'ဟေ့ ကောင်လေးတွေ။ မင်းတို့ မှားပြီ ဆိုတာကို မင်းတို့ ဝန်ခံခဲ့ကြပြီ မဟုတ်လား။ ပြော၊ မှန်မှန်ပြော'

ဟုတ်ပါသည်။ သူငယ်သုံးယောက်သည် သူတို့ မှားကြောင်း ဝန်ခံခဲ့ကြပါသည်။

'ဒါဖြစ်ရင် မင်းတို့ရဲ့ အမှားကြောင့် မင်းတို့ကိုယ်တိုင် ဒဏ်ခံနေကြရပြီ ဆိုတာကိုကော မင်းတို့ ဝန်မခံဘူးလား'

သူငယ်သုံးယောက်သည် ထိုအချက်ကိုလည်း ဝန်ခံကြပါသည်။ သူတို့မှားခဲ့ကြမှန်း သိလာကြသောကြောင့်လည်း အဘိုးအိုကို သူတို့ မသတ်ဘဲ အသက်ချမ်းသာ ပေးထားကြခြင်း ဖြစ်သည်။ အဘိုးအို ဆင်းဆင်းရဲရဲ မဖြစ်အောင်လည်း သူတို့ တတ်နိုင်သမျှ အဆင်းရဲ အပင်ပန်းခံ၍ ပြုစုထားခြင်း ဖြစ်သည်။ ကံစီမံသည့်အတိုင်း အဘိုးအို ခန္ဓာကြွေသည်အထိ ဤဆိုးမျိုးကို သူတို့ ခံသွားကြမည်။

'ကောင်းပေ့ကွာ။ ကောင်းကြပါပေ့၊ တော်ကြပါပေ့။ မင်းတို့က မင်းတို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုရဲ့ဒဏ်ကို မင်းတို့ ကုန်းခံသွားကြမယ်လို့ ဆိုချင်တာပေါ့ ဟုတ်လား။ ကောင်းပေ့ကွာ။ မင်းတို့ ပြစ်မှုရဲ့ ဒဏ်ကို မင်းတို့ ကုန်းခံသွားကြမယ် ဆိုတာကိုတော့ ဆိုပါတော့။ ဒါပေမဲ့ မင်းတို့ အပြစ်နဲ့ မင်းတို့ ခံနေရတဲ့ကိစ္စမှာ ငါက ဘာဖြစ်လို့ အဆစ်ပါနေရတာလဲကွ။ ပြောစမ်းပါဦး။ ငါက ဘာပြစ်မှုကို ကျူးလွန်ခဲ့လို့လဲ ။ အခု ငါ ဒဏ်ခံနေရတာဟာ မင်းတို့ရဲ့ ပြစ်မှုကြောင့် မဟုတ်လား။ မင်းတို့ဘာသာ မင်းတို့ ကျူးလွန်တဲ့ ပြစ်မှုကြောင့် ငါ့ကို မင်းတို့က ဘာဖြစ်လို့ ဒဏ်အခံခိုင်းရတာလဲ။ ပြောလေ၊ ပြောပါကွ။ အဲဒါ မင်းတို့ ရှင်းရမယ်၊ ရှင်းပါ'

သူငယ်သုံးယောက်သည် ရှင်းဖို့ စိတ်မကူးကြချေ။ အဘိုးအို ဒေါ ထထနှင့် ပြောသမျှကို သူတို့ အနာမယူကြ။ ခေါင်းငုံ့၍သာ နားထောင်ကြသည်။ ကောက်ရိုးများကိုလည်း ပေးထားပြီ။ ဂွမ်းထိုးအင်္ကျီကိုလည်း ပေးထားပြီ။ ရေတကောင်းကိုလည်း ပေးထားပြီ။ သူတို့၏ ချွေးနဲ့စာဖြစ်သော ပေါင်မုန့်ကိုလည်း ပေးထားပြီ။ အပြင်ထွက်ချင်လျှင် အပြင်ထွက်ခွင့်ကိုလည်း ပေးထားပြီ။

သူငယ်သုံးယောက်သည် သူတို့အပြစ်နှင့် သူတို့ ကုန်းခံကြရာတွင် ဖွဲ့ကောင်းကြသည်။ အဘိုးအိုကို ကင်းစောင့်ကြရာတွင် တစ်ယောက် တစ်လှည့်စီ စောင့်သည်။ ကင်းစောင့်ရင်း စကားလက်ဆုံကြသည့်အခါ အဘိုးအိုအား ကောင်းကင်က ကြယ်တာရာများအကြောင်း မေးသည်။ မြို့ကြီး ပြကြီးက အလေ့အလာ အမူအရာများအကြောင်း မေးကြသည်။ ဘာသာ တရားကို အလွန်ကိုင်းရှိုင်းတတ်ကြသော ရှေးခေတ်ကသော် ကောက်ပဲသီးနှံ ဆန်ရေစပါး ပေါများခဲ့ကြောင်း ဆွေးနွေးကြသည်။ တစ်ခါသော် ပြက္ခဒိန် နှစ်ချုပ် စာအုပ်ဟောင်း တစ်အုပ်ကို အဘိုးအိုထံသို့ ယူလာ၍ အဘိုးအိုကို အဖတ်ခိုင်းကြသည်။ အဘိုးအိုက ထိုစာအုပ်ကို ဖတ်သောအခါ သူငယ် သုံးယောက်သည် အဘိုးအိုအနီးတွင် ဝိုင်းထိုင်၍ နားထောင်ကြသည်။ အလွန် ကျေနပ်၍ အဘိုးအို စာဖတ်တတ်သည်ကို အားကျနေကြသည်။

'ဘာဘကြီးရ၊ ဒီစာရွက်ပေါ်မှာ ရေးထားတဲ့ လမင်းပုံရယ်၊ ဟောဒီ ဘက်က ချိန်ခွင်ပုံရယ်၊ ငါးကြင်းနှစ်ကောင်ပုံရယ်၊ ကင်းမြီးကောက်ပုံရယ်က ဘာလဲဗျ'

အဘိုးအိုက ၁၂ ရာသီခွင်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းပြသော အခါ သူငယ်သုံးယောက်သည် ပါးစပ်အဟောင်းသားနှင့် နားထောင်၍ အံ့ဩမဆုံး ဖြစ်ကြသည်။ သိပြီးရင်း သိချင်ရင်း ဖြစ်လာကြသည်။ ဤသို့ မကြာခဏ မေးကြတိုင်း ပြောပြသော အဘိုးအိုသည် စိတ်ပျော်မှုကို တစ်စ

တစ်စ ရလာသလိုလို ဖြစ်လာသည်။ သူ့ဘဝသည် ယခင်ကကဲ့သို့ မဟုတ်။ ကြည်လင်ရွှင်ပျသလိုလို ဖြစ်လာသည်။ သုတ လိုချင်ကြရှာသော သူငယ်တို့အား သုတပေးနေရသဖြင့် ဒုက္ခအမျိုးမျိုးကြောင့် ထိုင်းမှိုင်း ခန်းခြောက်ခဲ့သည်မှာ ကြာလှပြီဖြစ်သော သူ့စေတနာသည် လှုပ်ရှားလာသည်။ စိမ်းလန်းစိုပြည်လာသည်။ အရှုံးပေးခဲ့ရသော သူ့ဘဝသည် အားတက်စရာ အလင်းရောင်ကို မြင်လာသည်။ တဟုန်းဟုန်း တောက်ခဲ့သော သူ့ဒေါသသည် ငြိမ်းစ ပြုလာသည်။ ငြိမ်းသွားသည်နှင့် တစ်ပြိုင်နက် အဘိုးအိုသည် ဘဝသစ်၊ စိတ်သစ်တို့ကို ရလာ၍ ပတ်ဝန်းကျင်အသစ်တွင် နေတတ်လာသည်။ သူ မကြောက်တော့ပြီ။ သူ စိတ်မညစ်တော့ပြီ။ သူ့လိုဏ်ခေါင်းကို သူ သာယာလာသည်။ သူငယ်သုံးယောက်တွင် သူ့မေတ္တာ ဝင်လာသည်။

လူသူမနီးသော ဤအရပ်၌ ကြာမြင့်စွာ နေမိသောအခါ အဘိုးအိုသည် ဤသို့ တွေးလာသည်။ သူ့ယာ အနီးအနားက ယာသမားတို့သည်လည်းကောင်း၊ ညတိုင်း ညတိုင်း မီးလက်လက် မြင်နေရသော သူ့မြို့ငယ်က သူ့မယား၊ သူ့မယား၏တူ၊ သူ့မယား၏ တူမ၊ သူ့အသိအကျွမ်းတို့သည်လည်းကောင်း သူ့ကို သတိရ၍ သူ့အကြောင်းကို ပြောကြဆဲပင်လော။ ပြောကြဖို့ ဝေးစွ၊ လောကမှာ သူ ရှိနေသေး၏ဟုပင် အောက်မေ့ကြသေး၏လော။ သူ ပြန်ပေးဆွဲခံရစဉ်က သူ့ကို ရှာမှ ရှာခဲ့ကြ၏လော။ ရှာကြစေကာမူ စိတ်ပါ လက်ပါ ရှိခဲ့ကြပါ၏လော။ အဘိုးအိုသည် ထိုသို့ တွေး၍ ထိုသူတို့အပေါ်၌ သံသယ ဖြစ်လာသည်။

အဘိုးအိုသည် သူ့အိမ် ဘဝဟောင်း၌ ရှိနေခဲ့စဉ်ကပင် သူ့အိမ်ဘဝဟောင်းကို စိတ်ကုန်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် သူ့အိမ်ဘဝဟောင်းကို သူ ပြန်ခွင့်ရစေကာမူ သူ့အဖို့ မထူးတော့ပြီ။ လက်ရှိအခြေတွင် အဘိုးအိုသည် ပင်ပန်းဆင်းရဲသည်မှာ မှန်၏။ သို့ရာတွင် မညည်းသင့်ဟု သူ ယူဆလာသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အိမ်ဘဝဟောင်းသို့ ပြန်

ရောက်လျှင် ကိုယ်ချမ်းသာမှုကို သူ ပြန်ရမည် မချဖြစ်သော်လည်း စိတ်ဆင်းရဲမှုကိုပါ သူ လက်ခံရဦးမည်မှာလည်း သေချာနေသောကြောင့် ဖြစ်သည်။ ယခု ဤတောင်ထိပ်၌ စိတ်မောစရာကို သူ မတွေ့။ ထိုအချိန်တွင် ထိုကိစ္စအတွက် လုပ်စရာ ရှိသေး၏။ ဤအချိန်တွင် ဤကိစ္စအတွက် လုပ်စရာ ရှိသေး၏ စသည်ဖြင့် အချိန်ကို မျက်ခြည်မပြတ် ကြည့်နေဖို့ မလို။ အချိန် ကြောင့်ကြမှုသည် သူ့၌ လုံးဝမရှိ။ သူ့ကိုယ်သူ ရှိနေမှန်းကိုပင် သူ သတိထားမိစရာ တစ်ခုခုတော့ ရှိရမည်ဟု ဆိုလျှင် သူ သတိထားမိသည်တို့သည် လိုဏ်၏ နံရံသာ ဖြစ်သည်။ သူ ခေါင်းအုံးလေ့ရှိသော သူ၏ လက်မောင်းသာ ဖြစ်သည်။ ခပ်လှမ်းလှမ်းက ကျောက်တုံးသာ ဖြစ်သည်။ အပင်မှ ပြုတ်ကျလာသော သစ်ခက်ငယ်သာ ဖြစ်သည်။

တောင်ထိပ်သို့ ရောက်လာခါစကသော် လိုဏ်ခေါင်းထဲ၌ အချုပ်ခံနေရသောကြောင့် အဘိုးအိုသည် သူငယ်များအပေါ်၌ ဒေါသအမျက် ခြောင်းခြောင်း ထွက်ခဲ့သည်။ ဒေါသပြေလာသောအခါ၌ကား သူငယ်များ အပေါ်၌ သဘောထားတစ်မျိုး ပြောင်းလာသည်။ ယခင်အခါကသော် အဘိုးအိုသည် သူသာ ဒုက္ခရောက်နေသည်ဟု အထင်ရှိခဲ့သည်။ ယခုမူ သူ့အတွက် ကင်းစောင့်တာဝန်ကိုလည်း ယူနေကြရ၍ စားရေး သောက်ရေး တာဝန်ကိုလည်း ယူနေကြရရှာသော သူငယ်သုံးယောက်၏ ဒုက္ခက ပို၍ ဆိုးနေသည်ကို သူ မြင်လာသည်။ ထို့ကြောင့် သူငယ်သုံးယောက်ကို သူ သနား၍ ဝမ်းနည်းလာသည်။ မြို့တွင် မည်သူကမျှ ဂရုစိုက်၍ သူ့ကို ရှာကြ၊ ဖွေကြ၊ အရေးယူကြမည်ဟု သူ မထင်ချေ။ သူငယ်သုံးယောက်က သူ့ကို ဖျက်ဆီးပစ်လိုက်ကြစေကာမူ သူ့အိမ်သားတို့သည် သူ့အတွက် ဝမ်းနည်းကြေကွဲကြလိမ့်မည်ဟုလည်း သူ မထင်ချေ။ မသိလိုက် မသိဘာသာ နေလိုက်ကြမည်သာ ဖြစ်သည်။ သူငယ်သုံးယောက်သည် သူ့ကို ဖျက်ဆီးလိုက်ကြပါက သူတို့ခံနေကြရသော ဒဏ်သည် အလိုအလျောက် ပြီးဆုံးသွားနိုင်သည်။ သို့ရာတွင်

သူငယ်သုံးယောက်သည် သူ့ကို မဖျက်ဆီး၊ သူတို့ မှားခဲ့သမျှအတွက် သူတို့ ထိုက်သင့်သောဒဏ်ကို ဖွဲကောင်းကောင်းဖြင့် ခံနေကြသည်။ ဆိတ်စာမျှ မငြိုငြင်။ ဆိတ်စာမျှ မညည်း။ အဘိုးအိုကို စေတနာဖြင့် ပြုစုကြသည်။ သူတို့၏ အမူအရာသည် သံသရာကြောက်သော စိတ်ကြောင့် မဟုတ်။ တကယ့် မေတ္တာကြောင့် ပြုစုနေကြသော အမူအရာ ဖြစ်သည်။ သူတို့သည် အကျေနပ်ကြီး ကျေနပ်၍ ဝမ်းသာအားရခြင်းပင် ဖြစ်နေကြသည်။

တစ်နေ့သ၌ ဖီလကို၏ ကင်းလှည့်ကျသဖြင့် ဖီလကိုသည် အဘိုးအို ဗွာနာတို့ရှိရာ လိုဏ်ဥမင်သို့ မိမိမယားကိုပါ ခေါ်လာသည်။ ဖီလကို၏ မယားသည် ကလေးတစ်ယောက်ကို ရင်ခွင်ပိုက်၍ အခြားတစ်ယောက်ကို လက်ဆွဲလျက် လိုက်လာသည်။ ကလေး၏ လက်ထဲတွင် "ဘိုးဘိုးဖို့"ဟု ဆိုဘိသည့်အလား အိမ်လုပ် ကိတ်မုန့်တစ်လုံး ပါလာသည်။ အမေနှင့်သမီး တို့သည် အဘိုးအိုကို မြင်ကြသောအခါ အံ့အားသင့်နေကြသည်။ အဘိုးအို၏ ရုပ်ကလည်း အံ့အားသင့်စရာ ဖြစ်နေသည်။ လိုဏ်ဥမင်၌ အဘိုးအို အောင်းခဲ့ ရသည်မှာ အတော်ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် အဝတ်အင်္ကျီတို့သည် ညစ်ပတ်နေ သည်။ ပါးနှစ်ဖက်နှင့် မေးစေ့တို့၌ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့သည် ထိန်းမနိုင် သိမ်းမရ၊ ဖွာရရာ ကျနေကြသည်။ အဘိုးအိုသည် သူတို့ကို မြင်သောအခါ ဝမ်းသာလှသဖြင့် ပြုံးပြသည်။ အဘိုးအို၏ ကြုံလှီ မွဲခြောက် သော မျက်နှာက အပြုံးကြောင့် အမေနှင့် သမီးတို့ အံ့အားသင့်သွားကြခြင်း ဖြစ်သည်။

'အို သမီးကလေးပါလား။ လာပါ၊ လာပါ။ ဘိုးဘိုးကို မကြောက်နဲ့ နော်။ အေး ဟုတ်ပြီ။ ဟုတ်ပြီ။ လိမ္မာလိုက်တာကွယ်။ ရော့ ရော့ သမီးလေးလဲ နည်းနည်းစား။ ဒီမုန့်ကို ဘယ်သူ လုပ်တာလဲ။ မေမေ လုပ်တာလား'

'မေမေ'.

'အေး။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ချစ်စရာ ကောင်းလိုက်တာ သမီးလေး

ရယ်။ သမီးမှာ မောင်လေး ဘယ်နှစ်ယောက် ရှိသလဲဟင်။ သြော်... သုံးယောက်။ ဟာ... ဖီလကိုက ကလေး လေးယောက်တောင် ရနေပြီကိုး ကွ။ ဟော့ ဖီလကို... နောက်တစ်ခါ လာရင် မင်း သားလေးတွေကိုပါ ခေါ်ခဲ့ပါ။ ငါ ကြည့်စမ်းပါရစေ။ နောက်တစ်ပတ်ပေါ့ကွာ။ အင်း နောက်တစ် ပတ်ထိအောင် ငါ နေနိုင်ပါဦးမလား၊ မသိတော့ပါဘူးကွာ'

နောက်တစ်ပတ် ရောက်လာ၏။ စင်စစ်မှာ သူငယ်သုံးယောက် ဒဏ်ခံနေကြရသော ကာလကို ကံက တိုးပေးချင်သေးပုံ ရသည်။ အဘယ့် ကြောင့်ဆိုသော် အဘိုးအိုသည် နောက်ထပ် နှစ်လကျော်မျှ အသက်ရှင်လျက် ရှိသောကြောင့် ဖြစ်သည်။

အဘိုးအို အသက်ပျောက်သော နေ့သည် တနင်္ဂနွေနေ့ ဖြစ်၍ အချိန် သည် တောင်ထိပ်တွင် ညနေစောင်း ပန်းတောက်ချိန် ဖြစ်သည်။ ထိုနေ့တွင် ဖီလကိုကလည်း သူ့သားမယားကို ခေါ်လာ၍ မနေဇာကလည်း သူ့ သားမယားကို ခေါ်လာသည်။ အဘိုးအိုသည် တစ်နေ့လုံး ကလေးများနှင့် ကစားသည်။ အဘိုးအို၏ ဦးခေါင်းတွင် တဘက်နီနီ ပေါင်းထားသည်။ ကလေးများ ပျော်ကြအောင် ကိုယ်ဟန် လက်ဟန် အမျိုးမျိုး လုပ်ပြသည်။ သူ့ကိုယ်ဟန် လက်ဟန်တို့ကို သူ သဘောကျလှသဖြင့် သူ တဟားဟား ရယ်သည်။ ထိုသို့ ဟန်အမျိုးမျိုး လုပ်ပြရင်း၊ တဟားဟား ရယ်ရင်း အဘိုးအို အားပြတ်၍ ခွေကျသွားသည်။ ဖီလကိုနှင့် မနေဇာတို့သည် ကပျာကယာ ပြေး၍ ထူကြပါသေး၏။ သို့ရာတွင် အဘိုးအို၌ အသက်ပျောက်နှင့်ပေပြီ။

သူငယ်တို့သည် သားမယားများကို တောင်ခြေရင်းသို့ အဆင်းခိုင်း ကြသည်။ ထို့နောက် အဘိုးအို၏ အလောင်းအနီး၌ ဒူးထောက်၍ ဆုတောင်း ကြသည်။ ဆုတောင်းနေကြစဉ် မျက်ရည်အသွယ်သွယ် စီးကျလာကြသည်။ ထို့နောက် လိုဏ်ခေါင်းထဲ၌ပင် အဘိုးအို ရွှာနာတို့ကို မြေမြှုပ်၍ သင်္ဂြိုဟ် လိုက်ကြလေသတည်း။

[ ငွေတာရီ၊ အမှတ်(၂၅)။ ဇူလိုင်၊ ၁၉၆၂ ]



အမေရိကန် အမျိုးသမီး စာရေးဆရာ
ပါး ဗတ် [ ၁၈၉၂–၁၉၇၃ ]
**Pearl S. Buck [1892-1973]**

ပါးဗတ်သည် အမေရိကန် အမျိုးသမီး ဝတ္ထုဆရာ ဖြစ်သော်လည်း သူရေးသော စာများတွင် ယေဘုယျအားဖြင့် တရုတ်ပြည်နှင့် တရုတ်လူမျိုး အကြောင်းကို ဖွဲ့ဆိုခဲ့သည်သာ များ သည်။ ထို့ကြောင့် အံ့ဩဖွယ်ဖြစ်သည်ဟု ဆိုရာသည်။ သို့ရာတွင် တစ်နည်းအားဖြင့် အံ့ဩဖွယ် မဟုတ်ဟုလည်း ဆိုနိုင်သေးသည်။ အဘယ့်ကြောင့်ဆိုသော် ပါးဗတ်သည် အမေရိကန် အမျိုးသမီး ဖြစ်သည်မှာ မှန်သော်လည်း အကလေးအရွယ်မှ ကာယဗလ၊ ဉာဏဗလ သန်တုန်း မြန်တုန်း ထက်မြက်တုန်း အရွယ်အထိ တရုတ်ပြည်၌ အနေများခဲ့သောကြောင့် ဖြစ်သည်။

ပါးဗတ်သည် ၁၈၉၂ ခုတွင် အမေရိကန်၌ ဖွားမြင်သည်။ အမိ အဖများသည် ခရစ်ယာန်သာသနာပြု အဖွဲ့ဝင်များ ဖြစ်ကြသည်။ ပါးဗတ် ၄ လ သမီး အရွယ်တွင် မိဘများသည် သာသနာပြု

ရာပြည့်စာအုပ်တိုက်

လုပ်ငန်းအတွက် တရုတ်ပြည်သို့ သွား၍ နေထိုင်ကြရာ၊ ပါးဗတ်သည် ၄ လသမီး အရွယ်မှ အသက် ၁၇ နှစ် အရွယ်အထိ တရုတ်ပြည်၌ နေထိုင်ရသည်။ တရုတ်ပြည်၌ နေထိုင်စဉ် တရုတ်အာယားမ(ကလေးထိန်း မိန်းမ)နှင့် နေခဲ့သဖြင့် ပါးဗတ်သည် ငယ်ရွယ်စဉ်ကပင် တရုတ်စကားကို လည်လည်ပတ်ပတ် ပြောတတ်သည်ဟု လည်းကောင်း၊ တရုတ် အာယားမထံမှ တရုတ်ပုံပြင် အမျိုးမျိုးကို ကြားရသဖြင့် တရုတ်ယဉ်ကျေးမှုကို နှစ်သက်လာသည်ဟု လည်းကောင်း ဆိုသည်။

ထို့ပြင် မိဘများသည် သာသနာပြုလုပ်ငန်းအတွက် တရုတ်ပြည်အနယ်နယ် အရပ်ရပ်သို့ သွားလာလှည့်လည်၍ နေထိုင်ကြသည်ဖြစ်ရာ၊ ပါးဗတ်သည် မိဘများသွားရာ တကောက်ကောက် ပါရသည်။ ထိုအခါ ပါးဗတ်သည် တောနေ မြို့နေ တရုတ်လူမျိုးနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခွင့် ရခဲ့သည်။ တစ်ဖန် ပါးဗတ်သည် တရုတ်ကျောင်း၌ စာသင်၍ တရုတ်စာတတ်သူဖြစ်ရာ အတွေးအခေါ် အမူအရာတို့တွင် တရုတ်အမျိုးသမီး တစ်ဦးကဲ့သို့ ဖြစ်လာသည်ဟု ဆိုသည်။ အသက် ၁၇ နှစ်သို့ ရောက်သောအခါမှာမှ ပါးဗတ်သည် အမေရိကန်သို့ ပြန်၍ အမေရိကန်စနစ်အတိုင်း ပညာသင်ကြားသည်။

ထိုအခါ ပါးဗတ်သည် ဇာတိအားဖြင့် အမေရိကန်အမျိုးသမီး ဖြစ်သော်လည်း တရုတ်ပြည်နှင့် တရုတ်လူမျိုးအကြောင်းကို ခြေခြေမြစ်မြစ် သိခဲ့သောကြောင့် လည်းကောင်း၊ မေတ္တာ ကရုဏာ နှလုံးသွင်းဖြင့် ရင်းနှီးခဲ့သောကြောင့် လည်းကောင်း မိမိ သိသမျှ၊ ရင်းနှီးခဲ့သမျှတို့ကို ပိုင်ပိုင်နိုင်နိုင် ရေးဖွဲ့တတ်သော ဝတ္ထုဆရာ ဖြစ်လာသည်ဟု ယူဆအပ်သည်။

ရာပြည့်စာအုပ်တိုက်

ပါးဗတ်သည် အမေရိကန်၌ ပညာသင်ကြားပြီးသည့်နောက် တရုတ်ပြည်သို့ ပြန်လာ၍ နန်ကင်းမြို့ရှိ နန်ကင်းတက္ကသိုလ်၌ အင်္ဂလိပ် ပျို့လင်္ကာများကို သင်သော ဆရာမအဖြစ်ဖြင့် အမှုထမ်းပြန်သည်။ ထိုအခါမှစ၍ ပါးဗတ်သည် တရုတ်ပြည်နှင့် အမေရိကန်ပြည်တို့တွင် တစ်လှည့်စီ နေထိုင်လေ့ရှိသည်။ ထိုခေတ်၌ပင် ဝတ္ထုကို စတင်ရေးသားသည်။ ကျော်ကြားလာသော ၁၉၃၂ ခုနှစ် လောက်မှစ၍ အမေရိကန်၌ အမြဲလိုလို နေထိုင်၍ တရုတ်ပြည်နှင့် တရုတ်လူမျိုးအကြောင်း ဝတ္ထု အမြောက်အမြား ရေးတော့သည်။ သူ့စာများသည် တရုတ်လူမျိုး၏ သုခ ဒုက္ခတို့ကို သနားဖွယ်၊ အံ့သြဖွယ် ဖြစ်လောက်အောင် ဖွဲ့ဆိုထားသော စာများဖြစ်သဖြင့် ၁၉၃၈ ခုနှစ်တွင် ပါးဗတ်သည် ကမ္ဘာကျော် နိုဗဲစာပေဆုကို ရသည်။

# ပါးဗတ် ၏
# လမ်းသစ်

[‘လမ်းသစ်’ ဝတ္ထုတိုကို The New Road မှ မြန်မာပြန်သည်။ ထိုဝတ္ထုတိုတွင် ပါးဗတ်သည် သူ နေထိုင်ရာဖြစ်သော နန်ကင်းမြို့ ဟောင်း၌ ခေတ်အပြောင်းတွင် သူ မြင်ခဲ့ ကြားခဲ့ရသော ဖြစ်ရပ် တစ်ခုကို ဖွဲ့ဆိုထားပုံ ရသည်။ တကယ့် ဖြစ်ရပ်ပင် မဟုတ် စေကာမူ ခေတ်ပြောင်း ခေတ်လဲ၌ ဖြစ်တတ်သော ဖြစ်ရပ်တစ်ခု ဟု ဆိုနိုင်သည်။

တရုတ်ပြည်တွင် ၁၉၁၁ ခုနှစ်၌ သက်ဦးဆံပိုင် မန်ချူးမင်းဆက်ကို တော်လှန်သော သမ္မတစနစ် အရေးတော်ပုံကြီး ပေါ်ခဲ့သည်။ မန်ချူးမင်းကို နန်းချပြီးနောက် သမ္မတစနစ်နိုင်ငံကို ထူထောင်သည်။ သို့ရာတွင် ခေါင်းဆောင်တို့သည် ညီညွတ်ခြင်း မရှိ။ သူတစ်လူ ငါတစ်မင်း အိမ်ကြက်ချင်း ခွပ်ကြရာ တောင်ပိုင်းတွင် သမ္မတဝါဒီ ခေါင်းဆောင်ကြီး ဆွန်ယက်ဆင်က အုပ်ချုပ်၍ မြောက်ပိုင်းတွင် ရှင်ဘုရင်လုပ်ချင်သူများက နယ်ပယ်ခွဲ၍ အုပ်ချုပ်ကြသည်။ ဆွန်ယက်ဆင်ပါတီသည် တရုတ်ပြည်ကို ခေတ်မီအောင် ပြုပြင်ချင်သည်။ ထို့ကြောင့် တောင်ပိုင်းနှင့်မြောက်ပိုင်း ပြည်တွင်းစစ် ဖြစ်ကြသည်။ တောင်ပိုင်းရှိ သမ္မတနိုင်ငံ တပ်များသည် အဆက်မပြတ် အောင်မြင်ကြ၍ နောက်ဆုံး၌ မြောက်ပိုင်းရှိ နန်ကင်းမြို့ဟောင်းကို သိမ်းနိုင်ကြသည်။ ထို့နောက် တောင်ပိုင်း စစ်တပ်သည် မြို့ကို အုပ်ချုပ်၍ မြို့ဟောင်းကို ခေတ်မီသော တရုတ်ပြည်ကြီး၏ နေပြည်တော် ဖြစ်လာအောင် ပြုပြင်ကြသည်။

ရာပြည့်စာအုပ်တိုက်

'လမ်းသစ်' ဝတ္ထုတို့တွင် တရုတ်နိုင်ငံ၌ သမ္မတဝါဒီ အစိုးရ သိမ်းပိုက် အုပ်ချုပ်ခါစ ဖြစ်သော နန်ကင်းမြို့၏ ခေတ်ပြောင်း ခေတ်လဲ သဘောကို တင်ပြခဲ့သည်။ တင်ပြရာတွင် လူ့သမိုင်း ဖြစ်စဉ်၌ လောကတဲထွာ ပျက်သုဉ်းရန် ရှိသော ခေတ်ဟောင်း၏ စိတ်ဓာတ်နှင့် ခေတ်ဟောင်း၏ သဘောထားကို ကရုဏာ ဖြစ် သော်လည်း အားတိုက် ခွန်တိုက် တက်လာသော ခေတ်သစ်၏ စိတ်ဓာတ်နှင့် ခေတ်သစ်၏ သဘောထားတို့ကိုလည်း ချီးကျူး ခဲ့သည်။ ဇာတ်ဆောင်တစ်ဦး ဖြစ်သော တရုတ်အဘိုးအို၏ ခေတ် ဟောင်း အမူအရာကို ကရုဏာသက်စရာ ဖြစ်အောင်၊ သူ့သား၏ ခေတ်သစ် အမူအရာကို လေးစားစရာဖြစ်အောင် သရုပ်ဖော် ထားပုံသည် ချီးကျူးဖွယ် ဖြစ်သည်။]

---

၁

မြောက် မြို့ရိုးတံခါးသို့ သွားသော လမ်းမတော်နှင့် တွမ် ဆွေမျိုးစုများ နေထိုင်ကြရာဖြစ်သော လမ်းကျဉ်းတို့ဆုံရာ ထောင့်ကွေးတွင် အဘိုးလူချန်၏ ရေနွေးဆိုင် ရှိသည်။ ထိုဆိုင်ကို ထိုလမ်းရှိ လူတိုင်းလိုလို သိသည်။

လမ်းမတော်တစ်လျှောက်တွင် ပိုးထည်ဆိုင်များ ရှိသည်ဖြစ်ရာ ဆိုင် အမည်များကို ကြော်ငြာပေး၍ ရေးထားသော လိမ္မော်ရောင် ပိုးတံခွန်များ သည် လေထဲ၌ တလူလူ လွင့်နေကြသဖြင့် ကျက်သရေရှိလှသည်။ လမ်း ကျဉ်းဘက်တွင် လူကုံထံများသည် ဝင်းအသီးသီးနှင့် နေထိုင်ကြသည် ဖြစ်ရာ လမ်းကျဉ်းသည်လည်း ကျက်သရေရှိလှသည်။ ထို့ကြောင့် ထောင့်ကွေး နေရာကောင်း၌ ရှိသော အဘိုးလူချန်၏ ရေနွေးဆိုင်တွင် အငွေ့ တထောင်း ထောင်း ထနေသော ရေနွေးကို လာ၍ ဝယ်ကြသည်မှာ အလွန် စည်ကား သည်။ လမ်းမတော်တစ်လျှောက်၌ အလုပ်လုပ်ကြသော စာရေး စာချီ

အပေါင်းတို့သည် အဘိုးလူချန်၏ ရေနွေးကို အဝယ်လွှတ်ကြသည်မှာ တစ်နေ့လျှင် ၁၀ ကြိမ်မက ဖြစ်သည်။ လက်ဖက်ရည်အဖန် သောက်ကြသောကြောင့် ဖြစ်သည်။ စာရေးစာချီများသာမက လမ်းကျဉ်း၌ နေကြသော ကတော်မယားများသည်လည်း နေ့လယ်နေ့ခင်း ဖဲကစားရင်း လက်ဖက်ရည်အဖန် သောက်ချင်သည့်အခါတိုင်း အဘိုးလူချန်၏ ရေနွေးကို အဝယ်လွှတ်ကြသည်။ ထို့ကြောင့် အဘိုးလူချန်အဖို့ ရေနွေးရောင်းရသည်မှာ လက်မလည်နိုင်အောင် ဖြစ်၍ စီးပွားလမ်း အတော်ဖြောင့်သည်။ အဘိုးလူချန် လက်ထက်ကျမှသာ မဟုတ်။ အဘိုးလူချန်၏ ဘိုးအေလက်ထက်မှ စ၍ စီးပွားလမ်း ဖြောင့်ခဲ့ကြသည်။

လူချန်သည် ရေနွေးဆိုင်ကို သူ့ဖခင်ဆီမှ အမွေရလိုက်သည်။ ရေနွေးဆိုင်ကိုသာမက အိတ်ငယ်၌ ထည့်ထားသော ကြေးပြား အတန်အသင့်ကိုပါ အမွေရလိုက်သည်။ လူချန် မိန်းမယူသောအခါ အိတ်ငယ်သည် တက်တက်စင် ပြောင်သွားသည်။ သို့ရာတွင် မကြာခင် ပြန်ပြည့်လာသည်။ ထို့နောက် သားယောကျ်ားရလာ၍ သားကြီးပြင်းလာသောအခါ သားကို ကျောင်းသို့ ပို့သဖြင့် ငွေအိတ်ငယ်သည် တက်တက်စင် ပြောင်သွားပြန်သည်။ သို့ရာတွင် ပြည့်လာပြန်သည်။ တစ်ဖန် သားကို မိန်းမပေးစားသောအခါ အိတ်ငယ်သည် တက်တက်စင် ပြောင်သွားပြန်သည်။ သို့ရာတွင် ပြည့်လာပြန်သည်။ ယခုအခါတွင် လူချန်မှာ မြေးယောကျ်ား ရလာပြီ။ မြေးငယ်သည် လေးဘက်တွားရာမှ မတ်တတ်ထနိုင်လာ၍ ဆိုင်ထဲ၌ တောက်တက်တောက်တက်နှင့် ပြေးစ ပြုလာသောအခါ အဘိုးလူချန်သည် ရင်တမမ၊ ဖင်တကြွကြွနှင့် နေရသည်။ အဘယ့်ကြောင့်ဆိုသော် ဆိုင်ထဲတွင် မြေမီးဖို၌ အသေတပ်၍ တည်ထားသော ရေနွေးအိုးကြီးနှစ်လုံး ရှိနေကြသောကြောင့် ဖြစ်သည်။

'မင်း တော်တော်ဆော့တဲ့ အကောင်ကွာ။ ဟေ့ကောင်။ ငါ ငယ်ငယ်

တုန်းကလေ ဒီရေနွေးအိုးကြီးတွေ အနားမှာ ဘယ်တော့မှ ငါ တောက်တက်တောက်တက်နဲ့ မပြေးဘူးကွ။ ငါ့အဘိုးရဲ့ စကားကို ငါ အမြဲ နားထောင်တယ်ကွ။ မင်းမှာတော့ ဒီလို မဟုတ်ပါဘူး။ အလကားနေရင်း ပြေးနေတာကိုး ကွ။ ကြက်ကလေး ဘဲကလေးကျနေတာပဲ'ဟု လူချွန်သည် သူ့မြေးကို နေ့တိုင်း ကြိမ်းရလေသည်။

ကြိမ်းသော်လည်း ကြိမ်း ကြိမ်းသာ ဖြစ်သည်။ မြေး၏ အရွယ်သည် အဘိုး၏ စကားကို နားမလည်သေးသော အရွယ် ဖြစ်သည်။ သို့ရာတွင် မြေးသည် အဘိုးက သူ့ကို ချစ်မှန်းသိသည်။ အဘိုး၏ အသည်းစွဲ ဖြစ်နေသည်ကို သိသည်။ ထို့ကြောင့် ပြေးမြဲ ပြေးသည်။ အဘိုးမှာလည်း ရင်တမမ၊ ဖင်တကြွကြွ ဖြစ်မြဲသာ ဖြစ်ရသည်။ ရေနွေးအိုးနားသို့ သူ့မြေး ရောက်သွားသည့်အခါတိုင်း အဘိုးသည် မြေးကို ချိုင်းကြားမှကိုင်၍ အတွင်းခန်းသို့ ပို့တတ်သည်။ ထိုအခါ မြေးငယ်သည် ခြေကလန် လက်ကလန်နှင့် ပါသွားသည်။

'ဟေ့ကောင်။ မင့်သားဟာ တော်တော်ဆိုးတဲ့ အကောင်ပဲကွာ။ မင့်သားကို မင်း ဆုံးမဦးကွ'ဟု အဘိုးလူချွန်သည် သူ့သားကို ပြောရသည်မှာ ခဏခဏ ဖြစ်သည်။

လူချွန်၏ သားသည် အစိုးရအလယ်တန်းကျောင်း၌ ကျောင်းနေဖူးသည်။ ၄ နှစ် စာသင်ပြီးသောအခါ ကျောင်းက ထွက်သည်။ ကျောင်းထွက်သည့် နေ့မှစ၍ မည်သည့်အလုပ်ကိုမျှ လက်ကြောတင်းအောင် မလုပ်။ အိပ်ပြီးစား၊ စားပြီးအိပ် အလုပ်ကိုသာ လုပ်သည်။ သို့ရာတွင် အိမ်၌ စည်းစိမ်နှင့် နေရသည့်တိုင်အောင် ပျော်ပိုက်လှသည် မဟုတ်။ တစူစူ တဆောင့်ဆောင့်နှင့် နေသည်။ 'မင့်သားကို မင်း ဆုံးမဦးကွ'ဟု သူ့အဖေက သူ့ကို ပြောလိုက်စဉ်က သူသည် မကြားသလိုလို ကြားသလိုလို ပြု၍ 'ခုခေတ်မှာ ဆုံးမတာတို့၊ နာယူတာတို့၊ ဘာတို့ ညာတို့ဆိုတာ မရှိဘူးဗျ။ သိရဲ့လား'ဟု

ကပ်ဖဲ့ပြန်ပြောသည်။ ထိုအခါ လူချန်သည် သူ့သားကို အစိမ်းဝါးစားလိုက်မည်ကဲ့သို့ ကြည့်သည်။ သို့ရာတွင် ကြည့်ရုံမျှသာ ကြည့်သည်။ သူ့သား အလကား လတ်လျား လတ်လျား နေသည်ဟု သူ မယူဆ။ သူ့သား ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်နေသည်ကို သူ ကြည်ဖြူသည်။ သူ့သား အလုပ်မလုပ်ဘဲ နေသည်ကို အမေလုပ်သူက မကြိုက်၍ မြည်တွန်တောက်တီးသည့်အခါ၌ လူချန်သည် တစ်ခွန်း တစ်ပါဒ ဝင်မပြော။ မသိကျိုးကျွံပြု၍ နေလိုက်သည်က များသည်။

မယားလုပ်သူက 'ကျုပ်တို့ဆိုင်က သိပ်ကြီးတာမှ မဟုတ်တာ။ ဆိုင်အလုပ်ကို လူတစ်ယောက်တည်းက လုပ်ရင် ပြီးတာပဲ။ ဒီတော့ သားလည်း အလုပ်လုပ်နိုင်အောင်၊ ရှင်လည်း အနားရအောင် ဆိုင်အလုပ်ကို သားနဲ့ လွှဲထားလိုက်ပါလား။ ကျုပ်တို့သားဟာ အသက် ၂၀ ရှိလာပြီ။ သူ့ကို မခိုင်းဘဲနေရင် သူ့အတွက်ရော၊ သူ့မယားအတွက်ရော၊ သူ့သား အတွက်ရော သူ့မှာ တာဝန်ရှိတယ် ဆိုတာကို သူ ဘယ်တော့ သိမှာလဲ။ အခုတော့ အလုပ်ကို ရှင်ကချည်း ကျုံးလုပ်နေတာကိုး။ သားကို ဘယ်တော့မှ မခိုင်းဘူး။ သားကို မခိုင်ချင်ဘူးဆိုရင် ပိုက်ဆံအကုန်ခံပြီး သူ့ကို ဘာဖြစ်လို့ ကျောင်းထားသေးသလဲ'ဟု မယားလုပ်သူက တစ်ခါတစ်ရံ ပြောတတ်သည်။

မယား၏ စကားထဲတွင် အလုပ်ကို သားနှင့်လွှဲထားခဲ့၍ သူ့အား ငြိမ်းချမ်းစွာ နေစေလိုသော အရိပ်နိမိတ်သံကို ကြားလိုက်သောအခါ လူချန်သည် အခံရခက်သည်။ စင်စစ်မှာ လူချန်သည် အလုပ်မလုပ်ဘဲ မနေတတ်။ ဆိုင်အလုပ်ကို သူချည်း ကျုံးလုပ်လိုသောကြောင့် သူ့သားကို ကျောင်းသို့ ပို့ခဲ့ခြင်း ဖြစ်သည်။

'အင်း၊ မင်းကပြောတော့ လွယ်လိုက်တာ။ ဟိုမှာကြည့်ပါလား။ ဟိုဘက်က ရေနွေးအိုးကြီးဟာ ဘယ်တော့မှ ပြောင်ပြောင်ရောင်ရောင် မရှိလှဘူး။ ပြောင်အောင်တိုက်ပါလို့ ခိုင်းတာဟာ ဘယ်နှစ်ခါ ရှိပလဲ။ ဘယ်တော့မှ

မပြောင်ဘူး။ မီးဖိုထဲက ဟြာကိုယူ၊ ရေနည်းနည်း ဆွတ်၊ နောက်ပြီး ကြေးအိုးမှာ လိမ်းပေးလိုက်။ ဘာခက်သလဲ။ မင်းသားဟာ ဒါလောက်ကလေးကို တောင် ဖြစ်မြောက်အောင် မလုပ်တတ်ဘူး။ ဟင်း'

'ဒါပေမဲ့ သူ အလုပ်သားပဲ။ ရှင်ကသာ အရိုးများသလေး ချေးခါးသလေးနဲ့၊ သူ့ကို ခဏခဏ ကြိမ်းမောင်းလုပ်တာကိုး'ဟု လူချွန်၏ မယားက ပြန်၍ ဟောက်လိုက်သည်။ လူချွန်သည် လူဖလံ လူကျစ်ကလေးဖြစ်၍ လူချွန်၏ မယားသည် လေးလုံး ခြောက်ဖက် ဖြစ်သည်။

'ကွာ၊ ဒီကောင်ဟာ ငါပြောသလို ဘယ်တော့မှ မလုပ်ဘူးကွ'

'ဘယ်လုပ်ပါ့မလဲ။ ရှင်က ချေးများတာကိုး' .

'ဟော့ ဟော့၊ ငါ့တုန်းကဆိုရင် ငါ့အဖေ ခိုင်းသမျှကို ဖြစ်အောင် ငါ လုပ်တတ်တာချည်းပဲ။ သိရဲ့လား'

'တော်ပါတော့တော်။ ကျုပ် မောလှတယ်။ ကျုပ် အိပ်တော့မယ်'

'ပြောလိုက်ရင် ဒါမျိုးချည်းပဲ။ မင်းလည်း ဆိုင်အလုပ်ကို ဂရုစိုက်တဲ့ ကောင်မ မဟုတ်ဘူး။ မင့်သားနဲ့ မင်းဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ'

လူချွန်၏ မယားသည် တစ်ခွန်းမျှ ပြန်မပြော။ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားသည်။ အတန်ကြာသောအခါ တခေါခေါနှင့် ဟောက်နေသည်။

## ၂

နောက်တစ်နေ့ နံနက်တွင် လူချွန်သည် အစောကြီးထ၍ ကြေးရေနွေးအိုးကြီး နှစ်လုံးကို ပြောင်နေအောင် တိုက်သည်။ ပြောင်လိုက်သည်မှာ ဘဲခေါင်း ခြောက် ကဲ့သို့သော သူ့မျက်နှာ၏ အရိပ်ကိုပင် သူ မြင်ရသည်။ သူ ပြောင်အောင် တိုက်ထားသော ကြေးအိုးများတွင် ရေမထည့်သေးဘဲ သူ ထားလိုက်ချင်သေး၏။ သို့မှသာ သူ ပြောင်အောင် တိုက်ထားသည်ကို သူ့သား

အိပ်ရာမှ အထတွင် မြင်၍ အတုယူနိုင်မည်ဟု သူတွေးလိုက်သည်။ သို့ရာတွင် ရေမထည့်ဘဲ သူမနေနိုင်။ သူ့သား အိပ်ရာမှ မထခင် ရေနွေးအဝယ်လာသူတို့ ဝိုင်းအုံ ပြုံကျလာကြပေလိမ့်မည်။ ထို့ကြောင့် မြေအိုးများ၌ တစ်ညသိပ်ထားသော ရေတို့ကို ကြေးအိုးများထဲသို့ လောင်းထည့်သည်။ ထို့နောက် မီးမွှေးသည်။ အတန်ကြာသော် ရေပွက်သံကို သစ်သားစလောင်း အောက်ဆီမှ သံ့သံ့ကြားလာရသည်။ ထို့နောက် ရေနွေးအဝယ် လာသူတို့သည် တစ်သုတ်ပြီး တစ်သုတ် ကျလာကြသည်ဖြစ်ရာ ရေသစ် လောင်းထည့်ရသည်မှာ သုံးကြိမ် ရှိလာပြီ။ ထိုအခါကျမှ သူ့သား ရွှေကိုယ်တော်မြတ်သည် အိပ်ရာမှ လူးလွန့်တော်မူ၍ အင်္ကျီဟပြဲနှင့်၊ ခေါင်းစုတ်ဖွားနှင့် ဆိုင်ခန်းထဲသို့ ဝင်လာသည်။ ထိုအခါ လူချန်သည် အခါတိုင်းကဲ့သို့ အစိမ်းလိုက် ဝါးစားလိုက်မည်ဟူသော အကြည့်မျိုးဖြင့် သူ့သားကို ကြည့်သည်။ ထို့နောက်

'ကွာ၊ ငါ ငယ်ငယ်တုန်းကဆိုရင် မနက်အစောကြီး ထပြီး ကြေးအိုးတွေကို ပြောင်နေအောင်တိုက်ရသကွ။ နောက် မီးမွှေးပြီး ရေနွေးကျိုရသကွ။ ဒီတော့ ငါ့အဖေဟာ အိပ်ရာမှာ ဇိမ်နဲ့ အိပ်ရတာပေါ့ကွာ'

လူချန်၏ သားက 'ဒီခေတ်က တော်လှန်ရေးခေတ်ဗျ' ဟု ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်သည်။ ထိုအခါ လူချန်သည် တစ်ချက်လောက် သက်ပြင်းချလိုက်၍ ထွီခနဲ တံတွေး ထွေးလိုက်သည်။ ထို့နောက်

'ဖအေကို သားက မရိုသေတဲ့ခေတ်။ လူငယ်တွေ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်တဲ့ ခေတ်။ ဒါလား တော်လှန်ရေးခေတ်။ မင့်ဝမ်းအတွက် မင်း အလုပ်မလုပ်ဘဲ နေရင် မင့်သားကကော အလုပ်လုပ်မှာတဲ့လားကွ ဟင်'

လူချန်၏ သားသည် ပြုံးရုံသာ ပြုံး၏။ ထို့နောက် အင်္ကျီဟပြဲကို ကြယ်သီးတပ်ကာ အနီးဆုံး ရေနွေးအိုးဆီသို့ သွား၍ မျက်နှာသစ်ရန် ရေနွေးကို လိုသလောက် ခပ်ယူလိုက်သည်။

လူချန်သည် သားလုပ်နေပုံကို ကြည့်၏။ ထို့နောက် 'လူကလေးရဲ့၊ ဒီဆိုင်ကို ငါ တသသ လုပ်နေတာဟာ ဘယ်သူ့အတွက် မှတ်သလဲ။ မင်း အတွက်ကွ။ မင်း မရှိတဲ့အခါမှ မင့်သားအတွက်ကွ။ သိရဲ့လား။ ဒီဆိုင်ရဲ့ အသက်ဟာ အခု အနှစ် ၆၀ ထဲ ရောက်လာပြီ။ မေးကြည့်ပါကွာ။ လူတိုင်း သိတယ်။ ငါ့အဖေလဲ ဒီဆိုင်နဲ့ လူဖြစ်လာတာပဲ။ ငါလည်း ဒီဆိုင်နဲ့ လူဖြစ် လာတာပဲ။ မင်းလဲ ဒီဆိုင်နဲ့ လူဖြစ်လာတာပဲ။ မင့်သားလဲ... ကိုင်း မင်း ဘာပြောချင်သလဲ'

ထိုသို့ လူချန်က မေးလိုက်သောအခါ လူချန်၏ သားသည် အငွေ့ တထောင်းထောင်း ထွက်နေသော ရေနွေးစိမ်အဝတ်ကို ညှစ်၍ မျက်နှာကို ပွတ်သပ်ရင်း 'ဒါတော့ဗျာ၊ လမ်းသစ်အတိုင်း ဖြစ်လာမှာပေါ့။ လမ်းဟောင်း စွန့်ပြီး လမ်းသစ်ကို လိုက်ကြရမယ်လို့ မြို့ထဲမှာ ပြောနေကြသားပဲ' ဟု ပြန်ပြောလေသည်။

လမ်းသစ်ဟူသော စကားကို ကြားရသည်မှာ ဤအကြိမ်သည် လူချန်အတွက် ပထမအကြိမ် ဖြစ်သည်။ လူချန်သည် ထိုစကား၏ လိုရင်း သဘောကို စိုးစဉ်းမျှ မသိချေ။ သူ့မြို့သို့ အရေးတော်ပုံကြီး ဆိုက်ရောက် လာသည့်နေ့မှ စ၍ သူ့သားသည် စကားသစ် စကားဆန်းများကို ခဏခဏ ပြောလေ့ ရှိသည်။ သို့ရာတွင် လူချန် နားမလည်ချေ။ အရေးတော်ပုံကြီး ဆိုသည့် စကားကိုပင် လူချန် နားမလည်ချေ။ လူလား၊ နတ်လား၊ နဂါးလား။ သူ မခွဲတတ်ချေ။ အရေးတော်ပုံကြီး ရောက်လာကတည်းက မြို့ ချောက်ချား လာသည် ဖြစ်ရာ ရေနွေးရောင်းသော သူ့အလုပ်သည် ပါးသည့်အခါ အလွန်ပါးသည်။ လုကြလိမ့်မယ်၊ ယက်ကြလိမ့်မည်ကို စိုးရိမ်ကြသဖြင့် ဆိုင်ရှိသမျှ တံခါးပိတ်ထားကြသည်လည်း ရှိသည်။ သူ့ရေနွေးကို အမြဲ ဝယ်ယူသုံးစွဲကြသော သူ့ပရိသတ်အချို့သည် ရှန်ဟဲမြို့ဆီသို့ ထွက်ပြေး တိမ်းရှောင်ကြသည်လည်း ရှိသည်။ ထိုအခါမျိုးတွင် သူ့ရေနွေးကို လူဆင်းရဲ

များကသာ ခွက်ငယ် သေးသေးတာတာနှင့် လာ၀ယ်၍ အဆစ်အစွက် တောင်းလွန်းလှသဖြင့် ပိုက်ဆံတစ်ပြားအတွက် ခဏခဏ စကားများကြ ရသည်။ သူ့ရေနွေးဆိုင်၌ ထိုသို့ ကြုံနေရသည်ကို အရေးတော်ပုံကြီးဟု တချို့က ပြောကြသည်။ ထိုအခါ လူချန်သည် အရေးတော်ပုံကြီး ဆိုသူကို ပြောင်ဖွင့်၍ မကျိန်ဆဲသော်လည်း ဝမ်းထဲက ကျိတ်၍ ကျိန်ဆဲနေသည်။ အတန်ကြာသောအခါ အခြေအနေတစ်မျိုး ပြောင်းလာသည်။ ပြောင်းလာ ပုံမှာ မြို့ထဲသို့ စစ်သည်အမြောက်အမြား ရောက်လာကြသည်။ ထို့နောက် စစ်သည်များသည် သူ့ရေနွေးကို အလုအယက် ဝယ်ကြသည်။ ထိုအခါကျမှ သူ့ငွေအိတ်ငယ်သည် ဖောင်းလာပြန်သည်။ ထိုသို့ ကြုံရခြင်းသည် အကောင်း လား၊ အဆိုးလား၊ အကျိုးလား၊ အပြစ်လား ခွဲခြား၍ မရ။ သူ့စိတ်ထဲတွင် အကြီးအကျယ် ထွေးနေသည်။ သို့ရာတွင် အရေးတော်ပုံကြီး ဆိုသူကိုကား သူ မကျိန်ဆဲတော့ချေ။ ထို့နောက် မြို့ထဲတွင် ဆိုင်ကြီး ကန္နားကြီးများကို ပြန်ဖွင့်လာကြသည်။ ထွက်ပြေး တိမ်းရှောင်နေကြသူများ ပြန်လာကြသည်။ ထို့နောက် စစ်သည်များသည် သူ့မြို့မှ တစ်နေရာသို့ ခွာသွားကြသည်။ ထိုအခါ သူ့မြို့သည် ယခင်ကကဲ့သို့ ပြန်၍ စည်ကားလာပြန်သည်။ ထူးခြား ချက် တစ်ခုသာ ကျန်ခဲ့သည်။ ထိုအချက်သည် အခြား မဟုတ်၊ အထွေထွေ ကုန်ဈေးနှုန်း တက်လာခြင်း ဖြစ်သည်။ အထွေထွေ ကုန်ဈေးနှုန်း တက်လာ သောအခါ လူချန်သည် သူ့ရေနွေးကိုလည်း ဈေးတင်၍ ရောင်းသည်။ ထို့ကြောင့် သူ အတော် သဘောကျသည်။

တစ်ခုသော နံနက်တွင် လူချန်သည် သူ့သားကို ခေါ်၍ 'လူကလေး ရဲ့၊ အဖေ မသိလို့ မေးပါရစေကွာ။ အရေးတော်ပုံကြီးဆိုတာ ဘာလဲကွ။ လူကလေးက စာသင်ဖူးတော့ သိမှာပါ။ တစ်မြို့လုံး ဖိန့်ဖိန့် တုန်သွားတာပဲ ကွာ။ ရပ်တန်းက ရပ်သွားလို့ တော်ပါသေးရဲ့'ဟု ဆို၏။ ထိုအခါ လူချန်၏ သားသည် သူ့မျက်ခုံးကို ချီလိုက်၍ 'ရပ်သွားတာ မဟုတ်ဘူး အဖေရ၊

အခုမှ စခါစ ရှိသေးတာဗျ။ စောင့်ကြည့်ပေါ့ဗျာ။ ဟော မကြာခင် ကျွန်တော်တို့ရဲ့ မြို့အို မြို့ဟောင်းဟာ မြို့ပျို မြို့သစ် ဖြစ်လာလိမ့်မယ်။ တစ်နိုင်ငံလုံးရဲ့ နေပြည်တော်ကြီး ဖြစ်လာလိမ့်မယ်။ အဟောင်းဆိုသမျှ အကုန်ပျက်။ အပျက်နေရာမှာ အသစ်တွေ ဖြစ်။ အို ဘာမဆို အကုန် ပြောင်းပစ်ရမယ်ဗျာ' ဟု ပြန်ပြော၏။

ထိုအခါ လူချွန်သည် ခေါင်းတခါခါဖြင့် 'ဘာကွ။ အကုန်ပြောင်းပစ်ရမယ်လား။ မဖြစ်နိုင်ပါဘူးကွာ။ ရှင်ဘုရင်တွေ၊ အမတ်တွေ ပြောင်းကုန်ကြတယ်ဆိုရင် ဖြစ်နိုင်ပါရဲ့။ ဒါပေမဲ့ ဘယ်သူတွေ ဘယ်လို ပြောင်းပြောင်း။ လက်ဖက်ရည်အဖန်ကိုတော့ လူတိုင်း သောက်ကြရမှာပဲ။ မျက်နှာကိုလည်း လူတိုင်း သစ်ကြမှာပဲ။ ဒီတော့ ငါ့ရေနွေးကို မင်းတို့ ပြောင်းလို့ရမှာ မဟုတ်ပါဘူးကွ' ဟု ပြန်ပြောသည်။

မှန်ပေ၏။ လမ်းသစ်ဆိုသည်ကား အဘယ်နည်း။ လမ်းသစ်အကြောင်းကို သူ့သား ပြောပြသော နေ့က ရေနွေးဝယ်နေကျဖြစ်သော အိမ်စေမကလေး တစ်ဦးသည် ရေနွေးလာဝယ်ရင်း 'လမ်းသစ်ဖောက်မလို့တဲ့တော့။ ကျွန်မတို့ သခင်ကြီးက အိမ်မှာ ပြောပြတယ်။ ဒီလမ်းသစ်ဟာ ပေခြောက်ဆယ်လောက် ကျယ်လိမ့်မယ်တဲ့။ ဒီလမ်းသစ်ကိုသာ ဖောက်လိုက်ရင် အဘိုးရဲ့ ရေနွေးအိုးတွေ အပြုတ်ပဲ'ဟု အလိုက်ကန်းဆိုးမသိ၊ လွှတ်ခနဲ ပြောလိုက်သည်။

လူချွန်၏ လက်မောင်းနှစ်ဖက်သည် ရေနွေးငွေ့၏ အပုတ်အခတ်ကို အမြဲခံနေရသဖြင့် နီရဲနေသော်လည်း အပူဒဏ်ကို ခံနိုင်ရည်ရှိသည်။ သို့ရာတွင် အိမ်စေမကလေးက လမ်းသစ်ဖောက်မည့်အကြောင်း ပြောသည်ကို ကြားရသောအခါ ဝါးရေမှုတ်ကို ရေနွေးအိုးထဲသို့ လိုသည်ထက် ပို၍ နှစ်လိုက်မိသည်။ ရေမှုတ်ကိုင်သော လက်ကိုလည်း မထိန်းနိုင်သဖြင့် ရေနွေးသည် အိုးနှုတ်ခမ်းမှ လျှံကျသည်။ လျှံကျသော ရေနွေးသည် မီးခဲပေါ်သို့

ကျသွားသဖြင့် ရှဲခနဲ မြည်သွားသည်။ လူချမ်းသည် မိုက်ရိုင်းလှသော အိမ်စေမကလေးနှင့် စကားဖက်၍ မပြောလို။ မပြောလိုသောကြောင့် မီးဖို၌ မီးတောက်ပြင်းလာအောင် မီးခဲများကို မွှေပေးသလိုလို ပြုနေသည်။ အိမ်စေမကလေး ပြန်သွားသောအခါကျမှ အိမ်စေမကလေးသည် အရေးပါ အရာရောက်လှသော အရာရှိကြီးတစ်ဦး၏ အိမ်မှ ကောင်မလေးမှန်း သတိရ၍ ကောင်မကလေး ပြောသောစကားသည် ဟုတ်ချင်ရင်လည်း ဟုတ်နိုင်သည်ဟု သူ တွေးလာသည်။ သူ့ရေနွေးဆိုင်၏ အုတ်နံရံကို လှမ်းကြည့်၍ ထိတ်လန့်ခြင်းလည်း ဖြစ်လာသည်။ အုတ်နံရံသည် ကျပ်ခိုးစွဲနေသဖြင့် မည်းနေပြီ။ အက်သည့် နေရာတွင် အက်နေပြီ။ ဘုရား၊ ဘုရား။ ပေခြောက်ဆယ်ကျယ်သော လမ်းကို ဖောက်တော့မည် ဆိုပါတကား။ ဖောက်ဖြစ်လျှင် တစ်ဆိုင်လုံး ပြုတ်ပြုတ်ပြုန်းရချေတော့မည် တကား။

'ဟယ် တတ်နိုင်ပါဘူးလေ။ ငါ့ဆိုင်ကို ဖျက်ရင် လျော်ကြေး တောင်းမှာပေါ့။ သူတို့ မပေးနိုင်အောင် ဈေးကိုင်ထားလိုက်ရုံပေါ့' ဟူသော အတွေးသည် သူ့စိတ်ထဲသို့ ဝင်လာသည်။ ထို့နောက် သူ တွက်ကြည့်သည်။ သူတောင်းသော ဈေးကို ကြားလျှင် မည်သည့်အစိုးရမဆို ပက်လက်လန်သွားရမည်။ 'ဟဲ ဟဲ။ ငွေတစ်သောင်း ဟောင်းလိုက်ရင် သင်းတို့ ဘာတတ်နိုင်မှာလဲ'ဟု ဆင်ခြေတက်၍ ငွေတစ်သောင်း တောင်းရန် သူ ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်မှ သူ့စိတ် သက်သာရာ ရလာသည်။ ၁၂ ပေ ပတ်လည်ရှိသော ဆိုင်ခန်းနှင့် ရေနွေးအိုးကြီး နှစ်လုံးအတွက် မည်သူသည် ငွေတစ်သောင်း ပေးပါလိမ့်မည်နည်း။ လောကမှာ တစ်သောင်းဆိုသော ငွေသည် အဘယ်မှာ ရှိနိုင်အံ့နည်း။ သူ့အဖေခေတ်က ကျိကျိတက် ချမ်းသာသော မင်းသားကြီး မင်းယွန်းသာလျှင် သူ့နန်းတော်ဆောင် အသုံးအတွက် ငွေတစ်သောင်း သုံးစွဲနိုင်ခဲ့သည် မဟုတ်ပါလော။ ထိုသို့ တွေးလိုက်မှသာ

ရေနွေးသည် အဘိုး လူချန်သည် ရယ်နိုင်မောနိုင် ရှိလာသည်။ သူ့သားကို လည်း မကြိမ်းမမောင်းတော့ဘဲ ယခင်ကထက် ပို၍ မျက်နှာသာ ပေးလာ သည်။ လမ်းသစ်ကိုလည်း သူ လုံးလုံး မေ့ပစ်လိုက်သည်။ သူ့မြေးကို ရေနွေး အိုး၏ အန္တရာယ်မှ လွတ်ကင်းအောင်သာ သူအာရုံပြုလေတော့သည်။ မြို့၏ အခြေအနေသည် ယခင်ကကဲ့သို့ စည်စည်ကားကား ပြန်ဖြစ်လာသည်။

၃

တစ်ခုသော နံနက်ခင်း ၉ နာရီသာသာတွင် လူချန်သည် ခေတ္တနား၍ လက် ဖက်ရည်အဖန် သောက်သည်။ မနက်ပိုင်း၌ ရေနွေး ငါးအိုးစာလောက် ရောင်းပြီးလျှင် သူ နားလေ့ရှိသည်။ ထို့နောက် သူ့အဖန်အိုး၌ လက်ဖက် ရည်အဖန် နှပ်သည်။ ထို့နောက်မှ မွန်းတည့်အချိန်၌ လာဝယ်ကြဦးမည့် ပရိသတ်အတွက် အသင့်ဖြစ်အောင် ရေနွေးအိုးများထဲသို့ ရေသစ် ထပ်ထည့် သည်။ ၉ နာရီမှ မွန်းတည့်အထိ အလုပ်ပါးသဖြင့် သူ အနားယူသည်။ ထိုအချိန်တွင် လူချန်သည် သူ့မြေးကို သူ့ပေါင်ပေါ်သို့တင်၍ လက်ဖက်ရည် အဖန် တိုက်သည်။ မြေးကလေးက လက်ဖက်ရည် ပန်းကန်လုံးကို လက် နှစ်ဖက်ဖြင့် စုံကိုင်၍ ပန်းကန်နှုတ်ခမ်းကို ကြည့်ရင်း လက်ဖက်ရည်အဖန် သောက်နေသောအခါ လူချန်သည် အကျေနပ်ကြီး ကျေနပ်၍ ပြုံးနေသည်။

ထိုအခိုက်တွင် အပြင်မှ ခပ်ဆတ်ဆတ် ခေါက်လိုက်သော တံခါး ခေါက်သံကို လူချန် ကြားသည်။ ထို့ကြောင့် မြေးကို ပေါင်ပေါ်မှ အသာ ချ၏။ ထို့နောက် လက်ဖက်ရည်အိုးကို ကလေး လက်လှမ်းမမီနိုင်သော နေရာသို့ ရွှေ့ထားပြီးလျှင် တံခါးဆီသို့ သွား၍ တံခါးမင်းတုပ်ကို ဖြုတ်သည်။ တံခါးပွင့်သွားသောအခါ တံခါးဝ၌ စစ်ဝတ်စစ်စားနှင့် လူငယ်တစ်ယောက် ရပ်စောင့်နေသည်ကို တွေ့ရသည်။ သူငယ်၏ အမူအရာကို ကြည့်ရသည်မှာ အရာရှိထဲက ဖြစ်ဟန်တူသည်။ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရသည်မှာ

ခက်ထန်ပုံရသည်။ သူငယ်သည် လူချန်ကို မကြည့်ဘဲ သူ့မျက်နှာကို တခြားဘက်သို့ လွှဲထားသည်။ သူ့လက်တွင် သေနတ်ပါသည်။ သူ့ခါးတွင် ကျည်ဆံခါးပတ်ကို ပတ်ထားသည်။ ထို့ကြောင့် လူချန်သည် ရွံ့တွန့်တွန့်ဖြစ်၍ ရွံ့တွန့်တွန့် အမူအရာဖြင့် 'ဘာအလိုရှိပါသလဲ မောင်ရယ်' ဟု ဆိုသည်။

ထိုအခါ သူငယ်က 'ခင်ဗျားဆိုင်ဟာ လမ်းသစ်ထဲမှာ ဝင်ငြိနေတယ်။ လမ်းသစ်နဲ့ မလွတ်ဘူး။ ခင်ဗျားနာမည် ဘယ့်နှယ်ခေါ်သလဲ'ဟု မေး၍ သူ့အိတ်ထဲမှ စာတစ်ရွက်ကို ဆွဲထုတ်လိုက်၏။ ထို့နောက် စာရွက်ကို ကြည့်လိုက်ပြီးလျှင် 'လူချန်တဲ့။ ဟုတ်ရဲ့လား။ ဒီဘက်ကို ချဲ့ရမယ့် ပေ ၃၀ အတွင်း မှာ ခင်ဗျာ့အိမ် ပါနေတယ်။ ဖျက်ပေးရလိမ့်မယ်။ ဒီနေ့ကစပြီး ၁၅ ရက်အတွင်းမှာ ခင်ဗျားအိမ်ကို ဖျက်ရင် ဖျက်။ မဖျက်ရင် ကျုပ်တို့လာပြီး ဖျက်ရလိမ့်မယ်' ဟု ဆို၍ စာရွက်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် လှည့်ထွက်သွားသည်။ နောက်ပါ စစ်သည်သုံးယောက်လည်း တစ်ပါတည်း လိုက်သွားကြသည်။ လူချန်မှာ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သည်။ လူချန်သည် တံတွေးကို မျိုကြည့်၏။ သို့ရာတွင် မျိုဖို့ မလို။ အာခြောက်နေလေပြီ။ ပတ်ဝန်းကျင်သည် တစပြင်ကဲ့သို့ တိတ်နေသည်။ ထိုအခိုက်တွင် လှည့်ထွက်သွားကြသော စစ်သည်သုံးယောက်အနက် တစ်ယောက်သည် နောက်သို့ လည်ပြန် ပြန်ကြည့်သည်။ သူ့မျက်နှာတွင် လူချန်ကို ကရုဏာသက်သော အရိပ်အရောင် ပေါ်နေသည်။ ထို့ကြောင့် လူချန်သည် အားတက်လာသလိုလို ဖြစ်၍ 'တစ်သောင်းပေးမှ ရမယ်ဟော့။ ငွေတစ်သောင်းပေးမှကွ' ဟု အသံကွဲကြီးနှင့် အော်ပြောလိုက်သည်။

ထိုအခါ လူငယ်အရာရှိသည် ခြေလှမ်း တန့်လိုက်ပြီးလျှင် ပြန်လှည့်ကြည့်၍ 'ဘာဗျ... ဘာဗျ' ဟု ခပ်ထန်ထန် လှမ်းမေးလိုက်ရာ လူချန်သည် အသံတုန်တုန်ရီရီဖြင့် 'ဆိုင်ဟာ ငွေ တစ်သောင်းလောက် တန်တယ်လို့

ပြောတာပါဗျာ' ဟု ပြန်ပြောသည်။ ထိုအခါ လူငယ်အရာရှိသည် မိမိ၏ သေနတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သဖြင့် လူချန်သည် ထိတ်ထိတ်ပျာပျာ ဖြစ်၍ ဆိုင်ထဲသို့ ပြန်ဝင်သည်။ ထို့နောက် တံခါးပိတ်လိုက်သည်။ လူငယ်အရာရှိသည် ပြန်လျှောက်လာ၍ တံခါးကို သေနတ်ဒင်ဖြင့် ဆောင့်၍ ဖွင့်လိုက်၏။ လူချန်သည် ကိုယ်လွတ်ရုန်းရာတွင် ကြောက်အားကြီးလှသဖြင့် မိမိကိုယ်မိမိ မထိန်းနိုင်တော့ဘဲ တံခါးအနီးရှိသော မြေးကို ဝင်တိုးမိသည်။ မြေးသည် ကျည်ကျည်ကျာကျာ ငိုပါလေတော့၏။ အခါတိုင်းတွင် မြေးငိုသံကြားလျှင် လူချန်သည် မခံမရပ်နိုင်။ မြေးဆီသို့ အပြေးအလွှား သွားလေ့ရှိသည်။ ယခုမူ မြေး ငိုသံကို သူမကြား။အရာရှိကို ကြောက်အား လန့်အားနှင့် ကြည့်ရင်း 'တစ်သောင်း ပေးမှ၊ တစ်သောင်း ပေးမှ' ဟု အမှတ်မထင် တိုးတိုး ဆိုနေမိသည်။

လူငယ်အရာရှိသည် ကတုန်ကယင် ဖြစ်နေသော လူချန်ကို စိန်းစိန်းဝါးဝါး ကြည့်ကာ ဟားတိုက်၍ ရယ်လိုက်၏။ ထို့နောက်

'မြို့ဟောင်းပစ်ပြီး မြို့သစ်ဆောက်ရာမှာ ခင်ဗျား ငွေတစ်သောင်းကို လှူလိုက်ပေါ့ဗျာ။ အလှူငွေပေါ့ဗျ။ ဟုတ်လား'ဟု ခပ်ပြတ်ပြတ်ပြော၍ ထွက်သွားသည်။

မောင်မင်းကြီးသားများက အလှူငွေအဖြစ် သက်မှတ်လိုက်ကြလေပြီတကား။ မြေးသည် ကြမ်းပြင်ပေါ်တွင် လူးလိမ့်၍ ငိုနေသည်။ အခါတိုင်းတွင် ဆွဲထူမည့်သူ ပေါ်လာတတ်သဖြင့် မြေးသည် လဲကျလျှင် လဲကျသောနေရာ၌ မထဘဲ ငိုတတ်သည်။ ယခုမူ ဆွဲထူမည့်သူ မပေါ်တော့ပြီ။ လူချန်သည် လူငယ်အရာရှိ ထွက်သွားရာသို့ ငေးကြည့်နေသည်။ အသက်ကိုပင် ရဲရဲမရှူဝံ့အောင် ဖြစ်သည်။ ဆိုင် အဖျက်ခံမည်လား၊ အသက် အဆုံးခံမည်လား။ မြို့သစ်ဆိုသည်ကား အဘယ်နည်း။ မြို့သစ်သည် သူနှင့် မည်သို့ သက်ဆိုင်သနည်း။ မြို့သစ်အရေးသည် သူ့အရေးလား။ လူချန်သည် ထိုသို့မေး၍၊

ထိုသို့ တွေး၍ တွေနေမိသည်။ ထို့နောက် မြေးကို ကောက်ချီပြီးလျှင် မြေးကို ချီလျက် ထိုင်သည်။ ဤဆိုင်သည် မည်သူ၏ဆိုင်နည်း။ ကလေး၏ ဆိုင် မဟုတ်ပါလော။ ကလေး၏ဆိုင်ကို မည်သူသည် ဖျက်ဆီးနိုင်မည်နည်း။ သူ ဒေါသထွက်လာသည်။ ဒေါသထွက်လာသဖြင့် အကြောက်ပြေလာ သည်။ အဘယ်ကြောင့် ဆိုင်ကို အလကား ပေးရမည်နည်း။ ဆိုင်ကို သူ အလကား မပေးနိုင်။ အလကား အဖျက်မခံနိုင်။ သူ့ဆိုင်ကို ဖျက်မည်ပြုကြ လျှင် ဆိုင်ထဲမှာ ထိုင်၍ သူ တောင့်ခံမည်။ အုတ်ကြွပ်တစ်ချပ် ကျန်သည်အထိ သူ တောင့်ခံမည်။ ထို့နောက် လူချန်သည် မြေးကို ကြမ်းပေါ်၌ ပြန်ချ၍ အစွမ်းကုန် အလုပ်လုပ်လေတော့သည်။ ရေနွေးအိုးထဲသို့ ရေထည့်ရာ ရေ ချက်ချင်း ပြည့်လာသည်။ မီးဖို၌ မီးထိုးရာ မီး ချက်ချင်း တောက်လာသည်။ တစ်နာရီ အတွင်းတွင် ရေပွက်ပွက် ဆူလာသည်။ အငွေ့တထောင်းထောင်း ထလာသည်။ သစ်သား စလောင်းသည် အိုးပေါ်တွင် သွက်သွက်ခါနေသည်။

ရေနွေးဝယ်ချိန် ရောက်၍ ဝယ်သူများ ကျလာကြ၏။ လူချန်သည် စိတ်တိုနေသည်ဖြစ်ရာ ဤတစ်ခါတွင် ဝယ်သူများနှင့် ဆက်ဆံရာ၌ တို တောင်းလှသည်။ ပါးနီနီနှင့်၊ မျက်စိနက်ကြောင်ကြောင်နှင့် မြင်ပြင်းကတ် စရာ ကောင်းလှသော၊ အလိုက်ကန်းဆိုး မသိတတ်သော ယခင် အိမ်စေမ လေး လာဝယ်သောအခါ လူချန်သည် ကလေးမ၏ ရေနွေးကရားထဲသို့ အပြည့်ထည့်ပေးနေကျ ထည့်မပေးဘဲ ကတ်သီးကတ်သတ် လုပ်နေသည်။ ကလေးမက ရန်တွေ့ ရေရွတ် ပြောဆိုနေသည့်တိုင်အောင် သူက ကတ်သီး ကတ်သတ် လုပ်နေသည်။ ထိုအခါ ကလေးမက 'လမ်းသစ်ကြီး ဖောက်လိုက် လို့ ရှင့်ဆိုင်ကလေး ပြုတ်သွားရင် သိပ်ကောင်းမှာပဲ။ လူကြီးကိုက လောဘ ကြီး တစ်ခွဲသားနဲ့' ဟု ပက်ခနဲ ပြော၍ ထွက်သွားသည်။

'ဘာ ဘာ။ ဘာဖြစ်လို့ ငါ့ဆိုင် ပြုတ်ရမှာလဲ' ဟု လူချန်က လှမ်း၍ အော်ပြော၏။ ထိုအခါ ကလေးမသည် မရယ်ချင်ဘဲ ညစ်၍ ရယ်ပြလိုက်

သည်။ ရယ်သံကို လူချုန် ကြားသောအခါ လူချုန်က 'အဲဒါ နင့်လင် လမ်းသစ်ကြီး အတွက်ဟဲ့' ဟု ဟစ်၍ ထွီခနဲ တံတွေး ထွေးပြလိုက်သည်။

အတန်ကြာသောအခါ ဆိုင်သို့ လူချုန်၏သား ရောက်လာသည်။ လူချုန်၏သားသည် လက်ဖက်ရည် အဖန်အိုးကို ပူ မပူ စမ်းကြည့်ရင်း မမေးချင် မေးချင်နှင့် 'အဖေ၊ လမ်းသစ်ကြီးအကြောင်း ဘာကြားသေးသလဲ' ဟု မေးသည်။

'အင်း စားချိန်ကျတော့ ရောက်လာသေးသကိုးကွ။ ဘာလဲ…တစ်မနက်လုံး ဘယ်မှာ ရွှေစကြာဖြန့်နေသလဲ'

လူချုန်၏သားသည် လက်ဖက်ရည်နွေးနွေးကို လက်ဖက်ရည် အဖန်အိုး၏ နှုတ်သီးမှ တစ်ကျိုက်စီ ကျိုက်၍ သောက်ရင်း 'အဖေရ… လမ်းသစ်ကိုတော့ ဖောက်မှာပဲဗျ။ ကျွန်တော်တို့ဆိုင်နဲ့ မလွတ် ဖြစ်နေတယ်။ နောက်ထပ် ပေသုံးဆယ် တိုးချဲ့လိုက်ရင် ဆိုင်ခန်းတော့ ပြုတ်သွားမှာပဲ။ အနောက်ဘက်က အိပ်ခန်း နှစ်ခန်းလောက်ပဲ ကျန်တော့မယ်' ဟု ပြောသည်။

ထိုအခါ လူချုန်သည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ငေးကြည့်နေပြီးမှ ဒေါသထွက်လာ၍ သား၏ လက်ထဲက အဖန်အိုးကို ပုတ်ချလိုက်သည်။ အဖန်အိုးသည် မြေသို့ကျ၍ သုံးစိတ်ကွဲလေသည်။ လူချုန်သည် စိတ်နာနေ၏။ 'မင်းတို့ နေနိုင်ကြပါပေ့ကွာ။ စားနိုင်ကြပါပေ့၊ သောက်နိုင်ကြပါပေ့' ဟု ရေရွတ်မြည်တမ်း၏။ ထို့နောက် လှမ်းကြည့်လိုက်သဖြင့် အံ့အားသင့်နေသော သား၏ မျက်နှာကို မြင်သောအခါ ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ ထို့နောက် အိပ်ခန်းသို့ ဝင်၍ အိပ်လေ၏။

နောက်တစ်နေ့ မိုးသောက်သောအခါ လူချုန်သည် သားကို စိတ်ဆိုးလျက် ရှိသေးသည်။ ထမင်းစားချိန်ကျ၍ ထမင်းပွဲ၌ ဝင်ထိုင်ကြသောအခါ လူချုန်သည် မျက်မှောင်ကုပ်၍ 'စားစရာရှိတော့ စားကြတာပေါ့ကွာ။ မင်းလဲ စားပေါ့။ မင့်သားလဲ စားပေါ့။ ဟုတ်လား။ ပိုက်ဆံ ဘယ်က ရတယ်လို့

ထင်ကြသလဲ ဟင်'ဟု ဆိုပြန်၏။ သို့ရာတွင် တစ်အိမ်ထောင်လုံးအတွက် သူ့တစ်ယောက်တည်းက ခါးစည်း၍ အလုပ်လုပ်ကျွေးနေရသည် ဖြစ်သောကြောင့် ထိုကျေးဇူးကို ထောက်ထားသောအားဖြင့် သူ့ဆိုင်ကို ဖျက်ပစ်ကြမည်မဟုတ်ဟု သူ ယူဆသည်။ ထို့ကြောင့် လူချန်သည် အခါတိုင်းကဲ့သို့ ဆိုင်ကို ဖွင့်ကာ အလုပ်လုပ်မြဲတိုင်း လုပ်နေလိုက်သည်။

## ၄

လမ်းသစ်ဖောက်မည်ဟု သတိပေးခံရပြီးသည့်နောက် ၁၁ ရက်မျှ ကြာမြင့်သောအခါ စိတ်မဆိုးစဖူး စိတ်ဆိုးနေသော လူချန်၏ မယားသည် လူချန်အား 'လမ်းသစ်ဖောက်မယ်ဆိုတာ တကယ်ပဲတော့၊ သိရဲ့လား။ အခု ရှင် ထွက်ကြည့်စမ်း။ အဟုတ်ပါပဲတော်။ အဟုတ်ပါပဲ'ဟု ဒေါနှင့် မောနှင့် ပြောသော်လည်း ပြောပြီးနောက် ငိုပါလေ၏။

လူချန်သည် သူ့မယားကို ကြည့်၍ တစ်ကိုယ်လုံး ဆတ်ဆတ် တုန်လာ၏။ ထို့နောက် တံခါးဖွင့်၍ လမ်းဆီသို့ မျှော်ကြည့်လိုက်သည်။ အခါတိုင်း မြင်နေကျလမ်းသည် လမ်းကျဉ်းဖြစ်၏။ ဈေးဆိုင်များရှေ့တွင် တွဲလဲဆွဲထားကြသော သစ်သားဆိုင်ဘုတ်များသည် လည်းကောင်း၊ ပိုးတံခွန်များသည် လည်းကောင်း ပြည့်ကျပ်ရှုပ်ပွေနေကြသဖြင့် လမ်းပေါ်၌ အလင်းရောင်ရသင့်သလောက်မရ ဖြစ်၏။ တစ်ဖန် လမ်းသည် ကောက်ကောက်ကွေ့ကွေ့ဖြစ်နေပြန်သဖြင့် လမ်းသွားလမ်းလာတို့သည် မိမိတို့၏ အရှေ့ ပေ လေးငါးဆယ်လောက်အထိသာ မြင်ကြရ၏။ ယခုမူ လင်းနေပြီ။ ရှင်းနေပြီ။ ပေ ၂၀ လောက် အလွန်တွင် ဆိုင်ဘုတ်တို့ မရှိကြတော့ပြီ။ ထို့ပြင် မြင်ရသည့်နေရာတိုင်း၌ အိမ်များကို ဖြိုချ ဖျက်ချ ပြုနေကြသည်။ အုတ်အို အုတ်မင်း၊ အုတ်ကြွပ်အို အုတ်ကြွပ်မင်းတို့သည် လမ်းပေါ်၌ ပုံနေပြီ။ ထို အပုံကို သယ်ရန် လားဝန်တင်များသည် အဆင်သင့် စောင့်နေကြသည်။ လူချန်သည်

သူ့အိမ်သို့ လာဖူးသော အရာရှိငယ်ကို မြင်သည်။ ထိုအရာရှိငယ်သည် ထိုမှ ဤမှ သွားလာလျက် ကြီးကြပ်နေပုံ ရသည်။ သူ့နောက်တွင် ဆံပင်ဖိုသီ ဖတ်သီနှင့် မိန်းမကြီး လေးယောက်သည် တကောက်ကောက် လိုက်နေကြသည်။ ရင်ဘတ်စည်တီး ငိုလည်း ငိုကြ၍ ရေစွတ်ခြင်းကိုလည်း ပြုကြသည်။'သေပါပြီဟဲ့။ ကုန်ပါပြီဟဲ့။ ကောင်းကြပါပေ့ တော်။ ရှိစုမဲ့စု ကုန်ပါပတော့။ တို့ ဘယ့်နှယ်လုပ် နေရမလဲဟဲ့'ဟူသော အသံကိုလည်း လူချန် ကြားရသည်။

လူချန်သည် ဆိုင်ထဲသို့ ချက်ချင်းပြန်ဝင်၍ တံခါးပိတ်လိုက်၏။ ထို့နောက် မင်းတုပ် ထိုးလိုက်၏။ ထို့နောက် ရေနွေးအိုး နောက်နားက ခုံတန်းလျားပေါ်၌ ထိုင်လိုက်သည်။ သူ့ဒူးသည် တုန်လျက်။ သူ့ရင်သည် ခုန်လျက်။ လမ်းသစ်ကြီးကို ဖောက်ကြတော့မည်။ လမ်းသစ်ကြီး လာတော့မည်။ ထိုအခိုက်တွင် မြေးငယ်သည် အတွင်းခန်းမှ ပြေးထွက်လာပြီးနောက် သူ့ဒူးတွင် ဝင်၍ မှီနေသည်။ လူချန်သည် သူ့မြေးကို ကြည့်၏။ သို့ရာတွင် မမြင်သကဲ့သို့ ဖြစ်နေသည်။ လူချန် ငေးနေသည်ကို မြင်သောအခါ မြေးငယ်သည် လူချန်ကို တစေ့တစောင်း မော့ကြည့်၍ သူ့ လက်ဖြင့် ရေနွေးအိုးကို စမ်းကြည့်သည်။ 'အပူလောင်ချင်ရင် လောင်ပေါ့ကွာ။ ဘာ ထူးသေးသလဲ။ တော်တော်ကြာ ငတ်တောင် သေရဦးမှာ' ဟူသော အတွေးသည် လူချန်၏ စိတ်ကို ဝင်ဖှေ့လိုက်သည်။

ထိုအခိုက်တွင် ပြင်းပြင်းထန်ထန် တံခါးပုတ်သံကြောင့် လူချန် လန့်သွားသည်။ ထို့နောက် တံခါးဆီသို့သွား၍ မင်းတုပ်ကို ဖြုတ်၏။ အရာရှိငယ်သည် တံခါးဝ၌ ရပ်လျက်ရှိသည်။ သူ့နောက်တွင် စစ်သည် သုံးယောက် ပါလာသည်။ အရာရှိငယ်၏ စစ်ဝတ်စစ်စားသည် သစ်လည်း သစ်၍ သန့်လည်း သန့်သည်။ အရာရှိငယ်၏ အမူအရာကို ကြည့်ရသည်မှာ အကျိန်အဆဲ မခံရဘိသကဲ့သို့ ထင်ရသည်။ အရာရှိငယ်သည် အရေး

တော်ပုံ ယုံကြည်ချက်ခိုင်ခိုင်ဖြင့် သူ့တာဝန်ကို ဆောင်ရွက်နေဟန် တူသည်။ လူချွန်သည် အရာရှိငယ်နှင့် စစ်သည်သုံးယောက်ကို စိန်းစိန်းကြည့်လျက် ဤအသက် ဤအရွယ်သို့ ရောက်ခါမှ ဤသို့ ကြုံလာရသဖြင့် သေပွဲဝင်လိုက်ရသည်က ကောင်းသေး၏ဟု လူချွန် တွေးမိသည်။

'လေးရက် ကျန်တော့တယ်နော်။ ကိုယ့်အိမ်ကို ကိုယ့်ကိုယ်တိုင် ဖျက်ရင် ကိုယ့်ပစ္စည်းကို ကိုယ်ပြန်ရနိုင်သေးတယ်၊ ဒီလိုမှ မဖျက်ရင် ကျုပ်တို့က သိမ်းရလိမ့်မယ်။ သိရဲ့လား' ဟု အရာရှိငယ်က သတိပေးသည်။ ထိုအခါ လူချွန်က

'ခင်ဗျားတို့ လျော်ကြေးပေးပေါ့'

'ဗျာ၊ လျော်ကြေးပေးရမယ်'

'အင်းလေ၊ လျော်ကြေးပေးရမှာပေါ့။ ကျုပ် တစ်သောင်း တောင်းထားတာပဲ'

အရာရှိငယ်သည် သရော်သလိုလိုပြုံး၍ ရယ်လိုက်၏။ ထို့နောက်

'ကျုပ်တို့မှာ ဒါတွေအတွက် ပေးစရာ ငွေမရှိဘူးဗျ။ ခင်ဗျား ငွေတစ်သောင်းကို သမ္မတနိုင်ငံသို့ လျှောက်လိုက်ပေါ့' ဟု တစ်လုံးချင်း ပြန်ပြောလိုက်သည်။ လူချွန်သည် တစ်ကိုယ်လုံး သွက်သွက်ခါသွားဘိသကဲ့သို့ ခံစားလိုက်ရ၏။ သူတစ်ပါး၏ ပစ္စည်းကို ဖျက်လျှင် အလျော်ပေးရမည် မဟုတ်ပါလော။ အတင်းအဓမ္မ နှိပ်စက်နေသော ထိုကိစ္စမျိုးတွင် အရပ်က ဝိုင်း၍ သူ့ကို ကူသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် လူချွန်သည် အကူရဦးမည်လားဟု အရှေ့ အနောက် တောင်မြောက်ကို ကြည့်၏။ လမ်းသွားလမ်းလာများကို မြင်သောအခါ 'ကြည့်နေကြတော့မှာလား အရပ်ကတို့။ ကြည့်နေကြတော့မှာလားဗျ။ ကျုပ်ကို သမ္မတနိုင်ငံက ဝိုင်းပြီး ဓားပြတိုက်နေပါပြီဗျ။ သမ္မတနိုင်ငံဆိုတာ ဘယ်လို အကောင်မျိုးလဲဗျ။ သမ္မတနိုင်ငံက ကျုပ်ကို ထမင်းကျွေးမှာတဲ့လား။ ကျုပ်မယား၊ ကျုပ်သား၊ ကျုပ်မြေးကိုလဲ'

ထိုအခိုက်တွင် သူ့အကျီစ ဆွဲအဆောင့် ခံလိုက်ရဘိသကဲ့သို့ သူ ခံစားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ တစ်ခါက သူ့ကို သမင်လည်ပြန် လှည့်ကြည့်ဖူးသော စစ်သည်ကို တွေ့ရသည်။ ထိုစစ်သည်သည် သူ့အနီးသို့ချဉ်း၍ 'ဘကြီး၊ ဗိုလ်ကြီးကို စိတ်ဆိုးအောင် မလုပ်နဲ့။ ပိုဆိုးသွားလိမ့်မယ်' ဟု တိုးတိုးကပ်၍ ပြောပြီးလျှင် တစ်ဖန် ကျယ်လောင်သောအသံဖြင့် 'အဘိုးကြီးလျှာရှည်မနေနဲ့။ ခင်ဗျာ့ဆိုင်လဲ အဖျက်ခံရမှာပဲ။ သိရဲ့လား။ ခေတ်သစ်မှာ ခင်ဗျာ့ ရေနွေးဆိုင်လို ဆိုင်မျိုးကို မလိုတော့ဘူး။ တော်တော်ကြာ အိမ်တိုင်းအိမ်တိုင်းမှာ ရေပိုက်လုံးတွေ ဆင်ပေးလိမ့်မယ်။ ဒီအခါကျတော့ ရေနွေးပိုက်လုံးလည်း ပါလာမှာပဲ။ ခလုတ်ကလေး နှိပ်လိုက်ရင် ရေနွေးဟာ သူ့အလိုလိုပိုက်လုံးထဲက ထွက်လာမှာ။ သိရဲ့လား' ဟု အော်ပြောလိုက်သည်။

လူချုန်သည် ပြန်၍ ချေပလိုက်ချင်၏။ သို့ရာတွင် သူ့သား ရောက်လာ၍ သူ့အဖေကို ဆိုင်ခန်းထဲသို့ ဆွဲသွင်းလိုက်ပြီးနောက် ဆိုင်ပြင်သို့ ပြန်ထွက်လာ၍ သူကိုယ်တိုင် အရာရှိငယ်နှင့် ရင်ဆိုင်လိုက်သည်။ ထို့နောက် ရိုသေယဉ်ကျေးသော အမူအရာနှင့် 'ဗိုလ်ကြီး ခင်ဗျား။ ကျွန်တော့်အဖေဟာ အသက်ကြီးပါပြီ ခင်ဗျား။ သူ့ခမျာမှာ အရေးတော်ပုံရဲ့ သဘောတရား၊ အရေးတော်ပုံရဲ့ ရည်ရွယ်ချက်၊ အရေးတော်ပုံရဲ့ ကျေးဇူးကို နားမလည်ရှာပါဘူး ခင်ဗျား။ အဖေ့ကိုယ်စား ကျွန်တော် အစီရင်ခံပါရစေ။ ဆိုင်ကို ကျွန်တော်တို့ ဖျက်ပေးပါမယ့်။ ဒီလို ဖျက်တာဟာ တစ်တိုင်းပြည်လုံးရဲ့ အကျိုးအတွက် စွန့်လွှတ်လိုက်တဲ့ အလုပ်ဖြစ်တယ်လို့ ကျွန်တော် ခံယူပါတယ်။ ဂုဏ်လဲ ယူပါတယ် ခင်ဗျား' ဟု ပြောသည်။

ထိုသို့ ပြောလိုက်သောအခါ အရာရှိငယ်သည် အမျက်ပြေ၍ ခေါင်းကို တဆတ်ဆတ် ညိတ်ပြီးလျှင် ခပ်သုတ်သုတ် ထွက်သွားသည်။ ထို့နောက် ကရုဏာ အမူအရာနှင့် ဝိုင်းအုံ ကြည့်နေကြသော လမ်းသွားလမ်းလာ လူစု မြင်မည်စိုးသဖြင့် လူချုန်၏ သားသည် ဆိုင်ထဲသို့ ဝင်၍ တံခါးပိတ် လိုက်ပြီး

လျှင် အဖေနှင့် ရင်ဆိုင်လိုက်သည်။ သူ့သားသည် သူ ထင်သကဲ့သို့ ပျော့အိပျော့နဲ့ မဟုတ်။ ယောကျ်ားပီသ၍ ပြတ်သားတိကျသော သားဖြစ်မှန်းကို သူ ယခုမှ သိလာသည်။

'အဖေ၊ ဘာမှတ်သလဲ။ အကုန်သေသွားချင်သလား။ ဆိုင်ကလေး တစ်ဆိုင်အတွက် ကျွန်တော်တို့ အကုန် သေကြရမှာလား။ အဖေ စဉ်းစား ကြည့်ပါ'

'မထူးပါဘူးကွာ။ အခု မသေရင် နောက်တော့ ငတ်သေမှာပါပဲကွာ' ဟု လူချန်က ပြန်ပြောစ၍ စားပွဲ၏ တစ်ဖက်စွန်းတွင် မယားနှင့် မျက်နှာချင်းဆိုင်၍ ထိုင်သည်။ လူချန်၏ မယားသည် ငိုမြဲတိုင်း ငိုနေသည်။ သို့ရာတွင် အသံထွက်အောင် မငို။ အသွယ်သွယ် စီးကျလာသော မျက်ရည်တို့ကို အင်္ကျီဖျင်လက်ဖြင့် သုတ်ကာ သုတ်ကာ ငိုသည်။

'မပူပါနဲ့ အဖေရာ။ အခု ကျွန်တော် အလုပ်ရပြီဗျ။ အခု ဖောက်မယ့် လမ်းသစ်ကို ကျွန်တော်က ကြီးကြပ်ပြီး ဆောင်ရွက်ပေးရမှာ'

လူချန်သည် ခေါင်းငိုက်စိုက်ကျနေရာမှ သားကို မော့ကြည့်၏။ သူ့အကြည့်သည် အားတက်သော အကြည့် မဟုတ်။ အားပျက်သော အကြည့် ဖြစ်သည်။ လူချန်သည် ထိုအကြည့်ဖြင့် 'လက်စသတ်တော့ ငါ့သားကလဲ လမ်းသစ်သမားပဲကိုးကွ' ဟု ဆိုလေ၏။

ထိုအခါ လူချန်၏သားသည် ခေါင်းက ဆံပင်ကို နောက်သို့ သပ်ချလိုက်ပြီးလျှင် တုန်လှုပ်သော အမူအရာဖြင့် 'အဖေ စဉ်းစားပါ။ လမ်းသစ်ကို ဘယ်သူမှ တားနိုင်မှာ မဟုတ်ဘူး အဖေရ။ အဖေ ကြိုက်ကြိုက် မကြိုက်ကြိုက် လမ်းသစ်ကတော့ မလာဘဲ မနေဘူး၊ လာမှာပဲ။ စဉ်းစားကြည့်ပါ အဖေ။ လမ်းသစ်ကြီး ဖောက်လိုက်ရင် ဒီလမ်းသစ်ကြီးပေါ်မှာ မော်တော်ကားကြီးတွေကို မောင်းနိုင်မှာပဲ။ ကျွန်တော် ကျောင်းမှာ စာသင်နေတုန်းက နိုင်ငံခြားက မြို့ကြီးတစ်မြို့ရဲ့ပုံကို ကျွန်တော် မြင်ဖူးတယ်။ ဒီမြို့ကြီးရဲ့ လမ်းဟာ

အကျယ်ကြီးပဲ။ လမ်းတစ်လျှောက်မှာ ဆိုင်ကြီးတွေဟာ ဧရာမဆိုင်ကြီးတွေပဲ အဖေရဲ့။ လမ်းကြီးပေါ်မှာ မော်တော်ကားတွေ သွားလာနေကြတာဟာ သိပ်ခမ်းနားတာပဲဗျ။ ကျွန်တော်တို့မှာတော့ ဘာရှိသလဲ။ တစ်ခါလာ လက်တွန်းလှည်း၊ တစ်ခါလာ လန်ချား၊ တစ်ခါလာ ဝန်တင်လား။ ဒါတွေပဲ ရှိတယ်။ ဒါတွေဟာ လမ်းသေး လမ်းကျဉ်းတွေထဲမှာ ပြည့်ကျပ် ညပ်နေကြတာပဲ။ ဒီလမ်းသေး လမ်းကျဉ်းတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်လောက်က လုပ်ထားတဲ့ လမ်းတွေပဲ။ ကျွန်တော်တို့ဟာ ဒီလမ်းသေး လမ်းကျဉ်းတွေနဲ့သာ အစဉ်ထာဝရ နေကြရတော့မှာလား။ လမ်းသစ်ကို မရှာကြတော့ဘူးလား' ဟု တရားဟောသည်။

ထိုအခါ လူချွန်က ' မင့် မော်တော်ကားတွေဟာ ဘာအသုံးကျလို့လဲကွာ' ဟု ညည်းလိုက်သည်။ ညည်းပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် လူချွန်သည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက မော်တော်ကားဆိုသည်များကို ခဏခဏ မြင်ခဲ့ရသောကြောင့် ဖြစ်သည်။ မောင်းလာကြသောအခါ မော်တော်ကားများသည် မည်သူ့ကိုမျှ ဂရုမစိုက်။ အတင်းဝင်အတင်းတိုး၊ သားရဲမင်းရဲ နိုင်ကြသည်။ မော်တော်ကားများကြောင့် လမ်းသွားလမ်းလာတို့သည် အူယားဖားယား ပြေးရ လွှားရ။ ကြောက်အား လန့်အားနှင့် ရှောင်ရ တိမ်းရ၊ ဒုက္ခများကြရသည်။ လူချွန်သည် မော်တော်ကားကို မြင်သည့်နေ့မှာပင် မော်တော်ကားကို ဒေါသထွက်၍ မျက်မုန်းကျိုးသည်။ ထို့ကြောင့် လူချွန်က' တို့ ဘိုးဘွားများသာဆိုရင်'ဟု ဘိုးစဉ်ဘောင်ဆက် ဘေးလက်ထက်က အကြောင်းများဖြင့် စကားစတော့မည်ပြုရာ သားက 'တော်ပါတော့ အဖေရာ။ သူ့ခေတ်နဲ့ သူ၊ ကိုယ်ခေတ်နဲ့ကိုယ်ပေါ့'ဟု စကားကို အတင်းဖြတ်ပြောလိုက်ပြီးလျှင် 'ဒီလမ်းသစ်ကိုဖောက်တဲ့အခါ ကျွန်တော် တစ်လ ငွေ ၅၀ ကျပ် ရမယ်ဗျ။ ငွေ ၅၀ ကျပ်' ဟု ပြောလိုက်သည်။

တစ်လလျှင် ငွေ ၅၀ ကျပ်။ များလှချေတကား။ လူချစ်သည် အတိုင်းမသိ အံ့အားသင့်သွားသည်။ လူချစ်သည် သူ့တစ်သက်တွင် ငွေ ၅၀ ကျပ်လုံးခနဲ ခဲခနဲ ကို မမြင်ဖူးချေ။ ထို့ကြောင့် သူ့စိတ်ထဲ၌ ကြည်သလိုလိုဖြစ်လာသည်။ သူ့မယားသည်ကား ချက်ချင်းပင် အငိုတိတ်သွားသည်။

'ဒါလောက်များတဲ့ ငွေတွေကို ဘယ်သူက ပေးမှာလဲကွ' ဟု လူချစ်က ပြန်မေးသောအခါ သားက 'သမ္မတအစိုးရက ပေးမှာပေါ့ဗျ' ဟု ပြန်ပြောလိုက်ရာ–

'ဟဲ့သား... ဟဲ့သား။ ဒီလိုဆိုရင် ပိုးအင်္ကျီတစ်ထည် ငါ ဝယ်ဝတ်မယ်ဟယ်' ဟု လူချစ်၏ မယားက ဝမ်းသာအားရ ဆိုသည်။ ထို့နောက် ပိုးအင်္ကျီကို တရေးရေး မြင်လာလေသလား မသိ၊ ၇ အိမ်ကြား၊ ၈ အိမ်ကြား ရယ်ပါလေတော့သည်။ သို့ရာတွင် လူချစ်အဖို့မှာ ဝမ်းသာလှသည် မဟုတ်။ သူ့ရေနွေးဆိုင်၏ ကံကြမ္မာကို သူ တွေးမိသဖြင့် သူ့ဝမ်းကျောင်းရေးအတွက် သူ အားငယ်လာသည်။ ထို့ကြောင့် လူချစ်သည် ခါတိုင်းကဲ့သို့ ရေနွေးမကျိုတော့ဘဲ တစ်နေ့လုံး စိတ်ပျက်ပျက်နှင့် ငေးငိုင် ထိုင်နေတော့သည်။ နှစ်ပေါင်း ၆၀ မျှ တပွက်ပွက် ဆူခဲ့သော ရေနွေးအိုးကြီးနှစ်လုံးသည် ထိုနေ့မှ စ၍ မဆူ မပွက်။ ပထမအကြိမ် အေးစက်စက် ဖြစ်ရသည်။

ရေနွေးကို လာဝယ်ကြသောအခါ 'ဘာလဲ၊ ကျုပ် ရေနွေးကို ဘာဖြစ်လို့ လာဝယ်ကြတာလဲ။ ပိုက်လုံးတွေ ရမယ်ဆို။ သွား ...သွား။ ပိုက်လုံးတွေ မရခင် ကိုယ့်ရေနွေးကို ကိုယ်ကျိုကြပေါ့' ဟု လူချစ်က ပြတ်ပြတ် တောက်တောက် ပြောလွှတ်သည်။ အလိုက်ကန်းဆိုး မသိသော အိမ်စေမကလေး လာဝယ်သဖြင့် လူချစ်က အထက်ပါအတိုင်း ပြောလွှတ်သောအခါ အိမ်စေမကလေးသည် ချယ်ရီသီးကဲ့သို့ နီရဲနေသော လျှာနီနီရဲရဲကို ထုတ်ပြ၍ ပြန်သွားသည်။ လူ ချစ်သည် ကောင်မကလေးကို ဂရုလည်း မစိုက်၊ စိတ်လည်း မဆိုး။ ခေါင်းတခါခါနှင့် ကျန်ခဲ့သည်။

နောက်တစ်နေ့တွင် လူချန်၏ သားက 'အဖေ၊ အိမ်ဖြိုဖို့ ပန်းရံသမား တွေ မခေါ်တော့ဘူးလား။ ကိုယ့်အိမ် ကိုယ်ဖျက်ပေးရင် ကိုယ့်ပစ္စည်း ကိုယ် ပြန်ရနိုင်တာပေါ့'ဟု ဆိုသည်။

ထိုအခါ လူချန်သည် ဒေါသထလာပြန်၏။ 'မခေါ်ဘူးကွာ။ မခေါ်ဘူး ဆို မခေါ်ဘူး။ ကိုယ့်ပစ္စည်းကို သူတို့ အတင်းဓားပြတိုက်ယူ ကြမှတော့ ယူပေ့စေ။ အကုန် ယူပေ့စေ'ဟု ပြန်အော်လိုက်သည်။ လူချန်သည် ထိုနေ့မှ စ၍ လေးရက်လုံးလုံး အိမ်ထဲ၌ ငုတ်တုတ် ထိုင်နေတော့၏။ ထမင်းလည်း မစား၊ တံခါးလည်း မဖွင့်၊ ငုတ်တုတ်သာ ထိုင်နေ၏။ အနီးအနားမှ အသံဗလံ တို့သည် ဆူညံနေကြ၏။ နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့ကြသော အိမ်တို့မှ အုတ်တို့သည် တဝုန်းဝုန်း ပြိုကျကြကုန်၏။ ထုပ်တို့၊ ယောက်တို့ သည် တဖျစ်ဖျစ် မြည်၍ ပြုတ်ကျကြကုန်၏။ သူကဲ့သို့သော အိမ်အဖျက်ခံ ကြရသည့် အိမ်ရှင် တိုက်ရှင်များသည် ငိုကြွေးကြကုန်၏။ ထိုအသံတို့သည် လူချန်၏ ဆိုင်အနီးသို့ တစ်နေ့ထက် တစ်နေ့ ကပ်လာကြသည်။

## ၅

၁၅ ရက်မြောက်နေ့သို့ ရောက်သောအခါ တစ်မနက်တွင် လူချန်၏ ဆိုင် တံခါးအပြင်ဘက်မှ ပြင်းထန်သော ပုတ်ခတ်သံကို ကြားရသည်။ လူချန်သည် ပျာယီးပျာယာ ထ၍ တံခါး ဖွင့်ပေးလိုက်ရာ တံခါးဝတွင် ပုဆိန်၊ တူရွင်း စသည်တို့ ကိုင်ဆောင်ထားသော လူတစ်ကျိပ်နှစ်ယောက်ကို မြင်ရသည်။ 'အင်း ငါ့ဆိုင်ကို ဖျက်ကြမလို့ပေါ့၊ ဟုတ်လား။ လုပ်ကြပေါ့ကွာ။ ငါ ဘာတတ်နိုင်မှာလဲ။ ကိုင် ဖျက်ကြ။ ဖျက်ကြ။ မြန်မြန်ဖျက်'ဟု ပြော၍ လူချန်သည် ခုံတန်းလျားတွင် ထိုင်ချလိုက်ရာ အိမ်ဖျက်သမားများသည် တံခါးမှ အတင်းတိုးဝင်လာကြသည်။ သူတို့၏ အမူအရာများ၌ အသနား အကြင်နာ ဟူ၍ လုံးဝ မရှိ။ ဖျက်ရပေါင်း များလှပြီ ဖြစ်သဖြင့် ထုံနေကြ

လေပြီ။ သူတို့အဖို့မှာ လူချန်သည် အဘိုးအို ခါးကိုင်းကိုင်းမျှသာ ဖြစ်သည်။ လမ်းသစ် ဖြစ်ပေါ်လာရေးအတွက် ကဖျက် ယဖျက် လုပ်နေသူ၊ ကန့်လန့် လုပ်နေသူ တစ်ဦးမျှသာ ဖြစ်သည်။

ထိုနေ့ နံနက်တွင် လူချန်၏ မယား၊ လူချန်၏သား၊ လူချန်၏ ချွေးမ၊ လူချန်၏ မြေးတို့သည် မိတ်ဆွေတစ်ဦး၏ အိမ်သို့ ရွှေ့သွားကြသည်။ ရှိစု မဲ့စု ပစ္စည်းများကို သယ်သွားကြသည်။ လူချန် ဖွတ်လုပ်၍ ထိုင်နေသော ခုံတန်း လျားနှင့် နှစ်ပေါင်း ၆၀ က အသေတပ်ထားသော ရေနွေးအိုး ကြီး နှစ်လုံးသာ ကျန်ခဲ့ကြသည်။ ရွှေ့မသွားခင် သားက လူချန်အား 'အဖေ လိုက်ခဲ့ပါဗျာ။ ထိုင်နေလို့ ဘာအကျိုးရှိမှာလဲဗျ။ အိမ်ကလေး တစ်လုံးကို ကျွန်တော် ငှားထားပါတယ်။ အိမ်ငှားနိုင်အောင် အစိုးရက ကျွန်တော့်ကို ငွေကြို ထုတ်ပေးထားတယ်။ လိုက်ခဲ့ပါ အဖေရယ်' ဟု တောင်းတောင်းပန်ပန် ခယယ ပြောရှာပါသည်။ သို့ရာတွင် လူချန်သည် ခေါင်းခါ၍ ပေတီးပေကတ် လုပ်နေသည်။ မယား၊ သား၊ ချွေးမ၊ မြေးတို့ ရွှေ့သွားကြသည့်တိုင်အောင် ခုံတန်းလျားပေါ်၌ ဖွတ်အတင်း ထိုင်နေသည်။

အိမ်ဖျက်အလုပ်သမား နှစ်ယောက်သည် ရှေးဦးစွာ ကြေးရေနွေးအိုး နှစ်လုံးကို ပုဆိန်ဖြင့် ပေါက်လိုက်ကြသည်။ 'တောက် နာလိုက်လေကွာ။ ငါ့အဘိုး လုပ်ခဲ့တဲ့ ကြေးအိုးကြီး သွားပေါ့၊ သွားပေါ့။ ခုအခါမှာ ဒီလောက် ကောင်းတဲ့ ကြေးအိုးကို ဘယ်သူ လုပ်နိုင်ကြမှာတုန်းကွ ဟင်'ဟု လူချန်သည် ယူကျုံးမရ ဖြစ်လိုက်သေးသည်။ ထို့နောက်တွင် လူချန်သည် နောက်ထပ် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြော။ အိမ်ဖျက်နေကြသည်ကို ငေး၍သာ ကြည့်နေသည်။ လူချန် ထိုသို့ ငေး၍ ကြည့်နေစဉ် အိမ်ဖျက်အလုပ်သမားတို့သည် တစ်ခုပြီးတစ်ခု ဖျက်ချကြသည်။ ရှေးဦးစွာ အိမ်အမိုး အုတ်ကြွပ်တို့ကို ဖြုတ်ယူလိုက်သည်ဖြစ်ရာ တစ်ခန်းလုံး လင်းလာသည်။ နောက်ဆုံး၌ အခြင်များကို ခွာယူလိုက်ကြပြန်သည်။ လူချန်ကား မတုန်မလှုပ် ငုတ်တုတ်ထိုင်

လျက်။ မွန်းတည့်လေပြီ။ လူချန်ကား မတုန်မလှုပ် ငုတ်တုတ် ထိုင်လျက်။ ထိုင်လျက်ပင် ဖြစ်သော်လည်း လူရော စိတ်ပါ မောနေရှာသည်။ ညနေစောင်း လာပြီ။ လူချန်ကား မတုန်မလှုပ် ငုတ်တုတ် ထိုင်လျက်။ သူ့ဆိုင်သည် ရစရာ မရှိအောင် ပျက်စီးနေပြီ။ အုတ်ပုံ၊ အုတ်ကြွပ်၊ ထုပ်ကျိုး ထုပ်ပဲ့၊ ယောက်ကျိုး ယောက်ပဲ့တို့သည် လူချန်ကို ဝိုင်းအုံနေသကဲ့သို့ ဖြစ်နေကြပြီ။ ထိုအခါ အဖျက်သမားများ အကြားတွင် ကြေးရေနွေးအိုးပျက်ကြီး နှစ်လုံးသည်လည်း ငုတ်တုတ်။ လမ်းသွား လမ်းလာတို့သည် လူချန်ကို တစေ့တစောင်း ကြည့်ကြသည်။ သို့ရာတွင် မေးလား မြန်းလား မလုပ်ကြချေ။ လူချန်သည် မတုန်မလှုပ် ငုတ်တုတ်။

မှောင်စ ပြုလာသောအခါ လူချန်၏သား ပေါက်လာ၍၊ လူချန်၏ လက်ကို ကိုင်၍ 'မထူးပါဘူး အဖေရာ။ လာပါ။ အဖေ ပါမလာလို့ အဖေ့ မြေးဟာ ဘာမှ မစားဘူး။ လာပါ အဖေရာ' ဟု ချော့ခေါ်သည်။ ထိုအခါကျမှ လူချန်သည် သား၏ လက်မောင်းကို တွယ်လျက် လိုက်သွားသည်။

ယခုအခါ လူချန်တို့ မိသားစုသည် မြောက်မြို့ရိုးတံခါး အတွင်းဘက်တွင် သက်ငယ်တဲ၌ နေကြသည်။ ပတ်ဝန်းကျင်တွင် လယ်ကွင်းများလည်း ရှိ၍ မြေလပ်များလည်း ရှိကြသည်။ လူချန်သည် ဤအသက်အရွယ်အထိ လူများလှသော ရပ်ကွက်၌သာ နေထိုင်ခဲ့သူဖြစ်ရာ ခြောက်ကပ် တိတ်ဆိတ်လှသော နေရာသစ်တွင် မနေတတ် မထိုင်တတ် စိတ်ညစ်သည်။ ကြည့်လိုက်တိုင်း ကွင်းထီးထီးကို မြင်နေရသဖြင့် စိတ်မသက်မသာ ဖြစ်သည်။ ထို့ကြောင့် တဲပြင်သို့ မထွက်။ တစ်နေ့လုံး တဲထဲ၌ အောင်းနေသည်။ ထို့ပြင် အလုပ်လုပ်စရာလည်း မရှိတော့ပြီ ဖြစ်သဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာပြီးလျှင် အိုရုပ် ပေါက်လာသည်။ တစ်လကုန်သောအခါ သားသည် ငွေ ၅၀ ကျပ် ယူလာ၍ အဖအား ဝမ်းသာအားရ ပြသည်။'အဖေ့ဆိုင်က ရတာထက် ပိုပါသေးတယ် အဖေရာ။ အဖေ့ဆိုင်ဟာ ဒါလောက် ရဖူး

သလား' ဟုလည်း မေးပြော ပြောသည်။ လူချန်၏ သားသည် ယခု အခါတွင် လူပျင်း လူပေါ်ကြော့ မဟုတ်တော့ပြီ။ ကြယ်သီးတပ် အရာရှိဝတ်စုံကို ကျကျနန ဝတ်၍ အလုပ် ကျကျနန လုပ်နေသူ ဖြစ်နေပြီ။

သားပြသော ငွေကို မြင်၍ သားပြောလိုက်သော စကားကို ကြားသောအခါ လူချန်သည် 'ကွာ ငါ့ရေနွေးအိုးကြီး နှစ်လုံးဟာ အနည်းဆုံး မြစ်ရေ တစ်စည်စာလောက်တော့ ကောင်းကောင်းကြီး ဝင်တာပါပဲကွာ' ဟု ညည်းလိုက်သည်။

တစ်နေ့သ၌ သူ့မယားသည် အခါတိုင်းကဲ့သို့ အေးစက်စက် အမူအရာနှင့် သူ့ထံသို့ လာ၍ ပိုးအင်္ကျီ အသစ်ကျပ်ချွတ်ကို သူ့ရင်ဘတ်ကြီးပေါ်၌ တင်ကာ သပ်၍ သပ်၍ ပြသည်။ လူချန်သည် ကြည့်ရှုံ့မျှကြည့်၍ 'တစ်ခါတုန်းက ငါ့အမေမှာလဲ ပိုးပြားကွပ်ထားတဲ့ ရင်ဖုံးအင်္ကျီ ရှိခဲ့ဖူးပါတယ်ကွာ' ဟု မပြောချင် ပြောချင်နှင့် ပြောသည်။ ထို့နောက် တွေနေပြန်သည်။

လူချန်သည် တဲငယ်သို့ ရောက်သည့်အခါမှစ၍ တဲပြင်သို့ တစ်ဖဝါးမျှ မထွက်။ နေ့ရှိသ၍ တဲထဲ၌ အောင်းနေခဲ့သည်ဖြစ်ရာ သူ့ဆံပင်သည် ဖြူစ ပြုလာသည်။ သူ့မျက်နှာသည် ချောင်လာသည်။ ပါးနပ်ဖျတ်လတ်လှသော သူ့မျက်ပေါက် ကျဉ်းကျဉ်းသည် အရောင်မှေးမှိန်လာသည်ဖြစ်ရာ သူ့ရုပ်သည် လူအိုရုပ်ပေါက်၍ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာသည်။ မြေးငယ်ကြောင့်သာ တစ်ခါတစ်ရံ သူ ရွှင်ပျသလိုလို ဖြစ်သည်။

နောက်ဆုံးတွင် လူချန်သည် မြေးငယ်၏ ပယောဂကြောင့် တဲပြင်သို့ မထွက်ချင်ဘဲ ထွက်ခဲ့ရသည်။ ထွက်ခဲ့ရပုံမှာ ဤသို့ဖြစ်သည်။ ဆောင်းပေါက်ခါနီးသဖြင့် နေ့တာ တိုလာသည်။ လူချန်သည် အခါတိုင်းကဲ့သို့ တဲထဲမှ တဲပြင်သို့ မထွက်။ သူ့အခန်း ပြတင်းပေါက်အနီး၌ ထိုင်၍ မှိုင်နေသည်။ ထမင်းကို တစ်နေ့လျှင် သုံးကြိမ် စားကြသည်ဖြစ်ရာ ထမင်းစားချိန်များ၌

သာ သူ လှုပ်ရှား၍ မိုးချုပ်သည်နှင့် တစ်ပြိုင်နက် သူ အိပ်လေတော့သည်။ တစ်ခါတစ်ရံ ခွေးခြေပေါ်၌ထိုင်ကာ ဦးခေါင်းကို စားပွဲပေါ်၌တင်၍ အိပ်တတ်သည်။ ဆောင်းဝင်ခါနီး ကာလသည် မယုံရသော ကာလဖြစ်သည်။ မိုးရွာချင်လျှင် မိုးရိပ်မဆင်ဘဲ ရွာချသည်။ နေပူချင်လျှင် ချက်ချင်း နေပူသည်။ ဤသို့ဖြင့် ခုနစ်ရက်ပတ်လုံး မိုးရွာသည်။ မိုးရွာပြီးလျှင် ချက်ချင်း နေပူသည်။ ထို့ကြောင့် စိုစွတ်သော်လည်း အိုက်စပ်စပ်နိုင်လှသည်။ မြေနံ့သင်းလာသည်။ ထို့ကြောင့် လူချန်သည် ပြတင်းတံခါးကို ဖွင့်၍ မြေသင်းနံ့ကို ရှူရှိုက်ရင်း 'တစ်အိုးစာလောက်တော့ မိုးရေ ကောင်းကောင်း ရနိုင်တာပေါ့ကွာ' ဟု ညည်းရှာသည်။ ညည်းရှာပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအခါကသော် မိုးရေကို ကျို၍ရသော ရေနွေးသည် ရေနွေးရိုးရိုးထက် ပို၍ ဈေးကောင်းသောကြောင့် ဖြစ်သည်။

လူချန်သည် ထိုသို့ ညည်းခိုက်တွင် သူ့မြေး ရောက်လာ၍ သူ့လက်ကို ဆွဲလျက် 'အဘိုး အဘိုး။ ထွက် ထွက်။ ကစားမယ်၊ ကစားမယ်' ဟု တံပြင်သို့ လက်ပြ၍ ရယ်ကာမောကာ ပြောလေသည်။ လူချန်၏စိတ်သည် လေးလံနေရာမှ ပေါ့ပါးသလို ဖြစ်လာသည်။ ခဏတစ်ဖြုတ် တံပြင်သို့ ထွက်ရလျှင် ကောင်းလေမည်လား။ ထွက်လိုက်ပါဦးမည်။ လူချန်သည် မြေး၏လက်ကို ဆွဲကာ တံပြင်သို့ ထွက်ခဲ့သည်။ တံပြင်တွင် နွေးတေးတေး ရှိသည်။ နေရောင်သည် ကြည်နူးစရာ ဖြစ်သည်။ လူချန်သည် ခါးကို ဆန့်၍ အနီးအနားရှိ အိမ်စုသို့ သွားမည်ပြုသည်။ တောင်သတင်း မြောက်သတင်း ကြားရမည်မှာ မုချဖြစ်သည်။ မည်သည့် သတင်းကိုမျှ သူ မကြားရသည်မှာ ကြာလှလေပြီ။ သူ့သားသည် တစ်နေ့လုံး အလုပ်များနေသူဖြစ်ရာ သားအဖ စကားပြောချိန် မရှိခဲ့ချေ။ တစ်ဖန် မိန်းမများနှင့် စကားပြောရမည် ဆိုပါကလည်း အလကား အချိန်ကုန်ရုံသာ ရှိမည်။ မိန်းမများနှင့် စကားပြောသဖြင့် ဘာ အကြောင်းထူးမည်နည်း။

သူ့မြေးသည် အဘိုးနှင့်အတူ လမ်းလျှောက်ရင်း တွတ်တီးတွတ်တာ စကားပြောသည်။ ဆောင်းဦး ပုရစ်ကောင်များသည် ကျည်ကျည်ကျာကျာ မြည်နေကြသည်။ သြော်... နွေဦးပေါက်နှင့် တူလေစွ။ လူချန်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်၍ကြည့်သည်။ မည်သည့်နေရာသို့ ရောက်လာပါလိမ့်။ မှန်း၊ ခပ်လှမ်းလှမ်း၌ မြင်ရသောအရာသည် မြောက်မြို့ရိုးတံခါး မဟုတ်ပါလား။ ဟုတ်ပေ၏။ ဖောက်လာသော လမ်းသစ်သည် သူ့ဆိုင်ကို တိုက်ချပြီးသည့် နောက်ပိုင်းတွင် ဤမြောက်မြို့ရိုးတံခါး၌ အဆုံးသတ်ရမည် ဖြစ်သည်။ ထို့ကြောင့် လူချန်သည် လမ်းသစ်ပေါ်သို့တက်၍ မျှော်ကြည့်လိုက်ချင်သည်။ မျှော်မကြည့်ဘဲ နေနိုင်ပါမည်လား။ ထို့ကြောင့် လူချန်သည် လမ်းသစ်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ လျှောက်သွား၍ တစ်ကွေ့ ကွေ့လိုက်သည်နှင့် တစ်ပြိုင်နက် လမ်းသစ်ကို တမျှော်တခေါ်ကြီး သူ မြင်လိုက်သည်။ ကျယ်ပါပေ့။ ဖြောင့်ပါပေ့။ လမ်းသစ်၏ တစ်ဖက်တစ်ချက်၌ သူသိသော၊ သူနှင့် အကျွမ်းဝင်သော လမ်းသေး၊ လမ်းကျဉ်း၊ လမ်းလိမ်၊ လမ်းကောက်၊ လမ်းမှောင်၊ လမ်းမိုက်တို့သည် မြောက်ဘက်ဆီ၌ ရှိမြဲတိုင်း ရှိကြသေးသည်။ သို့ရာတွင် သူ့ကျောဘက်၌ကား လမ်းသစ်သည် သူ့အသိ၊ သူ့အကျွမ်းတို့ကို တံစို့ ထိုးဘိသကဲ့သို့ ဖြစ်နေပြီ မဟုတ်ပါလော။

လူချန်သည် လန့်သွား၏။ ပါးစပ်အဟောင်းသားနှင့် လမ်းသစ်ကို ငေးကြည့်နေ၏။ ကျယ်ပါပေ့။ ဖြောင့်ပါပေ့။ ထိုမျှကျယ်သော၊ ထိုမျှဖြောင့်သော လမ်းသစ်ကို သူတို့ ဘာလုပ်ကြမည်နည်း။ လမ်းသစ်ပေါ်တွင် အလုပ်လုပ်နေသူတို့သည် ပိုးပရွက်ပမာ လှုပ်ရှားသွားလာနေကြသည်။ လူချန်သည် သူ၏ပတ်ဝန်းကျင်ကို ကြည့်ပြန်၏။ သူကဲ့သို့ပင် လူအများသည် လမ်းသစ်ဖောက်နေကြသည်ကို ငေးကြည့်နေကြသည်။ ထို့ပြင် သူကဲ့သို့ပင် ပါးစပ်အဟောင်းသားနှင့် မှင်တက်မိသလို ဖြစ်နေကြသည်။ ထိုအမူအရာတို့ကို လူချန်သည် သတိပြုလိုက်မိသည်။ ထို့ကြောင့် လူချန်သည် သူ့အနီးတွင်

မတ်တတ်ရပ်ကြည့်နေသော ပိန်ခြောက်ခြောက် လူတစ်ယောက်အား 'ခင်ဗျား ဒီအရပ်မှာ နေသလား' ဟု မေးကြည့်သည်။ ထိုလူသည် ခေါင်းညိတ်၍ 'ဟုတ်ကဲ့၊ ဒီအရပ်ကပါ။ ကျွန်တော့်မှာ အိမ်တစ်ဆောင် ရှိတယ်။ မင်းမင်းဆက်ခေတ်က ဆောက်ခဲ့တဲ့ အိမ်ကြီးဗျ။ အခန်းပေါင်း ဆယ်ခန်းရှိတော့ အိမ်ခန်း ငှားစားခဲ့တာပေါ့။ အခုတော့ တဲနဲ့ နေရတယ် ဆိုပါတော့ဗျာ' ဟု ဝမ်းနည်းပက်လက် ပြန်ပြောသည်။ ထိုအခါ လူချန်ကလည်း မပြောချင်ပြောချင်နှင့် 'မပြောပါနဲ့တော့ဗျာ။ ကျုပ်မှာလဲ ဆိုင်ကလေးတစ်ဆိုင် ရှိသဗျ။ ရေနွေးဆိုင်ပေါ့ဗျာ' ဟု ပြန်ပြောသည်။ လူချန်သည် ရှေ့ဆက်၍ ပြောလိုက်ချင်သေးသည်။ 'ကြေးအိုးကြီးနှစ်လုံးလဲ ရှိသဗျ' ဟူသော စကားသည် သူ့ပါးစပ်ဖျားသို့ ရောက်လာသည်။ သို့ရာတွင် ထိုလူက နားမထောင်ဘဲ လမ်းသစ်ကို ငေးကြည့်နေသောကြောင့် ဆက်၍မပြောဘဲ နေလိုက်ရသည်။

ထိုအခိုက် သူငယ်တစ်ယောက်သည် လူချန့်အနီးသို့ ရောက်လာသဖြင့် လူချန် လှည့်ကြည့်လိုက်သည်။ ထိုသူငယ်သည် အခြားသူ မဟုတ်။ သူ့သား ဖြစ်သည်။ သားသည် အဖေကို မြင်သောအခါ အူယားဖားယား ပြေးလာ၍ 'အဖေ' ဟု အော်ခေါ်လိုက်ပြီးနောက် 'အဖေ၊ လမ်းသစ်ကြီး ဘယ့်နှယ်နေသလဲ' ဟု ပြုံး၍ မေးလိုက်ရာ လူချန်သည် မည်သို့မျှ မဖြေတတ်။ ငိုချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်လာသည်။ ထို့နောက်မှ 'ကွာ ဘယ့်နှယ်နေရမှာလဲ။ မိုးသက်မုန်တိုင်းကြီး ဝုန်းခနဲ ကျလာပြီး ရှိသမျှ အကုန် ကျုံးမွေလိုက်သလိုပါပဲကွာ' ဟု ပြန်ပြော၏။ ထိုအခါ လူချန်၏သားသည် ရယ်ရုံမျှရယ်၍ 'အဖေရဲ့၊ လမ်းသစ်ဖောက်ရာမှာ ကျွန်တော့် လက်ရာလဲ ပါတယ်ဗျ။ ကြည့်ပါလား။ လမ်းဘေးနှစ်ဖက်မှာ သံတလင်းစကြံနဲ့။ လမ်းလယ်ခေါင်မှာ ဓာတ်ရထားမောင်းဖို့ နေရာနဲ့။ ဓာတ်ရထားလမ်းရဲ့ တစ်ဖက်တစ်ချက်မှာ မော်တော်ကားရော၊ လန်ချားရော၊ လက်တွန်းလှည်းရော၊ အို စုံလို့ပေါ့ဗျာ။ ကမ္ဘာအရပ်ရပ်က နိုင်ငံခြားသားတွေလဲ ဒီလမ်းသစ်

ပေါ်မှာ လမ်းလျှောက်ချင်ရင် လျှောက်၊ မော်တော်ကား စီးချင်ရင် စီး၊ သဘောပေါ့ဗျာ' ဟု အားရပါးရ ပြော၏။ ထိုအခိုက်တွင် လာခေါ်သူ ရှိသဖြင့် လူချန်၏သားသည် လူအုပ်ထဲမှ တိုးထွက်၍ အလုပ်ဆီသို့ ပြန်သွားသည်။

လူချန်သည် လမ်းသစ်ကို မျှော်ကြည့်၍ ငေးနေသည်။ လမ်းသစ်သည် ကျယ်ပါပေ၏။မျက်စိတဆုံး ရှည်ပါပေ၏။ ဖြောင့်ပါပေ၏။ လမ်းသစ်ကို မည်သည့်အရပ်ထိ သူတို့ ဖောက်ကြမည်နည်း။ လူချန်သည် သူ့ကိုယ်သူ ထိုသို့ မေးကြည့်၏။ သူ့တစ်သက်တွင် ထိုမျှ ကျယ်သော၊ ထိုမျှ ရှည်သော၊ ထိုမျှ ဖြောင့်သော လမ်းကို သူ မမြင်ဖူးခဲ့။ သူ့ တစ်သက်တွင် ထိုမျှ ခမ်းနားသော လမ်းကို သူ မမြင်ဖူးခဲ့။ ယခု ထိုလမ်းသစ်သည် သူ့မျက်စိအောက်၌ ရပ်တည်နေပြီ။ ရှေးရှေးက မင်းကောင်း မင်းမြတ်များပင် ထိုလမ်းသစ်မျိုးကို မဖောက်နိုင်ခဲ့။ ယခု သူတို့ ဖောက်နိုင်ကြသည်။

လူချန်သည် ပါလာသော မြေးငယ်ကို ငုံ့ကြည့်၏။ ဤကလေးသည် သူ ကြီးပြင်းလာသောအခါ ဤလမ်းသစ်ကို လွယ်လင့်တကူ ကျေနပ် လက်ခံ၍ နှစ်ခြိုက်ပေလိမ့်မည်။ လူငယ်တို့မည်သည် အသစ်ကို လွယ်လင့်တကူ ကျေနပ်လက်ခံ နှစ်ခြိုက်တတ်ကြသည် မဟုတ်ပါလော။ သူ့ရေနွေးဆိုင် အဖျက်ခံရသည်ကို သူ့သားမျက်နှာ တစ်ချက်မညှိုးဘဲ ကျေနပ်လက်ခံ၍ နှစ်ခြိုက်သကဲ့သို့ ဖြစ်လိမ့်မည်။

ထိုသို့ တွေးမိသည်မှ စ၍ လူချန်သည် သူ့ရေနွေးဆိုင် အဖျက်ခံရသည့် အကြောင်းကို သတိရတိုင်း "ဓားပြတိုက်ယူကြသည်" ဟူသော သူ့အယူအဆကို စွန့်လိုက်တော့သည်။ ထို့ပြင် သူ့စိတ်ထဲသို့ အတွေးသစ်များ ဝင်လာသည်။ သူ့သား လူတစ်လုံး သူတစ်လုံး ဖြစ်လာသည်မှာ ထိုလမ်းသစ်ကြောင့် မဟုတ်ပါလော။ သူသည် သူ့ရေနွေးဆိုင်ကို အရိပ်တကြည့်ကြည့်နှင့် သ ခဲ့၏။ ထိုနည်းတူစွာ သူ့သားသည်လည်း သူ့လက်ရာပါသော ထို

လမ်းသစ်ကို အရိပ်တကြည့်ကြည့်နှင့် သ မည်မှာ မလွဲဟု သူ့စိတ်ထဲ၌ အောက်မေ့လာသည်။ ဤသို့ဖြင့် မြေးငယ်ကို လက်ဆွဲကာ လူချန်သည် လမ်းသစ်ကို မျှော်ကြည့်၍၊ တွေးနေ၍၊ ငေးနေ၍ တွေနေသည်။ အရေးတော်ပုံ ဆိုသည်မှာ ထိုသို့ပါတကား။ လမ်းသစ် ဆိုသည်မှာ ထိုသို့ပါတကား။ အဘယ် မှခ်ဦးဆီသို့ ချီတက်မည်နည်း... အရေးတော်ပုံကြီး။

[ ငွေတာရီ၊ အမှတ်(၁၁)။ မေ၊ ၁၉၆၁ ]



**အမေရိကန် အမျိုးသား စာရေးဆရာ**
**ဖော့ကနား [ ၁၈၉၇–၁၉၆၂ ]**
**William Faulkner, [ 1897-1962 ]**

အမေရိကန် စာရေးဆရာ ဖော့ကနားသည် ၁၉၄၉ ခုနှစ် အတွက် ကမ္ဘာကျော် နိုဗဲစာပေဆု အချီးအမြှင့် ခံရသူ ဖြစ်သည်။

ဖော့ကနားသည် အမေရိကန် တောင်ပိုင်းတွင် ၁၈၉၇ ခုနှစ်၌ ဖွားမြင်သည်။ ဖော့ကနား၏ ဘေးနှင့် ဘိုးတို့သည် တောင်ပိုင်း ဒေသတွင် လူကုံထံများ ဖြစ်ကြသည်။ ဖော့ကနား၏ ဘေးသည် ၁၈၆၀ ပြည့်နှစ်မှ ၁၈၆၅ ခုနှစ်၌ တိုက်ကြသော မြောက်ပိုင်းရှိ သမ္မတလင်ကွန်း၏ ပြည်ထောင်စုအစိုးရနှင့် တောင်ပိုင်းရှိ သူပုန် သဟာယ အစိုးရတို့၏ ပြည်တွင်းစစ်ပွဲတွင် သဟာယ အစိုးရ ဘက်သို့ ဝင်၍ ဗိုလ်မှူးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ဖော့ကနား၏ အဘိုးသည် ဘဏ်သူဌေးလည်း ဖြစ်၍ လက်ထောက် အစိုးရ ရှေ့နေလည်း ဖြစ်သည်။

**ရာပြည့်စာအုပ်တိုက်**

၁၈၆၅ ခုနှစ်တွင် တောင်ပိုင်း သူပုန်သဟာယ အစိုးရသည် မြောက်ပိုင်း ပြည်ထောင်စုအစိုးရကို လက်နက်ချ အရှုံးပေးသဖြင့် ပြီးတွင်းစစ် ပြီးသောအခါ ဖော့ကနားတို့တွင် ပျက်စီးဆုံးပါးကြ ဟန် တူသည်။ ထို့ကြောင့် ၁၈၉၇ ခုနှစ်၌ ဖွားမြင်လာသော ဖော့ကနားသည် ပညာကို အတန်းကုန်အောင် မသင်နိုင်တော့ဘဲ ငယ်ငယ်ရွယ်ရွယ် အခါကပင် အလုပ်လုပ်ရသည်။ သို့ရာတွင် အလုပ်လုပ်ရင်း ကိုယ့်ထူးကိုယ်ချွန် ပညာရှာ၍ ကဗျာတို ကဗျာစ တို့ကို စတင်ရေးသည်။ ဖော့ကနား ငယ်စဉ်ကဖတ်သော စာများ တွင် ခရစ်ယာန် ဓမ္မဟောင်းကျမ်းနှင့် အင်္ဂလိပ်ဝတ္ထုဆရာ ဒစ်ကင်း၏ ဝတ္ထုများ ပါသည်။

ဥရောပတိုက်၌ ပထမကမ္ဘာစစ် (၁၉၁၄–၁၈)ဖြစ်ပွားသောအခါ ဖော့ကနားသည် ဗြိတိသျှလေတပ်၌ ဝင်၍ အမှုထမ်းသည်။ လေတပ်တိုက်ပွဲ၌ ဒဏ်ရာ ရဖူးသည်။ စစ်ပြီးသောအခါ အမေရိကန်သို့ ပြန်လာ၍ မိမိ၏ ဇာတိမြို့၌ နေထိုင်သည်။ မစ်စစ်စပီတက္ကသိုလ်တွင် ပြင်ပကျောင်းသား အဖြစ်ဖြင့် တစ်နှစ် ခန့် ပညာသင်နိုင်ခဲ့သည်။ ထို့နောက် အိမ်ဆေးသုတ်သော အလုပ် ကို လုပ်သည်။ အလုပ်လုပ်ရင်း ကဗျာများကို ရေးခဲ့သည်ဖြစ် ရာ ၁၉၂၂ ခုနှစ်တွင် ထိုကဗျာများကို ပထမအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့သည်။ ထို့နောက် အမေရိကန်မြောက်ပိုင်း နယူးယောက် မြို့ကြီးသို့တက်၍ စာအုပ်ဆိုင် တစ်ဆိုင်၌ အလုပ် လုပ်ပြန်သည်။

၁၉၂၅ ခုနှစ်တွင် ပင်လယ်ကူး ကုန်သင်္ဘောတစ်စင်း၌ အလုပ် လုပ်ရင်း အီတလီနိုင်ငံသို့ သွားသည်။ အီတလီနိုင်ငံမှ ပြင်သစ် နိုင်ငံသို့ လည်းကောင်း၊ ဂျာမနီနိုင်ငံသို့ လည်းကောင်း ခြေကျင် လျှောက်၍ လှည့်ပတ် ကြည့်ရှုခဲ့ဖူးသည်။ ထို့နောက် မိမိနေရပ်သို့

ပြန်လာ၍ လက်သမားအလုပ်ကို လုပ်ပြန်သည်။ ထိုအချိန်မှ စ၍ ဖော့ကနားသည် သူ၏ဇာတိ ဖြစ်သော အမေရိကန် တောင်ပိုင်း ဒေသ အကြောင်းကို လည်းကောင်း၊ တောင်ပိုင်းသားတို့၏ အခြေအနေနှင့် အမူအရာတို့ကို လည်းကောင်း အခြေပြုလျက် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို စတင်ရေးသားသည်။ ကျော်စောခြင်းလည်း ရှိလာသည်။

များလှစွာသော သူ့ဝတ္ထုတို၊ ဝတ္ထုရှည်တို့၏ အကြောင်းအရာသည် အမေရိကန် ပြည်တွင်းစစ်ပြီးခေတ် (၁၈၆၀–၁၈၆၅)က တောင်ပိုင်းဒေသ၏ အခြေအနေ ဖြစ်သည်။ အမေရိကန် ပြည်တွင်းစစ် မဖြစ်ပွားမီကသော် ယန်းကီးခေါ် အမေရိကန်မြောက်ပိုင်းရှိ ပြည်နယ်များ၌ စက်မှုလက်မှု ထွန်းကားစ ပြုလာ၍ အမေရိကန်၌ အစဉ်အလာအားဖြင့် အသုံးပြုခဲ့သော ကပ္ပလီ ငွေဝယ်ကျွန်စနစ်ဆိုးကို ဖျက်သိမ်းရန် လိုလားကြသည်။ အမေရိကန် တောင်ပိုင်းရှိ ပြည်နယ်များ၌ကား စိုက်ပျိုးရေးသာ အဓိကဖြစ်၍ ထိုပြည်နယ်များ၏ စီးပွားရေးသည် ဝါဂွမ်း၊ ဆေး၊ သကြား၊ စပါးတို့ကို မှီနေရသည်။ ထိုအခါ မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတို့သည် ဧကပေါင်း ထောင်ချီသောင်းချီ ကျယ်ဝန်းလှသော မြေကွက်များ၌ လည်းကောင်း၊ ခြံကြီးများ၌ လည်းကောင်း စိုက်ပျိုးရေးအတွက် ကပ္ပလီငွေဝယ်ကျွန်များကို ကျွဲနွားပမာ အသုံးပြုကြသည်။ မြောက်ပိုင်းသားတို့က ငွေဝယ်ကျွန်စနစ်၏ အပြစ်ကို မြင်၍ အပြစ် ပြောလာကြသောအခါ တောင်ပိုင်းသား မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတို့သည် မခံမရပ်နိုင် ဖြစ်လာကြသည်။

၁၈၆၀ ပြည့်နှစ်တွင် ငွေဝယ်ကျွန်စနစ် ဖျက်သိမ်းရေး လိုလားသော လင်ကွန်းသည် အမေရိကန်သမ္မတအဖြစ် တင်မြှောက်ခြင်း

ခံရသောအခါ မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတို့ ကြီးစိုးလွှမ်းမိုးသော တောင်ပိုင်းပြည်နယ် အချို့သည် မိမိတို့ဘာသာ တောင်ပိုင်း သဟာယ အစိုးရဖွဲ့စည်း၍ ပြည်ထောင်စုမှ ခွဲထွက်သည်ဟု ကြေညာကာ ပြည်ထောင်စုကို ပုန်ကန်သည်။ ဤသို့ဖြင့် ပြည်ထောင်စုအစိုးရနှင့် တောင်ပိုင်းသဟာယ အစိုးရတို့၏ ပြည်တွင်းစစ်ကြီး ဖြစ်ပွားခဲ့သည်။ ၁၈၆၅ ခုနှစ်တွင် သဟာယအစိုးရ အရေးရှုံးနိမ့်၍ လက်နက်ချကြရသည်။ ငွေ၀ယ်ကျွန်စနစ်လည်း အဖျက်အသိမ်း ခံရသည် ဖြစ်ရာ မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတို့၏ စီးပွားရေး ပျက်ပြားလာသည်။ ထို့ပြင် ပြည်တွင်းစစ်ဒဏ်ကြောင့် တောင်ပိုင်းဒေသတွင် အသက်မသေ ကျန်ခဲ့သူ လူဖြူလူမည်း အများအပြားသည် ဆင်းရဲတွင်း နက်ကုန်ကြသည်။ အထူးသဖြင့် ဥရောပ အလယ်ခေတ်က တန်ခိုးကြီးခဲ့ကြသော မင်းညီ မင်းသား၊ မြို့စားနယ်စားတို့လောက် တန်ခိုးကြီးခဲ့ကြသော အမေရိကန် တောင်ပိုင်းသား မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတို့သည် လုံးပါး ပါးကုန်ကြသည်။ ထို့ပြင် ပြန်လည် ထူထောင်ရေးခေတ်တွင် မြောက်ပိုင်းမှ ဆင်းလာကြသော ကိုယ်ကျိုးရှာ နိုင်ငံရေးသမား တစ်စုလည်း တောင်ပိုင်းဒေသတွင် နည်းအမျိုးမျိုးဖြင့် ဘနဖူး သိုက်တူးကြပြန်သည်။ ဤသို့ဖြင့် တောင်ပိုင်းဒေသတွင် ပြည်တွင်းစစ် မဖြစ်ခင်ကလည်း ငွေ၀ယ်ကျွန်စနစ်ကြောင့် ယုတ်ညံ့မှု အမျိုးမျိုးရှိခဲ့၍ ပြန်လည် ထူထောင်ရေးခေတ်၌လည်း ယုတ်ညံ့မှု အသစ် အသစ်တို့ ပေါ်ပေါက်ခဲ့ကြသည်။

ဖော့ကနားသည် အမေရိကန်ပြည်တွင်းစစ် ပြီးသည့်နောက် ၃၂ နှစ်ခန့် အကြာ၌ ဖွားမြင်ခဲ့သူဖြစ်ရာ ပြည်တွင်းစစ်ဒဏ်ကြောင့် ဆင်းရဲ ချမ်းသာမရွေး ဒုက္ခအမျိုးမျိုး ကြုံခဲ့ကြရပုံကို လည်းကောင်း၊

ငွေဝယ်ကျွန်စနစ် ပျက်သဖြင့် လူမှုအခြေအနေ ပြောင်းလာပုံတို့ကို လည်းကောင်း တစ်ဆင့်စကား တစ်ဆင့်ကြား ဟူဘိသကဲ့သို့ ငယ်ရွယ်စဉ် အခါကပင် ကြားဖူးနားဝ ဖြစ်ခဲ့ဟန် တူသည်။ အထူးသဖြင့် ထိုခေတ် ထိုအခါက သဘောထား ယုတ်ညံ့သူတို့၏ ကံသုံးပါး အမှုအရာ အမျိုးမျိုးကို သတိပြုမိ၍ ရက်ခြင်း၊ စက်ဆုပ်ခြင်း၊ သံဝေဂ ရခြင်းတို့ ရှိခဲ့ဖူးဟန် တူသည်။ သူ၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၌ ပါတတ်သော ယထာဘူတသဘော သရုပ်ဖော် ဇာတ်လမ်း ဇာတ်ဆောင်များကို ထောက်၍ သိနိုင်သည်။

သို့ရာတွင် ဖော့ကနား၏ ဘဝအမြင်၌ကား မြောက်ပိုင်းသား၊ တောင်ပိုင်းသားဟု ခွဲခြားခြင်း မရှိဘဲ အဖြစ်အပျက်ကို လိုက်၍ မြောက်ပိုင်းသား ညံ့လျှင်လည်း ညံ့သည့်အလျောက်၊ တောင်ပိုင်းသား ညံ့လျှင်လည်း ညံ့သည့်အလျောက် မထောက်မညှာ မြင်တတ်သော အမြင်မျိုးသာ ပါသည်။ ဖော့ကနားသည် ထိုအမြင်မျိုးဖြင့်သာ ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို ရေးခဲ့၍ ထိုအမြင်မျိုးဖြင့်သာ ထိုဝတ္ထု တိုရှည်တို့မှ တစ်ဆင့် လူ့လောက၏ ယထာဘူတ သဘောကို ဆွေးစရာ၊ ရက်စရာ၊ စက်ဆုပ်စရာ၊ သံဝေဂ ရစရာဖြစ်အောင် ရေးဖွဲ့လေ့ရှိသည်။ ဤသို့ဖြင့် ယထာဘူတဝါဒီဖြစ်သော ဝတ္ထုဆရာ ဖော့ကနားသည် စာဖတ်ပရိသတ်အား စိတ်ကောင်း မွေးချင်ကြအောင် တင်ပြခဲ့သည်ဟု ယူနိုင်သည်။

## ဖော့ကနား ၏
# ဇာတိမာန ဂုဏ်မာန

['ဇာတိမာန ဂုဏ်မာန'ဝတ္ထုတိုကို A Rose for Emily မှ မြန်မာပြန်သည်။ ထိုဝတ္ထုတိုပါ ခေတ်သည် အမေရိကန်ပြည်တွင်းစစ် ဖြစ်ပြီးသည့်နောက် ပြန်လည် ထူထောင်ရေးခေတ် ဖြစ်သည်။ ဒေသသည် အမေရိကန်တောင်ပိုင်းရှိ မြို့ငယ်တစ်မြို့ ဖြစ်သည်။ ထိုဝတ္ထုတို၌ ဖော့ကနားသည် ထိုမြို့ငယ်ကို နောက်ခံပြုလျက် ပြည်တွင်းစစ်တွင် တောင်ပိုင်း သဟာယအစိုးရအတွက် ငွေကုန် လူပန်း ခံခဲ့ရသော်လည်း စစ်ရှုံးခဲ့သောကြောင့် ပစ္စည်းဥစ္စာ ဩဇာ အာဏာ ဆုံးရှုံးခဲ့သော တောင်ပိုင်းသား မြေပိုင်ရှင်၊ ခြံပိုင်ရှင် လူတန်းစားမှ အမျိုးသမီးကြီးတစ်ဦး၏ မချနိုင်သော ဇာတိမာန ဂုဏ်မာနနှင့် မြောက်ပိုင်းမှ ဆင်းလာသော အမျိုးသားတစ်ဦး၏ အချောင်သမား တစ်နပ်စားဉာဏ်တို့ကို ရက်ဖွယ်၊ စက်ဆုပ်ဖွယ် ဖြစ်အောင် လည်းကောင်း၊ ခေတ်ဟောင်းအမြင်နှင့် တက်စ ခေတ်သစ်အမြင်တို့ ပဋိပက္ခ ဖြစ်ခဲ့ကြပုံကိုလည်းကောင်း သရုပ်ဖော် ထားသည်ဟု ထင်ပါသည်။ ဝတ္ထုတိုသည် အပေါ်ယံတွင် လျှို့ဝှက် သည်းဖို ဖြစ်သည်ဟု ထင်ရသော်လည်း စိတ်ကူးယဉ် လျှို့ဝှက် သည်းဖိုမျိုး မဟုတ်။ ဝတ္ထု၏ ရည်ရွယ်ချက်သည် ခေတ်ဟောင်း ဇာတိမာန ဂုဏ်မာနကို လည်းကောင်း၊ မြို့သူမြို့သား လူငယ်တို့၏ ခွင့်လွှတ် သက်ညှာတတ်သော ချစ်စရာ အမူအရာတို့ကို လည်း ကောင်း ပြလိုခြင်းလည်း ဖြစ်သည်။ ထိုဝတ္ထုတို၌ လိုရင်းသို့

ရောက်အောင် ပို့ရာတွင် အချက်အလက် နေရာအချ ကောင်း၍ အချိတ်အဆက် ပိရိသည်။ မြှုပ်ကွက်၊ နိမိတ်ပြကွက်တို့ဖြင့် ပို့ဆောင်တတ်သည်။ ရေးပုံသည် နောက်ကြောင်းပြန် ရေးပုံ ဖြစ်သည်။]

---

၁

အသက် ၇၄ နှစ်ရှိ အမယ်အို အင်မလီ ကွယ်လွန်သောအခါ ကျွန်တော်တို့၏ ဂျက်ဖာဆင် တစ်မြို့လုံးသည် သူ့အသုဘအိမ်သို့ သွားခဲ့ကြသည်။ ယောကျ်ားပရိသတ် သွားကြသည်မှာ ပြိုလဲသွားသော အထိကရ အထိမ်းအမှတ် ကျောက်တိုင်ကြီးကို လေးစားသကဲ့သို့ လေးစားရင်း ရှိကြသောကြောင့် ဖြစ်သည်။ မိန်းမပရိသတ် သွားကြသည်မှာ လွန်ခဲ့သော ဆယ်နှစ်အတွင်းတွင် သူ့အိမ်၌ ဥယျာဉ်မှူး အလုပ်ကိုလည်း လုပ်၍ ထမင်းချက်အလုပ်ကိုလည်း လုပ်သော အိမ်စေ ကပ္ပလီအိုကြီးမှတစ်ပါး မည်သူမျှ မြင်ခွင့် မရသော အိမ်အတွင်းခန်းများ အခြေအနေကို ကြည့်ချင်ကြသောကြောင့် ဖြစ်သည်။

အင်မလီ၏အိမ်သည် လေးထောင့်ကျကျ ပုံသဏ္ဍာန် ဖြစ်သည်။ တစ်ခါတစ်ခေတ်ကသော် ဆေးဖြူသုတ်ထားသော အိမ်ဖြူဖြစ်သည်။ ဘုံအဆင့်ဆင့် ရှိသည်။ အိမ်အမိုးသည် မုခ်တုရင် ထောင့်တုရင်တို့နှင့် ကျက်သရေ ရှိသည်။ အိမ်ပြတင်းတို့သည် ခြူးပန်းခြူးနွယ် အဆင်တန်ဆာတို့ကြောင့် ကြွကြွရွရွ ဖြစ်သည်။ မင်းလမ်းမတွင် နေရာကောင်းကို ရွေး၍ ထိုအိမ်ကို ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယခုသော် ထိုအိမ်အနီးအနားတွင် မော်တော်ကားရုံတို့သည် လည်းကောင်း၊ ဝါကြိတ်စက်တို့သည် လည်းကောင်း ကျူးကျော်ပြည့်သိပ် ပိတ်ဆို့နေကြလေပြီ။ ထိုမင်းလမ်းမရှိ အိမ်ကြီး အိမ်ကောင်းတို့ အနက် အင်မလီ၏ အိမ်အို အိမ်မင်း တစ်ဆောင်သာ ကြော့လျက် မော့လျက် ခေါင်းမာလျက် ကျန်ခဲ့သည်။ ထိုအိမ်သည် ကြော့ရင်း မော့ရင်း

ခေါင်းမာရင်း ဟောင်းနွမ်း၍ ယိုယွင်းခဲ့ပြီ။ ဝါဂွမ်း ကုန်တင် လှည်းကြီးတို့သည် လည်းကောင်း၊ ဓာတ်ဆီဆိုင်တို့သည် လည်းကောင်း အိမ်ကို ပတ်ပတ်လည် ဝိုင်းနေကြသည်။ မျက်စိ စပါးမွေး စူးစရာ ကောင်းတော့သည်။

ယခုအခါတွင် အမယ်အို အင်မလီသည် မရှိတော့ပြီ။ ထိုမြို့၌ ထင်းရှူးပင် အစီအရီ စိုက်ထားသော သချိုင်းရှိ၏။ ထိုသချိုင်းသည် အမေရိကန် ပြည်တွင်းစစ်ခေတ်က ဂျက်ဖာဆန်တိုက်ပွဲ၌ ပြည်ထောင်စု အစိုးရဘက်မှ လည်းကောင်း၊ သဟာယ အစိုးရဘက်မှ လည်းကောင်း ကျဆုံးခဲ့ကြသော အမည်မသိ စစ်ဗိုလ် စစ်သည်တို့ကို မြှုပ်နှံသင်္ဂြိုဟ်ရာ သချိုင်းဖြစ်သည်။ အမယ်အို အင်မလီကို ထိုသချိုင်း၌ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်ဖြစ်ရာ အင်မလီသည် သူ့ခေတ်က မြို့ရွာခေါင်းဆောင်တို့နှင့် လည်းကောင်း၊ စစ်ဗိုလ်တို့နှင့် လည်းကောင်း၊ စစ်သည်တို့နှင့် လည်းကောင်း ဇာတ်ပေါင်းမိလေတော့သည်။

အသက်ရှိစဉ်ကသော် အင်မလီသည် ထိုမြို့တွင် ပြောစမှတ်ကြီးတစ်ခု ဖြစ်သည်။ မြို့ရှင် နယ်ရှင်သဖွယ် ဖြစ်သည်။ တစ်မြို့လုံးသည် ၁၈၉၄ ခုနှစ်မှ စ၍ အင်မလီကို ခေတ်အဆက်ဆက် အမွေခံ၍ တာဝန်ယူထားသကဲ့သို့ ဖြစ်သည်။ အမေရိကန် ပြည်တွင်းစစ်ဖြစ်စဉ်က တောင်ပိုင်း သဟာယ အစိုးရဘက်မှ သက်စွန့်ကြိုးပမ်း အမှုတော် ထမ်းခဲ့ဖူးသော ဗိုလ်မှူးကြီး ဆာတောရိသည် ၁၈၉၄ ခုနှစ်တွင် ထိုမြို့၌ မြို့တော်ဝန်အဖြစ် တင်မြှောက်ခြင်း ခံရသည်။ ဗိုလ်မှူးကြီးသည် မြို့တော်ဝန်ဖြစ်သည်နှင့် တစ်ပြိုင်နက် မြို့ရေး ရွာရေးဆိုင်ရာ အခွန်တော်အားလုံးနှင့် စပ်လျဉ်း၍ အင်မလီအား သူ့ဖခင် အနိစ္စရောက်သည့်နေ့မှ စ၍ အခွန်လွတ်ငြိမ်းခွင့် ပေးခဲ့သည်။ ပေးစဉ်က အင်မလီသည် ဒုက္ခသည်ကလေး ဖြစ်လာသောကြောင့် အရပ်ကဝင်ကူရသည်ဟု မဖြစ်စေလို။ ထို့ကြောင့် ဗိုလ်မှူးကြီး ဆာတောရိသည် ပါးစပ်သတင်းတစ်ခုကို လွှင့်ခဲ့သည်။ ထိုသတင်းသည် အခြားမဟုတ်။

အင်မလီ၏ ဖခင်သည် မြို့အုပ်ချုပ်ရေးအဖွဲ့သို့ ငွေအမြောက်အမြား ထုတ်ချေးခဲ့သယောင်ယောင် သတင်းဖြစ်သည်။ အကြွေးဆပ်သော သဘောဖြင့် သူ့သမီးအား အခွန်လွတ်ငြိမ်းခွင့် ပေးခြင်းကို တစ်မြို့လုံးက ဆန္ဒရှိကြသယောင်ယောင် သတင်းဖြစ်သည်။ ထိုသတင်းမျိုးကို ဗိုလ်မှူးကြီး ဆာတောရိတို့ ခေတ်က ခေတ်၏ သဘောထား စိတ်ထားကို သိသော ရဲဘော် အမျိုးသား တစ်ဦးကသာ ဖန်တီးနိုင်မည် ဖြစ်သည်။ ထိုသတင်းမျိုးကို ထိုခေတ် အမျိုးသမီးတစ်ဦးကသာ လက်ခံနိုင်မည် ဖြစ်သည်။

ခေတ်ဟောင်းကုန်၍ ခေတ်သစ်ဝင်လာပြီ။ ထိုအခါ ခေတ်သစ် မြို့တော်ဝန်တို့သည် လည်းကောင်း၊ ခေတ်သစ် ကော်မတီလူကြီးတို့သည် လည်းကောင်း ခေတ်သစ်အမြင်ကို မြင်လာကြသဖြင့် ဗိုလ်မှူးကြီး ဆာတောရိ ပေးခဲ့သော အခွန်လွတ်ငြိမ်းခွင့်ကို မကျေနပ်ချင်သလိုလို ဖြစ်လာကြသည်။ ထို့ကြောင့် သူတို့ အုပ်ချုပ်သော ပထမနှစ်၊ ပထမလ၊ ပထမနေ့တွင် အခွန်တောင်းသော နို့တစ်စာကို အင်မလီထံသို့ ပို့လိုက်၍ စောင့်ကြည့်နေကြသည်။ ဖေဖော်ဝါရီလသို့သာ ရောက်လာသည်။ အခွန်တော် ပေးဆောင်ခြင်းကား မရှိခဲ့ချေ။ ထို့ကြောင့် ခေတ်သစ် မြို့တော်ဝန်နှင့် ခေတ်သစ် ကော်မီတီ လူကြီးတို့သည် အင်မလီကိုယ်တိုင် မြို့အုပ်ချုပ်ရေးမှူးရုံးသို့ သင့်လျော်သော အချိန်တွင် လာရန် ဆင့်စာတစ်စောင်ကို ရုံးထုံးအတိုင်း ရေး၍ အင်မလီထံသို့ ပို့ပြန်သည်။ သို့ရာတွင် အကြောင်းမထူးလှချေ။ သီတင်းတစ်ပတ် ကြာသောအခါ မြို့တော်ဝန်ကိုယ်တိုင် လာ၍ တွေ့ဆုံမည် ဖြစ်ကြောင်း၊ သို့တည်းမဟုတ် မြို့တော်ဝန်၏ မော်တော်ကားဖြင့် လိုက်လာရန် မော်တော်ကား ပို့လိုက်မည် ဖြစ်ကြောင်း မြို့တော်ဝန်ကိုယ်တိုင် စာရေး၍ အင်မလီထံ ပို့ပြန်သည်။ ဤတစ်ကြိမ်တွင် အင်မလီထံမှ ပြန်စာ တစ်စောင် ရလာသည်။ ပြန်စာ စာရွက်သည် ခေတ်ဟောင်းက စာရွက်ဖြစ်သည်။ စာရွက်ပါ အဆင်တန်ဆာသည် ခေတ်ဟောင်းက အဆင်တန်ဆာ ဖြစ်သည်။

လက်ရေးလက်သားသည် ခေတ်ဟောင်းက အလေ့အထအတိုင်း ချောမော သေသပ်သည်။ စာလုံးသည် ခေတ်ဟောင်းက အလေ့အထအတိုင်း သေးသေးတာတာ ဖြစ်သည်။ မင်သည် အရောင်မှိန်နေပြီ။ ပြန်စာ၏ အဆိုမှာ ယခုအခါ၌ သူသည် အရပ်ထဲသို့ မထွက်တော့ဟု ဆိုသည်။ ထိုမျှသာဆို၍ ပြန်စာ၌ အခွန်တောင်း နို့တစ်စာကို တွဲ၍ ပြန်ပို့လိုက်သည်။

ထို့ကြောင့် မြို့တော်ဝန်သည် ကော်မတီ အစည်းအဝေး တစ်ရပ် ခေါ်၍ စဉ်းစားရပြန်သည်။ ဆုံးဖြတ်ချက်အရ ကိုယ်စားလှယ်တစ်ဖွဲ့ ဖွဲ့၍၊ အင်မလီနှင့် တွေ့ဆုံရန် ကိုယ်စားလှယ်အဖွဲ့ကို လွှတ်သည်။ ကိုယ်စားလှယ် အဖွဲ့သည် လွန်ခဲ့သော ကိုးနှစ် ဆယ်နှစ်လောက်မှ စ၍ မည်သူမျှ အဝင် အထွက် မရှိသော အိမ်ရှေ့ တံခါးမသို့ ရောက်၍ တံခါးကို ခေါက်လိုက်ရာ အိမ်စေ ကပ္ပလီအိုတစ်ဦး ထွက်လာသည်။ ကပ္ပလီအိုသည် ကိုယ်စားလှယ် အဖွဲ့အား အိမ်အဝင် အခန်းဆောင်ထဲသို့ ဝင်ခွင့်ပေးသည်။

ထိုအခန်းဆောင်သည် မှောင်တောင်တောင် ရှိလှသည်။ ဖုန်စော် နံသည်။ စိုထိုင်းထိုင်းအနံ့ ဖြစ်သဖြင့် အသက်ရှူကျပ်လှသည်။ ထို့နောက် ကပ္ပလီအိုသည် ကိုယ်စားလှယ်အဖွဲ့ကို ဧည့်ခန်းသို့ ခေါ်သွားသည်။ ဧည့်ခန်းရှိ အိမ်ထောင်ပရိဘောဂတို့သည် သားရေဖြင့်ပြီးသော ပစ္စည်းများဖြစ်သည်။ ကပ္ပလီအိုသည် ပြတင်းပေါက်ခန်းဆီးကို ဆွဲဖွင့်လိုက်သောအခါ ကိုယ်စား လှယ် အဖွဲ့သည် သားရေပစ္စည်းများတွင် အက်ကြောင်းတို့ကို မြင်ကြရ သည်။ တစ်ဖန် သားရေကုလားထိုင်များ၌ ထိုင်လိုက်ကြသောအခါ ဖုန် ထလာသည်။ ထလာသော ဖုန်တို့သည် ပြတင်းပေါက်မှ ဝင်လာသော နေရောင်တွင် မသိမသာ ပျံတက် ရစ်ဝဲနေကြသည်။ ဧည့်ခန်းရှိ ဆောင်းတွင်း မီးလင်းဖိုရှေ့တွင် ပန်းချီကားတစ်ကား ထောင်ထားသည်။ ကား၏ ပေါင် သည် ရွှေရည်သုတ် ဖြစ်သော်လည်း ညှိုးနေပြီ။ ရုပ်ပုံသည် အင်မလီ၏ မွေးသဖခင် ကျေးဇူးရှင် ဖြစ်သည်။

ဧည့်ခန်းထဲသို့ အင်မလီ ဝင်လာသောအခါ ကိုယ်စားလှယ်တို့သည် တရိုတသေ မတ်တတ်ထကြသည်။ အင်မလီသည် ပုပုပျပ်ပျပ် ဝဝ ဖြစ်သည်။ ဝမ်းနည်းနေသော အထိမ်းအမှတ်ဖြင့် တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားသည်။ ရွှေနာရီကြိုးသည် ရင်ညွန့်အထိဆင်း၍ ခါးပတ်ထဲ၌ ပျောက်သွားသည်။ အင်မလီကိုင်သော တုတ်သည် အဖိုးတန် အယ်ဗနီကြိမ်တုတ်ဖြစ်၍ ပြောင်လက်နေသည်။ ကြိမ်တုတ်ခေါင်း၌ ရွှေအထွတ် တပ်ထားသည်။ သူ့ကို ကြည့်ရသည်မှာ ဖျော့တော့၍ ဖောတောတော အန်း တန်းတန်းဖြစ်နေပုံ ရသည်။ အစ်တစ်တစ် ပွတတ ဖြစ်နေသော သူ့မျက်နှာတွင် သူ့မျက်လုံးသည် မြုပ်နေသလို ဖြစ်သည်။ ကိုယ်စားလှယ်တို့က သူတို့ လာရောက် တွေ့ဆုံရခြင်း အကြောင်းကို အစီရင်ခံနေကြသောအခါ တစ်မျက်နှာမှ တစ်မျက်နှာသို့ ကူးကာ ပြောင်းကာ လိုက်ကြည့်နေသော သူ့မျက်လုံးနှစ်လုံးသည် ဂျုံစိမ်းအပျော့ထဲ၌ ထိုးထည့်ထားသော မီးသွေးခဲ နှစ်ခဲနှင့် တူပါဘိ၏။

အင်မလီသည် တရိုတသေ မတ်တတ်ထနေကြသော ကိုယ်စားလှယ်တို့ကို အထိုင်မခိုင်းချေ။ သူလည်း တံခါးအနီး၌သာ မတ်တတ်ရပ်လျက် ပြောသမျှကို မတုန်မလှုပ် နားထောင်သည်။ ပြောသူမှာ ပြောစရာ ကုန်သွားသဖြင့် ခလုတ်တိုက်၍ ပစ်လှဲဘိသကဲ့သို့ စကားကို ရပ်လိုက်ရသည်။ ထိုအခါ တစ်ခန်းလုံး တိတ်သွားသည်။ အင်မလီ၏ ရွှေနာရီကြိုးဖြင့် ဆင်း၍ အင်မလီ၏ ခါးပတ်ထဲ၌ အောင်းနေသော နာရီ၏ ချက်ချက်မြည်သံကိုသာ ကြားကြရသည်။

အင်မလီက ပြန်ပြောပြီ။ အသံသည် အေးစက်စက် ကြွပ်ဆတ်ဆတ်ဖြစ်သည်။

'ဒီ ဂျက်ဖာဆင်မြို့မှာ ငါဆောင်ရမယ့် အခွန်ဆိုလို့ ဘာအခွန်မှ မရှိဘူး။ ကြားရဲ့လား။ ဗိုလ်မှူးကြီး ဆာတောရိက ငါ့ကို အကုန်ရှင်းလင်း

ပြောပြခဲ့တယ်။ နင်တို့မှာ ရှိတဲ့ အုပ်ချုပ်ရေးမှတ်တမ်းတွေကို ပြန်ကြည့်ကြ။ ကြားရဲ့လား'

'ကျွန်တော်တို့ ကြည့်ပြီးပြီ ခင်ဗျာ။ ကျွန်တော်တို့ ကိုယ်တိုင်က အုပ်ချုပ်ရေး အာဏာပိုင်တွေပါ။ အုပ်ချုပ်ရေးမှူးဆီက နို့တစ်စာ မရဘူးလား ခင်ဗျာ'

'စာတစ်ရွက်ကိုတော့ ရပါရဲ့။ သူ့ကိုယ်သူ အုပ်ချုပ်ရေးမှူးလို့ ဆိုတာပဲ။ ဒါပေမဲ့ ဒီဂျက်ဖာဆင်မြို့မှာ ငါ ဆောင်ရမယ့် အခွန်ဆိုလို့ ဘာအခွန်မှ မရှိဘူး၊ ကြားရဲ့လား'

'မှတ်တမ်းတွေထဲမှာ ဒီအကြောင်း မပါဘူးခင်ဗျာ။ ဒီတော့ ဥပဒေ ရှိတဲ့ အတိုင်း...'

'အို ဒါတွေဟာ ငါနဲ့ ဘာမှမဆိုင်ဘူး။ ဗိုလ်မှူးကြီးဆာတောရိကို မေးကြည့်ကြ။ ဒီ ဂျက်ဖာဆင်မြို့မှာ ငါဆောင်ရမယ့် အခွန်ဆိုလို့ ဘာအခွန်မှ မရှိဘူး။ ကြားရဲ့လား'

'ဒါပေမဲ့ စဉ်းစားပါဦးလေ'

'စဉ်းစားစရာ မလို။ မလို။ မလို။ ဗိုလ်မှူးကြီး ဆာတောရိကိုသာ မေး။ ကြားရဲ့လား။ (ဗိုလ်မှူးကြီး ဆာတောရိ အနိစ္စရောက်သည်မှာ ဆယ်နှစ်ခန့် ကြာမြင့်ခဲ့ပြီ။) ဒီ ဂျက်ဖာဆင်မြို့မှာ ငါဆောင်ရမယ့် အခွန်ဆိုလို့ ဘာအခွန်မှ မရှိဘူး။ ဟဲ့ တိုဗယ်' အိမ်စေ ကပ္ပလီအို ရောက်လာသည်။ ထိုအခါ အမယ်အို အင်မလီက 'တိုဗယ်။ ဟောဒီက မိတ်ဆွေတွေ ပြန်ကြပါစေ။ တံခါးဖွင့်ပေးလိုက်' ဟု အမိန့်ပေးလိုက်သည်။

ဤသို့ဖြင့် အမယ်အို အင်မလီသည် ခေတ်သစ်မြို့တော်ဝန်နှင့် ခေတ်သစ် ကော်မတီလူကြီးတို့ကို ဖြတ်ပိုင်းလိုးချ အောင်ပန်းရလိုက်သည်။ ဤတစ်ကြိမ်

သာ မဟုတ်။ လွန်ခဲ့သော အနှစ်သုံးဆယ်ကာလ သူတို့၏ အမိအဖများ လက်ထက်က မြို့တော်ဝန်နှင့် ကော်မတီ လူကြီးတို့ကိုလည်း အင်မလီသည် သူ့အိမ်ဝင်းထဲက အပုပ်နံ့ ကိစ္စနှင့် စပ်လျဉ်း၍ ဖြတ်ပိုင်းလှီးချ အောင်ပန်း ရခဲ့ဖူးသေးသည်။ ထိုအခါကား အင်မလီ၏ဖခင် အနိစ္စရောက်၍ နှစ်နှစ် ခန့် ကြာပြီးသည့်နောက် သူနှင့် လက်ထပ်တော့မည်ဟု ထင်ကြေးအပေးခံ ရသော သူ့ချစ်သူက သူ့ကို စွန့်သွားသောအခါ ဖြစ်သည်။ သူ့ဖခင် အနိစ္စ ရောက်ပြီးသည့် နောက်ပိုင်းတွင် အင်မလီသည် တစ်ခါတစ်ရံလောက်သာ ပြင်ပသို့ ထွက်သည်။ ထို့နောက် သူ့ချစ်သူက သူ့ကို စွန့်သွားသောအခါ၌ ကား ပြင်ပသို့ လုံးဝ မထွက်။ အိမ်ထဲ၌သာ ကုပ်၍ နေလေတော့သည်။ အသိမိတ်ဆွေ အမျိုးသမီး အချို့သည် အင်မလီ၏အိမ်သို့ အလည်အပတ် သွားကြပါ၏။ သို့ရာတွင် အင်မလီက အတွေ့မခံချေ။ သူ့ဝင်း သူ့အိမ် အတွင်း၌ လှုပ်လှုပ်ရှားရှား သွားလာနေသော သူသည် သူ့အိမ်စေ တိုဗယ် အမည်ရှိသော ကပ္ပလီတစ်ဦးသာ ဖြစ်သည်။ ထိုအခါကသော် တိုဗယ်သည် လူငယ်လူရွယ် ဖြစ်၍ စားရေးသောက်ရေးအတွက် ဈေးအဝယ် ထွက်ရသူ ဖြစ်သည်။

'ယောကျ်ားအိမ်စေ တစ်ယောက်တည်းနဲ့ မီးဖိုချောင် အလုပ်ဟာ ဘယ်မှာ စေ့ငနိုင်ပါ့မလဲ အေတို့ရယ်' ဟု အမျိုးသမီးအချို့က ပြောဆို ညည်းတွား သနားလိုက်ကြသည်။ ထို့ကြောင့် အင်မလီ၏ ဝင်းမှ အပုပ်နံ့ ထွက်လာသောအခါ မည်သူမျှ အံ့သြခြင်း မဖြစ်ကြချေ။ စင်စစ်မှာ ထိုအပုပ်နံ့ သည် သာမန် အရပ်သူ အရပ်သားတို့ကို ဂုဏ်ကြီးရှင် အင်မလီနှင့် တစ်နည်း တစ်လမ်း ဆက်သွယ်ပေးလိုက်ဘိသကဲ့သို့ ဖြစ်သည်။

အင်မလီ၏ အိမ်နီးချင်း အမျိုးသမီးတစ်ဦးသည် အင်မလီ၏ ခြံဝင်း ဘက်မှ အပုပ်နံ့ရပါသည်ဟု အသက်ရှစ်ဆယ် အရွယ်ရှိသော မြို့တော်ဝန် စတီဗင်ဆင်ကို တိုင်ပါလေတော့သည်။

'မိန်းကလေးရဲ့။ အပုပ်နံ့ရတော့ ကျုပ်က ဘာလုပ်ပေးရမှာတုံးဗျ' ဟု မြို့ဝန်က မေးသည်။

'အပုပ်နံ့ ပျောက်သွားအောင် လုပ်ပေးပါလို့ အကြောင်းကြားဖို့ပေါ့။ ဥပဒေ အရှိသားပဲ'

'လိုမယ် မထင်ပါဘူး မိန်းကလေးရယ်။ ဟိုကပွလီက သူတို့ အိမ်နောက်ဖေးမှာ ကြွက်လား၊ မြွေလား သတ်ထားလို့ ဖြစ်ပါလိမ့်မယ်။ ဟိုကပွလီကို ဦး ခေါ်ပြီး ပြောလိုက်ပါ့မယ်။ ကဲ ပြန်ပါ။ ပြန်ပါ'ဟု မြို့တော်ဝန်က ချော့လိုက်ရသည်။

နောက်တစ်နေ့တွင် မြို့တော်ဝန်ထံသို့ တိုင်စာနှစ်စောင် ရောက်လာသည်။ တစ်စောင်သည် မြို့တော်ဝန်ထံသို့ မရဲတရဲ၊ မဝံ့တဝံ့ လာရောက်မေတ္တာရပ်ခံသော အမျိုးသားတစ်ဦး၏ တိုင်စာဖြစ်သည်။'မြို့တော်ဝန်မင်းရဲ့၊ တစ်ခုခုလုပ်ကြမှ ဟန်မယ်ထင်တယ်ဗျ။ အမျိုးသမီး အင်မလီကို ကျွန်တော် အင်မတန် အားနာပါတယ်။ ကိုယ်ချင်းလဲ စာပါတယ်။ ဒါပေမဲ့ မခံမရပ်နိုင်လွန်းလို့ တိုင်ရခြင်း ဖြစ်ပါတယ်ခင်ဗျာ' ဟု ထိုအမျိုးသားက ဆိုသည်။ ထို့ကြောင့် မြို့တော်ဝန်သည် ထိုညတွင် ကော်မတီ အစည်းအဝေး တစ်ရပ်ခေါ်သည်။ ကော်မတီတွင် မုတ်ဆိတ်မွေး ဖြူနီကြောင်ကျားနှင့် အဘိုးကြီးသုံးယောက်ပါ၍ တက်ခေတ် လူငယ်တစ်ဦး ပါသည်။

တက်ခေတ် လူငယ်က ဆိုသည်မှာ'မခက်ပါဘူးဗျာ။ ကိုယ့်ခြံ ကိုယ့်ဝင်းကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ဆေးကြောသုတ်သင်ပါလို့ အကြောင်းကြားလိုက်ရုံပေါ့ဗျ။ ဒီလို အကြောင်းကြားလို့မှ မလိုက်နာဘူးဆိုရင်...'

ထိုအခါ မြို့တော်ဝန်က 'ဟ ...။ ပြောတော့ လွယ်ရန်ကောကွာ။ ဂုဏ်သရေရှိ အမျိုးသမီးကြီး တစ်ဦးကို နံသလေး၊ စော်သလေးနဲ့ မျက်နှာပြောင်တိုက်ပြီး ဘယ်သူ စွပ်စွဲရဲမှာလဲကွ'ဟု ငေါက်၍ ပြန်ပြောလိုက်သည်။

သို့ရာတွင် နောက်တစ်နေ့ည သန်းခေါင်ကျော် အချိန်တွင် ဤသို့

ဖြစ်လာရသည်။ လူလေးယောက်သည် အင်မလီ၏ အိမ်ဝင်းထဲသို့ ပုန်းလျှိုး ကွယ်လျှိုး သူခိုးပမာ ဝင်ပြီးနောက် သုံးယောက်သော သူတို့က အုတ်တိုက်၏ ဖိနပ်နံရံတို့ကို လည်းကောင်း၊ စားနပ်ရိက္ခာ သိုလှောင်ရာဖြစ်သော အောက် ထပ် မြေတိုက် လေဝင်ပေါက်တို့ကို လည်းကောင်း လိုက်၍ အနံ့ခံကြသည်။ တစ်ယောက်သော သူက သူ့ပခုံး၌ ပိုးလာသော ထုံးအိတ်ငယ်မှ ထုံးမှုန့်တို့ကို ပျိုးကြဲသကဲ့သို့ ကြဲဖြန့်၍ ဖြူးပေးသည်။ မြေတိုက်တံခါးကို ချိုးဖွင့်၍ ထုံးမှုန့် များ ဖြူးပေးသည်။ ဝင်းအတွင်းရှိ တန်းလျားအိမ်ငယ်တို့၌လည်း ထုံးမှုန့်များ ဖြူးပေးသည်။ ထို့နောက် အိမ်ဝင်းထဲမှ ထိုလူလေးယောက် ထွက်ကြသော အခါ အင်မလီကို သူတို့ မြင်ကြသည်။ လူကိုယ်တိုင်ကို မြင်ကြရသည် မဟုတ်။ အရိပ်မည်းမည်းကိုသာ မြင်ကြခြင်း ဖြစ်သည်။ အထက်ထပ် အခန်းတစ်ခု၌ မီးထွန်းထားသည် ဖြစ်ရာ အင်မလီ၏ အရိပ်မည်းမည်းသည် မှန်ပြတင်း၌ ထင်နေသည်။ ထိုအရိပ်မည်းမည်းသည် ကိုယ်တစ်ပိုင်းအရိပ် ဖြစ်၍ ရုပ်တု ဆင်းတု မည်းမည်းကဲ့သို့ မလှုပ်မရှား၊ မားမားမတ်မတ် ထင်နေသည်။ ထိုလူလေးယောက်သည် ထိုအရိပ်မည်းမည်းကို ကြည့်၍ ဝင်းအတွင်းမှ တိုးတိုးတိတ်တိတ် ထွက်သွားကြသည်။ သီတင်းတစ်ပတ် ကျော် နှစ်ပတ်ခန့် ကြာသောအခါ အပုပ်နံ့ ပျောက်သွားသည်။

ထိုကိစ္စ မပေါ်ခင်ကသော် ကျွန်တော်တို့ တစ်မြို့လုံးသည် အင်မလီ ကို အလွန်တရာ သနားကရုဏာ ဖြစ်နေကြသည်။ မြို့သူမြို့သားတို့သည် အင်မလီ၏ ကြီးတော်အပျိုကြီး စိတ်နောက်ဖူးသည်ကို သိကြသည်။ ထို ဆွေမျိုးစုသည် ဘဝင်မြင့်ထိုက်သည်ထက် ပို၍ ဘဝင်မြင့်ကြသည်ကိုလည်း သိကြသည်။ ထိုအခါကသော် အပျိုမ အင်မလီကို လာရောက်ပိုးပန်းကြသူ လူငယ်ကာလသား အမြောက်အမြား ရှိသည်ကိုလည်း သိကြသည်။ သို့ရာ တွင် တန်သလား၊ ရာသလားဆို၍ ပယ်လိုက်သည်ချည်း ဖြစ်သည်ကိုလည်း သိကြသည်။ ကျွန်တော်တို့သည် အင်မလီတို့သားအဖ ဒွေးတော်မိကြီးတို့ကို

ကြည့်စရာ ရှုစရာ ဇာတ်နိပါတ် ရုပ်စုံတန်းသဖွယ် သဘောထားခဲ့ကြသည်မှာ ကြာပါပြီ။ ဤသို့ဖြင့် အသက်သုံးဆယ် ရှိလာပြီဖြစ်သော အင်မလီသည် လိုတာမရ၊ ရတာ မလို၊ ဟိုင်းအပျို ဆိုဘိသကဲ့သို့ အပျိုဟိုင်း ဖြစ်လာခဲ့သည်။

သူ့ဖခင် ဆုံးသွားသောအခါ ပစ္စည်းဆို၍ အိမ်ကြီးတစ်ဆောင်သာ ကျန်ခဲ့သည်။ ယခင်ကသော် မြို့သူမြို့သားတို့သည် သူတို့၏ ဇာတိမာန ဂုဏ်မာနကို မေးငေါ့ခဲ့ကြသည်။ ယခုသော် အင်မလီသည် မိမဲ့ဖမဲ့ ဖြစ်ပြီ။ လူဆင်းရဲဘဝသို့ လျှောကျပြီ။ ထိုအခါ တစ်မြို့လုံးက ဝိုင်း သနားနိုင်ကြပြီ။ တစ်နည်းဆိုရလျှင် ဝမ်းမြောက်ခြင်း ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဆင်းရဲလာသော အင်မလီတွင် ကိုယ်ချင်းစာနာစိတ် ဝင်လာနိုင်စရာ အကြောင်း ရှိသည်ဟု တွက်နိုင်သောကြောင့် ဖြစ်သည်။

သူ့ဖခင် ဆုံးပြီး၍ နောက်တစ်နေ့တွင် မြို့ပေါ်ရှိ မြို့မျက်နှာဖုံး အမျိုးသမီးတို့သည် ကျွန်တော်တို့မြို့ ထုံးစံအတိုင်း အားပေးစကား ပြောခြင်း၊ ကူညီဆောင်ရွက်ခြင်း အမှုကိုပြုရန် အင်မလီ၏အိမ်သို့ သွားကြပါသည်။ ထိုအခါ အင်မလီသည် အိမ်ရှေ့တံခါးဝသို့ ထွက်လာသည်။ အခါတိုင်းကဲ့သို့ပင် ဝတ်စား ဆင်ယင်၍ ထွက်လာသည်။ သောကပရိဒေဝ တောက်လောင်ခြင်း စိုးစဉ်းမျှမရှိသော အမူအရာနှင့် ထွက်လာသည်။ ထို့နောက် သူ့အဖေ သေသည် မဟုတ်ဟု ဆိုလွှတ်လိုက်သည်။ သုံးရက်တိုင်တိုင် ထိုသို့ ဆိုလွှတ်လိုက်သည်။ အမှုတော်ဆောင် ဓမ္မဆရာတို့က ထုံးစံရှိသည့် အတိုင်း မြှုပ်နှံသဂြိုဟ်ရန် လာ၍ ပြောဟောကြပါသော်လည်း ထိုသို့ပင် ဆိုလွှတ်သည်။ ဆရာဝန်များက လာပြောကြပါသော်လည်း ထိုသို့ပင် ဆိုလွှတ်သည်။ ပြောကြ ဟောကြ၍ မရသည့်အဆုံးတွင် ဥပဒေအရ တင်းတင်းမာမာ ပြုရတော့မည့် အခြေသို့ ဆိုက်လာသည်။ ကံအားလျော်စွာ ထိုအခိုက် အင်မလီသည် အားပြတ်၍ အလဲကြီး လဲပါလေတော့သည်။ ထိုအခါကျမှ သူ့ဖခင်၏အလောင်းကို မြန်မြန်ထက်ထက် မြေချ သဂြိုဟ်ခြင်း ပြုလိုက်ကြရသည်။

ထို့နောက် အင်မလီသည် ကာလအတန်ကြာမြင့်အောင် မကျန်းမမာ ဖြစ်၍ အိပ်ရာထဲ၌ လဲနေရှာသည်။ သူ့ကို ကျွန်တော်တို့ ပြန်မြင်ရသောအခါ သူ့ဆံပင်ကို ခပ်တိုတို ညှပ်ထားလိုက်လေပြီ။ သူ့မျက်နှာသည် ကလေးမ မျက်နှာသဖွယ် ဖြစ်လာ၍ ငယ်ရုပ်ပေါက်နေသည်။ ဘုရားရှိခိုးကျောင်းရှိ မှန်ပြတင်းက ဆေးရောင်စုံ နတ်သမီး နတ်သားရုပ်တို့၏ မျက်နှာကဲ့သို့ ကြေကွဲစရာ၊ ကြည်ညိုစရာ ရုပ်လက္ခဏာ ပေါ်နေသလိုလို ထင်ရသည်။

ထိုအချိန်တွင် ကျွန်တော်တို့မြို့၌ လမ်းဘေးဝဲယာ၌ သမံတလင်း ခင်းရန် ကံထရိုက်ပေးလိုက်သဖြင့် နွေပေါက်သည်နှင့် တစ်ပြိုင်နက် အလုပ်ကို စ ကြသည်။ ထိုအခါ ကံထရိုက်ကုမ္ပဏီသည် ကပ္ပလီလုပ်သားတို့ကို လည်းကောင်း၊ စက်ကိရိယာများကို လည်းကောင်း၊ ဝန်တင်လားများကို လည်းကောင်း ယူလာသည်။ ဗယ်ရွန်အမည်ရှိသော ယန်းကီးခေါ် အမေရိကန် မြောက်ပိုင်းသား တစ်ဦးသည် ဦးစီးအဖြစ်ဖြင့် ပါလာသည်။ ဗယ်ရွန်သည် လူထွားလူကျိုင်း ဖြစ်သည်။ အသားညိုသည်။ ဖျတ်လတ်သည်။ အသံသြဇာ ကောင်းသည်။ သူ့မျက်လုံးသည် သူ့အသားလောက် မညို။ ညိုတိုတိုမျှသာ ဖြစ်သည်။ မြို့ထဲတွင် ကလေးတစ်အုပ်သည် သူ့နောက်သို့ တကောက်ကောက် လိုက်၍ ကြည့်ကြသည်။ ဗယ်ရွန်သည် ကပ္ပလီလုပ်သား များ အလုပ်နေရာ မကျသည်ကိုမြင်လျှင် ရေရွတ်ကြိမ်းမောင်းသည်။ ကပ္ပလီ များသည် မိမိတို့ ဘာသာဘာဝ သံချပ်လိုလို အတိုင်အဖောက်ဆိုကာ ပေါက်တူးဖြင့် မြေကို ပေါက်ကြသည်။ ရက်အနည်းငယ် ကြာသောအခါ ဗယ်ရွန် သည် မြို့ထဲ၌ သူ မသိသူ မရှိသလောက် ဖြစ်လာသည်။ တစ်နေရာရာ၌ ပျော်ပျော်ရွှင်ရွှင် ရယ်သံမောသံ ကြားလိုက်ရလျှင် ထိုနေရာ လူလယ်ခေါင်၌ ဗယ်ရွန် ရှိနေသည်သာ ဖြစ်သည်။ နောက်ထပ် ရက်အနည်းငယ် ကြာသော အခါ ကျွန်တော်တို့သည် တနင်္ဂနွေနေ့ ညနေဖက်များတွင် လက်ညီခြေညီ

အရောင်အသွေး ညီလှသော မြင်းနှစ်ကောင်တပ် ဗာဂီ ပက်လက်ရထားပေါ်၌ ဗယ်ရွန်နှင့် အင်မလီ စုံတွဲကို မြင်လာကြရသည်။

ပထမသော် အင်မလီသည် ရှင်ရှင်ပျပျ ဖြစ်လာပြီဟု ယူဆ၍ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြသည်။ အဘယ့်ကြောင့်ဆိုသော် မြို့မျက်နှာဖုံး အမျိုးသမီးတစ်စုက 'အို အေ ဒါလောက်တောင် ဇာတိမာန် ဂုဏ်မာန် တက်နေတဲ့ အင်မလီတို့အမျိုးဟာ မြောက်ပိုင်းသား အလုပ်သမားလို အကောင်ကို အရေးလုပ်ပါ့မလား အေ့' ဟု ပြောကြသောကြောင့် ဖြစ်သည်။ ထို့ပြင် လူကြီးပိုင်းကလည်း အမျိုးမာန် တက်သူသည် မည်မျှပင် ဆင်းရဲမွဲတေနေစေကာမူ အမျိုးဂုဏ်ကိုကား စောင့်တတ်ကြောင်း အပြောအဆို ရှိသောကြောင့်လည်း ဖြစ်သည်။ သို့ရာတွင် သူတို့ကပင် 'ခြော် အင်မလီရယ်။ သနားပါတယ် ဟယ်။ သူ့ဆွေမျိုးထဲက တစ်ယောက်ယောက်ကတော့ သူနဲ့အတူ လာနေဖို့ ကောင်းပါတယ်' ဟု ပြောကြသေးသည်။ မှန်၏။ အယ်လဗားမားနယ်၌ အင်မလီ၏ ဆွေမျိုးများ ရှိကြသည်။ သို့ရာတွင် သူ့အဖေရှိစဉ်က သူ့ကြီးတော် အပျိုကြီး၏ အမွေကိစ္စကြောင့် ခွာပြဲ၍ သေခန်း ရှင်ခန်း ပြတ်ခဲ့ကြသည်။ သူ့အဖေ ဆုံးသောအခါ သူ့အဖေအသုဘသို့ သူတို့ကို မဖိတ်မခေါ် နေခဲ့သည်။

မြို့မိမြို့ဖ လူကြီးပိုင်းက 'အင်မလီလေး သနားစရာပါဟယ်' ဟု ဆိုကြစဉ် မြို့ထဲ၌ တီးတိုးသတင်း အမျိုးမျိုး ဖြစ်လာသည်။ 'ဘယ့်နှယ့်လဲ ကွယ့်။ တကယ်ပဲလား။ ယုံရမှာလား' ဟု တစ်ယောက်တစ်ပေါက် ပြောလာကြသည်။တစ်ဖန် 'ဟုတ်တာပေါ့။ မပုပ်ဘဲလဲ မပေါ်ဘူးတဲ့။ မဟုတ်ဘဲလဲ မကျော်ဘူးတဲ့' ဟူသော တီးတိုးလက်ကုပ်စကားတို့သည် တနင်္ဂနွေနေ့ ညနေတိုင်း လက်ညီခြေညီ အရောင်အသွေးညီလှသော မြင်းနှစ်ကောင်တပ် ဗာဂီပက်လက်ရထား မောင်းလာသည့်အခါ ရပ်အနှံ့ မြို့အနှံ့ ဖြစ်ပေါ်ခဲ့သည်။

'ခြော် အင်မလီရယ်။ သနားဖို့ ကောင်းလိုက်ပါဘိ'

ရာပြည့်စာအုပ်တိုက်

အင်မလီကမူ မဖြုန်လှ။ ခေါင်းကို ခပ်မော့မော့ ထားသည်။ အင်မလီ အကျောခံလိုက်ရပြီဟု ကျွန်တော်တို့က ထင်နေကြသည့်အခါမှာပင် သူ့ခေါင်းကို သူ ခပ်မော့မော့ ထားမြဲထားသည်။ ဂုဏ်မောက်လှသော အင်မလီတို့ ဆွေမျိုးဆက်တွင် နောက်ဆုံးတစ်ယောက်အဖြစ် ကျန်နေသေးသော သူ့ကို တစ်မြို့လုံးက အခါတိုင်းထက် ပို၍ ရှိသေခဲ့ညားခြင်း ရှိကြရမည်ဟု သူက တောင်းဆိုနေသကဲ့သို့ ဖြစ်သည်။ လောကဦ သူ လုပ်သမျှသာ အမှန်ဖြစ်၍ သူပြောသမျှကိုသာ နာခံရမည်ဟု တစ်မြို့လုံးကို အာဏာပြနေဘိသကဲ့သို့ ဖြစ်သည်။ သာဓကမှာ စိန်ပါသော ကြွက်သတ် အဆိပ်ဆေးကို သူ ဝယ်စဉ်အခါက ထိုကဲ့သို့သော အာဏာကို ပြခဲ့ဖူးသည်။ သူ့အိမ်သို့ ညီမဝမ်းကွဲနှစ်ယောက် လာ၍ ခေတ္တခဏ နေထိုင်သောအခါက ဖြစ်သည်။

'ငါ အဆိပ် လိုချင်တယ်' ဟု အင်မလီက ပြော၍ ဘယဆေးသမား ထံမှ အဆိပ်ကို ဝယ်သည်။ ထိုအခါကသော် အင်မလီသည် အသက် သုံးဆယ်ကျော်မျှသာ ရှိသေးသည်။ ကိုယ်လုံး ကိုယ်ထည် ပါးပါးလျားလျား ဖြစ်သည်။ အနည်းငယ် ပိန်သည်။ သို့ရာတွင် မျက်လုံးအစုံသည် မာနရောင် ကြောင့် တောက်ပြောင်နေသည်။ ပင်လယ်ပြင်၌ တစ်ကိုယ်တည်း နေလေ့ ရှိသော ပင်လယ်မီးပြတိုက်စောင့်၏ မျက်နှာကဲ့သို့ မျက်နှာသေနှင့်လည်း ဖြစ်သည်။ 'ငါ အဆိပ် လိုချင်တယ်' ဟု အင်မလီက ဆိုသည်။

ပရဆေးသမားက 'ရနိုင်ပါတယ်။ ဘယ်လို အမျိုးအစားထဲက ပါလဲ။ ကြွက်သတ်ဖို့လား။ ကြွက်သတ်ဖို့ဆိုရင်' ဟု စကား အဆုံးမသတ် ခင်ပင်

'ဘာမျိုး ညာမျိုး ငါ နားမလည်ဘူး။ ငါ အဆိပ် လိုချင်တယ်။ တကယ့်အဆိပ် လိုချင်တယ်'

ပရဆေးသမားသည် အဆိပ် အမျိုးအမည်တို့ကို ပြောပြသည်။

ထို့နောက် ဆက်၍ ဆိုသည်မှာ 'ဒီအဆိပ်တွေဟာ ဆင်ကြီးကိုတောင် တုံးခနဲ လဲသွားစေနိုင်တယ်။ ဒါပေမဲ့ သခင်မလေး လိုချင်တာက'

'စိန် စိန်။ စိန်ကို လိုချင်တယ်။ စိန်လဲ တကယ့် အဆိပ်ပဲ မဟုတ်လား'

'ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ သခင်မလေး လိုချင်တာက ဟာဝါအတွက်'

'စိန် စိန်။ စိန်ကို လိုချင်တယ်'

ပရဆေးသမားသည် အင်မလီကို စိန်းစိန်းကြည့်နေရာ အင်မလီကလည်း မတ်မတ်ရပ်၍ မျက်နှာ ခပ်တင်းတင်းထားလျက် ပရဆေးသမားကို ပြန်ကြည့်သည်။ ထိုအခါ ပရဆေးသမားက 'ရတာပေါ့။ စိန်ကိုလဲ လိုချင်ရင် ရနိုင်ပါတယ်။ ဒါပေမဲ့ ဥပဒေအရ စိန်ကို ဘယ်လို သုံးမလဲ ဆိုတာ ပြောဖို့ လိုပါလိမ့်မယ်' ဟု ဆို၏။

အင်မလီသည် ပရဆေးသမားကို ကြည့်ပြန်၏။ မိမိ၏ ဦးခေါင်းကို နောက်သို့ အတန်ငယ် တိမ်းလိုက်ပြီးနောက် စူးစူးစိုက်စိုက် ကြည့်ပြန်၏။ ထိုအခါ ပရဆေးသမားသည် မျက်နှာသုန်၍ အခန်းထဲသို့ ဝင်သွားသည်။ ထို့နောက် စိန်ကို သေတ္တာငယ်၌ ထည့်၍ စက္ကူဖြင့် ပတ်သည်။ ထို့နောက် အရောင်းသမား ကောင်ကလေးတစ်ယောက်သာ အပြင်သို့ ထွက်လာ၍ စက္ကူထုပ်ကို အင်မလီအား ပေးလိုက်သည်။ အိမ်သို့ရောက်သောအခါ အင်မလီက အထုပ်ကို ဖြေကြည့်ရာ သေတ္တာငယ်ကို တွေ့သည်။ သေတ္တာငယ် အဖုံးပေါ်၌ ကြက်ခြေခတ် လက်ဖျံရိုးနှစ်ချောင်းနှင့် လူခေါင်းခွံ တံဆိပ်ပါ၏။ ထိုတံဆိပ် အောက်နားတွင် 'ကြွက်သတ်ရန်' ဟု ရေးထားသည်။

၄

ထို့ကြောင့် 'ဒီမိန်းမဟာ စိန်စားပြီး သူ့ကိုယ်သူ သတ်သေတော့မယ် ထင်ပါရဲ့' ဟု နောက်တစ်နေ့တွင် ကျွန်တော်တို့ ပြောခဲ့ကြသည်။ 'သူ့အဖို့ သေလိုက်

သည်က မြတ်သည်’ဟု လည်း ပြောကြပါသေးသည်။ ဗယ်ရွှန်နှင့် နှစ်ပါး သွားနေစဉ်ကလည်း ‘ဒီမိန်းကလေးဟာ ဗယ်ရွှန်နဲ့ ညားတော့မှာပဲ’ဟု ကျွန်တော်တို့ အချင်းချင်း ပြောဖူးသည်။ ထို့နောက် ‘အင်မလီတော့ ဒုက္ခပဲ ဟေ့။ ဒါပေမဲ့ သူ့ကို ယူအောင်တော့ ဒီအကောင်ကို သူ မျက်နှာချိုသွေးမှာ ပဲကွ’ ဟု ကျွန်တော်တို့ ပြောကြပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ဗယ်ရွှန် က မသတ္တဝါကို သူ မခင်ကြောင်း၊ ကျားကျားလျားလျား နေလိုသော ဆန္ဒသာ ရှိကြောင်း ပြောဖူးသောကြောင့် ဖြစ်သည်။ ဟုတ်ပေသည်။ တစ်ခါသော် မြို့ပေါ်ရှိ အစ်ကိုကာလသား ကလပ်တစ်ခုတွင် ဗယ်ရွှန်သည် လူငယ်များနှင့်အတူ ပျော်ပျော်ပါးပါး စားစားသောက်သောက် ပြုရင်း အိမ်ထောင်သားမွေး ပြုလိုသော လူစားထဲတွင် သူ မပါကြောင်း၊ သူသည် တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်ကြောင်း ပြောဖူးသည်။ ရက်အတော် ကြာသွားသော အခါ ‘အင်မလီတော့ သနားစရာပါပဲကွာ’ဟု မြင်းနှစ်ကောင် ကသော ဗာဂီ ရထားပေါ်၌ ဗယ်ရွှန်နှင့် အင်မလီတို့ တွဲခုတ်သွားသည်ကို မြင်ကြသောအခါ ကျွန်တော်တို့ ပြောကြပြန်သည်။ ဗာဂီရထားသည် တလက်လက်။ အင်မလီသည် မော့လျက် မော်လျက်။ ဗယ်ရွှန်သည် ဦးထုပ် ကို တစောင်းဆောင်းလျက်။ ဆေးပြင်းလိပ်ကြီးကို ပါးစောင်မှာ ခဲလျက်။ ဗယ်ရွှန်ကိုယ်တိုင် အဝါရောင်လက်အိတ် စွပ်ထားသော လက်ဖြင့် မြင်း ဇက်ကြိုးကို အုပ်၍ ကြာပွတ်ကို ကိုင်လျက်။

ထိုအခါ မြို့မျက်နှာဖုံး အမျိုးသမီး ပရိသတ်သည် မခံမရပ်နိုင် ဖြစ်လာသည်။ မြို့နာလှချည့်။ သင်း အရှက်နည်းလှချည့်။ သင်းကြောင့် သမီးပျို သားပျိုများ ပျက်စီးရချည့်။ ထိုသို့ ညည်းတွားလာကြသည်။ ယောကျ်ားပရိသတ်များကမူ အေးအေးဆေးဆေး မသိလိုက် မသိဘာသာ နေလိုက်ကြသည်။ မိန်းမပရိသတ်သည်ကား အငြိမ်မနေ။ အရပ်ထဲက ဓမ္မ ဆရာကို တိုင်ကြသည်။ အင်မလီကို ဆုံးမရန် မေတ္တာရပ်ကြသည်။ ဓမ္မဆရာ

သည် အင်မလီထံသို့ သွားပါ၏။ ပြန်လာ၍ ဝိုင်းမေးကြသောအခါ ဘာ တစ်ခွန်းမျှ ထုတ်မပြော။ တုဏှိဘော လုပ်နေသည်။ နောက်ထပ် မသွား လိုကြောင်းသာ ခေါင်းတခါခါနှင့် တွင်တွင်ကြီး ငြင်းသည်။ နောက်တနင်္ဂနွေ တွင် ဗယ်ရွန်နှင့် အင်မလီတို့သည် အခါတိုင်းကဲ့သို့ပင် တွဲခုတ်နေကြပြန် သည်။ တနင်္လာနေ့တွင် ဓမ္မဆရာ၏ ဇနီးသည် အယ်လဗားမား နယ်ရှိ အင်မလီ၏ ဆွေမျိုးများထံသို့ စာရေး၍ အကြောင်းကြားလိုက်သည်။

ထို့ကြောင့် များမကြာခင် အင်မလီ၏ ညီမဝမ်းကွဲနှစ်ယောက်သည် အင်မလီ အိမ်သို့ ရောက်လာကြသည်။ မည်သို့ ဖြစ်ကြမည်နည်း။ ကျွန်တော် တို့သည် စောင့်ကြည့်ကြသည်။ ပထမသော် မည်သို့မျှ မဖြစ်ကြချေ။ ထို့ နောက် အင်မလီနှင့် ဗယ်ရွန်တို့သည် လက်ထပ်ကြတော့မည်ဟု ကျွန်တော် တို့ အသေအချာ သိလာကြသည်။ အင်မလီသည် ရွှေဆိုင်သို့ သွား၍ ယောကျ်ား အသုံးအဆောင် အလှအပ ငွေထည်ပစ္စည်းတစ်စုံ မှာယူကြောင်း၊ ငွေထည်ပစ္စည်းတွင် ဗယ်ရွန်၏ နာမည် အတိုကောက်စာလုံးများကို အထွင်း ခိုင်းကြောင်း၊ တစ်ဖန် နောက်နှစ်ရက်လောက် ကြာသောအခါ ညအိပ် အင်္ကျီ အပါအဝင် ယောကျ်ားဝတ်စုံတစ်စုံ ဝယ်ပြန်ကြောင်း ကျွန်တော်တို့ သိလာကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် 'သူတို့ ညားကြတော့မှာ လား' ဟု ဆိုကာ ကျွန်တော်တို့သည် ဝမ်းသာလုံး ဆို့သွားမတတ် ဖြစ် လိုက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အင်မလီ၏ ညီမဝမ်းကွဲနှစ်ယောက် တို့သည် သူတို့ ဆွေမျိုးဉာဉ်ဆိုးအလိုက် ဟန်ကြီး ပန်ကြီး လုပ်သည့် အရာတွင် အင်မလီထက် လက်တစ်ဆစ်ကဲသဖြင့် သူတို့မာန ကျိုးပေတော့ မည်ဟု အထင်ရှိသောကြောင့် ဖြစ်သည်။

လမ်းဘေးဝဲယာ သမံတလင်းခင်း ကံထရိုက်အလုပ် ပြီးခဲ့သည်မှာ အတန်ကြာပါပြီ။ ထို့ကြောင့် ဗယ်ရွန် ပြန်သွားသောအခါ ကျွန်တော်တို့ အံ့သြခြင်း မဖြစ်ကြပါ။ အရပ်ထဲမှာ ယခုမှ ဟင်းချနိုင်၍ စိတ်သက်သာရာ

ရသွားကြသည်။ ကျွန်တော်တို့မှာကား မကျေမနပ် ဖြစ်ကြသည်။ သို့ရာတွင် ကျွန်တော်တို့မှာ ယူဆချက်တစ်ခု ရှိသည်။ ကျွန်တော်တို့ ယူဆကြသည်မှာ ဗယ်ရွှန် ပြန်သွားခြင်းသည် သူ့နောက်သို့ အင်မလီ လိုက်လာနိုင်အောင် လမ်းခင်းပေးခြင်းသော် လည်းကောင်း၊ သူ့ညီမဝမ်းကွဲနှစ်ယောက်သူတို့ အရပ်သို့ ပြန်သွားကြအောင် ဉာဏ်နီဉာဏ်နက် ထုတ်ခြင်းသော်လည်းကောင်း ဖြစ်တန်ရာ၏ဟု ယူဆကြသည်။ ကျွန်တော်တို့ ယူဆကြသည့်အတိုင်း ဖြစ်လာသည်။ သီတင်းတစ်ပတ် ကြာသောအခါ ထိုညီအစ်မနှစ်ယောက်သည် သူတို့အရပ်သို့ ပြန်သွားကြသည်။ ထို့နောက် ကျွန်တော်တို့ယူဆခဲ့ကြသည့်အတိုင်း ဗယ်ရွှန်သည် သုံးရက်အကြာတွင် ပြန်ရောက်လာ၍ အင်မလီအိမ်ထဲသို့ နောက်ဖေးပေါက်မှ ဝင်ပါလေတော့သည်။ ညနေ နေဝင်ဖျိုးဖျ အချိန်တွင် အင်မလီ၏အိမ်စေ ကပ္ပလီက ဗယ်ရွှန်အား တံခါး ဖွင့်ပေးသည်ကို အိမ်နီးနားချင်း တစ်ဦးက မျက်ဝါးထင်ထင် မြင်လိုက်ရသည်။

ဗယ်ရွှန်ကို ကျွန်တော်တို့ မြင်ကြသည်မှာ ထိုအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်သည်။ ဤအခါမှစ၍ အင်မလီကို မမြင်ကြသည်မှာ အတော်ကြာမြင့်ခဲ့သည်။ အိမ်စေ ကပ္ပလီ ဈေးချင်းတောင်းဆွဲလျက် ဈေးသွားဈေးပြန် ပြုသည်ကိုသာ ကျွန်တော်တို့ မြင်ကြသည်။ အင်မလီ့အိမ်တွင် အိမ်ရှေ့တံခါးကို မသုံး။ ပိတ်ထားသည်က များသည်။ တစ်ခါတစ်ရံ အင်မလီကို အိမ်ပြတင်း၌ ခဏတစ်ဖြုတ် ဆိုဘိသကဲ့သို့ မြင်ကြပါသည်။ အပုပ်နံ့ကြောင့် သူ့အိမ် ဝင်းထဲသို့ ဝင်၍ ထုံးမှုန့်ဖြူးကြသောညက ထိုလူလေးယောက် မြင်ကြသကဲ့သို့ ဖြစ်သည်။ မြို့ထဲ၌ကား အင်မလီကို မမြင်ရသည်မှာ ခြောက်လနီးပါးခန့် ကြာခဲ့သည်။

နောက်တစ်ကြိမ် အင်မလီကို ကျွန်တော်တို့ မြင်ကြသောအခါ အင်မလီသည် ခပ်ဖိုင့်ဖိုင့် ဖြစ်နေပြီ။ သူ့ဆံပင်သည် ညိုမှိုင်းမှိုင်း ဖြစ်နေပြီ။ ထိုအခါမှစ၍ အင်မလီသည် အိမ်ရှေ့တံခါးကို လုံးဝ ပိတ်လိုက်သည်။

ထို့နောက် သူ့အသက် လေးဆယ်အရွယ်ခန့်တွင် ခြောက်နှစ်၊ ခုနစ်နှစ် လောက် အိမ်ရှေ့တံခါးကို ပြန်သုံးသည်။ ထိုအခါကသော် အင်မလီသည် သူ့အိမ် အောက်ထပ်၌ ကြွေပန်းကန် ဆေးရေးသင်တန်းကို ဖွင့်ထားသော ကြောင့် ဖြစ်သည်။ ဗိုလ်မှူးကြီး ဆာတောရိုခေတ်က လူကြီးပိုင်းသည် သူတို့ ၏သမီးများကို လည်းကောင်း၊ မြေးမိန်းကလေးများကို လည်းကောင်း ထို သင်တန်းသို့ ပို့၍ အခပေးကာ ကြွေပန်းကန် ဆေးရေးအတတ်ကို သင်ယူ စေသည်။ ထိုလူကြီးပိုင်းသည် အလွန် စိတ်အားထက်သန်ကြသည်။ မည်မျှ ထက်သန်ကြသနည်းဟူမူ သူတို့၏သမီးများကို လည်းကောင်း၊ မြေး မိန်း ကလေးများကို လည်းကောင်း တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ မသွားမနေရ အတင်းလွှတ်သကဲ့သို့ ထိုသင်တန်းသို့လည်း မသွားမနေရ အတင်းလွှတ်ကြသည်။

ထို့နောက် ကျွန်တော်တို့မြို့တွင် လူကြီးပိုင်း လဲ၍ လူငယ်ပိုင်း တက်လာသောအခါ လူငယ်တို့သည် မြို့ရေးရွာရေးကိစ္စတို့၌ တွင်ကျယ်လာ ကြသည်။ ကြွေပန်းကန် ဆေးရေးသင်တန်း တက်သူများလည်း အချိန်တန်၍ သင်တန်းဆင်းကုန်ကြပြီးသည့်နောက် သူတို့၏ သမီးများကို သင်တန်းသို့ မပို့ဘဲ နေလိုက်ကြသည်။ ထို့ကြောင့် သင်တန်းကို ပိတ်လိုက်ရသည်။ သင်တန်းကို ပိတ်လိုက်သောအခါ အိမ်ရှေ့တံခါးကိုလည်း ပိတ်လိုက်တော့ သည်။ ထို့နောက် အစိုးရက မြို့အသီးသီး၌ စာပို့တိုက်များ ဖွင့်လှစ်ပေးသဖြင့် ကျွန်တော်တို့မြို့၌လည်း စာပို့တိုက် ဖွင့်လှစ်ပေးသောအခါ အိမ်များ၌ အိမ် နံပါတ် ကြေးစာလုံးများကို တပ်ပေးကြသည်။ ထိုအခါ အင်မလီသည် သူ့အိမ်၌ အိမ်နံပါတ် ကြေးစာလုံး မတပ်ရဟု ငြင်းသည်။ မည်သို့မျှ ရှင်းပြ၍ မရ။ မျက်စိ စုံမှိတ်၍ ငြင်းသည်။

ထို့နောက် နေ့ကိုလစား၍၊ လကိုနှစ်စား၍ ကာလသာ လျှားလာ သည်။ အင်မလီကိုကား ကျွန်တော်တို့ မမြင်ကြတော့ချေ။ နေ့စဉ်နှင့်အမျှ

ဈေးခြင်းတောင်းဆွဲကာ ဝင်ထွက်သွားလာနေသော အိမ်စေကပ္ပလီကိုသာ မြင်ကြသည်။ကပ္ပလီသည်လည်း ဆံပင်ဖြူ၍ ခါးကိုင်းလာသည်။ မြို့အုပ်ချုပ်ရေး ရုံးသည် နှစ်စဉ် ဒီဇင်ဘာလ ရောက်တိုင်း အင်မလီထံသို့ အခွန်တောင်းနို့တစ်စာ ပို့လေ့ရှိသည်။ ပို့တိုင်း ပို့တိုင်း ထိုနို့တစ်စာသည် လက်ခံမည့်သူမရှိ။ ရုံးသို့ ပြန်ရောက်လာသည်ချည်း ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့သည် အိမ်အောက်ထပ် ပြတင်းပေါက်၌ အင်မလီကို မြင်ကြပါ၏။ သို့ရာတွင် မြင်ကြသော ပုံသဏ္ဍာန်သည် ကိုယ်တစ်ပိုင်း ရုပ်တုကဲ့သို့သော ပုံသဏ္ဍာန်သာ ဖြစ်သည်။ ကျွန်တော်တို့ကို လိုက်၍ ကြည့်နေသလား၊ မကြည့်နေသလား ကျွန်တော်တို့ မသိနိုင်ကြပါ။ ဤသို့ဖြင့် ခေတ်သာ ပြောင်းလာသည်။ အင်မလီသည်ကား မပြောင်း။ မောက်မာမြဲဖြစ်၍ ခက်ထန်မြဲ ဖြစ်သည်။ အထီးကျန် နေမြဲ ဖြစ်၍ ပတ်ဝန်းကျင်ကို မထေလေးစား ပြုမြဲဖြစ်သည်။ ကျွန်တော်တို့ကလည်း သူ့အကြောင်းကို ထည့်၍ တွေးမြဲ ဖြစ်သည်။

ထို့နောက် အသက် ၇၄ နှစ်အရွယ်တွင် အင်မလီ အနိစ္စရောက်လေသည်။ အဟောင်းအမြင်း ဖုန်မှုန့်တို့ အပြည့်ဖြစ်နေသော အိမ်ကြီးတွင် အင်မလီ နာနေစဉ်ကသော် သူ့အနီးတွင် ကပ္ပလီအို တုန်တုန်ချည့်ချည့် တစ်ဦးသာ ရှိရှာသည်။ အင်မလီ နာသည်ကို ကျွန်တော်တို့ မသိဖြစ်ခဲ့သည်။ ကပ္ပလီအိုကြီးထံမှ ကျွန်တော်တို့ သတင်းမယူချင်တော့သဖြင့် မယူဘဲ နေသည်မှာ ကြာပါပြီ။ ကပ္ပလီအိုကြီးကလည်း မည်သူ့ကိုမျှ တစ်ခွန်း တစ်ပါဒ မဟဘဲ နေသည်။ သူ့သခင်မ အင်မလီကိုပင် တစ်ခွန်းတစ်ပါဒ ဟပုံမရ။ သူ့အသံကို သူ အသုံးမပြုဘဲ နေသောကြောင့်ပေလား မသိ။ သူ့အသံသည် သံချေးကိုက်နေဘိသကဲ့သို့ အက်တက်တက် ရှတတ ဖြစ်နေသည်။

အင်မလီ၏ ရုပ်ကလာပ်ကို အိမ်အောက်ထပ် အခန်း၌ ပြင်ထားသည်။ မျက်နှာကြက်တပ် အဖိုးတန် သစ်ချသား ခုတင်ပေါ်၌ ပြင်ထားသည်။ ခေါင်းအုံးပေါ်တွင် ဆံပင်မွဲပြာရောင် ပေါက်နေသော သူ့ဦးခေါင်းကို မြင်ရ

သည်။ ခေါင်းအုံးသည် ကြာလှ ဟောင်းလှပြီ ဖြစ်သဖြင့် အရောင်ညှိုးနေသည်။ နေရောင် မပြဘဲ ထားသဖြင့် မှိုတက်နေသည်။

၅

ကပ္ပလီအိုသည် အသုဘကို ပထမဦးဆုံး ရောက်လာကြသော မြို့မျက်နှာဖုံး အမျိုးသမီးများကို တံခါးဝမှနေ၍ ဆီးကြိုသည်။ အသုဘအခန်းကို ပြသည်။ အမျိုးသမီးများသည် စကားမပြော။ ငြိမ်သက်တိတ်ဆိတ် နေကြသည်။ စကားပြောလျှင် လေသံဖြင့်သာ ပြောကြသည်။ ကြည့်စရာ ရှုစရာတို့ကိုကား အနှံ့အပြား တစ်ခုမကျန် ရှာ၍ကြည့်ကြသည်။ ထိုအခိုက်တွင် ကပ္ပလီအို ပျောက်သွားသည်။ အိမ်ထဲသို့ ဝင်သွားပြီးနောက် နောက်ဖေးပေါက်မှ ထွက်သွားရာ ပေါ်မလာတော့ပြီ။

ယခင် ညီအစ်မဝမ်းကွဲနှစ်ယောက်သည် ချက်ချင်း ရောက်လာကြသည်။ အသုဘ ဒုတိယနေ့တွင် သူတို့က ဧည့်ပရိသတ်ကို ဧည့်ခံကြသည်။ ဧည့်ပရိသတ်သည် အင်မလီကို ကြည့်ချင်ကြသည်။ အင်မလီ၏ ရုပ်ကလာပ်ပေါ်တွင် ဈေးမှဝယ်သော ပန်းများကို ကြဲဖြန့်ထားသည်။ အသုဘ ခုတင်ထိပ်တွင် အင်မလီ၏ ဖခင်ရုပ်ပုံ ပန်းချီကားကို ထောင်ထားသည်။ ဖခင်၏ မျက်နှာသည် ကမ္ဘာ္ဘာန်း ရှုနေသကဲ့သို့ ဖြစ်သည်။ အမျိုးသမီးတို့သည် အသုဘအခန်းတွင် ရှုံ့နေကြဟန် တူသည်။ စကားပြောလျှင် လေသံဖြင့်သာ ပြောကြသည်။ ယောကျာ်း ပရိသတ်သည် ဆင်ဝင်အောက်၌ လည်းကောင်း၊ အိမ်ပြင် မြက်ခင်းပေါ်၌ လည်းကောင်း ရောက်နေကြသည်။ ယောကျာ်း ပရိသတ်တွင် ယခင် တောင်ပိုင်း သဟာယအစိုးရ စစ်တပ် ယူနီဖောင်း ဝတ်စုံ အဟောင်းအနွမ်း ဝတ်ထားသော ခေါင်းဖြူစွယ်ကျိုး အဘိုးအိုများ ပါသည်။ ထိုအဘိုးအိုတို့သည် အင်မလီကို သူတို့၏ ရဲဘော်ရဲဘက် အဖြစ် သဘောထား၍ အင်မလီအကြောင်းကို ပြောနေကြသည်။ အင်မလီကို သူတို့

ပိုးဖူး ပန်းဖူးသလိုလို၊ အင်မလီနှင့် တွဲ၍ ကဖူးသလိုလို ပြောနေကြသည်။ ထိုအဘိုးအိုများအဖို့မှာ အတိတ်သည် မှေးမှိန်ကွယ်ပျောက် သွားတတ်သော လမ်းကြောင်း ဖြစ်သည်ဟု မယူဆ။ လွန်ခဲ့သော ဆယ်နှစ်လောက်ကမှ ခွဲထုတ်ခြင်း ခံလိုက်ရသော၊ အစဉ်ထာဝရ ဖူးပွင့် ဝေဆာနေသော မြက်ခင်းပြင်ဟု ယူဆနေကြဟန် တူသည်။

အင်မလီ၏ အိမ်ထဲတွင် လွန်ခဲ့သော အနှစ်လေးဆယ်လောက်မှ စ၍ မည်သူမျှ မမြင်ဖူးသော အခန်းတစ်ခန်း ရှိသည်ဟု လည်းကောင်း၊ ထိုအခန်းကို ဖွင့်လိုလျှင် တံခါးကို ပေါက်ခွဲ၍ ဖွင့်မှ ပွင့်မည်ဟု လည်းကောင်း ကျွန်တော်တို့ သိလာကြသည်။ ထို့ပြင် အင်မလီ၏အလောင်း မြေသို့ ကျပြီးမှသာ ထိုအခန်းကို ဖွင့်မည်ဟုလည်း သိလာကြသည်။

ထိုအခန်း၏ တံခါးကို ပေါက်ခွဲ၍ ဖွင့်လိုက်သောအခါ တစ်အိမ်လုံး ဟိန်းသွား၍ တစ်ခန်းလုံး ဖုန်ထသွားသည်။ ထိုနောက် အခန်းထဲမှ လူသေကောင်လွှမ်းသော အဝတ်၏ စိမ်းရွှေရွှေအနံ့မျိုးသည် ထောင်းခနဲ ထလာသည်။ သို့ရာတွင် အခန်း၏ အဆင်အပြင်ကား လက်ထပ်မင်္ဂလာ အခမ်းအနားအတွက် ဆင်ပြင်ထားသော အဆင်အပြင်မျိုး ဖြစ်သည်။ ကျွန်တော်တို့သည် ညှိုးမှိန်နေပြီဖြစ်သော ပန်းရောင်တင်းတိမ်ကို အိပ်ရာခုတင်၌ တွေ့ကြသည်။ စားပွဲတင် မီးအိမ်ကို လည်းကောင်း၊ ညှိုးနေပြီဖြစ်သော ပန်းရောင်မီးအုပ်ဆောင်းကို လည်းကောင်း တွေ့ကြသည်။ အလှပြင်စားပွဲကို တွေ့ကြသည်။ နုလှသော ကျောက်သလင်းပစ္စည်းတို့ကို တွေ့ကြသည်။ ယောကျ်ားအသုံးအဆောင် ငွေထည်ပစ္စည်းတို့ကို တွေ့ကြသည်။ ငွေထည်ပစ္စည်းများကို အကြိမ်ကြိမ် အဖန်ဖန် ပွတ်တိုက်ထားသောကြောင့်ပေလား မသိ။ ငွေသားပေါ်၌ ထွင်းထားသော နာမည်အတိုကောက် စာလုံးတို့သည် ပျက်နေကြပြီ။ စိမ်းရွှေရွှေ အနံ့သည် ထိုပစ္စည်းတို့မှလည်း တငွေ့ငွေ့ထွက်နေဟန် တူသည်။ ထိုပစ္စည်းများအပြင် ယောကျ်ားသုံး လည်ပင်းကော်လာတစ်ခုကို လည်း

ကောင်း၊ လည်စည်းတစ်ခုကို လည်းကောင်း တွေ့ကြရသေးသည်။ ထို့ပြင် ယောကျ်ားဝတ်စုံ တစ်စုံကိုလည်း တွေ့ကြရသေးသည်။ ထိုဝတ်စုံကို ကုလားထိုင် နောက်မှီပေါ်၌ အခေါက်လိုက် တင်ထားသည်။ ထို့နောက် ကုလားထိုင်ခြေရင်း၌ ယောကျ်ားစီး ရှူးဖိနပ်တစ်ရံကို လည်းကောင်း၊ ခြေအိတ်တစ်စုံကို လည်းကောင်း တွေ့ကြရသေးသည်။

ထိုယောကျ်ားသည် ထိုအိပ်ရာခုတင်၌ လဲလျောင်း အိပ်စက်ခဲ့ပြီ။

ကျွန်တော်တို့သည် ထိတ်လန့်ဖွယ်ကောင်းသော၊ အသားမရှိသော လူခေါင်းခွံ၏ မချိသွားဖြဲ ပုံပန်းကို အတန်ကြာမျှ ငေးကြည့်နေကြသည်။ သူ၏ ကိုယ်နေလက်ထား ပုံသဏ္ဌာန်သည် ပွေ့ဖက်ထားသော ပုံသဏ္ဌာန် ဖြစ်ဟန်တူသည်။ အရိုးစုရှင် ထိုယောကျ်ားသည် အနှစ်လေးဆယ်ကျော် တိုင်တိုင် မနိုးမထသော အိပ်ခြင်းကို အိပ်ခဲ့ပြီ။ ထိုအိပ်ခြင်းရှည်ကြီးသည် ချစ်ခန်းကြိုက်ခန်းကိုလည်း ကျော်လွှန်ခဲ့သည်။ အချစ်ကြီး၍ အမျက်ကြီးသည်ကိုလည်း အဆုံးသတ်ခဲ့သည်။ ထိုအိပ်ခြင်းရှည်ကြီးသည် သစ္စာပျက်ဇာတ်လမ်းကို ခင်းခဲ့ပြီ။ သူ့အသား သူ့အသွေးတို့သည် သူ့ညအိပ်အင်္ကျီထဲတွင် ပုပ်သိုး ခြောက်သွေ့ ဆွေးမြေ့၍၊ သူ လဲလျောင်းရာဖြစ်သော အိပ်ရာနှင့် ခွဲ၍ မရတော့ပြီ။ ဖွဲ့ကောင်းလှသော၊ ခံနိုင်ရည်ရှိလှသော ဖုန်မှုန့် တစ်ထပ်သာလျှင် သူ့အပေါ်၌ လည်းကောင်း၊ သူ့နံပါးက ခေါင်းအုံးအပေါ်၌ လည်းကောင်း ကျန်ခဲ့သည်။

ထို့နောက် ကျွန်တော်တို့သည် သူ့နံဘေးက ခေါင်းအုံးပေါ်တွင် ခွက်၍ ကျန်ခဲ့သော ခေါင်းအုံးရာကို သတိပြုမိကြသည်။ ကျွန်တော်၏ သူငယ်ချင်းသည် ခွက်နေသော ခေါင်းအုံးရာမှ အရာဝတ္ထုတစ်ခုကို ကောက်ယူလိုက်ရာ စိမ်းရွှေရွှေအနံ့ ထွက်လာပြန်သည်။ ထို့နောက် ကျွန်တော်တို့သည် ထိုအရာဝတ္ထုကို အနီးကပ်၍ ကြည့်လိုက်ကြသည်။ ရှည်လျားသော ညိုမှိုင်းမှိုင်း ဆံပင်ချည်တန်းကို မြင်ကြရပါသတည်း။

[ ငွေတာရီ၊ အမှတ်(၃၁)။ ဇန်နဝါရီ၊ ၁၉၆၃ ]



**အမေရိကန် အမျိုးသား စာရေးဆရာ**
**ဟဲမင်းဝေး [ ၁၈၉၉–၁၉၆၁ ]**
**Ernest Hemingway, [ 1899-1961 ]**

အမေရိကန် စာရေးဆရာ ဟဲမင်းဝေးသည် ၁၉၅၄ ခုနှစ်တွင် ကမ္ဘာကျော် နိုဗဲစာပေဆု အချီးမြှင့်ခံရသူ ဖြစ်သည်။ ဆုချီးမြှင့်ရာတွင် ပရိသတ်၏စိတ်ကို သိမ်းကျုံး ယူငင်နိုင်သော ရေးဟန်ကြောင့် ချီးမြှင့်သည်ဟု ဆိုသည်။

ချီကာဂိုမြို့၏ ဆင်ခြေဖုံး ရပ်ကွက်၌ ဖွားမြင်သည်။ အဖသည် အမဲပစ်၊ ငါးဖမ်း ဝါသနာပါသော ဆရာဝန် ဖြစ်၍ အမိသည် ဘာသာတရား၌ ကိုင်းရှိုင်းသူ၊ ဂီတဝါသနာပါသူ ဖြစ်သည်ဟု ဆိုသည်။ ဟဲမင်းဝေးသည် အဖ အမဲလိုက်ထွက်သောအခါ၌ လည်းကောင်း၊ ငါးဖမ်း ထွက်သောအခါ၌ လည်းကောင်း အဖနှင့်အတူ လိုက်ပါလေ့ရှိသဖြင့် ငယ်စဉ်အခါကပင် အမဲပစ်ခြင်း၊ ငါးဖမ်းခြင်းတို့ကို ပြုတတ်သည်။ အမိသည် ဂီတကို အထူးဂရုစိုက်၍ သင်ပေးပါသော်လည်း

ဟဲမင်းဝေးသည် ဂီတ၌ စိတ်ပါဝင်စားခြင်း မရှိချေ။ သို့ရာတွင် အမိကဲ့သို့ စိတ်သဘောသိမ်မွေ့ခြင်း ရှိ၍ ဖွဲ့ကောင်းသူ ဖြစ်သည်။

ဟဲမင်းဝေးက မိန့်ဆိုဖူးသည်မှာ 'သတ္တိရှိခြင်း ဆိုသည်မှာ နှစ်မျိုး ရှိကြောင်း။ တစ်မျိုးမှာ အန္တရာယ်နှင့် ရင်ဆိုင်ဝံ့ခြင်း ဖြစ်၍ နောက် တစ်မျိုးမှာ တာဝန်ရှိသည့်အတိုင်း ပေါက်မြောက်အောင် ဆောင်ရွက် နိုင်ခြင်းတို့ ဖြစ်ကြောင်း' ဆိုသည်။ တစ်ဖန် နိုဗဲဆုအဖွဲ့၏ အတွင်း ရေးမှူးက ဆိုဖူးသည်မှာ 'ဟဲမင်းဝေး ရေးသမျှတွင် ဟဲမင်းဝေး၏ အမိက အာဘော်သည် အရေးကြီးက သက်လုံကောင်းအောင် အားထုတ်ရခြင်း ဖြစ်ကြောင်း' ဆိုဖူးသည်။ ငယ်ရာမှ ကြီးလာသော ဟဲမင်းဝေး၏ ဘဝလမ်းစဉ်သည် လည်းကောင်း၊ အညတြ အခြေမှ ကျော်စောလာသော ဘဝလမ်းစဉ်သည် လည်းကောင်း အထက် ပါ အဆိုနှစ်ရပ်နှင့် ကိုက်ညီသည်ဟု ထင်ဖွယ်ရှိသည်။

ဟဲမင်းဝေးသည် ငယ်စဉ်ကပင် ကာယဗလ ကောင်းသူလည်း ဖြစ်၍ ဉာဏ်ကောင်းသူလည်း ဖြစ်သည်။ ကျောင်းတွင် ကစားခုန် စား၌ ဝါသနာ ပါသည်။ လက်ဝှေ့၌ အထူး ဝါသနာပါသည်။ စာ ဘက်၌လည်း ပျို့လင်္ကာ စသော ရသစာပေ၌ တော်သည်။ သူ့အရေး အသားကို သူ့ဆရာများက အထူး ချီးကျူးခဲ့ကြသည်ဟု အဆိုရှိ သည်။ သို့ရာတွင် တန်းမြင့်ကျောင်း ပညာလောက် အထိသာ သူ စာသင်၍ သူ ဝါသနာပါသော စာအရေးအသား၌ လည်းကောင်း၊ ကစားခုန်စား၌ လည်းကောင်း၊ အမဲပစ်ခြင်း ငါးမျှားခြင်းတို့၌ လည်း ကောင်း သူ လုံးပမ်းလေ့ ရှိသည်။ထို့ကြောင့် အသက် ၁၈ နှစ် အရွယ် ၌ မိဘနှစ်ပါး၏ဆန္ဒကိုပယ်ကာ ကျောင်းထွက်၍ သတင်းစာလောက ထဲသို့ ဝင်သည်။ သတင်းစာလောကသို့ ဝင်သော ၁၉၁၇ ခုနှစ်၌ စစ်ထဲသို့ဝင်ရန် အားထုတ်သည်။ သို့ရာတွင် အပယ်ခံခဲ့ရသည်။

ထိုအချိန်တွင် ဥရောပ၌ ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားနေပြီ။ အမေရိကန်သည် အင်္ဂလိပ် ပြင်သစ်ဘက်သို့ ဝင်၍ ဂျာမနီကို တိုက်ပေးနေသည်။ ဟဲမင်းဝေးသည် စစ်ထဲသို့ ဝင်ခွင့်မရသောအခါ သတင်းစာလောက၏ အကူအညီကို ယူကာ ဥရောပသွား အမေရိကန် သူနာပြုတပ်သို့ ဝင်၍ ဥရောပ စစ်မြေပြင်သို့ သွားသည်။ ၁၉၁၈ ခုနှစ်တွင် အီတလီ စစ်မြေပြင်၌ ဒဏ်ရာအကြီးအကျယ် ရသည်။ စစ်ပြီးသောအခါ အမေရိကန်သို့ ပြန်လာသည်။ သို့ရာတွင် အမေရိကန်၌ မနေတတ် မထိုင်တတ် ဖြစ်သဖြင့် ၁၉၂၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ သွား၍ အမေရိကန် သတင်းထောက် အဖြစ်ဖြင့် အသက်မွေးသည်။ ဥရောပတွင် နေရာအနှံ့အပြားသို့ သွားသည်။ လူအမျိုးမျိုးနှင့် တွေ့သည်။ အတွေ့အကြုံ အမျိုးမျိုးနှင့် ရင်ဆိုင်သည်။ သတင်းဆောင်းပါးများအပြင် ကဗျာနှင့် ဝတ္ထုတိုများကိုလည်း ရေးစမ်းကြည့်သည်။ ဥရောပ၌ သူ အကြိုက်ဆုံးဖြစ်သော အရာတစ်ခုသည် စပိန်နိုင်ငံ၌ အစဉ်အလာအားဖြင့် အကြီးအကျယ် ကျင်းပလေ့ရှိသော နွားရိုင်းနှင့် လူတိုက်သည့် နွားရိုင်းတိုက်ပွဲ ဖြစ်သည်။

သတင်းထောက်အလုပ်ကိုလည်း တစ်ဖက်တစ်လမ်း လုပ်ကိုင်နေသည်ဖြစ်ရာ ဟဲမင်းဝေးသည် သတင်းကောင်း ရနိုင်ရာဖြစ်သော အရပ်များသို့ ရောက်သည်ချည်း ဖြစ်သည်။ ခိုးမှု၊ တိုက်မှု၊ မုဒိမ်းမှု၊ ပုန်ကန်မှု စသော ရက်ရက်စက်စက် ပြုကျင့်တတ်ရာ အရပ်၊ ယုတ်ယုတ်မာမာ ပြုကျင့်တတ်ရာ အရပ်၊ ဖွဲ့ကောင်းကောင်းနှင့် အံခဲ၍ ခံတိုက်ကြရာ အရပ်၊ အနိုင်မခံ အရှုံးမပေးကြရာ အရပ်၊ ဘေးအန္တရာယ်နှင့် ရင်ဆိုင် တိုက်ခိုက်ကြရာ အရပ်တို့သို့ ရောက်ဖူး၍ ဘဝအတွေ့အကြုံ အမျိုးမျိုးကို ကိုယ်တွေ့ မျက်မြင် သိခဲ့သည်။ ဤသို့ဖြင့် ဟဲမင်းဝေးသည် ဂရိနှင့် တူရကီစစ်ပွဲသို့ ရောက်ခဲ့၏။

ရာပြည့်စာအုပ်တိုက်

စပိန်နိုင်ငံ အာဏာရှင် ဖရန်ကိုနှင့် ကွန်မြူနစ်တို့၏ ပြည်တွင်းစစ်ပွဲသို့ ရောက်ခဲ့၏။ ဒုတိယကမ္ဘာစစ်တွင် ပြင်သစ်နိုင်ငံ မြေအောက် တော်လှန်ရေး၌ ပါဝင် ဆောင်ရွက်ခဲ့၏။ ထိုအရပ်တို့၌ ဟဲမင်းဝေးကို မတွေ့နိုင်လျှင် အာဖရိကတောကြီးထဲ၌ အမဲကြီးပစ်နေသည်ကို လည်းကောင်း၊ ကျူးဘား ပင်လယ်ပြင်၌ ပင်လယ် ငါးဖမ်းထွက်နေသည်ကို လည်းကောင်း တွေ့နိုင် မြင်နိုင်သည်။

ထို့ကြောင့် ဟဲမင်းဝေး ရေးသမျှဖြစ်သော ဝတ္ထုတို၊ ဝတ္ထုရှည်တို့တွင် တိုက်ပွဲတစ်ခုခုနှင့် သော်လည်းကောင်း၊ ထိုးပွဲသတ်ပွဲ တစ်ခုခုနှင့် သော်လည်းကောင်း၊ ပစ်ပွဲမျှားပွဲ တစ်ခုခုနှင့် သော်လည်းကောင်း တစ်နည်းတစ်လမ်းအားဖြင့် ဆက်သွယ်နေသည်ကို သိမြင်နိုင်သည်။ ထို့ပြင် တိုက်နေသူတို့၏ ရဲရင့်မှု၊ ခွဲကောင်းမှုတို့ကိုလည်း သိမြင်နိုင်၍ တိုက်ပွဲများ၌ ပေါ်လာတတ်ကြသော ယုတ်မာမှု၊ ညစ်ပတ်မှုတို့ကို လည်း သိမြင်နိုင်သည်။ ထို့ကြောင့် အချို့သော ဝေဖန်ရေးဆရာတို့က ဟဲမင်းဝေးအား လူသတ္တဝါတို့၏ ယုတ်မာသော အစိတ်အပိုင်းကို အစီရင်ခံရန် ဘုရားသခင်က လူ့လောကသို့ လွှတ်ထားသော "ဘုရားသခင်၏ အထောက်တော်" ဟု ဆိုကြသည်။ သို့ရာတွင် ဟဲမင်းဝေး ချီးကျူးလေ့ရှိသော တရားကား ယုတ်မာရက်စက်မှုတို့ကို နှိမ်နင်းရာ၌ ဖြစ်စေ၊ အန္တရာယ်နှင့် ရင်ဆိုင်ရာ၌ ဖြစ်စေ၊ အားပြိုင်ရာ၌ ဖြစ်စေ အနိုင်မခံ အရှုံးမပေးသော ခွဲ သတ္တိ ဝီရိယတရား ဖြစ်သည်ဟု ဆိုနိုင်သည်။ သူ့ဝတ္ထုတို၊ ဝတ္ထုရှည်များတွင် ထိုတရားသည် အမျှင်တန်းလျက် ပါတတ်သည်ချည်း ဖြစ်သည်။ အားပြိုင်ရာ၌ အနိုင်မခံ အရှုံးမပေးသော တရားအတွက် သာဓက တစ်ခုသည် "အဘိုးအိုနှင့် ပင်လယ်" (The Old Man and The Sea) ဝတ္ထု ဖြစ်သည်။

ဟဲမင်းဝေး ၏

# သုံးရက်ဆက် မုန်တိုင်းငယ်

[‘သုံးရက်ဆက် မုန်တိုင်းငယ်’ ဝတ္ထုတိုကို The Three-Day Blow မှ မြန်မာပြန်သည်။ ထိုဝတ္ထုတိုသည် ဟဲမင်းဝေး အသက် ၂၅ နှစ် အရွယ်က ရေးသော ဝတ္ထုတို ဖြစ်သည်ဟု ဆိုသည်။ ထိုဝတ္ထုတိုတွင် ဟဲမင်းဝေး၏ အဓိက အာဘော်နှင့် အဓိက စကားပြေရေးဟန်တို့၏ ဗီဇပေါ်သည်ဟု ဆိုပါသည်။ ဟဲမင်းဝေး၏ အဓိက အာဘော် ဆိုသည်မှာ မတော်မတရား အပြုခံရသော ကိစ္စမျိုးတွင် ရှုံးခဲ့စေကာမူ အနိုင် မခံလိုသော ဖွဲ့သတ္တိကို လည်းကောင်း၊ မိမိကိုယ်ကို မိမိ အောင်မြင်ခြင်း အတ္တဇယ သဘောကို လည်းကောင်း ဆိုလိုသည်။ ဟဲမင်းဝေး၏ အဓိက စကားပြေ ရေးဟန် ဆိုသည်မှာ သွက်သွက်လက်လက် ဒေါ်မာန်ပါပါ ရေးတတ်ခြင်းကို ဆိုလိုသည်။ ထိုဝတ္ထုတိုတွင် အချစ်စစ်ပွဲ၌ ရှုံးနိမ့်ခဲ့ကြသော ရည်းစားပျက်ဟောင်း လူငယ်နှင့် ရည်းစားပျက်သစ် လူငယ်နှစ်ဦးသည် အရှုံးပေးခဲ့ကြရစေကာမူ မိမိတို့ ကိုယ်ကို မျောပါမသွားအောင် အားတင်းတတ်ကြသည်ကို တွေ့နိုင်သည်။ ရည်းစားပျက် အဆွေးကို လည်းကောင်း၊ ရည်းစားပျက် အရှက်ကို လည်းကောင်း ဖျောက်ဖျက်ရန် လူငယ်တို့ဘာဝ ရန်းကန်အားတင်း၍ လူငယ်တို့ဘာဝ အဖြေတွေ့သွားပုံကို လူငယ်နှစ်ဦး၏ ကိုယ်နှုတ်နှလုံး အမူအရာတို့၌ ဟဲမင်းဝေးက အနုစိတ် ပြခဲ့သည်။ ပြရာ၌

ရာပြည့်စာအုပ်တိုက်

သွက်လက်သော ရေးဟန်ဖြင့် တို့ကာ ထိကာမျှသာ ပြသည်။ သို့ရာတွင် အာနိသင် အပြည့်ပါသည်ဟု ယူချင်သည်။ ]

---

မိုးရေထဲတွင် လမ်းလျှောက်လာသော လုလင်ပျို နီကီသည် မြို့ပြင်သို့ ရောက်လာ၏။ ထို့နောက် ပန်းသီးခြံ တစ်ခြံထဲသို့ ကွေ့၍ ဝင်လိုက်သောအခါ မိုးတိတ်သွားသည်။ ပန်းသီးခြံတွင် ပန်းသီးတို့ကို နောက်ဆုံးပိတ် ဆွတ်သိမ်းပြီးလေပြီ။ ထို့ကြောင့် နွေအကုန် ဆောင်းအကူး လေရူး မုန်တိုင်းငယ်သည် သီးမှည့်သစ်ကိုင်းတို့ကို တိုးဝှေ့ တိုက်ခတ်လျက်ရှိသည်။ ပန်းသီးတစ်လုံးသည် မြက်တောထဲ၌ မိုးရေကြောင့် တောက်ပြောင်နေ၏။ နီကီသည် ထိုပန်းသီးကို မြင်သောအခါ ကုန်းကောက်၍ မိုးကာအင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ပန်းသီးခြံ၏ အနောက်ဘက်တွင် ခပ်ပြေပြေ တက်သွားသော ကုန်းတန်းတစ်ခု ရှိသည်။ ထိုကုန်းတန်းထိပ် တစ်နေရာတွင် အိမ်ငယ်တစ်ဆောင် ရှိသည်။ ထိုအိမ်ငယ်သည် တောစခန်း အပန်းဖြေ နှစ်ထပ်အိမ်ငယ် ဖြစ်သည်။ အိမ်ရှေ့တွင် ဆင်ဝင်ရှိသည်။ ခေါင်မိုးတွင် မီးခိုးခေါင်းတိုင်မှ မီးခိုးတလူလူ ထွက်နေသည်။ အိမ်နောက်ဖေးတွင် မော်တော်ကားရုံ ရှိသည်။ ကြက်ခြံ ရှိသည်။ ထို့နောက် သစ်ပင် မြင့်မြင့်ကြီးများ ရှိသည်။ သစ်ပင်မြင့်မြင့်ကြီးများသည် လေရူးမုန်တိုင်းငယ်ကြောင့် ယိမ်းထိုးနေကြသည်။ နီကီသည် ထိုသစ်ပင်ကြီးများကို ကြည့်၏။ နွေကုန်၍ ဆောင်းဦး ပေါက်ပေတော့မည်။ ထို့ကြောင့် လေရူးမုန်တိုင်းထခြင်း ဖြစ်၏ဟု သူ သတိထားလိုက်မိသည်။

နီကီသည် ပန်းသီးခြံ အနောက်ပေါက်မှ ထွက်၍ ကုန်းတန်းကို တစ်လှမ်းချင်း လှမ်းကာ တက်သွားသည်။ ထိုအခိုက်တွင် ကုန်းတန်းပေါ်က အိမ်၌ အိမ်ရှေ့တံခါးသည် ပွင့်လာ၍ ဗီလီ အမည်ရှိသော လုလင်ပျို ထွက်လာသည်။ ဗီလီသည် ဆင်ဝင်အောက်၌ မတ်တတ်ရပ်၍ စောင့်မျှော်နေသည်။

'လာဟေ့ သူငယ်ချင်း' ဟု ဗီလီက ဆီး၍ ခေါ်လိုက်သည်။ နီကီသည်

ဆင်ဝင်ရှေ့သို့ ရောက်သောအခါ လှေကားကို တစ်လှမ်းချင်း လှမ်းကာ တက်သွားသည်။ ထို့နောက် စကားမပြောကြသေးဘဲ ဆင်ဝင်အောက်၌ နှစ်ယောက်သား မတ်တတ်ရပ်၍ မြေပြန့်ဆီသို့ မျှော်ကြည့်နေကြသည်။ ကုန်းတန်းအောက် မျက်နှာတူရူတွင် ပန်းသီးခြံ။ ပန်းသီးခြံအလွန်တွင် လမ်းကျယ်။ လမ်းကျယ်အလွန်တွင် လယ်ကွင်း။ လယ်ကွင်းအဆုံးတွင် တောတန်း။ တောတန်းမှစ၍ အင်းဖွေးဖွေး။ အင်းဖွေးဖွေးတွင် လေရူး မုန်တိုင်းငယ်ကြောင့် လှိုင်းဘောင်ဘင်ခတ်နေသည်။

'လေက တယ်ထန်လှပါလားကွ'ဟု နီကီက စကားစလိုက်သည်။

'သုံးရက်လောက်တော့ ဆက်တိုက် ထန်နေဦးမှာပေါ့ကွာ'

'မင့် ဘိုးတော်ကြီး၊ အိမ်ထဲမှာလား'

'အဖေလား။ မရှိဘူးကွ။ ဟိုတောတန်းမှာ သေနတ်တစ်လက်နဲ့ ငှက်ပစ်နေတယ်၊ လာကွာ။ အိမ်ထဲ ဝင်ရအောင်'

နီကီသည် ဗီလီနှင့်အတူ အိမ်ထဲသို့ ဝင်သည်။ ဧည့်ခန်းတွင် မီးလှုံရန် မီးလင်းဖိုရှိသည်။ မီးလင်းဖိုသည် အုတ်နံရံထဲ၌ ဖိုထားသော မီးလင်းဖို ဖြစ်သည်။ အပြင်၌ လေထန်လှသဖြင့် မီးလင်းဖိုတွင် ဖိုသံသည် တဟူးဟူး မြည်နေသည်။ ဗီလီသည် အိမ်ရှေ့တံခါးကို ပိတ်ပြီးနောက် ဧည့်ခန်းသို့ လာ၍ 'သောက်ကြရအောင်ကွာ'ဟု ဆိုကာ မီးဖိုထဲသို့ ဝင်သွားသည်။ အတန်ကြာသော် ဖန်ခွက်နှင့် ရေတကောင်းတို့ကို ကိုင်လျက် ထွက်လာသည်။ နီကီသည် စင်ပေါ်က ဝီစကီပုလင်းဆီသို့ လက်လှမ်း၍

'ဘယ်နဲ့လဲဟေ့၊ ယူလိုက်ရမလား'

'ယူပေါ့ကွ'

ထို့နောက် မီးလင်းဖိုရှေ့၌ နှစ်ယောက်သား ထိုင်ကာ အိုင်ယာလန် ဖြစ် ဝီစကီကို ရေနှင့် ရော၍ သောက်ကြသည်။

'အင်း၊ အနံ့က တစ်မျိုးပါလားကွ' ဟု နီကီက ဆိုကာ ဖန်ခွက်ကို မီးရောင်၌ ထောင်၍ ကြည့်သည်။

ရာပြည့်စာအုပ်တိုက်

'အိုင်ယာလန်က ဝီစကီဆိုတော့ မော့်ရွက်ထည့်ပြီး ချက်သတဲ့ကွ'ဟု ဗီလီက ပြန်ပြောသည်။

'ကြဲကြဲဖန်ဖန်ကွာ။ မော့်ရွက် ထည့်ချက်ရတယ်လို့'

'တစ်မျိုးပေါ့ကွ'

'အဲဒီ မော့်ရွက်ကို မင်း မြင်ဖူးသလား'ဟု နီကီက မေးရာ

'ဟင့်အင်း၊ မမြင်ဖူးဘူး'

'ငါလည်း မမြင်ဖူးဘူးကွ'

နီကီသည် မီးလျှံရင်း မီးလင်းဖိုရှေ့၌ မိမိ၏ ခြေထောက်ကို ဆန့်ထားသည်ဖြစ်ရာ အတန်ကြာသော် မီး၏ အပူရှိန်ကြောင့် သူ့ဖိနပ် ရေစိုမှ အငွေ့ထွက်လာသည်။

'သူငယ်ချင်း၊ မင့် ဖိနပ် ချွတ်ထားရင် ကောင်းမယ်ကွ'ဟု ဗီလီက ဆို၏။

'ငါ့မှာ ခြေအိတ်ပါတာ မဟုတ်ဘူးကွ'

'ဒီလိုဆိုရင် ခြေအိတ်ကို ငါ ပေးပါ့မယ်ကွာ။ မင့်ဖိနပ်ကိုသာ ချွတ်ပါ။ ချွတ်ပြီးမှ ခြောက်အောင် မီးကင်တာက ပိုကောင်းပါတယ်' ဟု ဗီလီက ဆို၍ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ နီကီသည် ဗီလီ၏ ခြေသံကို ကြားရသည်။ အပေါ်ထပ်တွင် အခန်းခန်း အဆောင်ဆောင် ဖွဲ့ထားသည် မဟုတ်။ ဟင်းလင်းဖြစ်သည်။ နီကီသည် တစ်ခါတစ်ရံ ထိုအခန်းကျယ်၌ ဗီလီတို့ သားအဖနှင့်အတူ တစ်ညတန်သည်၊ နှစ်ညတန်သည် လာ၍ အိပ်လေ့ရှိသည်။ အတန်ကြာသော် ဗီလီသည် သိုးမွေးခြေအိတ်တစ်စုံ ယူ၍ ဆင်းလာသည်။

'တော်တော်ချမ်းလာပြီကွ။ ခြေအိတ် မပါဘဲ အပြင်ထွက်လို့ သိပ် မကောင်းတော့ဘူး' ဟု ဗီလီက ဆို၏။

'ငါလဲ ထွက်မယ်လို့ စိတ်မကူးပါဘူးကွာ'ဟု နီကီက ပြန်ပြော၍ ခြေအိတ်စွပ်၏။ ထို့နောက် ကုလားထိုင်၌ မှီချလိုက်ပြီးလျှင်

'ဖတ်စရာ ဘာများရှိသလဲကွ ဗီလီရ' ဟု နီကီက မေး၏။

'သတင်းစာ ရှိတယ်ကွ'

'ပေးစမ်းကွာ။ အင်း၊ ဘက်ရိုက်ဗေ့ ဘောပွဲသတင်း ပါသလားဟေ့။ ဟင်၊ ကာဒါအသင်းက ဘယ်လို လုပ်လိုက်တာလဲကွ'

'ရက်ချိန်းပေးပြီးမှ မကစားတော့ဘဲ ပွဲသိမ်းလိုက်တယ်လေ'

'ဟာကွာ'

'မဟာနဲ့လေ။ မက်ဂရောဆိုတဲ့ အကောင်ကြီးက ကာဒါအသင်းသားတွေကို ငွေနဲ့ ပေါက်လိုက်သလားမှ မသိဘဲ'

'ဟာ၊ ငွေနဲ့ ပေါက်တယ်ဆိုဦး၊ တစ်ပြုလုံးကို ပေါက်နိုင်မှာလားကွ'

'တစ်ပြုံးလုံးကို ပေါက်ဖို့ မလိုပါဘူးကွာ။ ထိပ်သီး နှစ်ယောက်၊ သုံးယောက်ကို ပေါက်ရင် ပြီးတာပဲ။ ဒီလိုမှ ငွေနဲ့ မပေါက်ရင်လည်း တစ်ဖက်က အကောင်တွေ အချင်းချင်း မကျေမနပ် ဖြစ်နေကြအောင် လုပ်နိုင်တာပဲ'

'သြော်၊ ဇင်ဆိုတဲ့ ဟိုအကောင် လုပ်ပုံမျိုးပေါ့'

'အေးပေါ့။ ဒီကောင်လောက်မိုက်တဲ့ အကောင်တော့ လောကမှာ မရှိပါဘူးကွာ'

'အေးကွာ။ ဒီအကောင်ဟာ ဘောအပစ်မှာလဲ ဝိဇ္ဇာပဲ၊ ဘောအဖမ်းမှာလဲ ဝိဇ္ဇာပဲ'

'အေး၊ ဒါပေမဲ့ ဘောတွေ လွတ်ကုန်တာပဲ မဟုတ်လား။ ဒီတော့ သေဟဲ့ နန္ဒိယပေါ့'

'မက်ဂရောဆိုတဲ့ အကောင်ကြီးဟာ အခုလဲ ဒါမျိုးဖြစ်အောင် လုပ်ချင်ရင် လုပ်မှာပေါ့'

'အေး၊ ဖြစ်နိုင်တယ်ကွ' ဟု ဗီလီက ဆို၏။

'တို့မသိနိုင်တဲ့ သူတို့ အတွင်းရေးတွေလဲ ရှိဦးမှာပါပဲကွာ' ဟု နီကီက ဆိုပြန်၏။

'ဒါပေါ့ကွ။ တို့က အဝေးရောက်နေကြတော့ မှန်းကြည့်ရုံပဲ ရှိတာပေါ့'

ဗီလီသည် ထိုသို့ဆို၍ ဝီစကီ ပုလင်းဆီသို့ လက်လှမ်းလိုက်၏။ ထို့နောက် နီကီ၏ ဖန်ခွက်ထဲသို့ ထည့်ပေး၏။

'ရေ ဘယ်လောက်ထည့်မလဲ'

'ဆတူပေါ့ကွာ။ မှန်တိုင်းကျလာတာကို ငါ သဘောကျတယ်ကွ။ မင်းကော သဘောမကျဘူးလား'ဟု နီကီက မေး၏။

'မှန်တိုင်းကတော့ စံပါပဲကွာ။ သဘောကျတာပေါ့'

'ငါ့အဖို့မှာ နွေအကုန် ဆောင်းအကူး လေရူးထတဲ့ ရာသီကို အကြိုက်ဆုံးပဲကွ'ဟု နီကီက ဆိုပြန်၏။

'ငါလည်း အကြိုက်ဆုံးပဲကွ။ အခုလို ရာသီမျိုးမှာ ဘယ်တော့မှ မြို့ထဲမှာ ငါ မနေချင်ဘူး'

ဗီလီသည် ထိုသို့ ပြန်ပြောပြီးနောက် ပြတင်းပေါက်အနီးရှိ စားပွဲဆီသို့ လက်လှမ်းလိုက်၏။ ထို့နောက် ဖွင့်၍ မှောက်ထားသော စာအုပ်ကို ယူပြီးလျှင် ဖန်ခွက်ကို လက်တစ်ဖက်က ကိုင်လျက် ဖတ်မည် ပြု၏။

'ဘာစာအုပ်လဲကွ' ဟု နီကီက မေး၏။

'**ရစ်ချက်**ဆိုတဲ့ ဝတ္ထုလေ။ နာမည်ကြီးပေါ့ကွ'

'ဒီဝတ္ထုက ဖတ်ရတာ လေးလွန်းလှသကွာ'

'ကောင်းပါတယ်ကွ'

'ငါ မဖတ်ဖူးသေးတဲ့ ဝတ္ထုတွေထဲက မင်းမှာ ဘာဝတ္ထု ရှိသလဲ' ဟု နီကီက မေး၏။

'**မြိုင်ကြီး မောင်မယ်**ကို မင်း ဖတ်ပြီးပလား'

'ဖတ်ပြီးပြီကွ။ ဟိုကွာ၊ ငနဲကောင်နဲ့ ငနဲမ သံလျက်ခြားပြီး အိပ်ကြတယ်ဆိုတဲ့ ဝတ္ထု မဟုတ်လား'

'အေး၊ ဟုတ်တယ်။ မကောင်းဘူးလား'ဟု ဗီလီက မေး၏။

'ဖတ်လို့တော့ ကောင်းပါရဲ့။ ဒါပေမဲ့ သံလျက်ကို အလယ်က ထားပြီး အိပ်ကြတော့ကော ဘာထူးမှာလဲကွ။ အေး၊ ထူးချင်တယ်ဆိုရင် သံလျက်အသွားကို ထောင်ထားနိုင်မှ ဖြစ်မှာ။ ထောင်မနေဘဲ ပြားလိုက် ဖြစ်နေရင် တစ်လှိမ့်လောက် လှိမ့်လိုက်ရုံပေါ့ကွ'

'ဒါကတော့ သစ္စာအဓိဋ္ဌာန်ပြတဲ့ သဘောကိုးကွ'

'မင်းသဘောက လက်တွေ့ လုပ်ကြည့်လို့ မရနိုင်တဲ့ သဘော ဆိုတော့ အခက်သားပဲ' ဟု နီကီက ဆို၏။

'ဟေ့ နီကီ။ **သမာဓိ**ဆိုတဲ့ ဝတ္ထုကို မင်း ဖတ်ဖူးသလား'

'ဝါလပို(Walpole) ရေးတဲ့ ဝတ္ထုလား။ ဒီဝတ္ထုမှ တကယ့်ဝတ္ထုကွ။ ဇာတ်ဆောင်ကလဲ စံပဲကွ။ ဇာတ်ဆောင်ရဲ့ အဖေကြီးကလည်း စံပဲကွ။ ဟေ့၊ ဝါလပို ရေးတဲ့ ဝတ္ထုတွေထဲက မင်းမှာ ဘာရှိသလဲ'

'**စုံတောမှောင်မှောင်** ရှိတယ်။ ရုရှားတိုင်းပြည် အကြောင်းလေ' ဟု ဗီလီက ဆို၏။

'ဝတ္ထုဆရာက ရုရှားအကြောင်း ဘာသိမှာလဲကွ'

'မသိဘူးလေကွာ။ သူကတော့ ရုရှားမှာ ငယ်ငယ်တုန်းက နေဖူး တယ်ဆိုပြီး လျှောက်ရေးထားတာ စုံလို့ပဲ'

'ဝါလပိုကို ငါ တွေ့ချင်စမ်းလှသကွာ'ဟု နီကီက ဆို၏။

'ငါကတော့ ချက်စတာတန် (Chesterton)ကို တွေ့ချင်သကွ'

'အေး၊ အကောင်းသားပဲ ။ ချက်စတာတန်ကိုလည်း ငါ တွေ့ချင် တာပဲ။ ဒီအိမ်မှာသာ သူ အခုရောက်နေရင် အင်းထဲသွားပြီး ငါးမျှားရအောင် ဆိုပြီး သူ့ကို ငါခေါ်မှာပဲ'

'ဟာ၊ ချက်စတာတန်လို စာရေးဆရာကြီးက ငါးမျှားလိုက်မှာလား ကွ'

'လိုက်မှာပေါ့ကွ။ ငါ လောင်းရဲပါတယ်။ ဟော့၊ ချက်စတာတန်ဟာ ဝါလပိုထက် တော်တယ်လို့ ငါ ထင်တယ်ကွ။ မင်း ဘယ့်နှယ့် သဘော ရသလဲ' ဟု နီကီက မေး၏။

'အစစ်ပေါ့၊ ဒါပေမဲ့ ရေးရာမှာတော့ ဝါလပိုက ပိုပြီး လှလှပပ ရေးတတ်တယ်ကွ'

'ဒါကိုတော့ ငါမသိဘူး။ ဒါပေမဲ့ ချက်စတာတန်ရဲ့ စာတွေဟာ သမိုင်းဝင်ချည်းပဲကွ'

'ဝါလပိုရဲ့ စာတွေလည်း သမိုင်းဝင်ပါပဲကွာ'ဟု ဗီလီက ဆို၏။

'ကိုင်း၊ ဒီငနဲကြီး နှစ်ယောက်စလုံးဟာ ရသစာပေ ဝိဇ္ဇာကြီးတွေ ဆိုပါတော့ကွာ။ ဟုတ်လား။ ဒီတော့ သူတို့နှစ်ယောက်စလုံးကို ဒီအိမ်မှာ ရောက်လာကြစေချင်တယ်ကွ။ ဟုတ်လား။ သူတို့ ရောက်လာကြရင် တို့ ဘာလုပ်ကြမလဲ။ သိရဲ့လား။ သူ တို့နဲ့အတူတူ အင်းထဲသွားပြီး ငါးဖမ်း ကြမယ်ဟော့။ ငါးဖမ်းကြမယ်'

'ဟော့ နီကီ၊ သူငယ်ချင်း။ မင်း မူးနေပလား'

'ဟာ၊ ဘယ်ကလာပြီး မူးရမှာလဲကွ'

'ဒီလိုဆိုရင် ကြိတ်လိုက်ဦးကွာ။ အဖေက မပြောပါဘူးကွ'

'အဟုတ်လားကွ'

'အဟုတ်ပါကွ'

'ဟော့ ဗီလီ၊ သူငယ်ချင်း။ နည်းနည်းတော့ အမူးသားကွ'

'မင်း မမူးသေးပါဘူးကွာ။ အဖေက သဘောကောင်းပါတယ်ကွ။ ကြိတ်သာ ကြိတ်ပါ'

'ဟုတ်လားကွ'

'အိုကွာ၊ ငါ့အဖေက သဘောကောင်းကြီးပါကွ။ တစ်ခါတစ်ခါတော့ လည်း ဆူတာပေါ့ကွာ' ဟု ဗီလီက ဆို၏။

'အေး၊ ငါ့အဖေလည်း သဘောကောင်းတယ်ကွ'

'ဟုတ်တာပေါ့၊ ငါသိတာပေါ့' ဟု ဗီလီက ဆို၏။

'အဖေက သူ့ တစ်သက်မှာ အရက်ဆိုလို့ အနံ့တောင် မခံဖူးဘူး တဲ့ကွ' ဟု နီကီက ဆိုပြန်၏။

'အေးလေ၊ သူက ဆရာဝန်ကိုးကွ။ ငါ့အဖေကတော့ ပန်းချီဆရာ ဆိုတော့ စုံချင်တာပေါ့'

'အဲဒါပေါ့ကွ။ ငါ့အဖေက မစုံတော့ အဝါးမဝ ဖြစ်နေတာပေါ့ကွ'

'ဒီလိုလဲ မဟုတ်သေးဘူးလေ။ တစ်ဖက်က နေရာမကျရင် တစ် ဖက်ကတော့ နေရာကျတတ်တာပဲကွ'

'အဖေကလဲ ပြောရှာပါတယ်။ သူကတော့ လောကမှာ အစုံ မလုပ် ဖူးတဲ့အတွက် လူရည်မဝဘူးလို့ ပြောရှာပါတယ်'

'ငါ့အဖေကတော့ စုံလွန်းအားကြီးလို့ ဒုက္ခတွေ့ပေါင်း များလှပြီကွ'

'ကိုင်း တော်တော့၊ တော်တော့။ ငါ့အဖေက မစုံလို့ လူရည်မဝ၊ မင့်အဖေက စုံလွန်းလို့ ဒုက္ခတွေ့၊ ကျေရော ဆိုပါတော့ကွာ' ဟု နီကီက ဆို၏။

သူငယ်နှစ်ယောက်သည် ထိုသို့ ဆိုကာ မီးလင်းဖိုကို ကြည့်လျက် လောကကြီးအကြောင်းကို ကြီးကြီးကျယ်ကျယ် တွေး၍ အတွေးနက်နေ ကြသည်။

အတန်ကြာသော် နီကီက 'ဟော့ ထင်းတုံးတစ်တုံး ငါ သွားယူလိုက်ဦး မယ်ကွာ'ဟု ဆို၍ အိမ်နောက်ဖေးသို့ ထသွား၏။ နီကီသည် မီးလင်းဖိုကို ကြည့်နေရာမှ မီးလင်းဖို၌ မီးအားပျော့သွားသည်ကို သတိပြုမိသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုမျှလောက် သောက်ထားသော်လည်း သူ မမူးယစ်၊ သတိမလစ်ကြောင်း ပြလိုက်ချင်သောကြောင့်လည်း ဖြစ်သည်။

ထိုအခါ ဗီလီက 'ဟော့ သူငယ်ချင်း၊ အပွေးလှလှ၊ အသားကောင်း

ကောင်းကို ရွေးယူခဲ့ကွ'ဟု မှာလိုက်သည်။ သူကလည်း သူ မမူးမယစ်၊ သတိမလစ်ကြောင်း ပြလိုက်ချင်သောကြောင့်ပင် ဖြစ်သည်။

အတန်ကြာသော် နီကီသည် ထင်းတုံးကို မနိုင့်တနိုင် ပိုက်လျက် မီးဖိုခန်းကို ဖြတ်၍ ဝင်လာသည်။ လမ်းတွင် ထင်းတုံးသည် မီးဖိုခန်း စားပွဲပေါ်က ဒယ်အိုးကို တိုက်ချလိုက်ပါတော့သည်။ ထိုအခါ ဒယ်အိုးထဲ၌ ရေစိမ်ထားသော ဆီးသီးခြောက်တို့သည် ဖိတ်ကျကုန်ကြသည်။ အချို့လည်း ကြမ်းပြင်ပေါ်၌ ပြန့်ကြဲဖြစ်ကုန်ကြသည်။ အချို့လည်း မီးဖိုအောက်သို့ လိမ့်ဝင်ကုန်ကြသည်။ နီကီသည် ထင်းတုံးကို အသာချသည်။ ထို့နောက် ဒယ်အိုးကို ကောက်၍ စားပွဲပေါ်သို့ ပြန်တင်သည်။ ထို့နောက် ဆီးသီး ခြောက်များကို တစ်လုံးစီ လိုက်ကောက်၍ ဒယ်အိုးထဲ၌ ပြန်ထည့်သည်။ ထို့နောက် စားပွဲအနီးရှိ ရေပုံးကိုယူ၍ ဆီးသီးခြောက်များကို ရေလောင်းပေး သည်။ နီကီသည် မမူးမယစ်၊ သတိမလစ်။ ဖြစ်အောင် လုပ်နိုင်သည်။ ဖြစ်လည်း ဖြစ်သည်။

နီကီသည် ထင်းတုံးကို ပိုက်လျက် ဧည့်ခန်းထဲ ရောက်လာသောအခါ ဗီလီသည် ထ၍ ကူသည်။ မီးလင်းဖိုထဲသို့ ထင်းတုံး ရောက်သွားသည်အထိ ကူလိုက်သည်။

'ထင်းတုံးကတော့ တော်တော်ကြီးတဲ့ ထင်းတုံးပဲကွ'ဟု နီကီက ချီးမွမ်းလိုက်သည်။

'အေး အခုလို ချမ်းတဲ့အခါမျိုးမှာ မီးထည့်ဖို့ ငါ ခုတ်ဖြတ်ပြီး သက်သက်ဖယ်ထားတာကွ။ တစ်ညလောက်တော့ ကောင်းကောင်းခံတယ် မောင်'ဟု ဗီလီက ဂုဏ်ယူလိုက်သည်။

'မနက်ကျရင် မီးသွေးဖုတ်ပြီးသား ရတာပေါ့'

'ဒါပေါ့ကွ'

'ဟေ့ ဗီလီ၊ ရှိသေးလားကွ။ တစ်ခွက်စီလောက် ကြိတ်ကြဦးစို့ကွာ' ဟု နီကီက ဆို၏။

'ရှိပါ့ဗျာ' ဟု ဗီလီက ဆိုကာ ကြောင်အိမ်ဆီသို့ သွား၍ လေးထောင့်ပုလင်းတစ်လုံးကို ဆွဲထုတ်ခဲ့သည်။

'စကော့ ဝီစကီကွ'

'နေဦးဟေ့ သူငယ်ချင်း၊ မီးဖိုခန်းသွားပြီး ငါ ရေယူချေဦးမယ်' ဟု နီကီက ဆို၍ မီးဖိုခန်းသို့ ထသွားသည်။ မီးဖိုခန်းတွင် နီကီသည် ရေပုံးထဲက စမ်းရေအေးအေးကို ရေတကောင်းထဲသို့ လောင်းထည့်သည်။ ထို့နောက် မီးဖိုခန်းမှ ထွက်ခဲ့သည်။ ထို့နောက် ထမင်းစားခန်းရှိ မှန်ရှေ့က ဖြတ်လာရသည်ဖြစ်ရာ မှန်ကို ကြည့်မိသည်။ မှန်ထဲတွင် သူ့မျက်နှာသည် အရက် အရှိန်ကြောင့် နီရဲနေသဖြင့် ပြုံးလိုက်မိသည်။ ထိုအခါမှ မှန်ထဲက မျက်နှာသည် သူ့ကို ပြန်၍ ပြုံးပြလိုက်သည်။ ထို့နောက် နီကီသည် မှန်ကို မျက်စိတစ်ဖက် မှိတ်ပြခဲ့ပြီးနောက် ဧည့်ခန်းထဲသို့ ဝင်လာသည်။

ဗီလီသည် နီကီ၏ ဖန်ခွက်ထဲသို့ စကော့ဝီစကီ ငှဲ့ထည့်သည်။

'ဟ ဟ၊ များလှချေကလားကွ' ဟု နီကီက ဆိုသည်။

'မများပါဘူးကွ။ စောစောတုန်းကတော့ သောက်ချင်လို့ သောက်ကြတာကွ။ အခုတော့ ချက်စတာတန်ကြီးအတွက် သောက်ကြမယ်ကွာ'

'ဟာ၊ ဒီလိုဆိုရင် ဝါလပိုကြီးအတွက်လည်း သောက်ရမှာပေါ့ကွ'

ထိုသို့ ဆို၍ နီကီသည် ဗီလီ၏ဖန်ခွက်ထဲသို့ စကော့ဝီစကီ ငှဲ့ထည့်ပေးရာ ဗီလီကလည်း နီကီ၏ဖန်ခွက်ထဲက ဝီစကီ၌ ရေစွက်ပေးသည်။ ထို့နောက် မတ်တတ်ထကြလျက် ဖန်ခွက်ကိုယ်စီကိုင်ကာ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးစေ့စေ့ လုပ်နေကြသည်။ ထို့နောက်

'မင်းပရိသတ် အပေါင်းတို့ခင်ဗျား။ ချက်စတာတန်ကြီးကို လည်းကောင်း၊ ဝါလပိုကြီးကို လည်းကောင်း သက်တော်ရာကျော် ရှည်စေကြောင်း ဆုမွန်ကောင်း တောင်းရင်း သောက်လိုက်ပါရစေ ခင်ဗျား' ဟု ဗီလီက စလိုက်သောအခါ

'မင်းပရိသတ် အပေါင်းတို့ ခင်ဗျား။ ကျွန်တော်ကလည်း ဒီအတိုင်း ပါပဲ ခင်ဗျာ' ဟု နီကီက အဆုံးသတ်လိုက်သည်။

ထိုသို့ဆို၍ နှစ်ယောက်သား မော့ချလိုက်ကြသည်။ ထို့နောက် ပြန်ထိုင်ကြသည်။

'ဟေ့ နီကီ။ မင်းကို ငါတကယ် ချီးကျူးပါတယ်ကွာ'

'ဘာကွ။ ဘာ ချီးကျူးတာလဲကွ'

'မာဂျရီ ညွှတ်ကွင်းက ဇွတ်အတင်း မင်း ရုန်းထွက်ခဲ့တာလေကွာ'

'အင်း အထင်လိုက်သားပဲ။ တော်ပါကွာ။ ဒီခွေးမလေး' ဟု နီကီသည် စကားကို အဆုံးမသတ်ဘဲ ထားလိုက်သည်။

'ဟေ့ ဒီလိုပဲ လုပ်ရမှာပဲကွ။ ဒီလို မင်း မလုပ်ရင် ဟိုလို မင်းဖြစ်မှာပဲ။ ဟိုလိုဖြစ်မှာပဲ ဆိုတာက အခုလောက်ရှိရင် မင်းဟာ အိမ်ပြန်။ အလုပ်ကျိုးလုပ်။ ပိုက်ဆံစု။ နောက်ပြီးတော့ သူ့ကို မင်း ယူတော့မှာပေါ့ကွ။ မဟုတ်ဘူးလား'

နီကီသည် ပြန်မဖြေ။ တွေနေသည်။

ထိုအခါ ဗီလီက ဆက်၍ 'ဟေ့ မိန်းမယူတဲ့ အကောင်ဟာ ဘာဖြစ်တတ်သလဲ။ မင်းသိရဲ့လား။ တစ်ခါတည်း တန်းလန်း တန်းလန်းနဲ့ မိနေတာပဲ။ ကိုယ့်ကိုယ်ကို ကိုယ်မပိုင်တော့ဘူးကွ။ တကယ်ကို အသုံးမကျတဲ့ ဘဝပါကွာ။ သေဟဲ့ နန္ဒိယ။ မိန်းမယူတဲ့ အကောင်တွေကို မင်း လိုက်ကြည့်ပါလား' ဟု ဆို၏။

နီကီသည် ပြန်မဖြေ။ တွေမြဲ တွေနေသည်။

သူတို့မျက်နှာတွေကို မင်း လိုက်ကြည့်ပါလား။ အိမ်ထောင့်ရှင်ဆိုပြီး ဣန္ဒြေကြီး နှစ်ပိဿာခွဲနဲ့။ ယောကျ်ားဘဝ တုံးပါလေရောကွာ။ သေဟဲ့ နန္ဒိယ'

'အေးပေါ့ကွာ' ဟု နီကီက တစ်ခွန်း ပြန်ပြောသည်။

'ချစ်ပြီးမှ ခွဲရတယ် ဆိုတာကတော့ အသည်းနာစရာပေါ့ကွ။ ဒါပေမဲ့ ချောချောလှလှမြင်ရင် မင်း ကျခဲ့ဖူးတာပဲ မဟုတ်လား။ ပြီးတော့လဲ ပြီးသွားတာပဲ။ ကျစရာတွေ့ရင် ကျပေါ့။ ဒါပေမဲ့ စိတ်အဆင်းရဲတော့ မခံနဲ့ကွာ'

'အေးပေါ့ကွာ'

'သူ့ကို မင်း ယူလိုက်ရင် မင်း ဘာဖြစ်မလဲ။ သိရဲ့လား။ သူ့တစ်အိမ်သားလုံးဟာ မင်းလည်ကုပ်ကို ခွစီးထားမှာပဲ။ သူ့အမေကြီးအကြောင်းကို မင်း အသိသားပဲ မဟုတ်လား။ သူ့အမေကြီးကို ယူမိတဲ့ ဟိုငနဲကြီးဟာ အခု ဘာဖြစ်နေပလဲ။ မင်းသိတယ် မဟုတ်လား'

နီကိသည် ခေါင်းညိတ်လိုက်သည်။

'ဒီတော့ မင်း ခွာခဲ့တာဟာ အခွာကောင်းပါကွာ။ အခုဆိုရင် မာဂျရီဟာ သူနဲ့ ဝါသနာချင်းလဲတူ၊ ညာဉ်ချင်းလဲတူ၊ အကျင့်ချင်းလဲတူတဲ့ သူ့လို အကောင်မျိုးကို သူ ယူတော့မှာပေါ့ကွ။ ဟေ့ နီကိ၊ လောကမှာ ဆီနဲ့ ရေဟာ ရောလို့ ရသလားကွ။ မင်း စဉ်းစားကြည့်စမ်းပါ။ အေး ဆီနဲ့ရေကမှ ရောလို့ ရချင် ရဦးမယ်။ မင်းနဲ့ မာဂျရီဟာ ဘယ်တော့မှ ရောလို့ ရမှာ မဟုတ်ဘူး။ ကြည့်လေ၊ ငါနဲ့အီဒါ ရောလို့ မရသလိုပေါ့ကွ။ အီဒါဟာ သူနဲ့ ဝါသနာချင်းလဲ တူ၊ ဉာဉ်ချင်းလဲ တူ၊ အကျင့်ချင်းလဲ တူတဲ့ စတာတွန်လို အကောင်မျိုးနဲ့ ကျတော့၊ ဟောဗျာ… ဖြူးနေတာပဲ'ဟု ဗီလီက အားပေးရှာသည်။ သို့ရာတွင် နီကိသည် တစ်ခွန်းတစ်ပါဒမျှ ပြန်မပြော။ ငိုင်နေသည်။ ဝီစကီသည် နီကိကို မနိုင်။ အရှုံးပေးလိုက်သည်။ နီကီသည် မီးလင်းဖိုကို လည်း မမြင်။ ဗီလီ၏ စကားကိုလည်း မကြား။ သူ မြင်နေရ၊ ကြားနေရသူသည် မာဂျရီသာ ဖြစ်သည်။ မာဂျရီကို သူ အသေအလဲ ချစ်ခဲ့သဖြင့် မာဂျရီနှင့် တွဲခဲ့ရသည်ကို သူ တအောက်မေ့မေ့ ဖြစ်နေသည်။ ထို့နောက် တွဲရာမှ ခွဲရသဖြင့် အသည်းနာနေသည်။ ယခုသော် မာဂျရီကို သူ မတွေ့နိုင်တော့ပြီ။

သူ့အဖို့ လောကကြီးသည် ရေစုန်မျောပြီ။ ဓာတ်သိမ်းပြီ။ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ။

ထို့ကြောင့် 'သောက်ဦးမယ်ကွာ' ဟု နီကီက တောင်းရာ ဗီလီသည် ငှဲ့ပေးသည်။

'သူငယ်ချင်းရေ။ မင်း ခွာခဲ့တာဟာ အခွာကောင်းပါကွ။ မင်းကသာ စောစောက မခွာခဲ့ဘူးဆိုရင် တို့ အခုလို နေကြရမှာ မဟုတ်ဘူးကွ' ဟု ဗီလီက ကျားကန်ပေးပြန်သည်။

ဟုတ်ပေသည်။ နီကီသည် မာဂျရီနှင့် နီးနီးကပ်ကပ် နေရအောင် မာဂျရီတို့ အရပ်၌ အလုပ်တစ်ခုခုရှာ၍ လုပ်မည်ဟု ကြံထားသည်။ ယခုသော် ယောင်လည်လည် ဖြစ်နေပြီ။

'မတတ်နိုင်တော့ပါဘူး ဗီလီရာ' ဟု နီကီသည် ညည်းလိုက်သည်။

'အေး... ဒါမျိုးဟာ ဒီလို ဖြစ်ရမှာပဲကွ' ဟု ဗီလီက ဆိုသည်။

'ဘယ်လိုဖြစ်သွားသလဲ မသိတော့ပါဘူးကွာ။ ဖြစ်ချင်တော့လဲ ချက်ချင်း လက်ငင်းပဲကွ။ မုန်တိုင်းကြီး ဝုန်းခနဲကျလာပြီး သစ်ရွက် သစ်ခက်တွေကို အကုန်လုံး သိမ်းကျုံး တိုက်ချလိုက်သလို ပါပဲကွာ'

'ကိုင်း ပြီးတာလဲ ပြီးခဲ့ပြီပေါ့ကွာ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ယူလိုက်ပေါ့ကွ'

'ငါ့အပြစ်ပါပဲ ဗီလီရာ'

'ဟော့ ဘယ်သူ့အပြစ်ပဲ ဖြစ်ဖြစ်၊ ဒီစခန်း ဆိုက်နေမှတော့ မထူးတော့ဘူးကွ'

'အေး မင်းပြောတာ ဟုတ်တယ်။ မထူးတော့ဘူးကွ' ဟု နီကီ ပြန်ပြောနိုင်လာသည်။

မာဂျရီကို နီကီ ပြန်မရနိုင်တော့ပြီ။ လက်လွှတ်လိုက်ရပြီ။ တွေ့ချင်သေးသည့်တိုင်အောင် မတွေ့နိုင်တော့ပြီ။ ယခင်အခါကသော် နီကီနှင့် မာဂျရီ

တို့သည် အီတလီနိုင်ငံသို့ ပျော်ပျော်ပါးပါး အလည်အပတ် သွားမည်ဟု စိတ်ကူးထားကြသည်။ ယခုသော် ထိုစိတ်ကူးသည် ရေစုန်မျောပြီ။ ဇာတ်သိမ်းပြီ။ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ။

'နိုကီရ။ အကြောင်းဆိုတာဟာ ဖြစ်ချင်ရင် ဘာမပြော ညာမပြော ဖြစ်လာတာပဲကွ။ ပျက်ချင်ရင်လဲ ဘာမပြော ညာမပြော ပျက်သွားတာပဲကွ။ လောကကြီးဟာ ဒါပဲကွ။ ဟော အခု ပျက်သွားပြီ မဟုတ်လား။ ပျက်သွားလဲ ပြီးတာပေါ့ကွာ။ မင်းတို့နှစ်ယောက် ပူးတွဲပူးတွဲ လုပ်နေကြတုန်းက မင်းအတွက် ငါ စိတ်ပူခဲ့တယ်ကွ။ အခုတော့လဲ ပူစရာ မလိုတော့ဘူးပေါ့။ သူ့အမေကြီးဟာ ဘယ်လိုဟာမကြီး မှတ်သလဲ။ ဟော့ ဟိုတုန်းကဆိုရင် မင်းကို ချည်ပြီး တုပ်ပြီး လုပ်သေးတာကွ။ သူ့အမေကြီးဟာ အရပ်ထဲမှာ တိုးတိုး တိုးတိုးနဲ့ ဘာတွေ လျှောက်ပြောထားတယ် မှတ်သလဲ။ မင်း မကြားမိဘူးလား'

'ဟင့်အင်း၊ မကြားမိဘူး။ ဘာတွေလဲကွ'

'သူ့သမီးကို မင်းနဲ့ ကြောင်းလမ်းပြီးသားတဲ့။ စေ့စပ်ပြီးသားတဲ့။ ဒီလို လျှောက်ပြောထားတာကွ'

'ဟော့ ဒါတော့ မဟုတ်ဘူးကွ'

'အေး၊ မင်းကသာ မဟုတ်တာ။ သူ့အမေကြီးကတော့ ဒီလိုပဲ လျှောက်ပြောတာပဲ'

'သူ့ဟာသူ လျှောက်ပြောတာတော့ ငါ ဘယ်တတ်နိုင်မှာလဲကွ'

'ဒီတုန်းကတော့ မင်းကလဲ မာဂျရီကို ယူမယ်လို့ လုပ်နေတာပဲ မဟုတ်လား'

'အေးလေ၊ ဟုတ်တယ်လေ။ ဒါပေမဲ့ ကြောင်းလမ်းတာတို့၊ စေ့စပ်တာတို့တော့ မလုပ်သေးပါဘူးကွ'

'အိုကွာ၊ ဘာထူးသေးလဲကွ'

'ထူး မထူးတော့ ငါမသိဘူးလေ။ ယူမယ်လို့ လုပ်တာဟာ ကြောင်းလမ်း စေ့စပ်တာ ဖြစ်ရရောလားကွ။ မတူသေးပါဘူးကွာ'

'တူတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဘာထူးသေးလဲကွ'

'ကိုင်းကွာ၊ မူးလိုက်ကြဦးစို့'

'စိန်လိုက်'

ထိုသို့ဆို၍ ဝီစကီ ငှဲ့ထည့်ကြပြီးလျှင် မော့ချလိုက်ကြပြန်သည်။

'ဟဲ၊ မောစရာကြီး ပါပဲကွာ။ ဒါပေမဲ့ မတတ်နိုင်ဘူးဟေ့။ မင်းလဲ သူ့အမေကြီးအကြောင်းကို အသိသားပဲ' ဟု နီကီက သက်မကြီးချ၍ ပြော၏။

'အေးပေါ့။ ငါ သိတာပေါ့။ ဒီအမယ်ကြီးလား။ စံပါပဲကွာ'

'တော်ပြီကွာ။ ဒါတွေကို ငါမပြောချင်တော့ဘူးဟေ့'

'တကယ်ဆိုတော့ ဒီအကြောင်းကို ငါကစပြီး ဖော်မိလို့ ဝမ်းနည်းပါတယ် သူငယ်ချင်းရာ။ ကိုင်း၊ ပြောသင့်သလောက် ပြောပြီးကြပြီ။ နောက်ထပ် မပြောဘဲ နေလိုက်ကြရင် အေးတာပဲ'

'အေး ဟုတ်တယ်။ သူ့ကံ ကိုယ့်ကံဆိုတာဟာ လောကမှာ ရှိတာပဲ။ သူ့အလှည့်ရှိရင် ကိုယ့်အလှည့်လဲ ရှိရမှာပေါ့ကွ'

'ဒါပေါ့ကွ။ နေသေးသပေါ့ ချုံထဲက၊ ချိုသွေးသပေါ့ တမြမြပေါ့ကွ'

'အေး ကောင်းတယ်။ ငါ သဘောပေါက်လာပြီ။ ဒီခွေးမလေး အကြောင်း တော် တန် တိတ်။ ပိတ်လိုက်ပြီဟေ့'

နီကီသည် ထိုသို့ဆို၍ လေးလံနေရာမှ ပေါ့ပါးလာသလိုလို ဖြစ်လာ၏။ လောကကြီး၌ မည်သည့်အရာမျှ ဆုံးပြီဟူ၍ မရှိ။ ရပ်ပြီဟူ၍ မရှိ။ တစ်စခန်း ထနိုင်သေးသည်သာ ဖြစ်သည်။ ဆက်နိုင်သေးသည်သာ ဖြစ်သည်။ ယနေ့သည် ကြာသပတေးနေ့။ နက်ဖြန်သည် သောကြာနေ့။ သန်ဘက်သည် စနေနေ့။ စနေနေ့တွင် နီကီသည် မြို့ထဲသို့ ပြန်ဝင်ပြီ။ မျက်နှာပြင်ရဲပြီ။ ရှက်စရာ မဟုတ်ဟု သိလာသည်။ စိတ်ထားတတ်သူ အဖို့မှာ ကယ်ပေါက် ထွက်လမ်းဟူသည် ရှိရမြဲ ဖြစ်သည်။

'ဟေ့ ဗီလီ ထ။ ငှက်ပစ် ထွက်မယ်ကွာ' ဟု နီကီက ခေါ်၏။

'နိုပ်ဟ'

ဗီလီသည် နံရံ၌ ချိတ်ထားသော ငှက်ပစ် သေနတ်နှစ်လက်ကို ထ၍ ဖြုတ်သည်။ ထို့နောက် ယမ်းတောင့် သေတ္တာကို ဖွင့်သည်။ နီကီသည် ထ၍ မိုးကာအင်္ကျီ ဝတ်သည်။ ချွတ်ထားသော ဖိနပ်ကိုဆွဲ၍ ပြန်စီးသည်။ အမူးကား မပြေသေး။ သို့ရာတွင် စိတ်ထဲ၌ ပြတ်သား ကြည်လင်နေပြီ။

'ဟေ့ ဗီလီ။ မင်း မူးနေသေးသလား'

'ဟား အခုမှ နေလို့ကောင်း သွားလို့ကောင်း သေနတ်ပစ်လို့ ကောင်း။ စံပါပဲကွာ' ဟု ဆိုကာ ဗီလီသည် ဆွယ်တာအင်္ကျီ ဝတ်၍ ကြယ်သီးတပ်သည်။

'အခန်းထဲမှာ အောင်းပြီး အရက်မူးနေလို့ ဘာထူးမှာလဲကွ' ဟု နီကီက ဆိုရာ

'ဟုတ်လိုက်လေ သူငယ်ချင်း။ ခန်းအောင်း၊ ရက်မူး ဘာထူးမှာလဲ။ စံပါပဲကွာ။ ထွက်မယ်ဟေ့၊ ထွက်မယ်'

နီကီနှင့် ဗီလီတို့သည် သေနတ်ကိုယ်စီကိုင်၍ အပြင်သို့ ထွက်လိုက်ကြသည်။ အပြင်ဘက်တွင် မုန်တိုင်းသည် တိုက်ဆဲပင် ဖြစ်သည်။

'ဒီလောက် လေပြင်းရင် ငှက်တွေတော့ ကိုင်းတောထဲမှာ ဝပ်နေကြမှာပဲကွ' ဟု နီကီက ဆို၏။

ထိုသို့ဆို၍ ပန်းသီးခြံဆီသို့ နှစ်ယောက်သား ဆင်းကြသည်။

'မနက်တုန်းက တောကြက်တစ်ကောင်ကို ဒီနားမှာ ငါ မြင်လိုက်တယ်ကွ' ဟု ဗီလီက ဆို၏။

'ဒီလိုဆို ဒီအကောင် ဒီအနားမှာ ရစ်သီ ရစ်သီ လုပ်နေဦးမှာပဲ။ လာကွာ'

အပြင်ဘက်တွင် မာဂျရီအရေးသည် အရေးမဟုတ်တော့ပြီ။ ဆွေး

စရာ မဟုတ်တော့ပြီ။ မုန်တိုင်းက တိုက်ထုတ်လိုက်ပြီ။ အတန်ကြာသော် သေနတ်သံတစ်ချက် ကြားလိုက်ကြ၏။

'ဟော အဖေ့ သေနတ်သံပဲ။ အင်းထဲက လာတဲ့အသံကွ'

'ဒါဖြင့်ရင် တောတန်းကိုဖြတ်ပြီး အင်းထဲ ဆင်းကြရအောင်'

'နေဦးကွ။ ဟို တောကြက်ကို တွေ့လိုတွေ့ငြား ကိုင်းတောဘက်က လှည့်ပြီး ဆင်းကြည့်ရအောင်'

'အေး၊ အကောင်းသားပဲ။ ဆင်းကွာ'

ယခုအခါတွင် မည်သည့် အရေးမျှ အရေးမဟုတ်တော့ပြီ။ မုန်တိုင်းက တိုက်ထုတ်လိုက်ပြီ။ နီကီသည် လာမည့် စနေနေ့တွင် မြို့ထဲသို့ ပြန်ဝံ့ပြီ။ မျက်နှာပြရဲပြီ။ ရှက်စရာ မဟုတ်ဟု သိလာပြီ။ အားတင်းနိုင်ခြင်း ရှိလျှင် ကောင်းသည်ချည်းပင်။

[ ငွေတာရီ၊ အမှတ်(၂၈)။ အောက်တိုဘာ၊ ၁၉၆၂ ]



**ပြင်သစ် အမျိုးသား စာရေးဆရာ**
**ကာမျူး [ ၁၉၁၃–၁၉၆၀ ]**
**Albert Camus, [ 1913-1960 ]**

ကာမျူးသည် ၁၉၅၇ ခုနှစ်တွင် ကမ္ဘာကျော် နိုဗဲစာပေဆု အချီးအမြှင့်ခံရသည်။

ကာမျူးသည် အာဖရိကမြောက်ဘက် ကမ်းခြေရှိ ပြင်သစ်ပိုင် အယ်ဂျီးရီးယား ပြည်နယ်၌ ဖွားမြင်၍ ထိုပြည်နယ်၌ ကြီးပြင်းလာသူဖြစ်သည်။ မိဘနှစ်ပါးသည် ဆင်းရဲသဖြင့် ကာမျူးကို အယ်ဂျီးရီးယားရှိ ပြင်သစ်ကျောင်း၌သာ စာသင်ပေးနိုင်သည်။ ကျောင်းမှထွက်၍ ကြီးပြင်းလာသောအခါ ကာမျူးသည် တစ်ဝမ်းတစ်ခါးအတွက် တွေ့ကရာ အလုပ်ကို လုပ်ခဲ့သည်။ ထိုအခါမှစ၍ ဆောင်းပါးများ၊ ဝတ္ထုတိုများကို ရေးလေ့ရှိရာ ကာမျူး၏ အကြားအမြင်နှင့် အရေးအသားတို့ကို အမိပြင်သစ်နိုင်ငံက သဘောကျလာသည်ဟု ဆိုသည်။

ထို့ကြောင့် ကာမျူးသည် ပြင်သစ်နိုင်ငံသို့ သွား၍ သတင်းစာ

ဂျာနယ်တိုက်များ၌ ဝင်ရောက် လုပ်ကိုင်ခွင့်ရသည်။ ဥရောပရှိ နိုင်ငံအများအပြားသို့လည်း သတင်းစာဆရာ အဖြစ်ဖြင့် ရောက်ခွင့်ရ၍ မျက်စိကြီး နားကြီး ဖြစ်လာသည်။ သူ့စာလည်း ပြောင်မြောက်လာသည်။ ပြဇာတ် တစ်ပုဒ်ကို ရေးလိုက်သည်မှစ၍ ဥရောပ၌ အထူး ကျော်ကြားလာသည်ဟု ဆိုသည်။ ပထမသော် ကာမျူးသည် နိုင်ငံရေး လှုပ်ရှားမှုများ၌ ပါဝင် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ နောင်အခါ၌ နိုင်ငံရေးမှထွက်၍ စာပေလောကသို့ လုံးဝ ဝင်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံကို ဂျာမန် နာဇီတို့ ကြီးစိုးနေခိုက် နာဇီကို တော်လှန်ရန် ကြိုးပမ်းကြရာတွင် ကာမျူးသည် မြေအောက် သတင်းစာဆရာတစ်ဦး အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဝတ္ထုကောင်း နှစ်ပုဒ်၊ သုံးပုဒ်ကိုလည်း ရေးဖြစ်သည်။ ကမ္ဘာစစ်ပြီးသောအခါ ကာမျူး၏ ဝတ္ထုများကို ဥရောပဘာသာ အမျိုးမျိုး၌ ပြန်ဆို၍ အမြတ်တနိုး ဖတ်ရှုလာကြသည်။ သူ့ဝတ္ထုများတွင် အများအားဖြင့် ရန်းကန်တွန်းထိုး နေကြရသော ဘဝ အကြောင်းကို တွေ့ရတတ်သည်။

ကာမျူး ၏

# စကားမဆို ရန်မလို

[ 'စကားမဆို ရန်မလို' ဝတ္ထုတိုကို အင်္ဂလိပ် ဘာသာပြန်ဖြစ်သော The Silent Men မှ မြန်မာပြန်သည်။ ထိုဝတ္ထုတိုတွင် ကာမျူးသည် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခက်အခဲ အကျဉ်းအကျပ်ကို လည်းကောင်း၊ ထိုအခက်အခဲ အကျဉ်းအကျပ် အတွင်း၌ နစ်မွန်းနေကြရသော အလုပ်ရှင်နှင့် အလုပ်သမားတို့၏ သောက၊ ဒုက္ခ၊ ဒေါမနဿ အမှုအရာတို့ကို လည်းကောင်း သနားစရာ၊ ချစ်ခင်စရာ၊ ချီးကျူးစရာ၊ ကြေကွဲစရာ ဖြစ်အောင် သရုပ်ဖော်ခဲ့သည်ဟု ယူပါသည်။ ]

---

၁

ဆောင်းရာသီ အတွင်း၌ ဖြစ်သော်လည်း ထိုနေ့သည် အုံ့မှိုင်းသော နေ့မဟုတ်။ နေသာသောနေ့ ဖြစ်သည်။ ထို့ကြောင့် မြို့ထဲ၌ ကိုယ့်အလုပ်နှင့်ကိုယ် သွားကြ လာကြ၊ လှုပ်လှုပ်ရှရှ ဖြစ်နေကြသည်။ ကမ်းနားဘက်သို့ မျှော်ကြည့်လိုက်လျှင် သင်္ဘောဆိပ်အလွန်၌ ပင်လယ်ရေပြင်နှင့် မိုးကောင်းကင်တို့သည် တစ်စပ်တည်းဖြစ်၍ ထိန်လင်းနေသည်ကို မြင်နိုင်သည်။ သို့ရာတွင် အလုပ်သမား ယာဗားသည် ပင်လယ်ရေပြင်ကိုလည်း မကြည့်။ မိုးကောင်းကင်ကိုလည်း မကြည့်။ ကမ်းနားတစ်လျှောက် လမ်းကျယ်ကြီးတွင် ခေါင်းငုံ့ကာသာ သူ့စက်ဘီးကို အသာအယာ နင်းသွားသည်။ သူ့ခြေတစ်ဖက်သည် မသန်။ ထို့ကြောင့် အသေတပ်ထားသော ခြေနင်းပေါ်၌ ထိုခြေကို တင်ရုံသာ တင်ထား၍ သန်သောခြေတစ်ဖက်ဖြင့်၊ တစ်ဖက်က ခြေနင်း

ရာပြည့်စာအုပ်တိုက်

အရှင်ကို နင်းသွားသည်။ နင်းသွားရင်း နေ့လယ်စာအတွက် သူ့ကိုယ်၌ သိုင်းယှလာသော မုန့်လွယ်အိတ်သည် ရှေ့ဘက်သို့ လျှောကျလာတိုင်း၊ ထိုမုန့်လွယ်အိတ်ကို သူ့တတောင်ဖြင့် တွတ်ကာ၊ ကျောဘက်သို့ တွန်းပို့ရသည်။ ယာဗားသည် မုန့်လွယ်အိတ်ကို တွန်းပို့သည့်အခါတိုင်း စိတ်မချမ်းမသာ ဖြစ်သည်။ အခါတိုင်းတွင် သူ့ မုန့်လွယ်အိတ်၌ သူ အလွန်ကြိုက်သော ကြက်ဥကြော်သော် လည်းကောင်း၊ အမဲသားကြော်သော် လည်းကောင်း ပါနေကျ ဖြစ်သည်။ ယခုသော် ပေါင်မုန့် နှစ်ချပ်နှင့် ဒိန်ခဲသာ ပါသည်။

ဤနေ့နံနက်တွင် ယာဗားသည် သူ့အလုပ်ရုံသို့ သူ ပြန်ဆင်းပြီ။ ဤတစ်ကြိမ်တွင် ခါတိုင်းနှင့်မတူ ရောက်ခဲလှ၏ဟု သူ ထင်သည်။ ယာဗား၏ အသက်သည် ဇရာဘက်သို့ မျက်နှာမူပြီ။ ယခု သူ့အသက် လေးဆယ်ပြည့်ပြီ။ သူ အလုပ်လုပ်ရာဖြစ်သော အလုပ်ရုံသည် သစ်သားစည်ပိုင်းလုပ်သော စည်ပိုင်းအလုပ်ရုံ ဖြစ်၍ မြို့၏တဖက်စွန်၌ ရှိသည်။ သူ့အလုပ်ရုံသို့ အသွားတွင် ယာဗားသည် စက်ဘီးကို ကြိုးစား၍ နင်း၏။ သို့ရာတွင် ယခင်အခါ နင်းသွားစဉ် အားတက်သရော ရှိခဲ့ဖူးသလောက် ယခု အားတက်သရော မရှိပြီ။ ထို့ကြောင့် ပင်လယ်ရေပြင်ကို သူ မကြည့်ဘဲ ခေါင်းငုံ့၍ နင်းသွားခြင်း ဖြစ်သည်။ အသက်နှစ်ဆယ် အရွယ်ကသော် ယာဗားသည် သူ့အလုပ်ရုံသို့ သွားသည့်အခါတိုင်း ပင်လယ်ရေပြင်ကို ကြည့်၍ မငြီး ဖြစ်ခဲ့သည်။ ထိုအခါကသော် တနင်္ဂနွေနေ့ ရောက်တိုင်း ပင်လယ်ကမ်းခြေ၌ သူ ပျော်ရမည့် အရေးကို သူ တွေးနိုင်သည်။ ခြေတစ်ဖက် မသန်သော်လည်း ရေကူးရခြင်းကို သူ အလွန် သဘောကျသည်။ ထို့နောက် ကာလ အတန်ကြာသော် ဖယ်နန္ဒီနှင့် အကြောင်းပါသည်။ သားယောက်ျား ရသည်။ ထိုအခါ ပါးစပ်နှစ်ပေါက် တိုးလာသဖြင့် ဝဝလင်လင် စားသောက်နိုင်ကြအောင် စနေနေ့ ညနေပိုင်းများတွင် အချိန်ပို အလုပ် လုပ်သည်။ တနင်္ဂနွေနေ့များ၌ပင် ပိုက်ဆံရမည့် တောက်တိုမည်ရ အလုပ်ကို ရှာ၍ လုပ်သည်။

ယာဗားသည် ပင်လယ်ရေပြင်ကို သဘောကျတုန်းပင် ဖြစ်၏။ သို့ရာတွင် မိန်းမရ၍ သားယောက်ျား ရသည့်နေ့မှစ၍ အလုပ်ဆင်းချိန် ညနေဘက်များ၌သာ ပင်လယ်ရေပြင်ကို သူ ကြည့်တော့သည်။ အိမ်ရောက်လျှင် သူ့မယား ဖယ်နန္ဒီကိုယ်တိုင် လျှော်ဖွပ် မီးပူတိုက်ထားသော ရှပ်အင်္ကျီ သန့်သန့်ပြန့်ပြန့်ကို ဝတ်၍၊ အရက်ချို တစ်ဖန်ခွက်ကို သောက်၍ ပင်လယ်ရေပြင်ကို ကြည့်ကာ ကြည်နူးလိုက်သည်။ ကြည်နူးလိုက်သည်ဆိုသော်လည်း တကယ်ကြည်နူးခြင်းပေလော၊ ငိုချင်သလိုလို ဖြစ်ခြင်းပေလော။ သူ မပြောတတ်အောင် ဖြစ်သည်။ သို့သော်လည်း ထိုအခါမျိုးတွင် ဖြစ်လေရာ ဘဝ၌ ဖြစ်သမျှအကြောင်း အကောင်းချည်းပေဟု လက်ခံ၍ တောင်တွေး မြောက်တွေး တွေးနေတတ်သည်။

ယနေ့နံနက် သူ့အလုပ်ရုံသို့ သူပြန်ဆင်းသောအခါ ယာဗားသည် ပင်လယ်ရေပြင်ကို မကြည့်ဘဲ သူ့စက်ဘီးကို သူ နင်းသွားသည်။ ပင်လယ်ရေပြင်သည် သူ့ကို ဆီးကြိုနှုတ်ဆက်ပါ၏။ သူကမူ မျက်နှာ လွှဲနေလိုက်သည်။ ညနေကျမှသာ သူ ပြန်၍ နှုတ်ဆက်တော့မည်။ ယခု သူ ခေါင်းငုံ့ကာသာ သူ့စက်ဘီးကို မှန်မှန်နင်းနေသည်။ နင်းနေရင်း စိတ်ထဲ၌ မချမ်းမသာ ဖြစ်နေသည်။ မနေ့ညက သူတို့အလုပ်ရုံက အလုပ်သမား တစ်စုသည် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် အလုပ်ပြန်ဆင်းကြတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ကြရသည်။ ယာဗားသည် အစည်းအဝေးမှ အိမ်သို့ပြန်လာ၍ မယား ဖယ်နန္ဒီအား ထိုအကြောင်းကို ပြောပြသောအခါ ဖယ်နန္ဒီသည် ဝမ်းသာအားရဖြစ်၍ 'ဒါဖြစ်ရင် သူဌေးက ရှင်တို့ကို လုပ်ခ တိုးပေးလိုက်ပြီပေါ့၊ ဟုတ်လား'ဟု ဆိုသည်။ စင်စစ်မှာ အလုပ်ရှင်က လုပ်ခ တိုးပေးသောကြောင့် မဟုတ်။ သူတို့ အလုပ်သမားတစ်စုမှာ သပိတ် မလှန်ချင်ဘဲ လှန်လိုက်ကြရသောကြောင့် ဖြစ်သည်။ သူတို့၏ သပိတ်အရေးတော်ပုံ ကျဆုံးသွားသောကြောင့် ဖြစ်သည်။

ဟုတ်ပေသည်။ အလုပ်ရှင် လာဆား၏ စည်ပိုင်း အလုပ်ရုံမှ ယာဗား တို့ အလုပ်သမားတစ်စုသည် သပိတ်မလှန်ချင်ဘဲ လှန်လိုက်ကြရသည်။ သပိတ်မှောက်ကြစဉ်က သူတို့သည် အလျင်စလို ပြုမိခဲ့ကြသည်။ အခြား သော စည်ပိုင်းအလုပ်ရုံများမှ အလုပ်သမားတို့နှင့်လည်း သူတို့မညှိခဲ့။ အလုပ် သမား အသင်းချုပ်ကိုလည်း သူတို့ အသိမပေးခဲ့။ စိတ်နောက်ကိုယ်ပါ အလျင်စလို သပိတ်မှောက်၍ အလုပ်ရုံမှ ထွက်လာခဲ့ကြသည်။ ထို့ကြောင့် အလုပ်သမားအသင်းချုပ်က သူတို့ကို ထောက်ခံရမည့် ကိစ္စတွင် စိတ်မပါ တပါ ဖြစ်နေသည်။ ထို့ပြင် လုပ်ငန်းသည် အလုပ်သမား တစ်ဆယ့်ငါး ယောက်လောက်သာ လုပ်ရသော လုပ်ငန်းအသေးစား ဖြစ်သဖြင့် တစ်ဆယ့် ငါးယောက်လောက်ဖြစ်သော အလုပ်သမား၏ အရေးသည် အသင်းချုပ်၏ မျက်စိတွင် ရေးကြီးခွင်ကျယ် ဖြစ်သည်ဟု မမြင်နိုင် ဖြစ်နေသည်။ ထိုအခါ အလုပ်သမားအသင်းချုပ်၏ အပြုအမူကို သူတို့ အပြစ်မတင်နိုင် ဖြစ်သည်။ ထို့ပြင် ယခုအခါ တိုင်ကီ သံရေလှောင်ကန် လုပ်ငန်းသစ်သည် အပြိုင်အဆိုင် ပေါ်လာပြီ ဖြစ်ရာ သစ်သားစည်ပိုင်း လုပ်ငန်းသည် အမှည့်ကြွေ ကြွေရမည် ကဲ့သို့ ဖြစ်နေသည်။ ထိုအခါ သစ်သားစည်ပိုင်း အလုပ်ရုံသည် အဟောင်း အမြင်း အပျက်အစီး ဖာထေးပြင်ဆင်သော အလုပ်ကိုသာ အားပြုနေရသည်။ သစ်သားစည်ပိုင်း လုပ်ငန်းပိုင်ရှင်တို့သည် မိမိတို့၏ လုပ်ငန်း မတွင်မကျယ် ဖြစ်လာသည်ကို သိကြသော်လည်း လုပ်ငန်းကို အပျက်မခံနိုင်။ မေး၍ လုပ်နေချင်ကြသေးသည်။ တစ်ဖန် အမြတ်အစွန်းကိုလည်း လိုချင်ကြသေး သည်။ ယခင်ကလောက် မတွင်ကျယ်တော့သော လုပ်ငန်းကို ဆက်၍လည်း လုပ်ချင်၍ အမြတ်အစွန်းရအောင်လည်း လုပ်ချင်သည်ဖြစ်လျှင် လုပ်နိုင် သော လမ်းတစ်လမ်းသာ ရှိသည်။ ထိုလမ်းသည် အခြားမဟုတ်။ တစ်နိုင်ငံ လုံး၌ စားစရိတ်၊ ဝတ်စရိတ်၊ နေစရိတ် တစ်ဟုန်ထိုး ခုန်တက်သွားလင့်ကစား အလုပ်သမား၏ လုပ်ခကို တိုးမပေးဘဲ တင်းခံနေရမည့်လမ်း ဖြစ်သည်။

အကယ်၍ သစ်သားစည်ပိုင်းလုပ်ငန်း လုံးဝ ပျက်သွားသည် ဖြစ်လျှင် သစ်သားစည်ပိုင်း အလုပ်သမားများသည် မည်သည့်အလုပ်ကို လုပ်စားကြမည်နည်း။ အလုပ်တစ်ခုကို တတ်မြောက်ပြီးမှ အလုပ်သစ်သို့ ပြောင်း၍ လုပ်ရသည် ဆိုခြင်းမှာ မလွယ်လှချေ။ အလုပ်တစ်ခုကို တတ်မြောက်ကျွမ်းကျင်လိုလျှင် အချိန်အတော်ကြာ စောင့်၍ သင်ကြား လေ့ကျင့်ရသည်။ သစ်သားစည်ပိုင်း အလုပ်တွင် စည်ပိုင်းတစ်လုံး ဖြစ်လာအောင် ခုံးထားသော ပျဉ်ချပ်တို့ကို အညီအညွတ် စီရခြင်း၊ ထို့နောက် သံခွေအတွင်း၌ မိအောင် ဖမ်းရခြင်း၊ ဖမ်းသောအခါ ပပ်သေးထေးကြောင်း မပါစေဘဲ ရေမိုးလုံအောင် အံကိုက် စပ်တတ်ရခြင်း စသော အလုပ်တို့ကို ကျွမ်းကျင်စွာ လုပ်တတ်သော အလုပ်သမားသည် ရှာမှ ရှားသည်။ ယာဗားသည် ထိုအလုပ်၌ အလွန်လိမ္မာသူ ဖြစ်၍ ထိုအလုပ်၌ သူ ဂုဏ်ယူသည်။ အလုပ်ဟောင်းမှ အလုပ်သစ်သို့ ပြောင်းရသည် ဆိုခြင်းမှာ သိဟောင်းကို စွန့်လိုက်ရခြင်း၊ တတ်ကျွမ်းသော ပညာကို စွန့်လိုက်ရခြင်းဖြစ်ရာ အဘယ်မှာလျှင် လွယ်ပါလိမ့်မည်နည်း။ တစ်ဖန် တတ်ကျွမ်းမှုကား ရှိပါ၏။ သို့ရာတွင် အလုပ် မရှိသော် ရေတိမ်၌ နစ်ရချေတော့မည်။ ထိုအခြေမျိုးတွင် တတ်ကျွမ်းသူ ပညာသည်သည် ကြမ္မာကိုသာ ယိုးရတော့မည်ကဲ့သို့ ဖြစ်နေသည်။

တစ်ဖန် လုံလောက်သော လုပ်ခကို မရလျှင် အလုပ်မှ ထွက်ပါလားဟု ဆိုနိုင်ပါ၏။ သို့ရာတွင် အလုပ်မှ ထွက်ရန်ဆိုသည်မှာလည်း မလွယ်လှချေ။ တစ်ဖန် အလုပ်မှ မထွက်နိုင်သောကြောင့် မထွက်ဘဲနေ၍ မကျေမနပ် လုပ်နေရပြန်လျှင်လည်း တစ်ခက်ဖြစ်သည်။ မကျေနပ်သည်ကို မပြောမိအောင် ပါးစပ်ကို ပိတ်ထား၍ မရ။ ပြောချင်သည်သာ ဖြစ်သည်။ တစ်ဖန် မစားလောက် မသောက်လောက်သော လုပ်ခကိုသာ သော်လည်းကောင်း၊ အလုပ်ရှင်က သူ့သဘောတော်အတိုင်း ပေးမည့် လုပ်ခကိုသာ သော်လည်းကောင်း ရမည်ဟု သိနေပါလျက် မနက်တိုင်း အပင်ပန်းခံ၍ အလုပ်တက်နေရလျှင်လည်း တစ်ဒုက္ခ ဖြစ်သည်။

ထို့ကြောင့် ယာဗားတို့ အလုပ်သမားတစ်စုသည် မခံမရပ်နိုင်ဖြစ်၍ ပြောစရာရှိသည်ကို ပြောချင် ဆိုချင် ဖြစ်လာကြသည်။ နှစ်ဦး သုံးဦးကမူ ချိတုံချတုံ လုပ်နေကြသည်။ သို့ရာတွင် အလုပ်ရှင်နှင့်တွေ့၍ အရေးဆိုကြပြီးသည့် နောက်ပိုင်း၌ကား ချိတုံ ချတုံ သမားများပါ ဒေါပွလာကြသည်။ လုပ်ချင်မှ လုပ်၊ မလုပ်ချင်လျှင် ထွက်ကြ။ အလုပ်ရှင်သည် ထိုသို့ မောက်မောက်မာမာ တိုတိုပြတ်ပြတ် ပြောလိုက်သောကြောင့် ဖြစ်သည်။ ပြောရက်ပါပေ့၊ ဆိုရက်ပါပေ့။ ထိုစကားသည် လူစကားပေလော။'ဟေ့၊ သူက တို့ကို လူညံ့တွေ မှတ်နေ ထင်ပါ့ကွာ။ သူ့ကို ရှိခိုးဦးတင် လုပ်မယ့်လူစားမျိုး၊ သူက ထုတ်မှ ထွက်မယ့်လူစားမျိုး မှတ်နေ ထင်ပါ့ကွာ' ဟု အီပိုဆီတိုဆိုသူ အလုပ်သမားက ကြုံးဝါးလိုက်သည်။

စင်စစ်မှာ သူတို့၏ အလုပ်ရှင်သည် သိပ်ဆိုးလှသူ မဟုတ်ချေ။ အလုပ်ရှင်သည် သစ်သားစည်ပိုင်းအလုပ်ကို သူ့မိဘထံမှ အမွေခံ၍ လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ထိုမျှ ကြီးပွားလာအောင် လုပ်ကိုင်ခဲ့သူလည်း ဖြစ်သည်။ အလုပ်သမားတိုင်းနှင့် ပြေပြေပြစ်ပြစ် ဆက်ဆံသူလည်း ဖြစ်သည်။ တစ်ခါတစ်ရံ အလုပ်ရှင်သည် သူ့အလုပ်သမားများကို ဖိတ်ခေါ် ကျွေးမွေးတတ်သည်။ သူ ယူလာသော ငါးသေတ္တာတို့ကို ဖြစ်စေ၊ ဝက်အူချောင်းတို့ကို ဖြစ်စေ အလုပ်ရုံထဲတွင် ရွှေပေါ်စာမီးဖြင့် ချက်၍ ကြော်၍ အလုပ်ရုံထဲ၌ အလုပ်သမားများနှင့်အတူ တပျော်တပါး စားတတ်သည်။ ဝိုင်အရက်ကိုပါ သောက်ကြသည်။ ထိုအခါမျိုးတွင် သူသည် ရွှေအလုပ်ရှင်၊ ငွေ အလုပ်ရှင်၊ ရွှေသူဌေး၊ ငွေသူဌေးပါပေ့။ တစ်ဖန် သူတို့၏ အလုပ်ရှင်သည် နှစ်သစ်ကူးချိန်တွင် အလုပ်သမားတိုင်းအား ကောင်းပေ့ ဆိုသည့် စပျစ်ဝိုင် ငါးပုလင်းစီ ပေးလေ့ရှိသည်။ အလုပ်သမားတစ်ဦးဦး နာဖျားမကျန်း ဖြစ်လျှင် ဆေးဖိုးဝါးခ ပေးတတ်သည်။ အလုပ်သမားထဲက မင်္ဂလာဆောင်လျှင် သော်လည်း

ကောင်း၊ သားသမီး မျက်နှာမြင်လျှင် သော်လည်းကောင်း လက်ဖွဲ့တတ် သည်။ သူ့သမီးကလေး ဖွားမြင်လာစဉ်ကသော် သူ့အလုပ်သမားတိုင်းအား မေတ္တာလက်ဆောင် ပေးခဲ့သည်။ ယာဗားအား မြို့စွန်ရှိ သူ့ခြံကျယ်ကြီးထဲ တွင် နှစ်ကြိမ်မျှ ငှက်ပစ်ခွင့် ပေးဖူးသည်။ သူ့အဖေသည် အလုပ်သမားဘဝမှ တိုးတက်ကြီးပွားလာသူ ဖြစ်ကြောင်း သူ ခဏခဏ ပြောလေ့ရှိသည်။ သို့ရာ တွင် သူ့အလုပ်သမားများ၏ အိမ်သို့ကား သွားရောက်လည်ပတ်ခြင်း မပြု တတ်ချေ။ မပြုတတ်သဖြင့် သူ့အလုပ်သမားများ၏ ဒုက္ခ ကရိကထတို့ကို အတွင်းကျကျ သူ မသိချေ။ သူ့အကြောင်း၊ သူ့ကိစ္စ၊ သူ့အရေးတို့ကိုသာ သူ သိသဖြင့် သူ့လိုဘကိုသာ သူ တွေးတတ်သည်။ ထို့ကြောင့် သူ့အလုပ် သမားများက လုပ်ခတိုးတောင်းလာသောအခါ လုပ်ချင်မှ လုပ်၊ မလုပ်ချင် လျှင် ထွက်ကြဟု သူက ခပ် ပြတ်ပြတ် ပြောလိုက်ခြင်း ဖြစ်သည်။

သူ့အလုပ်သမားများက သူ့အလုပ်ရုံကို သပိတ်မှောက်ကြစဉ် ကသော် အလုပ်သမားအသင်းချုပ်သည် ကြားဝင်၍ စေ့စပ် ပေးပါသေး သည်။ သို့ရာတွင် သူ နားမထောင်။ သူ့အလုပ်ရုံကို သူ ပိတ်လိုက်သည်။ 'ဒီမှာ သပိတ်တားတာတွေ၊ ဘာတွေ၊ ညာတွေကို ခင်ဗျားတို့ ဒုက္ခခံပြီး လုပ်မနေကြပါနဲ့တော့ ဗျာ။ ကျုပ် အလုပ်ကို ပိတ်ထားရလျှင် ကျုပ်မှာ ငွေကုန်သက်သာလို့ ကျုပ်က ပိုပြီး သဘောကျသေးတယ်' ဟု သူက ဆို လိုက်သေးသည်။ အမှန်မှာ သူ့အဖို့လည်း အကျိုးရှိသည် မဟုတ်ချေ။ သို့ရာတွင် သူ ခေါင်းမာမြဲ ခေါင်းမာနေသည်။ 'ခင်ဗျားတို့ကို အလုပ်ပေး ထားတာဟာ ကျုပ်က ခင်ဗျားတို့ကို သနားလို့ ပေးထားတာ သိရဲ့လား။ ခင်ဗျားတို့က ကျေးဇူးရှင်ကို ကျေးဇူးစွပ်ကြတာပေါ့ဗျာ။ သိကြရောပေါ့' ဟု ဆိုပြန်သည်။ အီပိုဆီတိုသည် ထိုစကားကို ကြားသောအခါ ဒေါသထလာ၍ 'ခင်ဗျား ဘာစကားပြောတာလဲ။ လူစကားလား' ဟု ပြန်ပက်လိုက်သည်။ ထိုအခါ အလုပ်ရှင်သည် ရှူးရှူးရှားရှား ဒေါသမာန် ပွားလာသည်ဖြစ်ရာ

ခြေလွှန်လက်လွှန် ဖြစ်ကြမည် စိုးသဖြင့် အီပိုဆီတိုကို ဆွဲခေါ်သွားကြရသည်။ ဤသို့ဖြင့် အလုပ်ရှင်၏ သဘောထား ပြင်းထန်မှန်းကို အလုပ်သမားတို့ သိသွားကြသည်။

ထို့ကြောင့် ယာဗားတို့ အလုပ်သမားတစ်စုက သပိတ်မှောက်လိုက်ကြခြင်း ဖြစ်သည်။ သပိတ်မှောက်၍ အရက်နှစ်ဆယ်မျှ ကြာလာသော အခါ အလုပ်သမားတို့၏မယား အိမ်ရှင်မတို့သည် စားရေးသောက်ရေး အတွက် ပူပန်လာကြသည်။ နှစ်ဦး သုံးဦးကမူ အလျှော့ပေးချင်သလိုလို ဖြစ်လာသည်။ နောက်ဆုံးတွင် အလုပ်သမားအသင်းချုပ်က အလုပ်သမားများ ရက်တွက် မနာစေရေးကိစ္စ၊ အချိန်ပို အလုပ်ဆင်းပေးရေး ကိစ္စတို့ကို ပြောဆို၍ ကြားဝင် ဖျန်ဖြေပေးလိုက်ရာ အလုပ်သမားတို့က သပိတ်လှန်ရန် ဆုံးဖြတ်လိုက်ကြရသည်။ သို့ရာတွင် အောင့်သက်သက် ဖြစ်နေကြ၍လား မသိ။ သူတို့၏ အမူအရာသည် ခပ်ဆတ်ဆတ်ဖြစ်နေကြသေးသည်။ သူတို့ ကိစ္စ ပြီးပြတ်ခြင်း မရှိသေးလေဟန်၊ ပြန်လည် စဉ်းစားရန် ကျန်နေသေးလေ ဟန်၊ ဟန်ပန်လေလံ ထုတ်နေကြသေးသည်။ သို့ရာတွင် ရှုံးမောကြီးလည်း ဖြစ်နေ၍ ဤနေ့ နံနက်ခင်းတွင် အမဲသားကြော်အစား ဒိန်ခဲကိုသာ ဝါးရ တော့မည်လည်း ဖြစ်နေသော ယာဗားသည် ဟန်ပန်လေလံ မထုတ်နိုင် တော့ပြီ။

ယာဗားသည် စက်ဘီးကို ခြေတစ်ဖက်ဖြင့် အသာအယာ နင်းလာ ရင်း လူလည်း မော၍ စိတ်လည်း မောနေသည်။ သူ့အလုပ်ရုံကို သူ တွေးမိ တိုင်း အလုပ်ရှင်နှင့် မျက်နှာချင်း ဆိုင်ရဦးတော့မည်ဟု စိတ်လေးနေသည်။ လုပ်ဖော်ကိုင်ဖက်တို့ကိုလည်း သနားနေသည်။ 'ရှင်တို့တစ်တွေ သူနဲ့တော့ တွေ့ရမှာပဲ။ တွေ့ရင် ဘာပြောကြမလဲ' ဟု သူ့မယား ဖယ်နန္ဒီက စိတ်ပူ သဖြင့် သူ့ကို မေးဖူးသည်။ ထိုအခါက သူက 'ဘာပြောရမှာလဲ။ ဘာမှ မပြောဘဲ နေရုံပေါ့'ဟု သူက ဖြေသည်။ ယာဗားသည် စက်ဘီးကို နင်းရင်း

ခေါင်းခါလိုက်သည်။ အံကြိတ်လိုက်သည်။ ပြေပြစ်လှသော သူ့မျက်နှာသည် တင်းမာလာသည်။ 'အေးလေ၊ ကိုယ့်အလုပ်ကို ကိုယ်ပြန်လုပ်တာပဲ ဘာဖြစ်သေးလဲ။ ကိုယ့်အလုပ်ကို ကိုယ်ပြန်လုပ်ရတယ် ဆိုရင် တော်ရောပေါ့' ထိုသို့ စိတ်ကိုဖြေ၍ စက်ဘီးကို နင်းမြဲ နင်းသည်။ အံကိုလည်း ကြိတ်မြဲကြိတ်ထားသည်။

အတန်ကြာသော် ယာဗားသည် လမ်းကျယ်ကြီးအတိုင်း နင်းလာရာမှ ရပ်ကွက်ဟောင်း တစ်ခုဘက်သို့ ချိုးဝင်လိုက်သည်။ ထိုရပ်ကွက် တစ်ခုလုံးသည် အလုပ်ရုံငယ်များဖြင့် လည်းကောင်း၊ အဟောင်းအမြင်း အကျိုးအပဲ့ သံတို သံစ အပုံကြီး အပုံငယ်များဖြင့် လည်းကောင်း၊ မော်တော်ကားရုံများဖြင့် လည်းကောင်း ပြည့်ကျပ်လျက် ရှိသည်။ ထိုရပ်ကွက်ထဲတွင် သူတို့အလုပ်လုပ်ရာဖြစ်သော စည်ပိုင်းအလုပ်ရုံ ရှိသည်။ ထိုအလုပ်ရုံသည် ခပ်နိမ့်နိမ့်ဖြစ်သည်။ နံရံအောက်ပိုင်းကို ကျောက်ဖြင့် ဆောက်ထား၍ အမိုးအထိ မှန်ချပ်များ ကာထားသည်။ အလုပ်ရုံနှင့် မျက်နှာချင်းဆိုင် တစ်လမ်းခြားတွင် အလုပ်ရှင် လာဆား၏အိမ် ရှိသည်။ ဝင်းနှင့် ခြံနှင့် သာသာယာယာ ဖြစ်သည်။

ယာဗား ရောက်လာသောအခါ အလုပ်ရုံတံခါးသည် ပိတ်လျက်ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက် အချို့သည် တံခါးရှေ့၌ စောင့်နေကြသည်။ ယာဗားသည် ထိုအလုပ်ရုံ၌ အလုပ်လုပ်ခဲ့သည်မှာ ကြာပြီ။ အခါတိုင်းတွင် အလုပ်သမားများ မရောက်ခင်က အလုပ်ရုံတံခါးကို ဖွင့်ထားလေ့ ရှိသည်။ ဤတစ်ကြိမ်၌ကား တံခါးကို ပိတ်ထားသည်ဖြစ်ရာ အလုပ်သမားများအပေါ်၌ အလုပ်ရှင်က ဦးဦးဖျားဖျား အောင်ပွဲခံလိုက်လေပြီလား ဟု တွေးစရာ ဖြစ်နေသည်။ ယာဗားသည် အလုပ်ရုံဘေးသို့ သွား၍ ရောက်သောအခါ စက်ဘီးပေါ်မှ ဆင်းသည်။ ထို့နောက် စက်ဘီးကို နံရံ၌ ထားနေကျ အတိုင်း ထောင်ထားခဲ့ပြီးနောက် အလုပ်ရုံတံခါးဘက်သို့ လျှောက်လာ

သည်။ လှမ်း၍ ကြည့်လိုက်သောအခါ အီပိုဆီတိုကို မြင်သည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ အမွေးအမှင် ထူလပျစ်နှင့် ဖြစ်သည်။ အလုပ်ခွင်၌ သူ့အနီးတွင် အလုပ်လုပ်သူ ဖြစ်သည်။ ထို့နောက် မာကို ကို မြင်သည်။ အလုပ်သမားအသင်းချုပ်နှင့် ဆက်သွယ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ထို့နောက် ဆိတ် မဟာမက်ကို မြင်သည်။ အလုပ်ရုံ၌ သူ တစ်ဦးသာလျှင် အာရပ်လူမျိုး ဖြစ်သည်။ ထို့ပြင် အခြားအလုပ်သမားများကိုလည်း မြင်သည်။ အားလုံးသည် စကား တစ်ခွန်းတစ်ပါဒမျှ မပြော။ သူ လျှောက်လာသည်ကို စောင့်၍ ကြည့်နေကြသည်။ လုပ်ဖော်ကိုင်ဖက်များအနီးသို့ ယာဗား ရောက်လာသောအခါ လုပ်ဖော်ကိုင်ဖက်များ၏ မျက်စိတို့သည် အလုပ်ရုံတံခါးဘက်ဆီသို့ လှည့်သွားကြသည်။ အလုပ်ရုံတံခါးသည် ဟ လာပြီ။ ထိုနှင့်အတူ အလုပ်ရုံ ကြီးကြပ်သူ ဖိုမင်၏မျက်နှာ ပေါ်လာသည်။ ဖိုမင်သည် တံခါးရွက်တစ်ခုကို တွန်း၍ ဖွင့်လိုက်သည်။ ထို့နောက် အလုပ်သမားတို့ကို ကျောပေးလျက် ကျန်တံခါးရွက်ကို တွန်း၍ ဖွင့်ပြန်သည်။

ဖိုမင်၏အမည်သည် ဗာလက်စတာ ဖြစ်သည်။ အလုပ်သမားထဲတွင် အသက်အကြီးဆုံး ဖြစ်သည်။ သပိတ်မှောက်ကြစဉ် အခါကသော် သပိတ် မမှောက်သင့်ကြောင်း ဆင်ခြေပေးသူ ဖြစ်သည်။ သို့ရာတွင် သူဌေး၏ လက်ကိုင်တုတ်ဟု လည်းကောင်း၊ သူဌေး ကြေးပုံ့သူ ဟု လည်းကောင်း အီပိုဆီတိုက အော်ဟစ် ရေရွတ်လိုက်သောအခါ တစ်ခွန်းမျှ ပြန်မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သူ ဖြစ်သည်။ ယခုအခါတွင် ဗာလက်စတာသည် တံခါးဝ၌ မတ်မတ်ရပ်လျက် တစ်ယောက်ပြီးတစ်ယောက် အလျှို အလျှို ဝင်သွားကြသော အလုပ်သမားတို့ကို ကြည့်နေသည်။ နှုတ်ခမ်းမွေးကြီး ကုပ်၍ ကြည့်နေသည်။ အလုပ်သမားတို့သည် အရှုံးပေးခဲ့ကြရသူများပီပီ စကားတစ်ခွန်းမျှ မပြော။ နှုတ်ပိတ်နေကြသည်။ နှုတ်ပိတ်နေကြသည်မှာ

အခဲမကျေနိုင်ကြသောကြောင့် ဖြစ်သည်။ မပြောဘဲ နှုတ်ပိတ်နေကြလေလေ၊ ပြောချင်စိတ် ခေါင်းပါးလေလေ ဖြစ်လာဟန် တူသည်။ အလုပ်အခန်းထဲသို့ ဝင်လာခါစကသော် သူတို့သည် ဗာလက်စတာကို ရဲရဲမကြည့်ဘဲ ဝင်လာခဲ့ကြသည်။ အလုပ်ရှင်က အကြည့်ခိုင်းထားသည့်အတိုင်း ဗာလက်စတာက သူတို့ကို စောင့်ကြည့်ခြင်း ဖြစ်သည်ဟု သူတို့ သိပြီး ဖြစ်သည်။ ထို့ပြင် ဗာလက်စတာ၏ မျက်နှာ၌ နှုတ်ခမ်းမွေးကြီး ကုပ်နေသည်ကို ထောက်ခြင်းအားဖြင့် ဗာလက်စတာ၏ စိတ်၌ မည်သို့ တွေးနေသည်ကိုလည်း သူတို့ ရိပ်မိကြသည်။ ယာဗားသည် ဝင်လာစဉ်က ဗာလက်စတာကို တစ်ချက်မျှ ကြည့်လိုက်သည်။ ထိုအခါ ယာဗားနှင့် သင့်သော ဗာလက်စတာသည် ယာဗားကို ပြန်ကြည့်သည်။ သို့ရာတွင် နှုတ်ဆက်ခြင်း မပြု။ ခေါင်းကိုသာ ညိတ်ပြသည်။

၃

အလုပ်သမားတို့သည် အလုပ်ခန်းထဲသို့ ရောက်ကုန်ပြီ။ အခန်းအလယ်တွင် သစ်သားစည်ပိုင်း ပစ္စည်းဟူသမျှသည် ပုံလျက်ရှိသည်။ အချို့လည်း စည်ပိုင်းဘဝသို့ ရောက်ကြပြီ။ အချို့လည်း သံခွေပတ်ရုံမျှသာ လိုတော့သည်။ အချို့လည်း အစများလျားနှင့် ဖြစ်သည်။ စည်ပိုင်းအောက်ခံ သစ်သားအဝိုင်းအချို့သည် ခုံတန်းရှည်၏ မြှောင်းကြောင်း၌ ထောင်လျက်ရှိကြသည်။ တစ်နေရာတွင် ရွှေပေါ်ထိုးရန်ဖြစ်သော ပျဉ်ချပ်တို့သည် ပုံနေသည်။ တစ်ဖက်တွင် လွစက်နှစ်လုံး ရှိသည်။ ဆီလူးထားသဖြင့် ပြောင်လက်နေတုန်း ဖြစ်သည်။ မောင်းပေးမည့်သူ လာလျှင် ခုတ်လိုက်အံ့ဟု အားခဲနေသကဲ့သို့ ဖြစ်သည်။ လွစာတို့သည် ပြန့်ကြဲဖြစ်နေသည်။ စူး၊ ဆောက်၊ တူ၊ လွန်ပူ စသော လက်သမား တန်ဆာပလာတို့သည် လွစာဖြင့် ရောနှောနေကြသည်။ အလုပ်သမားတို့သည် ဖရိုဖရဲ ဖြစ်နေသော အလုပ်ခန်း အခြေအနေကို မြင်လိုက်

ကြသည်။ ထို့နောက် အလုပ်လုပ်စဉ် ဝတ်မြဲဖြစ်သော ဆွယ်တာအကျႌ အဟောင်းအနွမ်းများကို လည်းကောင်း၊ ဘောင်းဘီ အဖာအထေးများကို လည်းကောင်း ဝတ်၍ ခါတိုင်းကဲ့သို့ အမိန့်ကို စောင့်နေကြသည်။ ဗာလက် စတာသည် အလုပ်သမားတို့ အဆင်သင့် ဖြစ်ကြသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် 'ကိုင်း၊ စကြပေတော့'ဟု အမိန့်ပေးလိုက်သည်။ ထိုအခါ အလုပ်သမားတို့သည် ဘာတစ်ခွန်းမျှ မပြောဘဲ တစ်ယောက်ပြီးတစ်ယောက် ကိုယ့်အလုပ်ကို ကိုယ်ဝင်လုပ်ကြသည်။ ဗာလက်စတာသည် အလုပ်သမား တိုင်းဆီသို့ သွား၍ မည်သည့် အလုပ်ကို အဆုံးသတ်ရန် ရှိကြောင်း တစ်ဦး ချင်း လိုက်၍ ညွှန်ကြားရသည့် ထုံးစံအတိုင်း ညွှန်ကြားသည်။ အလုပ်သမား တို့ကလည်း တစ်ခွန်းတစ်ပါဒ ပြန်မပြော။ ညွှန်ကြားသည့်အတိုင်း လိုက်နာ လုပ်ကိုင်ကြသည်။

ချက်ချင်းပင် စည်ပိုင်းဖြစ်အောင် စပ်ထားသော ပျဉ်ချပ်တို့ကို မိနေ အောင် သံခွေရိုက်သွင်းသော တူထုသံတို့သည် မြည်လာသည်။ ထို့နောက် ရွှေပေါ်ထိုးသံတို့ မြည်လာသည်။ တစ်ခါတစ်ရံ သစ်မျက်နှင့် ရွှေပေါ်သွား ခတ်မိသော မာဆတ်ဆတ် အသံကိုပင် ကြားရသည်။ အီပိုဆီတို ခုတ်မောင်း လိုက်သော လွှစက်သည် တစ်ဝီဝီမြည်၍ လွှသွားသည် လည်လာသည်။ ဆိတ်မဟာမက်သည် ထိုအလုပ်သမား၊ ဤအလုပ်သမားတို့က ခိုင်းလျှင် ပျဉ်ချပ်တို့ကို သယ်လာသည်။ ပျဉ်ချပ်တို့ကို ခုံးလာအောင် ပြုရာတွင် အပူ ငွေ့ဖြင့် ပြုရသဖြင့် မီးအမွှေးခိုင်းလျှင် ရွှေပေါ်စာတို့ဖြင့် မီးမွှေးပေးသည်။ ခိုင်းစရာမရှိ၍ မည်သူကမျှ မခိုင်းသေးလျှင် သူ့ခုံ၌ သူထိုင်၍ သံချေးတက်နေ သော သံခွေတို့ကို စို့နှက်သည်။ အလုပ်ခန်းတွင် ရွှေပေါ်စာ မီးလောင်နံ့ သင်းလာသည်။ ယာဗားသည် အီပိုဆီတို၏ လွှစက်မှ ထွက်လာသော ပျဉ်ချပ် တို့ကို ရွှေပေါ်ထိုးသည်။ ပြီးလျှင် စပ်ကြည့်သည်။ ရွှေပေါ်ထိုးရင်း၊ ပျဉ်စပ် ရင်း ရွှေပေါ်စာ မီးလောင်နံ့ကို ရလာသောအခါ စိတ်ပြေသလိုလို ဖြစ်လာ

သည်။ ဤသို့ဖြင့် အလုပ်ခန်းထဲတွင် တစ်ယောက်တစ်လက် အလုပ် လုပ်နေကြသည် ဖြစ်ရာ လွတိုက်သံ၊ ရွှေပေါ်ထိုးသံ၊ တူထုသံတို့ကို အဆက်မပြတ် ကြားရသည်။ လူသံကိုကား လုံးဝ မကြားရချေ။ အားလုံးသည် နှုတ်ပိတ်၍ အလုပ်လုပ်နေကြသောကြောင့် ဖြစ်သည်။

အတန်ကြာသော် အလုပ်သမားတို့သည် အလုပ်ခန်းတံခါးဝသို့ ရောက်လာ ရပ်ကြည့်နေသော အလုပ်ရှင် လာဆားကို မြင်လိုက်ကြသည်။ လာဆားသည် အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်မျှသာ ရှိသေးသည်။ ပိန်ပိန်ပါးပါး ဖြစ်သည်။ ဂယ်ဘာဒင် ဘောင်းဘီ အင်္ကျီ ဝတ်လာသည်။ ကပိုကယို နိုင်လှသည်။ ပြတ်သားသော မျက်နှာရှိသည်။ သို့ရာတွင် မြင်လျှင် ချစ်ခင်စရာ ဖြစ်သည်။ တံခါးဝမှ အခန်းတွင်းသို့ ဝင်မိသောအခါ ဣန္ဒြေ အနည်းငယ် ပျက်သည်။ အလုပ်သမားများကို နှုတ်ဆက်နေကျ ဖြစ်သည့်အတိုင်း နှုတ်ဆက်လိုက်သောအခါ သူ့အသံသည် သွက်သွက်လက်လက် မရှိလှချေ။ ထူးသည်မှာ အလုပ်ရှင်က နှုတ်ဆက်လိုက်သောအခါ အလုပ်သမားများသည် တုံ့ပြန်ခြင်းမပြုဘဲ နေကြခြင်း ဖြစ်သည်။ တူထုသံများသာလျှင် တစ်ခဏမျှ တိမ်သွားသလိုလို ဖြစ်သည်။ ထို့နောက် ပို၍ ကျယ်ကျယ်လောင်လောင် ဆူဆူညံညံ ဖြစ်လာသည်။

ထို့ကြောင့် လာဆား၏ ခြေလှမ်းသည် အနည်းငယ် အရှိန်ပျက်သွားသည်။

လာဆားသည် လုပ်သက် တစ်နှစ်မျှသာ ရသေးသော အလုပ်သမားလူငယ် ဗာလာရီဆီသို့ ခြေဦးလှည့်လိုက်သည်။ ဗာလာရီသည် အီမိုဆီတို့၏ လွစက်အနီး၊ ယာဗား၏ ရွှေပေါ်ခုံနှင့် မလှမ်းမကမ်းနေရာ၌ အလုပ်လုပ်သူ ဖြစ်သည်။ ငါးဆယ့်နှစ်ဂါလံ စည်ပိုင်း၌ အောက်ခံသစ်သားအဝိုင်း တပ်ဆင်ပေးရသူ ဖြစ်သည်။ လာဆားသည် ဗာလာရီအနားသို့ ရောက်လာသောအခါ ဗာလာရီသည် လာဆားနှင့် မျက်နှာချင်းမဆိုင်။ ကိုယ့်အလုပ်ကို

သာ ငုံ့၍လုပ်သည်။'ဘယ့်နှယ့်လဲကွ၊ မင်း နေလို့ကောင်းရဲ့လား' ဟု လာဆားက မေးသောအခါ ဗာလာရီသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍ အီပိုဆီတိုသို့ လှမ်း၍ ကြည့်သည်။ ထိုအခိုက်တွင် အီပိုဆီတိုသည် ရွှေပေါ်စာတို့ကို ကျုံး၍ ယာဗားထံသို့ ယူသွားသည်။ ဗာလာရီ လှမ်းကြည့်စဉ်က အီပိုဆီတိုက ပြန်ကြည့်ပါ၏။ ထို့နောက် သူ့အလုပ်ကိုသာ လုပ်မြဲ လုပ်နေသည်။ ထိုအခါ ဗာလာရီသည် အလုပ်ရှင် လာဆားကို ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ သူ့စည်ပိုင်း မျက်နှာဝကိုသာ အကဲခတ်နေသယောင် ပြု၍ ကြည့်နေသည်။ လာဆားသည် ကြောင်တက်တက် ဖြစ်သွားသည်။ သို့ရာတွင် ဗာလာရီအနီး၌ အတန်ကြာမျှ မတ်တတ်ရပ်၍ ကြည့်နေသေးသည်။ ထိုနောက် မင်းက ဒီလိုလားကွဟု ဆိုလိုက်ဘိသကဲ့သို့ သူ့ပခုံးနှစ်ဖက်ကို တွန့်ပြ၍ အလုပ်သမား မာကိုဆီသို့ လှည့်သွားသည်။

မာကိုသည် ခုံတန်းလျား၌ ခွထိုင်၍ စည်ပိုင်းအောက်ခံ သစ်သားအဝိုင်း၏ စောင်းကို လိုရာပုံသို့ရောက်အောင် ဂရုတစိုက် ပွတ်ပြင်နေသည်။ 'ဟော့... မာကို' ဟု လေချိုသွေးကာ လာဆားက ဆိုလိုက်သည်။ ထို အခါ မာကိုကလည်း ဘာတစ်ခွန်းမျှ ပြန်မပြော။ အောက်ခံသစ်သား အဝိုင်း၏ စောင်းကိုသာ လိုသလောက် ပါးပါးလှီးနေသည်။ 'နေစမ်းပါဦး၊ ခင်ဗျားတို့ ဘာဖြစ်နေကြတာတုံးဗျ'ဟု လာဆားသည် ခပ်ကျယ်ကျယ် ညည်းတွား၍ အခြားသော အလုပ်သမားများကို ကြည့်သည်။ ထို့နောက် ဆက်၍ 'ခင်ဗျားတို့ကလဲ ခင်ဗျားတို့ရဲ့ အယူကို မှန်တယ်လို့ ထင်ကြတာပဲ။ ကျုပ်ကလည်း ကျုပ်ရဲ့အယူကို မှန်တယ်လို့ ထင်တာပဲ။ သဘောချင်းတော့ မတူကြဘူးပေါ့ဗျာ။ ဒါပေမဲ့ လုပ်စရာရှိတာကိုတော့ လက်တွဲပြီး လုပ်ကြရမှာပဲ မဟုတ်လား။ အခုတော့ ခင်ဗျားတို့ လုပ်နေပုံဟာ မဟုတ်သေးပါဘူးဗျာ'ဟု ဆိုသည်။ ထိုအခါ မာကိုသည် ထိုင်နေရာမှ ထလိုက်သည်။ ထို့နောက် သစ်သားအဝိုင်းကို စောင်း ညီ မညီ လက်ဝါးဖြင့် ပွတ်သပ်ကြည့်၍ ကျေနပ်

သော အမူအရာဖြင့် သစ်သားအဝိုင်းကိုကိုင်ကာ စည်ပိုင်းအောက်ခံတပ်သော အလုပ်သမားဆီသို့ ယူသွားသည်။ အလုပ်ခန်း တစ်ခန်းလုံးတွင် လူသံမကြား ရ။ ရွှေပေါ်ထိုးသံ၊ တူထုသံ၊ လွှစက်သံတို့ကိုသာ ကြားရသည်။ 'ခင်ဗျားတို့ သဘောပေါ့ဗျာ။ စိတ်ခုနေကြတုန်းတော့ ဒီလိုပဲ ဖြစ်ရမှာပဲ။ စိတ်ပြေလာတဲ့ အခါကျတော့ ပြောကြပေါ့ဗျာ။ ခင်ဗျားတို့ဆရာ ဗာလက်စတာ အရှိသားပဲ' ဟု ဆို၍ လာဆားသည် အလုပ်ခန်းမှ ထွက်သွားသည်။

တအောင့်လောက် ကြာသောအခါ ရွှေပေါ်ထိုးသံ၊ တူထုသံ၊ လွှတိုက် သံတို့ အကြားမှ ခေါင်းလောင်းတီးသံကို နှစ်ကြိမ် ကြားလိုက်ကြသည်။ ထိုအခါ စီးကရက်သောက်ချင်သဖြင့် စီးကရက်လိပ်ဟန် ပြင်နေသော ဖိုမင် ဗာလက်စတာသည် ထိုင်မည်ပြုပြီးမှ ပြန်ထ၍ အလုပ်ခန်းမှ ထွက်သွား သည်။ ထိုအခါကျမှ ယခင်က ဆူညံနေသော ရွှေပေါ်ထိုးသံ၊ တူထုသံ၊ လွှတိုက်သံတို့သည် အဆူအညံ လျော့သွားသည်။ ချက်ချင်းပင် ဗာလက် စတာ ပြန်ဝင်လာ၍ 'မာကိုနဲ့ ယာဗား၊ သူဌေး ခေါ်နေတယ်'ဟု အော်ပြော သည်။ သူဌေး ခေါ်သည်ဟု သိသည်နှင့် တစ်ပြိုင်နက် ယာဗားသည် ရုတ်ခြည်း ထ၍ ပေရေနေသော မိမိလက်များကို ဆေးကြောမည် ပြု၏။ သို့ရာတွင် မာကိုက ဟန့်လိုက်သဖြင့် လက်မဆေးတော့ဘဲ မာကိုနောက်သို့ ထော့ကျိုး ထော့ကျိုးနင်း၍ လိုက်သွားသည်။

အလုပ်ရှင် လာဆား၏ အိမ်ရှေ့ခန်းသို့ ရောက်သောအခါ မာကိုနှင့် ယာဗားသည် အတွင်းခန်းမှ ကလေးငိုသံကို ကြားလိုက်ကြသည်။ ထို့နောက် 'နေ့လယ်စာ ကျွေးပြီးရင် ကလေးကို သိပ်လိုက်။ အဖျားမကျသေးရင် ဆရာဝန် ခေါ်ပေါ့'ဟု ပြောလိုက်သော လာဆား၏ အသံကို ကြားကြပြန် သည်။ ထို့နောက် လာဆားသည် အပြင်သို့ထွက်လာ၍ အလုပ်သမားနှစ်ဦးကို သူ့ရုံးခန်းသို့ ခေါ်သွားသည်။ အခန်းသို့ ရောက်သောအခါ လာဆားသည် အလုပ်စားပွဲနောက်၌ ဝင်ထိုင်၍ အလုပ်သမားနှစ်ဦးကို အထိုင်ခိုင်းသည်။

အလုပ်သမားနှစ်ဦးသည် မထိုင်။ မတ်တတ် ထလျက်သာနေသည်။ 'ခင်ဗျား တို့နှစ်ဦးကို ကျုပ်ခေါ်တာဟာ တခြားကြောင့် မဟုတ်ပါဘူး။ မာကိုက ကျုပ်အလုပ်သမားတွေရဲ့ ကိုယ်စားလှယ်ဖြစ်လို့။ ယာဗားက ကျုပ်အလုပ်ရုံမှာ ဗာလက်စတာပြီးရင် လုပ်သက်အရင့်ဆုံး ဖြစ်လို့။ ဒါကြောင့် ခေါ်တာ။ ဒီမှာဗျ၊ ပြီးခဲ့တဲ့ ကိစ္စတွေကို အကျယ်အကျယ် မငြိမ်းဖွယ်ဆိုသလို ကျုပ်ပြန်ပြီး မပြောလိုတော့ဘူးဗျ။ အခု ဆုံးဖြတ်ကြတဲ့အတိုင်း ပြောရရင် ခင်ဗျားတို့ အခု အလုပ်ပြန်ဆင်းလာကြပေမယ့် ကျုပ်က လုပ်ခတိုးပေးဖို့ မဟုတ်ဘူးနော်။ ဟုတ်ကဲ့လား။ အချုပ်မှာ အရင်ကလိုပဲ ခင်ဗျားတို့ အလုပ်လုပ်နေကြတယ်ပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်မှာ ပြောစရာတစ်ခု ရှိတယ်။ ဒါကတော့ ခင်ဗျားတို့ဟာ ကျုပ်ကို စိတ်ဆိုးနေကြတုန်းပဲ။ ကျုပ်အပေါ်မှာ စိတ်ခုနေကြတုန်းပဲ။ အဲဒါတော့ မကောင်းပါဘူးဗျာ။ ကျုပ်စိတ်မှာ တော်တော် ထိခိုက်တယ်။ ကျုပ်ကတော့ ပွင့်ပွင့်လင်းလင်း ပြောတတ်တာပဲ။ မြုံမထားချင်ဘူး။ ဒီမှာဗျ။ ခေတ်မကောင်းလို့သာပေါ့ဗျာ။ ခေတ်သာ ကောင်းရင် ခင်ဗျားတို့က မတောင်းခင် ကျုပ်က အရင်တိုးပေးမှာပါဗျ။ ခေတ်သာ ကောင်းလာပါစေ။ လုပ်ခကို ကျုပ် ချက်ချင်း တိုးပေးပါ့မယ်။ ကျုပ် အခု ကတိပေးပါတယ်။ ရှေ့အဖို့မှာ စိတ်အေးလက်အေး အတူတူ အလုပ် လုပ်ကြရအောင်ဗျာ'ဟု လာဆားက ဆိုပြီးနောက် ငေးနေသည်။ ထို့နောက် မာကိုနှင့် ယာဗားဘက်သို့ လှည့်၍ 'ဘယ့်နှယ့်လဲဗျ'ဟု မေးသည်။ မာကိုသည် အနီးရှိ ပြတင်းပေါက်ဆီသို့ လှမ်း၍ ကြည့်နေသည်။ ယာဗားသည် ပြန်ပြောချင်စိတ် ပေါက်လာသည်။ သို့ရာတွင် စကားမရှိသကဲ့သို့ ဖြစ်နေ၍ အံကြိတ်ထားရသည်။ ထိုအခါ လာဆားကပင် ဆက်၍ 'အခုတော့လဲ ခင်ဗျားတို့ဟာ ကျုပ်အပေါ်မှာ စိတ်ခုနေကြဦးမှာပဲ။ ဒါပေမဲ့ တစ်နေ့နေ့မှာ ခင်ဗျားတို့ အရည်လည်လာရင် စိတ်ပြေသွားကြမှာပဲ။ ကျုပ်ပေးတဲ့ ကတိကို မမေ့ကြပါနဲ့ဗျာ'ဟု ဆို၍ ထိုင်ရာမှ ထလိုက်ပြီးနောက် ကျေရာကျေကြောင်း သဘောဖြင့် လက်ဆွဲ

နှုတ်ဆက်ရန် မာကိုဆီသို့ သူ၏လက်ကို လှမ်းလိုက်သည်။ မာကိုသည် မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ သို့ရာတွင် မချိုမချဉ် မျက်နှာ ပေးဖြင့် တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် ချာခနဲ လှည့်၍ ထွက်သွားသည်။ ထိုအခါ လာဆားသည် ရှက်ကိုးရှက်ကန်း လက်တန်းလန်း ကျန်ရစ်၍ အံ့အားသင့်ကာ ယာဗားကို စိုက်ကြည့်နေသည်။ ထို့နောက် 'ဖြစ်ချင်ရာ ဖြစ်ကြပေါ့ဗျာ။ ကျုပ်က ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ' ဟု အော်လိုက်သည်။

၄

အလုပ်ခန်းသို့ မာကိုနှင့် ယာဗားတို့ ပြန်ရောက်ကြသောအခါ အလုပ်သမား တို့သည် နေ့လယ်စာ စားနေကြပြီ။ ဗာလက်စတာသည် အပြင်သို့ ထွက်သွား ပြီ။ ဝိုင်း၍ မေးကြသောအခါ မာကိုက 'အလကားပါကွာ။ မစားရ ဝခမန်း။ လေတစ်လုံး မိုးတစ်လုံး စကားချည်းပါပဲ' ဟု ပြန်ပြော၍ သူ့နေရာသို့ သူ ပြန်သွားသည်။ အီပိုဆီတိုသည် ကိုက်စားတော့မည့် ပေါင်မုန့်ကို ကိုက် မစားသေးဘဲ 'မင်းတို့ ဘာပြန်ပြောခဲ့သလဲကွ' ဟု ယာဗားကို မေးကြည့် သည်။ 'ဘာမှ မပြောခဲ့ဘူးကွ'ဟု ယာဗားက ဆို၍ သူ့မုန့်လွယ်အိတ်ရှိရာ သို့ သွားသည်။ ထို့နောက် မုန့်လွယ်အိတ်ကို ယူလာ၍ သူ့ခုံတန်းလျားမှာ ထိုင်သည်။ စားတော့မည် ပြုသောအခါ ဆိတ်မဟာမက်ဆီသို့ သူ့မျက်စိ ရောက်သွားသည်။ ဆိတ်မဟာမက်သည် ရွှေပေါ်စာ အပုံပေါ်၌ ပက်လက် လှန်ကာ အထက်မှန်ချပ်များမှ ထိုးဝင်လာသော မိုးကောင်းကင် အပြာရောင် ကို ငေးကြည့်နေသည်။ 'ဟေ့ ဆိတ်။ စားပြီးပြီလား' ယာဗားက လှမ်းမေး လိုက်သည်။ 'ပြီးပြီလေ။ ငါ့မှာ တယ်သီးပါလာတယ်။ အကုန်စားလိုက်ပြီ' ထိုအခါ ယာဗားသည် လာဆားကို မေ့၍ ဆိတ်ကို သနားလာသည်။ ထို့ကြောင့် သူ့ပေါင်မုန့်ကို နှစ်ပိုင်းပိုင်း၍ တစ်ပိုင်းကို ဆိတ်မဟာမက်အား ပေးသည်။ ဆိတ်မဟာမက်သည် ဝပြီ ဟု ပြော၍ အတန်တန် ငြင်းသည်။

'စားပါကွ။ ယူပါကွ။ နောက်တစ်ပတ်ဆိုရင် တို့တစ်တွေ ဖောဖောသီသီ ဖြစ်လာမှာပဲ။ ဒီအခါကျတော့ မင်းက ငါ့ကို ကျွေးပေါ့။ တစ်လှည့်စီပေါ့၊ စားပါကွ။ ယူပါကွ' ဟု ဆို၍ ယာဗားက အတင်းပေးသည်။ ထိုအခါကျမှ ဆိတ်မဟာမက်သည် ပြုံး၍ ပေါင်မုန့်တစ်ပိုင်းကို လှမ်းယူလိုက်သည်။ ထို့နောက် တစ်ကိုက် ကိုက်လိုက်ပြီးလျှင် မစားရက်၊ မမျိုရက် ဖြစ်သဖြင့် အားနာပါးနာ၊ မဝါးချင် ဝါးချင် ဝါးနေသည်။

အီပိုဆီတိုသည် သူ့ပေါင်မုန့်ကို စားပြီးသောအခါ ထောင့်တစ်ထောင့်မှ အိုးဟောင်းတစ်လုံးကို ဆွဲထုတ်သည်။ ထို့နောက် ရွှေပေါ်စာတို့ဖြင့် မီးမွှေးသည်။ မီးတောက်လာသောအခါ ပုလင်း၌ ထည့်ယူလာသော ကော်ဖီရည်ကို အိုးထဲသို့ လောင်းထည့်၍ နွှေးသည်။ 'ဟော့ ဒီကော်ဖီကို မင်းတို့ ဘာထင်ကြသလဲ။ ဒီကော်ဖီဟာ သပိတ်ကော်ဖီကွ။ တို့ သပိတ်လှန်လိုက်ရပြီ ဆိုလို့ ငါ့ဝယ်နေကျ ကုန်သေးဆိုင်က တို့တစ်တွေကို သနားပြီး၊ တို့တစ်တွေကို ကုသိုလ်ပြုလိုက်တဲ့ ကော်ဖီကွ သိရဲ့လား။ လာ သောက်ကြ။ များတော့ အဝ၊ နည်းတော့ အမျှပေါ့ကွ' ဟု ဆို၍ သံဖြူခွက်ဟောင်း တစ်ခွက်၌ နည်းနည်းစီ ငှဲ့ထည့်ပေးရာ တစ်ယောက်တစ်လှည့်စီ သောက်ကြသည်။ ဆိတ်မဟာမက်သည် ယာဗား၏ ပေါင်မုန့်ကို စားစဉ်က အားနာသလိုလို ဖြစ်ခဲ့သည်။ ယခုသော် အားနာခြင်း မဖြစ်။ အားရပါးရ သောက်လိုက်သည်။ အီပိုဆီတိုသည် အိုးကပ်ကိုပါ မချန်ချင်သဖြင့် အိုးကို ပါးစပ်မှာတေ့၍ မော့ချလိုက်သည်။'ငါ့လခွေးမှပဲ။ ကောင်းလိုက်တဲ့ ကော်ဖီကလေးနှယ်ကွာ။ ဘယ်လို အရသာရှိမှန်း မသိဘူး' ဟုလည်း ဆို၍ နှုတ်ခမ်းပါးနားကို လျှာဖြင့် လျက်သည်။ သပိတ်ကော်ဖီ၏ အရသာကို အပြည့်အဝ ခံလိုက်သော သဘောဖြင့် ပါးစပ်ကလည်း ပလပ်ပလပ် မြည်ပြလိုက်သေးသည်။ ထိုအခိုက် ဖိုမင် ဗာလက်စတာ ဝင်လာ၍ အလုပ်ကို ပြန်စရန် အချက်ပေးသည်။

ထိုအခါကျမှသာ အလုပ်သမားတို့သည် စားကြွင်းစားကျန်မှ စ၍

ပန်းကန်ခွက်ယောက်တို့ကို သိမ်းကြသည်။ သိမ်းနေကြခိုက် ဗာလက်စတာသည် အလုပ်သမားများနှင့် စကားရော ဖောရောပြု၍ 'ခေတ်က မကောင်းတော့ တို့တစ်တွေလဲ ခပ်ကျပ်ကျပ်ပဲကွ။ သူလဲ ခပ်ကျပ်ကျပ်ပဲကွ။ ဒီတော့ သဘောကြီးကြဖို့ လိုတယ်ကွ။ ကလေးတွေလို သုန်သုန်မှုန်မှုန် ကတ်တီးကတ်ဖဲ့ လုပ်နေဖို့ မကောင်းဘူးကွ' ဟု လေချိုသွေးလိုက်သည်။ ထိုအခါ အီပိုဆီတိုသည် ကော်ဖီအိုးကို လက်တစ်ဖက်က ကိုင်လျက် ဖိုမင် ဗာလက်စတာကို စားတော့မည် ဝါးတော့မည်ကဲ့သို့ ကြည့်လိုက်သည်။ ယာဗားသည် အီပိုဆီတို မည်သို့ ပြန်လည် ချေပလိုက်မည်ကို သိပြီး ဖြစ်သည်။ ထို့မျှသာမက အလုပ်သမား အားလုံး၏စိတ်၌ မည်သို့ ဖြစ်နေကြသည်ကိုလည်း သိသည်။ စင်စစ်မှာ အလုပ်သမားတို့သည် သုန်သုန်မှုန်မှုန် လုပ်နေကြသည်လည်း မဟုတ်။ ကတ်တီးကတ်ဖဲ့ လုပ်နေကြသည်လည်း မဟုတ်။ စကားမပြောလို၍ နှုတ်ပိတ်နေကြခြင်းသာ ဖြစ်သည်။ လုပ်ချင်မှလုပ်၊ မလုပ်ချင်လျှင် ထွက်ကြဟု အလုပ်ရှင်က အာဏာပြခဲ့သည်ဖြစ်ရာ အလုပ်သမားများမှာ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ကြရသည်။ အလုပ်ရှင်က လခ တိုးမပေးသဖြင့် အလုပ်မှ သူတို့ ထွက်လိုက်လျှင် ငတ်ကြမည်မှာ သေချာသည်။ မငတ်ချင်ကြ၍ အလုပ်ကို တွယ်ထားလျှင်လည်း မဝတဝသာ စားကြရမည်။ ထို့ကြောင့် သူတို့ ဒေါသ၍ စိတ်နောက်ကိုယ်ပါ သပိတ်မှောက်ခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် အလုပ်သမား အသင်းချုပ်ကလည်း သူတို့ကို မကယ်နိုင်ဖြစ်ခဲ့ရာ သပိတ်လှန်၍ အလုပ်ပြန်ဝင်ခဲ့ကြသည်။ ယခုအခါ၌ သူတို့သည် ကိုးကွယ်ရာမဲ့ ဖြစ်နေကြပြီ။ ထိုအခြေမျိုးတွင် သူတို့သည် အလုပ်ရှင်က နှုတ်ဆက်သည်ကို ပြန်လည် နှုတ်ဆက်နိုင်ဖို့ ဝေးစွ၊ ငိုချင်ပါလျက် မငိုနိုင်အောင် ဖြစ်နေကြရသည်။ သူတို့လည်း လူပင် ဖြစ်သည်။ ပြုံးမပြနိုင်သေးသည့် အခါ၌ မပြုံးဘဲသာ နေလိုက်ချင်သည်။ ဟန်ဆောင်ပြုံးမျိုးကိုကား သူတို့ ပြုံးမပြနိုင်ပြီ။ သူတို့ ပြန်မပြောခြင်း၊ ပြန်မပြုံးခြင်းတို့သည် သုန်သုန်မှုန်မှုန်

လုပ်နေခြင်း မဟုတ်။ ကတ်တီးကတ်ဖဲ့ လုပ်နေခြင်း မဟုတ်။ ပြန်မပြောနိုင်၍ ပြန်မပြောခြင်းသာ ဖြစ်သည်။ ပြန်မပြုံးနိုင်၍ ပြန်မပြုံးခြင်းသာ ဖြစ်သည်။ သို့ရာတွင် အီပိုဆီတိုသည် ဗာလက်စတာအား ထိုသို့ ပြန်လည်ချေပခြင်း မပြုလိုက်ချေ။ ချေပချင်စိတ်ကို ချုပ်ထိန်း၍ ဗာလက်စတာ၏ ပခုံးကို အသာအယာ ပုတ်ခဲ့ပြီးနောက် မိမိ၏ အလုပ်ခွင်သို့ သွားသည်။ ကျန်အလုပ်သမားအားလုံးလည်း အလုပ်ခွင်သို့ ပြန်ဝင်ကြသည်။

အလုပ်ခန်းတွင် တူထုသံတို့ကို ကြားလာရပြန်ပြီ။ ရွှေပေါ်စာမီးလောင်နဲ့ သင်းလာပြန်ပြီ။ လွစက်ခုတ်သံသည် တဝီဝီ မြည်လာပြန်ပြီ။ အီပိုဆီတိုသည် ပတ်ချာလည်နေသော လွသွားဆီသို့ ပျဥ်ချပ်ကို ဦးတိုက်တွန်းလိုက်သည်ဖြစ်ရာ လွသွားသည် သစ်သား၌ နစ်ဝင်၍ တိုက်စားသွားသည်။ ထိုအခါ လွစာတို့သည် ဖြာထွက်လာ၍ အမွေးအမှင် ထူလှသော အီပိုဆီတို၏ လက်မောင်းပေါ်သို့ တဖွဲဖွဲ ကျလာသည်။ ပျဥ်ချပ်ဆုံးသောအခါ လွတိုက်သံစဲ၍ စက်ခုတ်သံသာ မြည်မြဲမြည်နေသည်။ ယာဗားသည် ကုန်း၍ ရွှေပေါ်ထိုးသည်။ ရွှေပေါ်ထိုးရင်း ခါးနာလာသည်။ အခါတိုင်းတွင် အတန်ကြီးကြာမှ ခါးနာတတ်သည်။ အရက် နှစ်ဆယ်လောက် အလုပ်မလုပ်ဘဲ သက်သက်သာသာ နေလိုက်ရ၍ အကျင့်ပျက်ခဲ့သောကြောင့် ခါးအနာ မြန်လာခြင်း ဖြစ်သည်။ အသက်ကြီးလာသောကြောင့် ဖြစ်သည်ဟုလည်း ယာဗား ယူဆသည်။ ခြေနှင့် လက်နှင့် သယ်ပိုး တွန်းထိုး ထုရိုက်၍ လုပ်ရသော ခြေလက် အလုပ်မျိုးသည် ပို့ုရှယ်စဥ်၌ မထောင်းတာ။ အသက်ကြီးလာသောအခါ ပင်ပန်းလှသည်။ ပင်ပင်ပန်းပန်း လုပ်ရဖန်များလျှင် သချိုင်းသို့ မျက်စောင်းထိုးချင်လာသည်။ ပင်ပင်ပန်းပန်း လုပ်ရသောကြောင့် ခြေကုန်လက်ပန်းကျကာ အိပ်ပျော်သွားသောအခါ အသေနှင့် တူတော့သည်။ သူ့သားငယ်က ပြောသည်မှာ သူ ကြီးလာလျှင် ကျောင်းဆရာလုပ်မည်ဟု ပြောသည်။ သူ့သား စိတ်ကူးမလွဲ၊ လိမ္မာလှပေသည်။ လောက၌ ခြေလက်

အလုပ်သည် သမ္မာအာဇီဝအလုပ် ဖြစ်၏။ မြတ်သောအလုပ် ဖြစ်၏။ မွန်သော အလုပ်ဖြစ်၏ စသည်ဖြင့် လျှာအရိုးမရှိတိုင်း ပြောတတ် ဟောတတ်ကြသည်။ ထိုသူတို့သည် သူတို့ဟောသော စကားကို သူတို့ နားလည်ကြပါလေစ။ သူတို့စိတ်ကို သူတို့ သိကြပါလေစ။

ယာဗားသည် သူ့ခါးကို ဆန့်၍ သူ့ခေါင်းထဲသို့ ဝင်လာသော ကဲ့ရဲ့ချင်စိတ်ကို ဖျောက်ကြည့်သည်။ ထိုအခိုက်တွင် ခေါင်းလောင်းတီးသံကြားလိုက်ကြပြန်သည်။ ခေါင်းလောင်းတီးသံသည် ခါတိုင်းနှင့် မတူ။ ထူးသည်။ မြည်သံသည် ပြတ်တောက် ပြတ်တောက်ဖြစ်၍ မာသည့်အခါ မာသည်။ တိမ်သည့်အခါ တိမ်သည်။ အာဃာတသံ ပါသည့်အခါ ပါသည်။ ကြားကြသော အလုပ်သမားတို့သည် ကြက်သေ သေနေကြသည်။ ဗာလက်စတာသည် နားစွင့်၍ နားထောင်သည်။ တွေနေသည်။ ထို့နောက် အပြင်သို့ ထွက်သွားသည်။ ထို့နောက် ခေါင်းလောင်းသံ ရပ်သွားသည်။ ထို့ကြောင့် အလုပ်သမားတို့သည် မိမိတို့ အလုပ်ကို ပြန်လုပ်ကြသည်။ ချက်ချင်းပင် ဗာလက်စတာ ပြန်လာ၍ အဝတ်လဲခန်းသို့ ဝင်သွားသည်။ ထို့နောက် ကင်းဗတ်ဖိနပ်စီး၍ ထွက်လာသည်။ အင်္ကျီလက်ထဲသို့ သူ့လက်ကို ထိုးထည့်ရင်း ယာဗားအား 'ကလေး တက်နေတယ်ကွ။ ဂျာမိန်ကို ငါ သွားခေါ်လိုက်ဦးမယ်' ဟု ပြော၍ ထွက်သွားသည်။ ဂျာမိန် ဆိုသူသည် လာဆား၏ အလုပ်သမားများကို စောင့်ရှောက်ရသော အလုပ်ရုံဆရာဝန် ဖြစ်သည်။ ယာဗားက အလုပ်ရှင်၏ သမီးကလေး တက်နေကြောင်း တစ်ဆင့် ပြန်ပြောပြလိုက်သောအခါ အလုပ်သမားတို့သည် ယာဗားဆီသို့ ဝိုင်းအုံလာ၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လိပ်ပြာမသန့် ဖြစ်နေကြသည်။ အလုပ်ခန်း တစ်ခုလုံးတွင် အသံဟူ၍ လွစက်ခုတ်သံကိုသာ ကြားရသည်။ ထို့နောက် 'တော်တော်ကြာရင် အဖျားကျသွားမှာပဲကွာ' ဟု တစ်ဦးက ဆိုလိုက်သဖြင့် အားလုံး ကိုယ့်အလုပ်ကို ကိုယ်ပြန်လုပ်ကြသည်။ ထိုအခါ

တူထုသံ၊ ရွှေပေါ်ထိုးသံ၊ လွတိုက်သံတို့သည် မြည်လာပြန်သည်။ သို့ရာတွင် ယခင်ကလောက် ဆူဆူညံညံ မဟုတ်။ တစ်ခုခုကို စောင့်မျှော် နားစွင့်နေဘိ သကဲ့သို့ ခပ်တိုးတိုး ခပ်ဆိုင်းဆိုင်းသာ မြည်၏။

ဆယ့်ငါးမိနစ်လောက် ကြာသောအခါ ဗာလက်စတာ ပြန်လာ၍ အင်္ကျီကို ချွတ်ထားခဲ့ပြီးလျှင် ဘာတစ်ခွန်းမျှ မပြောဘဲ ထွက်သွားပြန်သည်။ အပြင်ဘက်တွင် မိုးအုံ့နေဟန် တူသည်။ အတန်ကြာသော် လွစက်၌ ပျဉ်ချပ် ဆုံးသွား၍ လွတိုက်သံ စဲခိုက်တွင် သူနာပြု မော်တော်ကား ခေါင်းလောင်း သံကို ကြားလာကြသည်။ ပထမသော် ခပ်လှမ်းလှမ်းမှ မြည်လာ၍ တဖြည်း ဖြည်း နီးလာသည်။ ထို့နောက် အလုပ်ရုံ၏ အပြင်နားဆီ၌ ရပ်သွားသည်။ ဗာလက်စတာ ပြန်ဝင်လာသောအခါ ဗာလက်စတာကို ဝိုင်း၍ မေးကြသည်။ ထိုအခါ ဗာလက်စတာက အလုပ်ရှင်၏ သမီးငယ်သည် အဝတ်လဲရင်း ပိုင်းချလိုက်ဘိသကဲ့သို့ ခွေကျသွားကြောင်း ပြောပြသည်။'ဟာ ဒုက္ခပဲ။ တော်တော် ဆန်းပါကလား။ ဘယ်လို ရောဂါများပါလိမ့်' ဟု မာကိုက ဝင်မေးသည်။ ဗာလက်စတာသည် မပြောတတ်။ ခေါင်းခါ၍သာ ပြသည်။ ထို့နောက် သူနာပြု မော်တော်ကား ခေါင်းလောင်းသံကို ကြားကြရပြန်သည်။ လွစာ အလိမ်းလိမ်း၊ ဖုံအလိမ်းလိမ်း ကပ်နေသော အလုပ်သမားတို့သည် ငိုင်နေကြသည်။

ညနေပိုင်းကွင် အလုပ်ခန်း၌ အလုပ်သည် လေးလေးကန်ကန် ဖြစ်လာသည်။ ယာဗားသည် ခါးနာနေသည့်အပြင် စိတ်ညှိုးငယ်ခြင်းလည်း ဖြစ်လာသည်။ သူ့မှာ ပွင့်ပွင့်လင်းလင်း စကားပြောချင်စိတ် ပေါက်လာပါ၏။ သို့ရာတွင် ပြောစရာ မရှိ ဖြစ်နေသည်။ သူ၌သာမက အခြား အလုပ်သမား များ၌လည်း ထိုနည်းအတိုင်း ဖြစ်နေကြသည်။ နှုတ်ပိတ်၍ နေကြသော်လည်း သူတို့၏ မျက်စိမျက်နှာ၌ ညှိုးငယ်သော အမူအရာ ပေါ်နေသည်။ တင်း ထားရသော အမူအရာ ပေါ်နေသည်။ ယာဗားအဖို့မှာ ဘေးကြီး သင့်၊

ကပ်ကြီး ဆိုက်နေပြီဟုပင် သူ့စိတ်ထဲ၌ တစ်ခါတစ်ရံ ထင်လိုက်မိသည်။ သို့ရာတွင် တစ်ခဏမျှသာ ဖြစ်သည်။ ရေတစ်ပွက်မျှသာ ကြာသည်။ ချက်ချင်း အိမ်ပြန်ပြေးချင်စိတ် ပေါက်လာသည်။ မယား ဖယ်နန္ဒီကို မြင်လိုက်ချင်သည်။ သားငယ်နှင့် တွေ့လိုက်ချင်သည်။ ထိုအခိုက် ယနေ့အဖို့ အချိန်စေ့ပြီ၊ ပြန်နိုင်ကြပြီဟု အားလုံး ကြားအောင် အော်ပြောလိုက်သော ဗာလက်စတာ၏ အသံကို ကြားလိုက်ကြသည်။

ထိုအခါ လွှစက်တို့ကို ရပ်လိုက်ကြသည်။ အလုပ်သမားတို့ ဣန္ဒြေမပျက်၊ အလုပ်ခန်းမီးများကို ငြိမ်းသတ်ကြသည်။ သက်ဆိုင်ရာ လက်သမား တန်ဆာပလာတို့ကို သက်ဆိုင်ရာ ခုံများပေါ်၌ အစီအရီ တင်ကြသည်။ ထို့နောက် ကိုယ်လက် ဆေးကြော၍ အဝတ်လဲရန် ရေချိုးခန်းကြီးထဲသို့ ဝင်ကြသည်။ ဆိတ်မဟာမက် တစ်ယောက်သာ အလုပ်ခန်း၌ ကျန်ခဲ့သည်။ ဆိတ်သည် တာဝန်အရ ညစ်ပတ် ပေရေနေသည်တို့ကို ဆေးကြော၍၊ ရှုပ်ထွေး ပွေပွနေသည်တို့ကို ရှင်းလင်းရန် ဖြစ်သည်။

ယာဗားသည် ရေချိုးခန်းကြီးထဲသို့ ဝင်လိုက်သောအခါ တရှဲရှဲ ပန်းထွက်နေသော ရေပန်းအောက်တွင် အမွေးအမှင် ထူလှသော အီပိုဆီတိုကို မြင်သည်။ အီပိုဆီတိုသည် တံခါးပေါက်ဝကို ကျောခိုင်း၍ သူ့ကိုယ်ကို ဆပ်ပြာဖြင့် နာနာပွတ်နေသည်။ အခါတိုင်းတွင် ရက်တတ်သောကြောင့် သိသိဝှက်ဝှက် ရေချိုးတတ်သော အီပိုဆီတိုကို ဝိုင်း၍ စ တတ်ကြသည်။ ယခုအခါ မည်သူမျှ မစကြချေ။ အီပိုဆီတိုသည် သူများအား အလှည့်ပေးလိုသဖြင့် မြန်မြန်ထက်ထက် ရေချိုး၍ ရေပန်းအောက်မှ ထွက်လိုက်ပြီးလျှင် လန်ကွတ်တီ ဝတ်ထားလိုက်သည်။ ထိုအခါ ကျန်လူများသည် တစ်ယောက် တစ်လှည့်စီ ရေပန်းအောက်သို့ ဝင်၍ ရေချိုးကြသည်။ မာကို၏ အလှည့်သို့ ရောက်၍ မာကို ရေချိုးနေစဉ် အလုပ်ခန်း တံခါးဆီမှ တံခါးတွန်းသံကို ကြားလိုက်ကြသည်။ လှမ်းကြည့်လိုက်ကြရာ အလုပ်ရှင် လာဆား ဝင်လာသည်ကို မြင်ကြသည်။

လာဆားသည် မနက်ခင်းက ဝတ်လာသော ဘောင်းဘီ အင်္ကျီနှင့်ပင် ဖြစ်သည်။ ဖြီးထားသော ဆံပင်ကား ပုံပျက်၍ ပွနေသည်။ တိတ်ဆိတ်နေသော အလုပ်ခန်းကို ကြည့်လျက် ဝင်လာသည်။ ထို့နောက် ရေချိုးခန်းဆီသို့ လှမ်းကြည့်လိုက်သည်။ အီပိုဆီတိုသည် လန်ကွတ်တီနှင့်ပင် ဖြစ်နေသေးသဖြင့် ထိုင်ရမလိုလို ထရမလိုလို ဖြစ်နေသည်။ ယာဗားကမူ စကားပြောစရာရှိလျှင် မာကိုကသာ ဦးဆောင်၍ ပြောလိမ့်မည်ဟု ယူဆ၍ ခပ်အေးအေး လုပ်နေသည်။ သို့ရာတွင် မာကိုသည် ရေပန်းအောက်၌ တဖြန်းဖြန်း မြည်၍ ကျနေသော ရေသီး ရေပေါက်တို့တွင် မှုန်မွှားမွှား ဖြစ်နေသဖြင့် မာကို ကို မှုန်မွှားမွှားသာ မြင်ရသည်။ အီပိုဆီတိုသည် သူ့ရှပ်အင်္ကျီကို ကမန်းကတန်း ဆွဲယူ၍ သူ့လက်ကို ရှပ်အင်္ကျီလက်ထဲသို့ ပျာယီးပျာယာ ထိုးထည့်သည်။ အလုပ်ရှင် လာဆားသည် မလှမ်းမကမ်းသို့ ရောက်သောအခါ 'အလုပ်ပြီးကြပလား။ နက်ဖြန် လာကြဦးနော်' ဟု ဆို၍ နှုတ်ဆက်လိုက်သည်။ သူ့အသံသည် အာဏာသံလည်း မဟုတ်။ ကရုဏာသံလည်း မဟုတ်။ တစ်မျိုးဖြစ်နေသည်။ ထို့နောက် လာဆားသည် လှည့်ထွက်သွားသည်။ လာဆားလှည့်ထွက်သွားခါမှ တစ်ယောက်ယောက်က ပြန်၍ နှုတ်ဆက်စကား ပြောလိုက်ဖို့ ကောင်းသည်ဟု ယာဗား တွေးမိလာသည်။ သို့ရာတွင် လာဆားသည် အပြင်သို့ ရောက်သွားလေပြီ။

ယာဗားသည် ရေမချိုးတော့ဘဲ အလုပ်ခန်းအဝတ်ကို ချွတ်၍ အိမ်က အဝတ်ကို ဝတ်သည်။ လုပ်ဖော်ကိုင်ဖက်တို့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်သည်။ လုပ်ဖော်ကိုင်ဖက်တို့ကလည်း ဖော်ဖော်ရွေရွေ ပြန်၍ နှုတ်ဆက်ကြသည်။ ထို့နောက် ယာဗားသည် အလုပ်ရုံမှ ထွက်၍ စက်ဘီးပေါ်သို့ တက်သည်။ စက်ဘီးပေါ်တွင် သူ့ခါးနာသည် ပြန်ပေါ်လာသည်။ ဤသို့ဖြင့် ယာဗားသည် ညနေခင်းတွင် အသွားအလာ ရှုပ်ယှက်ခတ်နေသော ရပ်ကွက်တို့ကို ဖြတ်၍ အိမ်သို့ ပြန်လာသည်။

သူ့အိမ်တွင် သူ့သားငယ်သည် ကျောင်းမှ ပြန်လာ၍ အရုပ်စာအုပ်ကို တစ်ရွက်ပြီး တစ်ရွက် လှန်ကြည့်နေသည်။ သူ့မယား ဖယ်နန္ဒီသည် သူ့ကို ဆီးကြိုသည်။ ထို့နောက် အလုပ်ရုံအကြောင်း၊ အလုပ်ရှင်အကြောင်း မေးသောအခါ ယာဗားသည် ပြောချင်စိတ် မရှိသဖြင့် မပြောဘဲ ရေချိုးခန်းသို့ ဝင်သွား၍ ရေချိုးသည်။ ထို့နောက် အိမ်ဘေး ခုံတန်းလျား၌ ထိုင်သည်။ မျှော်ကြည့်လိုက်လျှင် လွမ်းစရာ ကောင်းလှသော ပင်လယ်ရေပြင်ကျယ်ကို မြင်ရသည်။ ဖယ်နန္ဒီသည် အရက်ချို နှစ်ခွက် ယူလာသည်။ ရေတကောင်း ယူလာသည်။ ထို့နောက် လင်ဖြစ်သူ ယာဗားအပါး၌ ထိုင်သည်။ ယာဗားသည် ဖယ်နန္ဒီ၏ လက်ကို ယုယုယယ ကိုင်ကာ နေ့ခင်းက အဖြစ်အပျက် အားလုံးစုံကို ပြောပြသည်။ ပြော၍ ပြီးသောအခါ မျှော်မဆုံးသော ပင်လယ်ပြင်ကျယ်ဆီသို့ မျှော်ကြည့်နေသည်။ နေမင်းသည် ညိုလာ၍ မှောင်စပြုပြီ။ 'မတတ်နိုင်ဘူး ရှင်မရာ။ သူဌေးလား...။ သူ့အပြောကလည်း မောက်မာခဲ့တယ် မဟုတ်လား။ သူ့အပြစ်နဲ့ သူပေါ့ကွာ' ဟု နီဂိုးချုပ် မှတ်ချက်ချလိုက်သည်။ သူ့ကလည်း ပြန်ငယ်နိုင်၍ ပျိုတုန်း၊ ရွယ်တုန်း၊ သန်တုန်း၊ မြန်တုန်းသာ ဖြစ်ခဲ့ပါမူ ဖယ်နန္ဒီကလည်း ပြန်ငယ်နိုင်၍ ပျိုတုန်း၊ ရွယ်တုန်း၊ သန်တုန်း၊ မြန်တုန်းသာ ဖြစ်ခဲ့ပါမူ သူတို့ နှစ်ဦးစလုံးသည် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့ လွင့်လိုက်ကြမည်သာ ဖြစ်သည်။

[ ငွေတာရီ၊ အမှတ်(၃၄)။ ဧပြီ၊ ၁၉၆၃ ]



ယူဂိုစလပ်ဗီးယား အမျိုးသား စာရေးဆရာ

**အန်ဒရစ် [ ၁၈၉၂–    ]**

**Ivo Andric, [1892-    ]**

ယူဂိုစလပ်ဗီးယားနိုင်ငံသား အန်ဒရစ်သည် ၁၉၆၁ ခုနှစ်တွင် ကမ္ဘာကျော် နိုဗဲစာပေဆု အချီးအမြှင့်ကို ခံရသည်။

အန်ဒရစ်သည် ၁၈၉၂ ခုနှစ်၌ ဖွားမြင်သူ ဖြစ်သည်။ ထိုအခါ ကသော် သူဖွားမြင်ရာဖြစ်သော ယခုခေတ် ယူဂိုစလပ်ဗီးယား၏ အလယ်ပိုင်း ဘော့စနီးယားဒေသသည် လွတ်လပ်သောဒေသ မဟုတ်။ ဩစထရီးယားနိုင်ငံ၏ လက်အောက်ခံ ဖြစ်သည်။ ထို မတိုင်မီကသော် အရှေ့ဘက် တူရကီနိုင်ငံ တူရကီ ဘုရင်၏ လက်အောက်ခံ ကိုလိုနီနယ်ပယ် ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့ဒေသ သည် သူ့ကို မဖွားခင်ကလည်း သူ့ကျွန်ဘဝ၌ လည်းကောင်း၊ သူ့ကို ဖွားစဉ်ကလည်း သူ့ကျွန်ဘဝ၌ လည်းကောင်း ရပ်တည်ခဲ့ရသည်။

အန်ဒရစ်သည် ငယ်စဉ်က ဘော့စနီးယားနယ်ရှိ သူ့ဇာတိ ကျေးရွာ

၌ စာသင်၍ ကြီးပြင်းလာသောအခါ မြို့ကြီးများ၌ ဆက်လက် ပညာသင်ကြားခွင့် ရသည်။ ပျိုရွယ်စဉ်က ဩစထရီးယား နယ်ချဲ့၏ လက်အောက်မှ လွတ်မြောက်အောင် လှုပ်ရှားခဲ့ကြသော လွတ်လပ်ရေး လှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် စလပ်လူမျိုး စည်းရုံးရေးလုပ်ငန်း၌ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဩစထရီးယား နယ်ချဲ့အစိုးရ၏ အဖမ်းအဆီး အချုပ်အနှောင်ကို ခံခဲ့ရသည်။ ၁၉၁၆ ခုနှစ်တွင် ထောင်မှ လွတ်ခွင့်ရသည်။ ထို့နောက် မဂ္ဂဇင်းတစ်စောင်ကို ဦးစီး ထုတ်ဝေသည်။ ထိုအခါမှ စ၍ အန်ဒရစ်သည် ဝတ္ထုများကို လည်းကောင်း၊ ကဗျာများကို လည်းကောင်း ရေးသည်။ ထိုစာများတွင် သူ့ဒေသဖြစ်သော ဘော့စနီးယားနယ်၌ လည်းကောင်း၊ ဘော့စနီးယား၏ အတိတ်သမိုင်း၌ လည်းကောင်း သူ စိတ်ဝင်စားခဲ့ကြောင်း သိလာရသည်ဟု ဆိုသည်။ ထိုမျှသာ မကသေး၊ ထိုစာများတွင် သူ့ဘဝအမြင် ပါလာပြီဟုလည်း ဆိုသည်။ ထိုအခါမှစ၍ သူ့စာသည် တစ်စတစ်စ ကျော်စောလာသည်။

၁၉၁၈ ခုနှစ်တွင် ဘော့စနီးယားဒေသ အပါအဝင်ဖြစ်သော ယူဂိုစလပ်ဗီးယားသည် လွတ်လပ်သောနိုင်ငံ ဖြစ်လာသောအခါ အန်ဒရစ်သည် ယူဂိုစလပ်ဗီးယား အစိုးရ၏ နိုင်ငံခြားရေးဌာန သံတမန်ဘက်၌ ဝင်ရောက် အမှုထမ်းသည်။ သံတမန်ဝန်ထမ်း အဖြစ်ဖြင့် အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ စပိန်နိုင်ငံတို့သို့ တစ်လှည့်စီ သွားရသည်။ ဤသို့ဖြင့် အန်ဒရစ်သည် မျက်စိကြီး နားကြီး ဖြစ်လာသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း ရေးမြဲ ရေးသည်ဖြစ်ရာ သူ့စာသည် ပို၍ လေးနက်လာသည်ဟု ဆိုသည်။ ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါ အန်ဒရစ်သည် သံတမန်

ဝန်ထမ်းမှ ထွက်ရသည်။ ယူဂိုစလပ်ဗီးယား၌ ဂျာမန် နာဇီတို့ စိုးမိုးနေကြသည့် ခေတ်တွင် အန်ဒရစ်သည် မထင်မရှား အနားယူသည့်သဘောဖြင့် နေထိုင်၍ စာရေးခြင်း အမှုကိုသာ အချိန်ပြည့်ဆောင်ရွက်သည်။ ထိုကာလအတွင်း၌ ရေးသော ဝတ္ထုတို့သည် အဆင့်အတန်း အမြင့်ဆုံး ဖြစ်၍ အထင်ရှားဆုံး ဖြစ်သည်ဟုဆိုသည်။

ဒုတိယကမ္ဘာစစ် အပြီးတွင် ယူဂိုစလပ်ဗီးယားသည် ဂျာမန် နာဇီတို့လက်အောက်မှ လွတ်မြောက်သည်။ ထိုအခါ၌ အန်ဒရစ်သည် ယူဂိုစလပ်ဗီးယား ဥပဒေပြု လွှတ်တော်၌ အမတ်တစ်ဦး ဖြစ်လာသည်။ ယူဂိုစလပ်ဗီးယား ဝိဇ္ဇာနှင့် သိပ္ပံ ပညာတံခွန်အသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၆၁ ခုနှစ် နိုဗဲ စာပေဆုကို အန်ဒရစ်အား ချီးမြှင့်သောအခါ ဆုချီးမြှင့်သော ဆွီဒင် ပညာတံခွန်အသင်း၏ အတွင်းရေးမှူးက 'အန်ဒရစ်သည် သူ့နိုင်ငံ၏ ရာဇဝင်သမိုင်း၌ ထင်ရှားသော အဖြစ်အပျက်များကို လည်းကောင်း၊ လူ့လုံ့လ၊ လူ့ဒွန်၊ လူ့စိတ်ဓာတ်၊ လူ့သဘောထားတို့ကို လည်းကောင်း ဖွဲ့ပြရာတွင် အံ့ဩဖွယ်ကောင်းအောင် ရေးဖွဲ့တတ်ပေသည်' ဟုဆိုသည်။

အန်ဒရစ် ၏

# ဇဖာ တံတား သမိုင်း

[ 'ဇဖာ တံတား သမိုင်း' ခေါ် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာပြန်ဖြစ်သော The Story of a Bridge မှ မြန်မာပြန်ပါသည်။ အန်ဒရစ်၏ ဇာတိဒေသဖြစ်သော ဘော့စနီးယားသည် တစ်ဆယ့်ငါးရာစု နှစ်လောက်မှစ၍ မူစလင်ဘာသာဝင် တူရကီဘုရင်၏ လက်အောက်ခံ ကိုလိုနီ ဖြစ်ခဲ့ဖူးသည်။ ထိုဒေသတွင် စလပ်လူမျိုးအချို့သည် မူစလင်ဘာသာဝင် ဖြစ်ခဲ့ကြသည်။ အန်ဒရစ်သည် တူရကီ လက်အောက်ခံ ဘော့စနီးယား၏ သမိုင်းမှ အတိတ်အဖြစ်အပျက် တစ်ခုကို ယူ၍ ဝတ္ထုတိုရေးခြင်း ဖြစ်သည်။ ထိုဝတ္ထုတိုတွင် တန်ခိုးအာဏာ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ထက် ပရဟိတ စေတနာ၊ ပရဟိတ အလုပ်တို့က ချမ်းသာသုခအစစ် ပေးနိုင်ပုံကို သရုပ်ဖော်ထားဟန် တူပါသည်။ သရုပ်ဖော်ရာတွင် ဘော့စနီးယား နယ်သား အမတ်ချုပ်၏ အမူအရာတို့၌ လည်းကောင်း၊ အီတာလျံ ဗိသုကာကြီး၏ အမူအရာတို့၌ လည်းကောင်း လွမ်းစရာ၊ ဆွေးစရာ၊ တွေးစရာတို့ကို ရောထွေး စပ်ဟပ်၍ သရုပ်ဖော်သည်ဟု ယူပါသည်။ ]

---

၁

ယူဆွတ်သည် တူရကီ ဘုရင်မင်းမြတ်၏ နိုင်ငံတော်တွင် အမတ်ချုပ်အဖြစ်ဖြင့် အမှုတော်ကို ထမ်းရွက်ခဲ့သည်မှာ သုံးနှစ်လွန်၍ လေးနှစ်သို့ ဝင်ခဲ့ပြီ။ ထိုစတုတ္ထနှစ်တွင် တိုင်းရေးပြည်ရေး အရှုပ်အထွေး၌ အရေးများကို လိုက်မိ

သဖြင့် လွတ်ရာသို့ တိမ်းရှောင်နေရသည်။ ထို့နောက် ယူဆွတ်သည် ဆောင်း သုံးလ၊ နွေဦး တစ်လ၊ ပေါင်း လေးလမျှ မိမိကိုယ်တိုင် ကွပ်ကဲလျက် သူပုန်တို့ကို ပြန်၍ တိုက်ခိုက်ရသည်။ မေလသို့ ရောက်သောအခါ သူပုန်ရန် အပေါင်းကို အောင်သည်။ ထိုအခါ ယူဆွတ်သည် တိမ်းရှောင်ရာ ဒေသမှ လှလှကြီး ထွက်ပေါ်၍ အမတ်ချုပ်ရာထူးကို ခံယူရ ပြန်သည်။ ထို့ကြောင့် ရှေးကကဲ့သို့ ပြည်ရေးပြည်မှု ပြုဖွယ်ကိစ္စ အဝဝကို ဆက်လက် ဆောင်ရွက် နိုင်ပြန်သည်။ နိုင်ငံတော်လည်း ရှေးကကဲ့သို့ သာသာယာယာ ဖြစ်လာပြန် သည်။

တိမ်းရှောင်နေရစဉ် ဆောင်းလ အခါကသော် ယူဆွတ်သည် ရက်စက် ကြမ်းကြုတ်လှသော ဘေးဆိုး ရန်ဆိုးတို့နှင့် ခဏခဏ ရင်ဆိုင်ခဲ့ ရသည်။ သေရွာနှင့် ဆံခြည်တစ်ပင်ခန့်လောက်သာ ကွာသောအခြေမှ သီသီ လွတ်လာခဲ့ရသည်။ ထို့ကြောင့် ယူဆွတ်သည် ယခုအခါတွင် ရွှေအိမ် စည်းစိမ်ကို ပြန်လည် ခံစား စံစားရပြီး ဖြစ်သော်လည်း ဘေးဆိုး ရန်ဆိုးတို့၏ အမှတ်အရာသည်ကား သူ့စိတ်၌ ထင်၍ ကျန်ရစ်ခဲ့သည်။ ထိုအမှတ်အရာ မျိုးသည် မံသ မျက်စိဖြင့် မြင်အပ်သောအရာ မဟုတ်ချေ။ ထို့ပြင် ဆိုးမျိုးကို ခံခဲ့ရဖူးသော ယောက်ျားကောင်းတို့သည် မိမိတို့၏ အကြည့်အရှု၊ အပြုအမူ၊ အပြောအဆိုတို့၌ အကြောင်းမဲ့ ထုတ်ပြတတ်ကြသော အရာလည်း မဟုတ် ချေ။ သိမ်းထားအပ်သော ပတ္တမြားကဲ့သို့ သိမ်းထားတတ်ကြသော အရာသာ ဖြစ်သည်။

တစ်နယ်တစ်ကျေးတွင် အတိမ်းအရှောင် အနိမ့်အကျ နေရစဉ်က သော် ယောက်ျားကောင်း ယူဆွတ်သည် မိမိ၏ ဇာတိမျိုးရိုးကို လည်းကောင်း၊ မိမိ၏ ဇာတိဒေသ ဘော့စနီးယားကို လည်းကောင်း အောက်မေ့ခြင်း ဖြစ်ခဲ့ သည်။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခဟူသည် အတိတ်ကို အောက်မေ့သတိ ရ စေတတ်သောကြောင့် ဖြစ်သည်။ ယူဆွတ်သည် သူ့အမိကို သတိရခဲ့သည်။

သူ့အဖကို သတိရခဲ့သည်။ (သူ့မိဘနှစ်ပါး ကွယ်လွန်ခဲ့ကြသည်မှာ ကြာပါပြီ။ စူလတန် ဘုရင်မင်းမြတ်၏ မြင်းမှူးထံ၌ သူ အမှုထမ်းနေစဉ်က ဖြစ်သည်။) သူ့အမိအဖတို့ကို သာမက သူ့ဇာတိဒေသဖြစ်သော ဘော့စနီးယားကိုလည်း သူ သတိရခဲ့သည်။ ဘော့စနီးယားဒေသရှိ သူ့ဖွားရာ ဇာတိဖြစ်သော ဇဗာရွာကိုလည်း သူ သတိရခဲ့သည်။ သူ့ရွာမှ သူ ခွာခဲ့သည်မှာ သူ့အသက် ကိုးနှစ်သားအရွယ်က ဖြစ်သည်။

တူရကီမင်းနေပြည်မှ မျှော်၍ ကြည့်သော် ဘော့စနီးယားဒေသသည် အလံဦးကင်းဖျားဒေသ၊ အဝေးဒေသ ဖြစ်သည်။ ထိုဒေသ၌ ကျေးရွာတို့သည် ကျိုးတိုးကျဲတဲသာ ရှိကြသည်။ ထိုကျေးရွာတို့တွင် ယခုအခါ၌ ဘော့စနီးယား နယ်သား အမတ်ချုပ် ယူဆွတ်၏ ဘုန်းလက်ရုံးကို ချီးကျူးပြောဆိုကြမည်မှာ အိမ်ပေါက်စေ့ ဖြစ်ရာသည်။ သို့ရာတွင် သူ ခံခဲ့ရသော ဒုက္ခတို့ကိုကား မည်သူမျှ သတိပြုကြမည် မဟုတ်ချေ။ ဘေးဆိုး ရန်ဆိုးတို့၏ အမှတ်အရာ ထင်ကျန်ခဲ့ရာဖြစ်သော အမတ်ချုပ် ယူဆွတ်သည် စိတ်နှလုံး နောက်ကျိသည့် အခါမျိုးတွင် သူ့ဇာတိဒေသကို အောက်မေ့ရမှန်း သိလာပြီ ဖြစ်သဖြင့် ထိုသို့ အောက်မေ့တတ်ခြင်းသာလျှင် ယူဆွတ်အဖို့ စိတ်သက်သာရာ သက်သာကြောင်း ဖြစ်ရသည်။

နွေပေါက်လာသောအခါ အမတ်ချုပ် ယူဆွတ်သည် သူ့ဇာတိဒေသ ဘော့စနီးယားနယ်မှ နယ်သူနယ်သားအချို့နှင့် တွေ့ခွင့်ရလာသည်။ ယူဆွတ်သည် သူ့နယ်အကြောင်းကို သူ့နယ်သူနယ်သားများအား မေးကြည့်လေ့ရှိရာ သူ့နယ်အကြောင်းကို သူ သိလာသည်။ နိုင်ငံတော်၌ သူပုန်မီး ငြိမ်းပြီးသည့်နောက် ဘော့စနီးယားနယ်၌ အဓိကရုဏ်းများ ဖြစ်ခဲ့ကြသေးသည်။ ငယ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရကပ်ဆိုးလည်း ဆိုက်ခဲ့သေးသည်။ ဝမ်းရောဂါ၊ ပလိပ်ရောဂါတို့ နှိပ်စက်သော ရောဂန္တရကပ်ဆိုးလည်း ဆိုက်ခဲ့သေးသည်။ အမတ်ချုပ် ယူဆွတ်သည် သူ့နယ်သားတို့၏ ဒုက္ခကို သိလာ

သောအခါ သူ့နယ်၌ ကယ်ဆယ်ထောက်ပံ့ရေး ကိစ္စအဝဝကို ဆောင်ရွက်ရန် အမိန့်ချမှတ်သည်။ သူ့ဖွားရာဇာတိ ဖြစ်သော ဇဟာရွာက ရွာသူ ရွာသား တို့ကို သူ တတ်နိုင်သလောက် မ စ ကြည့်ရှုလိုသည်။ထို့ကြောင့် ဇဟာရွာ အတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းမျိုး လို မလို စုံစမ်းစေသည်။ စုံစမ်းကြသောအခါ ဇဟာရွာတွင် လူချမ်းသာ ရက်ကစ်တို့သည် ချမ်းသာမြဲ ချမ်းသာလျက် ရှိကြသေးကြောင်း၊ အိမ်လေးဆောင်၌ ချမ်းသာစွာ နေထိုင်ကြ ကြောင်း၊ တစ်ရွာလုံးမှာကား ဆင်းရဲမွဲတေကုန်ကြကြောင်း၊ ရွာဦး ဗလီသည် ယိုယွင်းနေရာမှ မီးလောင်ပျက်စီးသွားကြောင်း၊ လယ်ယာချောင်းမြောင်း တို့သည် ရာသီဥတုဒဏ်ကြောင့် ခြောက်ခန်းကုန်ကြကြောင်း၊ အဆိုးဆုံးမှာ ဇဟာ ယမားချောင်း၌ ချောင်းကူးတံတား ကောင်းကောင်း မရှိခြင်း ဖြစ်ကြောင်း သိလာရသည်။

ဇဟာရွာသည် ဇဟာ ယမားချောင်းနှင့် ဒရိနာမြစ်တို့ ဆုံရာ နေရာအနီး ကုန်းတန်းပေါ်၌ ရှိသည်။ ဇဟာရွာနှင့် အနီးဆုံးဖြစ်သော ဗီရှေဂရတ်မြို့သို့ ဇဟာရွာမှ သွားလိုလျှင် ဇဟာချောင်းကို ဖြတ်ကူးကြရသည်။ ဖြတ်ကူးကြသော အခါ မြစ်ဆုံအထက် ကိုက်ငါးဆယ်အကွာတွင် ဖြတ်ကူးကြရသည်။ ယခင် အခါကသော် ဇဟာချောင်းတွင် သစ်သားတံတား ရှိသည်။ သို့ရာတွင် ဆောက် လေသမျှသော သစ်သားတံတားတို့သည် တောင်ကျ ယမားချောင်း ဖြစ်သော ဇဟာ၌ ရေရှူးမြောက်သည့်အခါတိုင်း ပျက်စီးခဲ့ကြသည်ချည်း ဖြစ်သည်။ တစ်ဖန် ဒရိနာမြစ်ကလည်း ဒုက္ခပေးတတ်သေးသည်။ ပေးပုံမှာ ဒရိနာမြစ်၌ ရေတိုးတတ်သည်ဖြစ်ရာ ရေတိုးသည့်အခါတိုင်း ဒရိနာမြစ်ရေသည် ဇဟာ ချောင်းထဲသို့ ဒလဟော စီးဝင်တတ်သဖြင့် ဇဟာချောင်း၏ စုန်ရေစီးကို ဆီးတားဘိသကဲ့သို့ ဖြစ်သည်။ ထိုအခါ ဇဟာချောင်းရေသည် အစဉ်အတိုင်း မစီးနိုင်တော့ဘဲ အီလာ၍ ရေလျှံပါလေတော့သည်။ ရေလျှံသောအခါ သစ်သားတံတားသည် ရေမြုပ်ရလေသည်။ တစ်ဖန် ဒုက္ခတစ်မျိုး ရှိသေး

သည်။ ရှိပုံမှာ ဆောင်းဝင်လာသောအခါ သစ်သားတံတားပေါ်၌ နှင်းဖွေးဖွေး ကျရာမှစ၍ ရေခဲတတ်သည်။ ထိုအခါ ရေခဲပြင်ပေါ်၌ ချော်လဲတတ်ကြသည်။ ထိုအခါ လူသာမက မြင်းတို့သည် လည်းကောင်း၊ နွားတို့သည် လည်းကောင်း အနာတရ ဖြစ်ကြရသည်။ ထို့ကြောင့် ဇဗော ယမားချောင်း၌ ခိုင်ခံ့သော တံတားတစ်ခုကို ဆောက်ပေးနိုင်သူသည် ကြီးစွာသော ကောင်းမှုကို ပြုသည် မည်နိုင်သည်။

အမတ်ချုပ် ယူဆွတ်သည် ဇဗော တောင်ကျ ယမားချောင်း၌ ကျောက် ဖြင့် ပြီးသော တံတားကို ဆောက်ပေးမည်ဟု သန္နိဋ္ဌာန် ချလိုက်သည်။

၂

ထိုအခါကသော် နေပြည်တော်၌ အီတာလျံ အမျိုးသား ဗိသုကာအိုကြီး တစ်ဦး ရှိသည်။ ထိုဗိသုကာကြီးသည် နေပြည်တော်တစ်ဝိုက်တွင် တံတား ပေါင်းများစွာကို ဆောက်ခဲ့သဖြင့် အလွန်ကျော်စောသည်။ အမတ်ချုပ် ယူဆွတ်၏ အာသီသအတိုင်း အမတ်ချုပ်၏ ရွှေတိုက်အတွင်းဝန်သည် ထိုအီတာလျံ ဗိသုကာကြီးကို ငှား၍ ဇဗော ယမားချောင်း၌ ကျောက်တံတား ဆောက်ရန် ဘော့စနီးယားသို့ စေလွှတ်လိုက်သည်။

အီတာလျံ ဗိသုကာကြီးနှင့် တပည့်လက်သားတို့သည် ရှေးဦးစွာ ဗီရှေဂရတ်မြို့သို့ ရောက်ကြသည်။ ရောက်ကြသော ကာလသည် ဆောင်း ကုန် ခါနီးကာလ ဖြစ်သည်။ သို့ရာတွင် နှင်းခဲတို့သည် မြေပြင်၌ အရည် မပျော်ကြသေးချေ။ ဗီရှေဂရတ်မြို့၌ အလွန် ခိုင်ခံ့သော ကျောက်တံတားတစ်ခု ရှိသည်။ ဗိသုကာကြီးသည် ထိုကျောက်တံတားကို လေ့လာကြည့်သည်။ ဗိသုကာကြီး သည် အသက်ကြီးပြီ။ ဆံပင်ဖြူပြီ။ ခါးကိုင်းပြီ။ သို့ရာတွင် ငယ်ရုပ်ပေါက်နေသေးလျက် ဖြစ်သည်။ ဗိသုကာကြီးသည် ဗီရှေဂရတ် ကျောက်တံဟားကို ခေါက်ကြည့်သည်။ အင်္ဂတေကို ခွာ၍၊ အမှုန့်ချေ၍

လျှာနှင့် တို့ကြည့်သည်။ ထို့နောက် ဗီရှေဂရတ်တံတား ဆောက်လုပ်သော ကျောက်များ တူးဖော်ရာ ဖြစ်သည့် ဗာနအာ အရပ်သို့ သွားသည်။ ထို့နောက် အလုပ်သမားငှား၍ ထိုအရပ်၌ တောရှင်းစေသည်။ ထို့နောက် မြေကို တူးစေသည်။ အတော်အတန် တူးမိကြသောအခါ ကျောက်မြေကြောအသစ်ကို တွေ့ကြသည်။ ထိုကျောက်မြေကြောရှိ ကျောက်သားသည် ကျစ်လျစ်သိပ်သည်း၍ ဖြူဖွေးသည်။ ဗီရှေဂရတ်တံတားက ကျောက်သားထက် အဆပေါင်းများစွာ သာသည်။ ဇဖာတံတားအတွက် ထိုကျောက်သားကို သုံးချင်သည်။ ထို့ကြောင့် ဗိသုကာကြီးသည် ဒရိန္နာမြစ်အတိုင်း စုန်ဆင်း၍ ကျောက်သယ်ယူ ချထားရေးအတွက် နေရာရွေးသည်။ ထိုမှုကိစ္စ ပြီးမြောက်သောအခါ အမတ်ချုပ် ယူဆွတ် ထည့်လိုက်သော မင်းချင်းသည် ဗိသုကာကြီး ရေးဆွဲသော တံတားပုံစံနှင့် ဗိသုကာကြီး တွက်ချက်သော ကုန်ကျစရိတ် စာရင်းကို ယူ၍ နေပြည်တော်သို့ တက်သွားသည်။ အမတ်ချုပ် ယူဆွတ်အား တင်ပြရန် ဖြစ်သည်။

ဗိသုကာကြီးသည် ဗီရှေဂရတ်မြို့၌ နေရစ်ခဲ့သည်။ သို့ရာတွင် မြို့ထဲ၌ မနေ။ ဇဖာချောင်း ကမ်းပေါ်၌ရှိသော အမျိုးဘာသာတူ ခရစ်ယာန်တို့၏ အိမ်၌လည်း မနေ။ ဇဖာနှင့် ဒရိန္နာတို့ ဆုံရာ အငူ သံလျက်စွန်းရှိ တောင်ပူစာပေါ်၌ သစ်လုံး သစ်ပျဉ်တို့ဖြင့် ယာယီတဲဆောက်၍ ထို သစ်လုံးသစ်ပျဉ်တဲ၌ နေသည်။ (အမတ်ချုပ် ထည့်လိုက်သော အခြား မင်းချင်းတစ်ယောက်နှင့် ဗီရှေဂရတ်မြို့မှ အသုံးစာရေး တစ်ယောက်သာလျှင် သူနှင့်အတူ ကျန်ရစ်သည်။ ထိုနှစ်ယောက်သည် အီတာလျံဗိသုကာကြီးအတွက် စကားပြန်အဖြစ်ဖြင့် ဆောင်ရွက်ကြရသည်။) ဗိသုကာကြီးသည် သူ့ စားရေးသောက်ရေး အတွက် မည်သူ့ကိုမျှ အပူမရှာ။ သူကိုယ်တိုင် ချက်သည်။ တောင်သူလယ်သမားများထံမှ ကြက်ဥ ဝယ်သည်။ နို့မလိုင် ဝယ်သည်။ ကြက်သွန် ဝယ်သည်။ သစ်သီးခြောက် ဝယ်သည်။ ဗိသုကာကြီးသည် အမဲ သားငါးကို

မည်သည့်အခါမျှ မဝယ်ဟု ဆိုကြသည်။ နေပြည်တော်က အမိန့်ကို စောင့်ရင်း တစ်နေ့လုံး အလုပ်လုပ်သည်။ တံတားပုံစံ အသေးစိတ် ရေးသည်။ တည်ဆောက်ရေးအတွက် အစီအစဉ် ပြုလုပ်သည်။ နမူနာ ကျောက်ခဲအမျိုးမျိုးကို စစ်ဆေးသည်။ ဇဖာချောင်း၏ ရေစီးကြောင်းကို စောင့်ကြည့်လေ့လာသည်။

ဗိသုကာကြီးသည် ထိုသို့သော ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေဆဲ၌ နေပြည်တော်သို့ တက်သွားသော မင်းချင်း ပြန်ရောက်လာသည်။ အမတ်ချုပ် ယူဆွတ်၏ အတည်ပြုချက်အမိန့်နှင့် ကုန်ကျစရိတ်အတွက် ငွေပါလာသည်။

၃

လုပ်ငန်းကို စကြပြီ။ ဇဖာရွာသားတို့သည် အလုပ်သမားတို့၏ လုပ်ပုံ ကိုင်ပုံကို ကြည့်၍ တအံ့တသြ ဖြစ်ကြသည်။ ဤတစ်ခါ တံတားဆောက်ပုံသည် ယခင် ယခင်က တံတားဆောက်ပုံနှင့် လုံးဝ မတူသောကြောင့် ဖြစ်သည်။ အလုပ်သမားတို့သည် ရှေးဦးစွာ ဇဖာချောင်းကို ကန့်လန့်ဖြတ်၍ ယက်မကြီးများကို တစောင်းချကြသည်။ ထို့နောက် ရက်မကြီးများ အကြားတွင် ထင်းရှူးတိုင်များကို ဝဲယာနှစ်တန်း တန်း၍ စိုက်ကြသည်။ ထို့နောက် ထင်းရှူးတိုင်တို့ကို သစ်ခက်သစ်နွယ်တို့ဖြင့် ဖွတ်မြီးထိုးသကဲ့သို့ ရစ်ပတ်နှောင်ဖွဲ့၍ မြေစေးလောင်းကြသည်။ ဤသို့ဖြင့် တမံဆည်ထားဘိသကဲ့သို့ ဖြစ်လာသည်။ ထိုအခါ ချောင်းရေသည် တမံကို တိုက်၍ ဘေးဘက်သို့ စီးသွားသည်။ တမံအောက်ရှိ ရေတို့ လျော့ကျသွားသောအခါ ချောင်းထဲ၌ သောင်ပေါ်လာသည်။ ကံဆိုးချင်၍လား မသိ၊ တုတ်ခတ်ပြီးသည့်နောက် တစ်နေ့သောအခါ ချောင်းအထက်ဆီတွင် မိုးညို့လာသည်။ ထိုအခါ နာရီပိုင်းအတွင်း၌ ဇဖာတွင် ရေရှူး မြောက်လာတော့သည်။ ရေရှူးမြောက်သဖြင့်

ညဥ့်တွင်းချင်း၌ တမံသည် အလယ်ခေါင်မှ ပေါက်သည်။ နောက်တစ်နေ့ နံနက် မိုးသောက်သောအခါ တောင်ကျရေကား စဲသွားပါ၏။ သို့ရာတွင် သစ်ခက်သစ်နွယ် ဖွတ်မြီးသည် ပြေကုန်ကြသည်။ ထင်းရှူးတိုင်အချို့ ပြုတ်ကုန်ကြသည်။ ရက်မကြီးများ နေရာလွဲကုန်ကြသည်။ ထို့ကြောင့် နယ်အလုပ်သမားများနှင့် ဇဖာရှာသားများတို့ အသိုက်အဝန်းတွင် တံတား ကို ဇဖာက မကြိုက်၍ ဖျက်ပစ်သည်ဟု စကားတီးတိုး ပြောလာကြသည်။ သို့ရာတွင် နောက်တစ်နေ့၌ အီတာလျံ ဗိသုကာကြီးသည် ထင်းရှူးတိုင်သစ် များကို ယခင်ကထက် ပို၍နက်အောင် စိုက်ကြရမည်။ ရက်မကြီးများကို နေရာတကျ ပြန်၍ ပြုပြင်ကြရမည်ဟု ပြော၍ အလုပ်သမားတို့ကို ခိုင်းသည်။ ထို့ကြောင့် ဇဖာကမ်းခြေတွင် သစ်ပင်လှဲသော အသံတို့သည် လည်းကောင်း၊ အလုပ်သမားတို့၏ တိုင်သံ ဖောက်သံတို့သည် လည်းကောင်း တစ်တောလုံး ဟိန်းနေကြပြန်သည်။

ထိုအလုပ် ပြီးပေပြီ။ ထိုအခါ ကျောက်တုံးများသည် ဗာနအာ အရပ်မှ ရောက်လာကြသည်။ ဟာဇာ ဂေါ်ဗီနာမြို့မှ လည်းကောင်း၊ ဒါလာမရှမြို့မှ လည်းကောင်း ပန်းရံသမားနှင့် ကျောက်ဆစ် ကျောက်ရွေသမားတို့လည်း ရောက်လာကြသည်။ ရှေးဦးစွာ ဇဖာကမ်းခြေ တစ်လျှောက်၌ အလုပ်သမား တဲတန်းလျားများကို ထိုးကြသည်။ တဲတန်းလျားများ အရှေ့၌ ကျောက်တုံး များကို ဆစ်သူက ဆစ်၍ ရွေသူက ရွေကြသည်။ ဆစ်လိုက် ရွေလိုက်သော အခါ ကျောက်တုံးတို့သည် ဖြူဖွေးလာကြသည်။ အီတာလျံ ဗိသုကာကြီး သည် မကြာခဏ ဆိုဘိသကဲ့သို့ ကျောက်အလုပ်သမားများ နေရာသို့ ရောက် လာတတ်၍ ဆစ်ပြီး ရွေပြီး၊ ဆစ်ဆဲ ရွေဆဲ ကျောက်တုံးများကို ကျင်တွယ်ဖြင့် ကိုက်ကြည့်လေ့ ရှိသည်။ ပေကြိုးဖြင့် တိုင်းကြည့်လေ့ ရှိသည်။

အလုပ်သမား အချို့သည် ဇဖာကမ်းပါး၌ လုပ်စရာ ရှိသမျှကို လုပ်ကြသည်။ ကျောက်သားကို ဖောက်သူက ဖောက်၍ ထွင်းသူက ထွင်းကြ

သည်။ ထိုအတောအတွင်း၌ အလုပ်သမားများ လုပ်ခအတွက် နေပြည်တော်မှ ပို့လိုက်သော ငွေသည် ကုန်းမှန်းမသိ ကုန်သွားသဖြင့် အခက်တွေ့လာသည်။ အလုပ်သမားတို့တွင် ညည်းသူက ညည်း၍ ဆူသူက ဆူလာကြသည်။ ထိုအခါ ဇဗျာရွာသားတို့သည် တံတားမဖြစ်တော့ပါဘူး ဟု ဆို၍ လက်မှိုင်ချစ ပြုလာကြသည်။ မကြာသေးမီကပင် နေပြည်တော်မှ ပြန်ရောက်လာကြသော နယ်သားအချို့၏ စကားကြောင့်လည်း လက်မှိုင်ချစရာ ဖြစ်နေသည်။ နေပြည်တော်တွင် အမတ်ချုပ် ယူဆွတ်ကို ရာထူးမှ ဖြုတ်လိုက်ပြီ ဟူသော ကောလာဟလ အရပ်သတင်းကို သူတို့ ကြားခဲ့ရကြောင်း ပြောပြကြသည်။ ထို့ပြင် အမတ်ချုပ် ယူဆွတ်သည် နာဖျားမကျန်း ဖြစ်နေသလိုလို၊ စိတ်ညစ်၍ လူတွေ့မခံဘဲ အခန်းအောင်း နေသလိုလို၊ သူ စခဲ့သော လုပ်ငန်းမှန်သမျှကို ရပ်ပစ်လိုက်သလိုလို၊ ဘာလိုလို ညာလိုလို စကားများကိုလည်း သူတို့က ပြောကြသေးသည်။ သို့ရာတွင် ရက်အနည်းငယ် အတွင်း၌ အမတ်ချုပ်၏ မင်းချင်းတစ်ယောက် ပေါက်လာ၍ ကုန်စရာ ရှိသေးသောငွေ ပါလာသည်။ ထို့ကြောင့် ရပ်ထားရသော အလုပ်ကို ပြန်၍ ကောက်ကြသည်။

အလုပ် လုပ်လာကြသည်မှာ တစ်နွေကုန်၍ နောက် တစ်ဆောင်းသို့ ကူးခါနီးလာပြီ။ ဆောက်ဆဲဖြစ်သော ကျောက်တံတား၏ အထက်ဘက်၌ သစ်သားတံတားဟောင်း ရှိသည်။ ထိုသစ်သားတံတားဟောင်းမှ နေ၍ ကျောက်တံတား ဆောက်ရာသို့ မျှော်ကြည့်လျှင် ထိုဘက်ကမ်းခြေမှ လည်းကောင်း၊ ဤဘက်ကမ်းခြေမှ လည်းကောင်း ထိုးထွက်နေသော၊ ဖြူဖွေးချောမွတ်နေသော မျက်နှာချင်းဆိုင် ကျောက်ဖြူတံတိုင်းနှစ်ခုကို မြင်နိုင်သည်။ ကျောက်ဖြူတံတိုင်း နံရံတို့တွင် ပင့်ကူအိမ်ကွဲသို့ ငြမ်းဆင်ထားတုန်း ဖြစ်သည်။ မျက်နှာချင်းဆိုင်နေသော ထိုကျောက်ဖြူတံတိုင်း နှစ်ခုသည် နေ့စဉ်နှင့်အမျှ ဇဗျာချောင်း၏ အလယ်ဆီသို့ တရွေ့ရွေ့ ထိုးထွက်လာကြသည်။ သို့ရာတွင် ဆောင်းဝင်၍ ဆီးနှင်းခဲများ ကျလာသောအခါ အလုပ်ကို

ရပ်ထားကြရသည်။ ထိုအခါ ပန်းရံသမားတို့သည် မိမိတို့ရပ်ထံသို့ ခေတ္တ ပြန်ကြသည်။ ထိုအခါ အီတာလျံ ဗိသုကာကြီးသည် သူ၏ တဲငယ်၌ အောင်း၍ တကုပ်ကုပ် အလုပ် လုပ်သည်။ သူ့လုပ်ငန်း အစီအစဉ်ကို ပြန်လည်သုံးသပ်၍ ပြင်စရာ ရှိသည်ကို ပြင်သည်။ ဖြည့်စရာ ရှိသည်ကို ဖြည့်သည်။ ငွေစာရင်းများကို စစ်ဆေး၍ စာရင်းအင်း မှန်မှန်ကန်ကန် ဖြစ်အောင် ပြင်စရာ ရှိသည်ကို ပြင်သည်။ မကြာခဏ ဆိုဘိသကဲ့သို့ ကျောက်တံတား ဆောက်ရာသို့လည်း သွားကြည့်လေ့ ရှိသည်။ ဆောင်းကုန်၍ နွေဦး ဝင်လာ၍ နှင်းခဲများ အရည်ပျော်ချိန်သို့ ရောက်လာသော အခါ၌လည်း ဗိသုကာကြီးသည် ဆည်တမံကို လည်းကောင်း၊ မျက်နှာချင်းဆိုင် ကျောက်ဖြူတံတိုင်းနှစ်ခုရှိ ငြမ်းတို့ကို လည်းကောင်း စိတ်မချသဖြင့် ခဏ ခဏ သွား၍ ကြည့်လေ့ ရှိသည်။ တစ်ခါတစ်ရံ ညကြီး သန်းခေါင်၌ပင် မီးတိုင် ကိုင်ကာ သွား၍ ကြည့်တတ်သည်။

ရက်အနည်းငယ် ကြာသောအခါ အလုပ်သမားတို့ ပြန်လာကြသည်။ ထိုအခါ ရပ်ထားသော အလုပ်ကို ပြန်၍ စ ကြသည်။ ဤသို့ဖြင့် နွေရာသီ တစ်ဝက် ကျိုးလာသောအခါ ကျောက်ဖြူတံတားကို ဆောက်ပြီးကြလေပြီ။ အောင်ပြီ။ ကျောက်ဖြူတံတားခုံးကို ဆောက်ခဲ့ကြသည်မှာ တစ်နှစ်ခွဲနီးပါးခန့် ကြာသည်။ အလုပ်ပြီးပြီ ဖြစ်သဖြင့် အလုပ်သမားတို့သည် ငြမ်းတို့ကို တပျော်တပါး ဖြုတ်ချကြသည်။ ရှုလော့။ ထိုဘက်ကမ်းက ကျောက်ဖြူတံတိုင်း အပေါ်၌လည်းကောင်း၊ ဤဘက်ကမ်းက ကျောက်ဖြူတံတိုင်း အပေါ်၌လည်းကောင်း ဖြူဖွေး နွဲ့နှောင်းသော ခုံးတံတားသည် မေးတင်၍ လှနေပြီ။

ထိုမျှ ဆင်းရဲရှားပါးသော၊ ထိုမျှ ခေါင်သော အရပ်၌ ထိုမျှ လှပတင့်တယ်သော ကျောက်ဖြူတံတားခုံး ဘွားဘွားပေါ်လာသည်မှာ အံ့သြစရာ ဖြစ်သည်။ ယခင်ကသော် အိပ်မက် မမက်ဝံ့အောင် ဖြစ်သည်။ ထိုတံတား

ခုံးကို ရွာနီးချုပ်စပ်မှ ရွာသူရွာသားတို့ တကူးတက လာ၍ ကြည့်ကြသည်မှာ အလွန်စည်ကားသည်။ ဗီရှေဂရတ်မြို့၊ ရော်ဂတိဇမြို့မှ မြို့သူမြို့သားများ လာရောက်ကြည့်ရှု၍ ရင်သပ်အံ့သြခြင်း ဖြစ်ကြသည်။ ထိုတံတားမျိုးသည် တောနှင့်မတန်၊ မြို့နှင့်သာ တန်သည်ဟု ထိုသူအချို့၏ စိတ်၌ ဣဿာ မစ္ဆရိယ ဖြစ်လိုက်ကြသေးသည်။ ထိုအခါ ဇဗာရွာသားတို့သည် တံတား၏ လက်ရန်းကို ပွတ်ကာ သပ်ကာ ပုတ်ပြကာဖြင့် 'အင်း... တို့နယ်သား အမတ်ချုပ် ဖြစ်လာတော့လဲ အဟန်သားပဲကွ' ဟု ပြော၍ ဂုဏ်ယူကြသည်။

ထိုသို့ တောပရိသတ်၊ မြို့ပရိသတ်က ကျောက်ဖြူတံတားခုံးကို ကြည့်ရှုအံ့သြနေကြချိန်တွင် အီတာလျံ ဗိသုကာကြီးသည် အလုပ်သမား တို့အား လုပ်ခပေး၍ စာရင်းရှင်းသည်။ ထို့နောက် မိမိ၏ စာရင်းအင်းပုံစံ စာရွက်စာတမ်းများနှင့်တကွ အင်ဂျင်နီယာ တန်ဆာပလာတို့ကို သိမ်းဆည်း ထုပ်ပိုး၍ နေပြည်တော်သို့ ပြန်သည်။ အမတ်ချုပ်၏ မင်းချင်းနှစ်ယောက် လည်း ပါသွားသည်။ သို့ရာတွင် တစ်နယ်လုံး၌ ဗိသုကာကြီး၏ ဂုဏ်သတင်း ကား မွှေး၍ ကျန်ခဲ့သည်။

ထိုနယ်တွင် ဂျစ်ပစီ ခေါ် လူမျိုးတစ်မျိုး ရှိသည်။ ထိုလူမျိုးသည် အလုပ်ဟူ၍ မည်မည်ရရ မရှိ။ အိုးအိမ် အတည်တကျ မရှိ။ အရပ် လေးမျက်နှာသို့ မြင်းလှည်းငယ်ဖြင့် လှည့်၍ မျက်လှည့်ပြကာ ဝှမ်းထိုး တိုင်တက်ပြကာ ဝမ်းကျောင်းသော လူမျိုး ဖြစ်သည်။

ဇဗာချောင်းနှင့် ဒရိနာမြစ်တို့ ဆုံရာသို့ ဗိသုကာကြီး လာစဉ်က ဆယ်လင် အမည်ရှိသော ဂျစ်ပစီတစ်ယောက်သည် ဗိသုကာကြီး၏ ပစ္စည်း များကို မြင်းပုကသော လှည်းဖြင့် ဗီရှေဂရတ်မြို့မှ ဗိသုကာ၏ တဲဝအထိ ပို့ဖူး၍ ဗိသုကာ၏ အခန်းထဲသို့ ဝင်ဖူးသူဖြစ်သည်။ ယခုအခါ၌ ဗီရှေဂရတ် မြို့တွင် ဆယ်လင်သည် အငြိမ်မနေ။ ကော်ဖီဆိုင်၌ ထိုင်၍ ဗိသုကာကြီး အကြောင်းကို လူတကာအား မြိန်ရေရှက်ရေ ပြောသည်။ သူ သိသမျှ

အကုန်ပြောသည်။ တဖောင်ဖောင် ပြောသည်။ နေ့ရှိသမျှ ထပ်ကာ ထပ်ကာ ပြောသည်။

'ဒီ ဗိသုကာကြီးကတော့ လူဆန်းပါဗျာ။ ဆန်းတာမှ တော်တော်ဆန်းတဲ့ အဘိုးကြီးဗျ။ ဆောင်းတွင်းတုန်းက နှင်းတွေ ကျလာတော့ အလုပ်တွေကို ရပ်ထားလိုက်ရတယ် မဟုတ်လား။ ကျုပ်လဲ ဆယ့်ငါးရက်လောက် သူ့တဲကို မသွားဘဲ နေလိုက်တယ်။ နောက် သူ့တဲကို ရောက်သွားလို့ အခန်းထဲ ဝင်လိုက်တော့ သူ့အခန်း တစ်ခန်းလုံးဟာ ရှုပ်ထွေး ပွေပွနေတာပဲ။ ဒီဆောင်းတွင်းကလဲ အတော်ချမ်းသဗျ။ ဒီတော့ အဘိုးကြီးဟာ ဝက်ဝံမွေး ဦးထုပ်ကိုဆောင်းပြီး သူ့တစ်ကိုယ်လုံးကို အနွေးထည်တွေနဲ့ ရစ်ပတ်ထားလိုက်တာ သူ့ လက်နှစ်ဖက်ကိုပဲ မြင်ရတယ်ဗျ။ ချမ်းလွန်းလို့ ထင်ပါ့ဗျာ။ သူ့ လက်နှစ်ဖက်ဟာ ပြာနေတာပဲ။ ဒါပေမဲ့ ဒီ လက်နှစ်ဖက်နဲ့ သူ အလုပ်လုပ်နေတယ်လေ။ ကျောက်တုံးကို ဆစ်လိုက်၊ ကြည့်လိုက်၊ နောက်ပြီး သူ့စာအုပ်ကလေးထဲမှာ ရေးမှတ်လိုက်။ ဆစ်လိုက်၊ ကြည့်လိုက်၊ ရေးလိုက်။ ဆစ်လိုက်၊ ကြည့်လိုက်၊ ရေးလိုက် လုပ်နေတာပဲဗျ။ ကျုပ်က သူ့တဲတံခါးကို ဖွင့်ပြီး ဝင်မယ်လုပ်တော့ ကျုပ်ကို သူက စိန်းစိန်းကြီး ကြည့်နေလိုက်တာဗျာ။ အခုတောင် ကျုပ် ကြက်သီးထမိသေးတယ်။ သူ့မျက်ခုံးမွေးတွေကလဲ ထောင်နေတော့ သူ့ကို ကြည့်ရတာဟာ စားတော့ ဝါးတော့မယ့် အတိုင်းပဲဗျ။ ကျုပ်ကို မောင်းထုတ်လိမ့်မယ်လို့ ကျုပ်က ထင်လိုက်မိတယ်။ ဒါပေမဲ့ မောင်း မထုတ်ဘူးဗျ။ သူ့နှုတ်က လေသံ သံ့သံ့ကလေးတောင် ထွက်မလာဘူး။ အဘိုးကြီးကတော့ တော်တော်ဆန်းတဲ့ အဘိုးကြီးပါပဲဗျာ။ တစ်နှစ်ခွဲလောက် ဒုက္ခခံပြီး သူမို့လို့ တကုပ်ကုပ် အလုပ်လုပ်တာ။ ဟော အလုပ်လဲပြီးရော ပြန်ပါလေရော။ ပြန်တော့ ဟောဒီ ကျုပ်ရဲ့ မြင်းပုကို စီးပြီး ပြန်သွားတာဗျ။ ဟော့ ဖေ့သား... မဟုတ်ဘူးလားကွာ'

နားထောင်သူတို့သည် ဆယ်လင်၏စကားကို ကြားကြသောအခါ

ဗိသုကာကြီး အကြောင်းကို ပို၍ သိချင်လာကြသည်။ ထပ်၍ သိချင်ကြသဖြင့် မေးကြသောအခါ ဆယ်လင်သည် ထပ်၍ ပြောရပြန်သည်။ ထပ်၍ ပြော သောအခါ ပရိသတ်သည် ထပ်၍ သိချင်ကြပြန်သည်။ ဗီရောဂရတ်မြို့၌ ဗိသုကာကြီး ခေတ္တနေထိုင်စဉ်က ဗိသုကာကြီးကို သူတို့ ဂရုမစိုက်ဘဲ နေမိ ခဲ့ကြသည်တကား ဟု တဖျစ်တောက်တောက် မြည်တမ်းကြသည်။

ဗိသုကာကြီးသည် ဆယ်လင်၏ မြင်းပုကိုစီး၍ ပြန်သွားသည်မှာ မှန်သည်။ နေပြည်တော်သို့ ရောက်ရန် နှစ်ညခရီးမျှသာ လိုတော့သော အရပ်သို့ ရောက်သောအခါ ဗိသုကာကြီးသည် ပလိပ်ရောဂါ ဖြစ်သည်။ အပြင်းဖျား ဖျား၍ မသိတစ်ချက် သိတစ်ချက် အခြေတွင် နေပြည်တော်သို့ ရောက်လာသည်။ ရောက်လျှင် ရောက်ချင်း အီတာလျံ သာသနာ့ဝန်ထမ်း ဆေးရုံကြီးသို့ ပို့ကြသည်။ နောက်တစ်နေ့၌ အီတာလျံ ဘုန်းကြီးတစ်ပါး၏ ရင်ခွင်၌ အနိစ္စ ရောက်ရှာသည်။

၄

နောက်တစ်နေ့ နံနက်တွင် မင်းချင်းနှစ်ယောက်သည် အမတ်ချုပ် ယူဆွတ် အား ဗိသုကာကြီး အနိစ္စရောက်ကြောင်း အစီရင်ခံ၍ ပါလာသော ငွေတို့ကို လည်းကောင်း၊ ငွေစာရင်းကို လည်းကောင်း၊ တံတားပုံစံ စာရွက်ကို လည်းကောင်း တင်ပြကြသည်။ ဗိသုကာကြီးသည် သူ ရစရာရှိသော ငွေထဲမှ လေးပုံ တစ်ပုံသာ သုံးရသေးသည်။ ဗိသုကာကြီး၌ သူက ပေးဆပ်ရန် ကြွေး မြီလည်း မရှိ။ ငွေပိုလည်း မရှိ။ ရေးခဲ့သော သေတမ်းစာလည်း မရှိ။ အမွေစား အမွေခံလည်း မရှိ။ ထို့ကြောင့် အမတ်ချုပ်သည် ဗိသုကာကြီး၏ ငွေ လေးပုံ သုံးပုံထဲမှ တစ်ပုံကို အီတာလျံ သာသနာ့ဝန်ထမ်းဆေးရုံသို့ လှူဒါန်းစေ၊ ကျန်နှစ်ပုံကို မိဘမဲ့ ကလေးများ ရန်ပုံငွေ၌ သွင်းစေဟု အမိန့်ချလိုက်သည်။

ထိုသို့ အမိန့်ချပြီးသောအခါ ဘော့စနီးယားဓာတိ ဓမ္မဆရာကလေး

တစ်ဦးက ဆက်သွင်းသည်ဆိုသော မေတ္တာစာကို ရုံးက တင်ပြကြသဖြင့် အမတ်ချုပ် ယူဆွတ်သည် ထိုမေတ္တာစာကို ကြည့်သည်။ မေတ္တာစာတွင် ဘော့စနီးယားနယ် ဇဟာ ယမားချောင်း၌ ဆောက်လုပ်ပြီးစီးခဲ့သော ကောင်းမှုတော် ကျောက်ဖြူတံတား၌ ကမ္ပည်း ထိုးသင့်ပါကြောင်း၊ ထိုကမ္ပည်းတွင် မည်သည့်အခါက မည်သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ အမိန့်တော်ဖြင့် တံတား ဆောက်လုပ်ခဲ့သည်ကို ထည့်စေလိုကြောင်း၊ တံတားကမ္ပည်းလင်္ကာ ရေးသားစီကုံးသော တာဝန်ကို မေတ္တာစာ ဆက်သွင်းသူက ရိုသေစွာ ထမ်းရွက် လိုပါကြောင်း၊ ထမ်းရွက်လိုသော အာသီသ ရှိသည်နှင့်အညီ ဤမေတ္တာစာနှင့်အတူ ကောင်းမှုတော် တံတားအတွက် ကမ္ပည်းလင်္ကာကို ပူးတွဲ တင်ပြပါကြောင်း ဖော်ပြထားသည်။ ကမ္ပည်းလင်္ကာစာရွက်တွင် ရွှေရေး၊ ဟင်္သပဒါးရေး ကမ္ပည်းအက္ခရာတို့ကို လက်ရေးလှလှ ရေးထားသည်။ ထိုလင်္ကာသည် အောက်ပါအတိုင်း ဖြစ်သည်။

**မင်းကောင်းမေတ္တာ၊ မင်းစေနာက**
**ပညာရှင်များ၊ လက်စွမ်းလှနှင့်**
**တကွအတူ၊ ဆောင်တော်မူသော်**
**ပြည်သူသက်ထား၊ ဤတံတားသည်**
**နဂါးနတ်သ၊ ပေါ်လာရ၏**
**တေဇအံ့ချီး၊ မတ်ကြီးခေါင်ချုပ်**
**သမုတ်ယူဆွတ်၊ နေနတ်နှိုင်းတု**
**ဤကောင်းမှုသည်**
**သာစု နတ်လူ ခေါ်စေသော်။**

မမ္မဆရာကလေး၏ တံတားကမ္ပည်းလင်္ကာ အောက်ခြေတွင် တစ်ဖက်၌ အမတ်ချုပ် ယူဆွတ်၏ တံဆိပ်တော်ပုံကို ရေးခြယ်၍ အခြား

တစ်ဖက်၌ "သာယာ သန္တ၊ ဘေးမခ" ဟူသော အမတ်ချုပ် ယူဆွတ်၏ ဆောင်ပုဒ်တော်ကို ဖော်ပြထားသည်။

ယခု တလောတွင် အမတ်ချုပ်ယူဆွတ်သည် အရပ်လေးမျက်နှာမှ ဆက်သွင်းကြသော လျှောက်လွှာအမျိုးမျိုးကို ဖတ်ရှုဆင်ခြင်၍ သင့်လျော်သော အမိန့်များကို ချမှတ်နေရသည်က များသည်။ ယခု ဆက်သွင်းလိုက်သော ဓမ္မဆရာလေး၏ ကမ္ပည်းလက်ာကိုလည်း ဖတ်ရှုဆင်ခြင်ရသည်။ တစ်ဖန် စားပွဲပေါ်၌ ရှိနှင့်ပြီးဖြစ်သော အီတာလျံ ဗိသုကာကြီး၏ တံတား ပုံစံကလည်း မျက်မှောက်၌ ရှိနေသည်ဖြစ်ရာ အတွေးမနက်ဘဲ မနေနိုင်အောင် ဖြစ်လာသည်။

အမတ်ချုပ်သည် အနိမ့်အကျ ဖြစ်ခဲ့ရာမှ သူ့အာဏာကို သူ ပြန်ရသည်မှာ နှစ်နှစ်နီးပါးခန့် ရှိပြီ။ သူ့အာဏာကို သူ ပြန်ရခါစ အခါကသော် သူ့စိတ်ထားသည် မပြောင်း၊ သူ့နှလုံးသားလည်း မပြောင်း၊ ယခင်ကအတိုင်း ဖြစ်သည်။ သူ့အရွယ်သည် အရွယ်ကောင်း ဖြစ်သဖြင့် သူ့ရာထူးစည်းစိမ်၌ သူ ယစ်မူးခြင်း ရှိခဲ့သည်။ သူသည် ရန်သူအပေါင်းကို အောင်ခဲ့ပြီ။ အောင်သေအောင်သား သောက်ခဲ့ စားခဲ့ပြီ။ ရန်သူအပေါင်းကို အောင်ပြီးမှ သူ့ရာထူးကို သူ ပြန်ရခြင်း ဖြစ်သဖြင့် သူ့တန်ခိုး အာဏာသည် ယခင်ကထက် ဆထက် ထမ်းပိုး တိုး၍ ထက်မြက်နေသည်။ ထိုမျှ ထက်မြက်လှသော တန်ခိုးအာဏာ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကြောင့် ရာထူးရှင်အဖြစ်ဖြင့် တစ်ခါတစ်ရံ တွေ့ရ ကြုံရတတ်သော ကရိကထ သောက ဒုက္ခတို့ကို သူ မဖြုန်။ ခံနိုင်ရည် ရှိသည်။ သို့ရာတွင် သူ မခံနိုင်သောအရာလည်း ရှိသည်။ ထိုအရာသည် အခြားမဟုတ်။ ညအခါ၌ သူ မြင်၍မရသော အိပ်မက် ဖြစ်သည်။ အိပ်မက်ထဲတွင် အကျဉ်းထောင်ကို သူ မြင်ရသည်ချည်း ဖြစ်သည်။ ထိုအိပ်မက်ထဲက အကျဉ်းထောင်သည် အိပ်မက်ထဲ၌သာ ကျန်ခဲ့ပါမူ မထောင်းတာ။ သို့ရာ

တွင် သူ့ကိုပူး၍ သူ့ အလုပ်ခွင်အထိ ပါလာတတ်သည်။ ထိုအိပ်မက်ထဲက အကျဉ်းထောင်ကို သူ မခံနိုင်။ ငိုင်၍သာ နေရရှာသည်။

အိပ်မက်ထဲက အကျဉ်းထောင်ကို သူ မြင်နေရလေလေ၊ ဘေးဆိုးရန်ဆိုးတို့နှင့် ရင်ဆိုင်ခဲ့ရသော၊ တစ်ခါတစ်ရံ ရက်စက်ကြမ်းကြုတ်ခဲ့ရသော သူ့အတိတ်ကို သူ သတိရလေလေ ဖြစ်သည်။ ယခင်က သူ မမြင်ခဲ့သည်ကို ယခု သူ မြင်လာရသည်။ ယခင်က သူ မကြားခဲ့သည်ကို ယခု သူ ကြားလာရသည်။ ကြာသော် သူ့စိတ် နောက်ကျိခြင်း ဖြစ်၍ ဘဝအရသာ ပျက်လာသည်။ ထို့ကြောင့် သူ့အဆောင်တော်၌ ခင်းထားသော ကတ္တီပါကော်ဇောကို သူ အရွှေ့ခိုင်း၍ ပိတ်အခင်းကို အစားခင်းစေသည်။ ခရုကမာခွံကို သူ မကြည့်နိုင်။ ရွံသလိုလို ဖြစ်လာသည်။ ခရုကမာခွံကို မြင်တိုင်း သူ့ရိုးတွင်းခြင်ဆီအထိ စိမ့်လာသည်။ ထို့ကြောင့် ခရုကမာခွံ အပြောက်အမွှမ်းရှိသော စားပွဲ ကုလားထိုင် စသည်တို့ကို လည်းကောင်း၊ ထိုသို့သော လက်နက်အဆောင်အယောင် စသည်တို့ကို လည်းကောင်း သူ့မျက်ကွယ်၌ ရွှေ့ထားကြရသည်။

အိပ်မက်ထဲက အကျဉ်းထောင်သည် သူ့အဖို့ ထိုမျှဆိုးသည်။ ပို၍ဆိုးသည်မှာ ထိုမျှဆိုးနေသော သူ့စိတ်အခြေကို မည်သူ့အားမျှ သူ ဖွင့်၍ဖော်၍ မပြောဝံ့။ မပြောချင်။ ကျိတ်မှိတ်၍ ခံနေရခြင်းဖြစ်သည်။ သူ စိတ်ချရသောသူသည် သူ့၌ မရှိတော့ပြီဟု သူ ထင်နေသည်။ အကယ်၍ ကျိတ်မှိတ်ခံနေရသော ဒဏ်ရာ ဒဏ်ချက်ဖြင့် သူသေသွားလျှင် သူ ကျိတ်မှိတ် ခံခဲ့ရသည်ကို မည်သူမျှ သိကြမည် မဟုတ်ချေ။ သေသွားလျှင် သေသွားလေပြီတကားဟု ပြောရိုး ပြောစဉ်အတိုင်း အရပ်က ပြော၍ အမှတ်မဲ့ နေလိုက်ကြမည်သာ ဖြစ်သည်။ အကြင်သူသည် ကျိတ်၍၊ မှိတ်၍ ခံနေရသူလည်း ဖြစ်၏။ ဖွင့်၍၊ ဖော်၍ မပြောဝံ့ မပြောချင်သူလည်း ဖြစ်၏။ ထိုသူသည် ခန္ဓာမစဲခင်ကပင် အတွင်းကျေ ကျေ၍ အတွင်းသေ သေနေသူသာ ဖြစ်သည်။

ထိုသို့ အတွင်းကျေ ကျေ၍ အတွင်းသေ သေနေကြသော တန်ခိုးရှင်၊ ပစ္စည်းရှင်၊ ပုဂ္ဂိုလ်ကျော်၊ ပုဂ္ဂိုလ်မော်တို့သည် ကမ္ဘာပေါ်၌ မည်မျှရှိမည်နည်း။ မသိနိုင်ပြီ။

ဓမ္မဆရာကလေး၏ မေတ္တာစာ ဆက်သွင်းလာသော ထိုနေ့မနက်ကလည်း အမတ်ချုပ် ယူဆွတ်သည် ညက အကျဉ်းထောင် အိပ်မက်ကြောင့် အအိပ်ပျက်ခဲ့သဖြင့် နံနက်တွင် နွမ်းနယ်လျက် ရှိသည်။ သို့ရာတွင် ဆေးလေး ငြိမ်သက်သော အမူအရာဖြင့် အလုပ်ခွင်၌ ဝင်ထိုင်သည်။ အီတာလျံ ဗိသုကာကြီး အနိစ္စရောက်ကြောင်း အစီရင်ခံကြသောအခါ သူ ကြားနာ၍ ချမှတ်သင့်သော အမိန့်ကို ချမှတ်လိုက်သည်။ ထို့နောက် ဗိသုကာကြီး၏ ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ဗိသုကာကြီး၏ ဒါနကြောင့် မိဘမဲ့ကလေးများ ဝဝလင်လင် စားသုံးကြရမည့် အရေးကို လည်းကောင်း သူ တွေး၍ မုဒိတာဖြစ်နေသည်။ ထိုမှဆက်၍ သူ၏ဇာတိဒေသ ဘော့စနီးယားနယ်က တောင်တန်းညိုညို့ကို သူ သတိရလာပြန်သည်။ ထိုအခါ သူ စိတ်မကောင်းဖြစ်၍ ကရုဏာစိတ် ဝင်လာသည်။ ထိုတောင်တန်းဒေသတွင် သူ့နယ်သူ့နယ်သားများသည် ဆင်းဆင်းရဲရဲ အသက်မွေးကြရသည်။ အသိဉာဏ်ကင်း၍ အရိုင်းအစိုင်းသဖွယ် နေထိုင်ကြရသည်။ ထိုဒေသ၌ မိုးအခါတွင် တောင်ကျ ယမားချောင်းကြီးများသည် ကြောက်ဖွယ် လန့်ဖွယ် ကောင်းသည်။ နွေအခါတွင် ရေမိုး ရှားပါးသည်။ ထိုအရပ်ကဲ့သို့သော အရပ်မျိုးသည် ကမ္ဘာပေါ်၌ မည်မျှရှိမည်နည်း။ လူတန်းစေ့ မနေနိုင်ကြသော၊ တစ်ဝမ်းတစ်ခါးအတွက် စိုးရိမ်ကြောင့်ကြ ဖြစ်နေကြရသော ထိုထိုသော အရပ်ဒေသတို့ အကြောင်းကို သူ တွေး၍ ငေးနေပြန်သည်။

ထိုသို့ တွေးနေ ငေးနေရာမှ ဓမ္မဆရာကလေး တင်ပြသော ဘုန်းတော်ဘွဲ့ တံတားကမ္ပည်းလက်ာကို ဖတ်ရသောအခါ အမတ်ချုပ် ယူဆွတ်သည် မင်တံကို ကိုင်၍ ကမ္ပည်းလက်ာ တစ်ပုဒ်လုံးကို ကြက်ခြေခတ်

ခြစ်ပစ်လိုက်သည်။ ခြစ်ပစ်ထိုက်သောအရာ ကျန်ပါသေးသလော။ သူ၏ တံဆိပ်တော်ပုံ ကျန်နေသေးသည်။ ယူဆွတ်သည် ထိုတံဆိပ်တော်ပုံကို လည်း ကြက်ခြေခတ် ခြစ်ပစ်လိုက်ပြန်သည်။ ထို့နောက် မည်သည့်အရာ ကျန်သေးသနည်း။"သာယာသန္တ၊ ဘေးမခ" ဟူသော သူ၏ ဆောင်ပုဒ်တော် ကျန်နေသေးသည်။ ယူဆွတ်သည် ထိုဆောင်ပုဒ်တော်ကို ကြည့်၍ တစ်ခဏ မျှ တွေးနေသေးသည်။ သို့ရာတွင် ထိုဆောင်ပုဒ်တော်ကိုလည်း ကြက်ခြေ ခတ် ခြစ်ပစ်လိုက်ပြန်သည်။ ယူဂိုစလပ်ဗီးယားနိုင်ငံ ဘော့စနီးယားနယ်က ဇဖာတံတား၌ ကုသိုလ်ရှင်၏ အမည်လည်း မရှိ၊ တံတားကမ္ဗည်းလက်ာ လည်း မရှိ ဖြစ်ခဲ့ခြင်းသည် အထက်ပါ အကြောင်းကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ဇဖာတံတားသမိုင်းသည် သမိုင်းမတင်ခဲ့သော သမိုင်းတစ်ခု ဖြစ်လာရသည်။

သို့ရာတွင် ဇဖာတံတားသည် ရှိ၏။ ကျော်ကြားပကတိ ဖြစ်၏။ ထိုတံတားခုံးကို ဇဖာ ကမ်းနဖူး နှစ်ဖက်တွင် ဝဲယာ မေးတင်လျက် ဖြူဖြူ ဖွေးဖွေး အဝေးမှ မြင်နိုင်သည်။ နေခြည်တွင် တပြောင်ပြောင်။ လရောင်တွင် တလက်လက်။ သူ့မှာဝန် သူရွက်၍ နေရှာပေသတည်း။

[ ငွေတာရီ၊ အမှတ်(၃)။ မတ်၊ ၁၉၆၃ ]

- ကမ္ဘာ့ စာပေတွင်
  'ရသ' ဟူသည် အဘယ်နည်း။
- ဤ ဝတ္ထုတိုများသည် ကမ္ဘာကျော် ဝတ္ထုရှည်ကြီးများနှင့် တန်းတူ
  အဘယ့်ကြောင့် ကမ္ဘာကျော်ရပါသနည်း။
- ဤ ဝတ္ထုတိုများကို
  ကမ္ဘာတစ်ဝန်းလုံးက
  အဘယ့်ကြောင့်
  သဘောကျ နှစ်မြို့ရသနည်း။
- ဝတ္ထုတို တစ်ပုဒ်၏
  သိမ်မွေ့နက်နဲခြင်းနှင့်
  ခက်ခဲခြင်းဟူသည် အဘယ်နည်း။
- ကမ္ဘာကျော် ဝတ္ထုတိုများမှ
  "စာပေရသ" ကို ခံယူ စံမြိန်၍
  နည်းမှီးနိုင်စေရန်အတွက် ......



Cover Design :
**WIN MYINT OO , 1998**

PAUL KLEE (1897- 1940)
Architecture - Graduated Cubes of Yellow-Purple,
1923- Oil on pavates, 57 x 36.5 cm,
Staaliche Museen zu Berlin , Nationalgalerie